www.burmeseclassic.com



# အဆင့်မြင့် ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ

## မလေးငြိမ်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အများကိုသိရှိ နှောင်တရပြီးသူအား
မေတ္တာများစွာနှင့် ခွင့်လွှတ်ခြင်းဖြင့် လမ်းမှန်သို့
ပို့ပေးရပေလိမ့်မည် ။ ရန်ငြိုးအာဃာတ စသော
မကောင်းမှုကံများကို အဘယ့်ကြောင့် ကိုယ်နှင့်
မကွာ သိမ်းဆည်းထားပါတော့အံ့နည်း ။

ဤကမ္ဘာလောကဝယ် မေတ္တာလက်နက်သည်သာ
အစွမ်းထက်ဆုံး ဖြစ်ပါ၏ ။ သူတစ်ပါးအပေါ်
ပြုအပ်သည့် ကောင်းသော ကာယကံ၊ ဝစီကံ၊
မနောကံ မှန်သမျှ မေတ္တာအခြေခံမရပါဘဲ
အဘယ်မှာလျှင် ပြီးမြောက်နိုင်ပါအံ့နည်း ။

www.burmeseclassic.com

www.burmeseclassic.com

ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏။ (မဃဒေဝ)

www.burmeseclassic.com

www.burmeseclassic.com

# အဆင့်မြင့် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ

## မလေးငြိမ်

**နှလုံးလှစာပေ ဖြန့်ချိရေး**

အမှတ် ၅၊ လမ်း ၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ကန်တော်ကလေးစာတိုက် (၁၁၂၂၁)
ဖုန်း - (၀၁) ၂၉၀၉၈၁

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## မေတ္တာသည်သာလျှင်

သာမာဝတီ

------ဗုဒ္ဓကိုကြည်ညိုမိလို့ သတ်မယ်ဆိုရင် အသေခံရဲပါတယ်။ ဘာသာရေးအယူဝါဒ ခံယူချက်ကို အသက်နဲ့ လဲလှယ်ဝံ့ပါတယ်။ အသက်နဲ့လဲပြီး ကြည်ညိုရလို့လဲ လူကိုသတ်လို့ ရချင်ရမယ်။ ကောင်းမှုကုသိုလ်ကံကိုတော့ သတ်လို့မရဘူး။ ဗုဒ္ဓကို အသက်ပေး ကြည်ညိုရတဲ့အကျိုးဟာ သံသရာတစ်လျှောက်မှာ အမြင့်မြတ်ဆုံး မှတ်တမ်း ဖြစ်သွားမှာပဲ။ ၉

## မကျည်းတန်၏ ကမ္မဖလ

ခုဇ္ဇုတ္တရာ

BURMESE CLASSIC .com

------ခါတိုင်းနေ့တွေမှာ လေးကျပ်ဖိုးသာဝယ်ပြီး ကျန်လေးကျပ်ကို ယူခဲ့မိပါတယ်။ ဒီနေ့ကျတော့ ဗုဒ္ဓရဲ့တရားတော်ကို နာယူခဲ့ရလို့ အရှင်မပေးတဲ့ ဥစ္စာကို ခိုးယူခြင်းဆိုတဲ့ မကောင်းမှုပြုဖို့ ကြောက်ရွံ့ ဝန်လေးပြီး ရှစ်ကျပ်ဖိုးလုံး ပန်းဝယ်ခဲ့ပါတယ်။ ၆၁

## အဦးဆုံး အမြတ်ဆုံး

သုဇာတာ

------ဓမ္မဒေသနာအားလုံး နှစ်သက်ဖွယ် အဆီအနှစ်တွေသာ ဖြစ်ပါတယ်။ ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်ရာအဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တပည့်တော်မတို့ သိမှတ်ကြပါပြီ။ ယနေ့ကစပြီး အသက်ရှည်သမျှ ကာလပတ်လုံး တပည့်တော်မတို့အား သနားသဖြင့် သရဏဂုံတည်ကြတဲ့ ဥပါသိကာမများအဖြစ် မှတ်ယူတော်မူပါ။ ၇၈

## ကောလိယမှ ထူးထူးခြားခြား

### သုပ္ပဝါသာ

——မျိုးရိုးဆက်ခံတယ်ဆိုတာ တကယ်တော့ ရေတစ်ပွက်စာ ဘဝတစ်သက်တာမျှသာပါ။ သံသရာအရှည်ကိုဖြတ်ပြီး . . . နိဗ္ဗာန်မြတ်ဆီ ကူးချင်တဲ့ သားလေးရဲ့ဆုံးဖြတ်ချက်ဟာ သိပ်မှန်ပါတယ်မောင်။ ဒီလိုသားမျိုးရတာ ဘယ်လောက်များ ဝမ်းမြောက်စရာ ကောင်းလိုက်သလဲ။ သားအတွက် ဂုဏ်ယူစမ်းပါမောင်ရယ်။ ၉၉

## အိုဘယ့်တဏှာ

### ဥတ္တရာ

——ဓနီးတစ်ယောက်အနေနဲ့ ခင်ပွန်းသည် ဖြစ်ချင်တာတွေ ဆောင်ရွက်ပေးရမယ့် ဝတ္တရားကို ကျွန်မ သဘောပေါက်ပါတယ်။ ဒါပေမယ့် အရက်တိုက်ရိုင်းတဲ့ ကိစ္စမှာတော့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ။ ကျွန်မတို့ ဗုဒ္ဓဘာသာမှာ အရက်သောက်တာဟာ မကောင်းမှုအကုသိုလ်ကံပဲ။ ၁၂၀

## သံသရာအဆုံးတိုင်

### နကုလမာတ

——နှစ်ယောက်စလုံး ငယ်ရွယ်စဉ်ကတည်းက လက်ထပ်ခဲ့ကြပါတယ်။ တစ်ယောက်ကိုတစ်ယောက်လဲ ချစ်ခင်မှု အပြည့်နဲ့ သစ္စာစောင့်သိခဲ့ကြပါတယ်။ အခြားတစ်ယောက်ယောက်နဲ့ ကာယကံမြောက်ဖောက်ပြားဖို့ နေနေသာသာ စိတ်ထဲမှာတောင် မဖြစ်မှားမိခဲ့ကြပါဘူး။ ၁၅၃

www.burmeseclassic.com

www.burmeseclassic.com

## မြတ်နိုးခြင်း၏တည်ရာ

ကာတိယာနီ

------ဒီနေ့တော့ ကြေးမုံကိုကြည့်ပြီး သတိသံဝေဂတွေ တိုးပွားနေမိလို့ပါ။ အသက်ကလေးတွေ ထောက်လာကြပြီ မဟုတ်လား။ ကိုယ်နဲ့တစ်ပါတည်း ယူမသွားနိုင်တဲ့ စည်းစိမ်ဥစ္စာပုံထဲ နစ်မြုပ်ပျော်မွေ့မနေဘဲ ဓမ္မကိုပိုပြီး နှလုံးသွင်းဖို့ လိုအပ်လာပြီ။ ၁၇၅

## ကြည်ညိုခြင်း၏ အဆုံးဝယ်

ကာလီ

-----ဘယ်ဆရာမှလဲ ခေါ်ဖို့မလိုဘူး၊ ဘာဆေးမှလဲ ရှာစရာမလိုဘူး၊ အားအင်ကုန်ခန်း နွမ်းနယ်မှုလဲ မရှိဘူး၊ ဗုဒ္ဓရဲ့ ဂုဏ်တော်ကို အထပ်ထပ်အာရုံပြုရင်း သားလေးကို ချမ်းချမ်းသာသာနဲ့ မွေးခဲ့ရတယ်။ ၂၀၀

## အသွေးယူယူ အသားယူယူ

သုပ္ပိယာ

------ဒီအသားတုံးကိုယူပြီး စားဖို့မှူးကို သွားပေးလိုက်။ ကြက်သွန်ဖြူ ချင်းနိုင်နိုင်နဲ့ အမွှေးအကြိုင်ထည့်ပြီး စွပ်ပြုတ်လုပ်ခိုင်း။ မနေ့က ရောက်ခဲ့တဲ့ ဂိလာနရဟန်းဆီ ကပ်လိုက်။ သခင်မကိုမေးရင် . . . နေမကောင်းတာနဲ့ မလာနိုင်ဘူးလို့သာလျှောက်။ ၂၁၈

## ဘယ်သူပြိုင်လို့ လှူပါနိုင်

ဝိသာခါ

------ရတနာသုံးပါးကို ကိုးကွယ်ရုံနဲ့ မပြီးဘူး။ ဆည်းကပ်ဖို့လဲ လိုသေးတယ်။ ရတနာသုံးပါးကို မဆည်းကပ်ရတဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးဟာ အသက်ရှင်နေပေမယ့် သေတာနဲ့ ဘာမှမထူးဘူး။ မဝိဘဝမှာ ကိုပုဏ္ဏမရှိဘဲ နေလို့ဖြစ်တယ်။ ရတနာသုံးပါးနဲ့ ကင်းကွာပြီး မနေနိုင်ဘူးရှင့်။ ၂၄၂

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာ

စာရေးသူသည် ၁၉၇၀–၈၂ခုနှစ်အတွင်း မဂ္ဂဇင်းများတွင် ဝတ္ထုတိုရှည်များ ရေးသားခဲ့ဖူးပါသည်။ ထိုစဉ်က ဝတ္ထုလိုင်းကိုသာ စာရေးသူ အားသန်ခဲ့ပါသည်။

ထို့နောက် ဆယ်နှစ်နီးပါး စာရေးနားပြီး ဓမ္မလမ်းကြောင်းသို့ လိုင်းပြောင်းခဲ့ပါသည်။ လိုင်းပြောင်းသည်ဆိုရာ၌ ဓမ္မစာပေများ ရေးသားခြင်း မဟုတ်ပါ။ ဓမ္မကျင့်စဉ်များ၌သာ ကိုယ်ရောစိတ်ပါ မြှုပ်နှံထားခဲ့ခြင်း ဖြစ်ပါသည်။

ဓမ္မစာပေကိုမူ ၁၉၉၀ပြည့်နှစ်လောက်ကျမှ စတင်ရေးဖြစ်ခဲ့ပါသည်။ ဓမ္မစာပေ၌ကား ဆောင်းပါးလိုင်းကို ပိုမိုနှစ်ခြိုက်စွာ စိတ်ထက်သန်ခဲ့ပါသည်။

၁၉၉၅ခုနှစ်ဦးပိုင်းတွင် ဓတဒဂ်ဘွဲ့ရ ဥပါသိကာမ ဆယ်ဦးကိုရေးဖို့ ဆရာဦးလေးမြိုင်က ညွှန်ကြားခဲ့ပါသည်။ ဥပါသိကာမဆယ်ဦးအကြောင်း ရေးကြသည်မှာ များလှပြီမို့တစ်ကြောင်း၊ မိမိအနေဖြင့် ဝတ္ထုလိုင်းကို စိတ်ဝင်တစား ရေးသားဖို့ရာ လက်တွန့်နေပြီမို့ တစ်ကြောင်း တကယ်တမ်း ဝန်ခံရပါလျှင် ထိုစဉ်က ရေးချင်သောဆန္ဒ လုံးဝမရှိခဲ့ပါ။ သို့ရာတွင် ညွှန်ကြားလာသူမှာ ဓမ္မစာပေလောကတွင် မြေတောင်မြှောက်ပေးခဲ့သော ကျေးဇူးရှင်ဆရာသမားဖြစ်နေသောကြောင့် ခေါင်းခါရန် အားနာဝန်လေးစွာ ခေါင်းညိတ်တာဝန်ယူခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တေဒဂ်ရှင် ဥပါသိကာမများကား ဗုဒ္ဓဝါဒကို ကြည်ညိုရာတွင် သာသနာတော်၌ စံတင်ထိုက်သော အမျိုးသမီးများဖြစ်ပါသည်။ ထိုထိုအမျိုးသမီးတို့ကို အားကျစိတ်ဖြစ်ထွန်းကာ ယခုခေတ်အခါ ဗုဒ္ဓသာသနာတော်၌ နက်နက်နဲနဲ ရှဲရှဲဝှံဝှံ စွန့်စွန့်စားစား ကြည်ညိုသူများစွာ ပေါ်ထွက်လာစေလိုသည်မှာ စာရေးသူ၏ ဆန္ဒအမှန်ဖြစ်ပါသည်။

ထို့ကြောင့် အရွယ်သုံးပါးမရွေး ဖတ်ရှုနိုင်ရေးအတွက် ရှေးရိုးအစဉ်အလာမှ လမ်းခွဲလျက် ခေတ်ဝတ္ထုအသွင် စီစဉ်ခဲ့ပါသည်။ ပင်မကျောရိုးဇာတ်လမ်းကို မပြုပြင်သော်လည်း စာပေရသအားဖြင့် လည်းကောင်း၊ သာသနာတော်အတွက် အကျိုးများစေခြင်းငှာလည်းကောင်း သင့်တော်လိုအပ်သလို ဖြည့်စွက်ရေးသားပြီး ဓမ္မရတနာမဂ္ဂဇင်းမှာ အခန်းဆက် ဖော်ပြခဲ့ပါသည်။

ယင်းအခန်းဆက် စာစဉ်များကို ပြန်လည်စုစည်းကာ စာဖတ်သူတို့ အားပါးတရ ဖတ်ရှုနိုင်ကြစေရန် ဤ "အဆင့်မြင့် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ" စာအုပ်ကို ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဇာတ်လမ်းဇာတ်ကွက်များ၏ သဘောသဘာဝတို့၌ အပိုအလို ခံစားမိခဲ့ပါသော် စာရေးသူ၏စေတနာကို နားလည်စွာ ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

မေတ္တာခံယူလျက် မေတ္တာဖြင့်

မလေးငြိမ်

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာသည်သာလျှင်



www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာသည်သာလျှင်

မနေ့က သူ့ဌေးများ။

ယနေ့တော့ သူတောင်းစား။

ကံတရား၏ ရက်ရက်စက်စက် ဆုံးဖြတ်ချက်ကို အယူခံဝင်ခွင့်မရဘဲ ခါးကော့အောင် ခံလိုက်ရသည်။

ဆယ်သက်မက စားသုံးမကုန်နိုင်သည့် ပစ္စည်းဥစ္စာတွေ . .။

ယခုတော့ . . .။

မျက်ရည်နှစ်စက် ပါးပြင်ထက်သို့ လွင့်စဉ်ထွက်ကျလာ၏။ မငိုပါဘူးဟု စိတ်ကိုတင်းထားပါလျက် မျက်ရည်တွေက ဘယ်လိုကျလာရသည်မသိ။ တကယ်တော့ မျက်ရည်ဆိုတာ အရှုံးပေးခြင်းသင်္ကေတပဲ။ စိတ်ဓာတ်ပျော့ညံ့သူတို့၏ လက်နက်ပေပဲ။ မျက်ရည် ဘာလို့ထွက်ရမှာလဲ၊ ဘာကြောင့်များ အရှုံးပေးရမှာတဲ့လဲ . . .။

ဖန်တီးလာစမ်းပါ။ ဒီကံတွေ။ ခါးမကော့ဘဲ ခေါင်းမော့ပြီး ရင်ဆိုင်ရဲရင်ဆိုင်နိုင်ရမည်။ ဘဝမှာ ကျရောက်လာသမျှ အကောင်းအဆိုးမျိုးစုံကို ခံယူဖို့ အဆင်သင့်ဖြစ်နေရမည်။

ခံယူနိုင်စွမ်းရှိအောင်လည်း သတ္တိမွေးထားရမည်။ လောကမှာ လူဖြစ်လာလျှင် ကြုံတွေ့သည့် အခက်အခဲပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းရမှာလူ့တာဝန်တစ်ရပ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မိမိဘာသာ အားပေး၊ မိမိဘာသာ အားတွေမွေးပြီး မျက်လုံးနှင့်ပါးပြင်ကို အင်္ကျီလက်ဖြင့် ကပျာကယာသုတ်၊ နှုတ်ခမ်းကိုဖိ၊ မျက်နှာကိုတင်း၍ မော့ပစ်လိုက်သည်။

မျက်နှာမော့လိုက်တော့ ပြာလွင်လွင်မိုးကောင်းကင်ကို မြင်ရ၏။ ပြီးတော့ တိမ်သလာကင်းစင်ကြည်လင်နေသည့် ကောင်းကင်ပြင်တွင် ဖော်ကွာဝေးရှာသည့် ငှက်ကလေးတစ်ကောင် ဟိုဟိုဒီဒီ ပျံဝဲနေသည်ကိုလည်း မြင်ရပြန်၏။ သဘာဝ၏ပန်းချီကားသည် သူမအား လှောင်ပြောင်ဖန်နေသည်လား။

သူမလည်း ငှက်ကလေးလို တကယ့်ကို အထီးတည်း။ ဘယ်သွား၍ ဘယ်လာရမှန်းပင်မသိသေး။ ဘယ်ဆီခိုနားရမည်ဆိုသည်ကိုတော့ ဝေလာဝေး။ စားရေးကျတော့ အင်း . . စတုဒိသာ အလှူမဏ္ဍပ်ရှိပေလို့သာပဲ။ သို့မဟုတ်ပါက။

ယခုအချိန်မှာ ဘာကိုတွေးတွေး ရှေ့မဆက်ဝံ့သေးသဖြင့် အဆုံးမသတ်နိုင်သည်ချည်း။ အတွေးတွေပျောက်ပျက်သွားအောင်သာ ဦးခေါင်းကို ယမ်းခါမိ၏။

ခြေလှမ်းတွေ တရွေ့ရွေ့ဖြင့် အလှူမဏ္ဍပ်ဆီသို့နီးလာသောကြောင့် တစ်စတစ်စကျယ်လာသည့် ဆူညံသံများကို ကြားရသည်။ အလှူမဏ္ဍပ်မှာ ထမင်းထုပ် တောင်းသူတွေ အလုအယက်တိုးဝှေ့ အော်ဟစ်နေကြသံဖြစ်၏။ ကြိုးကြပ်အုပ်ချုပ်သူ စနစ်မကျ၍ တောင်းသူများကလည်း ပရမ်းပတာ။ ဘဝတစ်သက်မှာ သည်လိုလုယက်တောင်းရမ်းပြီး စားသောက်ဖို့ဆိုတာ အိမ်မက်ပင် မမက်ဖူးခဲ့။

လက်တွေ့မှာတော့ မသွားလို့မဖြစ်။ မဝင်လို၍လည်းမရ။ သမုဒ္ဒရာဝမ်းတထွာက ဆန္ဒပြလာပြီမို့ အစားတစ်လုတ်အတွက် မရှက်သုံးပါးမှာ တစ်ပါးပါ လိုက်ရပေဦးမည်။ ငတ်လာတော့လည်း မရှက်နိုင်ပြီ။

တမ်းတပူဆွေးသူနှင့် ဝေးသော် ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်၏ ဟူသောစကား။ လွမ်းတတ်သူတို့၏ ဆိုသာဆို ပိုမိုသည့် ထိုစကား။

www.burmeseclassic.com

www.burmeseclassic.com



သူမအဖို့တော့ဖြင့် . . .

ဤပစ္စုပ္ပန်ခဏမှာ . . .

အဖေနှင့် အမေကို လွမ်းနေရေးထက် ဝမ်းရေးက ပိုခက်လေယောင်ပါတကား။

× × ×

ဝရုန်းသုံးကားဖြစ်နေသော လူအုပ်ကြီးကို ခပ်လှမ်းလှမ်းမှ ရပ်ကြည့်ပြီး စိတ်ပျက်နေမိသည်။ ဝင်သူနှင့်ထွက်သူ တစ်ပေါက်တည်းမှာ ရှုပ်ယှက်ခတ်နေ၏။ ထိုအရှုပ်အယှက်ကြားမှာ ရန်ဖြစ်သူတွေကလည်းမရှား။ အချို့ကားတိုးဝှေ့ ထွက်လာရင်း ထမင်းထုပ် လွတ်ကျ။ ထိုင်ချ။ ပြန်ကောက်ရင်း တက်နင်းသူက တက်နင်း–နာသူကနာ–လဲသူကလဲ–ကွဲသူကကွဲ။

ကုသိုလ်ရေးပေမယ့် မြင်ကွင်းက အနိဋ္ဌာရုံဖြစ်နေသည်။ တစ်နေ့ထက် တစ်နေ့ လူပိုများပြီး စည်းကမ်းလည်း ပိုမဲ့လာသည်ထင်၏။ ထိုမဏ္ဍပ်သို့ သူမ ရောက်ခဲ့သည်မှာ ယခုပါ သုံးကြိမ်ရှိပြီ။

စိတ်ပျက်ဖွယ်ကောင်းလွန်းသောကြောင့် ရှေ့မတိုးသေးဘဲ ရပ်မြဲရပ်နေ၏။ ဝမ်းထဲကမူ အစာလိုအပ်နေကြောင်း တကြုတ်ကြုတ်နှင့် အော်မြည်အချက်ပြ နေပေပြီ။

မဏ္ဍပ်ဆီသို့ မျှော်ကြည့်ရင်း သူမမျက်နှာ လန်းခနဲဖြစ်သွား၏။ ယခင်ရက်များက သူမအား အခြားသူများနှင့်မတူ တစ်မူထူးပြီး ကိုယ်တိုင်ကိုယ်ကျ ထမင်းထုပ်ယူပေးသည့်ပုဂ္ဂိုလ်။

အလှူရှင်လား။ အလှူကြီးကြပ်သူလားတော့ မဆိုနိုင်။

သူမအား မျက်မှန်းတန်းမိဟန်ရှိသော ကရုဏာမျက်လုံးနှင့် အပြုံးမျက်နှာကြောင့် ဝမ်းသာအားတက်ကာ ထိုသူထံ သုတ်သုတ်ကလေး လျှောက်သွားလိုက်၏။

"ဒီနေ့ ဘယ်နှစ်ယောက်စာ ယူမှာလဲ"

သူကပင် စတင်မေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်စာသာ ယူပါတော့မယ်ရှင်"

သူမအဖြေကြောင့် ထိုသူမျက်ခုံးနှစ်ဖက် မသိမသာ မြင့်တက်သွားသည်ကို သတိထားလိုက်မိ၏။ ပြုံးနေသော မျက်နှာသည်လည်း ငြူစူအလိုမကျသည့် အသွင်သို့ ရုတ်ခြည်း ပြောင်းသွားသည်။ သူမ၏စကား ဘာများအမှားပါ သွားပါလိမ့်။ စဉ်းစား၍မရ။

"ဘယ်လိုလဲကွယ့်၊ သုံးရက်တောင်းတာ သုံးမျိုးပါလား၊ ကိုယ့်ဝမ်းပမာဏတောင် ကိုယ်မသိဘူးလား။ သူများရဲ့ကုသိုလ် အလှူမှာ မင်းက အကုသိုလ်လာယူတာလား"

ရင်ဝလုံ့စူး ထိပ်ဦးမီးဝိုင်းဖြစ်နေရသော သူမဘာဝမှာ မမျှော်လင့်ဘဲ စွပ်စွဲကြိမ်းမောင်းခံလိုက်ရသောအခါ စိတ်ကို ဖြေဆည်တင်းထားခြင်းငှာ မတတ်နိုင်တော့။ ရှက်လည်းရှက်၊ ဝမ်းလည်းနည်းလျက် ရှိုက်ကြီးတငင် ချုံးပွဲချငိုကြွေး မိလေ၏။

"ဟဲ့ . . ဟဲ့ . . သူများ မင်္ဂလာယူနေတဲ့ အလှူမှာ မင်းကဘာလို့ လာငိုနေရတာလဲ။ မင်းအလှူခံပုံ မှုမမှန်တော့ ကျုပ်ပြောရတာပေါ့"

ငိုကြွေးခြင်းကို ဖွတ်အတင်း ရပ်တန့်ပစ်လိုက်၏။ သူတစ်ပါး၏ အလှူမင်္ဂလာမှာ ကျက်သရေမဲ့စေသည့် သူမ၏မျက်ရည်များကို အနိုင်နိုင်သိမ်းဆည်း ရပါ၏။ ရင်ထဲမှာတော့ တရှိုက်မက်မက်ရှိဆဲ။

"ဦးတို့ဆီမှာ လိမ်ညာပြီး တောင်းရမ်းခဲ့တာ မဟုတ်ပါဘူးရှင်။ ကျွန်မရဲ့ ဘဝကံအကျိုးပေးကိုက ဆိုးလွန်းလို့ . ."

စကားရှေ့ဆက်နိုင်အားမရှိသဖြင့် ခဏရပ်လိုက်၏။ တံတွေးမျိုချလိုက်ပြီးမှ ရှိုက်သံတစ်ချက်စွက်လျက် . ."

"ကျွန်မတို့အိမ်မှာ ယင်နာကျလို့ သားအမိ သားအဖသုံးဦး ကိုယ်လွတ်ပြေးထွက်လာခဲ့ရပါတယ်။ ကောသမ္ဗီရောက်တော့ မြို့ပြင်ဇရပ်မှာခိုနားပြီး စားဖို့ သောက်ဖို့ ထမင်းထုပ် သုံးထုပ်လာတောင်းခဲ့ပါတယ်။ အဲဒီညမှာပဲ အသက်ကလည်းကြီး၊ ခရီးကလည်းပန်း၊ ဝမ်းကလည်းအစာမကြေတော့ အဖေဆုံးခဲ့ရပါတယ်။ နောက်တစ်နေ့မှာ အမေနဲ့ကျွန်မအတွက် နှစ်ယောက်စာတောင်းပြီး ညက . . . ညက . . ."

www.burmeseclassic.com

www.burmeseclassic.com



ရှိုက်သံများဖြင့် စကားမထွက်နိုင်။

"ညက . . ဘာဖြစ်လို့လဲဟင်"

ထိုသူထံမှ ကရုဏာသံကို ပြန်ကြား၏။ ရင်ကိုခွဲ၍ ကြေကွဲနေသော နှလုံးသားကို ထိုသူအား တကယ်ပင် ပြလိုက်ချင်ပါ၏။ ပစ္စည်းဥစ္စာတွေဆုံးရှုံး အားထားရာ တောင်ကြီးပြိုလဲ . . . မှောင်နှင့်မည်းမည်း စမ်းတဝါးဝါး စခန်းသွားရတော့မည့် ဘဝမှာ . . .

"ညက အမေဆုံးပြန်ပါတယ်၊ ဒါကြောင့် ဒီနေ့ ကျွန်မတစ်ယောက်စာ အတွက်သာ တောင်းခံတော့တာပါ"

"ဒါဖြင့် မင်းဒီမြို့က မဟုတ်ဘူးပေါ့၊ ဘယ်ကလာတာလဲ"

"ကျွန်မ . . ကျွန်မဟာ ဘဒ္ဒဝတီသူဌေးကြီးရဲ့ သမီးပါရှင်"

"ဟေ . . ."

သူသည် အံ့ဩတကြီးဖြစ်သွား၏။

"မင်းဟာ ဘဒ္ဒဝတီသူဌေးကြီးရဲ့သမီး . . . ဟုတ်လား"

မယုံကြည်နိုင်စွာ ထပ်မေးလာ၏။ အံ့မခန်းလောက်အောင်ပင် ကြွယ်ဝချမ်းသာသော သူဌေးကြီးတစ်ဦး၏သမီးက စတုဒိသာအလှူမဏ္ဍပ်မှာ ထမင်းထုပ် လာတောင်းနေသည့် အဖြစ်ကလည်း မယုံကြည်နိုင်စရာ။

သို့ပေမယ့် သူမ၏အမူအရာ ယဉ်ကျေးသိမ်မွေ့ပုံ၊ ရုပ်ရည်ရူပကာ အစစ အကဲခတ်ရသည်ကလည်း လိမ်ပြောဖွယ်မရှိ။

ယင်နာ . . . တကယ်ကြောက်စရာကောင်းသည့် ယင်နာရောဂါ။

ထိုရောဂါ ကျရောက်ပလားဆိုမှဖြင့် ယင်ကောင်ကစပြီး သေ၏။ ထို့နောက် ပိုးမွှား–ကြွက်–ကြောင်–ကြက်–ဝက်–နွား–ကျွဲ–လူ–အစဉ်အတိုင်း ငယ်သော တိရစ္ဆာန်များမှ ကြီးသောသတ္တဝါတို့ အိမ်၌ရှိသမျှ လျင်မြန်စွာ သေ၏။ အိမ်နံရံကိုဖောက်ပြီး ကိုယ်လွတ်ထွက်ပြေးနိုင်မှ အသက်ချမ်းသာခွင့် ရသည်ဟူ၍ ရှေးလူကြီးများပြောဆိုသံ ကြားရဖူး၏။

ဘဒ္ဒဝတီသူဌေးကြီး၏ မိသားစုဘဝပျက်ပါပေါ့လား။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သူဌေးကြီးလင်မယားလည်း သေရှာပြီ။

သူ့ရှေ့မှောက်ရောက်နေသည့် မိန်းကလေးက ပိုပြီးသနားစဖွယ် ဖြစ်နေ၏။

ပစ္စည်းဥစ္စာလည်း ဆုံးပါး၊ မိဘများလည်း ကွယ်လွန်၊- လောက အလယ်မှာ မျက်နှာငယ်နေရှာသည့် ခိုကိုးရာမဲ့သူကလေး။

မစူးစမ်း မဆင်ခြင်၊ အထင်အမြင်လွဲမှားကာ ရင့်ရင့်သီးသီးပြောပြီးမှ ယူကျုံးမရဖြစ်ရသည်။ အားတုံ့အားနာ စိတ်မကောင်းစွာ လေးလေးပင်ပင် သက်ပြင်းချလိုက်၏။ ထိုသက်ပြင်းနှင့်အတူ ဆုံးဖြတ်ချက်တစ်ခုကိုလည်း မိမိဘာသာ အတည်ပြုပြီး ဖြစ်လေသည်။

သူသည် လူသားတစ်ဦးဆန်စွာ ဤမိန်းကလေးအား စေတနာသန့်သန့်ဖြင့် ကူညီစောင့်ရှောက် တာဝန်ယူလိုက်တော့မည်။ သားသမီးမရှိသော သူ့အတွက် ချစ်ခင်တွယ်တာစရာ သမီးကလေးတစ်ယောက် အမှန်တကယ် လည်း လိုအပ်နေပါ၏။

"ဘာမှ ဝမ်းနည်းအားငယ်မနေပါနဲ့တော့ကွယ်။ မိတ္တသူကြွယ်ဆိုတာ ကျုပ်ပဲ။ မင်းကို သမီးအဖြစ် မွေးစားမယ်ဟုတ်လား။ ဒီနေ့ကစပြီး ကျုပ်ကို မင်းရဲ့ ဖခင်လို့သာ မှတ်ပေတော့"

ကြားရသည့်စကားကြောင့် သူမနားကိုပင် မယုံကြည်နိုင်။ ထပ်တစ်ဖန် ကြားချင်စိတ်ကြီးစွာ ဝမ်းနည်းဝမ်းသာ ရင်မှာ တစ်ဆို့သွားရ၏။ သူမ၏ နုညက်သော ပါးပြင်ပေါ်သို့ မျက်ရည်ပွင့်များ ကြွေသက်စီးကျလာ၏။ ဝမ်းနည်းလျှင်လည်း ကျသည့်မျက်ရည်။ ဝမ်းသာလျှင်လည်း ကျသည့် မျက်ရည်ပါတည်း။

"ကျေးဇူးကြီးလှပါတယ် အဖေရယ်။ အဖေသာမကယ်ရင် ကျွန်မဘဝဟာ ရှေ့ဆက်မတွေးရဲလောက်အောင် ဒုက္ခပင်လယ်ဝေရအုံးမှာပါ။ အဖေ့ ကျေးဇူးကို ကျွန်မတစ်သက် မေ့နိုင်တော့မယ် မဟုတ်ပါဘူး"

သူမသည် မြေကြီး၌ပင် ကျုံ့ကျုံ့လေးထိုင်ကာ ကျေးဇူးရှင်အမှတ်ဖြင့် ဦးသုံးကြိမ်ချ၏။ ပြီးနောက် မွေးစားဖခင်၏ ခြေဖမိုးကို နဖူးဖြင့်တိုက်၍

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ပါးပြင်ဖြင့် အကြိမ်ကြိမ်ပွတ်သပ်၍ လည်းကောင်း အလေး အမြတ်ပြုလေသည်။

× × ×

အလှူမဏ္ဍပ်မှ အဖေပြန်လာနေကျအချိန်ကို မှန်း၍ တံခါးဝ ထွက်ကြို နေမိ၏။

ယနေ့တော့ အဖေ့မှာ သားသားနားနားအဖော်တစ်ယောက် ပါလာ၏။ ခံ့ညားသော ဝတ်စားဆင်ယင်မှု၊ ရိုကျိုးသော အဖေ့အမူအရာကြောင့် အဖေ့ ထက် အဆင့်မြင့်ကြွယ်ဝ ချမ်းသာသူဖြစ်မည်ဟု ခန့်မှန်းရ၏။

မိမိကိုယ်တိုင်လည်း အဆင့်မြင့်ချမ်းသာခဲ့ဖူးသူမို့ အဖေ့ဧည့်သည်အား ဘယ်လိုဧည့်ဝတ်ပြုရမည်ဆိုသည်ကို နားလည်ပါ၏။ အလိုက်သိစွာ ထိုက်ထိုက်တန်တန် နေရာထိုင်ခင်းပေး၏။ ထို့နောက် စားသောက်ဖွယ်တို့ဖြင့် တည်ခင်း ဧည့်ခံစီစဉ်ဖို့ အိမ်ထဲသို့ ပြန်ဝင်ရန် ခြေလှမ်းပြင်ဆဲ . . .

"သမီး . . ခဏ"

အဖေ့ခေါ်သံကြောင့် လှည့်လာပြီး အဖေ့အနီးမှာ ခပ်ယို့ယို့ဝင်ထိုင်၏။

"သူလေးပဲ . . သူဌေးမင်း"

အဖေလှမ်းအပြောတွင် "ဩော် . . ဟုတ်လား" ဟု ဧည့်သည်က ပြုံး၍ ခေါင်းညိတ်၏။

မသိမသာခိုးအကြည့်တွင် ဧည့်သည်၏မျက်လုံးအစုံနှင့် သူမ တည့်တည့် ဝင်တိုးမိသဖြင့် ချက်ချင်းမျက်လွှာပြန်ချရ၏။

"အလှူမဏ္ဍပ်မှာ ဆူဆူညံညံရှိခဲ့တာကို အိမ်ကနားထောင်ပြီး ကျုပ်ရဲ့ အလှူကို ကျေနပ်နေခဲ့တယ်၊ ဒီနေ့တိတ်ဆိတ်လှချည်လားလို့ မိတ္တသူကြွယ် ကိုမေးတော့ အကြောင်းစုံသိရတယ်။ မဏ္ဍပ်မှာ ဝင်ပေါက်နဲ့ ထွက်ပေါက် စနစ်တကျထားရှိပြီး စည်းနဲ့ကမ်းနဲ့ လှူဒါန်းနေတာတွေ့ရပြန်တော့ ပိုပြီး ဝမ်းသာကြည်နူးရပြန်တယ်။ သမီးရဲ့အစီအစဉ်တွေဆိုတာ ဟုတ်သလား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖြေပြီး မျက်နှာကို အောက်ငုံ့ချထား၏။ ဤသို့ ရှေ့တည့်တည့် ပေါ်ပေါ် ထင်ထင်ကြီး ချီးကျူးခံရသည်ကို ရင်ထဲကကျေနပ်ကြည်နူးမိသော်လည်း တကယ်တမ်းကျတော့ မျက်နှာမထားတတ်အောင် ရှက်ရပြန်၏။

သူဘာကိစ္စဖြင့် အဖေနှင့်လိုက်လာပြီး ဒီစကားတွေ ပြောနေရပါလိမ့် ဟုသာ ဆန္ဒစောစွာ သိချင်နေမိပါ၏။

"အဲဒါကို အကြောင်းပြုပြီး မိတ္တသူကြွယ်မှာ သမီးတစ်ယောက်ရထား တယ် ဆိုတာ သိရတာပဲ"

ညှို့သည်၏ ကြည်လင်အေးမြသောအသံ၊ ချိုပြုံးသောမျက်နှာထား ကြောင့် သဘောမနော ကောင်းမွန်သူဖြစ်မည်ဟု တွေးထင်မိပြန်၏။

"သမီးက ဘဒ္ဒဝတီသူဌေးကြီးရဲ့သမီး . . ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

သူမအား ပြုံးပြုံးရွှင်ရွှင် ခင်မင်နှစ်လိုစွာ ရွှန်းရွှန်းစားစားကြည့်ဟန်ကို အကဲဖမ်းလျက် ကွယ်လွန်သူ ဖခင်ကြီး မကြာခဏတဖွဖွ ပြောပြခဲ့သော ယောသကသူဌေးဆိုတာများလားဟု အတွေးဝင်လာရ၏။

"သမီးရဲ့အဖေနဲ့ အင်မတန်ခင်တဲ့ မိတ်ဆွေတွေကွယ့်၊ ယခုတော့ သတင်းကြားရတာ စိတ်မကောင်းစရာပါလား။ ကောသမ္ဗီကို ခြေဦးလှည့် ကတည်းက သူ ကျုပ်ဆီလာတယ်ဆိုတာ ထင်ရှားနေတာပဲ"

"ကောသမ္ဗီမှာ ဖေဖေနဲ့ခင်တဲ့ ယောသကသူဌေးဆိုတာရှိကြောင်း မကြာ ခဏပြောဖူးပါတယ်ရှင်၊ ဆွေမျိုးထက်မကလည်း ယုံကြည်အားကိုးရှာပါတယ်၊ ယင်နာကျလို့ ဒုက္ခရောက်နေချိန်မှာတောင် ဆွေမျိုးတွေဆီသွားဖို့ တစ်ခွန်း မဟခဲ့ပါဘူး၊ ဘယ်လောက်ဝေးဝေး ယောသကသူဌေးဆီသာ သွားမယ်ဆိုပြီး အရောက်လာခဲ့ရှာပါတယ်"

မြို့ပြင်ဇရပ်လေးမှာ ဆင်းရဲပင်ပန်းခြင်းကြီးစွာ ရေတိမ်နစ်ခဲ့ရှာသည့် မိဘ နှစ်ပါးကို ပြန်လည်သတိရကာ ကြေကွဲမိပြန်ပါသည်။ အဖျားခတ် တုန်ယင်သွားသည့်စကားသံကြောင့် သူမထံသို့ စူးရှနက်မှောင် တောက်ပြောင် သော ကရုဏာ မျက်ဝန်းတစ်စုံ ကျရောက်လာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကံဆိုးရလေတယ်ကွယ်၊ ကျုပ်မသိလိုက်ရလို့ပါ။ စောစောကသာ ကျုပ်သိရင် ဒီအဖြစ်မျိုးမရောက်ရပါဘူး"

ယောသကသူဌေးကြီး၏ စိတ်မချမ်းမြေ့ဖွယ် ညည်းညူသံအဆုံးမှာ သူမ၏ မျက်ရည်စက်များ ကြမ်းပြင်ပေါ်ကျသွားရတော့၏။

"မငိုနဲ့တော့သမီး၊ ဘဒ္ဒဝတီသူဌေးကြီးရဲ့သမီးဆိုရင် ကျုပ်သမီးပဲပေါ့။ ကျုပ်မိတ်ဆွေရဲ့သမီးကို စောင့်ရှောက်ပေးဖို့ ကျုပ်မှာတာဝန်ရှိတယ်။ ဘယ်နဲ့လဲ ကိုမိတ္တ။ ဒီမိန်းကလေးဟာ ကျုပ်နဲ့ဆိုင်နေတာမို့ ကျုပ်သာ မွေးပိုင်ခွင့်ရှိတယ်နော"

သူမထံ ဖျတ်ခနဲအကြည့်တစ်ချက် ရောက်လာသော အဖေ့၏မျက်နှာသည် မကောင်းလှ။ မွေးစားသည်မှာ ရက်ပိုင်းမျှသာရှိသေးသော်လည်း သူမအပေါ် သံယောဇဉ်ဖြစ်နေ ရှာရှာမည်။ ယောသကသူဌေးကြီးကျပြန်တော့လည်း အထက်အကြီးအကဲမို့ ခွန်းတုံ့ပြန် နှုတ်လှန်မပြောဝံ့။

သူမအနေနှင့် အဖေမိတ္တသူကြွယ်ကို ရှေ့ဦးကျေးဇူးရှင်အဖြစ် ချစ်ခင်ပါ၏။ တစ်ဖက်က ယောသကသူဌေးကြီးမှာလည်း ဖခင်ကြီး ကိုယ်တိုင်ပင်လျှင် အားကိုးတကြီးရှိခဲ့သည့် မိတ်ဆွေအရင်းအချာ၊ ဖခင်ကြီး ရှိခဲ့လျှင်လည်း ယောသက သူဌေးကြီးဆီမှာ အပ်နှံထားရစ်ဖို့ သေချာသည်။ သို့ပေမယ့် ရက်ပိုင်းမျှ မွေးစားအဖေ တော်ခဲ့ရသည့် မိတ္တသူကြွယ်အပေါ် သစ်စိမ်းချိုး မချိုးရက်ပြန်။

"ကျွန်တော့်အနေနဲ့ သူလေးအပေါ် သမီးအရင်းလို သံယောဇဉ်ရှိတာ အမှန်ပါပဲ။ ဒါပေမယ့် သူဌေးမင်း တော်သလိုသာ စီစဉ်ပါခင်ဗျာ။ သူဌေးမင်းရဲ့သမီး ဖြစ်ရင်လည်း ကျွန်တော်ဝမ်းသာရမှာပဲ"

ဝမ်းသာရမှာပါပဲဆိုသည့် အဖေ့အသံသည် တိုးတိမ်အက်ရှသွားသလို ရှိ၏။ သူမအပေါ် ကြင်ကြင်နာနာ ဂရုစိုက်ခဲ့ရှာသော အဖေ့ကိုခွဲခွာပြီး ယောသက သူဌေးကြီးနောက် မလိုက်ရက်နိုင်အောင် ရှိလေသည်။

"အ . . . ဖေ . . ."

အဖေ့ဒူးကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ မျက်ရည်များ သွန်ကျလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"လိုက်သွားသမီး၊ သူဌေးမင်းနဲ့ သမီးရဲ့အဖေရင်းဟာ မိတ်ဆွေတွေမို့ သမီးကို သူဌေးမင်း မွေးသင့်တယ်ဆိုတာ စကားမှန်ပဲ။ ပြီးတော့ အဖေ့ဆီမှာ နေတာထက် သမီးပိုချမ်းသာမယ်။ သမီးချမ်းသာရင် အဖေဝမ်းသာကျေနပ်ရမှာပေါ့။ သူဌေးမင်းဆီမှာ နေပေမယ့် အဖေတို့ အမြဲတွေ့နိုင်တာပဲ သမီးရယ်"

ပီတိကလေးငယ်တစ်ဦးပမာ ချော့မော့နှစ်သိမ့်ရှာသည်။

သူမအဖို့တော့ . . .

ယောသက သူဌေးကြီးကိုလည်း အဖေလိုချစ်ခင်နိုင်ပါ၏။

မိတ္တသူကြွယ်ကိုလည်း မခွဲရက်နိုင်။

အဖေနှစ်ယောက်ကြားမှာ ဗျာများရရှာသည့် သာမာဝတီ။

× × ×

မဈ္ဈိမ၏အကြီးကျယ်ဆုံး နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပမည့်နေ့ဖြစ်သည်။

ဗြာဟ္မဏတို့၏ ရှေးထုံးတမ်းအစဉ်အလာအရ မကောင်းသောဘေး၊ မကောင်းသောဒဏ်တို့ ပပျောက်စိမ့်သောငှာ လှည်းနေလှေအောင်း မြင်းဖောင်း ဝါမကျန် အိမ်တွင်းပုန်း ဇနီးမယား သမီးသားမှန်သမျှ မြစ်ဆိပ်သွား၍ ဦးခေါင်းဆေးလျှော် ရေမိုးသန့်စင်ကြရ၏။

ယင်းသို့ ဦးခေါင်းဆေးမင်္ဂလာပြုရန် ဂင်္ဂါမြစ်ကို အထွတ်အမြတ် ပြုထားကြလေသည်။

နက္ခတ်ပွဲသဘင်သည် အိမ်တွင်းပုန်းအမျိုးသမီးတို့ ထွက်ခွင့်ရသောပွဲမို့ ကာလသားကြိုက်ဖြစ်ကာ အထူးစည်ကားလှ၏။ မနက် ဝေလီဝေလင်းကတည်းက ဥဒဟိုသွားလာလှုပ်ရှားနေကြပြီ။ တစ်မြို့လုံးလည်း ခြိမ့်ခြိမ့်သဲသဲ သဘင်ပွဲ ဆင်နွှဲနေကြပေတော့မည်။

သူမသည် အိပ်ယာမှနိုးနေပြီဖြစ်သော်လည်း မထသေးဘဲ သူမ၏ ဘဝကံ အကျိုးပေး ဆန်းကြယ်ပုံကို စားမြုံ့ပြန်လျက် အတွေးနယ်ချဲ့နေမိ၏။

အံ့ဩဖို့လည်း ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက် တစ်ပတ်လောက် အတောအတွင်းမှာပင် အနိမ့်အမြင့်အတက်အကျမျိုးစုံ ပြောင်းလဲခဲ့ရသည့် ဘဝအဖုံဖုံ . . .

ပထမ ဘဒ္ဒဝတီသူဌေးကြီး၏သမီး . . .။

နောက် မိဘလည်းဆုံး ပစ္စည်းပြုန်းပြီး နေတော့ဇရပ်၊ စားတော့ အလှူမဏ္ဍပ်ဖြစ်ခဲ့ရသည့် သူတောင်းစားသာသာဘဝ။

ပြီးတော့ မိတ္တသူကြွယ်၏ မွေးစားသမီး။

နောက်ဆုံး ယောသကသူဌေးကြီး၏ တစ်ဦးတည်းသောသမီးအဖြစ်

ထပ်၍ တစ်ဖန် ဘဝများပြောင်းလဲဦးမည်မသိ။

"သခင်မလေးဘဝက တကယ်အားကျဖို့ကောင်းတယ်နော်။ သခင်ကြီးမှာ သားသမီးအရင်းမရှိတော့ သခင်မလေးကိုပဲ အချစ်တွေစုပြုံပြီး ဖူးဖူးမှုတ်ထားလိုက်တာ။ မိတ္တသူကြွယ်ဆိုရင်လည်း သခင်ကြီးကို မတော်လှန်ရဲလို့သာ သမီးပေးလိုက်ရတာ၊ သူ့သမီးကို တစ်နေ့ လာမတွေ့ရ မနေနိုင်အောင် သံယောဇဉ်ကြီးရှာတယ်လေ"

"အင်းလေ–သခင်မလေးက မွေးစားအဖေနှစ်ယောက်စလုံး၊ သဲသဲလှုပ်ချစ်နိုင်လောက်အောင် သိမ်မွေ့ယဉ်ကျေး လိမ္မာရေးခြားရှိတာကိုး"

သူမအိပ်နေတုန်းထင်ပြီး သူမ နက္ခတ်ပွဲသဘင်သို့ သွားဖို့အရေးကြိုတင်ပြင်ဆင် လုပ်ကိုင်ပေးကြရင်း တီးတိုးပြောဆိုနေကြသည်ကို လေသံမျှ အိပ်ရာထဲမှ ကြားလိုက်ရပါ၏။

"သခင်မလေးက တစ်နေ့ထက်တစ်နေ့ အလှကျက်သရေတိုးလာတာမို့ ငါတော့ဖြင့် စိုးရိမ်လိုက်တာ အလွန်ပဲ သုဇာရေ့"

"ဘာကိုစိုးရိမ်တာလဲ မုဒြာ"

"ဒီနေ့ မြစ်ဆိပ်ဆင်းရင် နန်းရင်ပြင်က ဖြတ်သွားရမှာ၊ မဟာရာဇာကလည်း ခပ်ငယ်ငယ် အရွယ်ကောင်းကောင်း၊ မတော်တဆ သခင်မလေးကို မြင်မိပြီး ရွှေသဘောတော်ကျသွားရင်ဖြင့် မလွယ်ကြော"

"ဘာလို့မလွယ်ရမှာလဲ၊ သခင်မလေး မိဖုရားဖြစ်မှာပေါ့ဟဲ့။

www.burmeseclassic.com

www.burmeseclassic.com



ငါတို့တောင် သခင်မလေးနောက်က ထဘီဆွဲပြီး နန်းတော်ရောက်ရချည်သေးရဲ့ . . ဟီ . . ဟီ"

"သွားစမ်း . . ဘာမှမသိတဲ့ကောင်မ။ ရွှေနန်းတော်ရောက်ရဖို့လောက်ပဲ စိတ်ကူးယဉ်နေ။ တို့သခင်မလေးက ရိုးရိုးသားသား အေးအေးဆေးဆေး သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့။ ဟိုက တောသားလူကြမ်းကြီး၊ နောက်ပြီး ဘုရင်ဆိုတာ မျိုးက မယားများပါဘိသနဲ့၊ တို့သခင်မလေး စိတ်ဆင်းရဲရမှာပေါ့"

"တော်စမ်းပါမုဒြာရယ်၊ မုန့်ဆီကြော်ဖြင့် မကြော်ရသေးဘဲ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား လုပ်နေပြန်ပါပြီ။ ဟိုက တို့သခင်မလေးကို သဘောကျပါစေဦးတော့"

"ဟင့်အင်း–ငါတော့ သဘောမကျပါစေနဲ့လို့သာ ဆုတောင်းချင်တယ်၊ စိတ်ကြမ်းလူကြမ်းကြီးမို့ တို့သခင်မလေးနဲ့ သဘောမတူနိုင်ပေါင်"

"ဟဲ့–သုဇာနဲ့ မုဒြာ၊ ကိုယ်နဲ့မဆိုင်တဲ့စကားတွေ ဘာလို့ ပြောနေရတာလဲ။ မင်းစကား စိုးစကား၊ မဟာရာဇာ နားကြားပြီး လျှာအဖြတ်ခံချင်လို့လား"

ဒေါ်ခုဇ္ဇုတ္တရာ၏ အသံကျယ်ကျယ်ထွက်လာပြီးနောက် တိတ်ဆိတ်ငြိမ်ကျ သွားတော့၏။ အားလုံးကတော့ သူ့ကို ဒေါ်ခုတ္တရာဟုသာ ကြင်ကြင်နာနာ ခေါ်ကြပါ၏။ လူက ခါးကုန်းအရုပ်ဆိုးသလောက် အပေါက်လည်း နည်းနည်း ဆိုးချင်သည်။ သို့ပေမယ့် စိတ်ရင်းတော့ ကောင်းရှာသား။ သူမကိုလည်း လွန်စွာပင် ချစ်ခင်တွယ်တာရှာပါ၏။ ကျွန်အမှုလုပ်တို့တွင် အသက်အကြီးဆုံးမို့ ငယ်သူတို့က ရိုသေလေးစားကြရသည်။

မုဒြာပြောသည့် ကောသမ္ဗီပြည်ရှင် မဟာရာဇာဥတေနအကြောင်း တစေ့တစောင်းလောက်တော့ ကြားရဖူးပါ၏။ မဟာဆီမဟာသွေးဖြစ်သော်ငြား တောထဲမှာ ကြီးပြင်းခဲ့ရသူမို့ စိတ်ဖြောင့်ပါလျက် ခက်ထန်ကြမ်းတမ်းသည်ဆို၏။ ဟတ္ထိကန္တစောင်းနှင့် မန္တန်ကိုပိုင်ဆိုင်သော ဆင်နိုင်ဘုရင်ဟူ၍လည်း ထင်ပေါ်ကျော်ကြား တန်ခိုးထွားနေသူဖြစ်ပါ၏။ သူ့ဘာသာ ဆင်နိုင်ရုံမကလို့ ဘီလူးပဲနိုင်နိုင် သူမကတော့ စိတ်ဝင်စားခြင်းမရှိလှ။

www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ဘဒ္ဒဝတီမြို့သူဖြစ်ပြီး ကောသမ္ဗီရောက်သည်ကလည်း နှစ်ပေါင်းများစွာ ကြာမြင့်သည်မဟုတ်သေး။ ပြီးတော့ မဏ္ဍိမ၏ဝလေ့ထုံးတမ်း အရ အိမ်တွင်းပုန်းလုပ်နေသောကြောင့် သူမအား သိသူနည်းပါး၏။ ဒါကိုပင် သူမ သဘောကျနေရပါ၏။ အသိမိတ်ဆွေနည်းခြင်းသည် အေးဆေးစွာနေရဖို့ အကြောင်းဖြစ်သည် မဟုတ်ပါလား။

သူမ၏စိတ်ဆန္ဒအတိုင်းဆိုလျှင် ယနေ့ နက္ခတ်ပွဲသဘင်ကိုပင် နွှဲမဆင် ချင်ပါ။ သို့ရာတွင် တစ်အိမ်သားလုံး မြစ်ဆိပ်ဆင်းရမည်ဟု ဖေကြီး ဃောသက အမိန့်ထုတ်ထားသဖြင့် အိမ်အပြင် ထွက်ရပေတော့မည်။

ထိုအခါ မုဒြာပြောသကဲ့သို့ နန်းရင်ပြင်ကို ဖြတ်သွားခိုက် သူမအား မဟာရာဇာမြင်တွေ့သွားပါလျှင် . . .

"အို ဘာဆိုင်လဲ ။ မိုးမပြိုသေးဘဲနဲ့ မိုးပြိုမှာ ကြောက်နေသူလိုပဲ၊ အဓိပ္ပာယ် မဲ့လိုက်တာ၊ မုဒြာအရူးမရဲ့ ပေါက်ကရစကားတွေကို ခေါင်းရှုပ်ခံလို့ . . ."

အသိစိတ်ထဲမှ အတွေးစများကို မောင်းထုတ်ပစ်၊ အိပ်ရာမှ လူးလဲထပြီး အတွင်းခန်းဆီးထဲမှ သူမ ထွက်လာ၏။

"ဟော . . . သခင်မလေးနိုးလာပြီ၊ မျက်နှာသစ်ရေနဲ့ အမွှေးနံ့သာတွေ အဆင်သင့်ဖြစ်နေပါပြီ။ နံနက်စာသုံးဆောင်ပြီးတာနဲ့ ဂင်္ဂါမြစ်ဆိပ်ဆင်းကြဖို့ သခင်ကြီးက ထပ်ဆင့်အမိန့်ပေးထားပါတယ်၊ သခင်မလေး အိပ်ရာကနိုးလာ မယ့် အချိန်ကိုသာ စောင့်နေကြတာပါ"

ဒေါ်ခုဇ္ဇုတ္တရာက သူမအား အရိုအသေပြုလျက် ဆီးကြိုပြောပြ၏။

"ဖေကြီးတို့ပါ လိုက်မှာလား"

"သခင်ကြီးက ကျွန်မတို့ပြန်မှ သူ့အစီအစဉ်နဲ့သူ သွားပါလိမ့်မယ်"

သူမ ဘာမျှဆက်မေးမနေတော့။ မျက်နှာသစ်ဖို့ ပြင်ဆင်၏။ မြစ်ဆိပ် သွားရမှာပင် စိတ်ခပ်လေးလေး။ သွားချင်စိတ် ပြင်းပြင်းပြပြမရှိ။ သို့ပေမယ့် သွားတော့ သွားရမည်။ သူတို့အားလုံး အရံသင့် ပြင်ဆင်ထားကြပြီပဲ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆိပ်မှ အိမ်ပြန်တော့ မွန်းတိမ်းစသာရှိသေး၏။

အခြေအနေအားလုံး အပြောင်းလဲကြီး ပြောင်းလဲနေပေပြီ။ မြင်ရသည့် အခြင်းအရာသည် ယုံနိုင်ဖွယ်မရှိ။ သူမ၏ မျက်လုံးအစုံမှာလည်း ဝိုင်းဝိုင်း လည် သွားရပါ၏။

အိမ်ကို ချိပ်ပိတ်ထားသည်။

ဓားလှံကိုင်ထားသော စစ်သည်ရဲမက်တွေ ယောက်ယက်ခတ်နေ၏။

ဖေကြီးနှင့်တကွ အိမ်မှာကျန်နေခဲ့သူများ လမ်းမပေါ်ဝယ် ငုတ်တုတ် ကလေးတွေ ဖြစ်နေကြရှာ၏။

ထိတ်ထိတ်ပျာပျာဖြင့် ဖေကြီးထံ ခပ်သုတ်သုတ်လျှောက်သွား၏။

"ဖေကြီး–ဘာဖြစ်နေတာလဲဟင် ... ဘာဖြစ်ကြတာလဲ"

ငေးငေးငူငူကြီးဖြစ်နေသော ဖေကြီး၏လက်မောင်းကို ကိုင်လှုပ်ကာ သိချင်စိတ်တွေ မချိုသိပ်နိုင်ဘဲ ခပ်လောလောမေးမိ၏။ သူမ မေးတာကို တော်တော်နှင့် ပြန်မဖြေနိုင်။ ရှက်စိတ်၊ ဒေါသစိတ်များကြောင့် ဖေကြီး၏ မျက်နှာမှာ သပြေသီးမှည့်ရောင် သမ်းနေ၏။ ရှက်လည်း ရှက်ရှာပေမပေါ့။ ကောသမ္ဗီ၏နာမည်ကြီး ထိပ်သီးသူဌေး ဃောသက၏အိမ် ချိပ်ပိတ်ခံရလို့တဲ့ ဟူသော သတင်းက တောမီးပမာ ခဏတာအတွင်း ပျံ့နှံ့ပေတော့မည်။ လောလောဆယ်မှာလည်း အိမ်မဲ့ရာမဲ့ အခြေအနေပျက်ပြီး လမ်းမပေါ်ရောက် နေရပြီ။

"ဖေကြီး–ဘာဖြစ်တာလဲ ဖေကြီးရယ် . . "

အလိုလိုဝမ်းနည်းလာရပြီး သူမ၏ထပ်ဆင့်မေးခွန်းမှာ ငိုသံပင် ပါလာ၏။

"သမီး"

ဟုဆိုပြီး တံတွေးကို အကြိမ်ကြိမ်မျိုချ၏။ ပြောရမည့်စကားကို မပြောရက်ရက် ပြောမထွက်နိုင်အောင် ရှိနေပြီထင်သည်။ ဖေကြီးအား သနားရ လွန်းစွာ ရောက်တတ်ရာရာလျှောက်တွေးရင်း မုဒြာစကား မှန်လေပြီလားဟု ရင်ထိတ်သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"သ . . မီး . . ကို မဟာ . . ရာဇာ . . က လိုချင်လို့ ပို့ . . ပေးရ . မတဲ့"

"ဟင်"

ရင်ထဲတွင် သွက်သွက်ခါအောင် လျှောင်လှုပ်သွားရသည်။ ကမ္ဘာမြေကြီး တစ်ခုလုံး ကျွမ်းထိုးမှောက်ခုန်ဖြစ်သွားလေပြီလား။ ဖေကြီး၏လက်မောင်းကို အားကိုးတကြီး တင်းတင်းသာ မဆုပ်ကိုင်ထားမိပါက ဤနေရာမှာပင် ပြိုလဲ သွားလိမ့်မည်ထင်သည်။

မုဒြာ၏စကားတွေ သွေးထွက်အောင် မှန်နေချေပြီ။

ယခုတော့ ဘာများတတ်နိုင်ဦးမည်နည်း။

"သမီး အလိုမတူဘဲနဲ့ ဖေကြီးဘာမှမလုပ်ချင်ဘူး၊ သမီးစိတ်ဆင်းရဲမှာ စိုးလို့ မပို့ပေးနိုင်ဘူးဆိုပြီး ငြင်းလိုက်တာ ခုမြင်တဲ့အတိုင်းပဲ"

မင်း၏အာဏာစကားကို ပယ်ရှားဝံ့သည်အထိ သူမအပေါ်ချစ်ခင် တွယ်တာသည်ပါလားဟု သိလိုက်သောခဏ သူမ၏မေတ္တာစေတနာတို့သည် ဖေကြီးအတွက် ဘာမဆိုလုပ်ပေးဖို့အထိ ဆုံးဖြတ်မိပြီးသား ဖြစ်သွား၏။

မျက်ရည်ပြည့်လျှမ်းနေသော မျက်လုံးအစုံဖြင့် ဖေကြီး၏မျက်နှာကို မော့ ကြည့်၏။ သူမအား စူးစိုက်စွာငုံ့ကြည့်လာသော ဖေကြီး၏ကရုဏာမျက်ဝန်း များကို ထွင်းဖောက်ပြီး နှလုံးသားထဲထိတိုင် နက်ရှိုင်းစွာ သိမြင်သလိုခံစားရ သည်။ ပစ္စည်းဥစ္စာမြောက်မြားစွာသော သူဌေးစည်းစိမ်ကို မင်းဘဏ္ဍာအဖြစ် သိမ်းပိုက်ခံရခြင်းထက် သမီးကညာပို့ဆက်ရမည့်အရေးက ပို၍ကြီးလေးစွာ ရင်နင့်ရင်နာဖြစ်နေရှာ၏။

"ဖေကြီး"

"သမီး"

"သမီးအတွက် ဘာမှ မစိုးရိမ်ပါနဲ့။ သမီးကို အခြွေအရံနဲ့တကွ လာပြီး ခေါ်ဆောင်ဖို့ အကြောင်းကြားလိုက်ပါတော့"

"သမီး . . ဖေကြီး . . ပြော . ."

www.burmeseclassic.com

www.burmeseclassic.com



ဖေကြီး၏ပါးစပ်ကို သူမ လက်ဖြင့်လှမ်းပိတ်လိုက်၏။

"သမီးပြောတဲ့အတိုင်းသာ ဆောင်ရွက်ပေးပါနော်"

ဘုရင်မင်းမြတ်အတွက် သူမအား မပို့ရက်သော ဖေကြီး၏ မေတ္တာ ကရုဏာ စေတနာနှင့် ညှာတာမှုများကို သူမ သိပါ၏။ သူမအနေဖြင့်လည်း ဖေကြီး၏စည်းစိမ်နှင့် ဂုဏ်သိန်ကို အစွမ်းကုန်ကာကွယ်ပေးရပေလိမ့်မည်။

**လူဆိုသည်မှာ မိမိအတ္တအကျိုးတစ်ခုတည်းကိုသာ ရှေးရှု၍ မရနိုင်ပါ။ မိမိအတွက်သာမက မိမိ၏ပတ်ဝန်းကျင်အတွက်ပါ ထည့်စဉ်းစားရပါ၏။ လူဟူသည် ကျေးဇူးတတ်သောသတ္တဝါမဟုတ်။ ကျေးဇူးရှိက ကျေးဇူး သိရ၏။ ကျေးဇူးသိက ကျေးဇူးတုံ့ပြန်ရပါ၏။**

"ငါ့သမီးလေး ဒီအဖြစ်မျိုးရောက်ရတာ ဖေကြီးရဲ့အပြစ်ပဲ။ နက္ခတ်ပွဲကို သမီးမသွားချင်ဘဲနဲ့ အတင်းလွှတ်မိတဲ့ ဖေကြီးကြောင့် . . ."

မချိတင်ကဲ ကြေကွဲစွာရေရွတ်လျက် ဖေကြီးသည် သူ့ကိုယ်သူ အပြစ်တင် မဆုံးနိုင်အောင် ရှိနေလေသည်။

"ဖြစ်ပြီးသားကိစ္စတစ်ခုကို ဘယ်သူဘယ်ဝါကြောင့်လို့ တရားခံရှာပြီး အပြစ်တင်နေလို့ အကြောင်းထူးမလာပါဘူး ဖေကြီးရယ်၊ စိတ်မကောင်းဖြစ်နေမယ့်အစား အကြောင်းတိုက်ဆိုင်လာတာပဲလို့ သဘောထားပြီး ဖြေသိမ့်လိုက်ပါ။ သမီးတို့သားအဖ ဘယ်လောက်ချစ်ကြပေမယ့်လဲ ရှင်ကွဲမကွဲ သေကွဲကွဲရမှာ အသေအချာပါပဲ။ အနေးနဲ့အမြန်သာ ကွာပါတယ်။ ဖေကြီးစိတ်ချမ်းသာသာ နေပါ။"

လောက၌ ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံသည် ဒွန်တွဲ၍ ရှိနေတတ်စမြဲ။

သူမတို့သားအဖ နှလုံးစိတ်ဝမ်း မချမ်းမြေ့ကြသော်လည်း မဟာရာဇာကမူ အလိုဆန္ဒပြည့်ဝသဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိနေပါတော့မည်။

ပြီးတော့– နောက်တစ်ယောက် "သုဇာ" . . .

"သခင်မလေးနောက်က ထဘီစဆွဲပြီး ရွှေနန်းတော်ရောက်ရချေသေးရဲ့" ဟု မြိန်ရေရှက်ရေ ပြောခဲ့သောသုဇာ။

သူမလည်း ဆန္ဒပြည့်ဝရှာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်၏ ခေါင်းမဖော်ဝံ့ကြသော ပြည်သူတို့၏ အဖြစ်မှာ–

× × ×

ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနာ၏ အဂ္ဂမဟေသီမိဖုရားကြီး ဖြစ်လာသော်ငြား သူမအဖို့ ဘာမျှမထူးခြား။ အမြင့်တင့်သော်လည်း အနှစ်မပါသော အကာသက်သက် ဟုသာထင်၏။ ရုပ်ပိုင်းဆိုင်ရာအားဖြင့် မိဖုရားကြီးဟူသော ဂုဏ်သည် အထင်ကြီးဖွယ် နှစ်သက်မက်မောဖွယ် ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ စင်စစ်မှာတော့ စိတ်ချမ်းသာလွတ်လပ်ခြင်းမှ အနှောင်အဖွဲ့ အကျဉ်းအကျပ်သို့ ကျရောက်ခဲ့ရသော ဘဝပြောင်းလဲမှု တစ်ခုသာ ဖြစ်ချေသည်။

ကျေးဇူးရှင် ဃောသကသူဌေးကြီးနှင့်တကွ အသိုင်းအဝိုင်းမိသားစုများအားလုံး ဘေးကင်းရန်ကွာ ချမ်းသာကြပါစေခြင်းငှာ မိမိကိုယ်ကို အနစ်နာခံခြင်း ဖြစ်၏။ စတေးလိုက်ခြင်းအတွက် ဆောင်ရွက်ပေးခြင်းဖြင့် မိမိဘဝမှာ မြတ်နိုး ကျေနပ်ဖွယ် ရသတစ်ခုကို ရရှိလိုက်သည်ဟု နှလုံးသွင်းကာ မိမိဘာသာ အားပေးဖြေသိမ့်ရပါ၏။

မိန်းမတစ်ယောက်ကို ချစ်ခင်မြတ်နိုးစုံမက်ခြင်းဆိုသည့် ပုရိသယောကျ်ား၏ ဂရုစိုက်အရေးပေးမှုသည် တကယ်စင်စစ် သူတို့၏အလိုရမ္မက်နှင့် အာသာဆန္ဒကို ဖြည့်စွက်ခြင်းမျှသာဖြစ်၏။ သူတို့၏ တဏှာရာဂစိတ်သည် တင်းတိမ်ရောင့်ရဲ ရပ်တန့်သွားခြင်း မရှိပေ။

ယောကျ်ားတို့စိတ်၊ မြင်တိုင်းညိတ်လျက်၊ ဆိတ်၏အလား၊ နွား၏သဘော၊ အာရုံပြောတိုင်း၊ လိုက်လျောထွေပြား၊ သူအခြားနှင့် . . . ” ဆိုသည့် စကားကဲ့သို့ သူမအား ချစ်ခင်မြတ်နိုးလှပါသည်ဆိုသော မဟာရာဇာသည် ဥဇ္ဇေနီပြည်မှ စဏ္ဍပဇ္ဇောတမင်း၏သမီးတော် ဝါသုလဒတ္တာအား ဆင်ဖြင့် ခိုးယူခဲ့ပြီး မိဖုရားမြှောက်၏။ ထိုမျှမကသေး။ ကုရုတိုင်းမှ ပုဏ္ဏားအမျိုးအနွယ် မာဂဏ္ဍီဆိုသည့် အလှကညာတစ်ပါးကိုလည်း မေတ္တာပွားပြီး မိဖုရားအရာ ထားခဲ့ပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားဟူသောဂုဏ်ကို ငမ်းငမ်းတက် တပ်မက် နှစ်သက်ခြင်းမရှိသော ကြောင့် မိဖုရားသုံးဦး စင်ပြိုင်ထားသည့်တိုင် သူမမှာ ဝန်တိုမစ္ဆရိယစိတ် မဖြစ်ခဲ့။ မဟာရာဇာကိုလည်း မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်လိုသည့် လောဘ တဏှာ ဝင်မပူးသဖြင့် စိုးရိမ်သောကလည်း မရှိခဲ့။

မိမိဘဝကိုဖြစ်စေ၊ မိမိဘဝနှင့်ပတ်သက်သည့် သက်ရှိသက်မဲ့များကို ဖြစ်စေ တပ်မက်သူတို့သာလျှင် ထိုထိုသောအရာတို့ ဆုံးရှုံးရမည်ကို စိုးရိမ် လျက် သောကဗျာပါဒဖြစ်ကြ၏။ သူမအဖို့တော့ ဘဝအတွေ့အကြုံတို့သည် စိတ်ကိုကောင်းစွာ ရင့်ကျက်စေခဲ့ပြီ။ အပေါယ်အကာဖြစ်သော လောက တန်ဆာဌ လောဘတဏှာမိုက်တို့ များစွာပါးလျားခဲ့သည်။

**ဘဝဟူသည် အိပ်မက်ပမာမျှသာဖြစ်၏။ အိပ်ရာမှနိုးထလာသော အခါ အိပ်မက်တို့သည် ပြယ်လွင့်ကုန်ဆုံးပျောက်ပျက်ရစမြဲသာတည်း။ ဤခဏတာမျှသော ဘဝသက်တမ်းတိုတိုကလေးတွင် ငြိမ်းငြိမ်းချမ်းချမ်း နေရဖို့ အရေးကြီးဆုံးဖြစ်၏။**

**ထိုသို့ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ဖို့ရာ လောကဌလည်းကောင်း၊ မိမိဌ လည်းကောင်း စမ္မရှိဖို့လို၏။ လောကဌဖြစ်စေ၊ မိမိဌဖြစ်စေ စမ္မ မရှိလျှင် ဘယ်တော့မျှ ငြိမ်းချမ်းမည် မဟုတ်ပေ။**

ထိုအဆင့်မြင့် အသိအမြင်များကို မဟာလူသား ဗုဒ္ဓထံမှ ဒေါ်ခုဇ္ဇုတ္တရာ ရခဲ့၏။ ဒေါ်ခုဇ္ဇုတ္တရာထံမှတစ်ဆင့် သူမ ရခဲ့ပြန်ပါ၏။

တဏှာ၏အလိုကို ချဲ့ထွင်ပွားစီး၍ နေသူသည် ဘဝကို ကိုးကွယ်သူများ ဖြစ်၏။ ထိုသို့ ဘဝကိုးကွယ်သူများသည် ဘဝ၏မမြဲ–ဆင်းရဲ–အနှစ်မဲ့– မတင့်တယ်မှုသဘောတို့ကို မမြင်။ မြဲခြင်း–ချမ်းသာခြင်း–အနှစ်ခိုင်မာခြင်း– တင့်တယ်ခြင်းအသွင်ထင်၏။ တကယ်တမ်းဆည်းကပ်ရမည်မှာ တဏှာ မဟုတ်၊ ဘဝကိုမဟုတ်၊ ရတနာသုံးပါးသာဖြစ်၏။ ရတနာသုံးပါးကို ဆည်းကပ်ခြင်း၏ရည်ရွယ်ချက်မှာလည်း မိမိနှင့် ဆက်ဆံနေရသော ပတ်ဝန်းကျင်နှင့် လောကအတွက် မိမိဌအားသစ်များ မွေးဖွားရန်ဖြစ်၏။ ထိုအားသစ်ကား စမ္မတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မနှင့်ယှဉ်လျက် ဖြည့်စွက်ပေးရမည့်အားမှာ ဗြဟ္မစိုရ်ဖြစ်၏။ဗြဟ္မစိုရ်ဟူသည်မှာ ချစ်ခင်ခြင်း (မေတ္တာ)၊ သနားခြင်း (ကရုဏာ)၊ ဝမ်းမြောက်ခြင်း (မုဒိတာ)၊ အညီအမျှလျစ်လျူပြုခြင်း (ဥပေက္ခာ)ဖြစ်၏။

မေတ္တာသည် လောကသားတို့အား စုစည်းသိပ်သည်းခြင်းကို ဖြစ်စေ၏။ ထိုမေတ္တာသည် မိဘချစ်၊ မောင်နှမချစ်၊ သမီးရည်းစားချစ်၊ သားသမီးချစ်၊ လင်မယားချစ်နှင့် လုံးဝမသက်ဆိုင်။ လောကသားတို့အပေါ် မကျန်မလပ် တစ်ပြေးညီတည်းချစ်သော လောကချစ်ဖြစ်၏။ တဏှာပေမ ကင်းစင်သော အဖြူထည်သက်သက် ဖြစ်၏။ မဟာရာဇာ၌လည်းကောင်း၊ ဝါသုလဒတ္တ၌ လည်းကောင်း၊ မာဂဏ္ဍီ၌လည်းကောင်း အပိုအလို အတိုးအလျော့မရှိ။ တစ်သမတ်တစ်ပြေးညီတည်း၊ တစ်ဖြောင့်တည်း၊ တစ်သားတည်းထားနိုင်သော အချစ်မျိုးသည် ဓမ္မ၏ အားသစ်ပင်ဖြစ်ပါ၏။

လောကသားတို့၏ ဆင်းရဲမှုကို သနားခြင်း၊ ဖယ်ရှားပေးလိုခြင်း၊ ကယ်တင်လိုခြင်း၊ မိမိကိုယ်တိုင်လည်း ဆင်းရဲမှုဖြစ်အောင် မနှိပ်စက်မညှဉ်းပန်းတတ်ခြင်းတို့သည် ကရုဏာဖြစ်၏။ လောက၏အကျိုးစီးပွားကို ဆောင်ရွက်ရာတွင် ကရုဏာလောက် အစွမ်းထက်သော တရားမည်သည် မရှိ။

မုဒိတာကား ချမ်းသာသူတို့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နိုင်ခြင်းတည်း။ သူတစ်ပါးပြည့်စုံ ကြွယ်ဝချမ်းသာမှု၊ အဆင့်အတန်းမြင့်မှု၊ ဂုဏ်တက်မှုတို့၌ မနာလို–ဣဿာမရှိ၊ မိမိထက်သာလွန်စေလိုခြင်း၊ သာလွန်သည့်တိုင် ဝမ်းမြောက်နိုင်ခြင်းရှိ၏။ သို့ရာတွင် မိမိနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူတို့၏ ချမ်းသာမှုကို ဝမ်းသာခြင်းသည် ဂေဟာသိတပီတိနှင့် ယှဉ်သောကြောင့် မုဒိတာမမည်။ အလုံးစုံသော ချမ်းသာသည့် လောကသားတို့အပေါ်၌ တစ်မျိုးတည်း မြင်တတ်ဖို့လို၏။

ဥပေက္ခာဟူသည်မှာ–အကျိုးတစ်စုံတစ်ရာ၌ ကံသာလျှင် အကြောင်းတရား ဖြစ်သည်ဟု ဝမ်းမနည်းဝမ်းမသာ လျစ်လျူရှုခြင်းမျိုးမဟုတ်ပေ။ မိမိပြုသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတစ်စုံတစ်ရာ မျှော်လင့်ခြင်းကိုသာ လျစ်လျူရှုရသည်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာလူသားဗုဒ္ဓသည် ဒေဝဒတ်–အင်္ဂုလိမာလ–နာဠာဂိရိဆင်–သားတော်ရာဟုလာ၊ ဤလေးဦးသားအပေါ် အညီအမျှထားသောမေတ္တာဖြင့် သနားချစ်ခင်၏။ ဤသည်မှာ ဗြဟ္မစိုရ်၏ ဘောင်မခတ်သောသဘောနှင့် ညီမျှသည့်သဘာဝကို ဖော်ပြခြင်းဖြစ်လေ၏။

ဒေါ်ခုဇ္ဇုတ္တရာထံမှတစ်ဆင့် သိခွင့်ရခဲ့သော မဟာလူသား၏ ဓမ္မတရားသည် တဏှာနွံ၌ခြေမကျွံအောင် သူမအား သတိကြီးစွာထားစေခဲ့၏။ အတ္တမလွှမ်းမိုးသည့် ဖြူဆွတ်သောစိတ်ဓာတ်ကို ခိုင်ခံ့စွာ စောင့်ရှောက်စေခဲ့၏။ ခွင့်လွှတ်သည်းခံခြင်း၏ အနှစ်သာရကိုလည်း နားလည်စွာ ခံစားစေခဲ့၏။

ဓမ္မအင်အားသစ်ကြောင့်ပင် ရှေ့အနာဂတ် ကြုံတွေ့ရသမျှ အနိဋ္ဌလောကဓံတို့ကို ခါးလည်းမကော့၊ ခေါင်းလည်းမမော့ဘဲ မေတ္တာခံတပ်ဖြင့် ပကတိတည်ငြိမ်စွာ ရင်ဆိုင်နိုင်ခဲ့၏။

**မိမိအပေါ် ရန်ပြုလျက် အကျိုးမဲ့ဖျက်ဆီးလိုသူကိုပင် မိမိ၏ သည်းခံခြင်းအရည်အသွေး အရောင်တင်ရာ၌ ပါရမီဖြည့်ဖက်အဖြစ် အသိအမှတ်ပြုနိုင်ရမည်။**

သူမ၏ဘဝတစ်သက် သူမအတွက် ပါရမီဖြည့်ဖက် ရှိခဲ့ပါ၏။

သူမ၏ပါရမီဖြည့်ဖက်ကား မဟာရာဇာ၏ တတိယမြောက်ကြင်ယာတော် . . . မာဂဏ္ဍီ။

× × ×

ကျီးကန်းကဲ့သို့ စူးစမ်းသော မျက်လုံးအကြည့်။

စွန်ငှက်ကဲ့သို့ ထက်မြက်ရဲတင်းသော အမူအရာ။

မြေခွေးကဲ့သို့ ကောက်ကျစ်စဉ်းလဲသော မျက်နှာ။

ဤလိုပုံပန်းသဏ္ဌာန်ဖြင့် သူမ၏အဆောင်သို့ မာဂဏ္ဍီတစ်ယောက် ထူးထူးဆန်းဆန်း ရောက်လာ၏။ ကောင်းသောလာခြင်းမဟုတ်နိုင်သည်ကိုလည်း ရိပ်မိပါ၏။ သို့တိုင်အောင် တစ်ဖက်က ဘယ်လိုအနေအထားရှိရှိ မိမိဘက်က မေတ္တာမပျက် နေတတ် နေနိုင်ဖို့သာ ပဓာနဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေဝစ္ဆရာနတ်မယ်အလား ထင်မှတ်မှားလောက်အောင် လှနိုင်လွန်းသူဖြစ်သည်နှင့်အမျှ ထိုအလှကြောင့် မာန်တက်နေဟန်ကလည်း ထင်းထင်းကြီး ပေါ်လွင်နေပါ၏။ ဦးခေါင်းမော့၍ ခြေဖျားထောက် လမ်းလျှောက်တတ်သူ၏ သဘောကို အထူးစောကြောဖွယ်မရှိဟု ထင်ပါသည်။

အခြွေအရံများဖြစ်ကြသော သုဇာ၊ မုဒြာတို့အဖွဲ့ကတော့ မာဂဏ္ဍီကို နှစ်သက်ပုံမရ။ သူမကမူ အလေ့အကျင့်ရပြီးသားဖြစ်သည့်အတိုင်း သူမထံ ရောက်လာသူမှန်သမျှ မေတ္တာဖြန့်ကြက် နေမိလျက်သာရှိပါ၏။

"ထိုင်မယ်နော်"

ဟူသောစကားနှင့် တစ်ပြိုင်တည်း သလွန်ညောင်စောင်းမှာ သူမနှင့် ပခုံးချင်းယှဉ် ဝင်ထိုင်လိုက်၏။ သူမနှင့်တန်းတူပါပဲဆိုသည့်အချက်ကို ကိုယ်အမူအရာဖြင့် ပညာသားပါပါ ဖော်ပြတာဟု သိ၏။ သို့သော် သူမ ခွင့်လွှတ်နိုင်ပါသည်လေ။ မဟာရာဇာကိုယ်တိုင်က မိဖုရားသုံးပါးကို တစ်တန်းတည်း ထားသည်ပဲ။

"သာ၀မာနဲ့ ဝါသုလ နှစ်ယောက်စလုံး ကျွန်မကို လိုက်လျောဖော်ရွေ ကြိုဆိုမှုမရှိတာ ဘာလို့လဲ။ မနှစ်သက်ကြဘူးလား"

စကားအချိတ်ကလေးဖြင့် စိန်ခေါ်လာပြီထင်သည်။ သူမကတော့ အပြုံးမပျက်။

"ကိုယ်တို့နှစ်ယောက်စလုံးဟာ အေးအေးဆေးဆေးနေကြသူတွေချည်းပါ မာဂဏ္ဍီ။ မဟာရာဇာရဲ့ ဆောင်ရွက်ချက်တွေကို ကိုယ်တို့မိဖုရားတွေအနေနဲ့ ကြိုဆိုထောက်ခံဖို့ မလိုအပ်သလို ကန့်ကွက်ငြင်းပယ်ခွင့်လည်း မရှိပါဘူး။ မိဖုရားဆိုတာ ကိုယ့်အဆောင်ကူးလာတဲ့ မဟာရာဇာကို စိတ်လက်ချမ်းမြေ့ကြည်သာအောင် ပြုစုပေးဖို့နဲ့ မဟာရာဇာအလိုကျအတိုင်း နေပေးဖို့သာ တာဝန်ရှိပါတယ်"

မာဂဏ္ဍီ၏အကောက်ချိတ်မှာ သူမ ဝင်အချိတ်မခံ။ ဖြူစင်မှုပကာတိဖြင့် အေးဆေးစွာပြောဆိုရှင်းပြ၏။

"ထားပါတော့လေ။ သာ၀မာ့အဆောင်ကို ကျွန်မလာတာရော ကြည်ဖြူလိုလားနိုင်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ပြိန်ဖျင်းသော သမ္မပ္ပလာပစကားများအတွက် ရင်တွင်းမှ စိတ်ပျက်ခြင်း ကြီးစွာဖြစ်မိ၏။ သို့ရာတွင် လောကထဲ၌ နေထိုင်သူဖြစ်သည့်အားလျော်စွာ ယဉ်ကျေးမှုကို လက်ကိုင်ထားရဦးမည်။

မျက်ခုံးပင့် မျက်စဝင့်ပြီး မထိတရိပြောလာပုံက မခံချိမခံသာဖြစ်စရာ။ ဒါတွေကိုလည်း သည်းခံခွင့်လွှတ်နိုင်အောင် သူမ နှလုံးသားမှာ အားယူထား ရသည်။

"ဧည့်သည်ဆိုတာ မဖိတ်ဘဲနဲ့လဲ လာတတ်ပါတယ်။ ဖိတ်ပေမယ့်လဲ လာချင်မှလာတယ်။ လာတဲ့အတွက်ရော မလာတဲ့အတွက်ပါ ကိုယ့်မှာ ဘာခံစားမှုမှ မရှိပါဘူး။ အိမ်ရှင်ဝတ္တရား ကျေပွန်ဖို့သာ အလေးထားပါတယ်"

"ဒါဖြင့် သာမာ့နှလုံးသားဟာ ခံစားမှုမရှိတဲ့ ကျောက်ဖြစ်ရပ်ကြွင်းလား။ မဟာရာဇာ့အပေါ်မှာလည်း ဒီလိုပဲသဘောထားသလား"

မာဂဏ္ဍီ၏စကားများသည် တဖြည်းဖြည်း နယ်ကျွံလာပြီဟု ယူဆ၏။ ကောက်ကျစ်စဉ်းလဲစွာ ပစ်လွှတ်လာသောမြှားကို မိမိဘက်က မေတ္တာဒိုင်း ဖြင့်သာ ကွယ်ကာရန်ရှိပါ၏။

"မဟာရာဇာက ဧည့်သည်မှမဟုတ်ဘဲ။ သူက အိမ်ရှင်၊ အိမ်ဦးနတ်ဆိုလဲ မမှားပါဘူး။ သူ့အဆောင်ကိုသူလာတာ သူပိုင်ဆိုင်တဲ့ သူ့ကြင်ရာတော်ဆီ လာတာပဲ။ မာဂဏ္ဍီအနေနဲ့ အယူအဆရော စကားတွေပါ ရောထွေးပစ်လို့ မရပါဘူး"

မာဂဏ္ဍီ၏မျက်နှာ မသိမသာကွက်ခနဲ ပျက်သွားသည်ကို သတိထား မိပါ၏။ သို့သော် ပါးနပ်စွာ ချက်ချင်းပြုံးရွှင်ရယ်မောလိုက်သည်။

"သာမာက တကယ်စကားပြောတော်တယ်။ ဒါကြောင့်လဲ သာမာ့ကို မဟာရာဇာက အမြဲဦးစားပေးတာထင်ပါရဲ့"

မာဂဏ္ဍီ၏စကားက နက်ရှိုင်းလွန်းနေ၏။ အဓိပ္ပာယ်လည်း ကျယ်ဝန်း လှသည်။ ယူချင်သလိုယူနိုင်သော ပရိယာယ်စကားမျိုး။ မျက်နှာက ပြုံးမြမြ ရှိစေကာမူ မျက်လုံးကို ထွင်းဖောက်ပြီး နှလုံးသားတွင်းမှစိတ်ထားကို ကောင်းစွာ သိမြင်နိုင်ပေပြီ။ ဣဿာမစ္ဆရိယ ခြံရံထားသော ကိလေသာ တဏှာခိုးများ လျှံဝေနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက မဟာရာဇာနဲ့သက်ဆိုင်တဲ့ကိစ္စပါ။ ကိုယ့်အနေနဲ့ကတော့ မဟာရာဇာ့အပေါ်မေတ္တာထားသလို မာဂဏ္ဍီကိုလည်း မေတ္တာထားတယ်၊ ဝါသုလဒတ္တာအပေါ်လဲ ဒီအတိုင်းပဲ။ ကိုယ့်ဘက်က ဖြူစင်မွန်မြတ်တဲ့ မေတ္တာစေတနာထားရင် အဲဒီမေတ္တာစေတနာနဲ့တူမျှတဲ့ အကျိုးတော့ ခံစားရမှာပေါ့လေ"

"သာမာရဲ့ အတွေးအခေါ်ပညာလား"

"မဟုတ်ဘူး၊ ဗုဒ္ဓရဲ့အဆုံးအမတရား"

"ဘာ–ဗုဒ္ဓ–ဟုတ်လား"

အံ့ဩမှု၊ ခက်ထန်မှု၊ တင်းမာမှုများ မာဂဏ္ဍီ၏ မျက်နှာပေါ်မှာ လျှပ်စီးလက်သလို တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲသွား၏။

ဗုဒ္ဓဟူသောအသံကိုကြားရသူတိုင်း စိတ်နှလုံးပျော့ပျောင်းသွားကြရစမြဲဖြစ်ပါလျက် မာဂဏ္ဍီကျတော့ ဘာကြောင့်များ ခက်ထန်မာန်တင်းသွားရပါလိမ့်။ စဉ်းစား၍မရ။ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်ထင်သည်။

"ဗုဒ္ဓကို သာမာ ဘယ်မှာတွေ့ခဲ့သလဲ"

လှုပ်လှုပ်ရှားရှားဖြစ်သွားသောစိတ်ကို ပြန်လည်ထိန်းချုပ်ပြီး မေးလာသော်လည်း သိချင်သည့်ဆန္ဒ ပြင်းပြမှုအတိုင်းအဆကို သူမ ခန့်မှန်းမိပါ၏။

"ကောသမ္ဗီကို ဗုဒ္ဓကြွရောက်တော်မူပါတယ်။ ဒါပေမယ့် ဗုဒ္ဓရဲ့တရားတော်တွေကို ကိုယ်တိုင်မနာခဲ့ဖူးပါဘူး။ တစ်ဆင့်စကားနဲ့သာ နာကြားရပါတယ်"

ဗုဒ္ဓအကြောင်းပြောနေစဉ်မှာ မာဂဏ္ဍီသည် သူမအား ကျောပေးလျက်ဖြင့်နားထောင်၏။ မာဂဏ္ဍီမျက်နှာမူရာ နံရံ၌ လေသာပြတင်းပေါက် တစ်ပေါက်ရှိနေသည်။

"အဲဒီပြတင်းပေါက်က ဘာအတွက် ဖောက်ထားတာလဲ"

ဗုဒ္ဓအကြောင်းပြောနေရင်းမှ အဆက်အစပ်မရှိ ပြတင်းပေါက်ဆီသို့ ရောက်သွားပြန်သည်။ သူမ မာဂဏ္ဍီနှင့် ဆက်စကားပြောဖို့ စိတ်ကုန်သွား၏။ အကျိုးမဲ့စကား၊ ပြဿနာစကားများသာ ဖြစ်ချေသည်။

"ဘယ်လိုလဲ သာမာ၊ ဒီပြတင်းပေါက် ဘာလို့ ဖောက်ထားသလဲဆိုတာ မဖြေနိုင်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇာ့လေသံဖမ်းပြီး စစ်လားဆေးလား လုပ်လာသည်မှာ ခံပြင်းစရာကောင်းလှသည်။ သူမနေရာမှာ သာမန်အမျိုးသမီးတစ်ဦးသာဆိုပါက ပြဿနာတက်သွားနိုင်၏။ အတင့်ရဲစော်ကားလွန်းသော မာဂဏ္ဍီ၊ . . . ဘယ်သူ့ကိုမှ ထီမထင်သော မျက်နှာထားမျိုး။

“ဗုဒ္ဓကိုသွားဖူးတွေ့ဖို့ မလွယ်ဘူးလေ၊ ဒါကြောင့် ဗုဒ္ဓမြို့တွင်းဆွမ်းခံ အသွားအပြန် ဖူးတွေ့နိုင်အောင်လို့ အပေါက်ဖောက်ထားတာ . . . ”

လည်ဆယ်လိမ်ညာခြင်းမပြု။ မှန်သောစကားကိုသာဆို၏။ အရိယာအနွယ်ဝင်တို့မည်သည် သီလကို အသက်နှင့်လဲလှယ်ကာ လုံခြုံအောင်စောင့်ရှောက်တတ်၏။ မိမိအပေါ်၌ အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာမည်ဆိုစေကာမူ လိမ်လည်မုသားပြောမည်မဟုတ်။

“မဟာရာဇာသိရဲ့လား”

“မသိဘူး မာဂဏ္ဍီ၊ မကောင်းမှုအကုသိုလ်လုပ်တာမှ မဟုတ်ဘဲ”

“ဒါပေမယ့် မဗျိုမအမျိုးသမီးတွေရဲ့ ဓလေ့ထုံးတမ်းကို ချိုးဖောက်ထားတယ် မဟုတ်လား”

သူမ ဘာမျှဆက်မပြောတော့ပေ။

မာဂဏ္ဍီ သူမထံ ရောက်လာခြင်း၏ အကြောင်းရင်းကိုသိသွားပြီမို့ သူမ စကားဆက်ပြောဖို့ မလိုတော့ဟု ထင်သည်။

သူမကို ပြဿနာလုပ်ဖို့ မာဂဏ္ဍီအတွက် ခိုင်လုံသည့် အကြောင်းအချက်တစ်ခုကို ရသွားပြီပဲ။

မာဂဏ္ဍီ သူမကို နှုတ်မဆက်ဘဲ ထပြန်သွား၏။

သူမကလည်း ပြန်တော့မှာလား၊ နေပါဦးဟု လောကွတ်ပျူငှာမပြု။

နှစ်ဦးသားခွဲခွာခြင်း၌ တိတ်ဆိတ်နေ၏။

တိတ်ဆိတ်ခြင်း၏ နောက်ကွယ်၌ . . .။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကြောက်ရွံ့တုန်လှုပ်ခြင်းကင်းမဲ့စွာ မဟာရာဇာကို တည့်တည့် ရင်ဆိုင်လိုက်၏။ မဟာရာဇာ၏ မေးခွန်းကြောင့် သူမ စိတ်လှုပ်ရှားခြင်းမရှိကြောင်း သူမ၏ကြည်လင်သော မျက်နှာပြင်ပေါ်မှ အပြုံးများက ထင်ရှားပေါ်လွင်စေ၏။

"မောင်တော် ဘာမေးလိုက်ထယ်ဆိုတာ ထပ်ပြီးမိန့်တော်မူပါအုံး"

ဘယ်သောအခါမဆို ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်သော၊ ထီးဟန် နန်းဟန် ကြွင်းဟန်နှင့် နေတတ်ထိုင်တတ်သော သူမအား မဟာရာဇာ လေးစားစုံမက်ကြောင်း ကောင်းစွာသိပါ၏။ သူမနှင့်ဆက်ဆံရာတွင် အမိန့်အာဏာကို ဘယ်တော့မျှမသုံးခဲ့။ သူမအပေါ် မဟာရာဇာ အထူးသိမ်မွေ့နူးညံ့မှုရှိသည်ကိုလည်း သတိထားမိခဲ့ပြီးဖြစ်ပါ၏။

"နှမတော်ရဲ့ အဆောင်နံရံမှာ ထူးထူးခြားခြား အပေါက်ဖောက်ထားတာ တွေ့လို့ မေးမိတာပါဗျာ"

မဟာရာဇာသည် ဘာမျှမဖြစ်သလို ရယ်မောပြောဆိုနေသော်လည်း "ရွှေသမင်ဘယ်ကထွက်–မင်းကြီးတာက ထွက်" ဆိုသည့်စကားလို ထို မေးခွန်း၏ မြစ်ဖျားခံရာအရပ်ကိုလည်း သူမ သိပြီးသား။

"နှမတော် လိမ်ညာမှုသား မပြောကြားတတ်ဘူးဆိုတာ မောင်တော် ယုံကြည်ပါသလား"

"ယုံပါတယ်ဗျာ–မောင်တော့်မိဖုရားကြီး ဖြစ်တဲ့နေ့ကစပြီး ယနေ့တိုင် နှမတော်ဟာ အမှန်တရားနဲ့ အမှန်စကားကိုသာ ဆိုတတ်လို့ မောင်တော် ဘယ်လောက် မြတ်နိုးလေးစားတယ်ဆိုတာ နှမတော်အသိပဲလေ"

"ဒီလိုဆိုရင်တော့ နှမတော်အကြောင်းစုံ လျှောက်ပြပါမယ် မောင်တော်"

ဒေါ်ခုဗ္ဗုတ္တရာ နေ့စဉ်ပန်းဝယ်ဆက်နေရာမှ ပန်းသည် ဒေါ်သုမနအိမ်တွင် ဗုဒ္ဓကိုဖူးတွေ့ပြီး တရားတော်နာယူခဲ့ရကြောင်း၊ ဒေါ်ခုဗ္ဗုတ္တရာထံမှ တစ်ဆင့် ဗုဒ္ဓ၏ တရားကို သူမ နာကြားရသဖြင့် ဗုဒ္ဓအား ဖူးတွေ့လိုခဲ့ကြောင်း . . . ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် – နှမတော်တို့မှာ အပြင်ထွက်ခွင့်မရတော့ ဗုဒ္ဓကိုဖူးတွေ့ဖို့ ဒီနည်းလမ်းတစ်ခုသာ ရှိပါတယ်မောင်တော်၊ မရှိမစလေ့က အမျိုးသမီးတွေ အိပ်တွင်းပုန်းရမယ်၊ ပြင်ပနဲ့ ကူးလူးဆက်ဆံခွင့်မရှိဘူး၊ ဒါပေမယ့် ပြတင်းပေါက် ဖောက်တာဟာ ပြင်ပလူတွေနဲ့ ကူးလူးဆက်ဆံဖို့မဟုတ်ဘဲ ဗုဒ္ဓကိုဖူးတွေ့ချင်တာ သက်သက်ဖြစ်လို့တစ်ကြောင်း၊ ပြီးတော့–မောင်တော် ချမှတ်ထားတဲ့ ကောသမ္ဗီရဲ့ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေနဲ့ မငြိစွန်းတာက တစ်ကြောင်းကြောင့် ဒီအပေါက်ကို နှမတော် ဖောက်မိပါတယ်"

အချက်အလက်တွေ ခိုင်မာစွာ တင်ပြသွားသော သူမ၏ အဖြေစကားကြောင့် မဟာရာဇာ ပြုံးလျက်နေသည်။

"နှမတော်ကို မောင်တော် လေးစားမြတ်နိုးတာ အဲဒီအချက်ပဲ၊ အမှန်ကို ဝန်ခံရဲတဲ့သတ္တိရှိတယ်။ တည်ကြည်ဖြောင့်မတ်တယ်၊ စိတ်ထားမြင့်မြတ်တယ်။ အမျိုးသမီးတိုင်းမှာ မရှိနိုင်တဲ့ အရည်အချင်းတွေ . . . "

မဟာရာဇာ ဆက်ပြောလာမည့်စကားကိုသာ မျက်လွှာချကာ နားထောင်နေမိသည်။ စိတ်ကြမ်း ကိုယ်ကြမ်းရှိသည် ဆိုသော်လည်း တကယ်တမ်းမှာတော့ မဟာရာဇာသည် စိတ်ဖြောင့်စိတ်ကိုတတ်သူသာ ဖြစ်၏။ အမှန်တရားကို လိုလားမြတ်နိုးတတ်သူလည်း ဖြစ်ပါ၏။

"ဗုဒ္ဓကို တကယ်ကြည်ညိုဖူးတွေ့ချင်သလား နှမတော်"

အသံပြောင်းလဲပြန်သောကြောင့် မဟာရာဇာမျက်နှာကို မော့ကြည့်ဖြစ်၏။ စောစောက ပြုံးနေရာမှ ယခုတည်သွားပြန်သည်။ ဘယ်လိုသဘောထားဟု ခန့်မှန်းမရ။ အမေးရှိလာတော့ အဖြေရှိရမည်မှာ သူမ၏တာဝန်။

"တကယ်ကြည်ညိုတာမို့ တကယ်ဖူးတွေ့ချင်ပါတယ် မောင်တော်"

တည်သော မဟာရာဇာမျက်နှာသည် ထန်လာပါ၏။

သူမ၏စကားမှာ အမှားမပါဟုတော့ မိမိဘာသာ ယုံကြည်မိလေသည်။

"ဗုဒ္ဓအပေါ် သက်ဝင်ကြည်ညိုသူတွေကို သေဒဏ်ပေးမယ်ဆိုရင်ကော"

ရင်ထဲ၌ ဟာခနဲဖြစ်သွား၏။ မဟာရာဇာ၏ အသိဉာဏ်တွေ မှိုင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ခံရပြီလား။ မာဂဏ္ဍီ၏ ပယောဂ ဝင်ပူးလေပြီလား။ နှလုံးသားက တဆတ်ဆတ်တုန်လာ၏။ စိုးရိမ်ကြောက်ရွံ့သောကြောင့်မဟုတ်။ ဗုဒ္ဓနှင့် ပတ်သက်ပြီး မဟာရာဇာ အမြင်မှားနေပြီပဲဟု အကုသိုလ်အပြစ် ကြီးလေးတော့မည့် မဟာရာဇာအတွက် စိတ်မချမ်းမြေ့ခြင်းကြီးစွာ ဖြစ်မိသောကြောင့် ပါတည်း။

"ပြောလေ နှမတော်၊ သေဒဏ်အပြစ်ကို ခံဝံ့သလား"

သူမ အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်၏။ မေတ္တာ၏အားသစ်များ သူမ၏နှလုံးသားမှတစ်ဆင့် တစ်ကိုယ်လုံးပျံ့နှံ့နေပြီ။

"ဗုဒ္ဓကို ကြည်ညိုမိလို့ သတ်မယ်ဆိုရင် အသေခံရဲပါတယ်မောင်တော်၊ ဘာသာ၊ :အယူဝါဒခံယူချက်ကို အသက်နဲ့ လဲလှယ်ဝံ့ပါတယ်။ အသက်နဲ့ လဲပြီး ကြည်ညိုရလို့လဲ လူကိုသတ်လို့ ရချင်ရမယ်၊ နှမတော်ရဲ့ ကောင်းမှုကုသိုလ်ကံကို သတ်လို့မရဘူး။ ဗုဒ္ဓကို အသက်ပေးကြည်ညိုရတဲ့ အကျိုးဟာ နှမတော်ရဲ့ သံသရာတစ်လျှောက်မှာ အမြင့်မြတ်ဆုံးမှတ်တမ်း ဖြစ်သွားမှာ ပါပဲ"

သူမ၏ရဲရဲတောက်စကားကြောင့် မဟာရာဇာ၏ ထန်နေသောမျက်နှာသည် တဖြည်းဖြည်း ပြန်ပြုံးလာ၏။ သည်တော့မှ ရာဇပရိယာယ်ကို သူမ ကောင်းစွာ သဘောပေါက်သွားရပါလေ၏။

"ထပ်ဆင့်တိုးပြီး လေးစားရပါတယ် နှမတော်၊ မောင်တော် ဆုချီးမြှင့်တော်မူမယ်"

မဟာရာဇာက ဆုချီးမြှင့်မည်ဟု အားပါးတရပြောသွားပြီး ဘာမျှမကြာ။ သူမတို့၏ အဆောင်နံရံများတွင် ကောင်းမွန်သေသပ်သည့် လေသာပြတင်းပေါက်ကြီးများဖြင့် လှပခံ့ညားသွားရလေသည်။

စေတနာမှန်သည့် ကံတရား။

အရှုံးအနိုင်စကားနှင့်ပြောသော် သည်တစ်ချီတွင် မာဂဏ္ဍီရှုံးပြီး သူမနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအား အလဲထိုးလိုသည့် မာဂဏ္ဍီ၏ပွဲစဉ်ကား ပြီးပြတ်မည် မဟုတ်သေး။

ဒါကိုပင် သူမ နားမလည်နိုင်အောင်ရှိနေရှာသည်။

× × ×

"သခင်မလေး ကြားပြီးပြီလားဟင်"

"ဘာကိုကြားရမှာလဲ သုဇာရဲ့၊ ညည်းဟာက အရင်းမရှိ အဖျားမရှိ ..."

"ဆန္ဒစောသွားလို့ပါ သခင်မလေးရယ်၊ ဟို–သခင်မလေးရဲ့ အချစ်တော်လေ . . ."

"လာပြန်ပြီ၊ သခင်မအချစ်တော်က ဘယ်သူတုံး၊ သခင်မလဲ မသိပါလား"

"သခင်မလေးကလဲနော်–ဘယ်သူရှိရဦးမှာလဲ၊ မာဂဏ္ဍီပေါ့"

"မာဂဏ္ဍီ ဘာဖြစ်လို့လဲ"

"မြို့တွင်းမှာ ဆွမ်းခံကြွနေတုန်း ဗုဒ္ဓကို မာဂဏ္ဍီက လိုက်ဆဲခိုင်းသတဲ့"

"ဟင်"

မျက်လုံးများ ပြာဝေမိုက်မှောင်သွားသလား ထင်ရ၏။ "ဗုဒ္ဓကို လိုက်ဆဲခိုင်းသတဲ့" ဟူသည့်စကားက နှလုံးသွေးခေါင်ခေါင် ,ပစ်ချလိုက်သည့် မိုးကြိုးသံအလား။

ယုတ်မာညစ်ညမ်းမှုအရာမှာ ကမ်းကုန်ပါရှာလား မာဂဏ္ဍီ။

"ဗုဒ္ဓကို ဘာလို့များ အငြိုးတကြီး ရှိနေရပါလိမ့်နော်"

သူမဘာသာ ညည်းညူမိ၏။

"အဲဒီအကြောင်းလား၊ ကျွန်မသိပါတယ် သခင်မလေး"

မုဒြာ်က စကားဝင်ထောက်သောကြောင့် မုဒြာထံ သူမ အကြည့်ရောက်၏။

"ဆိုစမ်းပါဦး၊ ညည်းက သိလှချည်လား"

"မာဂဏ္ဍီတို့နယ်မှာ ကျွန်မတို့ ဆွေမျိုးရှိတယ် သခင်မလေး၊ သူတို့ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြတာ၊ မာဂဏ္ဍီကို ချောလွန်း လှပလွန်းလို့ တော်ရုံယောကျ်ားနဲ့ မတန်ဘူး ဆိုပြီး သူ့မိဘများက ဗုဒ္ဓနဲ့သွားစပ်သတဲ့၊ အဲဒီမှာ ဗုဒ္ဓက ကျင်ကြီး ကျင်ငယ် တွေနဲ့ ပြည့်နေတဲ့ မာဂဏ္ဍီအပုပ်ကောင်ကို ယူဖို့မပြောနဲ့ ခြေနဲ့တောင် မတို့ထိ ဘူးလို့ ပြောလိုက်သတဲ့၊ ဒါ့ကြောင့် မာဂဏ္ဍီ ဗုဒ္ဓကို မုန်းတီးနာကြည်းနေတာ"

"ဩော်"

မုဒြာပြောပြချက်ကို ဩော်တစ်လုံးတည်းသာ ညည်းတွားမိတော့၏။

ဖြစ်မှဖြစ်ရလေ မာဂဏ္ဍီရယ်။

၁၅၀၀ ကိလေသာတို့မှ အဝေးကြီးဝေးကွာအောင် ပြေးခွာရှောင်တော်မူခဲ့ သော၊ ဝါသနာဓလေ့ အထုံအငွေ့နှင့်တကွ ကိလေသာ ဟူသမျှတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ပယ်သတ်တော်မူပြီးသော ဗုဒ္ဓ မြတ်စွာကိုမှ . . . ။

ဖြစ်မှဖြစ်ရလေ။

ထပ်၍တစ်ဖန် ညည်းညူမိပြန်၏။

"နောက်ထပ် ဘာတွေများ ဖြစ်သွားကြသေးလဲ သုဓာ"

"ဘာမှတော့ မဖြစ်ပါဘူး သခင်မလေး၊ ဗုဒ္ဓက ဂရုတောင် မစိုက်ဘူးတဲ့၊ နောက်တော့ ဘယ်သူ့လက်ချက်ဆိုတာ လူတွေရိပ်မိပြီး သူ့ကိုပဲ ဝိုင်းမုန်းကြ တာပေါ့"

သုဓာနှင့်မုဒြာတို့အဖွဲ့မှာ မာဂဏ္ဍီကို မုန်းတီးနေကြသူများပီပီ မျက်နှာ ထားများ မဲ့ကာရွဲ့ကာ ရှိနေကြ၏။

"အေးကွယ်–ဗုဒ္ဓကိုတောင်စော်ကားရဲတဲ့ အကုသိုလ်ကံက သေးတာ မဟုတ်ဘူး။ သူ့အတွက် ရင်လေးစရာပဲ"

ရန်ငြိုးဖွဲ့သိုတတ်သော၊ ကလဲ့စားချေလိုသော မာဂဏ္ဍီ၏စိတ်သည် အမုန်ပင် ကြောက်စရာကောင်းလှသည်။ ကြောက်စရာကောင်းသည်နှင့်အမျှ တစ်ဖက်ကလည်း သနားစဖွယ်ဖြစ်နေ၏။ သူ့ အကုသိုလ်ကံစေတနာနှင့် တူသော အကျိုးကိုသာ သူ ခံစားရပေတော့မည်။

ခက်သည်က လောဘ ဒေါသ မောဟ မာန ဣဿာမစ္ဆရိယ စသော

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်စိတ်များ မွေးမြူသိုလှောင်ထားသည့် ခန္ဓာကိုယ်မှာ မာဂဏ္ဍီ ဖြစ်သည်ဟု အစိပ္ပာယ်ဖွင့်ဆိုရမည့် အခြေအနေ။

သူမအတွက်ကတော့ဖြင့် ကံသာလျှင် အကြောင်းဖြစ်တော့သည်ဟု ကမ္မသကာချမိသည့်တိုင် မာဂဏ္ဍီကမူ သူ့မူဝါဒကို ပြောင်းလဲကျင့်သုံးခြင်း မရှိ။ တစ်မျိုးပြီးတစ်မျိုး တိုးပြီးတိုးကာ ဆိုးပြီးတော့သာ ဆိုးလာ၏။

ဗုဒ္ဓကို မနိုင်သောအခါ ဗုဒ္ဓအပေါ် ကြည်ညိုသဒ္ဓါပိုသော သူမအား အပိုင်ကိုင်လာ၏။ မာဂဏ္ဍီ၏ မြားဦးသည် သူမဆီသို့ တည့်တည့်ချိန်ရွယ် လာခဲ့ပြီ။ ပြုသူအသစ်၊ ဖြစ်သူအဟောင်းဟူ၍သာ ယောနိသော ထားရပေတော့ မည်။ သံသရာမှ ဝဋ်ကြွေးကျန်ခဲ့သေးလျှင်လည်း ပြုသမျှခံလိုက်ရုံသာရှိပါ၏။ ဤဘဝ ဤမျှဖြင့် ဝဋ်ကြွေးကုန်အောင် ပေးဆပ်ပြီးပြတ်စေချင်ပြီ။ တုံ့လှည့် တုံ့စားတော့ မလိုချင်။

ဗုဒ္ဓကိုပြသနာလုပ်ပြီး ဘာမျှမကြာ။ မာဂဏ္ဍီ တစ်မျိုးထွင်ပြန်၏။

သူမတို့ထံ မင်းမှုထမ်းတစ်ဦး ကြက်အရှင်များ ယူလာ၏။

သာမာဝတီကိုယ်တိုင်သတ်ပြီး မဟာရာဇာပွဲတော်တည်ရန် ဟင်းချက် ပေးရမည်ဟု ဆိုသည်။

ထို အမိန့်နှင့် အာဏာကို မည်သူငြင်းပယ်ဝံ့ပါသနည်း။

သူမအတွက်ကတော့ဖြင့် မင်းအမိန့်အာဏာထက် ဗုဒ္ဓ၏အဆုံးအမကို ခံယူဖို့ ပိုပြီးအလေးထားသည်ပဲ။

သူတစ်ပါးအသက်ကိုသတ်ဖို့ စိတ်ကူထဲပင် မထည့်။

မိမိအသက်ကို အသေခံမည်သာဖြစ်၏။

သို့ကြောင့် မဟာရာဇာ၏စေခိုင်းချက်ကို ရဲဝံ့ပြတ်သားစွာ ငြင်းပယ် လိုက်သည်။

ဤအကြိမ်မှာတော့ ဗုဒ္ဓအတွက် ဆွမ်းဟင်းလျာချက်ရန်ဟုဆိုသည်။

ပုံသုကျူအသားမို့ လက်ခံထားခဲ့ကာ ဗုဒ္ဓအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်းဟင်းချက်ပြုတ် လှူဒါန်းလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့မအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်ကို လက်ခံပြီး မလုပ်သင့်သည်ကို ငြင်းပယ်တာကလွဲ၍ ဘာဘာညာညာ မတွေးတော မစဉ်းစားမိ။

သူ့ဇာနှင့် မုဒြာတာသာ ဖြစ်ရပ်ဆန်းကြယ်သည်ဟု စုံစမ်းထောက်လှမ်းရေးထွက်ကြ၏။

နောက်ဆုံးရလာသည့်သတင်းအရ မာဂဏ္ဍီလက်ချက်ဖြစ်နေသည်။

မဟာရာဇာထက် ဗုဒ္ဓကို ပိုအလေးထားသောကြောင့် မဟာရာဇာအတွက်တုန်းက ငြင်းပယ်ပြီး ဗုဒ္ဓအတွက်ကျတော့မှ လက်ခံဆောင်ရွက်သည်ဟူသော ပိသုဏာဝါစာအမှု ပြုလုပ်ခဲ့သည်။

ပဋ္ဌက်သီလလုံခြုံစွာ သူ့မ စောင့်ထိန်းသည်ကို သိသဖြင့် မဟာရာဇာအတွက်မှာ လက်မခံအောင် ကြက်အရှင်ပို့ပြီး ဗုဒ္ဓအတွက်လက်ခံအောင် ကြက်အသေပို့သည်မှာလည်း မာဂဏ္ဍီ၏လှည့်ကွက်။ မဟာရာဇာမသိအောင် တိတ်တဆိတ် ဆောင်ရွက်ခဲ့သော မာဂဏ္ဍီ၏အကောက်ဉာဏ်။

သူ့မမှာတော့ ကျားနှင့်ဆင်ကို ရင်ဆိုင်တိုးသည့် သားသမင်ပမာနှယ်ရှိချေသည်။

× × ×

စင်ကြယ်သောနှလုံးသားပေါ်၌ တည်ရှိသည့်အကျင့်သည် မေတ္တာဖြစ်၏။

**မေတ္တာအစစ်၏ အနှစ်သာရကို ရှာဖွေတွေ့ရှိသောအခါ ချစ်ခင်မှု၊ သနား ကြင်နာမှု၊ ထောက်ထားညှာတာမှု၊ သဘောထားကြီးမှု၊ အနစ်နာခံမှု၊ စွန့်လွှတ်မှုတို့သည် တိုးတက်လာပြီး ကိုယ်ကျင့်သိက္ခာလည်း မြင့်သထက်မြင့်၍ မြတ်သထက်မြတ်လာ၏။**

မေတ္တာကိုကျင့်သုံးခြင်းဖြင့် တပ်မက်မှုတဏှာ၊ ထောင်လွှားမောက်ကြွားမှုမာန၊ အယူအဆမှားယွင်းမှု ဒိဋ္ဌိဟူသော ပပဉ္စတရားများလည်း ပါးသထက်ပါးလျက် တဖြည်းဖြည်း မှေးမှိန်ကွယ်ပျောက်သွားနိုင်၏။

မေတ္တာ ကရုဏာ အစာနာတရား ကိန်းဝပ်နေသော နှလုံးသားရှိသူသည် အစဉ်သဖြင့် တည်ကြည်ငြိမ်သက်သောစိတ်ဖြင့် အေးငြိမ်းချမ်းသာစွာနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အရာရာတွင် ပပဉ္စမျက်လုံးဖြင့်မြင်၍ လောဘ ဒေါသ မာန ဣဿာ မစ္ဆရိယ တို့ဖြင့် ကောက်ကျစ်စဉ်းလဲယုတ်မာသူတို့သည် ယင်းတို့၏ စေတနာနှင့် ထိုက်တန်စွာ ကိုယ်စိတ်ဆင်းရဲခြင်းသာ ခံစားရပေလိမ့်မည်။ ဤသည်ကား ဓမ္မ၏နိယာမတရား ဖြစ်ပါ၏။

**မြင့်မြတ်သူတို့သည် သူတစ်ပါးလက်ရှိအခြေအနေမှ ရွေ့လျော နိမ့်ကျသွားမည်ကို စိုးရိမ်ပူပန်၏။ မိမိထက်သာသွားသည်ကို ကြည်နူး ဝမ်းမြောက်၏။**

**ယုတ်ညံ့သူတို့ကား သူတစ်ပါး မိမိထက်သာသွားမည်ကို စိုးရိမ် ပူပန်၏။ မိမိထက် ယုတ်လျော့နိမ့်ကျသွားသည်ကို ကျေနပ်ဝမ်းသာ၏။ နာလို၍ ဆိတ်နိုင်၏။**

**ဤသည်မှာ မြင့်မြတ်သူနှင့် ယုတ်ညံ့သူတို့ လူ့ဘဝရလာတာချင်း အတူတူ ဘဝခရီးလျှောက်လှမ်းရာတွင် မျက်နှာမူဦးတည်ချက်ချင်း ကွာခြားကြသည်ကို ဖော်ပြ၏။**

စိတ်၏ပင်ကိုသဘာဝသည် ဖွေးလက်ဖြူဆွတ်နေ၏။ လူတို့သည် အခါခပ်သိမ်း စိတ်နေစိတ်ထား ဖြူစင်မွန်မြတ်သင့်ပါလျက် အချို့သူတို့ ရံခါ ကောက်ကျစ်စဉ်းလဲ တတ်ကြခြင်းမှာ အတ္တလွှမ်းမိုးမှုကြောင့် ဖြစ်၏။

**အတ္တကြီးမားလာသောအခါ အမှန်ကို အမှားမြင်၍ အမှားကို အမှန်ထင်၏။ အကောင်းကို မကောင်းမြင်၍ မကောင်းကို အကောင်း ထင်၏။ မိတ်ဆွေကို ရန်သူလိုမြင်၍ ရန်သူကို မိတ်ဆွေလိုထင်၏။ ဤသို့ ထင်မြင်ခြင်းသည် ပျက်စီးရန် ရှေ့ပြေးနိမိတ်ပင်ဖြစ်လေ၏။**

ဒေါ်ခုဇ္ဇုတ္တရာထံမှတစ်ဆင့် ဗုဒ္ဓ၏ဓမ္မတရားတော်ကို မပြတ်မလပ်နာယူ ရသဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ အရည်အသွေးများ ကို ပိုမိုတောက်ပြောင်အောင် အရောင်တင်နိုင်လာ၏။

ရတနာသုံးပါးဆည်းကပ်မှုကို အချိန်များစွာပေးထားသောကြောင့် မဟာ ရာဇာသည် သူမထံအလာကျဲ၍ မာဂဏ္ဍီ၏ အချော့အမြှူအောက်မှာ တမ်းတမ်း စွဲဖြစ်လာ၏။ ထို့အတွက် သူမ မနာလိုဝန်တိုမှုမဖြစ်။ ကာမထက် ဓမ္မကိုနှလုံး

www.burmeseclassic.com

www.burmeseclassic.com



သွင်းဖို့ အချိန်ပိုရသဖြင့် မာဂရက်ကိုပင် ကျေးဇူးတင်မိသေး၏။ အချိန်တိုင်းမှာ မဟာရာဇာ မာဂရက်ဆီ ပျော်မွေ့နိုင်လျှင် သူမ ပိုမိုဝမ်းသာကျေနပ်မည် အမှန်ပင်ဖြစ်ပါ၏။

သို့ရာတွင်မူ–

အလာကျဲနေသော မဟာရာဇာ ရုတ်တရက်ရောက်လာသောကြောင့် အံ့သြစွာ ခရီးဦးကြိုပြုလိုက်ရသည်။ ပို၍ထူးခြားသည်မှာ မာဂရက်လည်း အတူပါလာ၏။

ဒေါ်ခုဇ္ဇုတ္တရာဦးဆောင်သော တရားဆွေးနွေးပွဲကို အရေးပေါ်ရုပ်သိမ်းလိုက်ပြီး အခန်းတွင်းမှ အလျှိုအလျှိုထွက်ခွာသွားကြကုန်၏။ သို့ပေမယ့် မာဂရက် ရောက်လာလျှင် ပြဿနာပါတတ်စမြဲမို့ ဒေါ်ခုဇ္ဇုတ္တရာနှင့်သုဇာ၊ မုဒြာတို့ကမူ ကိုယ်ရောင်ဖျောက်ကာ သူမနှင့်အနီးဆုံးနေရာမှာပင် ရှိနေကြလိမ့်မည်။ သူတို့၏သခင်မလေးအတွက် အထူးစိုးရိမ်ကြောင့်ကြသူများ ဖြစ်ကြ၏။

မဟာရာဇာသည် သွားလေရာဆောင်တတ်သည့် သူ၏ဟတ္ထိကန္တစောင်းကို သလွန်ညောင်စောင်းခေါင်းရင်းဘက်မှ စင်ပေါ်သို့လှမ်းတင်လိုက်ပြီး သလွန်ညောင်စောင်းမှာထိုင်သည်။ မဟာရာဇာအနီးတွင် သူမက ခပ်ယို့ယို့အမူအရာဖြင့် ရှိသေလေးစားခြင်း သက္ကစ္စဂါရဝဖြင့် ဝင်ထိုင်၏။

မာဂရက်ကမူ ပြတင်းပေါက်နားသွားပြီး ခန်းဆီးစကလေးတွေကို ကိုင်လိုက်၊ သလွန်ညောင်စောင်းနား လာလိုက်၊ စောင်းကိုကိုင်ကြည့်နေသလို လုပ်လိုက်ဖြင့် ဂနာမငြိမ်နိုင်ဘဲ လူးလာခေါက်ပြန်ရှိနေ၏။

တကယ်မှာ မဟာရာဇာ အဆောင်ကူးလာသည်ကို ဘယ်မိဖုရားမျှ မျက်နှာပြောင်တိုက် လိုက်ပံ့ရိုးထုံးစံမရှိ။ မာဂရက် နေရာတကာ စွက်ဖက်ပါဝင်နေပြီဆိုသည့် နိမိတ်လက္ခဏာဖြစ်ကြောင်း တဖြည်းဖြည်း သရုပ်ပေါ်လာသည်။ ဘယ်လိုအဓိပ္ပာယ်ဖြင့် မဟာရာဇာနှင့်အတူပါလာရသည်ကို မဝေခွဲနိုင်သော်လည်း သတိတော့ကြီးကြီးထားရမည်ဟု အသိဝင်၏။

ဘာပဲဖြစ်ဖြစ် သူမအတွက်တာမှာတော့ မေတ္တာအင်အားသာလျှင် အဓိကထားရပေမည်။ မိမိအသက်ကိုသေစေရန် ရန်ပြုလာသူပင်ဖြစ်စေကာမူ

www.burmeseclassic.com

www.burmeseclassic.com



မိမိဘက်က မေတ္တာမပျက်သည်းခံခွင့်လွှတ်စိတ် မွေးနိုင်ရမည်။ ဒါ . . ဗုဒ္ဓ၏ အဆုံးအမ စကားပေပဲ။

"တိုင်းရေးပြည်ရာ အလုပ်တွေများလို့ နမတော်ဆီ မရောက်နိုင်တာကြာပါပေါ့။ မောင်တော့်အပေါ် ရွှေစိတ်တော်ညိုနေပြီလား"

မာဂဏ္ဍီရှိနေသည်ဟုပင် သဘောမထားလေဟန် မဟာရာဇာသည် သူပြောချင်ရာကိုသာဆို၏။ အမျက်ဖြေနှုတ်ခွန်းဆက်စကားလည်းဖြစ်ပါ၏။ မုသားစကားဟုလည်း ဆိုနိုင်ပါ၏။ သူမ၏အထောက်တော်များဖြစ်ကြသည့် သုဓာနှင့်မုဒြာတို့ သတင်းပေးချက်အရ တစ်ချိန်လုံး မာဂဏ္ဍီဆီရောက်နေတာ သူမ သိသည်ပဲ။

"သခင်မလေးရေ့-ကွယ်မေ့၊ တွေ့-သေအောင်လွမ်းဆိုတဲ့စကားဟာ ယောကျ်ားတွေအတွက်ထားတာ သိလား။ ဇနီးမယားနောက်ကွယ်မှာ နေချင်သလိုနေ-ပွေချင်သလိုပွေပြီး ပြန်ရောက်လာတဲ့အခါ ပလီပလာ ကလီကစာတွေ လုပ်ပါရော။ အင်မတန်မာယာများတဲ့ မုသားစကားတွေ. . ."

ယောကျ်ားမုန်းတီးရေးဝါဒလက်ကိုင်ထားသော အပျိုကြီးမဲသုဓာ၏ ဆိုစကားကို နားထဲမှာ ပြန်လည်ကြားယောင်ကာ ပြုံးမိရပါ၏။

"မောင်တော့်အပေါ် ဘယ်တုန်းကမှ ရွှေစိတ်တော် မညိုဖူးပါဘူး။ မိဖုရားကြီးရဲ့ နေရာမှာနေရတာမို့ သဘောထားလဲကြီးရမယ်မဟုတ်လား မောင်တော်။ မဟာရာဇာ စိတ်ကြည်သာချမ်းမြေ့မှ တိုင်းပြည်နိုင်ငံ စည်ပင်တိုးတက်အောင်အုပ်ချုပ်နိုင်မှာမို့ မောင်တော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရှိစေဖို့ အစဉ်မေတ္တာပို့ပါတယ်ဘုရား"

"ကောင်းလေစွ . . . ကောင်းလေစွ နမတော်၊ မိဖုရားကြီးအရာနဲ့ ထိုက်တန်လှပါပေတယ်"

"ရှူး"

"အမယ်လေး . . . မြွေကြီး . . မြွေ . . မြွေ . . . "

မာဂဏ္ဍီ၏ စူးစူးဝါးဝါးအော်ဟစ်သံ။

ပြုန်းခနဲထရပ်ပြီး ထိတ်လန့်အံ့ဩသွားသော မဟာရာဇာ။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းသို့ ပြေးဝင်လာကြသော မင်းချင်းများ။

ပြီးတော့–

သုဓာ၊ မုဒြာ၊ ဒေါ်စုဗ္ဗုတ္တရာနှင့် သူမ၏ရံရွေတော်များ။

မင်းချင်းများ၏ လက်ချက်ဖြင့် မြွေကတော့ ဇီဝိန်ချုပ်ငြိမ်း ဇာတ်သိမ်းသွားရှာပြီ။

"အိပ်မက်မကောင်းလို့ အတန်တန်တားခဲ့ပါလျက်နဲ့ . . . မောင်တော်ရယ်။ မသေကောင်း မပျောက်ကောင်း၊ နမတော်လိုက်ခဲ့ပေလို့သာပဲ၊ ဆန်ကောလောက်မှ ဇောက်မနက်–အကြံပက်စက်လိုက်တဲ့ သာမာဝတီ။ မောင်တော့်အသက်ကို လုပ်ကြံဖို့အထိတောင် ရည်ရွယ်သတဲ့လား။ လုပ်ရက်ပါပေ့"

လက်ညှိုးတငေါက်ငေါက်ထိုးပြီး စူးစူးရှရှ ဆတ်ဆတ်ခါ ရန်တွေ့စကားပြောလာသော မာဂဏ္ဍီအား အံ့သြစိတ်မပြေယ်နိုင်ဘဲ သူမ မျက်လုံးအကြောင်သားဖြင့် ငေးမောနေမိ၏။

နှုတ်ခမ်းနှစ်လွှာမှာ ဖွင့်ဟပြေရှင်း၍ မရနိုင်အောင် စေးကပ်ဆွံ့အနေသည်။

တိုက်ဆိုင်မှုလား . . . ၊ လုပ်ကြံမှုလား . . . ၊ အသိစိတ်တွင်း၌ အပြေးအလွှားအဖြေရှာ၏။

မဟာရာဇာနှင့်အတူ အမူအရာဂနာမငြိမ်သော . . .

ရုပ်ချောသလောက် သဘောယုတ်ညံ့သော . . .

မာဂဏ္ဍီ၏လက်ချက်ဖြစ်ဖို့သာ အလားအလာပိုများနေ၏။ မာဂဏ္ဍီ၏လုပ်ကြံမှုမှတစ်ပါး အခြား ဖြစ်နိုင်ဖွယ်မရှိ။

သူမထံကျရောက်လာသော မဟာရာဇာ၏ ဒေါသခိုးလျှံနေသည့် အကြည့်မှာ နဂါးငွေ့သာဆိုပါလျှင် ပြာကျလောက်ပေပြီ။

အချစ်တော်မဝင်နိုင်တော့အောင် အပြစ်တော်မြင်လေပြီထင့်။

ခက်ထန်မာန်ဖီသောဒေါသနှင့် တင်းမာနီးမြန်းနေသောမျက်နှာ။

ထို့မျှမက။

www.burmeseclassic.com

www.burmeseclassic.com



မြွေဟု မာဂဏ္ဍီ၏အော်သံကြားသည်နှင့် လှည့်အကြည့်–ပါးပျဉ်ထောင်နေသော မြွေကိုမြင်အတွေ့၊ ခုန်ထွက်ကာပြေးလေသောကြောင့် သူမဆီမှ အလှမ်းကွာသွားသော မဟာရာဇာ၊ သူ၏လက်တွင် သူမ၏ နှလုံးသားတည့်တည့်သို့ ချိန်ရွယ်ထားသော လေးနှင့်မြား။

လေးမြားကိုအားသန်သလောက် လက်ဖြောင့်သော မဟာရာဇာ၏ အန္တရာယ်စက်ကွင်းမှ တိမ်းရှောင်ဖို့မလွယ်။ သူမအား မြတ်နိုးလှပါသည်ဆိုသော ချစ်သူ၏လက်ချက်ဖြင့်သာလျှင် သေပွဲဝင်ရန်ရှိတော့၏။

သူမ၏အသက်ကို ကာကွယ်လျက် အသေခံပေးရန် ရှေ့သို့တက်လာသော ဒေါ်ခုဇ္ဇုတ္တရာအားတားမြစ်ကာ ဘေးသို့ဖယ်ထွက်စေ၏။

"ဝဋ်ကြွေးရှိရင် ပြေးမလွတ်ပါဘူးအမေ။ မဟာရာဇာ ယခုပြုတဲ့အမှုသစ်ဆိုရင်တော့ သခင်မရဲ့ မေတ္တာစွမ်းအားက ကာကွယ်စောင့်ရှောက်ပါလိမ့်မယ်။ အမေ ဘေးဖယ်ပြီးသာ နေပါ။ သခင်မ သစ္စာအဓိဋ္ဌာန် ပြုပါမယ်"

နှလုံးတွင်းမှ ဓမ္မအင်အားသစ်ကို အရှိန်မြင့်နိုင်သမျှ မြင့်အောင် စုစည်းလိုက်၏။ မဟာရာဇာ၏မျက်နှာတူရှုသို့ စိတ်ဆိုးခြင်း၊ နာကြည်းခြင်း၊ ရန်ငြိုးဖွဲ့ခြင်း ကင်းရှင်းစွာ မေတ္တာကို စူးစူးစိုက်စိုက်ပို့လွှတ်လေသည်။

မဟာရာဇာလက်တွင်းရှိ လေးညှို့သည်လည်း တရွေ့ရွေ့ဖြင့် တင်း၍တင်း၍ လာ၏။

အခန်းထဲ၌ အပ်ကျသံပင်ကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်နေ၏။ အသဲယားဖွယ် မြင်ကွင်းကြောင့် မာဂဏ္ဍီမှတစ်ပါး အားလုံး၏ရင်မှာ တထိတ်ထိတ်ခုန်၍ တသိမ့်သိမ့်တုန်ကာ စိုးရိမ်နေကြပေသည်။ မဟာရာဇာအား မည်သူတားဝံ့ပါအံ့နည်း။

"ကျွန်ုပ်၏ဦးခေါင်းပေါ်သို့ ဗုဒ္ဓကြွရောက် သီတင်းသုံးတော်မူပါစေသတည်း။ ကျွန်ုပ်သည် မွေးသမိခင်နှင့်ဖခင်တို့ အပေါ်၌ လည်းကောင်း၊ ကျေးဇူးရှင် မိတ္တသူကြွယ်နှင့် ဃောသက သူဌေးကြီးအပေါ်၌လည်းကောင်း၊ မဟာရာဇာနှင့် မာဂဏ္ဍီတို့အပေါ်၌လည်းကောင်း၊ အလုံးစုံသော လောကသားတို့ အပေါ်၌လည်းကောင်း အပိုအလို အတိုးအလျော့မရှိ ညီမျှသော မေတ္တာကိုသာ ထားပါ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် မဟာရာဇာ

www.burmeseclassic.com

www.burmeseclassic.com



ခွင်းလိုက်သောမြားသည် ကျွန်ုပ်၏နှလုံးသားကို ဖောက်ထွင်းမသွားနိုင် ပါစေသတည်း”

မျက်လုံးကိုမှိတ်လျက် မေတ္တာအမိုး မေတ္တာအကာ မေတ္တာတံတိုင်းတို့ဖြင့် သူမ၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်သည်။ မေတ္တာအင်အားစုသည် သူမ၏ နှလုံးသားဝယ် မိုးသည်းထန်စွာ ရွာချသည့်နှယ် ရှိလေသည်။

မဟာရာဇာ၏လေးညို့မှမြားသည်လည်း အရှိန်ပြင်းစွာ လွတ်ထွက်လာ၏။

“ဟာင်”

“ဟယ်”

“ဟာ”

ထိတ်လန့်တုန်လှုပ်ချောက်ချားစွာ ပေါ်ထွက်လာသောအသံကြောင့် သူမ မျက်လုံးပြန်ဖွင့်လိုက်ရာ....

မျက်လုံးများဝိုင်းဝိုင်းလည်ကာ မျက်ခုံးနှစ်ဖက်မြင့်တက်သွားရသည်အထိ အံ့ဖွယ်ဘနန်း ဖြစ်ရပ်ဆန်းကို မြင်တွေ့ရလေသည်။

မဟာရာဇာ ပစ်လွှတ်လိုက်သောမြားသည် သူမထံသို့ ရောက်မလာဘဲ လမ်းတစ်ဝက်တွင် ပစ်သူထံသို့ ပြန်လှည့်၍ သွားတော့၏။

“မဟာရာဇာ ဘေးကင်းရန်ကွာ ချမ်းသာပါစေသတည်း”

နှုတ်မှ အသံထွက်လျက် မေတ္တာပို့လိုက်သည့်ခဏ မဟာရာဇာ့ရင်ကို ဖောက်သွားအံ့ဆဲဆဲရှိသောမြားသည် ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲကျလေ၏။

ဒေါသမှသောက၊ သောကမှနောင်တသို့ ပြောင်းလဲသွားသောမဟာရာဇာသည် ရာဇပလ္လင်ပေါ်မှ မဆည်နိုင်တော့ဘဲ ကသောကမျောပြေးလာပြီးနောက် သူမရှေ့မှောက်တွင် ဒူးထောက်ထိုင်ချကာ လက်နှစ်ဖက်ကို ရင်မှာယှက်၍ ယူကျုံးမရစွာ တောင်းပန်ပါတော့၏။

“မြင့်မြတ်ဂုဏ်နဲ့ပြည့်စုံလှတဲ့ မိဖုရားကြီး သ ႔ ၁၀တီ၊ ကျွန်ုပ်ဟာ သူယုတ်မာရဲ့ စကားကို ယုံကြည်ပြီး သူတော်ကောင်း ႆ ပြစ်မှားမိသူဖြစ်ခဲ့ပါ

www.burmeseclassic.com



ပြီ။ ကျွန်ုပ်အား သည်းခံခွင့်လွှတ်ပါလေတော့။ သက်မဲ့မြားကပင် သင်မိဖုရားရဲ့ဂုဏ်ကို သိပါသော်ငြား ကျွန်ုပ်မသိခဲ့ခြင်းမှာ မိုက်မဲသူမှန်စွတကား။ ယနေ့ကစပြီး သင်ဟာကျွန်ုပ်ရဲ့ ကိုးကွယ်ရာဆရာတစ်ဆူ ဖြစ်ပါတော့"

သူမသည် မဟာရာဇာ၏ ယှက်ထားသောလက်ကို ချက်ချင်းဖြေဖြုတ်ပေးလိုက်ပြီး ပြန်လည် ထရပ်စေသည်။

"ခွင့်လွှတ်ပါတယ် မောင်တော်၊ ဒါပေမယ့် နမတော်ကို ကိုးကွယ်ဖို့မလိုပါဘူး။ နမတော်ရဲ့ နှလုံးသားမှာ မေတ္တာတရား ကိန်းဝပ်စေခဲ့တဲ့ ဓမ္မ၊ ဓမ္မရဲ့ပိုင်ရှင် ဖြစ်တော်မူတဲ့ ဗုဒ္ဓကိုသာ ဆည်းကပ်ကိုးကွယ်ပါ။ မောင်တော့်မှာ ကောင်းကျိုးချမ်းသာတွေ အမှန်တကယ် ခံစားရပါလိမ့်မယ်"

သူမ၏ခွင့်လွှတ်မှုကို ရတော့မှ မဟာရာဇာ၏မျက်နှာသည် ပြန်လည်ရွှင်လန်းလာ၏။ ကြီးစွာသော ချစ်ခြင်းမေတ္တာဖြင့် သူမအား မမှိတ်မသုန်ကြည့်လျက် ကြည်ညိုမြတ်နိုးမဆုံးနိုင်အောင် ရှိလေသည်။

အဆင်းနှင့်အချင်းကို သူခွဲခြားနိုင်လေပြီ။ ရုပ်ချောသမျှ သဘောပုပ်လှသော မိန်းမယုတ်ကို မိဖုရားအရာ မြှောက်စားမိခဲ့သည်မှာ သူ့အမှား။

မာဂဏ္ဍီအားသတိရစွာ မသိမသာ လှည့်ပတ်ရှုကြည့်ရာ အခန်းထဲတွင် အစအနပင်မတွေ့တော့။ အခြေအနေမဟန်၍ လစ်ပြေးပြန်ပြီထင်သည်။

"ဗုဒ္ဓအပေါ် ကြည်ကြည်ညိုညို ရိုရိုသေသေ ကိုးကွယ်ပါတော့မယ် နမတော်။ နမတော်ကိုလည်း မိခင်အရာ–ဆရာအရာမှာ အားထားပါရစေ။ မောင်တော်ကျူးလွန်မိခဲ့တဲ့အပြစ်ကို ပေးဆပ်ချင်လို့ ဆုချီးမြှင့်တော်မူမယ်။ လိုရာဆုကိုသာ တောင်းပါတော့ နမတော်"

မျက်နှာကိုလည်းကောင်း၊ ရင်ခွင်ကိုလည်းကောင်း လက်ခြေတို့ဖြင့် ထိုးပုတ်ကန်ကျောက်သော်ငြား မိခင်သည်သားငယ်အား များစွာသောချစ်ခြင်းမေတ္တာဖြင့် အပြုံးမပျက်ခွင့်လွှတ်နိုင်ဘိသကဲ့သို့ မဟာရာဇာထံ အေးမြငြိမ်းချမ်းသော အပြုံးဖြင့် အကြည့်ရောက်၏။

"ကျေးဇူးတင်လှပါတယ်မောင်တော်၊ လောကမှာ တန်ဖိုးဘယ်လောက်ကြီးမြင့်တဲ့ လာဘ်ပစ္စည်းဖြစ်ပါစေ နမတော်မလိုချင်ပါဘူး၊ နမတော်ရချင်

www.burmeseclassic.com

www.burmeseclassic.com



တာ အခွင့်အရေးလေးတစ်ခုတည်းပါ။ ဗုဒ္ဓနဲ့တပည့်သား သံဃာတော်တွေကို အတားအဆီးမရှိ လွတ်လွတ်လပ်လပ် ကိုးကွယ်ဆည်းကပ် လှူဒါန်းခွင့်ကိုသာ သနားချီးမြှင့်တော်မူပါ"

လောဘတဏှာပယ်ခွာ၍ ကိုးကွယ်ရာကို ရွေးချယ်သွားသော သူမ၏ ဖြူစင်မြင့်မြတ်သည့် စိတ်နေစိတ်ထားကို အားရကျေနပ်စွာ မဟာရာဇာ၏ အပြုံးမျက်နှာသည် အမှောင်ညမှာသာသောလနှယ် ရွှန်းရွှန်းပပရှိလေ၏။

"နှမတော်အလိုဆန္ဒ ပြည့်ဝပါစေမယ်ဗျား"

ဗုဒ္ဓအမျိုးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ရွှေနန်းတော်ဝယ် အားပါးတရ ဖူးမဝနိုင်စွာ သဒ္ဒါပိုကြည်ညိုခွင့်ကို သူမ၏ မေတ္တာစွမ်းအားဖြင့် ရရှိခဲ့လေသည်။

ထိုအချိန်မှစ၍ သာသနာတော်သည် ကောသမ္ဗီပြည်အတွင်း နေလိုလလို ထွန်းလင်းတောက်ပခဲ့ပါ၏။ သဒ္ဓါတရားတိုးပွားကြသည့် မင်းနှင့်မိဖုရားမှာ အလှူရေစက်လက်နှင့်မကွာ ပေးမကုန်လှူမခန်း ရွှေနန်းတော်တွင်း၌ သင်္ကန်း ရောင်များ တပြောင်ပြောင် တဝင်းဝင်း ရှိနေရပါလေတော့၏။

× × ×

"မနက်ဖြန် မောင်တော် တောကစားထွက်မယ် နှမတော်"

ဝိုင်းစက် ပြူးကျယ်သွားရသော မျက်လုံးကို မျက်လွှာပြန်ချ၏။ ရုတ်တရက် ပွင့်ထွက်သွားသောနှုတ်ခမ်းကို ပြန်စေ့ထားလိုက်သည်။

"မောင်တော့်ကို ပြောမယ်ပြုပြီးမှ ဘာလို့နှုတ်ဆိတ်သွားရတာလဲ"

အကင်းပါးလှသော မဟာရာဇာသည် သူမ၏ လျှပ်တစ်ပြက်အမူအရာ ကို ချက်ချင်းအကဲဖမ်းနိုင်ခဲ့၏။ အချိန်အခါနှင့် အခြေအနေကိုလိုက်ပြီး ပြော ချင်သော်ငြား မပြောသင့်သောစကားဖြစ်လျှင်လည်း ဆိတ်ဆိတ်နေရသည် ဖြစ်ပါ၏။

"ပြောလေ–နှမတော်"

စိတ်မြန်သလောက် စိတ်ကြီးသူမို့ သူသိလိုသောစကားကို မရနေ

www.burmeseclassic.com

www.burmeseclassic.com



မသေမလွတ်ဆိုသလို မရမက မေးလာတော့မည်ဟုသိနှင့်၏။ အဖြေခက် သည်မို့ သက်ပြင်းတစ်ချက်ကျိတ်ရှိုက်လိုက်ရပါ၏။

"မင်းနဲ့မိဖုရားဆိုတဲ့ ဂုဏ်အလွှာကို ခွာချထားပြီး သာမန်လူသားအနေနဲ့ ဆိုရင်တော့ အကောင်းသားပေါ့ မောင်တော်"

"ဘာဖြစ်လို့လဲ"

မဟာရာဓာသည် သူမ၏စကားကို ပိုမိုစိတ်ဝင်စားလာဟန်ရှိ၏။

"ဘုရင်မင်းမြတ်ပြုတဲ့အမှုကို အကောင်းအဆိုး ဝေဖန်ခွင့်ရှိတဲ့လူသား လောကမှာ မမွေးဖွားသေးဘူး ထင်ပါရဲ့"

သို့လိုသောစကားကို မပြောပြလျှင် အမျက်ရှပေရော့မည်။ ပြောပြပြန် လျှင်လည်း ခက်ကြပေတော့မည်။ မည်သည့်ဘက်ကမျှ မသက်သာ။ အန္တရာယ်ကို ရှောင်ဖယ်သော ပရိယာယ်စကားသာလျှင် တွင်တွင်ဆိုမိ၏။

"မောင်တော်ပြောထားပြီးပြီပဲ၊ နမတော်ဟာ မောင်တော့် အမေ– မောင်တော့်ဆရာပဲ။ တိုင်းရေးပြည်ရာကိစ္စမှာ စွက်ဖက်ခွင့်မပြုနိုင်ပေမယ့် မောင်တော့်ကိုတော့ ဗုဒ္ဓရဲ့ ဓမ္မလမ်းကြောင်းပေါ်က ညွှန်ပြဆုံးမနိုင်ပါတယ်"

"မောင်တော် ခွင့်ပြုတယ်လား"

မဟာရာဓာသည် နှုတ်ပျိုလှသောအပြုံးဖြင့် မျက်လုံးမှေးမှိတ်လျက် ဦးခေါင်းကိုညိတ်ပြ၏။ ဤလိုအမူအရာမျိုးရှိသောအခါ မဟာရာဓာသည် ကောသမ္ဗီပြည့်ရှင် မင်းနှင့်မတူဘဲ တကယ့်ကိုဖြူစင်ရိုးဖြောင့်သော တောတွင်း သားကလေးနှင့် တူသွားပြန်ပါ၏။

"စေတနာစကားကို အမျက်တော်မပွားဖို့ လျှောက်ထားချင်ပါရဲ့"

"မောင်တော့်အကျိုးကို တကယ်လိုလားတဲ့ မိဖုရားကြီးဆိုတာ ယုံကြည်ပြီးသားပါ။ လျှောက်မှာသာ လျှောက်စမ်းပါနမတော်"

**လူနှင့်ပတ်ဝန်းကျင်ဆိုသည်မှာ အညမညအားဖြင့် ဆက်သွယ်နေ၏။ မိမိငြိမ်းချမ်းမှ ပတ်ဝန်းကျင် ငြိမ်းချမ်းနိုင်ပြီး ပတ်ဝန်းကျင် ငြိမ်းချမ်းမှလည်း မိမိငြိမ်းချမ်းနိုင်၏။ ငြိမ်းချမ်းဖို့ဆိုသည်မှာ ကိုယ်**

www.burmeseclassic.com

www.burmeseclassic.com



ကျင့်သီလ အသီးသီးပြည့်စုံရန် လိုအပ်၏။ သီလစောင့်ထိန်းခြင်းဖြင့် ကိုယ်ကျင့်သိက္ခာကို ဖြူစင်မြင့်မြတ်စေရ၏။ ကိုယ်ကျင့်သိက္ခာ ဖြူစင် မြင့်မြတ်လျှင် ဘဝသည် အဆင့်မြင့် နိုင်မာစွာတည်တံ့နိုင်၏။ သို့ကြောင့် လူဟူ၍ဖြစ်လာလျှင် ကိုယ်ကျင့်သိက္ခာကို ပဓာနထားပြီး အနည်းဆုံး ပဉ္စင်္ဂသီလကို မကျိုးပေါက်အောင် စောင့်ထိန်းရန် လိုအပ် ပါ၏။

"ဗုဒ္ဓကို ကြည်ညိုမြတ်နိုး ဆည်းကပ်ကိုးကွယ်တယ်ဆိုရင် ဗုဒ္ဓရဲ့ အဆုံး အမကို တစ်သဝေမတိမ်းနာခံဖို့၊ ဗုဒ္ဓရဲ့ စည်းမျဉ်းဥပဒေကို လိုက်နာဖို့ လိုအပ်ပါတယ်မောင်တော်"

"နှမတော် ဘာကို ဆိုလိုတာလဲ"

နဖူးရေကိုတွန့်လျက် မျက်မှောင်ကြုတ်သွား၏။ သူမဆိုလိုသည်ကို နားမလည်သေးဟန်ရှိ၏။

"ပဉ္စင်္ဂသီလကို မြဲမြဲအောင် မောင်တော် ထိန်းသိမ်းစောင့်ရှောက်နိုင် ပါရဲ့လား"

"စွမ်းနိုင်သမျှတော့ ကြိုးစားနေတာပဲ"

"ဒါဖြင့် တောကစားထွက်တာကရော"

မဟာရာဇာသည် အနည်းငယ်မှ ပြုံးသယောင် ပြု၏။

"ပါဏာတိပါတသိက္ခာပုဒ်ကို ပြောမလို့လား"

မေးပြီး မဟာရာဇာသည် သဘောကျစွာရယ်လိုက်သည်။ မလုံမလဲ ရှက်ကိုးရှက်ကန်းအမူအရာလည်း ရိပ်ခနဲယှက်သန်းသွား၏။

"ဟုတ်တယ်မောင်တော်၊ သတ္တဝါတွေရဲ့ အသက်ကို သတ်ဖြတ်ညှဉ်းဆဲ ခြင်းမှ ရှောင်ကြဉ်ရမယ်လို့ ဗုဒ္ဓဆုံးမတော်မူတယ်မဟုတ်လား"

"နှမတော်ကလဲကွာ . . . ရှေးရှေးမင်းတွေအဆက်ဆက်ကတည်းက တောကစားထွက်ခဲ့ကြတာပဲ"

ပြည့်ရှင်မင်းဟန်ပျောက်ပြီး ကလေးဟန်ပေါက်ကာ ဆင်ခြေပေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှေးအစဉ်အလာဖြစ်တိုင်း မှန်တာမှ မဟုတ်ဘဲ မောင်တော်ရဲ့။ ဗုဒ္ဓရဲ့ အဆုံးအမစကားထက်မှန်တာ လောကမှာ ဘာမှမရှိပါဘူး။ သူတစ်ပါးကို သတ်ဖြတ်ညှဉ်းဆဲတာဟာ အကုသိုလ်ကံပဲ။ အကုသိုလ်ကံပြုသူဟာ အပါယ် လားမှာပဲတဲ့"

"ဒီလိုဆိုရင် မောင်တော်တစ်ခုမေးချင်တယ်"

"မေးပါမောင်တော်"

"မောင်တော်တို့ ကောသမ္ဗီပြည်ကို ရန်သူတွေမတရားသိမ်းပိုက်ဖို့ ကြိုးစားနေကြတယ် ဆိုပါတော့။ အနိုင်ကျင့်သမျှခေါင်းငုံ့ခံနေရမှာလား။ ပြန်ပြီး မခုခံ မကာကွယ်ရဘူးလား။ ကိုယ်သူ့ကိုမသတ်ရင် သူကကိုယ့်ကို သတ်တော့မှာမို့ ကိုယ့်အသက်ကို ကာကွယ်တဲ့အနေနဲ့ လက်ဦးပြီးသတ်ရတာ အပြစ်ရှိသလား"

မေးလာသောစကားကို သဘောကျစွာ ပြုံးမိရပါ၏။ မေးသင့်မေးထိုက်သော မေးခွန်းလည်း ဖြစ်ပါသည်။

"ဗုဒ္ဓအလိုကျဆိုရင်တော့ အနိုင်ကျင့်သမျှ ခေါင်းငုံ့ခံရမှာပဲ။ ခန္တီကိုသာ ဟောတော်မူပါတယ် မောင်တော်။ သူ့ကိုမသတ်ရင် သူကကိုယ့်ကိုသတ်လိမ့်မယ်။ သူအရင်သေမှ ကိုယ်အသက်ရှင်ခွင့်ရနိုင်မယ်ဆိုတဲ့ အသိဝင်လာတာနဲ့ သူ့ကို သေစေချင်တဲ့ စေတနာက ပေါ်လာတယ်။ သတ်လိုက်တော့ ပါဏာတိပါတကံ မြောက်သွားတာပေါ့။ ကိုယ့်အသက်ကို ကာကွယ်တာဖြစ်ဖြစ်၊ တိုင်းပြည်အတွက်ကာကွယ်တာပဲဖြစ်ဖြစ် သေစေချင်လို့သတ်တာဟာ အကုသိုလ်ကံပဲ။ ဓမ္မရဲ့ နိယာမဟာ မျက်နှာမလိုက်တတ်ပါဘူး။ ရှင်ဘုရင်မို့၊ သူဌေးမို့၊ ဆင်းရဲသားမို့၊ ဒွန်းစဏ္ဍားမို့ဆိုပြီး မခွဲခြားပါဘူး။ အကုသိုလ်ကံ ပြုသူတိုင်း အပါယ်လားကြမှာပါပဲ"

ခေတ္တရပ်နားပြီး မဟာရာဇာအား မသိမသာအကဲခတ်လိုက်၏။ စိတ်ဝင်စားငြိမ်သက်စွာ နားထောင်နေသောကြောင့် စကားဆက်ပြန်၏။

"လောကရှုထောင့်ကကြည့်တော့ ကိုယ့်တိုင်းပြည်ကို မတရားသိမ်းပိုက်လာရင် ခုခံတွန်းလှန် ကာကွယ်သင့်ပြန်ပါတယ်။ မခုခံရင် မတရားကြီးစိုးတာ

www.burmeseclassic.com

www.burmeseclassic.com



ခံရမယ်။ စော်ကားညှဉ်းဆဲတာတွေ ခံချင်လဲခံရမယ်။ ခုခံတွန်းလှန်ပြန်တော့ သူသေရင်သေ၊ သူမသေရင် ကိုယ်သေမှာပဲ။ သူသေရင် ကိုယ် အပါယ်ရောက်မယ်။ ကိုယ်သေရင် လူ့ဘဝကို ဆုံးရှုံးမယ်။ ဘယ်သူသေသေ ကိုယ့်မှာတော့ နစ်နာတာချည်းပဲ။ ဒါပေမယ့် ခေါင်းဆောင်တွေဟာ ကိုယ့်အသက်ဆုံးရှုံးရမယ်။ ဒါမှမဟုတ်–အပါယ်လားမယ်ဆိုတာသိလျက်နဲ့ မတရားမှုကိုအောင်နိုင်ရေးအတွက် အနစ်နာခံပြီး ကိုယ်ကျိုးစွန့်ဆောင်ရွက်ကြတာပဲ။ ဘာလို့လဲဆိုတော့ အနစ်နာခံခြင်းနဲ့ သူတစ်ပါးအကျိုးဆောင်ရွက်ခြင်းဆိုတဲ့ လူ့တာဝန်ကို ကျေပွန်ရမှာမို့ပါပဲ”

“မောင်တော် သဘောပေါက်လာပါပြီနှမတော်”

မဟာရာဇာထံမှကြားရသော ဤစကားမျှသည်ပင် စမ်းရေစီးကျသံနှယ် နှလုံးစိတ်ဝမ်းငြိမ်းချမ်းလှပါ၏။

“ဆက်ပြောစမ်းပါဦး”

လိုလိုလားလားမေးတော့ ဆက်ပြောဖို့ ပိုမိုအားရှိမိလေသည်။

“မင်းကျင့်တရား ၁၀ပါးရှိတယ်မို့လား မောင်တော်။ (၁) အလှူပေးခြင်း (၂) ငါးပါးသီလနဲ့ပြည့်စုံခြင်း (၃) အမှုထမ်းများကို ရိက္ခာပေးခြင်း (၄) ရိုးသားဖြောင့်မတ်ခြင်း (၅) သိမ်မွေ့နူးညံ့စွာပြောဆိုကျင့်ကြံခြင်း (၆) အကျင့်သီလကိုခြိုးခြံစွာစောင့်ထိန်းခြင်း (၇) အမျက်မထွက်ခြင်း (၈) မနှိပ်စက်မညှဉ်းပန်းခြင်း (၉) သည်းခံခြင်း (၁၀) ပြည်သူတို့နှင့်မဆန့်ကျင်ခြင်းလို့ ဆိုရာမှာ ဒါန၊ သီလ၊ သစ္စာ၊ မေတ္တာ၊ ကရုဏာ၊ ခန္တီ အဲဒီအချက်တွေကို အခြေခံထားပေမယ့် သီလပိုင်းဆိုင်ရာက ပိုပြီးအဓိကကျတယ်ဆိုတာ တွေ့ရပါတယ် မောင်တော်”

မဟာရာဇာ ခေါင်းကိုဆတ်ကနဲညိတ်လိုက်၏။ သူမပြောသည်များကို လက်ခံသဘောကျကြောင်း အရိပ်နိမိတ်မို့ စိတ်ကျေနပ်ဝမ်းမြောက်ရပါ၏။ ပီပြင်သောအပြုံး၊ နှစ်လိုသော အကြည့်ဖြင့် သူမအား စကားတုံ့ပြန်လာပါ၏။

“မင်းကျင့်တရား ၁၀ပါးနဲ့အညီ အုပ်ချုပ်နိုင်ရင် သီလကို စင်စင်ကြယ်ကြယ် ထိန်းသိမ်းပြီးသား ဖြစ်သွားတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်မောင်တော်"

"မောင်တော် အတတ်နိုင်ဆုံးကြိုးစားပါ့မယ်"

သူမသည် လောက၏အချိုမြိန်ဆုံးစကားကို ကြားလိုက်ရသည့်နှယ်ရှိ၏။ မဟာရာဇာ၏ ကတိစကားသည် သူမအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာ တစ်ပါး ဖြစ်သွားရပါ၏။

သလွန်ပေါ်ထိုင်နေရာမှ ဖြည်းညင်းစွာထလိုက်ပြီး တစ်လှမ်းချင်းထွက် သွားသော မဟာရာဇာ၏ကျောပြင်ကို လှမ်းကြည့်ရင်း ပီတိသောမနဿစိတ် များ ဖြာဝေလျက် ကျန်ရစ်ခဲ့သည်။

သည်မျှမက . . . ။

တံခါးဝအရောက်တွင် မဟာရာဇာ သမင်လည်ပြန်လှည့်ပြောခဲ့သည့် စကား . . .

"ဩော် . . . နမတော်၊ မနက်ဖြန် တောကို အလည်သက်သက်ပဲ သွားတော့မယ်နော်"

သူမခေါင်းကို သွက်သွက်ကလေးညိတ်လိုက်သည်။

ဤတစ်ကြိမ်မှာတော့ သူမ၏အပြုံးတစ်ချက်တွင် ဖွေးလက်သည့် သွားတန်းကလေးပင် ပေါ်လွင်သွားရပါ၏။

× × ×

"သခင်မလေး . . . သခင်မလေး . . . "

သူမ၏အတွင်းခန်းထဲသို့ သုဇာ ခပ်သုတ်သုတ်ဝင်လာ၏။ သူမ လဲလျောင်းနေသော သလွန်ညောင်စောင်းခြေရင်းနားက ကြမ်းပေါ်ထိုင်ချလိုက် ပြီး အမောဆိုက်နေသည်။

"ဘယ်လိုဖြစ်လာရတာလဲ သုဇာ"

မောနေသဖြင့် သုဇာသည် ချက်ချင်း ပြန်မဖြေနိုင်။ တံတွေးတစ်ချက်မျို ချလိုက်ပြီး အသက်ဝအောင်ရှူလိုက်၏။

"သုဇာကို ရေတစ်ခွက်လောက် တိုက်လိုက်စမ်းပါမှုဒြာ၊ ဒီသူငယ်မ ဘယ်လိုဖြစ်လာတာလဲမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခုန္ဓုတ္တရာက ခိုင်းလိုက်သဖြင့် မုဒြာရေတစ်ခွက်ငှဲ့လာ၏။ မုဒြာယူလာသောရေကို မနားတမ်းမော့သောက်ပြီးနောက် ဟူးခနဲလေမှုတ်ထုတ်လိုက်၏။

"အမလေး . . . အခုမှပဲ အသက်ရှုနိုင်တော့တယ်"

သုဇာသည် ညည်းညည်းညူညူပြောပြီး သူ့သခင်မနှင့် နီးနိုင်သမျှ ရှေ့သို့တိုးလာ၏။

"ကဲ–မသုဇာ၊ ဘာဖြစ်လာတယ်ဆိုတာ ပြောပါအုံး"

"ကျွန်မတို့အဆောင်ကို အောက်ခြေကအစ ရေနံကြီးတွေလာသုတ်နေတယ်။ တိုင်တွေဆိုရင် ရေနံကြီးရွှဲရွှဲစိုနေတဲ့အဝတ်နဲ့ လိုက်ပတ်နေကြတယ်၊ ကျွန်မက ဘာလာလုပ်ကြတာလဲ–မေးတော့ အဆောင်ခိုင်ခံ့အောင် ရေနံကြီးသုတ်ခိုင်းလို့တဲ့၊ ဘယ်သူ့အမိန့်လဲဆိုတော့ မဟာရာဇာအမိန့်လို့ ပြောတာပဲ"

သူမလဲလျောင်းရာမှ ထထိုင်လိုက်၏။ သုဇာ၏ခေါင်းကို ချစ်စနိုးတစ်ချက်ပုတ်လိုက်ပြီး နှစ်သိမ့်ပြန်သည်။

"မဟာရာဇာ တောမသွားခင် အမိန့်ပေးခဲ့တာနေမှာပေါ့ သုဇာရဲ့၊ ဘာများ စိုးရိမ်ပူပန်စရာရှိနေလို့လဲ"

သူမ၏စကားကို ဘဝင်မကျသည့်အလား သုဇာသည် နှုတ်ခမ်းကိုစုပြီး မျက်မှောင်ကြုတ်နေ၏။ အခြွေအရံကျေးကျွန်ဆိုသော်ငြား မေတ္တာကရုဏာထားကာ သွေးသားနှင့်မခြား တရင်းတနှီးနေခွင့်ပေးထားသည်မို့ သူမကို ချစ်ခင်ကြသည်နှင့်အမျှ ရံခါလည်း နွဲ့ဆိုး ဆိုးတတ်ကြ၏။

"သခင်မလေးက ဘာမှမသိဘဲနဲ့ . . . "

"မသိရင် ပြောပြပေါ့သုဇာရဲ့"

ညီမငယ်တစ်ဦးကဲ့သို့ သူ့ခေါင်းကို လက်ဖြင့်ဖိကိုင်ပြီး လှုပ်ခါလိုက်၏။

"အဲလို–ရေနံကြီးလာတိုက်နေသူတွေက မဟာရာဇာရဲ့ မင်းချင်းတွေ မဟုတ်ဘူး သခင်မလေးရဲ့၊ မာဂဏ္ဍီရဲ့ ဘထွေးနဲ့ သူတို့လူတွေ . . . "

မုဒြာက ဝင်ဖြတ်ပြောပြီး စိုးရိမ်သောမျက်နှာဖြင့် သူမအား လှမ်းကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူဇာနဲ့ မုဒြာ သွားတော့၊ သူတို့လှုပ်ရှားမှုတွေကို သတိကြီးကြီးထားပြီး အကဲခတ်ကြ၊ အကြောင်းထူးရင် အမြန်ဆုံးသတင်းလာပို့"

ဒေါ်ခုဇ္ဇုတ္တရာက ခိုင်းလိုက်သဖြင့် နှစ်ဦးစလုံး ချက်ချင်းထထွက်သွားကြ၏။ သူမက ဒေါ်ခုဇ္ဇုတ္တရာအားလှမ်းကြည့်ပြီး ခပ်ပြုံးပြုံးမေးလိုက်သည်။

"ဘာကို ဒီလောက်စိုးရိမ်နေကြတာလဲအမေ"

"မာဂဏ္ဍီကို လျှော့မတွက်နဲ့သခင်မလေး။ ကမ်းကုန်အောင်ယုတ်မာမယ့် မိန်းမ၊ အရင်တစ်ကြိမ်က ကြည့်ပါလား၊ မဟာရာဇာနဲ့လိုက်လာပြီး လူတွေ ရှေ့တင် မြွေနဲ့တိုက်သတ်တာ ကံကောင်းလို့၊ မဟာရာဇာလဲ နတ်ရွာမစံ- သခင်မလေးလဲ မဟာရာဇာရဲ့ မြားချက်နဲ့ အသက်မထွက်ခဲ့တာမဟုတ်လား။ အမေ သေသေချာချာ ချောင်းကြည့်နေတာပဲ။ လူ့အလစ်မှာ စောင်းပေါက်က ပန်းတွေ သူဆွဲဖြုတ်လိုက်တာနဲ့ မြွေထွက်လာတာ၊ သူ့လက်ချက်အစစ်ပဲ။ ပြီးတော့ သခင်မလေးလုပ်ကြံတဲ့ အနေမျိုးရောက်အောင် ပုံမှားရိုက်သွားတာလေ"

ဒေါ်ခုဇ္ဇုတ္တရာအား သူမ ကြင်နာစွာပြုံးပြလိုက်၏။ ဃောသကသူဌေးကြီး အိမ်က ငယ်ကျွန်မို့ ဃောသကသူဌေးကြီး၏ ရှုမငြီးသောချစ်သမီးအပေါ်၌လည်း မျက်စိအောက်က အပျောက်မခံဘဲ ဂရုစိုက်ရှာပါ၏။ သူမအပေါ် တာဝန်အရရော မေတ္တာစေတနာပါ အပြည့်အဝထားရှာသည်။

"အကြောင်းကြောင့် အကျိုးဖြစ်လာရတဲ့ ပဋိစ္စသမုပ္ပါဒ်တရားကို အမေသိသားပဲလေ။ မာဂဏ္ဍီကို မမုန်းပါနဲ့။ မာဂဏ္ဍီအဆိုးကြံသမျှ သခင်မလေးရဲ့ အတိတ်ကပြုလာတဲ့ ကံအရိပ်တွေမဟုတ်လား။ အကောင်း အဆိုးမှန်သမျှ အကြောင်းအကျိုးကံက ဖြစ်လာရတာချည်းပါပဲ။ ကံဆိုတာ လွှဲရှောင်တားဆီးထားလို့ရတဲ့ အရာမျိုးမှမဟုတ်တာ"

သူမအား ဓမ္မလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သော ဒေါ်ခုဇ္ဇုတ္တရာအား ဗုဒ္ဓအလိုကျစိတ်ထားဖို့ ပြန်လည်သတိပေးရပါ၏။ အနာဂါမ်အဆင့်ထိ မရောက်သေးသောကြောင့် ဒေါသတော့ကျန်ရှိနေဦးမည်ပဲ။ သူမအတွက် မခံချင်-မခံနိုင်ဖြစ်နေသော ဒေါ်ခုဇ္ဇုတ္တရာကိုလည်း အပြစ်မတင်သာ။

www.burmeseclassic.com

www.burmeseclassic.com



"နန်းတော်မှာနေရတာ မာဂဏ္ဍီရှိနေသမျှ ကျီးလန့်စာစားရသလို ဖြစ်နေမှာပဲ"

ဒေါ်ခုဇ္ဇုတ္တရာသည် သူ့ဘာသာရေရွတ်သလို ညည်းညည်းညူညူဆို၏။

"ဘာလဲ–အမေက တောထွက်ချင်ပြီလား"

သူမ ကျီစယ်လိုက်တော့မှ အနည်းငယ်ပြုံးလာသည်။

"ဒီလောက် ခါးကုန်းအရုပ်ဆိုးနေတာတောင် ဘိက္ခုနီလုပ်ဖို့ စိတ်ကူးမရတာ၊ ကိုယ့်ကိုယ်ကို အံ့သြလို့မဆုံးဘူး၊ သံယောဇဉ်အတွယ်အတာရှိတာလဲ မဟုတ်ဘဲနဲ့ . . ."

ဒေါ်ခုဇ္ဇုတ္တရာ၏စကားကြောင့် သူမ ရယ်မောရင်း ကြင်နာသနားစိတ်ဖြစ်လာရ၏။

"အမေ့မှာ သံယောဇဉ်ရှိပါတယ်"

သူမ၏ပြုံးချိုချိုမျက်နှာကို မော့ကြည့်ပြီး ခေါင်းခါယမ်းလိုက်သည်။

"ဘယ်မှာရှိလို့လဲ သခင်မလေးရဲ့"

"ဒီမှာလေ"

သူမကိုယ်သူမ ညွှန်ပြလိုက်တော့ ဒေါ်ခုဇ္ဇုတ္တရာသည် ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျစွာရယ်မောလေသည်။

"တာဝန်အရ အရှင်သခင်လိုလေးစားပြီး နှလုံးသားကတော့ သမီးလေးလို ချစ်ခင်ရပါတယ် သခင်မလေးရယ်" ဟု တိုးညင်းစွာဆိုရှာ၏။

မေတ္တာတရားသည် နှလုံးသားကို ပျော့ပျောင်းနူးညံ့စေပါ၏။

ဤကမ္ဘာလောကမှာ မေတ္တာတရားတွေသာ လွှမ်းခြုံထားကြမည်ဆိုလျှင် အဘယ်မျှကောင်းလိုက်ပါမည်နည်း။

× × ×

လောကသားတို့သည် အချင်းချင်းကြင်နာသနား မေတ္တာထားကြလျှင်ဖြင့် အားလုံးငြိမ်းချမ်း သာယာနေကြမည်သာဖြစ်၏။ တစ်ဦးကိုတစ်ဦး အသက်သေအောင်သတ်ဖို့ မဆိုထားဘိ၊ ထိခိုက်နစ်နာအောင်ပင် ရက်စက်ဖွယ်မရှိနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာသည် စမ်းရေပမာ အေးမြလှပါ၏။

ဒေါသသည်ကား မီးနှယ် ပူလောင်စေပါ၏။

ဒေါသအုပ်စု၏နောက်လိုက်များမှာ မနာလိုမှု ဣဿာ၊ ဝန်တိုမှု မစ္ဆရိယ၊ နောင်တတစ်ဖန် ပူပန်မှု ကုက္ကုစ္စ။

ဤကျွမ်းလောင်စေတတ်သော အကုသိုလ်တရားများဖြင့်သာ အမှောင်ဖုံးနေသူတို့မှာ . . .

ပတ်ဝန်းကျင်တစ်ခွင်ကို ငေးမျှော်ကြည့်ရင်း အတွေးမဆုံးမီပင် လေသာပြတင်းမှခွာလျက် ဘုရားခန်းထဲသို့ဝင်ခဲ့၏။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းရန် အချိန်ကျရောက်နေပေပြီ။

ဒေါ်ခုဋ္ဋုတ္တရာနှင့်တကွ သူမ၏ရဲရွှေတော်များ ဘုရားခန်းတွင်း၌ ကိုယ်စီကိုယ်ငှ အသီးသီးနေရာယူကြပြီး သူမအား အဆင်သင့်စောင်းဆိုင်းနေကြသည်။

“ဝိပဿနာအားမထုတ်ခင် ထုံးစံအတိုင်း မေတ္တာဘာဝနာပွားရမယ်။ ပထမဆုံး မေတ္တာအရင်ပို့ကြရအောင်”

အားလုံး၏ရှေ့ဆုံးမှာ ဝင်ထိုင်လိုက်ပြီး နိစ္စဂူဝ ပြုနေကျအတိုင်း သတိပေးနှိုးဆော်လိုက်၏။ အနှောင့်အယှက်ကင်းစွာ စိတ်ချလက်ချ ဘာဝနာပွားနိုင်ရန် တံခါးပေါက်များကိုလည်း လုံခြုံစွာပိတ်ထားပြီးလေပြီ။

အနန္တစကြဝဠာ . . . အနန္တသတ္တဝါတို့ . . .

ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ။

ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ။

ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ။

နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ။

သာယာနာပျော်ဖွယ် ညီညာဖြဖြ သုံးကြိမ်ရွတ်ဆိုကြပြီးနောက် တိတ်ဆိတ်ငြိမ်သက်သွားကြ၏။ မေတ္တာကမ္မဋ္ဌာန်းကို စတင်စီးဖြန်းကြပြီ။

အတန်ငယ်ကြာသောအခါ သူမနောက်မှာထိုင်နေကြသည့် ရဲရွှေတော်များထံမှ ချောင်းဆိုးသံများ ဆက်ကာဆက်ကာ ထွက်ပေါ်လာ၏။ ပြီးတော့ ဟာပ်ချီးချေသံများ။

www.burmeseclassic.com

www.burmeseclassic.com



"အဟွတ်ဟွတ် . . . "

"ဟပ်ချိုး . . . ဟပ် . . . ဟပ် . . . ချိုး"

"ရှီး . . ရှီး . . . ရှီး . . "

နှာရည်ယိုရှဲ နှပ်ညှစ်သံများ။

သူမကိုယ်တိုင်လည်း မီးခိုးနံ့များဖြင့် မွန်းကျပ်နေသည်။ သို့ရာတွင် မျက်လုံးကိုမဖွင့်။ မိမိ၏ မေတ္တာကမ္မဋ္ဌာန်းကို လက်မလွှတ်။

"သခင်မလေး . . . သခင်မလေး . . . "

သုဓာ၏ အထိတ်တလန့်စူးရှကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။

သူမ တုတ်တုတ်မျှမလှုပ်။

"မျက်လုံးဖွင့်ကြည့်ပါဦး သခင်မလေးရဲ့၊ ကျွန်မတို့အဆောင်ကို မီးလောင်နေပြီ"

ငိုသံပါကြီးဖြင့် အော်လိုက်သောသုဓာကြောင့် သူမရင်တွင်း၌ သနားကရုဏာသက်ဝင်သွားရသည်။ မိမိအား မှီခိုအားကိုးနေသော မိန်းကလေးများကို သတိရကာ ငဲ့ညှာစိတ်ဖြင့် မျက်လုံးပြန်ဖွင့်လိုက်၏။

ဘုရားခန်းဆီသို့ပင် မီးကူးစပြုနေပြီ။

သြော် . . . မာဂဏ္ဍီ . . . မာဂဏ္ဍီဟု ရင်တွင်းမှပြည်တမ်းရင်း ဤဘဝ ဤမျှဖြင့်သာ ရန်ငြိုးပြေပါစေတော့ မာဂဏ္ဍီရယ်–ဟူ၍ မေတ္တာရေးရှု ပို့လွှတ်လိုက်ပါ၏။

ရုံးရွှေတော်များ ထပြေးအုံဆဲဆဲ ကုန်းကုန်းကွကွဖြစ်နေကြသည်။ အေးစက်စက်ဖြင့် ဘာမျှလှုပ်လှုပ်ရှားရှားမရှိ ပကတိတည်တည်ငြိမ်ငြိမ်ဖြစ်နေသော သူမအား အားမလို အားမရစွာ ကြည့်လျက် ရှေ့ဆက် ဘာလုပ်ရမှန်းမသိအောင် ငိုယိုနေကြ၏။

မီးကား သူမတို့အခန်းပတ်လည်ကို ဝိုင်း၍ ဟုန်းဟုန်းတောက်လောင်နေပေပြီ။ ပြေး၍လွတ်ဖွယ် မမြင်တော့။

"ညီမတို့ . . . ဝိပါကဝဋ်ကြွေးဆိုတာပြေးမလွတ်တတ်ပါဘူး။ သခင်မ

www.burmeseclassic.com

www.burmeseclassic.com



တို့ အတိတ်ဘဝကပြုခဲ့တဲ့ ကံဆိုးကံမိုက်တွေကြောင့် ခုလိုခံရတာပဲ။ မီးဘေးကလွတ်အောင် မပြေးနိုင်တဲ့ အတူတူ သွေးရူးသွေးတန်းနဲ့ သေမယ့်အစား ဗုဒ္ဓရဲ့ တရားတော်ကို နှလုံးသွင်းကြပါတော့၊ . . . ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းကြပါတော့ . . . ”

သူမကိုယ်တိုင်လည်း နေရာတကျပြန်ထိုင်ကာ မလှုပ်မယှက်ပင်လျှင် ကမ္မဋ္ဌာန်းတရားများ ပွားများ အားထုတ်လေ၏။

မီးတောက်မီးလျှံများ တဖြည်းဖြည်းပြင်းထန်လာပြီး မကြာမီ သူမတို့နှင့်တကွ ဘုရားခန်းတစ်ခန်းလုံးကို ဝါးမျိုသွားပါတော့၏။

ရွှေအိမ်ရွှေနန်းရွှေကြငှန်းဖြင့် စံမြန်းရစေကာမူ ဘဝတစ်သက်တာဆိုသည်မှာ လျှပ်တစ်ပြက်သာရှိချေ၏။ ခမ်းနားလှသော အဆောင်အယောင်သည်လည်းကောင်း၊ ကြီးကျယ်မြင့်မြတ်လှပါသည်ဆိုသော ဂုဏ်တို့သည်လည်းကောင်း နောက်ဆုံး ပြာပုံကလေးတစ်ပုံအဖြစ်မျှသာ ကျန်ရစ်ခဲ့တော့၏။

× × ×

မေတ္တာတရားကြီးမားစွာ သည်းခံခွင့်လွှတ်နိုင်လွန်းသော သူမအား ဗုဒ္ဓမြတ်စွာသည် အသာဆုံး အမြတ်ဆုံး မေတ္တာရှင် (မေတ္တာဝိဟာရီ) ဧတဒဂ်ဘွဲ့ထူးကို သနားချီးမြှင့်တော်မူ၏။

ဆီမီးခွက်သည် ဆီကုန်ခန်းသည်နှင့်အတူ မီးတောက်ကလေးငြိမ်းသွားရဘိသကဲ့သို့ မေတ္တာစွမ်းအားသည်လည်း သူမ၏ဝိညာဉ်နှင့်အတူ ချုပ်ပျောက်သွားရပါလေ၏။

ဥတေနမင်း ခွင်းလိုက်သောမြားကိုပင် ဦးတည်ရာသို့ ပြန်လှည့်စေနိုင်သည့် သူမ၏မေတ္တာသည် မီးတောက်မီးလျှံများကို ငြိမ်းသွားစေခြင်းငှာ မစွမ်းနိုင်ပါသလောဟု စောဒကတက်ဖွယ်ရှိပါ၏။

မေတ္တာ၊ သစ္စာ၊ အဓိဋ္ဌာန် ဤသုံးချက်သည် အလုံးစုံသော ဘေးအပေါင်း၊ ရန်အပေါင်း၊ အန္တရာယ်အပေါင်းမှ လွတ်မြောက်အောင် ကာကွယ်နိုင်သည်မှာ အမှန်ပင်ဖြစ်ပါ၏။ သာဓကများစွာလည်းရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အကုသိုလ်ကံ ဝိပါက်ဝဋ်ကြွေးများရှိလျှင်ကား ထပ်တူထပ်မျှ ပေးဆပ်ရန်သာရှိပါ၏။ ဗုဒ္ဓကိုယ်တော်တိုင်ပင် ဝိပါက်တော်များ ခံစားရသေးသည် ဖြစ်ပါ၏။


အတိတ်ဘဝတစ်ခုဝယ် နန်းတွင်းသူဖြစ်ခဲ့သော သူမသည် အပေါင်းအဖော်များနှင့် မြစ်ဆိပ်သို့ ရေကစားဆင်းခဲ့၏။ ရေကစားပြီး ပြန်တက်လာသောအခါ ချမ်းအေးသဖြင့် မြက်ချုံတစ်ချုံကို မီးရှို့၍ မီးလှုံကြ၏။ ထိုမြက်ချုံတွင်း၌ ဘုရင်မင်းမြတ် ဆည်းကပ်ကိုးကွယ်နေသည့် ပစ္စေကဗုဒ္ဓါတစ်ပါး နိရောဓသမာပတ်ဝင်စားလျက်သားတွေ့ရသောကြောင့် ရာဇဒဏ်သင့်မည်ကို စိုးရိမ်ထိတ်လန့်ကြောက်ရွံ့ကြကုန်၏။ နန်းတွင်းသူ မိန်းမများလည်း ကြံရာမရဖြစ်ကာ ထင်းတုံးထင်းစများကို ရှာပြီး ပစ္စေကဗုဒ္ဓအား ပြာကျသွားစေရန် ထပ်မံမီးရှို့ကြပြန်၏။ နိရောဓသမာပတ် ဝင်စားနေသည့် ပုဂ္ဂိုလ်အား အသက်အန္တရာယ်ပြု၍ မရစကောင်းသော်ငြား ထိုမိန်းမများအား ဒုတိယအကြိမ် မီးရှို့သတ်သည့် အကုသိုလ်ကံကြောင့် ငရဲ၌ အနှစ်တစ်သိန်းခံရပြီး ဘဝတစ်ရာပတ်လုံး မီးလောင်ကျွမ်းကာ သေဆုံးကြရရှာသည်။

ကုသိုလ်ကံမှ လွှဲဖယ်ရှောင်ခွာလျက် ပါပညစ်ကျူ မကောင်းမှုကိုသာ စီမံပြုလုပ်အားထုတ်ကြသည့် သတ္တဝါတို့သည် သံသရာဝဋ်ဆင်းရဲ၌ အမြဲမပြတ် အထပ်ထပ်ပြေးလွှားကာ ချမ်းသာနှင့်ဆင်းရဲကိုသော်မှ ပေါ်ချည် နစ်ချည် ကျင်လည် ခံစားကြရကုန်၏ဟု ဗုဒ္ဓဆုံးမတော်မူသည်။

အကုသိုလ်ကံဝဋ်ကြွေးကား ဓမ္မသံဝေဂယူဖွယ် ကြောက်မက်ဖွယ်ရာကောင်းလှပါဘိတော့။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## မကျည်းတန်၏ ကမ္မဖလ

လူတွေဟာ အချို့ကလှပြီး အချို့က အရုပ်ဆိုးတယ်။ အချို့က ချမ်းသာပြီး အချို့မှာ ဆင်းရဲတယ်။ ဣဋ္ဌာရုံ အနိဋ္ဌာရုံ ရှုပ်ထွေးစုံတဲ့ လောကဓာတ်ခုံ လူတို့ဘုံဟာ တစ်ပြေးညီတည်း ရှိမနေတာတော့ အမှန်ပဲ။ ဘာကြောင့်များ လှလှပပတွေချည်း ဖြစ်မနေရတာလဲ။ ဘာကြောင့်များ ချမ်းချမ်းသာသာတွေချည်း ရှိမနေရတာတဲ့လဲ။

သူမ၏ဘဝကို စိတ်ပျက်အားငယ်မိတိုင်း သည်အတွေး သည်မေးခွန်းတွေ ရင်ထဲအသည်းထဲအထိ နက်နက်နဲနဲ တိုးဝင်လာပြီး တနုံ့နုံ့ခံစားရစမြဲ။

ငယ်စဉ်က သူများတွေနောက်ပြောင်လာတိုင်း အမေ့ကို ငိုယိုရန်တွေ့ခဲ့၏။

"ကျွန်မကို ဘာလို့ ခါးကုန်းအောင်မွေးခဲ့တာလဲ အမေ။ လှလှပပလေး ဘာလို့မမွေးပေးခဲ့တာလဲ"

ခါးကုန်းတာ အမေ့ကြောင့်မဟုတ်ဘဲ သူ့ဘာသာမွေးလာတာပဲဟု ကလေးသဘာဝ အသိတော့ရှိခဲ့ပါ၏။ သို့ပေမယ့် မွေးထုတ်ခဲ့သော အမေ့ကို တရားခံပြုကာ ရန်ရှာသမှုတွေလုပ်ခဲ့မိပေသည်။ ထိုအခါမျိုးတွင် အမေက ရယ်ရယ်မောမောပြောခဲ့၏။

www.burmeseclassic.com



"ဟဲ့ . . . မိန်းကလေးရဲ့၊ သားသမီးတွေအားလုံး အချောချည်း၊ နင်တစ်ယောက်တည်း ဘယ်ကအဖွားကြီးဝင်စားမှန်းမသိ။ နင့်ဟာနင်ကုန်းပြီး ငါ့ဗိုက်ထဲက ထွက်လာတာ ငါဘာတတ်နိုင်မှာလဲ"

"ရှင်မဗိုက်ထဲက ထွက်လာတာဟုတ်လို့လား။ ကလေးကို ဘာလို့လိမ်တာလဲ။ ကျုပ် အမှိုက်ပုံကကောက်လာပြီး မွေးစားခဲ့တာ။ မွေးစားသမီးမို့ အရုပ်ဆိုးတာပေါ့"

အမေတစ်လှည့် အဖေတစ်လှည့် သူမကိုချစ်စနိုး ကျီစယ်နေကြသောအခါ ရှိုက်ကြီးတငင်ပင် ခြေဆောင့်ငိုခဲ့၏။ အမေ့ကျောကိုထုရိုက်၍ အဖေ့ရင်ဘတ်ကိုလည်း ကုတ်ဆွဲတော့၏။ အဖေနှင့် အမေထံမှ ရယ်သံများ တသောသောညံခဲ့သည်သာဖြစ်၏။

"ဆင်းရဲလိုက်တာ၊ ဘယ်တော့များမှ ကျွန်ဘဝက လွတ်မလဲမသိဘူး။ ယောသကသူဌေးအိမ်မှာ နေရပါလျက်နဲ့ သူဌေးကတော်ဝမ်းထဲ မဝင်မိတာနာတယ်"

လိုချင်သည့် အဆင်တန်ဆာ ပူဆာ၍မရတိုင်းလည်း အမေ့ကို ထေ့ငေါ့စောင်းချိတ်မိပြန်သည်။ ထိုအခါများမှာလည်း အမေသည် ရယ်ရယ်မောမော။

"ဒါလဲ . . . နင့်အမှားပေါ့ မိန်းကလေးရဲ့၊ သူဌေးကတော် ဝမ်းထဲဝင်ခဲ့ရင် သူဌေးသမီးဖြစ်ပြီး ရတနာတွေ သီးနေအောင် ဆင်ရမှာပေါ့၊ ခုတော့ နင်က ကျွန်မဝမ်းထဲလာဝင်တာကိုး။ ကျွန်မကမွေးတဲ့ သပေါက်မလေးပဲ ဖြစ်မှာပေါ့ဟဲ့"

အမေသည် ရွက်ကျပင်ပေါက်ပမာ ကျရာဘဝမှာ ပျော်မွေ့နိုင်ပုံရ၏။ စကားနာထိုးပြီး အမျိုးမျိုးရန်ရှာခဲ့စေကာမူ အမေ့မှာတော့ ဘာခံစားချက်မျှ ရှိဟန်မပြ။ အရယ်ပင် မပျက်။ သူမသာ သူမဘဝကို အလိုမကျ ဆန္ဒမပြည့်ဝသဖြင့် အမေ့ကို စိတ်နာရမည်လား၊ အဖေ့ကိုပဲ နာကြည်းရမည်လား၊ စဉ်းစား၍မရ။

"အိုလေ . . . ဒီအကြောင်းတွေ ပြန်ပြောင်းမတွေးတော့ပါဘူး" ဟု ဦးခေါင်းကို ဆတ်ခနဲ ယမ်းခါပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျေနပ်ခြင်း စဉ်းငယ်မျှပင်မရှိသော သူမ၏ဘဝအတွက် အစဉ်သဖြင့် စိတ်ဓာတ်ကျစွာ ရှိနေရသည်။

ထိုစဉ်မှာ "အဖွားကြီးအို . . . ခါးကုန်းကုန်း" ဟု လမ်းပေါ်က လူနောက်ကလေးတွေ မကြားတကြား လှောင်ပြောင်လိုက်ပြန်သေး၏။

စဉ်းစားဖို့တောင် မကောင်းတော့သည့်ဘဝပါပဲ။

သူမမှာ မိန်းမသားမို့ မလှချင်ဘဲ ရှိပါမည်လား။ အခြေအရံတွေနှင့် ရွှေဘုံပေါ်မှာ မစံချင်ဘဲ နေပါမည်လား။ ယခုတော့ နံရျာလွန်းသည့်ဘဝ။ အစစနိမ့်ကျရသည်။ သူတစ်ပါး ခြေဖဝါးအောက်က မြေမှုန့် . . .

သူဌေးအိမ်က အထိန်းတော်၏သမီး . . . သူမကိုယ်တိုင်လည်း ကျွန်စာရင်းဝင် အထိန်းတော် . . . ။

ဆင်းရဲရုံသာမက ရုပ်မလှ ခါးကလည်း ကုန်းလိုက်ရသေး။

သူမကို မသိသူ ခပ်ရှားရှား၊ သိသူက ခပ်များများပါ။

ဥမ္မာဒန္တီ၊ ပဘာဝတီတို့လို သိပ်ချောသိပ်လှလျှင်လည်း လူသိများတတ်သည်။ ပဋာပါပီလို အကျည်းတန်လွန်းပြန်လျှင်လည်း လူသိမရှား ရှိတတ်သည်။ သူမလည်း ထို့အတူပင် တစ်နေ့လုံး ထိုင်ကြည့်သော်မှ ဘဝင်အသည်းရင်ထဲငြိစရာ အလှရှာမရ၊ ခါးကုန်းလှသည့် အကျည်းတန်မ . . . ။

သို့ကြောင့်မို့ လူနှင့်လိုက်အောင် အနွတ္တအမည်တွင်ပြီး "ခုဇ္ဇုတ္တရာ" ဟူ၍ ထင်ရှားခဲ့သည်ပဲ။

ရင်းနှီးသူ ငယ်သူတွေကတော့ သူမ၏အားနည်းချက်ကို ရက်စက်ရင့်သီးစွာ မခေါ်ဘဲ ဒေါ်ဥတ္တရာဟူ၍ အသိအမှတ်ပြုကြသည်မို့ ကျေးဇူးတင်ရပါသေးသည်။

သူမ၏အသက်အရွယ် ကြီးရင့်လာသည့်တိုင်လည်း ဒေါ်ဥတ္တရာ (ဒေါ်သူငယ်မ) ဟူသော အသုံးအနှုန်းကို အားလုံးနှုတ်ကျိုးနေကြပေပြီ။

"ဘယ်သွားမလို့လဲ ဒေါ်ဥတ္တရာ"

"အရှင်မအတွက် ပန်းသွားဝယ်ဖို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လာသူတွေကို အဖြေပေးနေကျစကား။

အရှင်မအတွက် နေ့စဉ်နံနက်တိုင်း ပန်းဝယ်ဆက်ရသောတာဝန်ကြောင့် ပန်းသည် ဒေါ်သုမနအိမ်သို့ ပုံမှန်ရောက်နေ၏။

ယခုတော့ . . .

ဒေါ်သုမနအိမ်သို့ ရောက်သည်နှင့် သူမ မျက်မှောင်ကြုတ်ကာ နဖူးတွန့် သွားရပါ၏။

အိမ်ရှေ့မှာ ပန်းခြင်းများ ဆိုင်အပြည့်ခင်းထားတတ်မြဲဖြစ်ပါလျက် သူမ တွေ့ရတာကတော့ဖြင့် ယခင်နေ့များနှင့်မတူ တစ်မူထူးနေ၏။ အိမ်ရှေ့မှာ ဟာလာဟင်းလင်း ရှင်းလို့ပြောင်လို့ . . . ။

အိမ်ထဲမှာတော့ အိမ်နီးချင်းတွေ စည်စည်ကားကား . . . ။

အမှိုက်လှည်းသူ၊ ကော်ဇောခင်းသူ၊ ပန်းအလှပြင်သူ၊ ခန်းဆီးအသစ်လဲလှယ် တပ်ဆင်နေသူတွေ ပျာယာခတ် အလုပ်ရှုပ်နေကြသည်။

အိမ်နံဘေး ဝင်းခြံတွင်းမတော့ ချက်ပြုတ်နေကြသူတွေ ချွေးတလုံးလုံး ဖြင့် . . . ။

သူတို့အားလုံး၏ မျက်နှာတွေ ပြုံးပျော်မြူးကြွနေ၏။ ဆန္ဒပြင်းပြစွာ အလိုရှိအပ်သည်တို့ ပြည့်ဝသဖြင့် ဝမ်းမြောက်ဝမ်းသာ ကျေနပ်ကြည်နူးနေကြသည့်ပုံမျိုးဖြစ်သည်။

ရှုးစမ်းသောမျက်လုံးများဖြင့် စိတ်ဝင်တစား ငေးမောမိစဉ်မှာပင် ဒေါ်သုမန အိမ်ထဲကထွက်လာ၏။

"ဒေါ်ဥတ္တရာပါလား၊ ရောက်နေတာကြာပြီလား။ အားနာစရာ ကောင်းလိုက်တာ။ လှမ်းခေါ်လိုက်ရောပေါ့"

ဒေါ်သုမနက ချေးသည်ပီပီ ပြုံးရွှင်ဖော်ရွေစွာ စကားဆို၏။

"ခုလေးတင်ရောက်တာပါ။ ဆိုင်ခင်းထားတာမတွေ့ဘူး။ ဒီနေ့ ပန်းမရောင်းတော့ဘူးလား။ ဘာတွေလုပ်နေကြတာလဲ"

သူမ၏ အမေးကို ဒေါ်သုမန ခေါင်းယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းမရောင်းတော့ဘူး ဒေါ်ဥတ္တရာ၊ ကျွန်မတို့အိမ်မှာ ဆွမ်းကပ်လှူမလို့ စီစဉ်နေကြတယ်။ ပန်းတွေအလှပြင်ပြီး ပူဇော်မယ်လေ"

သူမ မျက်နှာပျက်သွား၏။ လာရသည့်ခရီးကနီးနီးကလေးမဟုတ်။ ဒေါ်သုမနဆီက ပန်းမရလို့ တခြားသွားရှာဖို့လည်း အချိန်မရတော့။ လူကလည်း အသက်ကလေးထောက်လာသမို့ ဟိုနားဒီနားသွားတာလောက်ပင် မောချင်ချင်။ နေ့တိုင်း ပန်းဆက်နေကျ၊ ဒီနေ့မရလျှင် အရှင်မ မျက်နှာညို တော့မည်။

"ပန်းမရောင်းလို့ မဖြစ်ဘူးထင်တယ် ဒေါ်သုမနရယ်။ လေးကျပ်ဖိုးတော့ ရောင်းပေးပါ။ နေ့တိုင်းဝယ်နေကျပဲဟာ . . . "

"အားတော့နာပါရဲ့။ ပိုက်ဆံဆိုတာ နေ့တိုင်းရှာနေကျပဲ။ ကုသိုလ်က အင်မတန်ကံစပ်ပြီး တိုက်ဆိုင်လို့ရတာ။ မလှူရသေးဘဲ ဦးဦးဖျားဖျားတော့ ဘယ်နည်းနဲ့မှ မရောင်းနိုင်ဘူး . . . ဒေါ်ဥတ္တရာ"

သူမ စိတ်ဓာတ်အကြီးအကျယ် ကျသွား၏။ ဒေါ်သုမနခြံထွက် ပန်းတွေ နည်းတာမှမဟုတ်ဘဲ။ ဒီနေ့ သူ မရောင်းချင်လို့ သက်သက်ကတ်နေတာဟု စိတ်ထဲက မျက်ချင်ချင်။ ပန်းကြိုက်လှသည့် အရှင်မ မျက်နှာညိုးမှာကိုလည်း မမြင်ချင်။

"ရှင်ကလဲ မရောင်းနိုင်ဘူးလို့ အပြတ်ပြောနေတော့ ကျွန်မမှာ အခက်တွေ့ပါပေါ့ ဒေါ်သုမနရယ်"

သူမအား ဒေါ်သုမန တွေခနဲတစ်ချက်စိုက်ကြည့်ပြီးနောက် ကရုဏာပြုံးဖြင့် ခေါင်းညိတ်လိုက်သည်။

"ဗုဒ္ဓနဲ့ သာဝကတွေကို ဆွမ်းကပ်မှုယ် အလှူပွဲမှာ ပန်းပူဇော်မယ်ဆိုပြီး မရောင်းတော့ဘူးလို့ စိတ်ကူးထားတာပါ။ ဒီနေ့ ပွင့်တဲ့ ပန်းတွေကတော့ ထူးထူးခြားခြား နေ့တိုင်းထက်ပိုများပါတယ်။ ဒီလိုလုပ်ပါလား ဒေါ်ဥတ္တရာ။ ဗုဒ္ဓကြွလာတဲ့အထိ စောင့်ပြီး ရှင် တရားနာလိုက်ပါလား။ ကိစ္စပြီးစီးတဲ့အခါ ပန်းပိုတွေ ရောင်းပေးမယ်။ ကျေနပ်ပလား"

ဗုဒ္ဓဆိုသည့်အသံ၊ တရားနာလိုက်ပါလားဆိုသည့် စကားကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းထိပ်မှ ခြေဖျားသို့တိုင် ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထသွားပြီး ကျောထဲအထိ စိမ့်ဝင်အေးမြသွားရပေသည်။

တရားနာနေလျှင် အရှင်မအဆောင်သို့ ပန်းဆက်ဖို့အရောက်နောက်ကျမည်။ စိတ်ဆိုးလျှင်လည်း ဆိုးစေတော့။ မျက်မာန်တော်ရှ၍ အပြစ်ဒဏ်ကျလျှင်လည်း ခံလိုက်ရုံသာ ရှိတော့သည်။ ဗုဒ္ဓ၏ တရားတော်ကို နာကြားရမည့်အခွင့်အရေး ကြုံခဲပါဘိခြင်း။ တရားလည်းနာရမည်။ ပန်းလည်း ဝယ်နိုင်မည်ဆိုလျှင်တော့ . . . ။

သူမ ခေါင်းသွက်သွက်ကလေး ညိတ်ပြီး ဒေါ်သုမနနှင့်အတူ အိမ်ထဲသို့ ဝင်လိုက်လာခဲ့၏။ တစ်အိမ်လုံး ပန်းမျိုးစုံဝေနေသည်။ ပန်းဖူးပန်းခိုင် ပန်းခက် ပန်းအိုး ပန်းအမျိုးမျိုး၏ မွှေးရနံ့တို့သည်လည်း သင်းပျံ့ကြိုင်လှိုင်နေလေ၏။ ရွှေနန်းတော်ကြီးလို မခမ်းနား မထည်ဝါသော်ငြား ဆင်းရဲသားတို့ဘာဝ သုလုပပ သန့်သန့်ပြန့်ပြန့် ရှုချင်စဖွယ် တင့်တယ်လှပါ၏။

ဗုဒ္ဓမြတ်စွာ ကြွတော်မူလာသောအခါ ဗုဒ္ဓ၏အဆင်းကျက်သရေတော်ကို ကြည်ညိုလျက် ဂုဏ်တော်၌ သက်ဝင်၍နေမိသောကြောင့် မျက်တောင်ခတ်ရန်ပင် မေ့လျော့နေသည်။ သာယာကြည်လင် ချိုမြသောအသံတော်ဖြင့် တရားဟောနေစဉ် တစ်ခုတည်းသော ဧကဂ္ဂတာစိတ်ဖြင့် နာယူပြီး အလွတ်ရသည့်တိုင် မှတ်သားထားလိုက်ပါသည်။

တရားပွဲအဆုံးမှာ သောတာပတ္တိဖိုလ်တည်ကာ သူမ အရိယာအနွယ်ဝင်သူတော်စင် ဖြစ်သွားရပါပြီ။

သောတာပန်ဟူသည် . . . မိမိအသက်နှင့်လဲလှယ်ကာ ပဉ္စသီလကို မြဲမြံခိုင်ခံ့စွာ စောင့်ထိန်းတတ်ကြပါ၏။ တစ်ပါးသူတို့အပေါ်၌ အပါယ်လားနိုင်သည်အထိ မနာလိုဝန်တိုစိတ်လည်း မထားတော့ပေ။ အယူမှားခြင်း မိစ္ဆာဒိဋ္ဌိကိုလည်း တစ်သက်တာအပြတ်ခွာ၏။ ဘုရား၊ တရား၊ သံဃာ (သီလ သမာဓိ ပညာ) သိက္ခာသုံးပါး၊ အတိတ်သံသရာ၊ အနာဂတ်သံသရာ၊ အတိတ်နှင့် အနာဂတ်သံသရာ၊ ပဋိစ္စသမုပ္ပာဒ်တရား . . . ဤရှစ်ပါးတို့၌ ဝိစိကိစ္ဆာယုံမှားသံသယရှိခြင်းကိုလည်း အကြွင်းမဲ့ပယ်ဖြတ်၏။ ခွေးလို နွားလို

www.burmeseclassic.com

www.burmeseclassic.com



ကျင့်သော တိတ္ထိတို့၏လမ်းစဉ် သီလဗ္ဗတာပရာမာသလည်း မကပ်ငြိနိုင်တော့ပြီ။

တရားတော်ကို တစ်လုံးတစ်ပါဒမကျန် မှတ်မှတ်သားသား နာယူခဲ့ရ၏။

ပန်းကိုလည်း အသပြာရှစ်ကျပ်ဖိုး နှစ်ဆတိုး၍ ဝယ်ခဲ့သည်။

ဒေါ်သုမနအား ကျေးဖူးတင်စကား ထပ်ကာမနား တဖွဖွပြောကြားမိသည်အထိ စိတ်နှလုံး ရွှင်ပြုံးဝမ်းမြောက်လှတော့သည်။

အခစားနောက်ကျသဖြင့် အရှင်မစိတ်ဆိုးလျှင် ပန်းနှစ်ဆတိုးပေးပြီး ဗုဒ္ဓ၏ တရားတော်ကို ဓမ္မဒါနအဖြစ် တစ်ဆင့်ဖြန့်ဝေ လက်ဆောင်ပေးလိုက်မည်။ ကျေရာကျေကြောင်း တောင်းပန်လျှင်တော့ ရနိုင်ကောင်းပါရဲ့။

အပြန်လမ်းတွင် ပီတိလွှမ်းသော မျက်နှာဖြင့် အပြုံးပန်းများ လှိုင်လှိုင်ပွင့်နေပေတော့၏။

ဗုဒ္ဓမြတ်စွာက ကံ–ကံရဲ့အကျိုးကို ယုံကြည်လက်ခံရမယ်လို့ ဆုံးမညွှန်ပြခဲ့တာပဲ။ လူသားတွေနဲ့လောက တစ်ပြေးညီမရှိမှုကို ဘယ်တန်ခိုးရှင်ကမှ ဖန်ဆင်းခဲ့တာမဟုတ်ဘူးတဲ့။ ကံက ပစ်ချပေးလိုက်တဲ့ ကမ္မမျိုးစေ့ကနေပြီး သန္ဓေတည် မွေးဖွားလာသူတွေချည်းသာ ဖြစ်ပါသတဲ့။

. . . , ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ . . . လို့ ပဋိစ္စသမုပ္ပါဒ် သံသရာရဲ့တတ်ပုံမှာ ဆိုထားတယ်။ အာရုံအတွေ့မှာ ခံစား၊ ခံစားတော့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတဲ့အတွက် ပြုလုပ်၊ ပြုလုပ်တာကြောင့် ပဋိသန္ဓေနေမှုဖြစ် . . . အဲဒီမှာ ဘဝဆိုတာ ကမ္မဘဝပဲ။ စေတနာပါတဲ့ ပြုလုပ်မှုကို ပါဠိလို ကမ္မလို့ ခေါ်တယ်။ ကမ္မကနေပြီး ကံဆိုတဲ့စကား ဖြစ်လာတာပဲ။ **ကံကောင်းချင်ရင် ကောင်းတာကိုလုပ်–ကောင်းကျိုးခံစားရမယ်။ မကောင်းတာလုပ်တော့ မကောင်းကျိုးခံစားရပြီး ကံမကောင်းသူ ဖြစ်လာတယ်။ ကံကောင်း မကောင်းဆိုတာ မိမိတို့ရဲ့ အပြုအမူ–အပြောအဆို–အကြံအစည် ကောင်း**

www.burmeseclassic.com

www.burmeseclassic.com



မကောင်းအပေါ် တိုက်ရိုက်မူတည်တယ်။ ဒါကြောင့်လည်း ဘယ်သူမပြု မိမိမှု ဆိုတဲ့ စကားရှိခဲ့တာပဲ။

ပဋိစ္စသမုပ္ပာဒ် အနုလောမနည်းနဲ့ ကံဟာ ဘဝသံသရာအဆက်ဆက်ရဲ့ ဇာတ်ဆရာပါပဲ။ သံသရာပြတ်ချင်ရင် ကံကိုဖယ်ရှားပစ်ရမယ်။ ကံဖယ်ရှားပစ်ဖို့ကတော့ ဉာဏ်ဦးစီးတဲ့ ပဋိစ္စသမုပ္ပာဒ် ပဋိလောမနည်း ကျင့်သုံးရမှာပဲ။

တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စမျက်လုံးနဲ့ ဘဝကို အနုလောမရှုထောင့်ကကြည့်ရင် ပုဂ္ဂိုလ်သတ္တဝါလို့မြင်တယ်။ တဏှာမျက်စိနဲ့ ဘဝကို တပ်မက်စရာလို့မြင်တယ်။ မာနမျက်စိနဲ့ မာန်တက်စရာအဖြစ်မြင်တယ်။ ဒိဋ္ဌိမျက်စိနဲ့ကျတော့ ဘဝဟာ အားကိုးစရာပေါ့။ ဒါကြောင့် လူတွေဟာ ဘဝကို တပ်မက်နေကြတယ်။ မာန်တက်နေကြတယ်။ အားကိုးနေကြတယ်လေ။

ဉာဏ်ဦးစီးတဲ့ ပဋိလောမရှုထောင့်ကကြည့်ရင် ဘဝဆိုတာ ရုပ်နာမ်ခန္ဓာအစုအဝေးသာ ဖြစ်တယ်။ မဂ္ဂင်မျက်စိနဲ့ ကြည့်တော့ ခဏတိုင်း ခဏတိုင်းမှာ ဖြစ်လိုက်ပျက်လိုက်ရှိနေတဲ့ ဖြစ်ပျက်အစဉ်သာ ဖြစ်တယ်။ အဲဒီ မတည်မမြဲ ဖောက်လွဲဖောက်ပြန်ဖြစ်နေတဲ့ ဘဝဟာ တပ်မက်စရာလည်းမဟုတ်။ မာန်တက်စရာလည်းမဟုတ်။ အားကိုးစရာ အခိုင်အမာလည်း မရှိပေဘူး။

ဒါကြောင့် ဝိဇ္ဇာဆိုတဲ့ အမှန်အတိုင်း သိမှုကို အခြေခံပြီး ဘဝကို ပဋိလောမရှုထောင့်က ဉာဏ်နဲ့ ရှုမြင်သုံးသပ်သွားဖို့ အင်မတန်မှ အရေးကြီးတာပဲ။

ဗုဒ္ဓကိုဖူးတွေ့၍ ဗုဒ္ဓတရားတော်ကို နာကြားရပြီးသောအခါ ဝယ် ကံကောင်း–ကံဆိုး၊ အကြောင်း–အကျိုးဖြစ်ပုံနှင့် လောကကြီး၏ တစ်ပြေးညီမရှိမှုအကြောင်းရင်းကို နားလည်သဘောပေါက်ခဲ့သည်။ ဘဝအပေါ်၌ ဉာဏ်အမြင် အမှန်ထင်မှုတို့သည်လည်း ပီပြင်ရှင်းလင်းခဲ့ရသည်။

တရားတည်းဟူသော ဓမ္မဆေးဖြင့် လှုပ်လီလှုပ်လဲ့ လေးတွဲ့တွဲ့ရှိခဲ့သော ခြေလှမ်းများသည်ပင် သွက်လက်တက်ကြွလာခဲ့ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ကိုင်ဆောင်လာသောပန်းများနှင့်အတူ သူမ၏စိတ်သည်လည်း လန်းဆန်းလှပမြူးကြွလျက် . . .

× × ×

သူမသည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်အခါကပင် စေတီဆုကိုပန်ဆင်ကာ နိယတဗျာဒိတ်ရခဲ့ပြီးသူဖြစ်ပါ၏။ ထိုကာလမှစ၍ ကမ္ဘာတစ်သိန်းပတ်လုံး သူဌေးသမီးအဖြစ် လူ့ပြည်မှာ ဘဝပေါင်းများစွာ၊ နတ်ပြည်မှာ ဘဝပေါင်းများစွာ၊ ကာမသုဂတိဘုံတို့၌သာ အခါခါ ကျင်လည်ခံစားခဲ့ရပါ၏။

ဤဘဒ္ဒကမ္ဘာ ကဿပမြတ်စွာဘုရားပွင့်တော်မူသည့်အခါမှာ ဗာရာဏသီပြည်တွင် သူဌေးသမီးဖြစ်ရပြန်သည်။ ထိုသူဌေးသမီးနှင့် ခင်မင်ရင်းနှီးသည့် အာသဝေါကုန်ခန်းပြီးသော ရဟန္တာထေရီတစ်ပါးသည် နေ့သန့်ကိစ္စများပြီးစီး၍ ညနေချမ်းအချိန်ဝယ် သူဌေးသမီး ဖူးမြော်ခွင့်ရစေရန် ရောက်လာ၏။

သူဌေးသမီးကား ကြေးမုံပြင်တွင် တန်ဆာဆင်အလှပြင်နေ၏။ အနီးအနားမှာ ခိုင်းစေရမည့်သူ တစ်ဦးတစ်ယောက်မျှမရှိ၊ ထေရီမက မလှမ်းမကမ်းမှာ ထိုင်လိုက်သည်။

"တပည့်တော်အလှပြင်ဆဲမို့ ဝစီကံ–မနောကံနဲ့ပဲ ရိုသေမြတ်နိုးရှိခိုးပါတယ်။ တပည့်တော်ကို သနားသဖြင့် လက်ဝတ်လက်စား အဆင်တန်ဆာဘူးလေးကို ယူပေးပါဦး။ ညောင်စောင်းပေါ်က ခေါင်းအုံးအောက်မှာ ရှိပါတယ်"

ရိုင်းပျကြမ်းတမ်းစွာ အမိန့်ပေးခိုင်းစေခြင်းလည်း မဟုတ်ပါ။ အလွန်ပင်ယဉ်ကျေးချိုသာစွာဖြင့် အကူအညီတောင်းသည့်သဘောမျိုးဖြင့် ခိုင်းမိခဲ့ပါ၏။ ထိုအခါ ထေရီမက ကြံဆမြင်တွေး ရှေ့ရေးကိုကြံသိ၏။

"ဒီမိန်းကလေးတော့ သူခိုင်းတာကို ယူမပေးရင် ငါ့ကိုစိတ်ဆိုး ရန်ငြိုးဖွဲ့မိပြီး ငရဲရောက်တော့မှာပဲ။ ယူပေးပြန်ရင်လည်း သူတစ်ပါးရဲ့ အခိုင်းအစေကျွန်ဘဝရောက်ရလိမ့်မယ်။ အပါယ်ကျတာနဲ့စာရင် ကျွန် ဖြစ်ရတာကမှ တော်ချည်သေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးဖြင့် သူဌေးသမီးကို သနားလျက် ထေရီမသည် ခိုင်းစေသော အမှုကို ထ၍ပြုလုပ်ပေးလိုက်၏။ အမှတ်တမဲ့လေး ခိုင်းမိသည်ဆိုသော်လည်း မိမိထက် သီလမြင့်သူ၊ ဂုဏ်မြင့်သူ၊ အသက်ကြီးသူဖြစ်သောကြောင့် သူမသည် ယခုဘဝ ခုန္ဒုတ္တရာဖြစ်သည်အထိ ဘဝငါးရာတိုတို သူတစ်ပါး၏ အိမ်တွင် အခိုင်းအစေကျွန်မ ဖြစ်ခဲ့ရရှာ၏။

ခါးကုန်းကြီး ဖြစ်ရသည်မှာတော့ . . .

သဗ္ဗညုတဘုရားရှင် တစ်ဆူနှင့် တစ်ဆူကြား သာသနာပအခါများတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ပွင့်ထွန်းပေါ်ပေါက်တတ်ပါသည်။ ဂေါတမ မြတ်စွာဘုရားပွင့်တော်မမူမီ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းပြုစဉ် သူမသည် မောင်းမမိဿံတစ်ဦးဖြစ်ခဲ့၏။ နန်းတော်သို့ ဆွမ်းခံကြွတော်မူလာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးအနက် တစ်ပါးသည် ခါးအနည်းငယ်ကုန်း၏။ ဤသည်ကိုမြင်သော မောင်းမငယ်သည် ကမ္ဗလာရုံ၍ ရွှေခွက်ကိုကိုင်ကာ ခါးကုန်းသော ပစ္စေကဗုဒ္ဓါအရှင်မြတ် အသွင်ပမာ လှည့်လည်လျက် အဖော်မတို့အား ကုန်းကုန်းကွကွ လုပ်ပြဘိ၏။ အရှင်မြတ်နောက်ကွယ်တွင် လှောင်ပြောင်ပျက်ရယ်ပြုကာ ဟားတိုက်မိခဲ့ပါ၏။ ထိုမကောင်းမှုကံ စေတနာကြောင့် ခါးကုန်းမဘဝသို့ကျရောက် ဝဋ်လည်ခဲ့ရပေသည်။

**မပြောပလောက်သော အသေးအမွှားဟု ထင်မိမှားကာ အမှတ်တမဲ့ ပြုခဲ့သည့် မကောင်းမှုကံ၏အကျိုးဝိပါက်သည် ရံခါ ဘဝသံသရာ တစ်လျှောက် ကျောကော့အောင် ခံကြရတတ်၏။**

မြွေပွေးကို ငယ်သည်ဟု အလမ္ပာယ်မပြုနှင့် ဆိုသည့်စကားကဲ့သို့ အကုသိုလ်ကံကိုလည်း ဒါလေးများဟု ယောင်မှားကာပင်မပြုမိဖို့ သင်ခန်းစာ ယူဖွယ်ကောင်းလှပါပေသည်။

× × ×

"ပန်းတွေများလှချည်လား အမေ။ မောင်တော်က ဒီနေ့ ပန်းဖိုးပိုပြီး ချီးမြှင့်လိုက်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်ပါ ငယ်ကျွန်မို့ သူမအား အစဉ်ချစ်ခင်စွာ ပီယဝါစာဖြင့် အမေဟု ခေါ်တတ်၏။ အစစားနောက်ကျ၍ စိတ်ဆိုးမည်လားဟု စိုးရိမ်မိခဲ့သော်ငြား သူမအားခါတိုင်းကဲ့သို့ပင် ပြောဆိုဆက်ဆံလာသည်။

များပြားလှသော ပန်းတို့ကို မြင်ရသည့်ခဏ မိန်းမတို့သဘာဝ သဘောကျနှစ်သက်ခြင်းရှိသဖြင့် စိတ်ဆိုးရန်ပင် မေ့သွားလေသလား။ အရှင်မ၏ စိတ်နေစိတ်ထားကပင် သိမ်မွေ့နူးညံ့ပြီး ချိုမြ အေးဆေးသောကြောင့်ပင်လား။ ဝေခွဲ၍မရ ။ ဘာပဲဖြစ်ဖြစ် အရှင်မ အမျက်တော်မရှလျှင် တော်လှပြီဟု အောက်မေ့ရ၏။ ရင်ထဲမှာ ကျိတ်ပြီးဟင်းချလိုက်ရသည်။

အရှင်မလက်ထဲသို့ ပန်းကိုပေးဆက်ပြီးနောက် ပြုမိခဲ့သော အပြစ်တစ်စုံတစ်ရာကို ဝန်ခံရတော့မည်မို့ ခေါင်းငုံ့ချလိုက်သည်။ ရင်ထဲ၌မူ ပူလောင်ခြင်းတော့မရှိ။ အမှန်တရားကို ရင်ဆိုင်ဖို့ အားပြည့်နေသည်။

“ဘုရင်မင်းမြတ် ပန်းဖိုးပိုမပေးပါ အရှင့်မ။ နေ့စဉ်အသပြာရှစ်ကျပ်ပေးနေကျပါ။ ဒါပေမယ့် ခါတိုင်းနေ့တွေမှာ လေးကျပ်ဖိုးသာဝယ်ပြီး ကျန်လေးကျပ်ကို ကျွန်တော်မ ယူမိခဲ့ပါတယ်။ ဒီနေ့ကျတော့ ဗုဒ္ဓရဲ့ တရားတော်ကို နာယူခဲ့ရလို့ အရှင်မပေးတဲ့ဥစ္စာကို ခိုးယူခြင်းဆိုတဲ့ မကောင်းမှုပြုဖို့ကြောက်ရွံ့ဝန်လေးပြီး ရှစ်ကျပ်ဖိုးလုံး ပန်းဝယ်ခဲ့ပါတယ်အရှင်မ”

အရှင်မ၏ သန္တာသွေးနှုတ်ခမ်းလွှာကလေးများ ပွင့်ဟ၍သွား၏။ အံ့သြသောမျက်ဝန်းများဖြင့် သူမထံစူးစိုက်အကြည့်ရောက်လာသည်။ အရှင်မ၏ မျက်နှာအနေအထား ပြောင်းလဲခက်ထန်လာလေမလားဟု သူမ မဝံ့မရဲ အကဲခတ်နေမိ၏။

အနည်းငယ်မျှသော ဥစ္စာပင် ဖြစ်သော်ငြား မင်းဘဏ္ဍာမို့ အမျက်တော်သင့်၍ အပြစ်ဒဏ်ဆင့်လာလျှင်လည်း ခံရရုံသာရှိပါ၏။ မိမိကိုယ်တိုင်က မရိုးသားမဖြောင့်မတ်သော စိတ်ဖြင့် တိတ်တဆိတ်ယူခဲ့သည်မှာ နေ့ပေါင်းများစွာ။ အပြစ်ဒဏ်နှင့်လည်း ထိုက်တန်ပါ၏။ သောတာပန် အရိယာတို့ မည်သည် လိမ်လည်စကားပြောကြားခြင်းကို အသက်ထက်ဆုံး ပြုလုပ်တော့မည် မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ဗုဒ္ဓရဲ့ တရားတော်ကို နာကြားနေလို့ နောက်ကျတာပေါ့ . . ဟုတ်လား"

"မှန်ပါတယ် အရှင်မ"

မကွယ်မဝှက် ဟုတ်တိုင်းမှန်စွာပင်ဖြေ၏။

"နေ့တိုင်း အသပြာလေးကျပ်ယူမှုနဲ့ ဒီနေ့ပန်းဆက်နောက်ကျတဲ့အတွက် အပြစ်ဒဏ်ပေးရလိမ့်မယ်"

ကြည်သော်လည်း တည်သောမျက်နှာထားဖြင့် ပြောလာသည့် အရှင်မထံ ဖျတ်ခနဲလှမ်းကြည့်ကာ ရင်မှာထိတ်ခနဲဖြစ်သွားရပါသည်။ ချိုသာသော စကားသံဖြင့် ဆိုသော်ငြား သွေးအေးအေးဖြင့် ရက်စက်တော့မည်လား။ ပင်ကိုစိတ်နှလုံးနူးညံ့ပျော့ပျောင်းသူ၊ ကြင်နာသနားတတ်သူမို့ သူမအား အရေးယူပါမည်လား။ ဝေခွဲမ...

နှလုံးလှုပ်ရှား အခုန်များလျက် မျက်နှာကို အောက်ချထားလိုက်၏။ ထားလျှင်လည်းရှင်၊ သတ်လျှင်လည်းသေ သူတို့လက်ခုပ်ထဲကရေမို့ ဘာမျှမတတ်နိုင်။ ဖြစ်လာသမျှ ကံအကြောင်းတရားပါပဲဟု အောက်မေ့ကာသာနေမိ၏။

"စိုးရိမ်သွားသလား အမေ"

အတန်ငယ်ကြာတော့မှ အရှင်မဆီက စကားသံထွက်လာ၏။ ငုံ့ထားသော သူမ၏မျက်နှာကို ဖြည်းညင်းစွာ မော်ကြည့်လိုက်သည်။

တည်ခဲ့သော အရှင်မ၏ မျက်နှာသည် ယခုတော့ ပြုံးယောင်သမ်းနေပေပြီ။ သူမ သဘောပေါက်လိုက်ပါ၏။ သူမအား ကျီစယ် စိတ်စမ်းခဲ့သည်ပဲ။ စိတ်မောဟိုက်ရာမှ လွတ်မြောက်မှုတစ်ခု ရသကဲ့သို့ ပင့်သက်တစ်ချက်ကျိတ်၍ရှိုက်မိ၏။

"ဗုဒ္ဓရဲ့တရားတော်တွေကို ပြန်ဟောပြောပြနိုင်မလား"

စိတ်ဝင်တစားမေးလာသည့်အရှင်မအား ခေါင်းညိတ်ပြလိုက်သည်။

အရှင်မ၏ အပြုံးများသည် အရှင်မအား ပိုမို နုပျိုလှပသွားစေ၏။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မမျက်နှာပေါ်မှ သောက်ရှူးကြယ်ညီနောင်သည်လည်း စူးရှ၍ အရောင်တောက်ပလာသည် ထင်ပါ၏။

"ဟောပြနိုင်ပါတယ်။ ဗုဒ္ဓရဲ့တရားတော်ကို တစ်လုံးတစ်ပါဒမှ မကျန်ရအောင် မှတ်သားခဲ့ပါတယ် အရှင်မ . . . ဒါပေမယ့် . . . "

သူမ၏စကားကို ခေတ္တမျှဆိုင်းငံ့ထား၏။ အမှန်တကယ်ပြောရမည့်စကား ဖြစ်ပါလျက် ဒူးနေရာဒူး တော်နေရာတော် ဆိုသလို နေရသည့်ဘဝမို့ သင့် မသင့် ဝေဖန်ချင့်ချိန်နေမိဆဲ။

"ဒါပေမယ့် . . .ဘာဖြစ်သလဲ အမေ"

အမေးရှိလာမှ ဖြေရတာက ပိုကောင်းပါသည်။

"လောကရဲ့ အထွတ်အထိပ် မကိုဋ်ဦးသျှောင်သဖွယ် ဖြစ်တော်မူတဲ့ ဗုဒ္ဓရဲ့ တရားတော်ဟာလဲ အတိုင်းအဆမသိအောင် အနှိုင်းမဲ့ မြင့်မြတ်လှပါတယ်။ မြင့်မြတ်တဲ့ တရားတော်ကို ဟောကြားဖို့ရာ မြင့်တဲ့ မြတ်တဲ့နေရာမှာသာ သင့်တော်ပါတယ်။ ကျွန်တော်မက အမြင့်မှာတက်ထိုင်ပြီး အရှင်မက အောက်မှာဆိုရင် . . . "

အရှင်မသည် သူမထက် အသက်ပင်ငယ်လင့်ကစား မိဖုရားကြီးဟူသောဂုဏ်ဖြင့် ရှေ့ဆက်ပြောရမည့်စကားကို ဝန်လေးလှစွာ တစ်ပိုင်းတစ်စနှင့် ရပ်နားပစ်လိုက်၏။

"ဒီအတွက် မစိုးရိမ်ပါနဲ့အမေ၊ ဘုရင့်မိဖုရားမို့ လောကအမြင်နဲ့ မသင့်တော်ဘူးပဲထား . . . မြင့်မြတ်တဲ့တရားတော်ကို ရိုသေလေးစားတဲ့အနေနဲ့ အနိမ့်မှာထိုင်ဖို့ဝန်မလေးပါဘူး။ အမေသာ တရားချီးမြှင့်ဖို့ပြင်ဆင်ပါတော့"

"ကောင်းပါပြီ အရှင်မ"

အရှင်မ၏ သလွန်ညောင်စောင်းကို တရားဟော ပလ္လင်အဖြစ် စွမ်းနိုင်သမျှ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်လိုက်၏။ သူမကိုယ်တိုင်လည်း အမွှေးနံ့သာထုံထားသည့် ရေဖြင့်သန့်စင်လိုက်သည်။ အရှင်မချီးမြှင့်သည့် အဖိုးတန်အဝတ်အထည်ကို ဆင်မြန်းပြီး ဣန္ဒြေကို ကောင်းစွာလုံခြုံစေ၍ ဗုဒ္ဓ၏ ဂုဏ်တော်ကို ရည်မှန်းကာ ပလ္လင်ပေါ်မှာ ကျစ်လျစ်သိပ်သည်းစွာထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်ရှေ့မှ ကြမ်းပြင်တွင်မူ အရှင်မနှင့်တကွ အခြွေအရံအသင်းအပင်းများ ကိုင်းညွတ်သောကိုယ်ဖြင့် လက်အုပ်ချီလျက် တရားနာယူရန် တိတ်ဆိတ်ငြိမ်သက်စွာရှိကြ၏။

"မူလတရားပိုင်ရှင်ဖြစ်တော်မူတဲ့ ဗုဒ္ဓကို ပထမရှိခိုးပါမယ်။ ဗုဒ္ဓကို နှလုံးသွင်းလက်အုပ်ချီပြီး ရိုရိုသေသေနာယူပါ။ ကျွန်တော်မရဲ့ ရုပ်နာမ်ခန္ဓာကို ပဓာနမထား အာရုံတစ်ပါးစိတ်မသွားဘဲ တရားတော်ကိုသာ နားစိုက်ကြပါတော့"

ဗုဒ္ဓထံတော်ပါးမှ နာကြားမှတ်သားခဲ့ရသမျှကို တစ်ပုဒ်တစ်ဂါထာပင် မကျန်အောင် သေချာဃနစွာ အစဉ်အတိုင်းဟောပြလိုက်ရာ တရားတော်၏ အဆုံးတွင် အရှင်မနှင့်တကွ ရံရွေတော်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

အကျည်းတန်ခါးကုန်းမ၏ အဆွေတွေအလှကို သူတို့ မြင်တွေ့ကြရပြီ။ တန်ဖိုးကိုလည်း အသိအမှတ်ပြုကြရပေပြီ။ သူမအား အခိုင်းအစေဘဝမှ လွတ်မြောက်ခွင့်ပေးလိုက်၏။ တရားတော်၏ဂုဏ်ကျေးဇူးကြောင့် အနှောင်အဖွဲ့ကျွန်ဘဝမှ ကင်းလွတ်ရပါပြီတည့်။

"အို . . . အမေ . . . ပြုဖွယ်ကိစ္စအမှုမှန်သမျှ ဘာမှမလုပ်ပါနဲ့တော့ အမေ။ မိခင်အရာမှာနေပြီး ဆုံးမသွန်သင်ပါ။ ဆရာအဖြစ်နဲ့ နည်းပေးလမ်းညွှန်ပါ။ ဗုဒ္ဓဟောကြားတဲ့ တရားတော်မှန်သမျှ နာယူမှတ်သားပြီး သမီးတို့ကို တစ်ဆင့်ပြန်လည်ဟောပြပေးဖို့ အမေ့တာဝန်ဖြစ်ပါစေတော့"

သူမအား အရှင်မကအစ ဆည်းကပ်၍ ရိုသေသမှုပြုကြပေကုန်ပြီ။ သူမ၏ ရုပ်နာမ်ခန္ဓာအစုသည် ကြည်ညိုဖွယ်မဟုတ်။ ဓမ္မကိန်းဝပ်နေသော စေတီအိမ်ကြီးအဖြစ် မြင့်မြတ်သော ဂုဏ်ဆောင်ခြင်းသာလျှင် ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ပါ၏။

ထိုအချိန်ကာလကစပြီး ကောသမ္ဗီပြည်အတွင်း ဗုဒ္ဓကြွမြန်းတော် မူလေရာ သွားရောက်ဖူးတွေ့ရစမြဲ။ ဗုဒ္ဓဟောတော်မူအပ်သော ဓမ္မဂါထာအဖြာဖြာကို နာယူမှတ်သားခွင့်ရစမြဲ။ နာကြားအပ်ပြီးသော တရားတော်ကိုလည်း အရှင်မအား ပြန်လည်ဟောပြောရစမြဲ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တရားတော်ကို တစ်ကြိမ်တစ်ခါနာကြားရရုံဖြင့် အာဂုံဆောင်နိုင်သော ဉာဏ်ကြီးရှင် ဖြစ်ပါ၏။ ပညာပါရမီ ထူးချွန်သူလည်း ဖြစ်ပါပေ၏။

သူမ၏ထိုးထွင်းဉာဏ်နှင့်ပညာပါရမီကို ဗုဒ္ဓကိုယ်တော်တိုင်ကပင် ချီးကျူးလျက် အကြားအမြင်ဗဟုသုတအရာတွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကို ပေးသနားတော်မူသည်။

ဤလိုဂုဏ်ထူးဘွဲ့ထူးကို သူမအချည်းနှီးရခဲ့သည် မဟုတ်ပေ။

ဗာရာဏသီနန်းတော်တွင်းဝယ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးအား နို့ဃနာဆွမ်းပူကို သပိတ်အပြည့်လောင်းလှူလိုက်ရာ အရှင်မြတ်များသည် လက်တစ်ဖက်နှင့်တစ်ဖက်ပြောင်းကာ ကိုင်ကြရကုန်၏။ အရှင်မြတ်တစ်ပါးကို ခါးကုန်းဟန်ပြ၍ လှောင်ပြောင်ခဲ့သောမိန်းမသည် အရှင်မြတ်တို့အား လက်အပူသက်သာစိမ့်သောငှာ မိမိ၏ လက်ကောက်ရှစ်ဖက်ဖြင့် သပိတ်ခြေပြုရန် လှူဒါန်းခဲ့ပါသော ကုသိုလ်ကံ၏ အကျိုးဆက်ဖြင့် ခါးကုန်း၍ အရုပ်ပင်ဆိုးစေကာမူ ဗဟုသုတဧတဒဂ်ဘွဲ့ကို ဆွတ်ခူးရရှိခဲ့လေသည်။

ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် ချမ်းသာဆင်းရဲ မခွဲခြား။ မျက်နှာကြီးငယ်မလိုက်။ အရုပ်ဆိုး အရုပ်လှနှင့် မဆိုင်။ ဂုဏ်အနိမ့်အမြင့်မရှိ။ ပန်ဆင်ရည်စူးခဲ့သည့် ဆုထူးနှင့် ဆည်းပူးခဲ့သော ပါရမီအထုံတို့သည်သာ ပဓာနဖြစ်လေရာ ဧတဒဂ်ဘွဲ့ထူးရသော စံပြအမျိုးသမီးဆယ်ဦးတွင် ပါဝင်ခွင့်ရခဲ့ပေသည်။

သူမ၏အရှင်မအား ပြန်လည်ဟောပြခဲ့သည့် တရားတော်ပေါင်း (၁၁၂) သုတ် ရှိပြီး ဣတိဝုတ္တကပါဠိတော်ဟူသော အမည်ဖြင့် သင်္ဂါယနာတင်ရာတွင် ပါဝင်သည်အထိ ပိဋကတ်တော်တွင် စာတင်ခံရသော အမျိုးသမီးထူးကြီး ဖြစ်ပါပေ၏။

အဘယ်မှာလျှင် ဆင်းရဲသဖြင့် အားငယ်စရာလိုပါတော့အံ့နည်း။

အကျည်းတန်ခါးကုန်းသဖြင့် အဘယ်သို့လျှင် ဝမ်းနည်းဖွယ်ရှိပါတော့အံ့နည်း။

ဗုဒ္ဓ၏တရားတော်ဝယ် . . .

www.burmeseclassic.com

www.burmeseclassic.com



လောကကို အဘယ်ဖန်ဆင်းရှင်မှ ပြုနိုင်စွမ်းသည်မဟုတ်၊ ဖြစ်လာသမျှသော အကျိုးဝိပါက်တို့၏ အကြောင်းကံတရားခံသည် မိမိကိုယ်တိုင်သာတည်း။

ကံကောင်းသူဖြစ်အောင် မိမိသာ ဖန်တီးနိုင်၏။

ကံမကောင်းသူဖြစ်အောင်လည်း မိမိသည်သာ စွမ်းနိုင်ပါ၏။

ဘဝဟူသည် အတိတ်သံသရာမှ မိမိပြုခဲ့သည့် (ကောင်းမှု–မကောင်းမှု) ကံစီမံရာအတိုင်းသာ ခံကြရ၏။ ကံကိုမထိန်းချုပ်နိုင်လျှင် နွေဦး၏ လေရူးတိုက်သော ရွက်ကြွေပမာ လွင့်ချင်ရာလွင့်ပြီး ဖြစ်ချင်ရာဖြစ်တတ်ပါ၏။

ဖြစ်ချင်ရာဖြစ်တတ်သော ကံကို ထိန်းချုပ်နိုင်ရန်မှာကား ဝိပဿနာဉာဏ်သာလျှင် ဖြစ်ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## အဦးဆုံးအမြတ်ဆုံး

လင်းကြက်တွန်ကျူးသည့် အရုဏ်ဦးမရောက်မီမှာပင် လုံ့လဝီရိယ ကောင်းစွာဖြင့် အိပ်ရာမှ ထလိုက်ပါသည်။ သူမ၏ယောကျ်ား၊ ပြီးတော့ သားနှင့်ချွေးမများအားလုံးပင် အိပ်မောကျနေကြသေး၏။

ဂိမှာန်နွေနှောင်းစ ကဆုန်လမို့ ပူလို့ကောင်းဆဲ။ မိုးလည်း နှောက်ကျသဖြင့် အပူရှိန်ခပ်ပြင်းပြင်းကြောင့် ညဥ့်နက်သန်းခေါင်းကျော်မှ အိပ်ပျော်ကြရမြဲ။ ယခုလို လေနုအေးသွေးသည့် မိုးသောက်ယံအစမှာတော့ အိပ်ကောင်းကြတုန်းပင်ဖြစ်ပါ၏။

သည်ကနေ့ကဆုန်လပြည့်မို့ သူမမှာ ပြုဖွယ်ကိစ္စရှိနေပါသည်။ နှစ်စဉ်ဤအချိန်ကျရောက်လာတိုင်း ထိုပြုဖွယ်ကိစ္စကြောင့် မိဘရပ်ထံ မာဂဓတိုင်း ဥရုဝေလတောအနီး သေနာနိဂုံးသို့ ပြန်ခဲ့စမြဲ။ သူမနှင့်အတူ သူမ၏မိသားစုလည်း ပါလာတတ်စမြဲ။ ပြုဖွယ် အစီအစဉ်ကို တွေးတောကြံစည် စိတ်ကူးရင်းညဦးက အိပ်မပျော်။ ညလယ်မှာလည်း မေ့မရ။ ညနှောင်း၌ အရုဏ်ပြောင်းချိန်နီးတော့ ကိုယ်ကိုမတ် ခါးကိုဆန့်ပြီး အိပ်ရာမှ အသာထလိုက်ရပါတော့သည်။

ကြမ်းခင်းကို ခြေဖွနင်းကာ အောက်ထပ်သို့ ဆင်းလာချိန်မှာ သူမ

www.burmeseclassic.com

www.burmeseclassic.com



အလိုရှိရာကို ကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြရန် အစေခံများ တာဝန်ကျေပွန်စွာ အဆင်သင့် စောင့်ကြို့နေကြပြီ။

"ကျွန်မတို့ နွားနို့သွားညှစ်ရတော့မလား . . . မမ"

လက်စွဲတော် အစေခံမလေး ပုဏ္ဏာ မေးလာသည်ကို ခေါင်းမညိတ် ခေါင်းမခါဘဲ ပြန်ဖြေလိုက်၏။

"ဒီတစ်ကြိမ် မမကိုယ်တိုင် ဆောင်ရွက်ချင်တဲ့ ဆန္ဒရှိနေတယ်။ တစ်ယောက်က မီးတိုင်ကိုင်၊ တစ်ယောက်က ခံခွက်နဲ့ အိုးအသစ်စက်စက် တစ်လုံးယူခဲ့"

ကြင်နာညှာတာတတ်သည့် သူမအား ချစ်ခင်ကြည်ညိုလေးစား ရှိသေကြသော အစေခံမလေးများသည် ညွှန်ကြားချက်အတိုင်း ဖျတ်လတ်သွက်လက်စွာ ချက်ချင်း လှုပ်ရှားပြီးစီးသွား၏။ ရှေ့ကမီးတိုင်ကိုင်သူ၊ နောက်မှ အိုးခွက်ရွက်သူတွေ သူမနှင့်အတူ နွားတင်းကုပ်သို့ လိုက်ပါလာကြသည်။

လရောင်သည် လင်းထိန်ဖွေးဆွတ်နေဆဲရှိသေး၏။ အရာခပ်သိမ်းကို ထင်ထင်လင်းလင်း မြင်နေရသည်။ အေးချမ်းတိတ်ဆိတ်ခြင်း၏ အရသာကို မြိန်မြိန်ယှက်ယှက်ကလေး ခံစားရ၏။ မွေးရပ်ချက်ကြွေဇာတိမြေသည် စိမ်းလန်းစိုပြည်သည့် . . . သေနာနိဂုံးပေတည်း။

နွားတင်းကုပ်ထဲတွင် လရောင်ပြောက်ကျား ဝင်နေသည်မှအပ ကောင်းစွာ မမြင်ရ။ တင်းကုပ်၏ အမိုးရိပ်နှင့် သစ်ပင်ရိပ်တွေ ကျနေသည်။ နွားနို့ညှစ်ဖို့ မီးတိုင်လိုအပ်မည်ကို ကြိုတင်စိတ်ကူးပြီး ယူလာခဲ့ခြင်းကပင် လက်တွေ့မှာ အသုံးဝင်သွား၏။

သူမစိတ်ထဲ၌ ခါတိုင်းနှင့်မတူ တစ်မူထူးခြားသလို ရှိနေသည်။ နွားမကြီးနို့ကို တပွတ်ပွတ်စို့နေတတ်သော နွားသားကလေးများအား ကြိုးဖြင့် ချည်တုပ်ထားရမြဲဖြစ်ပါလျက် ယခုတော့ နွားကလေးတွေ အမိနားသို့ မကပ်။ ကြိုးဖြင့် ချည်တုပ်ရန်လည်း မလို။ ခံခွက်ကို နို့တိုင်အောက်ထည့်သွင်းခံလိုက်သည်နှင့် လက်ဖြင့် ကိုင်တွယ် မညှစ်ရပါဘဲ ခွက်ထဲသို့ နွားနို့များ တသွင်သွင် စီးကျလာ၏။ နွားရှစ်ကောင်မှ နွားနို့များကို သူမကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



လွယ်လင့်တကူ ခံယူပြီးနောက် အိုးသစ်ထဲသို့ စုပေါင်းထည့်လိုက်၏။ အံ့သြ စိတ်ကတော့ဖြင့် မကုန်နိုင်။

ထိုနွားနို့များသည် သာမန်နွားနို့ မည်ကာမတ္တမဟုတ်။ နို့စားနွားမ တစ်ထောင်ကို နွယ်ချိုတောမှာ ကျောင်းစေပြီး နွားမတစ်ထောင်မှ နို့ရည်ကို အခြားနို့စားနွားမငါးရာအား တိုက်ကျွေး၏။ ဤနည်းဖြင့် နို့ရည်များကို ထက်ဝက်စီ ထက်ဝက်စီသော နို့စားနွားမများအား တိုက်ကျွေးပြီး နောက်ဆုံး ရှစ်ကောင်ကျန်မှ ခံယူရရှိသည့် အပျစ်ဆုံး အချိုဆုံး အရသာအရှိဆုံး နို့ဃနာ ပင်တည်း။

အိုးသစ်ဖြင့် ထည့်ယူခဲ့သော နို့ဃနာကို သူမကိုယ်တိုင် ကျိုချက်သော အခါ ထူးထွေဆန်းကြယ်အံ့ဖွယ် အခြင်းအရာများကို မြင်တွေ့ရပြန်သည်။

အိုးထဲတွင် နို့အမြှုပ်ကြီးများ တစီစီထလာသော်ငြား ဖိတ်လျှံဝေကျခြင်း မရှိ။ လက်ယာရစ်သာလျှင် လည်နေ၏။ ဖိုခနောင့်ထက်ကျော်၍ မီးခိုးမတက်။ အိုးထက်မှာလည်း ထီးမိုးလျက်ရှိနေပြန်၏။ ထင်းစတွေလည်း အလို အလျောက် ညီညီညာညာစီပြီး ထည့်ပြီးသား ဖြစ်နေပေသည်။ (ဖိုခနောင့်များ ကို လောကပါလနတ်မင်းကြီးလေးပါး စောင့်ပေး၏။ သိကြားမင်းက ထင်းစ ထိုးပြီး ထီးမိုးသူမှာ မဟာဗြဟ္မာမင်းဖြစ်သည်။ နတ်တို့ကမူ ရသဩဇာဟူသမျှ ဇမ္ဗူမှာ မကျန်ရအောင် စုဆောင်းပြီး နို့ဃနာအိုးထဲသို့ လာရောက်ထည့်ပေးကြ သည်ဟု ကျမ်းများ၌ လာရှိ၏။)

"ပုဏ္ဏာရေ . . . ဒီကနေ့တော့ဖြင့် အံ့သြမကုန်နိုင်အောင်ပါဘဲလားကွယ်။ ညောင်စောင့်နတ်မင်း စိတ်လက်ချမ်းသာ ကြည်လင်နေတယ်ထင်ပါရဲ့။ မမ ဗလိပူဇော်လာခဲ့တာ ကြာပဲကြာလှပေါ့။ ဒီလို တစ်ခါမှ မကြုံဖူးသေးဘူး။ ညောင်ပင်အောက် အမြန်သွားပြီး အမှိုက်လှည်း သန့်ရှင်းချေပါ"

"ကောင်းပါပြီ မမ"

သူမ၏ စကားအဆုံးတွင် အစေခံကလေးပုဏ္ဏာသည် တံမြက်စည်း အသစ်တစ်ချောင်းကိုင်ကာ အပြေးအလွှားထွက်ခွာသွားတော့၏။

သူမသည် ဥရုဝေလတောအနီး သေနာနိဂုံးမှ သူဌေးကြီးသေနိယ၏

www.burmeseclassic.com

www.burmeseclassic.com



သမီး သုဇာတာပင်တည်း။ အရွယ်ရောက်လာသော မိန်းမသားတိုင်း ဃရာဝါသသမ္ဘာဟု ကိစ္စမြားမြောင် လူတို့ဆောင်ဝယ် အိမ်ရာထောင်ထားကြရသည်မှာ ဓမ္မတာမို့ ဤသည်ကိုရည်၍ "ကျွန်မအိမ်ထောင်ကျပြီး ပထမကိုယ်ဝန်ရလို့ သားယောကျ်ားလေးဖြစ်ရင် ဗလိပူဇော်ပါ့မယ်" ဟု ညောင်စောင့်နတ်ထံ ဆုပန် ခဲ့ဖူးလေသည်။

ဗာရာဏသီသူဌေးသားနှင့် ထိမ်းမြားပြီး သျှောင်နောက်ဆံထုံးပါလျက် သားဦးကလေး မောင်ယသကို ဖွားမြင်ခဲ့သည်မှာ အနှစ်နှစ်ဆယ်ပင်ကျော်ပြီ။ ထိုညောင်ပင်၌ ညောင်စောင့်နတ် တကယ်ရှိ မရှိတော့မသိ။ ဗလိပူဇော်မှုကိုမူ တစ်ကြိမ်တစ်ခါပင် မပျက်ကွက်စဖူးသေး။ ယခုကဲ့သို့ တစ်ကြိမ်မှလည်း မထူးကဲခဲ့စဖူးသေး။

"မမ . . . မမ . . ."

သူမ၏အတွေးများ ရပ်တန့်သွား၏။ နောက်ပြန်လှည့်အကြည့်တွင် အမောတကော ပြေးဝင်လာသော အစေခံမလေးပုဏ္ဏာကို မြင်သည်။

မို့မောက်သော ရင်ကလေးမှာ ဖုတ်လှိုက်ဖုတ်လှိုက်နှင့် မောဟိုက်လို့ ရှိုက်နေရှာ၏။

"ဘာလို့ ဒီလောက် အပန်းတကြီးပြေးလာရတာလဲ ပုဏ္ဏာရယ်"

ကရုဏာဒေါသဖြင့် ပုဏ္ဏာအား မြည်တွန်လိုက်ပါသည်။

သူမ၏အမေးကို ပုဏ္ဏာ ချက်ချင်း ဖြောင့်ဖြောင့်တန်းတန်း မဖြေနိုင်။ မောမောပန်းပန်း အထစ်ထစ် အငေါ့ငေါ့ဖြင့် . . .

"အထူး . . . အဆန်း . . . အထူးအဆန်း . . တွေ့ . . . တွေ့လို့ . ."

"အထူးအဆန်း . . . ဟုတ်လား"

ပုဏ္ဏာ၏စကားကို သူမစိတ်ဝင်စားသွား၏။ နွားနို့ညှစ်စဉ်နှင့် နို့ဃနာကျိုချက်စဉ်များမှာ သူမကိုယ်တိုင်ပင် ထူးထွေဆန်းကြယ်သည့် အံ့ဖွယ်ဖြစ်ရပ်ကိုကြုံခဲ့ရပြီး မဟုတ်ပါလား။ ပုဏ္ဏာ တွေ့ခဲ့သည်ဆိုသော အထူးအဆန်းကို သိချင်သည့်ဆန္ဒဇောကြောင့် ခပ်လောလောပင် မေးချလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ပြောစမ်း ပုဏ္ဏာ၊ ဘာတွေတွေ့ခဲ့သလဲဆိုတာ . . . "

"ညောင်ပင်အောက်မှာ . . . မမ ၊ ညောင်ပင်အောက်မှာ . . . "

မရွှေစာပုဏ္ဏာအဖြစ်ကလည်း ရယ်ချင်စရာရိုက်ချင်စရာ။ မေးတာကို ဟုတ်တိပတ်တိမဖြေဘဲ အထိတ်တလန့် တအံ့တဩဖြင့် ပြူးကလူး ပျာကလာ လုပ်နေ၏။

"ညောင်ပင်အောက်မှာ ဘာတွေ့လာသလဲဟဲ့"

စိတ်မရှည်နိုင်စွာ ပုဏ္ဏာ၏ပခုံးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်းပြီး ဆတ်ဆတ်ကလေး မေးမိသည်အထိ သူမကိုယ်တိုင်လည်း စိတ်လှုပ်ရှား၍ နေသည်။

ပုဏ္ဏာ တံတွေးတစ်ချက်မျိုချလိုက်ပြီး တစ်အောင့်ကြာမှ စကားသံထွက် လာ၏။

"သိပ်ချောသိပ်လှတာပဲ။ နူးညံ့ချောညက်ပြီး ဝင်းမွတ်နေတယ်။ သိပ်ကို ကျက်သရေရှိတာပဲ။ ဒီလောက်ချောတဲ့ ယောကျ်ားမျိုး တစ်ခါမှကို မတွေ့ဖူး သေးဘူး။ ညောင်ပင်အောက်မှာ ငြိမ်ငြိမ်ကလေးထိုင်နေတာ။ လှုပ်များလှုပ်လာ မလားလို့ အသာလေးချောင်းကြည့်နေသေးတယ်။ တစ်ချက်ကလေးမှ မလှုပ်ဘူး။ ညောင်ပင်စောင့်နတ်ပဲဖြစ်မှာပါ။ သူ့ကိုယ်ကထွက်နေတဲ့ ရွှေရောင် တွေနဲ့ ညောင်ပင်တစ်ပင်လုံး ဝါဝင်းထိန်လင်းနေတာပဲ"

"ဟင် . . . ဟုတ်လား"

သည်တစ်ခါပျာပျာသလဲ ဖြစ်သွားရသူမှာ သူမ ကိုယ်တိုင်ပင်။ ဝမ်းမြောက်မှုတွေက ပီတိဝှန်လှိုက်ဘဝင်ဆိုက်မတတ် ရှိချေသည်။ ညောင်စောင့်နတ် ကွယ်ပျောက်သွားမှာကိုလည်း စိုးရိမ်မိပြန်သည်။

ထို့ကြောင့် ညောင်စောင့်နတ်ထံသွားရန် အလျင်အမြန်ပြင်ဆင်ရတော့ ၏။ ပထမဆုံး သူမကိုယ်တိုင် သန့်ရှင်းစင်ကြယ်စွာ သုတ်သင်ပြီး ဝတ်ကောင်းစားလှဖြင့် အမွှေးနံ့များ သင်းကြိုင်အောင် ပြုပြင်သည်။ ထို့နောက် တစ်သိန်းတန်ရွှေခွက်ကို တိုက်ခန်းထဲမှထုတ်၍ နို့ဃနာဆွမ်း လှူအံ့သောငှာ

www.burmeseclassic.com

www.burmeseclassic.com



အိုးကို စောင်းလိုက်သည်နှင့် ပိန်းကြာဖက်ပေါ်ရေမတင် လျှောကျသွားသကဲ့သို့ နို့ဃနာအားလုံး အိုးထဲ၌ တစ်စက်မျှမကျန်တော့ဘဲ ရွှေခွက်မှာ အပိုအလိုမရှိတည်လေသည်။

နို့ဃနာအပြည့်ပါသော ရွှေခွက်ပေါ်သို့ အခြားရွှေခွက်တစ်ခုကိုဖုံးအုပ်ပြီး ဖြူစင်သန့်ရှင်းသောအဝတ်ဖြင့် သေချာခိုင်ခံ့စွာ ရစ်ပတ်နှောင်ဖွဲ့လိုက်ပါသည်။

သူဌေးကတော်ဟူသော ဂုဏ်ကြောင့် အဆောင်အယောင် အခံမ်းအနားဖြင့် သွားရစေကာမူ သူမကိုယ်တိုင် ရွှေခွက်ကို ရွက်ချီသယ်ဆောင်ခဲ့ပါ၏။ ညောင်ပင်နှင့် မလှမ်းမကမ်းသို့ရောက်သောအခါ ပုဏ္ဏာပြောပြလာသည့် အတိုင်း အရှေ့က နေဝန်းထွက်သည့်ပမာ တဖျပ်ဖျပ်ခါမျှ တောက်ပလျက် ရွှေရောင်အဆင်းနှင့် ဝင်းညက်မွတ်စင် နတ်တို့သခင် ညောင်စောင့်အရှင်ကို တွေ့မြင်ရလေသည်။

ဦးခေါင်းပေါ်မှရွှေခွက်ကို ချ၍ဖွင့်လိုက်၏။ ပြီးတော့ ပန်းမျိုးစုံတို့ဖြင့် အမွှေးထုံထားသည့်ရေကို ရွှေကရား၌ ထည့်ကာ အနီးသို့တိုးဝင်ချဉ်းကပ်သွား၏။

စင်စစ် ညောင်ပင်စောင့်နတ် ဟုတ် မဟုတ် သူမ မသိ။ မြင်လည်းမမြင်စဖူးခဲ့။ သားဆုပန်ရာတွင် ဆန္ဒပြည့်ဝခဲ့သောကြောင့်သာ ညောင်ပင်စောင့်နတ်အား ဗလိပူဇော်မြဲဖြစ်သည့်အတိုင်း ကဆုန်လပြည့်နေ့မှာ အစဉ်အလာမပျက်ဆောင်ရွက်ခြင်းဖြစ်ပါ၏။

ညောင်ပင်စောင့်နတ်ခမြာ ဗလိစာနို့ဃနာကို ခံယူရန် ထည့်စရာဟူ၍ ခွက်တစ်လုံးတစ်လေမျှပင် မရှိ။ လက်ယာလက်ဖြန့်လျက် ဦးစွာ ရေကို ခံယူ၏။ ထို့နောက် နို့ဃနာရွှေခွက်ကို တစ်ဆက်တည်းပင် ကပ်လှူလိုက်ပါသည်။ ထိုခဏ၌ ညောင်စောင့်နတ်သည် မျက်လွှာအသာပင့်ကာ သူမထံ ဖျတ်ခနဲ အကြည့်ရောက်သည်။ ထိုအကြည့်ကို သူမ ကောင်းစွာနားလည်ပါ၏။

"အို အရှင် . . . ဒီရွှေခွက်နဲ့တကွ နို့ဃနာကိုစွန့်လှူပါတယ်။ အလိုရှိရာသို့ ရွှေခွက်ပါယူပြီး ကြွတော်မူနိုင်ပါတယ်အရှင်"

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုလျှောက်ထားရင်းပင် သဒ္ဓါကြည်ညိုစိတ်တွေ ဖိတ်လျှံဝေကျလာသဖြင့် ရှိခိုးဦးချမိပါ၏။

"ကျွန်တော်မရဲ့ အလိုဆန္ဒပြည့်ဝစေခဲ့သလို အရှင့်ကောင်းကျိုးလိုရာဆန္ဒအဝဝလဲ ပြီးမြောက်အောင်မြင်ပါစေအရှင်"

တုံ့ပြန်ဖလှယ်အပ်သော မေတ္တာစေတနာဖြင့် ဆုတောင်းသမှုပြုအပြီးမှာဖူးမဝနိုင်စွာ ဦးချပြန်ပါသည်။ တစိမ့်စိမ့်ကြည့်ပြီးရင်းသာ ကြည့်နေချင်စရာကောင်းအောင် လက္ခဏာကြီးငယ်အသွယ်သွယ်ဖြင့် သပ္ပာယ်လှစွာ တင့်တယ်လွန်းပါ၏။

ညောင်စောင့်နတ်မင်း၏ အသရေတင့်ခြင်းကို နောက်ဆုံးအနေဖြင့်ငေးမောကြည့်ရှုရင်းမှ ဖယ်ခွာခဲ့ပါသည်။

သူမ၏အပြန်လမ်းတွင်မူ လှူဒါန်းခဲ့သည့် အဖိုးတစ်သိန်းတန် ရွှေခွက်နှင့် ခက်ခက်ခဲခဲအချိန်ယူ လုပ်ဆောင်ရသော နို့ဃနာဆွမ်း အမွန်အမြတ်ကြောင့် ကျေနပ်ခြင်း ပီတိကြီးစွာ ရှိခဲ့ရပေပြီ။

နံနက်ခင်း၏ လေပြည်လေညင်းများ တချျိုချျိုသွေးကာ ပိုမိုအေးနေပါ၏။ ဥရုဝေလတောအတွင်းမှ သယ်ဆောင်လာခဲ့ကြသည့် အင်ကြင်းပန်းရနံ့များလည်း မွှေးထုံနံ့ကြိုင် သင်းပျံ့လှိုင်နေသည်။ အုံ့ဆိုင်းညွတ်ကိုင်းနေသောသစ်ပင်သစ်တန်းတို့ကား မြကမ္ဗလာနှင့် မြပဝါရုံကာ ကျေးငှက်သာရကာတို့၏ တေးထံတျာဖြင့် လေအယူမှာ သူယိမ်းလို့ လေအသိမ်းမှာ သူပါ ဟန်မူရာကန့်ကလျ ကချေသည်ပမာ ရှိနေကြပါသည်။

သဘာဝ၏တည်ငြိမ်မှုအလှသည် ရှိန်းရှိန်းမြမြခံစားရဘိ၏။

တောတောင်တို့၏ တိတ်ဆိတ်မှုက ဆွတ်ပျံ့ကြည်နူးညွတ်မူးဖွယ်ဖြစ်လေသည်။

နေရဥ္စရာမြစ်ဆီမှ ငြိမ့်ငြိမ့်ကလေး ထွက်ပေါ်၍လာသော ဂီတသံစဉ်မှာယခင်အခါကာလများစွာတို့ကထက် သာယာလှသည်ထင်ပါ၏။ သာယာလွန်းလှသည် ထင်ရပါပေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဥရုဝေလနှင့် နေရဥ္စရာအလှတို့မှာ မနော၏အကြည်တွင် ပီပြင်စွာ ထင်ဟပ်၍ နေဆဲ။

အမျိုးမျိုး အသွယ်သွယ် အမယ်မယ်စုံလှသော ဖွယ်ဖွယ်ရာရာ ထမင်းဟင်းလျာတို့ကို မသုံးဆောင်နိုင်။ ရက်ပေါင်းများစွာ ကြာမြင့်သည့်တိုင်အောင် ရွှေခွက်နှင့်အပြည့်လှူဒါန်းခဲ့ရသော အံ့ဖွယ်ဘနန်း နို့ဃနာဆွမ်းကို ပီတိအလွမ်းနှင့် မှန်းဆတမ်းတကာသာ ဆာလောင်မွတ်သိပ်ခြင်း ကင်းမဲ့နေခဲ့ပါသည်။

ညောင်စောင့်နတ်မင်းအကြောင်း သတင်းပေးသည့်အတွက် ကျွန်ဘဝမှ လွတ်မြောက်စေကာ အဝတ်တန်ဆာတို့ကို အခါခါအလဲလဲ မမွဲမနွမ်းခင်ဖြစ်စေလျက် ညီမသဖွယ်၊ သမီးသဖွယ် တွယ်တွယ်တာတာ ကြင်ကြင်နာနာ ထားခဲ့ပါသော ပုဏ္ဏားကလေးကလည်း သူမအပေါ် ပြန်လည်ကာ အရိပ်တကြည့်ကြည့် ရှိနေရှာပါ၏။

"မမ နေမကောင်းဘူးလားဟင်။ ထမင်း မယ်မယ်ရရမစားတာကြာပြီ။ နည်းနည်းတောင် ပိန်သွားသလားလို့"

ပုဏ္ဏာ၏ဦးခေါင်းကို ချစ်စနိုးပုတ်ကာ သူမ ပြုံးလိုက်ပါသည်။

"နေကောင်းပါတယ် ပုဏ္ဏာရဲ့။ မမ ဘာမှ မဖြစ်ပါဘူး။ အချိန်တိုင်းမှာ နို့ဃနာလှူခဲ့ရတာကို တွေးပြီးကြည်နူးဝမ်းသာနေလို့ ဘာကိုမှ စားချင်စိတ်မရှိတာပါ။ ဆာလည်း မဆာဘူးလေ"

"ဟင် . . . မမဟာကလဲ . . . ဝမ်းသာတာတော့ သာပေါ့။ ထမင်းမေ့ဟင်းမေ့ ဝမ်းသာတာမျိုးတော့ မဟုတ်သေးပါဘူး။ ကြာရင် ကျန်းမာရေးချို့တဲ့လာမှာ စိုးရတယ်"

လူကြီးသူမသဖွယ် အစိုးရိမ်ပိုကာပြောဆိုလာသော ပုဏ္ဏာအား သဘောကျစွာ နှစ်နှစ်သက်သက် ဟက်ဟက်ပက်ပက်ကလေး ရယ်မောလိုက်ရပါသည်။ ဤနှယ် ချစ်ခင်ဂရုစိုက် အလိုက်သိမှုကလေးတွေကြောင့်လည်း ပုဏ္ဏာသည် လက်စွဲအစေခံဘဝမှ အသည်းစွဲညီမအဖြစ်သို့ ပြောင်းလဲခဲ့ရသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"စောစောစီးစီး ဒီညီအစ်မနှစ်ယောက် ဘာတွေ သဘောကျနေသတုံး"

နှုတ်ခွန်းဆက်အမေးနှင့်အတူ သူမ၏ယောကျ်ား၊ သားတို့အဖေ ထမင်းစားခန်းမထဲသို့ ဝင်ရောက်လာ၏။

"ဟောဒီမှာ . . . ညီမလေးပုဏ္ဏာက ကျွန်မကို ထမင်းကောင်းကောင်း မစားလို့တဲ့ အမကြီးလုပ်ပြီး စိုးရိမ်နေလို့လေ"

သူမက ပြုံးပြီး သားတို့အဖေကို လှမ်းတိုင်လိုက်ပါသည်။ သားတို့အဖေသည် ထမင်းစားပွဲမှာဝင်လာထိုင်လျက် ခေါင်းတညိတ်ညိတ်ဖြင့် ပုဏ္ဏာထံ ခဏအကြည့်ပို့ပြီး သူမဘက်သို့ လှည့်လာပါ၏။

"ပုဏ္ဏာပြောတာ မှန်သားပဲ သုသုရဲ့။ ကဆုန်လပြည့် ဗလိနတ်စာကျွေးပြီးကတည်းက ထမင်းမစား ဟင်းမစား ပြုံးလို့ပျော်လို့နေတာ မောင် သတိထားမိသားပဲ။ ခုဆိုရင် ဝါဆိုလဆုတ်တော်ဖြစ်နေပြီမို့ နှစ်လမကျော်သေးဘူးလား။ အစားမမှန်ရင် အာဟာရတွေပြတ် အလှတွေပျက်ပြီး ပိန်ညှောင်ညှောင် ငါးဖောင်ရိုးမလေး ဖြစ်သွားမှာပေါ့"

"ကျွန်မ အလှကြိုက်မှန်းသိလို့ တမင်ပြောနေတာ . . . မဟုတ်လား ထမင်း မစားပေမယ့် ပီတိစားရင် အားရှိပါတယ်မောင်ရဲ့"

သားတို့အဖေ၏ ကျီစယ်စကားကို သူမက ကြက်ခေါင်းဆိတ်မခံ ပြန်ပြောလိုက်၏။ သားတို့အဖေက ရယ်နေဆဲ။ ပုဏ္ဏာကမူ သူမအား ဘယ်နှယ်ရှိစဟူသောမျက်လုံးဖြင့် ပြုံးထေ့ထေ့လုပ်ပြီး မီးဖိုချောင်ချက်ပြုတ်ဆောင်ထဲသို့ ဝင်သွားပါသည်။ သူမတို့မိသားစု နံနက်စာစားဖို့ ပြင်ဆင်ရန် အစေခံများအား ခိုင်းစေကြည့်ရှုပေးရမည့်တာဝန် ပုဏ္ဏာမှာ ရှိနေသည်ပဲ။

"မောင့်ကိုတောင် ပြောမပြဖြစ်သေးဘူး။ ဒီနှစ် ဗလိပူဇော်ရာမှာ အထူးအဆန်းတွေချည်း ကြုံရတာပဲမောင်"

အစချီလျက် ကဆုန်လပြည့်နေ့က အကြောင်းကို သားတို့အဖေအား ခရေစေ့တွင်းကျ အားပါးတရ ဖောက်သည်ချလိုက်ပါသည်။

"ထူးဆန်းတာတော့အမှန်ပဲ။ ဒါပေမယ့် သုသုရယ် . . . ခင်ဗျားတွေ့ခဲ့တဲ့ညှောင်ပင်စောင့်နတ်ဆိုတာက ဟုတ်မှ ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



သားတို့အဖေက ရယ်ကျဲကျဲဖြင့် သူမအား ပြန်လည်စူးစမ်းလာ၏။

"ဟုတ်လွန်းလို့မှ နို့ဃနာဆွမ်းကို တစ်သိန်းတန်ရွှေခွက်နဲ့ ထည့်ပြီး လှူခဲ့ပြီးပြီလေ"

မျက်ခုံးလေးကို ဟန်ပါပါချီလျက် ပြန်လည်ချေပလိုက်ပါ၏။

"မောင်ဆိုလိုတာက ညောင်စောင့်နတ်မဟုတ်ဘဲ အခြား တစ်ယောက် ယောက်ဖြစ်နေရင် . . ."

"ဟင် . . . မောင်ကလဲ ကိုယ်ရောင်ကိုယ်ဝါ ဒီလောက်တောက်ပနေတာ လူမဟုတ်နိုင်ပါဘူး။ နတ်ဖြစ်ဖို့ပဲ သေချာတယ်"

"သုသုက . . . ဖွတ်အတင်းညောင်စောင့်နတ်မင်း ဖြစ်ခိုင်းနေတော့တာ ကိုး။ မောင် သတင်းကြားထားရတာလေးတစ်ခု ရှိလို့ပါ။ ကပိလဝတ်ပြည်က သာကီဝင်အနွယ်ဖွား သုဒ္ဓေါဒနဘုရင်ရဲ့သားတော် သိဒ္ဓတ္ထမင်းသား ရဟန်း ပြုပြီး ဥရုဝေလတောမှာ ဒုက္ကရစရိယာ ကျင့်နေတာ ခြောက်နှစ်လောက်ရှိပြီတဲ့။ အဲဒီရဟန်းလေးများ ဖြစ်နေမလားလို့ပါ"

သားတို့အဖေ စဉ်းစဉ်းစားစား တွေးတွေးဆဆဖြင့် ပြောပြလာသော် လည်း သူမကတော့ ခေါင်းမာစွာ လက်မခံနိုင်သေး။

"ပင်ပန်းဆင်းရဲစွာနဲ့ သူမတူအောင် ကျင့်နေရင် အရိုးပေါ်အရေတင်ပဲ ကျန်တော့မပေါ့။ ကျွန်မတွေ့ရသူက ရွှေရောင်အဆင်းနဲ့ ဝါဝါဝင်းဝင်း ယောကျ်ားချင်းတောင် ငေးကြည့်ယူရအောင် ဖမ္ဗူမှာရှာမှရှားတဲ့ ယောကျ်ား ချောယောကျ်ားလှကြီး မောင်ရဲ့"

"မောင် ဆက်ပြောဦးမယ်လေ၊ သုသု ဆုံးအောင်နားထောင်စမ်းပါ။ အဲဒီ ဒုက္ကစရိယာအကျင့်ကပြောင်းပြီး အစာအာဟာရတွေ ပြန်မှီဝဲသုံးဆောင်လို့ အလုပ်အကျွေးရဟန်းငါးပါးစလုံး သာကီနွယ် ရဟန်းငယ်ကို ဥရုဝေလမှာ တစ်ပါးတည်း ထားရစ်ခဲ့ကြသတဲ့"

"သနားပါတယ်နော်။ အလုပ်အကျွေးရဟန်းတွေက ဘယ်ကို သွားတာ လဲ။ ဘာလို့ ထွက်သွားကြရတာလဲ"

"မိဂဒါဝုန်ဘက် သွားကြတယ်ဆိုလားပဲ။ ချို့ချို့တဲ့တဲ့ ဆင်းဆင်းရဲရဲ

www.burmeseclassic.com

www.burmeseclassic.com



ကျင့်တာတောင် ဘုရားမဖြစ်သေးရင် ဆူဆူဖြိုးဖြိုး ကျက်သရေတိုးအောင် အာဟာရသုံးဆောင်ပြီး ကျင့်တော့ ပိုလို့မဖြစ်နိုင်ဘူး ဆိုတဲ့သဘောပေါ့။ ခေါင်းခေါင်းပါးပါးကျင့်ကြတာကို လူသားတွေသဘာဝက ပိုပြီးအထင်ကြီးကြတယ်လေ”

“မောင်ပြောပြတာတွေ နားထောင်ရင်းနဲ့ ကျွန်မမှာ နဝေတိမ်တွေ ဖြစ်သွားရပြီ။ ကဆုန်လပြည့်နေ့တိုင်း ဗလိပူဇော်တဲ့ညောင်ပင်အောက်မှာ ရှိနေသူဟာ ညောင်စောင့်နတ်ကလွဲပြီး ဘယ်သူဖြစ်ရဦးမှာလဲ။ မောင် ထပ်မငြင်းပါနဲ့တော့”

“ကဲကဲ . . . တရားသေဝါဒသမား သုသုပဲအနိုင်ယူပါတော့။ မိန်းမတွေများ သဒ္ဓါအားကြီးလွန်းလို့ ပညာရှားပါးကြတယ်ဆိုတာ မှန်လိုက်လေဗျာ”

ညည်းညူလေဟန် ပညာရှိစကားဖြင့် မိန်းမသားတွေကို နှိမ်ပြောလိုက်မှန်း သူမ အသိ။ မျက်စောင်းတစ်ချက်အပို့တွင် သားတို့အဖေ သဘောကျစွာ ရယ်မောနေပါသည်။

“မနက်စာစားဖို့ ကလေးတွေလဲ ရောက်မလာကြသေးပါလား။ မိသားစု လက်ဆုံစားကြရတဲ့ရက်ကို သားတော်မောင် မေ့များမေ့နေပြီလား။ ပုဏ္ဏာကို သွားခေါ်ခိုင်းပါဦး”

သားတို့အဖေသည် သဘောကောင်းအေးဆေးပြီး မိသားစုကို ဂရုတစိုက် ချစ်ခင်သူဖြစ်၏။ သူမကိုလည်း အစဉ်သဖြင့် အလိုလိုက် အနိုင်ပေးတတ်ပါ၏။ ဤလို လင်သားမျိုးကို အချစ်ပိုကာ နွဲ့ဆိုး အနိုင်လိုတတ်သည်က လွဲပြီး သူမဘက်ကလည်း အိမ်ဦးနတ်ပမာ ရိုသေလေးစားသည်သာ ဖြစ်ပါ၏။

“သားကို ကျွန်မကိုယ်တိုင်ပဲ သွားခေါ်လိုက်ပါမယ်မောင်”

“မောင်က သုသု ပင်ပန်းမှာစိုးလို့ပါဗျာ”

သည်စကားစုဖြင့်ပင် သူမ ကျေနပ်သွားရပါပြီ။ မိန်းမသားတို့မည်သည် လင်သား၏မေတ္တာ ကရုဏာ အကြင်နာတွေသာ ခံယူချင်ကြသည့် အားနွဲ့သူတွေ မဟုတ်ပါလား။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဟိမဝန္တာတောင်စဉ်တန်းကြီးတစ်ခုလုံး ပြိုပျက်ကျကုန်ပြီလား။

သည်ဘဒ္ဒကမ္ဘာကြီး လျှောင်တွင်တွင်လှုပ်ပြီး ပပ်ကြားအက်များ ဟက်တက်ကွဲထွက်သွားလေပြီလား။

လောကကြီးတစ်ခုလုံး အောက်ထိုးပြောင်းပြန် ဖြစ်သွားလေရော့သလား။

ပိန်းပိတ်အောင်မည်းမှောင်နေသော အမိုက်တိုက်ကြီးထဲ ကျရောက်သွားသလို ဘာကိုမျှ မမြင်ရအောင် သူမ၏မျက်လုံးများ ပြာဝေသွား၏။ ရင်တစ်ခွင်မှာလည်း မြေလျှင်အကြီးအကျယ်လှုပ်နေပြီပဲ။

ပြိုလဲမတတ်ရှိသော ကိုယ်ကို ယိုင်မလဲအောင် အားခဲပြီးသာ သူမ စံအိမ်သို့ ကြိုးစား၍ အရောက်ပြန်ခဲ့ရသည်။

"မောင်ရယ် . . . ကျွန်မတို့သားလေး . . ."

စကားရှေ့ဆက်နိုင်အား မရှိတော့။ သားတို့အဖေခြေရင်းမှာ အရုပ်ကြိုးပြတ်ပမာ ပျော့ခွေကျသွားပြီး သည်းထန်စွာ ငိုမိလေသည်။ သူမနောက်မှ ဝင်လာသော ချွေးမလည်း ရှိုက်ကြီးတငင် ငိုဆဲ။ ရုတ်တရက်ပြောင်းလဲသွားသောဇနီးနှင့် ချွေးမကိုတစ်လှည့်စီကြည့်ရင်း သားတို့အဖေ အံ့သြနေချေသည်။

စောစောက ရယ်ရယ်မောမော ပြောပြောဆိုဆို ရှိခဲ့ကြရာမှ ယခုတော့ အခြေအနေအားလုံး ကျွမ်းထိုးမှောက်ခုန် ဖြစ်ရကုန်ပြီပဲ။ သူ မအံ့သြဘဲ နေပါမည်လား။

"ဘာယ်လိုဖြစ်ကြတာလဲကွယ်"

သားတို့အဆောင်မှ ငိုပြီးပြန်လာကတည်းက သားတို့အဖေ၊ သူ ရိပ်မိမှာပါ။ သားအတွက် . . . စိုးရိမ်သောကစိတ်ဝင်မိမှာလည်း အမှန်ပါ။ သူ မေးလာတာကိုပင် ဖြေနိုင်အားမရှိ။ မျက်ရည်သာ တွေတွေစီးကျလာ၏။ ငိုပြီးရင်းဆက်ငိုဖြစ်နေသည်။

"ငိုနေလို့ပြီးမှာလား။ ဘာဖြစ်တယ်ဆိုတာ ပြောပြဦးမှပေါ့ သုသုရဲ့"

သူမ၏ဦးခေါင်းကို လက်ဖြင့် အုပ်ကိုင်ပြီး အကြင်နာစကားဆိုလာသည်တွင် မျက်ရည်တာတမံကြီးပေါက်ကျိုးရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မရှိတော့ဘူးအဖေ။ အစ်ကိုပျောက်သွားလို့ . . . "

"ဟေ"

သူမကိုယ်စား မျက်ရည်စမ်းစမ်းဖြင့် ဝင်ပြောပြလိုက်သည့် ချွေးမ၏ စကားကသားတို့အဖေအား အလွန်အမင်း အံ့သြထိတ်လန့်စေသည်။ ဘယ်သူမှ မမျှော်လင့်ခဲ့သည့် အဖြစ်ပေပဲ။

"ဟိုနားဒီနား သွားတာများ မဖြစ်နိုင်ဘူးလား။ အသေအချာ ရှာကြည့်ချေပါဦး။ မောင်ယသ ဝေးဝေးလံလံသွားတတ်တာလဲ မဟုတ်ဘဲနဲ့ . . . "

အိမ်ထောင်ရက်သားကျထားပြီး အသက်နှစ်ဆယ်ကျော် သားကို မိဘနှစ်ပါးလုံးက ပီဘိ ကလေးလေးတစ်ယောက်လို မြင်နေကြဆဲပင်။ အရိပ်တကြည့်ကြည့် မျက်စိအောက်က အပျောက်မခံနိုင်တဲ့သား . . . ရှားရှားပါးပါး နတ်ပေးထားတဲ့သား။ သူမ သောကမများဘဲ နေနိုင်ပါမည်လား။

သားတို့အဖေက ယောကျ်ားရင့်မာကြီးမို့မျက်ရည်မကျသာရှိရှာမည်။ ဗလောင်ဆူနေမည့် ရင်အပူကို စိတ်အမှန်းဖြင့် တန်းသိနိုင်ပါ၏။ သူ့သားကို သူငုံထားမတတ်ချစ်ရှာတာပဲ။ မောင်ယသဆိုသည့် အမည်နှင့် လိုက်ဖက်အောင် သူ့သားလေးကို ပြည့်စုံရုံမကလို့ အခြွေအရံတွေ အပိုအလျှံတောင် ထားပေးခဲ့သည်။ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ အလီလီအလှည့်ကျနားနေရအောင်လည်း စံအိမ်ကြီးသုံးဆောင် ဆောက်ပေးခဲ့သေးသည်။ ကာမဂုဏ်အာရုံနှင့် စပ်သမျှ ခံစားဖို့ကျတော့လည်း ဘာမျှလိုလေသေးမရှိ။

ယခုတော့ မောင်ယသတစ်ယောက် ဘယ်လိုပျောက်ပြီး ဘယ်ကိုရောက်သွားပြီနည်း။ စဉ်းစား၍ မရနိုင်အောင် ရှိချေသည်။

"အိပ်ရာကနိုးနိုးချင်း အစ်ကို့ကိုမမြင်တာနဲ့ အိမ်ထဲအိမ်ပြင် အိမ်ပေါ်အိမ်အောက် နံ့နေအောင် လိုက်ရှာပါတယ်အဖေ။ နွေစံအိမ်နဲ့ ဆောင်းစံအိမ်ပါမကျန် မြေလှန်မရှာရုံတမယ်လေးပါ။ အဖေ့သား ဒီလိုတစ်ခါမှ မပြောမဆိုထွက်မသွားတတ်ဖူးတော့ အဖြေရှာရ ကျပ်လှပါတယ်ရှင်"

ချွေးမက ပါးပြင်ပေါ် တလိမ့်လိမ့်စီးကျလာသည့် မျက်ရည်များကို လက်ခုံနှင့် သုတ်ကာသုတ်ကာ ပြောပြနေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ လင်မယားကတောက်ကဆများ ဖြစ်ကြသေးသလားကွယ်"

သားတို့အဖေက လူကြီးပီပီ နှိုင်းနှိုင်းချိန်ချိန် စစ်မေးပြန်ပါသည်။ ချွေးမကလည်း ခေါင်းကို လေးလေးပင်ပင် ယမ်းခါ၍ ဆို၏။

"တစ်ခါမှ မဖြစ်ခဲ့ဖူးပါဘူးရှင်။ တစ်ဦးကို တစ်ဦး သည်းခံခွင့်လွှတ်ပြီး ကြင်ကြင်နာနာ ဆက်ဆံနေထိုင်ကြပါတယ်။ အစ်ကို့ကိုလဲ မျက်နှာအညိုမခံဘဲ အစစဂရုစိုက်ပါတယ်။ ညဦးက သာသာယာယာနဲ့တီးမှုတ်သီဆိုကခုန်ပြီး ပျော်ပါးခဲ့ကြပါသေးတယ်။ စိတ်လက်ချမ်းချမ်းသာသာနဲ့ သူ အစောကြီး အိပ်သွားပါတယ် အဖေ။ သူအိပ်ပျော်ပြီးမှ သမီးအိပ်တာပါ"

စကားအဆုံးတွင် တအင့်အင့်ဖြင့် ရှိုက်၍ငိုရှာပြန်သည်။ ချစ်စ ခင်စ ကြင်နာစအချိန်မှာ အဘယ်မျှသောကပရိဒေဝမီး လောင်ကျွမ်းရှာချေမည်နည်း။ သူမကိုယ်ချင်းစာတွေးဖြင့် ချွေးမ၏မျက်နှာနုနုလေးကို ငေးကြည့်နေမိသည်၊ ဖြူဖွွတ်ဆွတ် မျက်နှာကလေး . . . ငိုလွန်းသောကြောင့် မျက်ခွံများ ဖောင်းအစ်မို့မောက်ကာ နီတွတ်တွတ်ဖြစ်နေပြီ။ သူမသည်ပင် သားအတွက် ဤမျှခံစားရလျှင် . . . ချွေးမကလေးအဖို့မှု အဘယ်သို့ ဆိုဖွယ်ရာရှိပါတော့အံ့နည်း။ သူမတို့၏ မဈွိမတိုက်သားတို့ ထုံးတမ်းစဉ်လာအရ လက်ထပ်ထိမ်းမြား မင်္ဂလာပြီးလျှင် လင့်မျက်နှာတစ်ရွာထင် ယောက္ခမအိမ်တွင် လိုက်ပါနေကြရမြဲမို့ လင့်မျက်နှာကွယ်သည်နှင့် ဘယ်မျှလောက်အားငယ်ဝမ်းနည်းရတယ်ဆိုတာ မိန်းမသားချင်း ကိုယ်ချင်းစာမိသည်။

"သားကို ရှာဖို့ဖွေဖို့စီစဉ်ပါတော့မောင်ရယ်"

မျက်ရည်ပြည့်လျှမ်းနေသော မျက်လုံးဖြင့် သားတို့အဖေကို မော့ကြည့်ကာ သတိပေးနှိုးဆော်လိုက်ရသည်။ ထိုသို့အခါမှသူကိုယ်တိုင်လည်း အိပ်မက်ထဲက . . . လန့်နိုးလာသူလို ကမန်းကတန်းထပြီး အိမ်ပြင်သို့ ထွက်ခွာသွားတော့၏။

မြင်းသည်ကျော်တွေ . . . ခြေမြန်တော်တွေကို အရပ်လေးမျက်နှာသို့ အဖွဲ့လိုက်အုပ်စုလိုက် ခွဲဝေစေလွှတ်ရှုပ်ယှက်ခတ်ကာ ဝင်းခြံကြီးတစ်ခုလုံး ဖုန်တထောင်းထောင်းထ၍ သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ်ကြာတော့မှ သားတို့အဖေ ပြန်ဝင်လာပြီး စောစောကထိုင်ခဲ့သော ကုလားထိုင်မှာ ပြန်ထိုင်၏။ သူမကမူ နေရာလုံးဝပင် မရွေ့သေး။

စားပွဲကို လက်ညှိုးဖြင့် တဒေါက်ဒေါက်ခေါက်လျက် သူ အလေးအနက် တွေးဆစဉ်းစားနေဟန်ရှိသဖြင့် သူ့ကို စိတ်အနှောင့်အယှက် မဖြစ်စေဘဲ ငြိမ်သက်တိတ်ဆိတ်စွာပင် သူမ ထိုင်မြဲတိုင်း ထိုင်နေ၏။

မကြာမီ သူ၏မျက်လုံးများ သူမဆီ ရွေ့လျားလာခဲ့ပါသည်။

"မောင်လဲ . . သားကို ထွက်ရှာလိုက်ဦးမယ် သုသု"

"မောင်တစ်ယောက်တည်းသွားမလို့လား"

သူမ၏ စိုးရိမ်မကင်းသော ချစ်ခြင်းစေတနာကို နားလည်စွာ သူ ခေါင်းညိတ်လိုက်သည်။ သူမ၏ရင်တွင်းမှ တားမြစ်ခြင်းကိုမူ လိုက်လျောမည် မဟုတ်တော့။

"တစ်ယောက်တည်းပဲ သွားမယ်"

ပြောပြောဆိုဆို သူ ထရပ်လိုက်သည်။

"စိတ်မချဘူး မောင်ရယ်။ အဖော်တစ်ယောက်လောက် ခေါ်သွားပါလား"

သူမစကားသည် သွားမည့်ဆဲဆဲရှိသူကို ခြေလှမ်းနှောင့်နှေးစေမှန်းတော့ သိသားပေ့။ သားပျောက်ရုံမက လင်ပါဆုံးရဦးမည်ဆိုလျှင် သူမ ရှုံးရုံသာ ရှိတော့မည်။ သူ့ကို တစ်ယောက်တည်း ဘယ်နည်းနှင့်မျှ ခွင့်မပြုလိုကြောင်း၊ သူမ၏သဘောဆန္ဒကို မျက်လုံးများထဲမှာ သူ အဖြေရှာတွေ့ရှိနိုင်လိမ့်မည် ထင်ပါသည်။

သူနှင့် မျက်နှာချင်းဆိုင် ထရပ်လိုက်သည့် သူမ၏ပခုံးစွန်း တစ်ဖက်ကို နွေးထွေးသော အကြင်နာ လက်ဖြင့် ဆုပ်ကိုင်ပြီး နှစ်သိမ့်သော အပြုံးများက သူမ၏ နှလုံးသားအပူပေါ် မေတ္တာစိမ့်စမ်းရေအသွင် စီးကျစေသည်။

"စိုးရိမ်စရာမရှိတဲ့ နေရာပါသုသု၊ သားကို မောင် အမှန်တကယ် တွေ့လိမ့်မယ်လို့ ယုံကြည်စိတ်အပြည့်ရှိနေတယ်။ သုသုရဲ့သားကို မြင်တွေ့ချင်ရင် . . . မောင်ပြန်လာမယ့်အချိန်သာ စောင့်မျှော်နေပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားမှာမို့လဲမောင်"

သူသည် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး ပြုံးလိုက်၏။ သူ၏ အပြုံးတွင် ယုံကြည်ချက်အားမာန်တွေ အပြည့်အဝရှိနေပါ၏။

"ဘေးမဲ့တော"

စကားသုံးလုံးကိုပြောပြီး လူငယ်တစ်ဦးကဲ့သို့ လျင်မြန်ဖျတ်လတ်စွာ သူ ထွက်ခွာသွားပြီ။

ဘေးမဲ့တော . . . တဲ့။

ဘေးမဲ့တောဆိုတာ မိဂဒါဝုန်ပေါ့။

ဒါဖြင့် ဗာရာဏသီအနီးမှာရှိတဲ့ "ဣသိပတန မိဂဒါဝုန်" ပဲပေါ့။

သူမရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

× × ×

နေဝင်ရီဖျိုးဖျ မိုးမချုပ်တချုပ်ကျမှ သူပြန်ရောက်လာ၏။

မနက်တုန်းကတည်းက အစာလည်းမစား၊ နေရာပင်မရွှေ့ဘဲ ချစ်လင်နှင့် ချစ်သား ပြန်လာလိမ့်နိုးနိုးဖြင့် မျှော်ကိုးစောင့်စားနေခဲ့သည်ပဲ။

သားကို မမြင်ရသောကြောင့် သူမ၏ အသည်းဆိုင်ကို ဆွဲကိုင်ဆုပ်ညှစ်ခံရဘိသကဲ့သို့ ဆတ်ဆတ်ခါမျှ နာကျင်တုန်လှုပ်သွားသည်။ သို့ရာတွင် ညှိုးနွမ်း၍ မနေသော၊ ပြုံးရွှင်လန်းဆန်းစွာလျှင်ရှိသော သူ၏မျက်နှာကို အကဲခတ်ရင်းမှ စဉ်းစားရကျပ်သွားပြန်ပါသည်။

သူနှင့်အတူ သား ပါမလာသော်လည်း စကားတော့ ပါလာခဲ့ပါသည်။

သူ့ ပြောပြချက်ကား သူမ တစ်သက်တာတွင် တစ်ခါမျှမကြားစဖူး အကြားထူးလှသည့် အကြောင်းအရာများ ဖြစ်နေသောကြောင့် စိတ်ဝင်တစား နားစိုက်ထောင်မိပါသည်။

မိုးတွင်းမို့ ရွှံ့နွံမြေပျော့များပေါ်မှာ သား၏ ရွှေဖိနပ်နင်းရာတွေကို ခြေရာခံ လိုက်လံရှာဖွေစုံစမ်းရင်း . . .

လောကတွင် ဗုဒ္ဓမြတ်စွာပွင့်ထွန်းနေပြီဖြစ်ကြောင်း . . .

www.burmeseclassic.com

www.burmeseclassic.com



၁၀၃ခုနှစ် ကဆုန်လပြည့်ည နေမဝင်မီ မာရ်နတ်ကို အောင်တော်မူပြီးနောက် မိုးသောက်ယံအထိ ဉာဏ်အဆင့်ဆင့်တက်ကာ ဘုရားအဖြစ်ရတော်မူခဲ့ကြောင်း . . .

သတ္တသတ္တာဟ ခုနစ်ရက်ခုနစ်လီ . . . လေးဆယ့်ကိုးရက်တိုင်တိုင် အာဟာရဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို လုံးလုံးဘုဉ်းပေးတော်မမူတော့ဘဲ ရွှန်ချမ်းသာ ဖိုလ်ချမ်းသာ ဖြင့်နေ ခဲ့ကြောင်း . . .

ဝါဆိုလဆန်း ၆ ရက်မှ ၁၄ ရက်အထိ ဗောဓိမဏ္ဍိုင်အနီးတစ်ဝိုက်မှာပင် သီတင်းသုံးတော်မူခဲ့ကြောင်း . . .

ဝါဆိုလပြည့်ညတွင် ဣသိပတနမိဂဒါဝုန်သို့ ကြွမြန်းဆိုက်ရောက်တော်မူကြောင်း . . .

ဝါဆိုလပြည့်နေ့မှ လပြည့်ကျော် ၄ရက်ညအထိ ဓမ္မစကြာတရားဦးကို ဟောတော်မူလျက် တစ်ညလျှင် တစ်ဦးကျ၊ သောတာပတ္တိဖိုလ်၌ တည်စေ၍ လပြည့်ကျော် ၅ရက်ညတွင် အနတ္တလက္ခဏာသုတ်ဖြင့် အလုံးစုံငါးပါးကုန်သော ပဉ္စဝဂ္ဂီတို့အား အရဟတ္တ ဖိုလ်တည်ကာ ရဟန္တာများဖြစ်စေခဲ့ကြောင်း . . .

ဗုဒ္ဓမြတ်စွာ အလောင်းတော် တောမထွက်မီကပင် စောင့်ကြိုကာ ရိပ်ကြီးနိုခဲ့သော ကာလဒေဝိလ၏ တူတော်အရှင်နာလကအား ဝါဆိုလပြည့်ကျော် ၇ရက်တွင် မိဂဒါဝုန်၌ပင် မောနေယျအကျင့်ကို ဟောတော်မူပြီးနောက် မကြာမီ အရဟတ္တဖိုလ် ဆိုက်ရောက်သွားစေကြောင်း . . .

ယခု မိမိတို့၏သား မောင်ယသသည်လည်း ကြီးကျယ်လွန်ကဲသော လောကီကာမဂုဏ်စည်းစိမ်ချမ်းသာကို ခံစားပါစေသော်ငြား ဓမ္မသံဝေဂတရားဖြင့် မိဂဒါဝုန်သို့ တိတ်တဆိတ် သွားရောက်ပြီး ဗုဒ္ဓမြတ်စွာ၏ အထံတော်တွင် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာနှင့် စပ်သည့်တရားတော်တို့ကို နာယူပြီးသည်၏ အဆုံးဝယ် . . .

သူမ ဆက်နားမစိုက်တော့ပါ။ ကြားရတစ်ချက်၊ မကြားရတစ်ချက်ဖြင့် ရင်ထဲကဟာင်းလင်းပွင့်ထွက်သွားသည့်အလား ခံစားလိုက်ရပါ၏။ ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းလား ဝမ်းနည်းခြင်းလား ဟူ၍မူ ဘာသာပင်မခွဲခြားနိုင်။ ရင်ထဲမှ နှလုံးသည်းပွတ်ကို ဆွဲယူထုတ်နုတ်လျက် အဝေးဆုံးသို့ လွှင့်ပစ်လိုက်သည့်အလား။

သားမောင်ယသ ရဟန်းဖြစ်သွားပြီတဲ့။

ဗုဒ္ဓမြတ်စွာ၏ သတ္တမမြောက် တပည့်သား သံဃာရဟန်း ဆိုပါလား။

အဆုတ်ကြား၊ နှလုံးကြား၊ အသည်းကြားမှာ ပဲတင်သံများ ဆူညံစွာ ဟိန်း၍ ထွက်လာသည်။

ဆံပင်ဖျားမှအစ ခြေဖျားအဆုံးတိုင် ကြက်သီးမွေးညင်းများက ဖြန်းဖြန်းထ၍ သွားကြသည်။

ကြေကွဲခြင်းလည်း မဟုတ်မူ၍ သားသည် မိခင်တစ်ဦး၏ ဂွမ်းဆီထိသော ရွှန်းပီတိဖရဏာပေလား။ သူမစိတ်အဟုန်သည် လေစုန်လွင့်မျောနေသော ဂွမ်းစသို့နှယ် ရှိချေ၏။

“မောင်ပြောမယ် သုသု၊ သေသေချာချာ နားထောင်။ ဗုဒ္ဓရဲ့တရားတော်ကို နာကြားခဲ့ရလို့ မောင် သရဏဂုံတည်ခဲ့ပြီ။ သုသုလည်း တရားနာရမယ်။ နက်ဖြန်မနက်ကျရင် ဗုဒ္ဓနဲ့တကွ မောင်တို့သား ရဟန်းယသမထေရ် ကြွလာလိမ့်မယ်။ ဆွမ်းဆက်ကပ်ဖို့ မွန်မြတ်တဲ့ခဲဖွယ်ဘောဇဉ်တွေကို စီမံထားပေတော့”

အားပါးတရပြောပြနေသော သားတို့အဖေအား ငေးကြည့်လျက် ခေါင်းညိတ်ဖို့မေ့လျော့နေသည်အထိ မှင်တက်နေမိ၏။

အတွေးစများလည်း တစ်ချက်တစ်ချက် ပျံ့လွင့်လျက် . . .

ကဆုန်လပြည့်နေ့ . . .

ဗုဒ္ဓ . . .

ယသမထေရ် ရဟန္တာ . . .

နို့ဃနာဆွမ်း . . .

ရင်ထဲ၌ ပဟေဠိတွေ ဝဲကတော့ မွှေနေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သစ္စာလေးဝ သာမုက္ကံသိက ဓမ္မဒေသနာတော်၏အဆုံးမှာ ချွေးမနှင့်သူမ နှစ်ဦးစလုံး သောတာ ပတ္တိဖိုလ်၌ တည်ကြ၏။ တရားတော်များ စုဝေးအပ်သော နှလုံးသားသည် ဖော့ဖယောင်းပမာ ပျော့ပျောင်းကာ ကြည်လင်အေးမြ ချမ်းသာခြင်းသို့ ရောက်ရပါလေ၏။

"ဘုန်းတော်ကြီးမြတ်လှပါတဲ့ မြတ်စွာဘုရား . . . အရှင်မြတ်ရဲ့ ဓမ္မဒေသနာအားလုံး နှစ်သက်ဖွယ်အဆီအနှစ်တွေသာ ဖြစ်ပါတယ်ဘုရား။ ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်ရာအဖြစ် တပည့်တော်မတို့ သိမှတ်ကြပါပြီ။ ယနေ့ကစပြီး အသက်ရှည်သမျှ ကာလပတ်လုံး တပည့်တော်မတို့အား သနားသဖြင့် သရဏဂုံတည်ကြတဲ့ ဥပါသိကာမများအဖြစ် မှတ်ယူတော်မူပါ အရှင်မြတ်ဘုရား"

"သာဓု . . . သာဓု . . . သာဓု"

အဥ္စလီညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးဦးခိုက်သည့်ခဏ ဗုဒ္ဓနှင့်တကွ သာဝကရဟန်းတော်တို့သည် သာဓုနမော် သုံးကြိမ်ခေါ်တော်မူကြ၏။

(နောင်အစဉ်အတိုင်း တောဒဂ်ထားတော်မူသောအခါ ဗုဒ္ဓသည် သူမအား လည်း အမျိုးသမီးများအနက် ပထမဦးစွာ သရဏဂုံတည်သော . . . အရာဝယ် အသာဆုံးအမြတ်ဆုံး ဧတဒဂ်ဘွဲ့ ချီးမြှင့်တော်မူသည်)

ဓမ္မဒေသနာ ချီးမြှင့်ပြီးမှ ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိက မြှောက်အောင် ဆွမ်းဆက်ကပ်ကြပါသည်။

ဗုဒ္ဓဦးဆောင်သော သံဃာစဉ်တန်း ကြွရောက်လာကတည်းက ရွှေဝါရောင် ဆင်းသရေတော်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံလျက် စက္ခုန္ဒြေ ချကာသာလျှင် ရှိကြကုန်သောကြောင့် သူမသည် သားမထေရ်မြတ်ထံ လှစ် ခနဲ တစ်ချက်ခိုးကြည့်ခဲ့သည်မှအပ မြတ်ဗုဒ္ဓကိုပင် ယခုကျမှ သားတို့အဖေ နှင့် ဆွမ်းကပ်ကြသည့် ခဏဝယ် . . .

"ဟင်"

အံ့သြခြင်းကြီးစွာ တုန်လှုပ်သွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓကမူ မည်သို့မျှ မထူးခြားလေဟန် ဖြည်းဖြည်းမှန်မှန် သတိပဋ္ဌာန်ဖြင့် ဆွမ်းဘုဉ်းပေးပြီးနောက် ဣသိပတန မိဂဒါဝုန်သို့ ပြန်လည်ကြွမြန်းတော်မူသည်။

သံဃာစဉ်နောက်ဆုံးတွင် ပါသွားသော အရှင်ယသမထေရ် အနားမှ လက်အုပ်ကလေးချီကာ ထွက်ပို့ရှာသည့် သားတို့အဖေအား လှမ်းကြည့်ရင်း ခန်းမကြီးအတွင်းမှာ အတွေးများစွာဖြင့် ကျန်ရစ်ခဲ့ပါသည်။

ကဆုန်လပြည့်နေ့နံနက်က ဥရုဝေလတောအနီး ညောင်ပင်ကြီးအောက်မှာ နို့ဃနာဆွမ်းလှူဒါန်းခဲ့သူကား လောကထွတ်ထား ဘုရားစင်စစ် ကေန်ဖြစ်မည့် အလောင်းတော်မြတ်ကြီးပါတကား။ နို့ဃနာဆွမ်း စီစဉ်ရာတွင် ထူးထွေဆန်းပြားစွာ ကြုံခဲ့ရသည်မှာလည်း အလောင်းတော်မြတ်၏ ဘုန်းသမ္ဘာကြောင့် ပါကလား။

ဘုရားဖြစ်လုဆဲဆဲဝယ် နို့ဃနာဆွမ်းလှူဒါန်းခွင့်ရခဲ့သည်။

သူမ၏ နို့ဃနာဆွမ်းကို ဘုဉ်းပေးပြီး မကြာမြင့်မီ ဘုရားဖြစ်ခဲ့သည်။

ဘုရားအဖြစ်ကို ရပြီးသောအခါ သတ္တာဟခုနစ်ရက်ခုနစ်လီတိုင်တိုင် မည်သည့် အာဟာရကိုမျှ မသုံးဆောင်မမှီဝဲဘဲ နေနိုင်သည်အထိ အားအင်ပြည့်ဝစေခဲ့သည်ပါလား။

ဝမ်းမြောက်ကြည်နူး ကျေနပ်ခြင်းပီတိတို့သည် သောင်ကမ်းဆီသို့ ပြေးဝင်ရိုက်နားလာသော လှိုင်းတန်းကြီးများပမာ ရင်တွင်းသို့ အလိပ်လိပ် တက်၍ လာသည်။

အမြတ်ဆုံးဆွမ်းကို အမြတ်ဆုံးအချိန်မှာ အမြတ်ဆုံးဗုဒ္ဓအား သူမ လှူဒါန်းခဲ့ရပြီပဲ။

သည်အကြောင်းတွေကို သားတို့အဖေ ပြန်ဝင်လာလျှင် ဝမ်းသာအားရ ပြောပြရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကောလိယမှ ထူထူးခြားခြား

"မောင့်ကို သားလေးမွေးပေးနော်"

မဟာလိမင်းသား၏ စကားကြောင့် ပန်းသွေးရောင်မျက်နှာထားဖြင့် ရှက်နိုးဟန် မျက်စောင်းဝင့်လိုက်၏။

"ဘာလေးမွေးမွေး၊ ကိုယ့်သွေးပဲမောင်ရယ် ချစ်ရမှာပေါ့"

ချစ်ဇနီး ကောလိယမင်းသမီးသုပ္ပဝါသာ၏ ဖြူဖျော့အားနည်းဟန်ရှိသည့် လက်အစုံကို ကြင်နာစွာ နွေးထွေးကိုင်ဆုပ်ရင်းမှ မဟာလိက ရှက်ရယ်ရယ်သည်။

"ဒါတော့ ဒါပေါ့လေ။ ဒါပေမယ့် မောင်တို့ မျိုးရိုးအနွယ်ကို ဆက်ခံစောင့်ရှောက်ဖို့ သားယောကျ်ားတွေခပ်များများ လိုအပ်နေတာတော့ အမှန်ပဲ မဟုတ်လား"

သည့်လိုဆိုတော့လည်း မဟာလိစကားက မှန်နေပြန်၏။ သုပ္ပဝါသာ စကား မတုံ့သေးဘဲ ပြုံးရုံပြုံးပြီး ငြိမ်သက်နေသည်။

ဗုဒ္ဓဂေါတမ ပွင့်ထွန်းတော်မူပြီးနောက် မိထွေးတော်ဂေါတမီအစ ဘဒ္ဒကစ္စာနာအလယ် သားတော် ရာဟုလာအဆုံး အားလုံးသော ဆွေတော်မျိုးတော်တို့ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြပြီ။ ဇနပဒကလျာဏီနှင့် အဘိသိက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ထိမ်းမြားလက်ထပ်ခါနီးဆဲဆဲ ထီးမွေနန်းလျာ အိမ်ရှေ့ဥပရာဇာ ညီတော် မင်းနန်ကိုပင် ချန်မထားခဲ့။ အရှင်အာနန္ဒာကမူ နောက်တော်ပါးမှ တစ်ဖဝါး မခွာ။ အရှင်အနုရုဒ္ဓါကျပြန်တော့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမှာစိုးပြီး နောင်တော်မဟာနာမ်မင်းအား တစ်ယောက်တည်း ထားခဲ့သည်ပဲ။

သို့ကလို အသီးသီး ထီးနန်းကို စွန့်လျက် တဏှာလွတ်ကင်းရာအမြိုက် နိဗ္ဗာန်ကိုသာချည်းရှေးရှုသွားကြပြီမို့ သမိုင်းစဉ်အဆက်ဆက် တည်ထောင်ခဲ့ သော သာကီနွယ်ဖွား မင်းယောကျ်ားများ ကွယ်ပျောက်တော့အံ့မူးမူး ရှိချေ သည်။ အထူးသဖြင့် သာကီဝင်မင်းသမီးများသည် ဘုရားဂေါတမသိဒ္ဓတ္ထဟု အသံကြားသည်နှင့် သူတို့၏ လင်သားများကို ဝှက်ထားစရာရှားပါးသည် အထိ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်နေကြလေ၏။ သည်လိုချိန်ခါမျိုးမှာ သားယောကျ်ားလေးလိုချင်သည့် သာမန်အနေအထားထက် မျိုးရိုးအစဉ် အဆက်ကို ထိန်းသိမ်းစောင့်ရှောက်သွားဖို့ ဆန္ဒပြင်းနေသော မဟာလိအား အပြစ်မဆိုသာပါချေ။

"မောင်လိုချင်တဲ့ သားယောကျ်ားပဲဖြစ်မှာပါ"

သားဦးမို့ စိတ်ကူးဖြင့် မြူးပြီး ရူးရူးမူးမူး ပြောနေလေသလားဟု စူးစိုက် သောအကြည့်က မဟာလိထံ ဖျတ်ခနဲ ရောက်သည်။

"မောင်တကယ်ပြောနေတာပါ"

သုပ္ပဝါသာ့ရင်တွင်းအထိ ထွင်းဖောက်၍ သိသည့်အလား သူ့စကားကို ဘာသာထောက်ခံ အတည်ပြုနေပြန်သည်။

"သာမန်သားယောကျ်ားမဟုတ်ဘူး၊ ဘုန်းကံကြီးမား ထူးခြားတဲ့သား၊ မိဘကို အကျိုးပေးမယ့်သား"

ဆီမန်းမန်းသလို တတွတ်တွတ်နှင့် ရေရွတ်နေ၏။ ကြီးစွာသော မျှော်လင့်ချက်တို့ဖြင့် စိတ်ထက်သန်ပြင်းပြနေပါ၏။ မမြင်ရသေးသော သား အပေါ်၌ ဖခင်လောင်းတစ်ဦး၏ အနှိုင်းမဲ့ မေတ္တာသည် သူ၏ရင်မှာ ပြည့်လျှံ၍ နေပါလေပြီ။

"မောင်ဘယ်လိုလုပ် ပြောနိုင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်မှာတော့ သုပ္ပဝါသာက စိတ်ဝင်စားစွာ မေးလိုက်သည်။ မဟာလိက သူမ၏ နဖူးကိုချစ်စနိုး လက်ညှိုးကလေးဖြင့် ထောက်၍ ဆိုသည်။

"ကိုယ့်ရင်သွေးအကြောင်းကို သတိမထားမိဘူးလား။ တခြားကိုယ်ဝန်တွေလို တစ်နှစ်နဲ့ မွေးလို့လား။ ခုဆိုရင် ခုနစ်နှစ်ပြည့်ဖို့ ရက်ပိုင်းသာလိုတော့တယ် မဟုတ်လား . . ."

"ဟုတ်တယ်နော်။ တစ်နှစ်လာလဲ မွေးနိုးနိုးနဲ့ ခုနစ်နှစ်တောင် ပြည့်တော့မယ်။ မွေးခဲလိုက်တာ။ ကိုယ်ဝန်ဆောင်ထားရတဲ့ ပင်ပန်းမှုကို ကိုယ်ဝန်ဆောင်ဖူးမှ သိကြမှာ။ ဒါပေမယ့်လေ မမြင်ရသေးတဲ့ ရင်သွေးကို ချစ်မြတ်နိုးလွန်းတဲ့စိတ်နဲ့ပဲ ဆင်းရဲဒုက္ခကို သည်းခံနိုင်စွမ်းရှိအောင် ကြိုးစားရပါတယ်"

မဟာလိက နားလည်ကိုယ်ချင်းစာစွာ ခေါင်းညိတ်လျက် သုပ္ပဝါသာအား ကြင်နာစိတ်ဖြင့် မျက်နှာချင်း တည့်တည့်ဆိုင်လိုက်၏။

"ညီမ အပင်ပန်းခံရကျိုးနပ်စေမယ့်သားပါကွယ်။ ဒီထက်ထူးခြားချက်တွေ ရှိသေးတယ်မဟုတ်လား"

မဟာလိဆိုလိုသည်ကို သုပ္ပဝါသာ သဘောပေါက်လိုက်သည်။

သည်ကလေးကိုယ်ဝန်ဆောင်ပြီးကတည်းက ပွားတိုးလာလိုက်သည့် လာဘ်လာဘပစ္စည်းဥစ္စာတွေ ဘဏ္ဍာကျီကြထည့်သမျှ ပြည့်နေတော့၏။ ပို၍ ထူးထွေဆန်းပြားသည်မှာ သုပ္ပဝါသာလက်ဖြင့် ထိပြီးသော မျိုးစပါးကို စိုက်လျှင် မျိုးစေ့တစ်စေ့မှာပင် စပါးအနှံရာထောင်ထွက်၍ လယ်တစ်ကွက်လောက်တွင် လှည်းအစီးငါးဆယ်ခန့် တိုက်ရသည်အထိ အောင်မြင်လေသည်။

စပါးများကို ကျီသွင်းရာတွင်လည်း သုပ္ပဝါသာလက်ဖြင့်ထိသည်နှင့် ကျီအတွင်းမှ စပါးမည်မျှပင် ထုတ်စေကာမူ နဂိုအတိုင်း ပြန်ပြည့်သည်ချည်း ယူ၍မကုန် သုံး၍မခန်း။

သုပ္ပဝါသာ ထိကိုင်ပြီးသောဆန်ဖြင့် ချက်သောထမင်းသည်လည်း ရောက်လာသူမှန်သမျှ ရူးခပ်ကျွေးမွေး၍ မကုန်နိုင်။ အိုးပြည့်မြဲပြည့်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် ဆွေမျိုး မိတ်သင်္ဂဟများကမူ သုပ္ပဝါသာ ဘုန်းကံပွင့်လာပြီထင်ကြသည်။ စင်စစ်မှာ ထိုသို့မဟုတ်။

သုပ္ပဝါသာဆောင်ယူအပ်သော သန္ဓေသားသည် ကိုးဆယ့်တစ်ကမ္ဘာအထက် ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါဝယ် တစ်ဦးတစ်ယောက်မျှ မလှူနိုင်ကြသည့် ရှားရှားပါးပါးပျားရည်ဆွမ်းကို လာဘ်လာဘ ငဲ့သောအားဖြင့် မရောင်းချ။ ကိုယ်တိုင်ကိုယ်ကျ သဒ္ဓါဖွေးဖြူ ပေးလှူခဲ့သော ဒါနကုသိုလ် စေတနာကြောင့် ယခုအခါ . . .

× × ×

**အတုမရှိ မုနိမြတ်စွာသည် ဆင်းရဲဒုက္ခကို ပယ်စွန့်ရန် ဆုံးမတော်မူပေ၏။ ထိုမြတ်စွာဘုရားကိုယ်တော်တိုင်လည်း သစ္စာဥေယျမွေမျိုးစုံကို အကုန်အစင် သိတော်မူပေစွတကား။**

**မြတ်ဘုရား၏ တပည့်သာဝက သံဃာများသည် ဆင်းရဲကိုပယ်ဖျံ့သောငှာ ကောင်းစွာကျင့်ကြံတော်မူကြပါကုန်၏။ ထိုထိုသာဝကတို့သည် သီလ သမာဓိ ပညာကျင့်ဖွယ်ရာကို ကျင့်နိုင်ပေစွတကား။**

**အကြင်တရားသည် ဤသို့သော ဆင်းရဲဒုက္ခဝေဒနာမျိုး တစ်စိုးတစ်ပင်မရှိ။ ထိုနိဗ္ဗာန်တရားမြတ်သည် ချမ်းသာပါပေစွတကား။**

သည်လိုအချိန်အခါမှာ ဗုဒ္ဓမြတ်စွာကို တမ်းတမ်းတတ သတိရမိတော့သည်။

ခုနစ်နှစ်နှင့် ဤခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ဆောင်ရခြင်း၏ ဆင်းရဲဒုက္ခ ဝေဒနာအဖြာဖြာကို ဘုရားဂုဏ်၊ သံဃာဂုဏ်၊ နိဗ္ဗာန်ဂုဏ်တို့၌ ဆင်ခြင်နှလုံးသွင်း သည်းခံခြင်းဖြင့်သာ နေ၏။

ခုနစ်ရက်မြောက်သောနေ့တိုင် မွေးဖွားနိုင်ခြင်းမရှိ။ နာကျင်ခြင်း ဝေဒနာတို့ကား ဆတက်ထမ်းပိုးတိုး၍သာ နေလေသည်။

ကမ္ဗဇလေဆောင့်တွန်းမွေ့သဖြင့် နားထင်နားရင်းမှ ဆီးကင်းလောက်ချွေးသီးချွေးပြိုက်တွေ ထွက်ကျကာ ရင်မှာ တလှိုက်လှိုက်ဖြစ်၍လာသည်။ အကျော်ဒေးယံ့ သမားတော်ကြီးများပင် လက်မှိုင်ချတော့မည့်ဆဲဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ ဆိုသည့်စကားအရ ကလေးမွေးဖွားခြင်းကိစ္စဖြင့် အသက်အန္တရာယ်က နီးသထက်နီးလာ၏။

မျက်လုံးများပင် ဖွင့်နိုင်အားမရှိ။ အားတင်း၍ ဖိကိုက်ထားသော နှုတ်ခမ်းများ သွေးရောင်လွှမ်းရမည့်အစား ဖြူလျော်ဖျော့တော့နေသည်။

အေးစက်စက်ရှိသော ပါးနှစ်ဖက်ကို လက်ခုံဖြင့် ကြင်နာစွာတို့ထိ စမ်းသပ်လာသော ချစ်လင်မဟာလိ၏ နူးညံ့သောအထိအတွေ့ကို ခံစားမှုဖြင့် သိသော်ငြား မျက်လုံးများဖွင့်၍ မကြည့်နိုင်ပါလေတော့။

"အားတင်းထားနော်ညီမ။ သမားတော်ကြီးတွေ အစွမ်းကုန် ကြိုးစားနေကြတယ်"

ချစ်ဇနီးကို ညင်သာဖွဖွအားပေးနေရသော်လည်း သူကိုယ်တိုင်မှာ မျှော်လင့်ချက်လမ်းစပျောက်လျက် အားအင်ကုန်ခန်း စိတ်နွမ်းမောဟိုက်စွာ ရှိနေပါပြီ။ မွေ့ပါလည်းဆုံး သားလည်းဆုံးအဖြစ်မျိုးရောက်ခဲ့ပါမူ ဟူသော အတွေးက မဟာလိ၏ရင်ကို ဖြောင်းဆန်အောင် မွှေပစ်လိုက်သည်။

သုပ္ပဝါသာ၏ဦးခေါင်းမှာလည်း တည်ငြိမ်ခြင်းငှာ မစွမ်းနိုင်။ ခံစားရသော ဝေဒနာကြောင့် ဘယ်လူးညာလိမ့် ဖြစ်နေရှာပါ၏။

တောင့်တင်းခိုင်မာသော အားကောင်းမောင်းသန် ယောကျ်ားမို့ ဖြစ်များ ဖြစ်နိုင်လျှင် ချစ်ဇနီး၏ ဝေဒနာကို မျှဝေကာ ခံယူလိုက်ချင်ပါ၏။ မကြည့်ချင် မမြင်ရက်တော့။

"ဒီတောင်က . . . ကျော်နိုင် . . . တော့မယ် . . . မဟုတ်ဘူး . . . မောင်ရယ် . . . "

ဤစကားသည်ပင် မဟာလိ၏ နှလုံးသားကို စိစိညက်ညက်ကြေမွ သွားစေ၏။

"ညီမ မသေရဘူး၊ ဘယ်နည်းနဲ့မှ မသေရဘူး"

နှုတ်ခမ်းဖျားမှ ခုန်ကျော်ကာ ထွက်မလာနိုင်တော့။ လည်ချောင်းဝမှာသာ တစ်ဆို့လျက် ရင်တွင်းသို့ ပြန်လည်တိုးဝင်ပုံတင်ထပ်၍ သွားပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓဆီ . . . အမြန်သွားပြီး . . . ခြေတော်အစုံကို ဦးခိုက်လှူပါကြောင်း လျှောက်ထားပေးပါမောင်။ ဝေဒနာဆိုးနဲ့သေရတော့မယ့် . . . သမီးသုပ္ပဝါသာက . . . မွန်မြတ်တဲ့အလှူကို . . . ပေးလှူ . . . ချင်လို့ . . ."

အကြိမ်ကြိမ်နားပြီး ပြောကြားရသော စကားကို အဆုံးမသတ်နိုင်။ မောဟိုက်လျက် ရင်မှာ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေရှာပါသည်။

ဤမျှလောက်ဆိုလျှင် မဟာလိသဘောပေါက်လိုက်ပါပြီ။ ဆုတ်ဆိုင်းတွေဝေခြင်းမရှိ။ လေ၏ လျင်မြန်ခြင်းဖြင့် စိမ်းစိုအေးမြ ကုဏ္ဍဓာနသို့ ဒုန်းဆိုင်းကာ ထွက်ခဲ့၏။

သုပ္ပဝါသာ၏ နောက်ဆုံးအချိန်ဖြစ်ကောင်း ဖြစ်နိုင်သည်မို့ အနားမှာ တစ်ဖဝါးမခွာ မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်ကာ ပြုစုချင်ပါ၏။ သို့ပါသော်ငြား ဗုဒ္ဓထံပါးသို့ လျှောက်ထားအသနားခံပေးဖို့ တောင်းပန်လာသော ချစ်ဇနီး၏ဆန္ဒကို မငြင်းပယ်နိုင်ပြန်။ ကြီးစွာသော ချစ်ခြင်းမေတ္တာတို့ဖြင့် ရင်တနင့်နင့် လိုက်လျောခဲ့ရပါပေ၏။

ဗုဒ္ဓ၏ ဘုန်းတော်အနန္တကြောင့် ချစ်ဇနီး မင်းသမီးလေး၏ ဘေးဘယာတို့သည် ပိန်းကြာဖက်ပေါ်ရေမတင် လျှောကျဘိသကဲ့သို့ ကျန်းမာပကတိချမ်းသာစွာ ရှိပါစေသတည်းဟု အာရုံပြုဆုတောင်းကာသာ အသော့နှင်လာသည်။

ဘုရားရှင်အား မွန်မြတ်သော ဝတ္ထုပစ္စည်းများကိုသာ အစဉ်သဖြင့် လှူဒါန်းလေ့ရှိသော ဘုရားရှင်၏ တရားတော်ကို နာယူ၍ သောတာပန်အရိယာအဆင့် ရောက်ခဲ့ပြီးသော ချစ်ဇနီးသည် သာမန်မိန်းမသားတို့ ခံစားနိုင်စွမ်းမရှိသော ဝေဒနာကို ဘုရားရှင်မကြွရောက်နိုင်မီ တရားနှလုံးသွင်းကာ အားခဲထားနိုင်ကောင်းပါရဲ့ဟု မဝံ့မရဲမျှော်လင့်မိပြန်သည်။

ဗုဒ္ဓမြတ်စွာသည် သုပ္ပဝါသာ ထူးခြားလာတော့မည့်အရေးကို ကြိုတွေးသိမြင်တော်မူသည်ထင့်။ တမင်တကာ ကုဏ္ဍဓာနမှာပင် တောင်ခြေတောတန်းမြစ်ကမ်းအိုင်စပ် စကြံခပ်လျက် ဆွမ်းခံထွက်တော်မမူဘဲ သာဝကများနှင့်အတူ မဟာလိအလာကို စောင့်ဆိုင်းကြိုနှင့်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မြတ်ဘုရား၊ အရှင့်သမီးတော် သုပ္ပဝါသာဟာ မမွေးဖွားနိုင်တဲ့ ဝေဒနာကြောင့် သေအံ့ဆဲဆဲ ရှိနေပြီမို့ မွန်မြတ်တဲ့ ဆွမ်းအလှူဒါနကို ပြုခွင့် ရအောင် အရှင်မြတ်အား သဒ္ဓါရိုကျိုး လက်စုံမိုးကာ ရှိခိုးလျှောက်ထား လိုက်ကြောင်းပါဘုရား"

မဟာလိသည် မြတ်စွာဘုရား၏ ခြေဖမိုးတော်အစုံကို ဦးခေါင်းဖြင့် ပွတ်တိုက်၍ ပူဆွေးသောက ဗျာပါဒဖြင့် အမောတကော ဒရောသောပါး လျှောက်ထားလိုက်လေသည်။

"မဟာလိ . . . မစိုးရိမ်ပါလင့်။ သင့်ဇနီးကောလိယမင်းသမီး ဆားကင်း ရန်ကွာ ကျန်းမာစွာ မွေးဖွားနိုင်ပါစေသတည်း။ သင့်ကလေးလည်း ရောဂါ ကင်းရှင်း ချမ်းသာခြင်းသို့ ရောက်ပါစေသတည်း"

ဗုဒ္ဓ၏နှုတ်ခြွေစကားသည် မဟာလိ၏ နှလုံးသားကို လှုပ်ရှားခြင်းများ စွာမှ ငြိမ်ကျသွားစေ၏။ မီးတောက်မီးလျှံကို ရေစင်ရေအေးတို့ဖြင့် ပက်ဖျန်း လိုက်သကဲ့သို့ ရှိလေသည်။

"ပြန်နှင့်တော့ . . . မဟာလိ။ သာဝကများနှင့် ငါဘုရား ယခုပင် ကြွလာတော်မူမယ်"

မဟာလိ၏ ဗလောင်ဆူနေသော သွေးရေးရှင်ရေးကိစ္စတွင် လင် ယောကျ်ားပီပီ အိမ်သူသက်ထား ဇနီးမယား၏ အနီးအပါးမှာ အားပေးကာသာ နေချင်ရှာရှာမည်။ သန္တာရကဏာ ကြီးမားစွာဖြင့် မဟာလိအား ချက်ချင်း ပြန်လွှတ်တော်မူသည်။

× × ×

လွန်ခဲ့သည့် တစ်ခုသောဘဝက ဖြစ်ပါ၏။

ခမည်းတော် လုပ်ကြံခံရပြီး မယ်တော်ကိုလည်း မိဖုရားအဖြစ် သိမ်းပိုက် ခဲ့သော ရန်သူကောသလမင်းအား ဗာရာဏသီမင်းသားသည် မည်သို့မျှ ခွင့်မလွှတ် သည်းမခံနိုင်။ တုံ့ပြန်ကလဲ့စားချေရန် စစ်သည်ဗိုလ်ပါ စုရုံးကာ အလုံးအရင်းဖြင့် ဗာရာဏသီသို့ ချီလာ၏။ စစ်တိုက်လျှင် လူအများ သေကျေ ပျက်စီးကြမည်ကို စိုးသောကြောင့် မြို့လေးမျက်နှာ ပိုင်းရံထားရန် မယ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားက လျှို့ဝှက်အကြံပေး၏။ မယ်တော်၏ အကြံအစည်အတိုင်း ပြုလုပ်၍ ခုနစ်နှစ်တိတိ ကြာသည့်တိုင် အကြောင်းမထူးနိုင်။ မြို့သူ မြို့သားများသည် တံခါးငယ်တို့မှ ထွက်၍ စားရေးရိက္ခာရှာကြ၏။ ထိုအခါ မယ်တော်က ထပ်မံအကြံပေးပြန်သဖြင့် တံခါးငယ်များပါ ပိတ်ဆို့လိုက်သော အခါ ခုနစ်ရက်အကြာတွင် ဗာရာဏသီကျလေ၏။

ထိုထိုသော မကောင်းမှုအကုသိုလ်ကံကြောင့် သုပ္ပဝါသာတို့ သားအမိသည် အချိန်ကာလညီမျှသော ဆင်းရဲဒုက္ခဖြင့် ခုနစ်နှစ်နှင့် ခုနစ်ရက်တိုင်တိုင် ဝိပါက်ဝဋ်ကြွေးကို ပေးဆပ်ခဲ့ကြရလေသည်။

အိမ်တံခါးပေါက်ဝသို့ ပြန်ရောက်လာသော မဟာလိကား မျက်လုံးများ ဝိုင်းဝိုင်းလည်လျက် မျက်ခုံးနှစ်ဖက်မြင့်တက်ကာ နှုတ်ခမ်းများပင် ပွင့်ဟသွားရပါလေ၏။ စောစောပိုင်းက အခြေအနေနှင့် လုံးဝဆန့်ကျင် ကွာချင်တိုင်း ကွာလျက် ပြုံးကာရွှင်ကာရယ်မောကာဖြင့် ကိုယ်တိုင်ကိုယ်ကျ ဆွမ်းကိစ္စစီစဉ်နေသော သုပ္ပဝါသာအား ထင်ထင်လင်းလင်း သူ့မြင်ကွင်း၌ တွေ့လိုက်ရသောကြောင့် ဖြစ်ပေ၏။

မဟာလိသည် ပတ်ဝန်းကျင် ပရိသတ်များကိုပင် ရှက်အားမနာနိုင်တော့။ သေမင်းနှင့် စစ်ခင်းပြီး စစ်တလင်း သေတွင်းဝမှ ပြန်ခွင့်ရခဲ့သည့် ချစ်သူခင်သူမြတ်နိုးသူအား အပြေးသွားလျက် တပွေ့ဖက်ဖက် တရှိုက်မက်မက် . . . ဖြစ်မဆုံးအောင် ရှိနေပါချေသည်။

"ညီမ ဘာမှမဖြစ်ဘူးနော်"

"ညီမ မသေဘူးနော်"

"ညီမ နေကောင်းသွားပြီနော်"

နံဘေးလူတွေကျီစယ်ရွှင်ပြုံး နှလုံးညွှတ်နူးဖွယ် ရှိရသည်အထိ ညီမချင်း-နော်ချင်းထပ်သွားရပါလေ၏။ သုပ္ပဝါသာမှာလည်း ထီးထီးမားမား အားကိုးရာ အိမ်ဦးအရှင်သခင် ခင်ပွန်းလင်၏ မေတ္တာပမာဏ အတိုင်းအဆကို နှိုင်းပြဖွယ်မမြင် ပြက်ပြက်ထင်ထင် ခံစားလိုက်ရသဖြင့် ရန်ခုန်သံများ မြန်သွား-ညံသွားရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ကိုယ်စီဖြင့် နှစ်ဦးသား၏ ပါးပြင်ပေါ်ဝယ် ခါဝသန်မိုးနှယ် ရွှဲရွှဲစိုသွားရပါပြီ။ ဝမ်းသာလျှင်လည်း ကျတတ်သည့် မျက်ရည်ပါတည်း။

ထိုခဏ၌ တစ်စုံတစ်ခုကို သတိရသွားသည့်အလား အခန်းတွင်းသို့ အပြေးအလွှားဝင်သွားသော မဟာလိမှာ ချက်ချင်းပြန်ထွက်လာပြီး သုပ္ပဝါသာအား လှမ်းကြည့်ကာ ယောင်စာယောင်ကန်း ဖြစ်နေရှာသည်။ ပြုံးစိစိဖြင့် သူ့ထံကျရောက်လာကြသော မျက်လုံးပေါင်းများစွာက သူ့အား ပဟေဠိဝှက်နေကြသလိုပင်။ သူစိတ်မရှည်ချင်တော့ပါ။ သူ့ရင်တွင်းမှ အာသာပြင်းပြဆန္ဒတစ်ခုကို အားလုံးရိပ်မိကြလိမ့်မည်ဟု သေချာပေါက် သူတွက်လိုက်သည်။

"မောင့်သား ဘယ်မှာလဲ ညီမ"

အောင့်အည်းမျိုသိပ်ထားနိုင်စွမ်း မရှိတော့။

သားဟု တစ်ထစ်ချယုံကြည်ထားလျက် သူ့သားကို ယခုထိတိုင် မမြင်ရသေး။ မယားဓာမှတစ်ဆင့် သားဓာကပ်ကာ ဗျာများရပြန်ပါသည်။ ပရိသတ်၏ အပြုံးမျက်နှာများကို အကဲခတ်လျက် သားအတွက် စိုးရိမ်ဖွယ် မရှိကြောင်းကိုမူ ဦးနှောက်အသိဖြင့် ဆုံးဖြတ်ကြည့်ပြီး ဖြစ်ပါ၏။

"ဒီမှာလေ . . . မောင့်သား"

သုပ္ပဝါသာ ညွှန်ပြရာသို့ မျက်လုံးအကြည့် ရွေ့လိုက်သည်။

မထင်မှတ်ထားသည့် သား . . .

အား . . . လား . . . လား . . .

ထွားမှထွားသည့် သားယောကျ်ားပါလား။

သားထံ ဂမူးရှူးထိုးပြေးလာပြီး အထပ်ထပ်အခါခါ ပွေ့ဖက်နမ်းရှုပ်မိပါတော့၏။

"သား . . အဖေ့သားကြီး . . သာကီနွယ်ဖွား ဇာနည်သားကြီး . . "

အာလုတ်သံ ဝမ်းခေါင်းသံတို့ဖြင့် ကြွေးကြော်မြည်တမ်း၍ မဆုံးနိုင်။ သားကြီးကို ချီမြှောက်ကာ အူမြူးကာ သားရူးရူးရှာသည်။ ရွှေလင်ပန်းတွင်

www.burmeseclassic.com

www.burmeseclassic.com



အနီးဖြင့်ထွေးတင်ထားသည့်ပိစိကွေးလေး မွေးကင်းစကိုသာ ရှာဖွေနေမိသော မဟာလိမှာ မိခင်ဝမ်းတွင်း၌ ခုနစ်နှစ်ကျော်နီးပါး ကိန်းအောင်း ကြီးထွားခဲ့သည့်သားအား မမျှော်လင့်ဘဲ ထူးထူးခြားခြား ယောကျ်ားမားမားကြီးအဖြစ် မြင်တွေ့ရသောအခါ ထခုန်မိ မတတ်။ သားကြီးတို့၏ ဖခင်အဖြစ် ဝမ်းမြောက် ဂုဏ်ယူ၍မဆုံး၊ အံ့သြ၍လည်း မကုန်နိုင်။

"ဩော် . . မောင်ရေ၊ ဗုဒ္ဓကို ဆွမ်းကပ်လှူဖို့ လျှောက်ထားခွင့်ရခဲ့ရဲ့လားဟင်"

သုပ္ပဝါသာ မေးလာတော့မှ အိမ်ပြန်ရောက်ကတည်းက မယားနှင့် သားအတွက် စိတ်လွတ်ကိုယ်လွတ်ရှိခဲ့မိသောအဖြစ်ကို သတိရကာ မျက်နှာနီမြန်းလျက် ရှက်ကိုးရှက်ကန်းကြီး ဖြစ်သွားရရှာသည်။

"ဟုတ်ပါရဲ့ ညီမရယ်။ မယားဓော၊ သားဓောတွေက မောဟာတယ်ကြီးပေသကိုး၊ ဒီတဏှာပေမတွေကြောင့် ခက်နေရပေတာပဲ။ ဗုဒ္ဓသာ သိတော်မူရင် ကရုဏာပြုံးနဲ့ ဆုံးမလိုက်မယ့်ဖြစ်ခြင်း"

မဟာလိထံမှ တရားစကားသံတွေ ထွက်လာတော့မှ အားလုံး၏ မျက်နှာကိုယ်စီမှာ ပြုံးတုံးတုံးကြီးတွေ ဖြစ်ကြရကုန်၏။

"ဗုဒ္ဓကြွလာမယ်လို့ မိန့်တော်မူလိုက်တယ်ညီမရဲ့။ စောစောကတော့ ညီမအတွက် ရည်စွယ်ပြီး လှူမယ့်ဆွမ်းမဟုတ်လား။ ခုတော့လဲကောင်းကောင်းမွန်မွန် ချောချောမောမော မွေးဖွားပြီးပြီမို့ သားအတွက်လှူမယ့် ခုနစ်ရက်မွေးနေ့ဆွမ်းဖြစ်ချင်သဗျား . . . "

"သိပ်ကောင်းတဲ့အစီအစဉ်ပဲမောင်။ အလှူပွဲ ခုနစ်ရက်လုံးလုံး လှူဖွယ်ဝတ္ထုတွေကို အမွန်မြတ်ဆုံး အကောင်းဆုံးတွေသာ ရွေးပြီး လှူဒါန်းကြရအောင်နော်။ မွေးနေ့ဆွမ်းတင်မကပါဘူး။ ကင်ပွန်းတပ် မင်္ဂလာဆွမ်းလဲ ဖြစ်စေချင်တယ်မောင်။ သားအတွက် နာမည်လှလှလေး ရွေးပေးပါအုံး"

သည်တစ်ကြိမ်မှာတော့ အောင်နိုင်သူ စစ်သူကြီးကဲ့သို့ မဟာလိပြုံးပြုံးကြီး ဖြစ်သွားရပါ၏။ သား ယောကျ်ားလိုချင်၍ သားရူးရူးခဲ့သော မဟာလိသည် "သင့်ကလေးလဲ ရောဂါကင်းရှင်း ချမ်းသာခြင်းသို့ရောက်ပါစေ

www.burmeseclassic.com

www.burmeseclassic.com



သတည်း” ဟု ဗုဒ္ဓ၏ မေတ္တာနှုတ်မိန့်ကို ကြားနာရပြီး ကုဏ္ဍလကေနမှ အပြန်ခရီး မှာပင် သား၏အမည်ကို ရွေးထားခဲ့ပြီး ဖြစ်ပါသည်။

“ကိုယ်ဝန်ဆောင်ကတည်းက သက်ဆိုင်သူမှန်သမျှ ချမ်းသာစေခဲ့တဲ့ သား . . . နှလုံးစိတ်ဝမ်းငြိမ်းချမ်းစေတဲ့ သား . . . ဗုဒ္ဓရဲ့ မေတ္တာတော်နဲ့ ချီးမြှောက်ခဲ့တဲ့သား . . . မောင်တို့သားကို သီဝလိလို့ မှည့်လိုက်ပါသဗျား”

“သီဝလိ တဲ့ . . . ”

“ကောင်းလိုက်တဲ့နာမယ်လေး”

“သီဝလိ ဆိုပါလား”

“သီဝလိ . . သီဝလိ . . ”

တစ်ယောက်တစ်ပေါက်ပြောဆိုဆူညံနေကြစဉ်မှာပင် အရှင်မြတ်ဗုဒ္ဓနှင့် တကွ သာဝကများ ကြွရောက်လာကြပါ၏။

ပျော်ရွှင်မြူးထူးခြင်းမှ . . .

ငြိမ်သက် ချမ်းမြေ့ခြင်းသို့ . . .

× × ×

အလှူတိုက်ဆိုင်နေလျှင် ပြဿနာပေါ်တတ်မြဲဖြစ်ပါ၏။

အလှူရှင်နှစ်ဖက်စလုံးမှာ ဗုဒ္ဓနှင့် သာဝကအားလုံးကို ပင့်ဖိတ်ကြသည် ချည်းဖြစ်နေသောကြောင့် ခွဲတမ်းချ၍ ကြွရန်မှာလည်း မဖြစ်နိုင်ပြန်။ အလျှော့ အတင်းညှိမှရတော့မည့် အခြေအနေ။

သုပ္ပဝါသာတို့ဘက်မှ သားဦးမွေးနေ့နှင့် ကင်ပွန်းတပ်မင်္ဂလာဆွမ်း အလှူကို ခုနစ်ရက်တိတိကျင်းပဖို့ နောက်မှ စီစဉ်ခြင်းဖြစ်သည်။ အရှင် မောဂ္ဂလာန်လက်ခံထားပြီး ဖြစ်သော နောက်တစ်နေ့ ဆွမ်းအလှူက အလျင် ဦးထား၏။ သို့ဖြစ်ပါလျက် ဗုဒ္ဓက လျှောက်ထားပြီး အလျင်ဦးသူကို နောက်သို့ ဖယ်ရှားဆိုင်းငံ့ထားခိုင်းသည်ဆိုတော့ သာမန်အားဖြင့် တစ်ဖက်မှ မကျေနပ်နိုင်စရာကောင်းနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ၏ ချီးမြှောက်မှုကို သုပ္ပဝါသာတို့ဘက်မှ ဆွေ့ဆွေ့ခုန်မျှ ဝမ်းမြောက်ဖွယ်ကောင်းလှသော်လည်း ပြည့်ပြည့်ဝဝ ဝမ်းမသာနိုင်ရှာ။ မူလ ဆွမ်းဒကာ မည်သို့ရှိမည်နည်းဟူသော အတွေးဖြင့် စိတ်စနိုးစနောင့် ဖြစ်နေရပါ၏။ သူတစ်ပါး စိတ်အနှောင့်အယှက်ဖြစ်မှ မိမိဝမ်းမြောက်ရသည့်အဖြစ်မျိုး သုပ္ပဝါသာ မလိုလားနိုင်ပါ။

သို့ရာတွင် ဗုဒ္ဓ၏ သီလသမာဓိပညာကို အကြွင်းမဲ့ ကြည်ညိုယုံကြည်ပြီး ဖြစ်သည့်အလျောက် အပင့်အဖိတ်နောက်ကျပါလျက် မိမိတို့အလှူကို သဘောတူကြည်ဖြူ လက်ခံတော်မူခြင်းသည် သာမညတော့ မဖြစ်နိုင်။ အကြောင်းထူး တစ်ခုခုရှိလိမ့်မည်ဟု သုပ္ပဝါသာ နက်နဲစွာတွေးမိ၏။

"အလှူအတွက် မနားမနေ စီစဉ်ရတာနဲ့ ပင်ပန်းသွားပြီလား"

သားကို လက်ဆွဲပြီး အခန်းထဲဝင်လာသော ခင်ပွန်းသည် မဟာလိကို မြင်သည်နှင့် ညောင်စောင်းမှာလဲလျောင်းနေရာက ထထိုင်လိုက်၏။

"လူ့ဖို့ အစီအစဉ်တွေ စိတ်ကူးပြီး ပျော်နေတာနဲ့ ပင်ပန်းဖို့တောင် သတိမရနိုင်ပါဘူး။ ညီမပင်ပန်းမှာစိုးလို့ ဆိုပြီး အတင်းနားခိုင်းကြလို့"

မဟာလိ ခေါင်းညိတ်လိုက်သည်။ ညောင်စောင်းပေါ်ထိုင်ချလိုက်ပြီး သားကလေးသီဝလိအား သူ့ပေါင်ပေါ် ပွေ့တင်ထားသည်။

"ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်ပြီးလှူတဲ့ သဒ္ဓါတ္တိကဒါနက ကုသိုလ်ပိုရတယ်လေ။ ဒါပေမယ့် နားလည်းနား၊ လုပ်လည်းလုပ်ပေါ့"

"ရက်တိုက်နေတဲ့ ဆွမ်းအလှူကိစ္စ ဘယ်လိုလဲမောင်"

"အဆင်ပြေသွားပါပြီ"

မဟာလိထံမှ ရရှိသော အဖြေကြောင့် သုပ္ပဝါသာ ဝမ်းမြောက်သွားသည်။

"ဟုတ်လား . . . ဘယ်လိုအဆင်ပြေတာလဲဟင်"

"ဆွမ်းအလှူရှင်က အရှင်မောဂ္ဂလာန်ရဲ့ ဒကာရင်းလေ။ ဗုဒ္ဓက အကျိုးအကြောင်းရှင်းပြခိုင်းလိုက်တာနေမှာပေါ့။ အဲဒီဒကာက အလာချည်းပဲ၊ သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အသက်၊ ဥစ္စာ၊ သဒ္ဓါတရား ဒီသုံးချက်ကို အာမခံပေးနိုင်မလားလို့ လျှောက်သတဲ့"

သားသီဝလိသည် မိဘနှစ်ပါး စကားပြောနေသည်ကို လူကြီးပမာ ငြိမ်သက်စွာ နားထောင်နေသည်။ သုပ္ပဝါသာက သူ့ဖခင်ပေါင်ပေါ်မှ သားအား လှမ်းချီပြီး နဖူးပြင်ကို ချစ်ခင်စွာ ငုံ့နမ်းလိုက်သည်။

"အရှင်မောဂ္ဂလာန်က တန်ခိုးနဲ့ ကြည့်ပြီး အသက်နဲ့ ဥစ္စာကိုသာ သက်သေခံပေးနိုင်ကြောင်းပြောတော့ ဆွမ်းဒကာက သဒ္ဓါတရားကို သူ့ဘာသာစောင့်ရှောက်ပါ့မယ်လို့ ဝန်ခံပြီး ရက်ရှေ့ပေးရမယ့် ဆွမ်းအလှူကိစ္စကို သဘောတူကျေနပ်လိုက်သတဲ့"

"ဝမ်းသာလိုက်တာမောင်။ ညီမတို့အလှူအတွက် သူ့ခမျာ ရက်ရွှေ့ပေးရတယ်ဆိုရင် ညီမတို့ဘက်က မတရားဖြစ်နေမလားလို့ သံသယစိတ်တွေဝင်နေတုန်း မောင်ရောက်လာတာနဲ့ အတော်ဖြစ်သွားတယ်။ ခုတော့ စိတ်ကြည်ကြည်လင်လင် ရှင်းရှင်းသန့်သန့်နဲ့ လှူနိုင်ပါပြီ"

မဟာလိ သဘောကျစွာ ပြုံးလိုက်သည်။

"ဗုဒ္ဓက မျက်နှာမလိုက်တတ်ပါဘူးကွယ်။ မောင်တို့သားလေး သီဝလိဟာ သူမတူအောင် ထူးချွန်မယ့်ကလေး။ ဟို ဆွမ်းဒကာကို ရက်ရွှေ့ခိုင်းတာ အကြောင်းရှိကို ရှိရမယ်။ ပြီးတော့ ညီမ သတိထားမိသလား။ မောင်တို့ အလှူပွဲမှာ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ အဂ္ဂသာဝကများသာမကဘူး။ ဗုဒ္ဓရဲ့ တပည့်သာဝကတွေ အင်မတန် စုံစုံလင်လင် ကြွရောက်ချီးမြှင့်ကြမယ့်ပွဲဗျ"

လျှာဖျားပေါ်တွင် သကာများ တင်လျက် အကြောပေါင်းတစ်ထောင်သို့ စိမ့်ဝင်သွားစေသည့်အလား . . . ချိုမြကြည်အေးသွားရသည်။ ဗုဒ္ဓနှင့်တကွ သာဝကကြီးများ စုံစုံလင်လင် ကြွရောက်ကြမည့်ပွဲဟု ဆိုလိုက်ခြင်းက သားရှင်မိခင်တစ်ဦးအနေဖြင့် ဖော်မပြနိုင်လောက်သော ဂုဏ်ယူဖွယ် ဂုဏ်တက်ဖွယ်ပင် မဟုတ်ပါလား။

ဗုဒ္ဓကိုယ်တော်တိုင် ချီးမြှင့်ရသည့် သားကလေး . .

သာဝကကြီးတွေ ကြွရောက်အားပေးကြမည့် သားကလေး . . .

www.burmeseclassic.com

www.burmeseclassic.com



မိဘအတွက်ချမ်းသာဂုဏ်တက်စေသည့် သားကလေး . . .

လာခြင်းကောင်းသော သားကလေး၏ဝင်းမွတ်နုညက်သောပါးပြင်ကို ချစ်ခြင်းမေတ္တာကြီးမားစွာဖြင့် တစိမ့်စိမ့် ရှိုက်နမ်းမိလေသည်။

**သားတို့ရုပ်ရည် သီတာမည်သား**

**ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက**

**မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည့်။**

× × ×

ရှုမငြီးသည့် တစ်ဦးတည်းသော သားကလေး သီဝလိမှာ ရုပ်ရည် အဆင်းလှပသန့်ရှင်းရုံမျှမက ဖွံ့ဖွံ့ထွားထွား ဖြူဖြူဝင်းဝင်းကြီးမို့ ပရိသတ်ကြားမှာ ထင်းခနဲ မြင်နိုင်သည်။

အလှူမဏ္ဍပ်သို့ ရောက်လာကြသော ဧည့်ပရိသတ်များအဖို့ သီဝလိကလေးအား ချီမ ဖက်ယမ်းနမ်းရှုပ်ခြင်းမပြုဘဲမနေနိုင်သူဟူ၍ မရှိသလောက်ပင်တည့်။

ပေးလာကြသည့် လက်ဆောင်ပဏ္ဏာပစ္စည်းတွေကလည်း မရေတွက်နိုင်လောက်အောင်ပင် ထောင်ပုံရာပုံ ပုံနေပါ၏။

"လာပါအုံး သားသားရဲ့။ ချစ်စရာကောင်းလိုက်တာ၊ သုပ္ပဝါသာတို့တော့ သားကလေးနဲ့ ဂုဏ်တက်စရာ ဖြစ်လာပြီဟေ့"

"ဂုဏ်တက်ပါမှပဲ။ သူ့ခမျာ ဒီကိုယ်ဝန်ကြီးကို လွယ်ထားရတဲ့ နှစ်ပေါင်းကဖြင့် နည်းလို့လား။ ဘယ်လောက်ဆင်းရဲခဲ့ရှာသလဲ"

"မဟာလိတစ်ယောက်တော့ တဟဲဟဲနဲ့ နှုတ်ခမ်းတွေ နားရွက်တက်ချိတ်မှာတောင် စိုးရတယ်။ သွားတွေလဲ အအေးမိကုန်တော့မယ်"

"သားရဲ့အဖေဆိုတော့လဲ ဂုဏ်ယူရှာပေမပေါ့"

"အရွယ်နဲ့မလိုက်အောင် သိပ်တည်တာပဲနော်၊ လူကြီးလေးကျနေတာပဲ၊ ဘုန်းကျက်သရေရှိတဲ့ ပုံစံကလေး"

"ဒီလို သားမျိုး တစ်ယောက်လောက် ရချင်စမ်းပါဘိတော့"

www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်အတွင်း နှုတ်ဆက်လာသူ၊ ကလေးပွေ့ချီသူ၊ ကျီစယ်ရယ်မောကြသူတွေ တရုတ်ရုတ်တသဲသဲ တဟောဟောတဟဲဟဲဖြင့် စည်ကားသိုက်မြိုက်လှပေသည်။

ဟိုလူကချီ၊ ဒီလူကနမ်းနှင့် ကြာတော့ သားလေး စိတ်ညစ် ပင်ပန်းနွမ်းနယ်သွားရရှာသည် ထင်ပါရဲ့။ လူပရိသတ်ကြားထဲမှ မသိမသာ ကိုယ်ယောင်ဖျောက်ပြီး ပျောက်ခြင်းမလှ ပျောက်သွားတော့၏။

ဧည့်သည်များကို ဧည့်ခံလိုက်၊ လှူဖွယ်ကိစ္စများကို စီစဉ်လိုက်ဖြင့် တရစပ် မအားမလပ်ဖြစ်နေသော သုပ္ပဝါသာသည် သားကို ရုတ်ခြည်းသတိရလာပြီး ဟိုဟိုသည်သည် ရှာကြည့်သော်လည်း မတွေ့သောကြောင့် အူယားဖားယားဖြင့် ခင်ပွန်းသည် မဟာလိထံ ရောက်သွားတော့သည်။

"မောင် . . . သားလေးရောဟင် . . . သားလေး"

ပျာပျာသလဲဖြစ်နေသော သုပ္ပဝါသာအား အကြင်နာပြုံးဖြင့် အနားကပ်ကာ တိုးတိုးလေးပြောလိုက်ပါသည်။ ပြီးနောက် ဇနီးမောင်နှံနှစ်ဦးစလုံး အိမ်ထဲသို့ လှစ်ခနဲ ဝင်ရောက်ခဲ့လေသည်။

သားကို မြင်လိုက်ရတော့မှ သုပ္ပဝါသာ ပြုံးနိုင်ရှာ၏။ သိက္ခာတော်တည်ကြည်လှသော အရှင်သာရိပုတ္တရာအနီးမှာ ရစ်ဝဲရစ်ဝဲ လုပ်နေသည်။ အရှင်မြတ်က ပြုံး၍ ခေါင်းညိတ်တော်မူသောအခါ အရှင်မြတ်အနီးသို့ မဝံ့မရဲ ချဉ်းကပ်သွားသည်။ သင်ပြပေးထားခြင်းမရှိပါဘဲ ရိုရိုသေသေကျစ်ကျစ်လျစ်လျစ် ပုဆစ်တုပ်ထိုင်ပြီး ရှိခိုးဦးချသည်။ ပြီးနောက် အရှင်မြတ်နှင့် စကားပြောနေပေတော့သည်။

"ကြည့်စမ်း၊ သားလေးက လူတွေကြားထဲမှာ မပျော်ဘဲ အရှင်မြတ်နဲ့ စကားပြောနေလိုက်တာ။ သာသနာကို အကျိုးပြုမယ့်သားပဲဖြစ်မှာ မောင်ရေ"

"ညီမက အလုပ်တွေများပြီး သတိမထားမိလို့ပါ။ နေ့တိုင်းဒီလိုပဲလေ၊ ဧည့်သည်များလာပြီဆိုရင် လစ်ရော၊ စောစောက မောင်လဲရှာမတွေ့လို့ စိတ်ပူသွားတာပဲ။ နောက်တော့မှ လူကြားထဲမှာမနေဘဲ အရှင်မြတ်တွေဆီ သွားနေတာလို့ သိပြီး စိတ်ချလက်ချရှိသွားတယ်။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို အကပ်ဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

သားနှင့်ပတ်သက်သမျှ ကောင်းသောစကားကိုသာလျှင် ကြားရတတ်သောကြောင့် သုပ္ပဝါသာမှာ ကျေနပ်မဆုံး တပြုံးပြုံး။ မွေးတုန်းက သေမလောက် ခံစားခဲ့ရသည့် ဝေဒနာတွေကိုပင် သတိမရနိုင်တော့ပါ။

"လာမောင် . . . သွားကြည့်ရအောင်။ အရှင်မြတ်တွေနဲ့ ဘာတွေပြောနေလဲမသိဘူး"

ဗုဒ္ဓနှင့်အတူတကွရှိနေကြသည့် သာဝကအရှင်မြတ်များထံသို့ ညွတ်ကျိုးသောကိုယ်၊ ရိုသေသော အဥ္စလီဖြင့် ဇနီးမောင်နှံနှစ်ဦးစလုံး ရှေ့တိုးသွားကြသည်။

ဦးစွာ ဗုဒ္ဓအား ရှိခိုးဦးချလိုက်သည်တွင်

"ချစ်သမီး သုပ္ပဝါသာ . . ဒီလိုသားမျိုး နောက်ထပ်လိုချင်သေးသလား"

ဗုဒ္ဓ၏ အမေးပုစ္ဆာအတိမ်အနက်ကို ဉာဏ်မမီ။ နက်ရှိုင်းကျယ်ဝန်းလှသော သဘောအဓိပ္ပာယ်ကို ဆောင်ပေလိမ့်မည်။ ဗုဒ္ဓလိုချင်သည့် အဖြေမှန်ရဖို့အတွက် ဂုဏ်ယူဝမ်းမြောက်စိတ်ကို မဖုံးဖိနိုင်ဘဲ ရင်ထဲရှိသမျှသာ ဖွင့်ဟလျှောက်ပြလိုက်ပါ၏။

"မှန်လှပါ။ ဒီလိုသားမျိုးသာဆိုရင် နောက်ထပ်ခုနစ်ယောက်လောက်လဲ မွေးချင်မွေးနိုင်ပါတယ် . . . အရှင်မြတ်ဘုရား"

ထိုအခါ မဟာကရုဏာရှင် ဗုဒ္ဓသည် ရိပ်ရိပ်ကလေးပြုံးပြီး ဆုံးမတော်မူပါ၏။

"မသာယာအပ်တာကို သာယာဖွယ်အသွင် . . . မချစ်ခင်အပ်တာကို ချစ်ခင်ဖွယ်အသွင် . . . ဆင်းရဲတာကို ချမ်းသာဖွယ်အသွင်သဘောတွေနဲ့ မေ့လျော့သူကို ဖုံးလွှမ်းနှိပ်စက်နေတာပဲ"

သုပ္ပဝါသာ နားလည်လိုက်ပါသည်။

သားလေးသီဝလိအပေါ် နှစ်လိုကြည်မြ ချစ်မဝဖြစ်နေသည့် စိတ်သဘောကို ဆင်ခြင်ဖို့ သတိပေးတော်မူသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ . . .

ငါ့သားလေးဟူသော စွဲလမ်းစိတ်သည်ပင် တဏှာပေမ မကင်းကြောင်း ကောင်းကောင်းကြီးသိပါသည်။

လောကမှာမရှိတာထက် မသိတာခက်ပြီး မသိတာထက် သိလျက်ဖြင့် မကျင့်နိုင်တာက ပို၍ခက်သယောင်ပါတကား။

× × ×

"တပည့်တော်တို့ရဲ့သားကို ဘာများမိန့်ကြားဆုံးမတော်မူပါသလဲ ဘုရား"

သုပ္ပဝါသာသည် အရှင်သာရိပုတ္တရာထံချဉ်းကပ်၍ ရိုသေစွာ လျှောက်ထား မေးမြန်းလေသည်။ သားသီဝလိကား ဝါတော်ကြီးမြင့်လှသော မထေရ်ကဲ့သို့ ဣန္ဒြေအပြည့်ဖြင့် မျက်လွှာချကာ ခေါင်းငုံ့နေသည်။

"အမိဝမ်းထဲမှာ ခုနစ်နှစ်ကျော် ခံစားခဲ့ရတဲ့ ဇာတိပဋိသန္ဓေနေရခြင်း ဆင်းရဲအစုကို ဆင်ခြင်ပြီး ရဟန်းမပြုသင့်ဘူးလားလို့ မေးတော့ မိဘနှစ်ပါး ခွင့်ပေးရင် ရဟန်းပြုချင်ပါတယ်တဲ့။ သင်တို့သဘော ဘယ်လိုရှိကြပါသလဲ"

အရှင်မြတ်၏ နှုတ်မိန့်စကားသည် နွေလယ်ခေါင်မှာ ရုတ်တရက် မိုးကြိုးစက်ကျ မိုးရွာချလိုက်သလို တုန်လှုပ်ထိတ်လန့်ခြင်းခံစားရလေသည်။ မည်သည့်အခါကမျှ မမျှော်လင့် မထင်မှတ်သော စကားရပ်ပါတည်း။

ကိုယ်တွင်းမှာ အချိန်ကြာမြင့်စွာ လွယ်ထားရပြီးမှ အသက်နှင့်ရင်းလျက် မွေးဖွားခဲ့၍ ချစ်လို့ပင် မဝသေး။ မျက်စိအောက်ရောက်လာသည်မှာ ခုနစ်ရက်တာမျှသာ ရှိပါသေး၏။ ဤချိန်ခါဝယ် ရဟန်းပြုမည်ဆိုသောစကား သည် သောတာပန်ဖြစ်နေသော သုပ္ပဝါသာအဖို့ ခံနိုင်ရုံမျှ ရှိသေး၏။ ပုထုဇဉ် မိခင်ဆိုလျှင်ကား စဉ်းစားဖွယ်မရှိ။

ရုတ်တရက်တော့ ရင်ထဲမှာ လှိုင်းလုံးကြီးတွေ တဝုန်းဝုန်းရိုက်ခတ် ထိုးဆောင့်သွားသည်။ ခင်ပွန်းသည်ဘက်သို့ စောင်းငဲ့ကြည့်လိုက်သည်တွင် ဇက်ကျိုးကာ မှိုင်တွေချနေပြီ။ သူ၏ မျှော်လင့်ချက်များ လေထဲ၌ လွင့်မျော

www.burmeseclassic.com



**သွားသော တိမ်တိုက်သို့နှယ် ရှိနေချေပြီပဲ။**

"ဘယ်လိုလဲ သုပ္ပဝါသာ၊ သင့်သားကို ရဟန်းပြုခွင့်မပေးနိုင်ဘူးလား"

ဒုတိယမွှ ထပ်မံမေးလာသော အရှင်မြတ်၏ စကားကို ရိုသေသော အားဖြင့် ဖြေကြားရတော့မည်။

ယောနိသောမနသိကာရ ဟူသောစကားကို စိတ်ထဲမှ ရေရွတ်လျက် ဘာသာဆုံးမ သတိပေးရပါသည်။

**မိဘဆိုသည်မှာ သားသမီးကို မျက်စိအောက်က အပျောက်မခံ၊ အရိပ် တကြည့်ကြည့်ဖြင့် ချစ်နေမိတတ်သော်ငြား ထိုထိုသော သားသမီးတို့အား ရှင်ကွဲလည်း ကွဲနိုင်သည်၊ သေကွဲလည်း ကွဲရဦးမည်၊ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိသည်သာ၊ ကွဲနည်းမျိုးစုံမှာ ရဟန်းပြု၍ ကွဲရခြင်းက ပိုမြတ်ပါသေး၏။**

မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်ဆိုသည့် မိဘတို့ ဝတ္တရားအရ သားသီလဝအား မကောင်းတာ တားမြစ်ဖွယ် စိုးစဉ်းငယ်မျှမရှိ။ ကောင်းရာ ညွှန်လတ်ဆိုသည့်အတိုင်း သူတော်ကောင်းဓာတ် တရားမြတ်ကို ကျင့်အပ်လှ သည်မို့ လမ်းကောင်းလမ်းမှန်သို့သာ ပို့ဆောင်ရပါလိမ့်မည်။ သားရဟန်းပြုဖို့ အရေး ဘယ်အတွေးဖြင့် ခွင့်မပေးဘဲ ရှိပါအံ့နည်း။

"ကောင်းပါပြီအရှင်။ တပည့်တော်တို့သားကို ရဟန်းပြုပေးပါတော့"

ဤစကားကို လျှောက်ထားလိုက်သည်နှင့် တည်သော ကြည်သော သားကလေး၏မျက်နှာမှာ အပြုံးယှက်ဖြာလျက် သူမအား မျက်လွှာပင့်ကာ ကြည့်လာသည်။ သား၏မျက်နှာကို မခွာတမ်း မျက်တောင်မခတ် တစိုက်မတ် မတ်သာမမှိတ်မသုန်ကြည့်နေမိ၏။ သည်ပုံစံ သည်အဝတ်ဖြင့် နောက်ဆုံး မြင်ရခြင်းသာ ဖြစ်တော့မည်။

ခုနစ်ရက်မြောက် အလှူမင်္ဂလာ၏ အပြီးသတ်ရေစက်ချအခမ်းအနား သိမ်းလိုက်သည်။ သားငယ်သီဝလိသည် အရှင်သာရိပုတ္တရာ၏ နောက်တော် ပါးမှာ လိုက်ပါသွားတော့၏။ မိဘအပေါ်ဝယ် တွယ်တာအပ်သော ချစ်ခြင်း မေတ္တာသံယောဇဉ်ဖြင့် တစ်ချက်မျှပင် လှည့်ပြန်မကြည့်။ ပြတ်သားလွန်းသော

www.burmeseclassic.com

www.burmeseclassic.com



သားငယ်၏ စိတ်ဓာတ်ကို ကျိတ်၍ ချီးကျူးမိရင်း မျက်ရည်လည်လာသည်။

ခုနစ်ရက်မျှသာ ပွေ့ဖက်ချစ်ခင်ခွင့်ရသော ရင်သွေးအား မျက်စိတဆုံး ငေးကြည့်ကျန်နေခဲ့ရင်းမှ ခင်ပွန်းသည်အား မေးလိုက်၏။

"မောင် စိတ်မကောင်းဖြစ်နေသလားဟင်။ မျိုးရိုးဆက်ခံတယ်ဆိုတာ တကယ်တော့ရေတစ်ပွက်စာ တစ်ဘဝတာမျှသာပါ။ သံသရာအရှည်ကိုဖြတ်ပြီး နိဗ္ဗာန်မြတ်ဆီ ကူးချင်တဲ့ သားလေးရဲ့ ဆုံးဖြတ်ချက်ဟာ သိပ်မှန်ပါတယ် မောင်။ ဒီလို သားမျိုးကိုရတာ ဘယ်လောက်များဝမ်းမြောက်စရာကောင်းလိုက်သလဲ။ သားအတွက် ဂုဏ်ယူစမ်းပါမောင်ရယ်"

"မောင်နားလည်ပါတယ်ညီမရယ်။ ရုတ်တရက်တော့ နှလုံးသားကို ဆွဲအနှုတ်ခံလိုက်ရသလို ဟာခနဲဖြစ်သွားတာတော့ အမှန်ပဲ။ သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်း နားနိုင်တယ်ဆိုတဲ့စကားလို မောင်တို့ သာကီဝင် မင်းတစ်ပါး ဘုရားဖြစ်သွားတာကို အကြောင်းပြုပြီး ဆွေတော်မျိုးတော်ကအစ သုံးလောကလုံးသံသရာတစ်ဖက်ကမ်းဆီ ကူးမြောက်သွားနိုင်ကြတဲ့ အတိုင်းအဆနဲ့ နှိုင်းစာပြီး သာကီအနွယ် ကွယ်ပျောက်သွားတဲ့တိုင်လဲ မောင်ဖြေသာနိုင်ပါတယ်"

မဟာလိက လက်တစ်ဖက်ကို ပင့်တင်ပြီး မျက်လုံးမှာ ပွတ်သုတ်လိုက်သည်။ သုပ္ပဝါသာ ဖျက်ခနဲ အကြည့်ရောက်သဖြင့် . . .

"ပီတိမျက်ရည်ပါ ညီမရယ်" ဟု ဆိုရှာပါသည်။

× × ×

အရှင်သာရိပုတ္တရာအား ဥပဇ္ဈာယ်ထား၍ သာမဏေပြုသောအခါ ခုနစ်နှစ်နှင့် တစ်ဆယ့်လေးရက်အရွယ်ရှိ သီဝလိလေးသည် ဆံချအပြီးတွင် အရဟတ္တဖိုလ် ဆိုက်ကာ ရဟန္တာဖြစ်သွားရပါလေ၏။

ဂေါတမဗုဒ္ဓ၏ သာသနာရှည်ကြာသမျှ ကာလများ၌ အထူးထင်ရှားကျော်ကြားလှသည့် လာဘ်လာဘပေါများခြင်း၌ အသာဆုံးအမြတ်ဆုံး ဧတဒဂ်ကို ရရှိသော အရှင်သီဝလိမထေရ် ဖြစ်လာသည်။

www.burmeseclassic.com


www.burmeseclassic.com



လာဘ်များသခင် တေဒဂ်အရှင်၏မယ်တော် ကောလိယမင်းသမီး သုပ္ပဝါသာကား မွန်မြတ်သည့်လှူဖွယ်ဝတ္ထုတို့ကို ပေးလှူတတ်သောအရာဝယ် အသာဆုံးအမြတ်ဆုံး တေဒဂ်ဘွဲ့ကို ရရှိသည့် ဥပါသိကာ အမျိုးသမီးကောင်း ဖြစ်ခဲ့ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အို ဘယ့်တဏှာ

"မိဘစကားနားထောင်ပြီးက သံပြားကျောက်စောင်း ကျိုးသော်ပြောင်း၏" ဟူသော ရှေးလူကြီးများဆိုစကားကို မှတ်သားရဖူးပါသည်။

ကျွန်မမှာတော့ မိဘစကားနားထောင်ခဲ့လို့ သံပြားကျောက်စောင်း ပြောင်းမပြောင်းတော့ မသိပါ။ မိဘ္ဘာအယူမှား လင်ယောကျ်ားနှင့် ပေါင်းသင်းနေရခြင်းထက် သေတွင်းထဲမှာ အရှင်လတ်လတ်သာ မြေမြှုပ်ခံလိုက်ချင့်ပါသည်။ အယူဝါဒကွဲပြားသည့် ယောကျ်ားတစ်ယောက်ကို ယူထားမိခဲ့သော မိန်းမလောက် အမိုက်မဲဆုံးအမှားကို ကျူးလွန်သူ လောကမှာ ရှိနိုင်ပါဦးတော့မလား။

သျှောင်နောက်ဆံထုံးပါ ရုန်းမဖယ်သာလို့ လင့်နောက်မှ တစ်ဖဝါးမခွာ လိုက်လာခဲ့သည်မှာ နှစ်လခွဲ ရှိပါပြီ။ ဒီနေ့အထိ ကြည်လင်ရွှင်ပျစိတ်ချမ်းသာရသည်ဟူ၍ တစ်နေ့တစ်နပ်မှ မှတ်မှတ်ရရ မရှိခဲ့ပါဘူး။ အရှင်နှင့်တူသော လင်ကိုရခဲ့သည့်ကျွန်မမှာ ထားရာနေစေရာသွား ကျွန်နှင့်တူသောမယား . ။

မစ္ဆိမတိုက်သားတို့၏ ဓလေ့ထုံးစံပဲလေ။

အိမ်ထောင်ဆိုသည့်အတိုင်း ထောင်နှင့်တကယ်တူသည့် အိမ်ကြီးမှာ နေရပါသည်။ သူဌေးချွေးမ၊ သူဌေးကတော် အမည်ခံပြီး အလှအပပြင်ဆင်ခြယ်သ လင့်အလိုဆန္ဒရှိသမျှ ပြည့်ဝအောင် စီမံဆောင်ရွက်ပေးဖို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အဖြည့်ခံသက်သက် ဖြစ်ခဲ့ရသည့်ဘဝမို့ ကျွန်မကိုယ်ကျွန်မ အင်မတန်မှ ရွံရှာ စက်ဆုပ်လာပါသည်။ သက်ရှိ လူသားတစ်ဦးဖြစ်ပါလျက် သက်မဲ့ရုပ်သေး နှင့်မခြား လင်သား၏ စိတ်နှင့် ကျွန်မကိုယ် လိုသလို ကြိုးဆွဲရာကခုန်ရသည့် မိန်းမဘဝကိုလည်း မုန်းတီးနာကြည်းလာမိပါသည်။

ဆင်စီးပြီးမြင်းရံတာ မြင်ချင်ကြရာသည့် မိဘ၏ မေတ္တာအနန္တကို မစော် ကားဝံ့၊ မစော်ကားရဲပါဘူး။ သို့ပေမယ့် ကံကိုသာ ယိုးမယ်ဖွဲ့ရတော့မည့် ကျွန်မအဖို့မှာတော့ ဆင်လည်းနင်း၊ မြင်းလည်း ကန်ဖြစ်ခဲ့ရတာ အမှန်ပါပဲ ရှင်။

ဗုဒ္ဓကို နှစ်နှစ်ကာကာ နက်နက်ရှိုင်းရှိုင်း ယုံကြည်ကိုးကွယ်သူ၊ ရတနာ သုံးပါးကို ရိုရိုသေသေဆည်းကပ်သူ တစ်ယောက်အနေဖြင့် မိစ္ဆာဒိဋ္ဌိယောကျ်ား ကို ယူမိမှားတော့ သက်န်းတင်လှမ်းသည့် ရဟန်းသံဃာတွေဆီ ချဉ်းကပ် လှူဒါန်းရဖို့ဝေးလို့ တစ်ကြိမ်တစ်ခါလေးလောက်မှ ဖူးမြင်ခွင့်မရခဲ့ပါဘူး။ တရားနာခွင့်ဆိုတာကတော့ ခေါင်းထဲထည့်ပြီး မတွေးရဲသည်အထိ။ လူမသိ သူမသိ ကျခဲ့ရသည့် မျက်ရည်တွေကို ဒူးနှင့်သုတ်ခဲ့ရတာလည်း အကြိမ်ကြိမ်။

ရံခါတွင် မကျေနပ်သည့် အတွေးများ ရင်ကြားထဲသို့ ပြေးဝင်လာတတ် ပါသည်။

သူဌေးသား နန္ဒနှင့်ပေးစားပြီး သုမနသူဌေး သမီးချွေးမအဖြစ် ဂုဏ်ယူရ ခြင်းထက် ကျွန်မနဖူးမှာ တံဆိပ်ရိုက် ကျွန်ပြုလိုက်တာကမှ တော်ဦးမည် ထင်ပါသည်။

စည်းစိမ်ဥစ္စာပြည့်စုံခြင်းထက် ဆင်းရဲချို့တဲ့မှုကိုပင် ပြန်လည်ခုံမင်ချင် လာသည်။ ကျွန်မ၏ ဖခင်သာ ရှေးရှေးအခါကလို သုမနသူဌေးကြီး၏ သူရင်းငှားကျွန် အလုပ်သမားတစ်ဦး ဖြစ်နေဆဲရှိပါက ကိုနန္ဒနှင့် ကျွန်မ ဥတ္တရာ နဖူးစာဂဟေဆက် အိမ်ထောင်ဖက် ဖြစ်ခဲ့မည်မဟုတ်ပါ။ ယခုလို တဏှာကျွန်ဘဝလည်း ရောက်ရမည်မထင်ပါ။

ကံဆိုးတာလား၊ ကံကောင်းတာလား ဘယ်လိုခွဲခြားရမှန်း မသိ။

ကံတရားကတော့ အနိမ့်ကျဆုံး ဆင်းရဲသားဘဝကနေပြီး . . . ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဥတ္တရာ . . ."

အပြင်တစ်နေရာရာမှ ပြန်လာတိုင်း အမေခေါ်နေကျပါ။ ဒီတစ်ကြိမ်တော့ အမေ့ကိုလှမ်းကြည့်ပြီး အံ့အားသင့်သွားရပါသည်။ ထမင်းတောင်းရွက်လျက် အဖေရှိရာ လယ်တောသို့ အမေထွက်သွားတာ ကြာပင်မကြာတတ်သေး။ အဖေ့ဆီမရောက်ဘဲ လမ်းခုလတ်က ပြန်လာပုံရသည်။ အမေ တစ်ခုခုများ မေ့ကျန်ခဲ့တာလား။

ထမင်းတောင်းကို ခေါင်းပေါ်ကချ၊ လက်နှစ်ဖက်ဖြင့်ပွေ့ကိုင်လျက် တဲပေါ်သို့လှမ်းတက်သည်။ အမေ့အမူအရာက အလျင်စလိုနိုင်လှသည်။ တဲပေါ် သုတ်သုတ်တက်လာသော ခြေလှမ်းများကြောင့် ဝါးခြမ်းခင်းကြမ်းမှာ တကျွိကျွိမြည်ကာ တဲကလေး လှုပ်ခါသွားရပါသည်။

"ဘာမေ့ကျန်ခဲ့လို့လဲ အမေ"

ကျွန်မမေးတာကို မဖြေ။ အမေ့မျက်နှာ ပြုံးတုံ့တုံ့ဖြင့် မီးဖိုထဲ တန်းဝင်သွားပါသည်။ ကျွန်မ နောက်ကလိုက်သွားပြီး အမေ့လက်ထဲမှ ထမင်းတောင်းကို လှမ်းယူလိုက်တော့ ပေါ့ပေါ့ကလေး ဖြစ်နေသည်။ ထမင်းတွေ ဘယ်ဆီကျန်ခဲ့ပြီနည်း။ အမေလမ်းမှာများ လဲကျခဲ့လေသလား။

"အဖေ့ဆီရောက်မှာတော့ မဟုတ်သေးပါဘူး။ ဘယ်လိုဖြစ်တာလဲ အမေ။ ခလုတ်တိုက်လဲလို့လား"

အမေခေါင်းခါပြီး အုတ်ကျိုးနှစ်ပိုင်းထောင်ထားသော မီးဖိုထဲသို့ ထင်းစတွေထိုး၍ ကမန်းကတန်းမီးမွှေးလိုက်သည်။ မည်းတူးပိန်ချိုင့်နေသော ထမင်းချက်သည့် ဒန်ထမင်းအိုးကို ဆွဲယူပြီးနောက် ဆန်အိုးထဲသို့ လက်နှိုက်သွင်းပြန်သည်။ ဂလုံဂလွမ်ဟူသော မြည်သံနှင့်အတူ ခွက်ယယ်တစ်ဝက်ခန့် ဆန်ပါလာသည်။ ဤသို့ နှစ်ကြိမ်လုပ်ပြီး ဆန်အိုးငယ်ကို မ,တင်ကာ ထမင်းအိုးပေါ်မှာ မှောက်ချလိုက်သည်။ ဆန်တစ်စေ့မျှ မကျန်အောင် လှော်ကျလာသည်။

"အင်း . . . တစ်ယောက်စာတော့ လောက်ကောင်းပါရဲ့"

ခပ်ညည်းညည်းပြောပြီး ကျွန်မကို အမေလှည့်ကြည့်သည်။ အမေ့မျက်နှာပေါ်မှာ ကြင်နာမှု၊ သနားမှု၊ အားနာမှုတွေ ရောပြွမ်းယှက်သန်းနေသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်မိ၏။ အမေ့မျက်လုံးများမှတစ်ဆင့် ရင်တွင်းသို့ ထွင်းဖောက်ကာ အမေပြောလိုပါလျက် ပြောမထွက်သည့် စကားများကို ကျွန်မသိထားလိုက်ပြန်သည်။

"မနက်က ထမင်းကြမ်းခဲလေး တစ်တုံးစားပြီးပါပြီ အမေ။ ဒီနေ့အဖို့ သမီး ဘာမှမစားတော့ဘဲ နေနိုင်ပါတယ်"။ အဖေ့အတွက် ထပ်ချက်မလို့ ဟုတ်လား"

အမေ ခေါင်းညိတ်သည်။ တကယ်တော့ အမေလည်း ဘာမှ မစားရသေးတာ ကျွန်မသိပါသည်။ အဖေက နဖူးမှချွေး ခြေမ ကျအောင် တပင်တပန်း ရှာကျွေးသူမို့ အဖေ့ကို ဦးစားပေးကာ အမေ မစားဘဲနေလိမ့်မည်။ အဖေကလည်း သူတစ်ယောက်တည်း မျိုကျလိမ့်မည်မဟုတ်။ ဝတာ မဝတာ အသာထား။ ရှိတာလေးလောက်ကို ဝေမျှစားခဲ့ကြရသည်ချည်း။

"အမေနားနေပါ၊ သမီးချက်ပါ့မယ်"

အိုးထဲရေခပ်ထည့်ပြီး ဆန်ဝင်ဆေးလိုက်တော့မှ အမေ နံဘေးသို့ ရွေ့ထွက်သွား၏။ မျက်နှာပေါ်မှ ချွေးများကို ခေါင်းခုလုပ်ထားသည့် အကွက်မပေါ်တော့သော အဖေ့နံငယ်ပိုင်းအစုတ်ကလေးဖြင့် တို့ကာတို့ကာ သုတ်သည်။ ပြီးတော့မှ ကျွန်မမေးတာကို ပြန်ဖြေပါသည်။

"ညည်းအဖေအတွက် ယူသွားတဲ့ထမင်းတွေ လှူလိုက်ပြီ သမီးရဲ့။ ဒါ့ကြောင့်မို့ ထမင်းပြန်လာချက်တာပဲ"

"ဘယ်သူ့ကို လှူလိုက်တာလဲအဖေ"

"အရှင်သာရိပုတ္တရာကို . . . "

"အို ဟုတ်လား . . . "

ကျွန်မ ကြက်သီးဖြန်းကနဲ ထသွားရပါသည်။ မမြင်ဖူးသော်လည်း သတင်းထူးလှသည့် အရှင်မြတ်ကြီး၊ ဗုဒ္ဓ၏လက်ယာတော်ရံ အဂ္ဂသာဝက၊ ပညာအရာမှာ သာလွန်ထူးချွန်သည့် ကေဒဂ်ဘွဲ့ပိုင်ရှင် . . . ။

လှူမယ့်လှူတော့လည်း တကယ့်ထိပ်သီးပုဂ္ဂိုလ်ကြီးကိုမှ အမေလှူခဲ့ရသည်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အမေ့မျက်နှာမှာ သကာလောင်းထားသလို ချိုမြနေပါ၏။ ကျိုးတိုးကျဲတဲနှင့် အပေါက်အပြဲပေါင်း ထောင်သောင်းမကရှိသော ခေါင်မိုးကို မော့ကြည့်လျက် . . .

"ဆင်းရဲလိုက်တာမှ လွန်ပါရော။ သူများအိမ်နောက်ဖေးက ချေးနံ့ သေးနံ့လှိုင်နေတဲ့ ရွံ့ဗွက်ထဲ တဲစုတ်ကလေးနဲ့ နေရတဲ့ဘဝ။ မိုးတွင်းမှာ စိုစိုရွှဲရွှဲနဲ့ အိပ်၊ နွေခါကျတော့လဲ အရိပ်မဲ့နေထိုး၊ ဒီဘဝမျိုးနဲ့ အလှူအတန်းလှူဒါန်းခွင့်ရဖို့ တစ်သက်ဝေးပြီလို့ မှတ်ခဲ့တာ။ ညည်းအဖေဆီ ထမင်းပို့အသွား တောလမ်းမှာ . . . "

စကားကို ခေတ္တနားပြီး သောက်ရေအိုးထဲမှ ရေတစ်ခွက်ကို ငှဲ့သောက်လိုက်ပါသည်။ အမေ့ခမျာ ဆာလည်းဆာ၊ မောလည်းမောရှာပေမည်။ အကြင်နာအတွေးဖြင့် . . . အမေ့မျက်နှာကို ငေးကြည့်မိပါ၏။

ဆင်းရဲပင်ပန်းသည့်ဒဏ်ကြောင့် အမေသည် အသက်အရွယ်နှင့်စာသော် ပိုမိုရင့်ရော်နေသည်။ နေလောင်ထားသော အသားအရေတို့ကလည်း မွဲပြာခြောက်ကပ်နေသည်။ ကာလကြာမြင့်စွာ ဆီနှင့်ဝေးကွာခဲ့သည့် ဆံပင်တို့မှာ ပိတုန်းရောင်ကေသာ မဖြစ်နိုင်တော့ဘဲ နီကြောင်ကြောင်ပြောင်းဖူးမွေးများပမာ ဖွာလန်ကြဲနေပါသည်။ အမေ့ကိုယ်ပေါ်မှ အဝတ်အထည်များကား သူမနသူဌေးအိမ်က လက်နီးစုတ်လောက်ပင် မပြောင်နိုင်ခဲ့။

အသေအချာ ဂရုစိုက်ကြည့်မည်ဆိုပါလျှင်တော့ အမေသည် ငယ်ရွယ်စဉ်က မိန်းမလှ၊ မိန်းမချောတစ်ဦးဖြစ်ကြောင်း ကောင်းကောင်းသိနိုင်သည်။ ယခုတော့ ဘဝအကျိုးပေးအကြောင်းမသင့်၍ သမုဒ္ဒရာ ဝမ်းတစ်ထွာအရေး အပြေးအလွှားရှာဖွေမှ ဝတစ်နပ်၊ မဝတစ်နပ်နှင့် ဝမ်းအလှပ်ခံခဲ့ရသည့်ရက်တွေက များလှပြီ။

အမေ့အတွက် စိတ်မကောင်းဖြစ်ရုံကလွဲပြီး ကျွန်မ ဘာမှုမတတ်နိုင်။

"ဆက်ပြောပါဦးအမေ"

အတွေးစများကို ဖျောက်ဖျက်ပြီး အမေ့အား စကားပြန်ထောက်ပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးကို တွေ့တော့ အမေဖြင့် ထခုန်မိမတတ် ဝမ်းသာသွားတယ်။ စေတနာကလဲပေါ်လာ၊ လှူစရာကလဲ အဆင်သင့်၊ အလှူခံမယ့်ပုဂ္ဂိုလ်ကလည်း ရှေ့ရောက်နေတော့ သမီးရေ . . . ညည်းအဖေကိုပုဏ္ဏအတွက် ထည့်တောင်စဉ်းစားမနေဘူး။ စေတနာတွေ ဒီရေလိုတက်လာတာနဲ့ ခွက်မှောက်ပြီးသာ လှူလိုက်တော့တယ်"

စောစောက မောခဲ့တာတွေ မေ့သွားပြီး မြိန်ရေယှက်ရေ အမေပြောပြလာသည်။ စစ်မြေပြင်မှ အောင်နိုင်၍ ပြန်လာခဲ့သော စစ်သူကြီးပမာ အမေ့မျက်နှာမှာ စေတနာသဒ္ဓါတရားဖြင့် အားပြည့်နေပါသည်။ အမေ့ပီတိများသည်ပင် ကျွန်မရင်တွင်းသို့ ကြည်ကြည်နူးနူး ကူးစက်ဝင်ရောက်လာကြပါ၏။

"သမီးတို့ ဆင်းရဲသားတွေစားတဲ့ ထမင်းကြမ်းဟင်းကြမ်းတွေကို အရှင်မြတ် ဘုဉ်းပေးနိုင်ပါ့မလားအမေ"

အလှူခံသောကြောင့် . . . ဝမ်းမြောက်ရသော်လည်း စားမှစားနိုင်ပါ့မလား ဟူသော စေတနာဖြင့် သောကဝင်မိပြန်၏။

"သူတော်ကောင်းဆိုတာ လှူဖွယ်ပစ္စည်းကို အကောင်းအဆိုး အယုတ်အမြတ် မရွေးတတ်ကြဘူးသမီးရဲ့။ စေတနာနဲ့ လှူဒါန်းတာကို သည်းခံတော်မူကြပါတယ်။ ပြီးတော့ အမေတို့ အလှူပေးပုဂ္ဂိုလ်တွေဘက်ကလည်း လှူဖွယ်ဝတ္ထုထက် စေတနာက ပိုပြီးအဓိကကျပါတယ်လေ။ များများလှူပေမယ့် စေတနာမထားတတ်ရင် အလှူကလေးဖြစ်သွားနိုင်တယ်။ နည်းနည်းလှူပေမယ့်လဲ စေတနာထားတတ်ရင် အလှူကြီးဖြစ်သွားပြန်ရော။ လှူဖွယ်ဝတ္ထုကလဲကောင်း၊ စေတနာလဲ ထက်သန်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့"

"ဒီလိုဆိုရင် ဝမ်းသာစရာကြီးပါလားအမေ။ ဆွမ်းလှူရတဲ့ကုသိုလ်ကံ အကျိုးဆက်ကြောင့် ဖြစ်လေရာဘဝမှာ ခုလို ဆင်းရဲမွဲတေတော်ပြတ်တဲ့ အဖြစ်မျိုး မရောက်ရပါစေနဲ့လို့ ဆုမတောင်းခဲ့ဘူးလားဟင်"

ပစ္စုပ္ပန်ကျကျ လက်ရှိဘဝ၏ အခက်အခဲမျိုး နောက်ကြုံရဦးမည်ကို ကြောက်သွားပြီမို့ စိတ်ထဲရှိသည့်အတိုင်း အမေ့အား ရင်ဖွင့်ပေးလိုက်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပြုံးပျော်ရယ်မောလျက် ကျွန်မ၏နားရွက်ကို ကလေးငယ်ကဲ့သို့ ချစ်စနိုးဖွဖွကလေး ဆွဲလိမ်လိုက်၏။

"မှတ်ထားသမီးရဲ့။ အလှူဒါနပြုတယ်ဆိုကတည်းက စေတနာနဲ့တူတဲ့ အကျိုးကို သေချာပေါက်ရပြီးသား။ လူချမ်းသာ၊ နတ်ချမ်းသာ သံသရာမပြတ်နိုင်တဲ့ ဘာဘာညာညာဝဋ်ကြွေးတွေကို ဆုမတောင်းရဘူး။ လှူတဲ့အခါမယ် အလှူခံပုဂ္ဂိုလ် မမြဲဘူး။ အလှူပေးပုဂ္ဂိုလ် မမြဲဘူး။ လှူဖွယ်ဝတ္ထု မမြဲဘူး။ မမြဲတဲ့သဘောတရားတွေချည်းသာပဲလို့ အနိစ္စသညာနဲ့ ဉာဏ်ထဲမှာဆင်ခြင်၊ ပြီးတော့ နိဗ္ဗာနသာသပစ္စယောဟောတုလို့ နိဗ္ဗာန်ကိုသာ ရည်မှန်းအာရုံပြုရမယ်ကွယ့်"

"သမီးနားလည်ပါပြီအမေ"

စားတော့တစ်လုတ်တစ်ဆုပ်၊ ဝတ်တော့ အစုတ်အနုပ်၊ နေရတော့ တဲကုပ်။

နက္ခတ်ပွဲသဘင်ကိုပင် နွှဲမဆင်နိုင်သည့်ဘဝ။

သို့ပေမယ့် တစ်ပါးသူတို့ ပျော်ပွဲရွှင်ပွဲ ဆင်နွှဲနေချိန်မှာ ပကာသန မဖက်သော ဧရာမအလှူကြီးတစ်ခု အမေပေးနိုင်ခဲ့ပြီပဲ။

ဝမ်းမြောက်နမော် သာဓုအကြိမ်ကြိမ် ခေါ်ရပါ၏။

အငွေ့တထောင်းထောင်းထွက်၍ နပ်သွားပြီဖြစ်သော ထမင်းအိုးကို လက်နှီးစုတ်ဖြင့် မီးဖိုပေါ်မှ ချလိုက်၏။ အဖုံးဖွင့်ပြီးနောက် ထမင်းအိုးထဲမှ ချိုးပါမကျန်အောင် အရိုးတိုယောက်မဖြင့် တဂျစ်ဂျစ်မြည်အောင်အထိ ခြစ်ထုတ်ရုံးခပ်၍ ခွက်ထဲသို့ ထည့်ပေးသည်။

ဒုတိယမွှိထပ်၍တစ်ဖန် အဖေ့ဆီယူသွားရန် ထမင်းတောင်းကို အဆင်သင့်ပြင်ကာ အမေ့ရှေ့မှာ ချပေးလိုက်ပါသည်။

ဟင်းကတော့ ငရုတ်စိမ်းငါးတောင့်နှင့် ဆားတစ်ထုပ်။

ကျွန်မတို့ဘဝမှာ ဤမျှလောက်နှင့်ပင် လုံလောက်လှပါပြီ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်ပြိုကျပြီး မဟာသမုဒ္ဒရာရေအားလုံး ခန်းခြောက်ကုန်ပြီဟု တစ်စုံတစ်ယောက်က ပြောလာပါငြားအံ့။ ယုံစေလို၍ပြောလာသော ယုံတမ်းစကားမို့ ယုံပေးလိုက်နိုင်ပါသေး၏။ ယခုတော့ . . .

ညနေစောင်း လယ်တောမှခုန်မြူးပြီး ပြန်လာကြသော အဖေနှင့်အမေကို မကြုံစဖူးထူးကဲနေသဖြင့် နားမလည်နိုင်ဘဲ ရှိရသည်။ မောင်တစ်ထမ်း မယ်တစ်ရွက်ဖြင့် တဲပေါ်သို့တက်လာပြီး သူတို့ပစ္စည်းတွေကို ကျွန်မရှေ့မှာ ဖွင့်ပြလိုက်သည်။ လား . . . လား . . .

"အဖေ . . . အမေ . . . ဒါတွေ . . . ဒါတွေ . . . "

မျက်လုံးများ ဝိုင်းဝိုင်းလည်ကာ ပြူးကျယ်သွားရပါသည်။

အံ့သြစိုးရိမ်ထိတ်လန့်တုန်လှုပ်မှုများဖြင့် . . . ကျွန်မတစ်ကိုယ်လုံး ယိမ်းထိုးလှုပ်ရှားသွားရပါသည်။ အဖေနှင့်အမေ ဘာတွေလုပ်ခဲ့ကြပြီလဲ။

မှန်ပါသည်။ အဖေနှင့်အမေတို့ချပြသည့် အထုပ်ကား ဘဝတစ်သက်တာအတွက် အိပ်မက်ထဲမှာပင် မမြင်ဖူးသည့် ရွှေတုံးရွှေခဲများပါတည်း။ မင်းဘဏ္ဍာယူလာမိလျှင်တော့ အသက်နှင့်ကိုယ် အိုးစားကွဲဖို့သာပြင်ပေရော့။ သံသယအတွေးများဖြင့် သူတို့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်မိပါ၏။

"သမီးအံ့သြနေသလား။ အဖေတို့ကိုလဲ သံသယဝင်နေသလား။ အဖေတို့ကုသိုလ်ကံအလျောက် သန့်သန့်ရှင်းရှင်း ရခဲ့တဲ့ပစ္စည်းတွေပဲ။ ငါ့သမီးလေး မျက်နှာမငယ်ရတော့ဘူး"

အဖေ့စကားကို ယုံချင်ပေမယ့် ကြိုးစား၍ မရသေး။ အမေ့မျက်နှာကို အကြည့်ရွှေ့လိုက်ပြန်သည်။

"ဟုတ်တယ်သမီး၊ မနက်က အရှင်သာရိပုတ္တရာကို အမေဆွမ်းလှူလိုက်သလို အဖေက လယ်တောမှာ တံပူနဲ့ရေကို လှူလိုက်သတဲ့။ အဲဒီ စေတနာတွေရဲ့အကျိုးကို ဒိဋ္ဌခံစားရတာလေ။ သမီးအဖေထွန်နေတဲ့ လယ်ကွက်ထဲက မြေစိုင်မြေခဲတွေအားလုံး ရွှေချည်းဖြစ်ကုန်ပါပကော . . "

အံ့သြလွန်းသဖြင့် ကျွန်မမှာ မှင်တက်ဆွံ့အနေမိ၏။ အမေကသာ အဖြစ်သနစ်ကို ရွှန်းရွှန်းဝေအောင် ဆက်လက်ပြောပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးအဖေဟာ နေ့လယ်စာကို နောက်ကျပြီးမှ ဆာဆာနဲ့စားရတာ ရှယ်။ အလုပ်ပင်ပန်းတာရယ်၊ မောမောနဲ့ အိပ်ပျော်သွားတယ်။ အိပ်ရာကနိုးတော့ ထွန်ထားတဲ့ လယ်ကွက်ထဲမှာ ရွှေတွေပြည့်နေရော။ နန်းတော်သွားပြီး ပြည့်ရှင်မင်းကို အကြောင်းကြားရတာပေါ့။ မင်းချင်းတွေက လှည်းနဲ့ယူသွားတဲ့အခါမှာ ပြည့်ရှင်မင်းရဲ့ဥစ္စာလို့ပြောရင် မြေကြီးတွေဖြစ်ကုန်တယ်။ ပုဏ္ဏဥစ္စာ လို့ပြောမှ ရွှေတွေကို ယူလို့ရတာမို့ အဖေအမေတို့နဲ့သာ ဆိုင်တယ်ဆိုပြီး ပြည့်ရှင်မင်းက ခွင့်ပြုလိုက်တယ်။ ဒါပေမယ့် ဒီရွှေပုံကြီးကို ထားဖို့ အမေတို့မှာ နေရာမရှိလို့ နန်းတော်ထဲအပ်ထားခဲ့ရတယ် သမီးရဲ့"

ဤနည်းဖြင့် အဖေသည် သူဌေးတို့အဆောင်အယောင်ဖြစ်သော ထီးကို ချီးမြှင့်ခံရပြီး ဗဟုဓနသူဌေးကြီး ဖြစ်ခဲ့ရပါသည်။

ပြည့်ရှင်မင်းအိမ်ဆောက်ခွင့်ပြုသောနေရာမှ ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းသောအခါ ရွှေအိုးကြီးများကို ထပ်မံရရှိပြန်ပါသည်။ ဆင်းရဲတုန်းက တော့ ကုန်းကောက်စရာပင်မရှိ။ ချမ်းသာပြန်တော့လည်း ထားစရာသိုစရာရှားအောင်ပင် များလှစွာ တောင်လိုပုံနေပါ၏။ "လုံထမ်းလာတာကိုသာ မြင်နိုင်၏၊ ကံထမ်းလာတာကို မမြင်နိုင်" ဟူသော လောကစကားမှန်လှပါချည့်။

အိမ်တက်၊ ထီးဆောင်းမင်္ဂလာပြုလုပ်သောအခါ ဗုဒ္ဓနှင့်သာဝက ရဟန်းသံဃာတော်များအား ပင့်ဖိတ်လျက် ထမင်းရည်ချောင်းစီးအလှူကြီးကို ခုနစ်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဗုဒ္ဓကိုယ်တော်တိုင် သနားချီးမြှင့်သည့် တရားတော်၏အဆုံး၌ ကျွန်မတို့မိသားစုသုံးယောက်လုံး ပဋိသိလကို ကောင်းစွာဆောက်တည်နိုင်ခဲ့ပါပြီ။ အယူမှားခြင်းနှင့် သဒ္ဓေယျုရှစ်ပါးတို့၌ ယုံမှားခြင်း အလျှင်းမရှိတော့ပြီ။

ဆင်းရဲတုန်းက ပြုံးပြဖို့ဝန်လေးခဲ့သမျှ ချမ်းသာသွားကြသည်နှင့် ဝမ်းသာအားရနှုတ်ဆက်ဖွဲ့လာကြသည်။ ဘယ်မင်္ဂလာဆောင်၊ ဘယ်အလှူ အတန်းမဆို ဥတ္တရာမပါလျှင် ပွဲမစည်တော့သလို ဥတ္တရာကို ရှေ့တန်းတင် ဦးစားပေး အလေးထားလာကြသည်။ လောကဝယ် ပစ္စည်းဥစ္စာ၏အရှိန်အဝါသည် လူ့တန်ဖိုးထက်ပင် မြင့်တက်နေသေးသယောင် ပါတကား။

www.burmeseclassic.com

www.burmeseclassic.com



သူများအိမ်နောက်ဖေးမြေကွက် ရွှံ့ဗွက်တွေကြားထဲက သူဌေးအိမ်သုံး လက်နှီးစုတ်လောက်တောင်မပြောင်နိုင်ခဲ့သည့် မဥတ္တရာကို ယောင်လို့ပင် လှည့်မကြည့်ကြသော ကာလသားများ ယခုတော့ မဥတ္တရာအပေါ်မှာ ခစားကာ ဝိုင်းဝိုင်းလည်နေကြပါပြီ။ ရာဇဂြိုဟ်မှာ သတင်းကြီးလှသည့် ရွှေမင်းသမီး ဆိုလျှင် ကျွန်မဥတ္တရာကို ရည်ညွှန်းကြောင်း အားလုံးကသိကြသည်အထိပါ။

ဒီလိုနာမည်ကြီးခြင်းသည်ပင် ကျွန်မအတွက် ကံဆိုးမိုးမှောင်ကျလာတာ နှင့် အတူတူပင်တည်း။

အကြောင်းကတော့ သုမနသူဌေးကြီး၏သား ကိုနန္ဒနှင့် လက်ဆက်ထိမ်း မြားပေးလိုကြောင်း တစ်ဖက်မှစကား ကမ်းလှမ်းလာသောကြောင့် ဖြစ်ပါ သည်။

ကိုနန္ဒကို လက်ထပ်ဖို့ အဖေနှင့်အမေ နှစ်ဦးစလုံး သဘောမတူကြသလို ကျွန်မကိုယ်တိုင်ကလည်း လက်မခံချင်ပါ။

အဖေနှင့်အမေသဘောမကျတာကတော့ အယူဝါဒချင်းမတူသည့် မိစ္ဆာ ဒိဋ္ဌိများ ဖြစ်နေသောကြောင့်ပါ။

ကျွန်မအနေဖြင့်မူ မိစ္ဆာအယူမှားသူကို လင်ယောကျ်ားအဖြစ် ပေါင်းသင်းမိခြင်းကြောင့် မိမိကိုးကွယ်သည့် ဗုဒ္ဓအယူဝါဒကို စွန့်လွှတ် လျစ်လျူရှုပစ်ရမှာ အစိုးရိမ်ဆုံးဖြစ်ပါသည်။ မစွန့်လွှတ်ရသည့်တိုင် လွတ်လပ် စွာ ကိုးကွယ်ခွင့်မရတော့မှာကိုလည်း တွေးတောကာ သံသယဝင်မိပါသည်။ လင်တစ်ယောက်ရဖို့အတွက် မိမိဘာသာကို စွန့်လွှတ်ရသည့်မိန်းမအဖြစ် ကျွန်မ ရာဇဝင်အရိုင်းမခံနိုင်ပါ။ နောက်ပြီးတော့ ကျွန်မအဖေသည် သူတို့အိမ် က ကျွန်အလုပ်သမားတစ်ယောက်ဖြစ်ခဲ့သူမို့ ငယ်နိုင်သဘောထားပြီး လင်မယား ဖြစ်လာသည့်အခါ အရှင်နှင့်ကျွန်လို နိုင့်ထက်စီးနင်းဆက်ဆံ လာမှာကိုလည်း ကြောက်ရွံ့မိပါ၏။

သူတို့၏ကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်သောကြောင့် သုမနသူဌေး ကြီး ဆွေ့ဆွေ့ခုန် ဒေါသူပုန်ထသွားသည်ဟု သတင်းကြားရပါ၏။ သူ့ အနေဖြင့် အဖေ့အပေါ် ကျွန်အလုပ်သမားဟူသောအမြင်က ပျောက်မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးတော့ အဖေငြင်းဆန်မှုသည် သူ့အတွက် ခံပြင်းခံခက်ဒေါသထွက်စရာဖြစ်နေမည်မှာ သေချာလှပါသည်။

"ငါ့ကိုမှီပြီး မင်းချမ်းသာခဲ့တာပါ။ မင်းရဲ့သမီးကို ပေးသင့်တယ်တဲ့"

ထပ်မံအယူခံဝင်လာသော သူ့စကားသည်ပင် ဘဝင်ကျဖွယ်မရှိ။ အထက်တန်းစားဉာဉ်ပါသော အပေါ်စီးဆန်မှုသက်သက်ဖြစ်ကြောင်း ပေါ်လွင်လှပါ၏။ ပြောကြစတမ်းဆိုလျှင်တော့ သူ့လယ်ကွက်ထဲ မြေခဲတွေ ရွှေဖြစ်သွားသည့်ကိစ္စမှာ သူနှင့်ဘာမျှမပတ်သက်။ ကိုယ့်အကျိုးပေးနှင့်ကိုယ်။ အဖြေကရှင်းနေပြီးသား။ အဖေက သူ့ကျွန်ဆိုသည့်တိုင် ထူးထူးခြားခြား အခွင့်အရေးခံစားစေခဲ့သည်မဟုတ်။ အရုဏ်ကျင်းအလင်းတက်သည်မှ ညမိုးချုပ်နေဝင်သည့်တိုင် နေပူပြင်ကို လရောင်ထင်လျက် နွားနှင့်ဖက်ကာ ထွက်သမျှချွေး သွေးဖြစ်လုအောင် ကုန်းရုန်းလုပ်နိုင်မှ မသေစာရှင်စာ မလောက်မငစားရရုံရှိခဲ့သည်ပဲ။ ခနရှင်တို့မည်သည် အတ္တ၏သားကောင်များသာ ဖြစ်ကြ၏။ ထို့ကြောင့်လည်း မရှိဆင်းရဲသားတွေမှာ လူမွေးလူတောင်မပြောင်နိုင်ဘဲ သူတို့သူ့ချွေးတွေသာ ချွေးပြီးရင်းချွေးရင်း . . .

"ဘာသာကွဲပြားအယူမှားသူမို့ ခင်ဗျားသားနဲ့ ကျွန်တော့်သမီး ဘယ်နည်းနဲ့မှ မပေးစားနိုင်ဘူး။ ရတနာသုံးပါးနဲ့ ကင်းကွာပြီးထားလို့ မဖြစ်ပါဘူး" ဟု အဖေက ခါးသီးခေါင်းမာစွာ ငြင်းပယ်ပြန်ပါသည်။

ဗုဒ္ဓဘုရား၏ မြတ်တရားကို မနာချင်သာရှိကြမည်။ အာဝါဟဝိဝါဟစကားဆိုလျှင် အင်မတန်မှ ပြောချင်ကြားချင်ကြသည့် လောကလူသားပုထုဇဉ်များ . . .

အလားတူ မိတ်ဆွေသူဌေးများက အဖေ့အား ဝိုင်းဝန်းဖျောင်းဖျနားချကြပါတော့၏။ မိတ်ဆွေရင်းချာများအဖြစ် ချစ်ကျွမ်းဝင်နေသည်ကို အမျက်ထွက်၍ ရန်ဘက်ဖြစ်အောင် မဖျက်ဆီးသင့်ကြောင်း၊ အကျွမ်းဝင်ရင်းနှီးမှု ဆတက်ထမ်းပိုး ပိုတိုးအောင်သာ ရွှေလမ်းငွေလမ်းဖောက်သင့်ကြောင်း စသည် . . . စသည် . . .

ကာမရာဂပွဲစားများ အဖေ့ထံပါးမှာ ခြေချင်းလိမ်သွားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးနှင့် လူမှုရေးကိုသာ ပဓာနထားကြသည့် ပတ်ဝန်းကျင်စကား ပြောဖန်များတော့ အားနာပါးနာ နားပါယောင်ပြီး အဖေခေါင်းညိတ်လိုက်ရ ပါ၏။

သမီးလိမ္မာဆိုသည်မှာ မိဘက ဖြူသည်ဆိုလျှင် ကိုယ်က မည်းနေ၍ မဖြစ်။ မိဘအလို မိဘသဘောလိုက်လျောရုံသာရှိပါ၏။ အဖေနှင့်အမေ စိတ်ချမ်းသာဖို့အတွက် မချစ်မနှစ်သက်သူ၏ ရင်ခွင်တွင်းသို့ သက်ဆင်းခဲ့ရ ပါသည်။ ရင်ထဲတွင်တော့ နင့်နေလျက်သား။

သူဌေးသားနှင့် သူဌေးသမီး ထိမ်းမြားပြီးစီးခြင်းဆိုသည့် ဝေါဟာရ စကားက လောက၏နိယာမတရားပဲ ထင်ပါသည်လေ။

× × ×

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

အပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

ချစ်နှစ်သက်သူနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏။ မချစ်မနှစ်သက် သူနှင့် အတူပေါင်းဖော်နေထိုင်ရခြင်းသည်လည်း ဆင်းရဲ၏တဲ့။

ဗုဒ္ဓကိုယ်တော်တိုင် ဟောမိန့်တော်မူခဲ့တာပါ။

ကျွန်မအတွက်တော့ မချစ်မနှစ်သက်သူနှင့် အတူပေါင်းဖော်ရခြင်းက ပိုပြီးဆင်းရဲမည်ထင်ပါသည်။ အသွင်မတူ အိမ်သူမဖြစ်ဟူသော စကားရှိသော် ငြား ယခုတော့ ကျွန်မမှာ အသွင်လည်းမတူ အိမ်သူလည်း ဖြစ်လာရပါ၏။

စကတည်းက ယဉ်သလို ဆိုသကဲ့သို့ ဝါဆိုလပြည့်နေ့ထူးနေ့မြတ်မှာ အလှူဒါနနှင့်တကွ အဋ္ဌင်္ဂဉပုသ်ကို အားထုတ်ဖြည့်စွမ်းကြိုးပမ်းရမည့်အစား မိစ္ဆာဒိဋ္ဌိယောကျ်ားတစ်ယောက်နှင့် ရေခွက်ထဲလက်ဆုံချ၍ ထိမ်းမြားခဲ့ရ သည်လေ။

ကိုနန္ဒသည် ကြွယ်ဝပြည့်စုံချမ်းသာသလောက် ဉပဓိရုပ်ကလည်း ဖြောင့်ပြီး လူချောလူခန့် ရည်မွန်သူတစ်ဦးဖြစ်တာကိုတော့ ဝန်ခံရပေမည်။ သာမန်မိန်းမတစ်ယောက်ကို စိတ်ဝင်စားအောင် သူ့ရုပ်ရည်က ဆွဲဆောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိပါ၏။ ကျွန်မအဖို့တော့ ဝတ္တရားအရ လင်သားဟု သံယောဇဉ်ထားရမှာ ကလွဲပြီး ဘာမှထူးထူးခြားခြား မခံစားမိတာအမှန်ပါပဲ။

သူ့ဘက်ကမူ လက်ထပ်မယားအဖြစ် ကျွန်မအပေါ် ချစ်ခင်စုံမက်မြတ်နိုးမှု အထိုက်အလျောက် ရှိပါ၏။ ထိုချစ်ခင်စုံမက်မြတ်နိုးမှုကြောင့်ပင် သူ့မျက်ဝန်းအောက်မှာ ဘာမျှလှုပ်ရှားချ၍မရအောင် အရုပ်ကလေးတစ်ရုပ်ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပါသည်။

မျက်စိအောက်က အပျောက်မခံ ဆိုသောစကားမှာ တစ်ဖက်မှ အင်မတန်ချစ်ခင်နှစ်လိုကြောင်း အဓိပ္ပါယ်ပေါ်လွင်စေသော်လည်း ကျန်တစ်ဖက်ကမူ လှောင်ချိုင့်ထဲက ငှက်ကလေးတစ်ကောင် သို့မဟုတ် ရွှေကလပ်ပေါ်တင်ပြီး ဖန်အုပ်ဆောင်းဖြင့် အလုံပိတ်ထားသည့် ပန်းကလေးတစ်ပွင့်နှယ် ရှိချေသည်။

**ကာမဂုဏ်ခံစားမှု၌ မရောင့်ရဲနိုင်သူ၏ မေတ္တာသည် ကြည်လင်အေးမြသော စိမ့်စမ်းရေပမာ မဟုတ်။ ကိလေသာတဏှာရာဂတို့ဖြင့် ပွက်ပွက်ဆူနေသော မီးဖိုပေါ်မှ ရေနွေးပူသာလျှင် ဖြစ်ပါ၏။** သူ့အချစ်ကို တုံ့ပြန်ရန် ကြိုးစားခြင်းထက် ဗုဒ္ဓ၏အဆုံးအမများသာ ကျွန်မရင်တွင်းမှာ နက်နက်ရှိုင်းရှိုင်း နေရာယူထားကြပါသည်။

ထိုတစ်နေ့ကို ကျွန်မ မေ့နိုင်တော့မည် မထင်ပါ။

သလွန်ညောင်စောင်းပေါ်မှာ သူနှင့်အတူ ယှဉ်တွဲထိုင်စေပြီး သေအရက်ကို ရွှေခွက်နှင့်ထည့်၍ ကျွန်မအား ကမ်းပေးလာပါသည်။

"ဥတ္တရာကိုယ်တိုင် တိုက်ရမယ်"

သေရည်ခွက်ကို ကျွန်မလက်နှင့် ကိုင်ပြီး သူ့ကို တိုက်ရမယ်တဲ့။

သေရည်ခွက်ကို ပေးမည့်အစား ဓားတစ်လက်ဖြင့် ကျွန်မလည်မျိုသွေးကို အရှင်လတ်လတ် ဖောက်ထုတ်ယူသွားတာပင် ခံလိုက်ချင်ပါသည်။ ယခုကဲ့သို့ ပဉ္စသီလကို ခိုင်ခံ့စွာ စောင့်ထိန်းထားသူအတွက် အရက်ခွက်ကိုင်ရဖို့ကိုမူ . . .

"ဟင့်အင်း . . . ကျွန်မ မလုပ်နိုင်ဘူး ကိုနန္ဒ"

www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီးငြင်းပယ်လိုက်ပါ၏။ သူ မျက်နှာပျက်သွားသော်လည်း ချက်ချင်း ဣန္ဒြေပြန်ဆည်ကာ ပြုံးလိုက်ပါသည်။

"မင်္ဂလာဦးညမှာ လင်သားတစ်ယောက်ဟာ သူ့ဇနီးရဲ့ ဂရုစိုက်ယုယမှုကို မခံယူထိုက်ဘူးလား ဥတ္တရာ"

ပြုံးချိုသောမျက်နှာနှင့် သိမ်မွေ့သောစကားကို ဆိုတတ်ပါလျက် စူးရှသောမျက်လုံးများက အမိန့်ပေးဟန်ပါနေသည်။

သူ့လက်ထဲမှာ သေရည်ခွက် . . .

ကျွန်မဆီ သူကမ်းထားဆဲ . . .

"ယူလေ . . . ဥတ္တရာ၊ မင်းလက်နဲ့ကိုင်ပြီး ကိုယ့်ကိုတိုက်ရမယ်"

အခြေအနေက အနည်းငယ်တင်းမာသယောင်။ ကျွန်မကို အမိန့်ပေးစေခိုင်းသည့် အရှင်သခင်၏ ဟန်ပန်မျိုး ရုပ်လုံးပေါ်စပြုလာ၏။ ကျွန်မ၏ နှုတ်ခမ်းများ မသိမသာတင်းစေ့၍ သွားရပါသည်။

"မိဘစကားနားထောင်ပြီး မောင်နန္ဒကို မျက်စိမှိတ်လိုက်တယ်ဆိုတာ အမေသိပါတယ်။ မချစ်မနှစ်သက်သူကို လက်ထပ်လိုက်ရတဲ့အတွက် သမီး ဘယ်လောက်ခံစားရမယ်ဆိုတာလဲ အမေကိုယ်ချင်းစာနိုင်ပါတယ်။ အမေတို့ မိန်းမတွေဟာ အိမ်ထောင်ပြုလိုက်တဲ့အခါမှာ သူတစ်ပါးရဲ့ အလိုဆန္ဒကို ပြည့်ဝစေဖို့ အဖြည့်ခံဘ၀၊ အနစ်နာခံဘ၀ သက်သက်ဖြစ်ခဲ့ရတာချည်းပါပဲ။ ယောကျ်ားများဟာ လှေကားသုံးထစ်ဆင်းရင် လူပျိုပြန်ဖြစ်သတဲ့။ ကာမဂုဏ်လိုက်စားပြီး မယားများများယူပေမယ့်လဲ တင့်တယ်နေတာပဲ။ အမေတို့ မိန်းမသားတွေမှာသာ တစ်လင်မကောင်းလို့ တစ်လင်ပြောင်းရင်တောင် အမြင်မကောင်းချင်တော့ဘူး။ ဒါ့ကြောင့် သမီးကို အမေမှာချင်တာက မောင်နန္ဒအပေါ်တတ်နိုင်သမျှ အစစအရာရာ သည်းခံလိုက်လျော့ပါ။ မယားဝတ္တရားကျေပွန်အောင်သာ ကြိုးစားပါ။ အမေစိတ်ချပါရစေ"

ယောက္ခမအိမ်သို့လိုက်ပါခါနီးတွင် အမေ တတွတ်တွတ်မှာလိုက်သောစကားများကို ပြန်လည်ကြားယောင်လာပါသည်။ အမေဆုံးမခဲ့သည်ကို လိုက်နာနိုင်သည့်ကိစ္စမျိုးလည်းမဟုတ်။ သူရာမေရယကံထိုက်မည်ကို

www.burmeseclassic.com

www.burmeseclassic.com



သိလျက်ဖြင့် လိုက်လျှောဖို့ဆိုတာ မည်သို့မျှ မဖြစ်နိုင်။ ကိုယ်က မိန်းမသားမို့ သူ့အိမ်ရောက်သည့်နေ့မှာပင် ပြဿနာတက်ရမည့်အဖြစ်ကိုလည်း မလိုလား။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာအောင် မြွေမသေ တုတ်မကျိုး တစ်မျိုးမျိုးတော့ ကြံစည်ရပေလိမ့်မည်။

သူ့လက်ထဲမှ သေရည်ခွက်ကို ဖျတ်ခနဲဆွဲယူလိုက်သော ကျွန်မအား ပြုံးပြုံးကြီးစိုက်ကြည့်လာသည်။ အောင်နိုင်သူ၏ အပြုံးပေလား။ ကျွန်မ မစဉ်းစားချင်တော့။

သေရည်ခွက်ကို ငုံ့ကြည့်လျက်မှ ကျွန်မလက်တွေ တဆတ်ဆတ်တုန်လာ၏။ ရွှေခွက်ဟု မမြင်ဘဲ အကုသိုလ် အစိုင်အခဲဟုသာ ထင်သည်။ ဤခွက်နှင့်တကွ အရက်များကို ဥပါယ်တံမျဉ်ဖြင့် သွန်ပစ်လိုက်ဖို့ ကျွန်မဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် တုန်နေသောလက်များသည် သူ၏ကိုယ်ပေါ်သို့ သေရည်ဖိတ်ကျစေပါ၏။ စူးရှသောအနံ့က ကျွန်မနှာခေါင်းထဲ တိုးဝှေ့ဝင်ရောက်လာသည်။

"ဘယ်လိုလုပ်တာလဲ ဥတ္တရာ၊ မင်းငါ့ကို ဘယ်လိုလုပ်လိုက်တာလဲ"

ည၏ တိတ်ဆိတ်မှုအောက်ဝယ် သူ့အသံသည် တစ်ခန်းလုံးဟိန်း၍ သွားပါသည်။

ဟန်ဆောင်မှုအောက်မှ အတ္တနှင့် ဒေါသသည် ဘွားခနဲ ပြေးထွက်လာ၏။ လျှပ်တစ်ပြက်ခံစားချက်ကို မထိန်းသိမ်းနိုင်မီ အစ္စုတ္တအတွင်းသဏ္ဌာန်၏ သရုပ်မှန်သည် လှစ်ခနဲပေါ်ပေါက်ရစမြဲသာတည်း။

"ဥတ္တရာဟာ လူ့အခွင့်အရေးအားလုံးဆုံးရှုံးနေတဲ့ သုမနသူဌေးကြီးအိမ်က ကျွန်မဟုတ်ဘူး ကိုနန္ဒ။ မနက်ကမှ နှစ်ဖက်မိဘရှေ့မှာ လက်ထပ်ခဲ့တဲ့ ရှင့်ဇနီးဆိုတာ မမေ့လိုက်ပါနဲ့"

ပြောတော့မည်ကြံရွယ်ပြီးမှ စိတ်ကို ပြန်လည်ချုပ်တည်းလိုက်သည်။ သူတင်း၍ ကိုယ်ပြတ်လျှင်လည်း မကောင်းတတ်ပြန်။ အရှင်နှင့်တူသော ယောကျ်ားဖြစ်လိမ့်မည်ဟု မဆွကပင် ကြိုမြင်ပြီးသား။ အလားတူ သူကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်နှင့်တူသောမယားကို ရတော့မည်ဟု မျှော်လင့်ထားမည်မှာ သေချာလှပါ၏။ အမြင်ချင်းမတူလျှင် ဘဝခရီးတစ်လျှောက် ရှေ့ဆက်လက်တွဲသွားဖို့ အခက်အခဲတွေ များစွာ ရင်ဆိုင်ရပေဦးမည်။

အိမ်ထောင်ရေးအေးချမ်းသာယာဖို့အတွက် အိမ်ရှင်မ၏ အဓိကတာဝန်ဖြစ်သည်ကို ကျွန်မနားလည်ပါသည်။ ဘာသာရေးကစပြီး အတွေးအမြင်ချင်း၊ ခံယူချက်ချင်း၊ သဘောထားချင်း အဝိုင်းနှင့်လေးထောင့်ပမာ ဖြစ်နေရပါသော အခြေအနေကို ပြေလည်အောင်ညှိယူဖို့ အရေးကြီးလာသည်။ သည်းခံခြင်းဖြင့် အောင်နိုင်မှုကို ရစေနိုင်ပါသည်။ မသိသူကို သိသူက ခွင့်လွှတ်ရမြဲဓမ္မတာဖြစ်ပါသည်။ ကျွန်မကာပင်စတင်၍ မိန်းမတစ်ယောက်၏အတ္တမာနကို ခွာချရပါတော့သည်။

သက်ပြင်းခပ်မျှဉ်းမျှဉ်းချပြီး သူ့အပါးမှလေးတွဲ့စွာထလာကာ ပြတင်းပေါက်မှာ ရပ်သည်။ ညသည် နက်ရှိုင်းစွာပင် မည်းမှောင်လျက် လေပြင်းတွေ တိုက်နေသည်။

လပြည့်ညဖြစ်ပါလျက် ရွှန်းရွှန်းပပ မသာနိုင်။ မိုးများသာ အငြိုးတကြီးဖြင့် သဲသဲမဲမဲ ရွာနေသည်။

တင်းမာခြင်းလည်းမမည်၊ လျော့လွန်းသည်လည်း မဟုတ်ပါဘဲ ပုံမှန်အနေအထားဖြင့် ရက်အတော်ကြာ ဘာသိဘာသာနေခဲ့ပါသည်။

နှစ်ကိုယ်ကြည်ဖြူ ကလူကျီစယ် ပြုံးရယ်ရွှင်ပျခြင်းကင်းမဲ့စွာ နှစ်ဦးသားကြားဝယ် ပကတိ တိတ်ဆိတ်ငြိမ်သက်စွာ နေ့တို့ကို ကျော်လွန်စေသည်။

ဤလိုဆိုတော့လည်း သူ မနေတတ်ပြန်။

"ကိုယ်မှားသွားတယ် ဥတ္တရာ။ ရောက်ရောက်ချင်းဆောက်နဲ့ထွင်းဆိုသလို မင်းကို အနိုင်ကျင့်တဲ့ပုံစံမျိုး သက်ရောက်သွားတယ်"

သူ့အမှားကို ပြန်လည်ဝန်ခံစကားပြောကြားလာပါသည်။ လက်ညှိုးညွှန်သမျှ လိုတရနိုင်သည့် သူဋ္ဌေးသားမို့ အတ္တလွန်ကဲနေသည်မှာ သဘာဝကျပါ၏။ ကိုယ့်ရှုထောင့်က မမြင်ဘဲ သူ့နေရာက ဝင်ကြည့်ပေးခြင်းဖြင့် ခွင့်လွှတ်တတ်သည့်စိတ် မွေးမြူရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဇနီးတစ်ယောက်အနေနဲ့ ခင်ပွန်းသည်ဖြစ်ချင်တာတွေ ဆောင်ရွက်ပေးရမယ့် ဝတ္တရားကို ကျွန်မသဘောပေါက်ပါတယ်။ ဒါပေမယ့် အရက်တိုက်ခိုင်းတဲ့ကိစ္စမှာတော့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ။ ကျွန်မတို့ ဗုဒ္ဓဘာသာမှာ အရက်သောက်တာဟာ မကောင်းမှု အကုသိုလ်ကံပဲ"

"ဘာ . . . အဲယ်လို"

အဲ့ဩတကြီး နားမလည်စွာ သူကျွန်မကို ကြည့်လာသည်။ ဤအချက်သည် ဘာသာရေးနှင့် ဆက်နွယ်နေသောကြောင့် သူ့အား စိတ်ရှည်လက်ရှည် ရှင်းပြချင်မိပါသည်။

"ဘာဆိုင်လဲ . . . စိတ်ပျော်အောင်သောက်တာပဲ"

သူ့ဘာသာ ရေရွတ်သလို ဆိုပြန်သည်။

"အရက်ဟာ မူးယစ်စေတယ်မဟုတ်လား။ မူးနေရင် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိဘူး။ မောဟဖုံးပြီး အကုသိုလ်အမှုတွေကို ပြုရဲလာတယ်။ မကောင်းမှုကို ကျူးလွန်ရအောင် အရက်က ပံ့ပိုးပေးတယ်။ သတ္တိမွေးပေးတယ်"

"ဒါမဖြစ်နိုင်ဘူး။ ကိုယ့်ဘာသာအိမ်မှာသောက်တာပဲ။ ဘယ်သူ့မှ မဟုတ်တာ မလုပ်ခဲ့ပါလား။ ပြီးတော့ မင်းသောက်တာလဲ မဟုတ်ဘူး။ ကိုယ်သောက်တာပဲ။ ဘာလို့မင်းက မတိုက်နိုင်ရတာလဲ"

မကျေနပ်မှု အစွန်းအစလေးများ ပြူထွက်လာပြန်သည်။ လူတစ်ဦး၏ စရိုက်ကိုသိလာလေ ခွင့်လွှတ်နိုင်စိတ် မွေးလာနိုင်လေဖြစ်စေရမည်။ ဤတစ်ကြိမ်တွင်မူ မသိနားမလည်သော ကလေးသူငယ်လိုမြင်ပြီး ကရုဏာစိတ်ဖြင့် ယဲ့ယဲ့ကလေး ပြုံးမိရပါသည်။

"လူသားတွေ အမှန်တကယ် ကျင့်သုံးရမယ့် ဗုဒ္ဓရဲ့ ဥပဒေ ငါးချက်ကို ကျွန်မတို့မိသားစုဟာ အသက်နဲ့လဲပြီး စောင့်ရှောက်ဆောက်တည်ခဲ့ကြလို့ပဲ"

"ဗုဒ္ဓရဲ့ ဥပဒေငါးချက်ဆိုတာ ဘာလဲ"

"သူတစ်ပါးအသက်ကို မသတ်ရဘူး။ သူတစ်ပါး ဥစ္စာကို မခိုးရဘူး။ သူတစ်ပါးအိမ်ရာကို မပြစ်မှား မကျူးလွန်ရဘူး။ လိမ်လည်တဲ့စကား မပြောရဘူး။ မူးယစ်စေတတ်တဲ့ သေရည်သေရက်ကို မသောက်ရဘူး။ အဲဒီငါးချက်

www.burmeseclassic.com

www.burmeseclassic.com



ကို မိမိကိုယ်တိုင်လဲ မလုပ်ရ။ သူတစ်ပါးကိုလဲ လုပ်မခိုင်းရ။ လုပ်တာကိုလဲ အားမပေးရ။ ဝမ်းလဲမသာရလို့ ဗုဒ္ဓက တားမြစ်ထားပါတယ်။ ဗုဒ္ဓရဲ့ ဥပဒေကို မလိုက်နာသူဟာ အပါယ်ကျမှာပဲ"

"မင်းတို့ဗုဒ္ဓက ဦးပြည်းရဟန်းတွေကို စည်းကမ်းသတ်မှတ်ရုံနဲ့ အားမရနိုင်ဘဲ လူတွေကိုလဲ ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရနဲ့ လိုက်ချုပ်ချယ်နေတာပဲလား"

နဖူးကိုတွန့်ပြီး မျက်မှောင်ကြုတ်ကာ မကျေမနပ်ဆိုသည်။

"ဒီလို မပြောနဲ့ ကိုနန္ဒ၊ ဗုဒ္ဓက ချုပ်ချယ်နေတာမဟုတ်ဘူး။ လူသားတွေကို ရင်ဝယ်သားလို သနားကရုဏာကြီးတော်မူလွန်းလို့ မကောင်းတာမလုပ်ဖို့နဲ့ ကောင်းတာကိုသာလုပ်ကြဖို့ အမြဲလမ်းညွှန်တိုက်တွန်းနေတာပါ"

သူ ဘာမျှပြန်မပြောဘဲ ဆိတ်ငြိမ်နေသည်။ အခြေအနေကို အကဲခတ်လျက် ကျွန်မပြောချင်နေသည့်စကားများကို စတင်လိုက်ပါသည်။

"ကျွန်မတို့မိသားစုဟာ ဗုဒ္ဓဘာသာဝင်တွေမှန်း ရှင်သိပါတယ်။ အယူဝါဒချင်းမတူဘဲနဲ့ ရှင် ကျွန်မကို ဘာလို့ လက်ထပ်ခဲ့တာလဲ . . ."

ကျွန်မ၏အမေးစကားကြောင့် အသံထွက်အောင်ပင် သူရယ်မောလိုက်ပါသည်။ ကျွန်မကို စိုက်ကြည့်လာသော သူ့မျက်ဝန်းများက တောက်ပရွှန်းလက်နေသည်။

"မင်းကို မြတ်နိုးလို့ပေါ့ ဥတ္တရာ"

ကျွန်မပြုံးယောင်ယောင်ပြုကာ ဒုတိယမေးခွန်းကို ထပ်၍တစ်ဖန်မေးပြန်သည်။

"ဒီလိုဆိုရင် ရှင်မြတ်နိုးလို့ယူခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ စိတ်ချမ်းသာမှုကို ဖန်တီးမပေးသင့်ဘူးလား"

"မင်း ဘာလိုချင်လို့လဲ။ အဝတ်အစားလား၊ အဆင်တန်ဆာလား၊ အခြွေအရံလား၊ ပြောလေ မင်းလိုချင်တာထက် နှစ်ဆတက်ပြီး ပေးနိုင်တယ်"

ဤတစ်ကြိမ်မှာတော့ မထိမဲ့မြင်ပြုသလို ခပ်သောသောရယ်မောလိုက်သူက ကျွန်မပါ။ လောကမှာ ရုပ်ဝတ္ထုပစ္စည်းတွေသာ အလိုဆန္ဒပြည့်စေနိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်ကြသော ရုပ်ဝါဒသမားတွေက များပါသည်။ ရုပ်ဝတ္ထုပစ္စည်းဟူသည် လူတို့အတွက် ပဓာနလား၊ သာမညလားဆိုသည့် အချက်လောက်ကိုပင် ကွဲကွဲပြားပြား အမှန်အမှား မခွဲခြားနိုင်ကြပါလား။ ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးထက် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးကို ပိုမိုမြတ်နိုးတတ်လျှင် အဘယ်မျှကောင်းလိုက်ပါမည်နည်း။

"ရှင်ပြောတာတွေ ကျွန်မ ဘာလုပ်မှာလဲ။ ကျွန်မလိုချင်တာက ငါဟာ ခင်ပွန်းသည်ပဲဆိုပြီး ဇနီးရဲ့ လွတ်လပ်ခွင့်ကို အမိန့်အာဏာသုံးပြီး မပိတ်ပင်ဖို့ပဲ . . ."

"မင်းကို ဘာပိတ်ပင်လို့လဲ . . ."

အနည်းငယ်တည်သွားသောမျက်နှာဖြင့် ကျွန်မလက်ကို ဖျတ်ခနဲ ဆွဲယူကာ မေးမြန်းလာသည်။

"မလုပ်ချင်တာတွေကို အတင်းလုပ်ခိုင်းတာတို့၊ လုပ်ချင်တာတွေကို လုပ်ခွင့်မပေးတာတို့ . . ."

သူဆုပ်ကိုင်ထားသော ကျွန်မလက်ကို နာကျင်လာစေသည်။ သူ၏ မကျေနပ်မှုအတွင်းအားသည် လက်ပေါ်၌ ကျရောက်စေလေသည်။

"အေးလေ . . . မင်း မလုပ်ချင်တာကို အတင်းမခိုင်းပါဘူး။ အမိန့်လဲ မပေးပါဘူး။ အာဏာလဲမသုံးပါဘူးတဲ့။ ကျေနပ်ပြီလား။ မင်းလုပ်ချင်တာ တွေက ဘာလဲ . . ."

သူ လိုက်လိုက်လျောလျောရှိလာပြီဟု စိတ်ထဲမှ ဝမ်းမြောက်ဝမ်းသာ ရှိရသည်။ ကျွန်မလုပ်ချင်သည့်အမှုကို သူခွင့်ပြုနိုင်ဖို့၊ အင်း . . . စွန့်စားကြည့်ရသေးတာပေါ့လေ . . . ဟု ဘာသာကျိတ်လျက် ပင့်သက်ဖြာမိပါ၏။

"ပြောလေ . . . မင်းဘာတွေ လုပ်ချင်နေသလဲ"

"ဗုဒ္ဓတရားချီးမြှင့်တဲ့နေရာတိုင်းကို သွားချင်တယ်။ ဗုဒ္ဓနဲ့ သာဝကတွေကို ပင့်ဖိတ်ပြီး အိမ်မှာ ဆွမ်းကပ်လှူချင်တယ်။ ပြီးတော့ တရားနာချင်တယ်"

ကျွန်မတောင်းဆိုချက်များကြောင့် သူ့မျက်နှာနီမြန်းသွားကာ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဂုဏ်သရေရှိအမျိုးကောင်းသမီးမှ လမ်းပေါ်ထင်ရာလျှောက်သွားမနေကြဘူး ဥတ္တရာ။ မင်းလုပ်ချင်သလို လုပ်ဖို့ ကိုယ်မျက်ကွယ်မပြုနိုင်ဘူး။ ပြီးတော့ မင်းတောင်းဆိုချက်တွေအားလုံး ဗုဒ္ဓအတွက်ချည်းပါလား။ ကိုယ်မိန်းမယူတာ တခြားယောကျ်ားတွေကို အလုပ်အကျွေးပြုဖို့မဟုတ်ဘူး။ အချိန်တိုင်းမှာ မင်းဟာ ကိုယ့်အတွက်ပဲ ဖြစ်ရမယ်"

မိစ္ဆာဒိဋ္ဌိယောကျ်ားတစ်ယောက်ကို လက်ထပ်မိသည့် ရလဒ်ကား ဤမျှသာဖြစ်ချေသည်။ ရတနာသုံးပါးကို ကြည်ညိုမြတ်နိုးဆည်းကပ်ကိုးကွယ်ခွင့်ဆုံးရှုံးရတော့မည်လားဟူသော အတွေးဝင်လာမိသည့်ခဏ ကြီးစွာ တုန်လှုပ်သွားရပါသည်။

ညောင်စောင်းပေါ်ထိုင်နေလျက် မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ပြီး ဒူးပေါ်မှောက်ချလိုက်ပါသည်။ မွန်းကျပ်နေသည့်စိတ်များ အမှောင်ထဲမှာ စမ်းတဝါးဝါးဖြစ်နေသည်။ အခွင့်အရေးရဖို့အတွက် အသက်နှင့်ပင် လဲပစ်လိုက်ချင်သည်။

**အိမ်ထောင်ပြုခြင်းသည် မိန်းမတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်မှုနှင့် အခွင့်အရေးဆုံးရှုံးခြင်းမျှသာပါကလား။**

× × ×

"ကိုယ့်အဖြစ်ကတော့ ဒါပါပဲ သီရိမာ"

သူမသည် မျက်တောင်လေးမေးစင်းပြီး စိတ်ဝင်တစားရှိနေရာမှ စကားအဆုံးတွင် ကျွန်မတူရှုသို့ မျက်နှာမူလိုက်သည်။

အထုနှင့်အထည်နှင့် လေးလံတင်းကျပ်နေသော ရင်ထဲမှခံစားချက်များ အနည်းငယ် လျော့ပါးသလိုဖြစ်ရပြီး မျက်နှာချင်းဆိုင် မလှမ်းမကမ်းမှာထိုင်နေသည့် သီရိမာထံမှ ပျံ့လွင့်လာသော စံပယ်ဆီနံ့သင်းသင်းတို့ကြောင့် နှလုံးကြည်မွေ့ချမ်းမြေ့သွားရပါသည်။

"သီရိမာဆီလာရတဲ့အကြောင်းကတော့ အဲဒီကိစ္စအတွက် အကူအညီတောင်းချင်လို့ပါပဲ"

သူမအကြည့်သည် ပိုမိုစူးရှတောက်ပြောင်လာသည်ဟု ထင်မိသည်

www.burmeseclassic.com

www.burmeseclassic.com



"သီရိက ဘယ်လိုများ ကူညီရမှာပါလိမ့်"

ဆည်းလည်းသံလေးက သာယာချိုမြိန်လှသည်။ အသံသာယာသည်မျှသာ မဟုတ်သေး။ တစ်ခါကြည့်ရုံမျှဖြင့် ငေးမိချင်စရာ။ အသားအရေဝါဝင်းနုညက်လျက် လက်ပေါ်မှ မွေးညင်းလေးများပင် ရွှေရောင်ထနေသည်။ ပါးနှင့်လည်တိုင်ပေါ်မှ အကြောစိမ်းစိမ်းလေးများ ထင်နေပုံမှာ ထိရက်စရာပင် မရှိ။

သုံးရက်လ ခုံးမျက်စအောက်မှ နက်မှောင်သောမျက်ဝန်း၊ ကော့ညွတ်သောမျက်တောင်တို့ဖြင့် ဆွဲဆောင်အားကောင်းလှသည့် သူမ၏ ညှို့မျက်လုံးများသည် မျက်တောင်တစ်ကြိမ်ခတ်ပြရုံမျှ ပုရိသတို့ မူးမေ့နိုင်လောက်ပါ၏။

နှာတံသည် သူမ၏မျက်နှာပေါ်တွင် ဖြောင့်စင်းလှပစွာနေရာယူထား၏။ ဆေးမကူရပါဘဲ ပကတိရဲနေသည့် သူမ၏နှုတ်ခမ်းလွှာ နှင်းဆီဖူးကလေးက ငုံထားချင်စရာ။ ပြုံးရယ်လိုက်သောအခါ ဖွေးခနဲလက်သွားတတ်သည့် သွားတန်းကလေးက ပုလဲလုံးကလေးများ စီထားသလိုပဲ။

ရှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့ဖြင့် ကောင်းခြင်းငါးဖြာပြည့်စုံပါသော သူမအား အလှအပကို သိပ်မခံစားတတ်သည့် ကျွန်မပင် မိန်းမသားချင်းဖြစ်ပါလျက် ယစ်မူးမိသေးလျှင် . . .

"ကိုယ့်တို့အိမ်ကိုလိုက်ပြီး ကိုယ့်ကိုယ်စား ဆယ့်ငါးရက်လောက် သူ့အလိုကျပြုစုပေးဖို့ပါ"

ရင့်သီးရိုင်းပျသောစကားမျိုး မသုံးမိအောင် အထူးဆင်ခြင်၍ ပြောရပါသည်။

ပြည့်တန်ဆာမဆိုသော်လည်း စားရမဲ့ ဝတ်ရမဲ့ဘဝမို့ ဆင်းရဲလွန်းလို့ ရမိရရာ မကောင်းမှုကို ဖွတ်မိုတ်လုပ်နေသည့် မိန်းကလေးမျိုး မဟုတ်ချေ။

နေထိုင်ဝတ်စားမှုကအစ အိမ်ထောင်ပရိဘောဂ အခမ်းနားအဆုံး အားလုံးအထက်တန်းချည်း။ တိုင်းပြည်သာယာသည့် လက္ခဏာအဖြစ် ပြည့်ရှင်မင်းကိုယ်တိုင် ရွေးချယ်ခဲ့သော ရာဇဂြိုဟ်၏ အလှမယ်။

သူမထံသွားလာဆက်ဆံနေသူတို့မှာ အညတရ အသေးအနုပ်များ မဟုတ်ကြ။ မင်းညီမင်းသား၊ မှူးမတ်များ၊ အောင်ပွဲရစစ်သူကြီးများ၊

www.burmeseclassic.com

www.burmeseclassic.com



တိုင်းတစ်ပါးတို့မှ ညည့်သည်တော်များ၊ အနိမ့်ဆုံး သူဌေးသူကြွယ်များအထိ ပါဝင်သည်။

ဤလို အဆင့်မြင့်ပြည့်တန်ဆာမကို အိမ်ခေါ်သုံးရမည့် အခြေအနေမို့ ကျွန်မဘက်က သူမအပေါ် အခွင့်အရေး ယူလွန်းရာကျနေမလားဟု စိုးရိမ်စိတ်ဝင်မိပြန်ပါသည်။

"အငှားမယား လုပ်ပေးရမယ် ဆိုပါတော့ . . . ဟုတ်လား"

မုလဲလုံးလေးတွေ ဖွေးဖွေးလက်သွားသည်အထိ သူမ ခပ်ညင်းညင်းရယ်သည်။ လက်တစ်ဖက်က ကျွန်မလက်မောင်းကို အသာအယာ ပွတ်သပ်နေသည်။

"ဒီလိုလဲ မဟုတ်ပါဘူးလေ"

အားနာလှစွာ ပျာပျာသလဲငြင်းဆိုလိုက်ရပါ၏။ သူမ၏စကားက ကျွန်မလိုလားချက်နှင့် သဘောချင်းအတူတူဖြစ်သည်ကိုမူ ဘာသာဝင် သိ၏။

"ဘာထူးသလဲ ဒေါ်ဥတ္တရာ။ ဒီသဘောပဲ မဟုတ်လား။ ရှင်ဖြစ်စေချင်တဲ့ ပုံစံမျိုး သီရိ တစ်ခါမှတော့ မလုပ်ဖူးဘူး။ အိမ်ကထွက်ပြီး တခြားမှာ ဆယ့်ငါးရက်တိတိတောင် နေရဖို့ဆိုတာ . . . "

သူမ၏စကားက ငြင်းပယ်လိုဟန်ငွေ့ငွေ့ပါနေသည်လားဟု ရင်ပူသောကဖြင့် ထိတ်လန့်သွားမိပြန်သည်။ တံတွေး တစ်ချက်မျိုချလိုက်ပြီးမှ . . .

"ကိုယ်ဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ သီရိမာ။ သူ့ကိုလက်ထပ်ခဲ့တာ နှစ်လခွဲရှိပါပြီ။ ဗုဒ္ဓနဲ့ သာဝကတွေကို လုံးဝဖူးမြင်ခွင့်မရဘဲ ထောင်ကျနေခဲ့တယ်။ အလှူလဲ မလုပ်ရ၊ တရားလဲ မနာရတော့ဘူး။ ခုဆိုရင် ဝါတွင်းကုန်ဖို့ ဆယ့်ငါးရက်သာ ကျန်တော့တယ်လေ။ ကိုယ့်မှာ ကောင်းမှုကုသိုလ်ပြုခွင့်ရဖို့ သီရိကူညီမှ ဖြစ်တော့မှာ . . . မငြင်းလိုက်ပါနဲ့ကွယ်"

ပြုံးရယ်နေသော သူမ၏ နှုတ်ခမ်းနှစ်လွှာသည် ပြန်လည်စေ့သွားပြီး ကရုဏာမျက်ဝန်းများဖြင့် ကျွန်မထံ အကြည့်ရောက်လာသည်။

"ကိုယ့်လင်သားကို တစ်ပါးမိန်းမနဲ့ ပျော်ပါးခွင့်ပြုနိုင်တဲ့ အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ ဒေါ်ဥတ္တရာတစ်ယောက်သာ တွေ့ဖူးသေးတယ်။ အဲလို သဘောထား ကြီးနိုင်တဲ့စိတ်ဓာတ်ကို သီရိလေးစားသွားပြီ။ ဒါနဲ့ နေပါဦး။ သီရိကိုချည်း လက်ခံဖို့တိုက်တွန်းနေတာက ဒေါ်ဥတ္တရာရဲ့ အမျိုးသားကို ညှိပြီးပြီမို့လား"

"ပြီးပါပြီ သီရိမာ။ သူ သဘောတူ လက်ခံ လို့သာ ခုလို ရဲရဲတင်းတင်း ခေါ်နိုင်တာပေါ့။ ကဲ . . . ဘာမှ စဉ်းစားမနေပါနဲ့ကွယ်။ ကိုယ်တို့ မိန်းမသား ချင်း အကျဉ်းအကျပ်ထဲရောက်နေတာကို ကူညီတာလို့ သဘောထားပါ။ ဟောဒီမှာ တစ်သောင်းငါးထောင်၊ ကိုယ်ပေးတဲ့ဈေးနှုန်းမှန်ပါတယ်နော်။ အဲလို မေးမိတာကိုလဲ စိတ်မရှိပါနဲ့ . . . "

ကျွန်မစားပွဲပေါ်တင်ပေးလိုက်သော ငွေထုပ်ကို သူမယောင်လို့ပင် မကြည့်ချေ။ ကျွန်မထံမှ အကြည့်ကိုလွှဲဖယ်၍ လေးလေးနက်နက်တွေးတွေး ဆဆရှိနေပြန်သည်။ သူမ၏ နှုတ်ထွက်အဖြေကို ငံ့လင့်လျက် စိတ်လှုပ်ရှား နေမိပါသည်။

"သီရိ ဘယ်တော့ လာရမှာလဲ"

ရင်ထဲမှ ဒိန်းခနဲမြည်ကာ ဝမ်းသာလုံးဆို့သွားပါ၏။ ကျွန်မအတွက် မျှော်လင့်ချက်အလင်းရောင်ခြည်တွေ ဖြာထွက်လာပြီလေ။

"ခုလိုက်နိုင်ရင် ပိုကောင်းတာပေါ့ကွယ်"

"အို . . . ချက်ချင်းကြီးတော့ လိုက်လို့ဘယ်ဖြစ်ပါမလဲ။ ပြင်ရဆင်ရဦး မှာပေါ့။ မနက်ဖြန်ကျမှ သီရိရဲ့ရထားနဲ့ ဘာသာလာခဲ့မယ်"

"တကယ်လာမှာနော် . . . "

စိတ်မချနိုင်လွန်းသောကြောင့် ကလေးဆန်သွားမှန်း ချက်ချင်းပင် ဘာသာရိပ်မိသည်။ ကျွန်မစကားကြောင့် မဲ့ပြုံးဖြင့် သူမ၏ နှုတ်ခမ်းအနည်း ငယ် တွန့်သွား၏။

"ပြည့်တန်ဆာအလုပ်ကိုလုပ်လို့ အထင်မသေးလိုက်ပါနဲ့။ မင်းမှာသစ္စာ လူမှာကတိတဲ့။ သီရိတို့က ကတိတစ်လုံးကို အင်မတန်တန်ဖိုးထားပါတယ် ဒေါ်ဥတ္တရာ"

"အို-အထင်သေးလို့ မဟုတ်ရပါဘူးကွယ်။ ဗုဒ္ဓနဲ့ သာဝကရဟန်းတော်

www.burmeseclassic.com



တွေကို ဆွမ်းကပ်ခွင့်ရချင်လွန်းလို့ ဆန္ဒစောပြီးပြောမိတာပါ။ သီရိမာကို စိတ်အနှောင့်အယှက်ပေးမိရင် ခွင့်လွှတ်ပါ"

သူမစိတ်ဆိုးမှာစိုးပြီး ပျာပျာသလဲ တောင်းပန်ရပါသည်။ ပြီးတော့ .....

"ခုလို ကူညီပေးဖို့ ကတိရတာ သိပ်ပြီးကျေးဇူးတင်ပါတယ်ကွယ်"

ကျွန်မတို့နှစ်ဦး ပြိုင်တူမတ်တပ်ရပ်လိုက်ပါသည်။ ကျွန်မလှည့်ပြန်တော့မည်အပြုတွင် . . .

"မလာမှာကို မပူနဲ့နော် . . . လာဖြစ်အောင် ဆက်ဆက်လာခဲ့မယ်။ သီရိကိုယ်တိုင်က ဒေါ်ဥတ္တရာရဲ့အလုပ်ကို စိတ်ဝင်စားမိလို့ပါ"

သူမ၏နောက်ဆုံးစကားသည် ကျွန်မအား များစွာအားတက်စေ၏။ အိမ်အပြန်ခရီးတွင် ကျွန်မတစ်ကိုယ်လုံး ပေါ့ပါးသွက်လက်နေသည်။

ရထားပေါ်မှာ မျက်လုံးမှိတ်ပြီး ထိုင်လျက်ပါလာစဉ် အာရုံထဲတွင် ဗုဒ္ဓကိုသာ တရေးရေးမြင်ယောင်နေပါ၏။

× × ×

"ဘယ်လိုလဲ သူတော်ကောင်းမကြီးရဲ့။ ခင်ဗျားရဲ့ယောကျ်ားကို တခြားမိန်းမတစ်ယောက်လက်ထဲ ဝကွက်အပ်ဖို့ အစီအစဉ်သွားလုပ်တာ အောင်မြင်ခဲ့ရဲ့လား"

အိမ်ပြန်ရောက်သည်နှင့် ကျွန်မအား ခပ်ထေ့ထေ့စကားဆိုလာပါသည်။ ကျွန်မစိတ်မဆိုးပါ။ ဤအစီအစဉ်ကို လက်ခံသဘောတူလိုက်သည့် သူ့အားပင် ကျေးဇူးတင်မိရသေး၏။ သီရိမာကို တစ်နေ့တစ်ထောင်နှုန်းဖြင့် ဆယ့်ငါးရက်အတွက် အသပြာတစ်သောင်းငါးထောင်ပေးလိုက်ရသည်ကိုလည်း မနှမြောမိပါချေ။ ကိုနန္ဒအတွက် သီရိမာကိုခေါ်ဖို့ အကြံညဏ်ရော ငွေပါ ပို့ပေးလိုက်သည့်အဖေ့အား သတိရမိသည်။

အဖေအမေတို့ စီစဉ်သည့်အတိုင်း မိစ္ဆာဒိဋ္ဌိမိသားစုအိမ်မှာ သွားနေရသည့် ကျွန်မ၏ အကျဉ်းအကျပ်အခက်အခဲများကို သိရသောအခါ ဘယ်လိုမှ စိတ်ကောင်းနိုင်ကြတော့မည်မဟုတ်။

အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးချက်မပိုင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



နောင်ပြင်နိုင်ခဲသည့်အမျိုး ဟူသော စကားကဲ့သို့ ကျွန်မအဖို့တော့ ပြင်၍မရနိုင်တော့ပြီ။ သွားမိသည့်လမ်းကို ဆက်လျှောက်ရုံသာရှိတော့၏။ စလယ်ဝင်ဖင်မည်းခင်က ကွဲရသည့်အဖြစ်မျိုးကိုလည်း မလိုလားမိပါ။

"ပြောပါအုံး၊ ခင်ဗျားရဲ့ မဟာစီမံကိန်းကြီး အောင်မြင် ခဲ့ရဲ့လားဆိုတာ . . ."

"အဆင်ပြေပါတယ် ကိုနန္ဒ"

အပြင်မှပြန်လာသည့် အဝတ်အစားများကို လဲလှယ်ပြီး စိတ်မောလူမောဖြင့် သလွန်ညောင်စောင်းမှာ ခဏလဲလျောင်းလိုက်ပါသည်။ ကျွန်မ၏နံဘေးတွင် သူလာထိုင်ပြီး

"ဒါဖြင့် အပျော်မယားလေးနဲ့ ဆယ့်ငါးရက်လောက် နေရဦးမယ် ဆိုပါတော့ . . ."

ကျွန်မကို တမင်သက်သက် ကလိနေမှန်းသိသောကြောင့် ဘာမျှခွန်းတုံ့မပြန်ဘဲ ငြိမ်သက်တိတ်ဆိတ်စွာ နေမိပါသည်။

"ဘယ်တော့လာမှာတဲ့လဲ"

"မနက်ဖြန်"

"ဟုတ်လား . . . မင်းနဲ့ တစ်ပါတည်းခေါ်လာခဲ့တာ မဟုတ်ဘူး"

ကျွန်မကို သူရွဲ့ပြောနေမှန်း သိနေသား။

သို့ပေမယ့် ရည်ရွယ်ချက်အောင်မြင်ရေးအတွက် အတတ်နိုင်ဆုံးသည်းခံဖို့ ဆုံးဖြတ်ခဲ့ပါ၏။ ကျွန်မတို့ နှစ်ဦးကြား တင်းမာမှုများ လျော့နိုင်သမျှလျော့သွားအောင် သူ့အပေါ်မေတ္တာကောင်းစွာ ပွားပို့ခဲ့ပါသည်။ မေတ္တာဈာန်ကို ကျွန်မအများဆုံး ဝင်စားခဲ့သည်လေ။

"အဖေ့ကို သွားပြောပြလိုက်ပါဦး"

"ဒီလိုစကားမျိုး လူကြီးကို အသိပေးလို့ ကောင်းပါ့မလားဟင်"

သူ့စကားကိုလိုက်နာဖို့ ကျွန်မ နောက်တွန့်နေမိသည်။ သီရိမာနှင့် စီစဉ်ခဲ့သည့်ကိစ္စမှာ ချွေးမအနေဖြင့် ယောက္ခမအားအသိပေးဖို့ မသင့်တော်တာလည်းအမှန်။ ကျွန်မအား အပြစ်တင်လာမှာလည်း စိုးရိမ်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မကောင်းရမှာလဲ။ ဒီအိမ်မှာ သူ အကြီးဆုံးမဟုတ်လား။ သူ့သားအတွက် ခင်ဗျားက မယားအစားရှာပေးတယ်ဆိုတဲ့အကြောင်း မပြောချင်လဲ ရှေ့မျက်နှာနောက်ထားပြီး ပြောရမှာပဲ။ ဘာလို့လဲဆိုတော့ သူ့အိမ်မှာ သူနဲ့ အယူဝါဒချင်းမတူတဲ့ ဦးပြည်းရဟန်းတွေကို ခင်ဗျားက ဆွမ်းကပ်ချင်နေတယ်မို့လား။ ကျုပ်ဆီက ပိုင်ဆိုင်သူရဲ့ ခွင့်ပြုချက်ရယူသလို ကျုပ်အဖေဆီကလဲ ပိုက်နက်ခွင့်ပြုချက် ယူရဦးမယ်လေ။ သဘောပေါက်ရဲ့လား"

"ကဲ . . . ကဲ ပြောပါ့မယ် ကိုနန္ဒရယ်။ ခုတော့ ကျွန်မ နားပါရစေအုံးနော် . . . "

တောင်းပန်သောစကား၊ တိုးလျှိုးသောအကြည့်ဖြင့် ဆိုသည်။ ထိုအခါ သူ ထရပ်လိုက်သည်။

"နားချင်ရင် နားအုံးပေါ့"

ဤမျှလောက် လိုက်လျောမှုလေးရထားသည်ပင် ကျေးဇူးတင်ဝမ်းမြောက်ရပါသည်။ ထွက်သွားသော သူ့ကျောပြင်ကို ငေးကြည့်လျက် သက်ပြင်းတစ်ချက်ချလိုက်မိပါ၏။ ခေါင်းအနောက်ခံပြီး ဘာကိုမှ မစဉ်းစားချင်တော့။

မနက်ဖြန် သီရိမာလာလိမ့်မည် ဟူသော အသိတစ်ခုသာ ရင်ထဲမှာကျန်သည်။

မှေးစင်းလာသော မျက်တောင်များအောက်မှ မျက်လုံးများ ဖြည်းညင်းစွာမှိတ်လိုက်သည့်ခဏ အိပ်ပျော်ခြင်းသို့ ရောက်သွား၏။

တဒင်္ဂ၏ငြိမ်သက်လွတ်မြောက်ခြင်းသို့ . . . ။

× × ×

သီရိမာ ကျွန်မတို့အိမ်သို့ ရောက်လာသည့်နေ့မှစ၍ ကိုနန္ဒ၏ အကျဉ်းသားအဖြစ်မှ ခေတ္တလွတ်မြောက်ခွင့်ရခဲ့သည်။ အနှောင်အဖွဲ့ကြားမှာ ကျဉ်းကျပ်စွာနေခဲ့ရဖူးပြီမို့ လွတ်လပ်မှု၏အရသာကို ပိုမိုခံစားသိရှိရပါသည်။

**ဗုဒ္ဓဝါဒအရ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ပွားများလျှင်**
**တဏှာ မာန ဒိဋ္ဌိလျော့နည်းလာမည်။ တဏှာမာနဒိဋ္ဌိ လျော့နည်းသည်**

www.burmeseclassic.com

www.burmeseclassic.com



နှင့်အမျှ ပိုင်ဆိုင်လိုမှု၊ သိမ်းပိုက်ထားလိုမှု စသော အလိုရမ္မက်များ နည်းပါးသွားမည်။ ထိုအခါ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မစိုရ်တရားတွေ ပွားစည်းလာပြီး လောကဥ္စ စစ်မှန်သောချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို ရရှိလေသည်။ စစ်မှန်သောချမ်းသာမှုကို ကုသိုလ်စိတ်ဖြင့်သာ ရနိုင်၏။ အကုသိုလ်စိတ်ဖြင့် ရရိုးထုံးစံမရှိ။

ဆယ့်ငါးရက်တိုင်တိုင် အလှူကြီးပေးလျက် ဗုဒ္ဓ၏ တရားတော်များကို နာကြားရသဖြင့် စိတ်ကြည်လင်ချမ်းမြေ့မှုကို ပြည့်ပြည့်ဝဝခံစားရပါ၏။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဟူသော အခြေခံမေတ္တာစိတ်ကို ပိုမိုပွားများနိုင်လာသည်။ အထူးသဖြင့် မေတ္တာဈာန်ဝင်စားခြင်းဖြင့် ငြိမ်းအေးမှုအစဉ်ကို ရယူခဲ့ပါသည်။

"သခင်မရဲ့ကျေးဇူးကြောင့် ဗုဒ္ဓရဲ့တရားတော်ကို နာကြားရပြီး လမ်းကောင်းလမ်းမှန်ကို ရောက်ခဲ့ရတာပဲနော်"

"ဟုတ်တယ်။ သခင်မကျေးဇူးကိုတော့ ဆပ်လို့ကုန်နိုင်မှာမဟုတ်ဘူး"

"သီရိမာဆိုတဲ့ ပြည့်တန်ဆာမလေ ... ငါဖြင့် အကဲခတ်ကြည့်ရတာ သခင်လေးနဲ့ တတွဲတွဲလုပ်ပြီး သူ့ကိုယ်သူ သခင်မမှတ်နေပြီလား မသိဘူး။ သခင်ကလေးကိုလဲ ကြိုက်နေပုံရတယ်"

"တိုးတိုးပြောစမ်းပါဟဲ့ ... သခင်မကြားသွားပြီး စိတ်မကောင်း ဖြစ်နေပါဦးမယ်"

"ရှူတ် . . . ဟိုမှာ သခင်လေး အိမ်ပေါ်ထပ်က ပြတင်းပေါက်မှာ ရပ်နေတယ်"

အစေခံများ၏ တီးတိုးစကားကို အတိုင်းသားကြားနေရပါသည်။ သူတို့ပြောကြသည့်အတိုင်း အိမ်ပေါ်ပြတင်းပေါက်ကို ကြည့်မိလျက်သား ဖြစ်သွား၏။ သူ ကျွန်မအား သရော်သလို ပြုံးကြည့်နေသည်။ သူ့စိတ်ကူးနှင့်သူ ဘယ်လိုရှိရှိ ကျွန်မဘက်ကတော့ သူ့ကို အမှန်ပင်သနားမိပါသည်။

ကိလေသာ တဏှာတည်းဟူသော ကာမဂုဏ်အာရုံကိုခံစားပြီး လောကစည်းစိမ်ကို ချမ်းသာအစစ်ဟု မြင်ကာ တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခဲ့ပေပြီ။ ဘဝအတွက် တန်ဖိုးအရှိဆုံးကောင်းမှုကုသိုလ်များ ကျွန်မပြုနေချိန်တွင် သူကမူ မိန်းမတစ်ယောက်ကို ရင်ခွင်မှာထားပြီးတော့ အမိုက်မှောင်ဖုံးနေခဲ့သည်။ တိတ္ထိကိုဆရာထား အယူမှားမှုကြောင့် ဗုဒ္ဓကိုယ်တော်တိုင်အိမ်ပေါ်သို့ကြွရောက်တရားချီးမြှောက်ပါသော်လည်း သူ့အတွက်တော့ နီးလျက်ဖြင့် ဝေးနေရပြီလားဟု ကရုဏာကြီးစွာ သက်ရပါ၏။

ကိုနန္ဒအိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီး မရှေးမနှောင်းပင်သီရိမာ ပြတင်းပေါက်သို့ ရောက်လာပြန်သည်။ ကျွန်မထံ လှမ်းကြည့်သောသူမ၏မျက်နှာထားကား မလိုတမာ မနစ်မြို့မှု များလှသည်ထင်၏။

သူမ၏အတွင်းသဏ္ဍာန်သည် သူမ၏မျက်နှာပေါ်မှာ ထင်ဟပ်နေချေသည်။ အစေခံများ စောစောကပြောနေကြသကဲ့သို့ ဆယ့်ငါးရက်တာကာလသူမ၏ဘဝကို မေ့လျော့သွားပြီထင်ပါသည်။ ကိုနန္ဒနှင့်တကွ စည်းစိမ်ဥစ္စာတို့ကို ပိုင်ဆိုင်လိုခြင်း လောဘတဏှာသည် သူမ၏ရင်တွင်းသို့ ဝင်ရောက်ကာ ပြင်းထန်စွာ မွှေနှောက်နေပြီဖြစ်ပေသည်။

ဘယ်လိုပင်ရှိရှိ သူမ၏ကျေးဇူးကားကြီးမားလှပါသည်။ သူမကိုအကြောင်းပြုလျက် လွတ်လပ်မှု၊ ချမ်းသာမှုတို့ကို ခံစားခွင့်ရခဲ့သည်။ ဗုဒ္ဓနှင့်သာဝကတို့အားလည်း ဖူးတွေ့ကာ တရားနာကြားရသည်။ ဆွမ်းခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်ရသာစုံတို့ကိုလည်း အမယ်မယ်အလှယ်လှယ် ပေးလှူနိုင်ခဲ့ပါသည်။ ကျွန်မအပေါ် တင်ရှိနေသော သူမ၏ကျေးဇူးများကား ပမာပြဖွယ်မရှိ။ စကြဝဠာသည်ပင် သေးငယ်လှပါသေး၏။ အထက်ဗြဟ္မာဘုံပင်လည်း နိမ့်လှပါသေး၏။ ကြီးကျယ်မြင့်မြတ်လှသော ကျေးဇူးများပါတည်း။

သူမ ပြတင်းပေါက်မှ ပျောက်သွားပြီး နောက်တစ်ကြိမ်ပြန်ပေါ်လာသောအခါ သူမ၏လက်ထဲ၌ အငွေ့တထောင်းထောင်းထနေသော ခွက်တစ်ခုပါလာသည်ကို ချက်ချင်းတွေ့လိုက်ရပါသည်။ အကုသိုလ်အမှုကို ပြုအံ့ဆဲဆဲရှိသူ၏မျက်နှာကဲ့သို့ အလှအပ ကွယ်ပျောက်လျက် ကြောက်မက်ဖွယ် အသွင်ဆောင်နေသည်။

သူမသည် တဏှာမာနဒိဋ္ဌိ ဖုံးလွှမ်းနိုပ်စက်သဖြင့် ကျွန်မအပေါ်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ပြုလာသည် ဖြစ်အံ့။ သူမ၏ ကျေးဇူးများကို နှလုံးသွင်းလျက် သည်းခံခွင့်လွှတ်ခြင်းဖြင့်သာလျှင် မေတ္တာဖြန့်ကြက်ရတော့မည်။

**သိရိမာဘေးရန်ခပ်သိမ်းငြိမ်းပါစေ။**

**သောကခပ်သိမ်းငြိမ်းပါစေ။**

**ဆင်းရဲခပ်သိမ်းငြိမ်းပါစေ။**

**နှလုံးစိတ်ဝမ်းအေးချမ်းရပါစေ။**

မေတ္တာဘာဝနာပွားမိသည်နှင့် တစ်ပြိုင်နက် ဝသီဘော်အခါခါ ဝင်စားပြီးဖြစ်သောကြောင့် သုံခကေဂ္ဂတာနှင့် ပြည့်စုံသော မေတ္တာစျာန်၌ တည်လေ၏။

အေးမြသောသီတာရေစင်သည် ကျွန်မဦးခေါင်းပေါ်သို့ သွန်းဖြန်းစီးကျလာသလို ခံစားရရိုက် . . .

"သခင်မ . . . သခင်မ ဘာဖြစ်သွားသေးလဲ"

ဆူးဆူးရှရှအော်သံကြောင့် ပတ်ဝန်းကျင်ကို သတိထားလိုက်မိသောအခါ အခြေအနေတွေ ရုတ်ရုတ်သဲသဲ။ အစေခံတစ်စု ရိုက်နှက်ဆွဲခေါ်လာသော သိရိမာ။ ကိုနန္ဒကလည်း ကျွန်မထံသို့ အပြေးအလွှား . . .

"ဥတ္တရာ မင်းဘာဖြစ်သွားသေးလဲ . . ."

"ကျွန်မ ဘာမှမဖြစ်ပါလား ကိုနန္ဒ။ မြင်တဲ့အတိုင်းပါပဲ"

"မဟုတ်ဘူး သခင်မ၊ ဒီမိန်းမ သခင်မခေါင်းပေါ်ကို ထောပတ် ဆီပူနဲ့ လောင်းချတာ။ ယုတ်မာလွန်းလို့ ကျွန်မတို့ ဝိုင်းရိုက်ပုတ်ထားတယ်။ ဒီလောက် စိတ်ကောင်းရှိတဲ့ တို့သခင်မကို လုပ်ရက်လိုက်တာ။ သတ်တောင် ပစ်ချင်တယ်"

ကိုနန္ဒအမေး၊ ကျွန်မ၏အဖြေ၊ အစေခံ၏စကား ကျက်ကျက်ညံသွားပါ၏။ သူတို့စကားကြောင့် သိရိမာထံ အလျင်အမြန် ချဉ်းကပ်သွားပါသည်။

"အို . . . မင်းတို့ ရက်စက်လိုက်ကြတာကွယ်။ သူ့ခမျာ တော်တော် နာသွားရှာမှာပေါ့။ သူ့ကို စိတ်မဆိုးကြပါနဲ့။ သူဟာ သခင်မရဲ့ ကျေးဇူးရှင်ပါ။ သူ့ကျေးဇူးကြောင့် သခင်မတို့ ဗုဒ္ဓကို ဖူးရတွေ့ရ တရားနာကြရ လှူဒါန်း

www.burmeseclassic.com

www.burmeseclassic.com



ကြရတယ် မဟုတ်လား။ သူတစ်ပါးရဲ့ ကျေးဇူးဆိုရင် မုန်ညင်းစေ့လောက်လေး ရှိပေမယ့် မြင်းမိုရ်တောင်လို သဘောထားရတယ်ကွယ့်။ သွား . . . သွား . . ဆေးသွားယူကြ။ သီရိမာကို ဆေးထည့်ပေးရအောင်"

သီရိမာကား မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ကာ တရှုံ့ရှုံ့ငိုနေသည်။

"မငိုပါနဲ့ သီရိမာ။ အမှားဆိုတာ လူတိုင်းကျူးလွန်မိတတ်စမြဲပါ။ နောက်ထပ်မမှားအောင်သာ ရှေ့လျှောက်ကြိုးစားပြီးနေတတ်ဖို့၊ နေနိုင်ဖို့ အရေးကြီးပါတယ်။ အမှားတွေ ကျူးလွန်ပြီး အကုသိုလ်ကံဖြစ်အောင် ကြံဆောင်နေတာက လောဘတဏှာလေ"

သူမ၏ နဖူးပေါ်ဝဲကျနေသော ဆံယဉ်ဆံနုကလေးများကို တယုတယ ပွတ်သပ်သိမ်းတင်ပေးလျက် ချော့မော့နှစ်သိမ့်ရပါသည်။ သူမ၏ ရှိုက်သံမှာ ပို၍ကျယ်လောင်လာပါ၏။ မိန်းမသားနှစ်ဦးကြား ကိုနန္ဒ အနေခက်စွာ ထွက်ခွာသွားပြီမို့ တော်ပါသေး၏။

"သီရိရဲ့ ယုတ်မာတဲ့စိတ်ထားနဲ့ ဆိုးသွမ်းတဲ့ အမူအကျင့်တွေကို ခွင့်လွှတ်နိုင်သေးရဲ့လား ဒေါ်ဥတ္တရာရယ်"

ရှိုက်သံ ဗလုံးဗထွေးဖြင့် မေးလာသော သူမအား မေတ္တာပြည့်ဝစွာ ပြုံးပြလိုက်ပါသည်။

"ခွင့်လွှတ်ပြီး မေတ္တာထားလို့သာ ကိုယ်ဘာမှမဖြစ်တာပေါ့။ ခွင့်မလွှတ်နိုင်လို့ ဒေါသစိတ်တွေ ဝင်နေရင် ဋောပတ်ဆီပူတွေ ကိုယ့်တစ်ကိုယ်လုံး လောင်ကျွမ်းကုန်ပြီပေါ့ သီရိမာ"

အစေခံများ ယူလာပေးသည့် ဆေးဝါးတို့ဖြင့် သူမ၏ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်တွေကို လိမ်းကျံပြုစုပေးပါသည်။ ကျွန်မ၏ ကြင်နာယုယမှုကို ခံယူရင်း သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်တွေ ဖိတ်ယိုစီးကျလာသည်ကို တွေ့ရ၏။ လောကကြီးဝယ် လူသားအချင်းချင်း မေတ္တာ ကရုဏာ မုဒိတာတွေ ပွားနိုင်ကြမည်ဆိုလျှင် အဘယ်မျှ ချမ်းမြေ့ငြိမ်းချမ်းလိုက်မည်နည်း။

"ဒေါ်ဥတ္တရာက ခွင့်လွှတ်နိုင်ပေမယ့် သီရိပြုမိတဲ့ မကောင်းမှုကံတွေက ချမ်းသာခွင့်ပေးပါ့မလား။ သီရိ ဘယ်လိုလုပ်ရမလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းခဲ့သောမျက်နှာသည် ယခုတော့ သနားစဖွယ် ဖြစ်နေပြန်၏။ လူသားတို့၏ အပြောင်းအလဲမြန်ဆန်သောစိတ်ထားကို များစွာ သံဝေဂ ဖြစ်ပါ၏။

"စိုးရိမ်သောကမဖြစ်ပါနဲ့ သီရိမာ။ ကိုယ်တို့မှာ အားကိုးဖို့ရာ ဗုဒ္ဓရှိတယ် လေ။ မင်းရဲ့စိတ် ငြိမ်းအေးချမ်းသာမှုအတွက် ဗုဒ္ဓက တရားအမြိုက်ဆေး တိုက်ကျွေးပါလိမ့်မယ်။ ဗုဒ္ဓကတော့ ပြိုင်ဘက်မရှိတဲ့ အထူးကုသမားတော်ကြီး ပါပဲ"

"သောကတွေ တကယ်ငြိမ်းသွားမှာလား"

"ဩော် . . . ကွယ် . . . သုံးလောကရဲ့ . . . ဆရာတစ်ဆူဖြစ်တော်မူ တဲ့ ဗုဒ္ဓပါ"

သူမသည် ကျွန်မ၏လက်နှစ်ဖက်ကို ဆုပ်ကိုင်လျက် အထပ်ထပ် နမ်းရှုပ်၏။ သူမ၏ရင်ထဲဝယ် ကျွန်မအပေါ် မည်မျှခင်မင်နှစ်လို ကြည်ညို လေးစားကြောင်း ထုတ်ဖော်ဂါရဝပြုခြင်းပင်ဖြစ်ပါ၏။ ကျွန်မအား မော့ကြည့် လာသော မျက်ရည်ပြည့်လျှမ်းနေသည့် သူမ၏မျက်လုံးများသည် မည်မျှ အားကိုးတကြီး ရှိနေကြောင်း ကောင်းစွာ ရိပ်မိလိုက်ပါသည်။

**အမှားကိုသိရှိ နောင်တရပြီး သူအား မေတ္တာများစွာနှင့် ခွင့်လွှတ်ခြင်းဖြင့် လမ်းမှန်သို့ ပို့ပေးရပေလိမ့်မည်။ ရန်ငြိုးအာဃာတ စသော မကောင်းမှု ကံများကို အဘယ့်ကြောင့် ကိုယ်နှင့်မကွာ သိမ်းဆည်းထားပါတော့အံ့နည်း။**

ချစ်ခြင်း၊ မုန်းခြင်း၊ သည်းခံခြင်း၊ ဒေါသထွက်ခြင်း၊ ခွင့်လွှတ်ခြင်း၊ အနိုင်လိုခြင်း စသည့်အလုံးစုံသော ဝေဒနာ သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် ပျက်စီးခြင်းသဘောသို့သာ သက်ရောက်ကြကုန်၏။

ဖြစ်ပြီးလျှင် ပျက်စီးခြင်းသဘောသို့သာ သက်ရောက်ကြကုန်၏။

× × ×

"ချစ်သမီး ဥတ္တရာ၊ သီရိမာက ထောပတ်ဆီပူနဲ့ လောင်းတဲ့အခါမှာ ချစ်သမီး ဘယ်လိုစိတ်မျိုးထားခဲ့သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးမြတ်လှပါတဲ့ မြတ်စွာဘုရား . . . သီရိမာ ကူညီနေလို့သာ ဗုဒ္ဓနဲ့ သာဝကတွေကို ဖူးမြင်လှူဒါန်းမျှတန်းဝင့် တရားနာရပါတယ်၊ သီရိမာရဲ့ ကျေးဇူးဟာ အင်မတန်မှကို ကြီးလှပါရဲ့လို့ နှလုံးသွင်းပြီး မေတ္တာ ဈာန်ဝင်စားနေခဲ့ပါတယ်ဘုရား"

ကျွန်မ၏ လျှောက်ထားချက်ကို ဗုဒ္ဓမြတ်စွာဘုရားက သာဓု အကြိမ်ကြိမ်ခေါ်တော်မူပါသည်။ ကျွန်မအားလည်း **အမျိုးသမီးတို့တွင် ဈာန်ဝင်စားသောအရာ၌ အသာဆုံးအမြတ်ဆုံးဧတဒဂ်ဘွဲ့ကို ချီးမြှင့်ပေးသနားတော်မူပါသည်။**

သီရိမာကား ဗုဒ္ဓ၏ မေတ္တာတရားကြီးမားသော ကရုဏာတော်ဖြင့် အရိယမဂ် ပဌမဆင့်သို့ ခိုဝင်ဆိုက်ရောက်ခွင့် ရခဲ့ပါသည်။

**ဝန်တိုစဉ်းလဲစေးနဲသူကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြင့် အောင်နိုင်ရာ၏။**

**အမျက်မာန်ကြီးသူကို အမျက်မထားခြင်းဖြင့် အောင်နိုင်ရာ၏။**

**ယုတ်သောသူကို သူတော်အကျင့်ဖြင့် အောင်နိုင်ရာ၏။**

ဗုဒ္ဓဆုံးမညွှန်ကြားတော်မူသည့် ထိုတရားတော်သည် ကျွန်မ၏ဘဝတစ်သက် မပျောက်မပျက် နှလုံးသားမှာ တည်နေရစ်ခဲ့ပါသည်။

ဤကမ္ဘာလောကဝယ် မေတ္တာလက်နက်သည်သာ အစွမ်းအထက်ဆုံးဖြစ်ပါ၏။ သူတစ်ပါးအပေါ် ပြုအပ်သည့် ကောင်းသောကာယကံ၊ ဝစီကံ၊ မနောကံ မှန်သမျှ မေတ္တာအခြေခံ မရပါဘဲ အဘယ်မှာလျှင် ပြီးမြောက်နိုင်ပါအံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com

# သံသရာအခုံးဝိုင်



www.burmeseclassic.com

www.burmeseclassic.com

## သံသရာအဆုံးတိုင်

မေတ္တာသည် လောကကို စုစည်းပေးသော သိပ်သည်းခြင်း သဘောရှိ၏။ မေတ္တာသာ မရှိခဲ့လျှင် လောကသည် စုစည်းသိပ်သည်းခြင်းမရှိဘဲ ဖရိုဖရဲ ပြိုကွဲသွားနိုင်၏။ သို့ကြောင့် မေတ္တာသည် လောကကို စုစည်းပေးရာတွင် ကြီးမားလှသော အင်အားတစ်ရပ် ဖြစ်လေသည်။

မေတ္တာကို ချစ်ခြင်းဟူ၍ အနက်ဖွင့်ကာ ချစ်ခြင်းမေတ္တာဟု ပြောဆိုသုံးစွဲကြသည်။ အမှန်စင်စစ် မေတ္တာသည် ချစ်သူချစ်၊ မိသားစုချစ်၊ လောကချစ် ဟူ၍ သုံးမျိုးသုံးစား ကွဲပြားပါသေး၏။

BURMESE CLASSIC .com

ချစ်သူချစ်ကို တဏှာပေမ ဟုဆိုသည်။ ငါစွဲ အများဆုံးပါသော အစွန်းအထွက်ဆုံး မေတ္တာဖြစ်၏။ ချစ်သူအတွက် သက်သက်သာဖြစ်စေလို၍ လောဘ အစွန်းရောက်၏။ ချစ်သူမှတစ်ပါး အခြားသူများအပေါ် မလိုလားဟန့်တားသောသဘောရှိ၍ ဒေါသ အစွန်းရောက်၏။ ချစ်သူနှင့် ပတ်သက်သမျှကိုသာ ဘောင်ခတ်၍ ကန့်သတ်ထား၏။

မိသားစုချစ်ကိုမူ ဂေဟဿိတပေမ ဟုခေါ်၏။ ငါစွဲသည် အလယ်အလတ်၌ နေ၏။ အလယ်ဗဟိုမှာ နေရာယူထားသောကြောင့် အခါအားလျော်စွာ စိတ်သန်ရာဘက်သို့ ရွေ့လျားနိုင်၏။ ငါစွဲများသည့် အစွန်းသို့လည်း ရောက်နိုင်၏။ ငါစွဲပါးသည့် အစွန်းသို့လည်း ရောက်နိုင်၏။ သို့ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



မိသားစုချစ်သည် ပတ်ဝန်းကျင်အတွက် ကောင်းသည့်မေတ္တာပြယုဂ်လည်း ဖြစ်နိုင်၏။ မကောင်းသည့် မေတ္တာပြယုဂ်လည်း ဖြစ်နိုင်၏။ မိသားစုအတွက် မျှသာ သဘောထားလျှင် လောဘစွန်းရောက်ပြီး ပတ်ဝန်းကျင်ကို ငဲ့ညှာ ထောက်ထားမှု မရှိလျှင် ဒေါသစွန်းသို့ ရောက်၏။ မိသားစုချစ်သည်လည်း မိသားစု နယ်နိမိတ်အတွင်း၌သာ အကန့်အသတ်နှင့် ဘောင်ခတ်ထား၏။

မေတ္တာအစစ်သည်ကား လောကအပေါ်တစ်ဖြောင့်တည်း၊ တစ်တန်းတည်း၊ တစ်သားတည်း အညီအမျှထားနိုင်သော ချစ်ခြင်းဖြစ်၏။ ထို့ကြောင့် မေတ္တာကို လောကချစ်ဟု ဆိုရ၏။ ငါစွဲအပါးဆုံးသော ချစ်ခြင်းမေတ္တာဖြစ်၏။ မိမိကိုယ်တိုင်မှ တစ်ပါး မိမိ၏ ချစ်သူသာမက၊ မိမိ၏ မိသားစုသာမက၊ တစ်လောကလုံး မည်သူ့အတွက်မဆို အနစ်နာခံလျက် အကျိုးဆောင်ရွက်ပေးနိုင်၏။ ပုဂ္ဂိုလ်သော်လည်းကောင်း၊ အတိုင်းအတာနှင့် ပမာဏသော်လည်းကောင်း ကန့်သတ်ဘောင်ခတ်ခြင်း မရှိပေ။ မေတ္တာဖြင့် ချစ်ရာတွင် အယုတ်အလတ် အမြတ် ရွေးချယ်ခြင်း မရှိ။ ချမ်းသာဆင်းရဲ မခွဲခြား။ နှစ်သက်သူ မနှစ်သက်သူဟုလည်း အမှတ်အသား မပြု။ လောကတွင် အချစ်မခံရသူဟု မကျန်ရစ်တော့ဘဲ အားလုံးအပေါ် အညီအမျှ ချစ်ခြင်းမျိုးဖြစ်၏။ ပါရမီရှင်များသာ စွမ်းနိုင်သည့် ပါရမီချစ်ဖြစ်၏။ ချစ်ခြင်းသုံးမျိုးတွင် အမွန်ဆုံး အမြတ်ဆုံး အားအကောင်းဆုံး ဖြစ်ပါ၏။

× × ×

နကုလတို့အဖေကို ဘယ်လိုမေတ္တာမျိုးဖြင့် ချစ်မြတ်နိုးခဲ့ပါသနည်း။

ဤမေးခွန်းသည် သူမ၏ အတွေးထဲသို့ မကြာခဏ ဝင်ရောက်မွှေနှောက်လာတတ်၏။ အတွေးဝင်လာတိုင်း အရွယ်အိုသော်လည်း စိတ်က မအို။ နပျိုလန်းဆန်းစွာ ရှက်သွေးတွေ ဖြန်းကနဲ ယှက်သန်းသွားရစမြဲ။

ပန်ဖူးသည့် ဆုထူး

ပြုဖူးသည့် ရေစက်

ပနွက်ဖူးသည့် သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ရှေးရှေးက အတိတ်ကံတွေကြောင့်ဟုပင် ထင်မိပါသည်။ အသက်အရွယ် ခုနစ်ဆယ်ကျော်သည့်တိုင်လည်း သူမ၏ မေတ္တာသည် မြူတစ်မှုန်စာမျှ မလျော့ယွင်းခဲ့ပါ။ ဆတက်ထမ်းပိုး တိုးလို့သာ သံယောဇဉ် အတွယ်အတာတွေ အထပ်ထပ်ရစ်ပတ်ကာ စွဲမြဲခိုင်မာနေခဲ့လေသည်။

သို့စေကာမူ ငယ်စဉ်အခါကလို ဖောင်ဖွာထိအတွေ့မှာ နှလုံးကြည်မွေ့စွာ မူးမေ့ခံစားတတ်သည့် တဏှာပေမ အပြင်းစားနှင့် ယွင်းမှားစွာ ချစ်ခြင်းမျိုးတော့ မဟုတ်ပါ။ အေးမြကြည်လင် စိမ့်စမ်းရေစင်ပမာ တသွင်သွင် တသိမ့်သိမ့် ငြိမ့်ငြိမ့်ညောင်းညောင်း ညွတ်ပျောင်း သိမ်မွေ့စွာ စီးဆင်းလာသော ဂေဟာဿိတ မေတ္တာသာ ဖြစ်လိမ့်မည်ထင်ပါသည်။

မိမိ၏ အိမ်ဦးအရှင် ခင်ပွန်းလင် ဟူသော အမှတ်သညာသည်ပင် ငါ မကောင်းသည့် ပေမနယ်တွင်းသို့ သင်ဆင်းနေပြီမို့ လောကချစ်အဖြစ် မရည်ညွှန်းနိုင်ပါ။ ရည်ညွှန်း၍လည်း မရလေပါ။

BURMESE CLASSIC .com

အရှင်သခင်လိုတစ်သွယ်၊ မောင်ငယ်လို တစ်မျိုး၊ အစ်ကိုကြီးလို တစ်ဖုံ နည်းမျိုးစုံအောင် ယုံကြည်ကိုးစားအားထားရသည်မို့ ဂေဟာဿိတ မေတ္တာလို့သာ တင်စားရပါလိမ့်မည်။

မေတ္တာဆိုတာ အလျားအနံ မရှိသော်ငြား အသွားအပြန်တော့ ရှိသည်ဟူသော စကားလိုပင် သူမဘက်က လေးလေးစားစား မေတ္တာထားသည်နှင့်အမျှ သူကလည်း ညှာတာထောက်ထား ကြင်နာသနားခဲ့သည်သာ ဖြစ်ပါ၏။ ထာဝစဉ် နူးညံ့သိမ်မွေ့ ချိုသာပျော့ပျောင်းသော သဘောထားရှိခဲ့ပါ၏။ နမတစ်ယောက်ကို ကြောင့်ကြပိုစွာ မငြိုမငြင် စောင့်ရှောက်တတ်သော အစ်ကိုကြီးပမာလည်း ဖြစ်ခဲ့ပါ၏။ သူမအပေါ် ချစ်ခင်ကြင်နာသော နကုလတို့အဖေသည် မျက်စိအောက်က အပျောက်မခံဆိုသော စကားအတိုင်း အမှန်ပင် ဖြစ်နေခဲ့ပါ၏။

အိမ်ထောင်သက် အနှစ်ငါးဆယ်ကျော်သည့်တိုင် တစ်ဦးအပေါ်တစ်ဦး မမောက်မှား မဖောက်ပြားဘဲ တစ်ချစ်တစ်မေတ္တာ တစ်သစ္စာဖြင့် တည်တံ့ခိုင်ခံ့စွာ ရှိခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အမေကြီး"

"အမေကြီး"

ဟူသော ဂီတသံစဉ်တို့ဖြင့် လွန်းကြင်ငှက်များပမာ အမြဲမကွာ မခွဲမခွာ တွဲလျက်သာ အေးအတူ ပူအမျှ ဖေးကူထူမ ခဲ့ကြလေသည်။

"အမေကြီးရေ . . . ဆောသကဌာ တောအုပ်မှာ ဗုဒ္ဓကြွရောက် သီတင်းသုံးနေသတဲ့။ မနက်ဖြန် မနက်စောစော နေမပူခင် အရောက်သွားကြရအောင်၊ အလှမ်းတော့ဝေးသား၊ အမေကြီး လိုက်နိုင်ပါ့မလား"

အပြင်က ပြန်လာသည့် နကုလတို့အဖေထံမှာ ဗုဒ္ဓဟူသည့် သတင်းစကား ကြားရသည့်ခဏ ကြက်သီးမွေးညင်းထကာ ရှိမ်းရှိန်းမြမြ ခံစားလိုက်ရပါသည်။

"ဘယ်လောက်ဝေးဝေး လိုက်မှာပဲ။ ဗုဒ္ဓကိုလဲ ဖူးတွေ့ချင်တယ်၊ ပြီးတော့ . . . "စကားကို ရှေ့မဆက်ဘဲ သူမ ပြုံးတုံ့တုံ့ လုပ်နေ၏။

"ပြီးတော့ ဘာဖြစ်သလဲ အမေကြီးရဲ့"

နကုလတို့အဖေထံ ဖျတ်ခနဲ အကြည့်တစ်ချက်ရောက်ပြီး ပိုမိုပြုံးမိပြန်ပါသည်။

မေးမည့်သာ မေးနေတာ။ သူမစိတ်ထဲမှ သဘောဆန္ဒကို နကုလတို့အဖေသိပြီး ဖြစ်မှာပါ။ သို့တိုင်အောင် သူမကိုယ်တိုင် ပြောလာမည့်စကားကို သူ ကြားချင်လိမ့်ဦးမည်ပဲ။

"ပြောလေ"

ဟု ထပ်ဆင့်ဆိုပြန်သည်။

"တိရစ္ဆာန်တွေတောင်မှပဲ ဆင်ပြောင်ကြီးသွားရာ ဆင်မပါရသေးတယ်မို့လား။ ခုလဲ သျှောင်နောက်ဆံထုံးပါ နောက်တော်ပါးက တစ်ဖဝါးမခွာ လိုက်ပါမယ့် နကုလမာတာ ပါတဲ့"

သူမ၏စကားကို ပြုံးရယ်ကာ ကျေနပ်စွာ ရှိလေသည်။ နကုလတို့အဖေသည် တကယ်လည်းလေးစားကြည်ညိုဖွယ်ကောင်းသည့် လူရိုးလူအေး လူ့မနောကောင်းကြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေကြီး ဘယ်နည်းနဲ့မှ ကျန်ခဲ့မယ် မဟုတ်ဘူးဆိုတာ သိပါရဲ့။ ဒါပေမယ့် ဝေးလွန်းတော့ ပင်ပန်းမှာစိုးတယ်လေ"

ဤစကားမျှသည်ပင် မိန်းမသားတို့သဘာဝ ကြည်နူးကျေနပ်ရစခြဲ။ တကယ်လည်း အပြောမဟုတ်ဘဲ သူမကို အရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက်ခဲ့သူပါ။

"ကံကောင်းထောက်မလို့ ဗုဒ္ဓခေတ်မှာ လူဖြစ်လာရတာ။ ကိုယ့်ဒေသကိုယ့်နေရာ ရောက်လာတာတောင်မှ သွားမဖူးရင် ဒီလောက်မိုက်တဲ့သူ လောကမှာ ရှိနိုင်ပါအုံးတော့မလား။ ချွေးတွေရွှဲရွှဲ မောလို့ပဲ လဲလဲ သွားဖြစ်အောင် သွားရမှာပဲ။ ဗုဒ္ဓကို ဖူးရပြီးရင် သေပျော်ပါပြီ"

"အံ့မယ် . . . အမေကြီးက ကျုပ်ကို တစ်ယောက်တည်း ထားခဲ့မယ်ပေါ့။ ဘာရမလဲ။ သေစရာရှိရင်လဲ အတူတူပဲ သေရမယ်"

"သေခြင်းတရားကို လိုချင်တဲ့အတိုင်း ပြုပြင်ဖန်တီးလို့ ရမတဲ့လား။ သေဖို့ အချိန်ကျသူသာ သေမှာပေါ့။ အတူတူ သေချင်တိုင်း သေလို့ရမှာမို့လား"

"အတူတူ သေရပါစေလို့ ဗုဒ္ဓဆီရောက်ရင် ဆုတောင်းမယ်ဗျာ"

သည်းလွန်းတယ်ဟူသော သဘောဖြင့် နကုလတို့အဖေကို မျက်စောင်းချိတ်လိုက်စေကာမူ ပီတိမျက်လုံးနှင့် နှုတ်ခမ်းက ပြုံးနေ၏။ လင်သား၏ ကြင်နာယုယ ဂရုစိုက်မှုကို အဘယ်မိန်းမသားသည် မကြည်နူး မပြုံးပျော်ဘဲ ရှိနိုင်ပါအံ့နည်း။

× × ×

"အမေကြီးတော့ တဖြည်းဖြည်းနဲ့ နောက်ကျန်နေခဲ့ပြီ။ မောနေရင် ရှေ့နားက သစ်ပင်ရိပ်အောက် ခဏနားကြတာပေါ့။ ခရီးတစ်ဝက်တော့ ကျော်လာပါပြီ။ ရောက်ဖို့ သိပ်မလိုတော့ပါဘူး"

နကုလတို့အဖေက သူမအား စောင့်ခေါ်ရင်း အားပေးစကား ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားဖြစ်သည်ကလည်း တစ်ဖက်၊ အသက်ကလည်း ကြီး၊ ခရီးကလည်း ဝေးသမို့ အမောဆို့နေတာတော့ အမှန်ပင်ဖြစ်သည်။ လှုပ်လီလှုပ်လဲ့ဖြင့် အားခဲကာ လျှောက်လာသော်လည်း လူကတော့ ခြေလက်တွေပင် မသယ်ချင်ပြီ။ ဤမျှ ဝေးလံသည့်ခရီးကို ခြေကျင်တစ်ခါမျှ မသွားစဖူး။ ပြည့်ပြည့်စုံစုံ အေးအေးချမ်းချမ်း မပူမပင် မတောင့်မတ မကြောင့်မကြ နေခဲ့ရသည့်ဘဝ။

ဗုဒ္ဓကို ဖူးတွေ့ဖို့ဆိုသည့် မျှော်လင့်ချက်ကလေးသာ မရှိလျှင် မြေကြီးမှာပင် ဘိုင်းခနဲ လဲကျသွားလိမ့်မည် ထင်ပါသည်။ မောလွန်းသဖြင့် ပိန်လှီပြားကပ်နေသော ရင်သည် ဖုတ်လှိုက် ဖုတ်လှိုက်နှင့် မြင့်ချီ နိမ့်ချီ ဖြစ်နေ၏။

"တော်တော် မောနေပြီလား"

အသက်ရှူ မမှန်နိုင်တော့လောက်အောင် မောနေစဉ်တွင် နကုလတို့အဖေထံမှ ကရုဏာစမ်းရေတွေ စီးသွန်ကာ ရင်ထဲသို့ အေးမြစွာ စိမ့်ဝင်လာ၏။

"ပြောပါနဲ့ အေရယ် . . . မောတာနဲ့ သေမယ် . . . "

သူမက အရယ်အမော မပျက်ဘဲ ကာရန်နဘေသံ အချိတ်အဆက်ဖြင့် အရွှမ်းဖောက်လိုက်သည်။ နကုလတို့အဖေကို စိုးရိမ်စိတ် မပိုစေချင်ပါ။

"ဟို တောင်တန်းကျရင် . . . မောင်ထမ်းလို့ ခေါ်ပါ့မယ် . . . ဟယ် ဟယ် . . . "

သူမကို အမောပြေ ပြောင်ပျက်၍ သီချင်းလုပ်ဆိုလိုက်မှန်း သိသား။ သူမ အူလှိုက်သည်းလှိုက် ရယ်သည်။ အရယ်လွန်ကာ လမ်းပင် ဆက်မလျှောက်နိုင်။

"ဘာရယ်တာလဲ အမေကြီးရဲ့"

"ဟိုတောင်တန်းကျရင် ထမ်းခေါ်မယ့် မောင်ကို သဘောကျလို့ ရယ်တာပါ။ တောင်ဝှေးကိုင်ပြီး သူ့တစ်ကိုယ်စာတောင် အနိုင်နိုင်သယ်နေရတဲ့ လူကများ . . . "

သူမ ပြောရင်း ရယ်ပြန်၏။

"အမေကြီး အမောပြေအောင် အားဖြည့်ပေးတာ ပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကာမောကာ ပြောလာသော နကုလတို့အဖေဆီ အကြည့်ရောက်တော့ သွားတွေက ကျိုးတိုးကျဲတဲ။ ပါးရေတွေလည်း တွန့်လိမ်ပိန်ချိုင့်နေပြီ။ နားကထိုင်းထိုင်း ခါးကကိုင်းကိုင်းဖြင့် စိတ်ဆောင်၍သာ ကိုယ်ပါနေ၏။ စိတ်သာ မဆောင်ပါက အိပ်ရာထဲ ခွေလဲနေမည့်အရွယ် ဖြစ်လေသည်။

နကုလတို့အဖေသည် ရုပ်မည်မျှ ပြောင်းလဲစေကာမူ စိတ်သည် မပြောင်းလဲခဲ့။ အရွယ်အိုသော်လည်း စိတ်ကနုပျိုနေဆဲ။ ချစ်ခြင်းမေတ္တာတွေ ရှင်သန်အားကောင်းနေဆဲ။ သိပ်သည်း စုစည်းနေဆဲ။

အိုမင်းယိုယွင်းသည့်တိုင်လည်း မေတ္တာဝေစည်ကာ သစ္စာမသွေဖည်ပါသော နကုလတို့အဖေအား များစွာကျေးဇူးတင်ရပါ၏။ မိန်းမသားအဖို့မှာ သူယူမှ ကိုယ်ယိမ်း၍ သူသိမ်းမှ ကိုယ်ပါရသည်ပဲ။ မကြင်နာ စိမ်းကားလျက် တမင်ခွာ တိမ်းသွားခဲ့လျှင်လည်း အယူခံဝင်ခွင့်ရှိသည်မဟုတ်။ ယခုလို အားနွဲ့သူကို သေတစ်ပန် သက်တစ်ဆုံး အမုန်းမဖက် အပြုံးသက်သက်ဖြင့် သစ္စာတရားပိုနိုင်ကာ မေတ္တာစကား ဆိုနိုင်ပါသည်ကို အမောတွေ ပြေပျောက်စွာ ချမ်းမြေ့ချမ်းသာရှိရပါသည်။

နံနက်ခင်း၏ နွေးထွေးသော ပွင့်သစ်စ နေရောင်ခြည်သည် သိပ်သည်းအားကောင်းသော နကုလတို့အဖေ၏ မေတ္တာပမာပါတည့်။

စိမ်းစိုလန်းဆန်းသော သစ်ပင်တောတန်းများသည် အေးမြငြိမ်းချမ်းသော နကုလတို့အဖေ၏ ကရုဏာအသွင်ပါတည့်။

ပြေပြေညင်းညင်းကလေး ထိတွေ့လာသော လေအေးများသည် နှစ်သိမ့်ချမ်းမြေ့စေသည့် နကုလတို့အဖေ၏ ကြင်နာယုယမှုပါတည့်။

ဘာသာဘာဝ ပျော်မြူးကြသော ကျေးငှက်သာရကာတို့၏ တေးထံတျာသည် သာယာချိုမြသော နကုလတို့အဖေ၏ နှုတ်ဖျားမှ ထွက်ပေါ်လာသည့် စကားသံပါတည့်။

သည်တောတောင်ရိပ်သည်ပင် နကုလတို့အဖေ အသွင်ဖြစ်နေ၏။

သူမ၏ ရင်ထဲ၌လည်း နကုလတို့အဖေသာလျှင် အစဉ်ရှိနေပါ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဘဝပေါင်း ငါးရာလုံးလုံး အဖေအမေတော်ခဲ့ဖူးသည်။ ဘဝငါးရာလုံးလုံး ဦးလေး၊ ဒေါ်လေး တော်ခဲ့ဖူးသည်။ ဘဝငါးရာလုံးလုံး ဘကြီး၊ မေကြီး တော်ခဲ့ဖူးသည်။ ဘဝငါးရာလုံးလုံး ဦးကြီး၊ အရီး တော်ခဲ့ဖူးသည်။

သည့်နှယ် အားကြီးလှသည့် ဥပနိဿယပစ္စည်းဖြင့် ရှေးဘဝမခြားသော သွေးကစကားပြော၍ မြင်မြင်ချင်း ရင်းနှီးချစ်ခင်စွာ ခြေအစုံကို ယုယ တွယ်ဖက် ပွေ့လျက်နမ်းရှုပ်ကာ တရှိုက်မက်မက် ရှိုကြရှာသည်။

"သား . . . သား . . . အဖေတို့ အမေတို့ရဲ့ သားကြီး"

ဘယ်ဆီကိုများ ထွက်သွားတာလဲ သားရယ်။ အဖေတို့ အမေတို့ သက်ကြီးရွယ်အိုကျမှ ကံသီလို့ ပြန်တွေ့ရတာ . . . "

"တောင်းပန်ပါတယ် သားရယ်။ ရွယ်အိုသက်ကြီး သေဖို့နီးနေတဲ့ အဖေတို့ အမေတို့ကို ရက်စက်စိမ်းကား ပစ်ခွာမသွားပါနဲ့။ သုသုမာရဂိရမှာပဲ နေလိုက်ပါတော့"

ဝမ်းသာဝမ်းနည်း ကြည်နူးကြေကွဲစွာ ပါးပြင်ပေါ်မှာ မျက်ရည်ယိုစီးစိုရွှဲကြလေပြီ။ နှစ်ကာလများစွာ ခွဲခွာကွဲကွာခဲ့ရသည့် သားကြီးကို ပြန်လည်ဆုံတွေ့ရသော မိရင်းဖရင်းကဲ့သို့ ဖြေမဆည်နိုင်ဘဲ အသည်းနှလုံးတွေ နာကျင်ညွတ်ပျောင်း၍ နေလေသည်။

ဗုဒ္ဓ၏ ခြေတော်ကို ထိကိုင်သုံးသပ်၍ ရှိခိုးခြင်းသည် အနက်ရှိုင်းဆုံး အမွန်မြတ်ဆုံး ကြည်ညိုရိုသေမှုဖြစ်ပြီး လူသာမန်တို့ ရနိုင်ခဲလှသည့် အခွင့်အရေး ဖြစ်၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဖခင်၏ ကြီးစွာသော ချစ်ခြင်းဖြင့် ခုနစ်နှစ်တာ ကွဲကွာခဲ့သော သားတော်ဗုဒ္ဓအား ခန္ဓာကိုယ်အထိ သုံးသပ်ကြိုဆိုခဲ့ဖူး၏။

ဘဝပေါင်းအသင်္ချေ အနန္တ ရေတွက်၍ မရအောင် သုမိတ္တာဘဝမှ ဘဒ္ဒကဍနာအထိ ပါရမီဖြည့်ခဲ့ရှာသော ယသော်ရောအား သောကအပူ လှိုက်ခဲ့ရှူကျွမ်းမြိုက်ခြင်းမှ လွတ်ကင်းငြိမ်းအေးပါစေခြင်းငှာ ခြေဖမိုးတော် ခြေဖမျက်တော် ခြေသလုံးတော်တို့ကို ကိုင်တွယ်သုံးသပ်ခွင့်ပြုတော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ပါး အလုပ်အကျွေးဖြစ်သော အရှင်အာနန္ဒာနှင့် ဆေးဆရာဇီဝကမှ လွဲလျှင်ကား အခြားမည်သူတစ်စုံတစ်ယောက်မျှ ဗုဒ္ဓ၏ အသားတော်၊ ခြေတော်၊ လက်တော်၊ ကိုယ်တော်တို့ကို တွေ့ထိကိုင်တွယ်ခွင့် မရနိုင်ပေ။

ယခုမူ တရှိုက်မက်မက် ပွေ့ဖက်နမ်းရှုပ် ငိုယိုနေကြသော ဘဝဟောင်းမှ အမိအဖတို့အား စိတ်ကျေနပ်အားရသည်အထိ ဗုဒ္ဓ သည်းခံတော်မူပါ၏။

သူမတို့ ဇနီးမောင်နှံသည် ဘဝအဆက်ဆက် နှောင်ဖွဲ့ခဲ့သော ငါမကင်းသည့် မိသားစုနယ်အတွင်းမှ ပေမချစ်ခြင်းကြောင့် ရင်အပူဒဏ်ဖြင့် ဗလောင်ဆူနေ၏။ ထိုအပူမီးကို ငြိမ်းစေရန်အလို့ငှာ ရဲရဲတင်းတင်း ရင်းရင်းနှီးနှီး ဖက်ယမ်းနမ်းရှုပ် တွေ့ထိမှုကို သနားကရုဏာဖြင့် ခွင့်ပြုတော်မူလေသည်။

ဗုဒ္ဓမူကား သူမတို့ကဲ့သို့ ဂေဟာသိတ ပေမ မဟုတ်။ လောကသားအားလုံးအပေါ် တစ်သားတည်းထားသော တူမျှဖြူလွှသည့် မေတ္တာတရားအစစ် လောကချစ် ဖြစ်လေသည်။

စင်စစ်တော့ ဗုဒ္ဓသည် သူမတို့ဇနီးမောင်နှံအား ကယ်ချွတ်ရန်အတွက် ပင် ဤဘဂ္ဂတိုင်း၊ သုသုမာရဂိရမြို့အနီး ဘေသကဠာ တောအုပ်သို့ ကြွရောက်လာခြင်းဖြစ်သည်။

စိတ်အလို ပြည့်ဝကျေနပ်မှုကို ရစေပြီးမှ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသောအခါ ဒေသနာနိဂုံး တရားအဆုံးတွင် နှစ်ဦးစလုံး သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

× × ×

ဘဝမခြား အခါများစွာတော်စပ်ခဲ့သော သားတော်ဗုဒ္ဓအား သူမတို့၏ သားအရင်း နကုလထက်ပင် ချစ်ခင်မြတ်နိုး အားကိုးရသေးသည်ဟုဆိုလျှင် လွန်နိုင်အံ့မထင်ချေ။

အိမ်ထောင်ခွဲ ပြောင်းသွားသော နကုလအား ဗုဒ္ဓဘုရားလောက် လွမ်းဆွတ်မိခြင်းမရှိ။ ယခုမှ တွေ့ရသောသားတော် ဗုဒ္ဓကိုသာ အတိုးချ၍ တတွယ်တာတာ တတမ်းတတ ရှိမိရပါ၏။ သံယောဇဉ် နှောင်ကြိုးတွေ အထပ်ထပ် ရစ်ပတ်တိုးပြီး ကျိုးနွံရှိသေစွာ ဗုဒ္ဓအနားမှ တစ်ဖဝါးမခွာ အရိပ်တကြည့်ကြည့် ဖြစ်နေကြရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



မလာလိုလျှင် ခရီးဝေး၊ လာလိုလျှင် အနီးကလေး ဆိုသကဲ့သို့ ဝေးလံသောခရီး ဖြစ်စေကာမူ သားတော်ဗုဒ္ဓထံ တစ်နေ့မျှ မသွားရ မနေနိုင်ပါ။ ဖနီးမောင်နှံ နှစ်ဦးစလုံး တောင်ဖေးကိုယ်စီကိုင်ကာ လှုပ်လီလှုပ်လဲ့ဖြင့် ဘေသကဠာ တောအုပ်သို့သာ ရောက်လာတတ်၏။

ဗုဒ္ဓအား အကြောင်းပြုလျက် အဒိုကြီးအိုမှ ကုသိုလ်လှလှ ရနေကြပေပြီ။

စားကောင်းသောက်ဖွယ်တွေ ယူလာလှူဒါန်း

ရသော ဒါနကုသိုလ်၊

ခါရုံလှဲကျင်း ရှင်းလင်းရေခပ် ပေါင်းသင်

မြက်နုတ် စသော ဝေယျာဝစ္စကုသိုလ်၊

ဗုဒ္ဓအထံတော်တွင် ဆောက်တည်ရသော

သီလကုသိုလ်၊

နေ့လယ်နေ့ခင်း သစ်တစ်ပင်ရင်း၌ ပွားများ

ရသော ဘာဝနာကုသိုလ်။

နိစ္စရူပကုသိုလ် အထုပ်တွေကို မောင်းထမ်း၍ မယ်ရွက်ကာ ညနေမိုးချုပ်မှ အိမ်ပြန်ရောက်ရသည်ချည်း။ သားတော်ဗုဒ္ဓသည်ပင် သူမတို့အတွက် အားဆေးတစ်ခွက် ဖြစ်နေရပေသည်။

အကယ်၍ သားတော်အပေါ် ထားမိသည့် ချစ်ခြင်းမေတ္တာနှင့် ကုသိုလ်စိတ်သာ မရှိခဲ့ပါလျှင် အဖိုးကြီး အဖွားကြီးများအတွက် ဤခရီး နီးနိုင်ပါမည်လား။

နာမည်ကျော် အနာထပိဏ်တို့၊ ဝိသာခါတို့နှင့် ဘာမျှမဆိုင်။ သူမတို့ဘဝမှာတော့ ဘုရားသွား ကျောင်းတက် အတူတူကုသိုလ်ယူရင်း ချစ်ခြင်းမေတ္တာတွေ သင်းပျံ့ဝေကာ ထာဝစဉ် လန်းဆန်းကြည်လင် နေကြလေသည်။

"သားတော်ဘုရား၊ တပည့်တော်တို့နှစ်ယောက်စလုံး ငယ်ရွယ်စဉ်ကတည်းက လက်ထပ်ခဲ့ကြပါတယ်။ တစ်ယောက်ကို တစ်ယောက်လဲ ချစ်ခင်မှုအပြည့်နဲ့ သစ္စာစောင့်သိခဲ့ကြပါတယ်။ အခြားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ ကာယကံမြောက် ဖောက်ပြားဖို့ နေနေသာသာ စိတ်ထဲမှာတောင် မပြစ်မှားမိကြပါဘူး။ ယခုဘဝမှာလဲ အသက်ထက်ဆုံး မကွဲမကွာ အတူနေရလိုပါတယ်။ နောင်ဘဝအဆက်ဆက် သံသရာတစ်လျှောက်မှာလည်း နှစ်ယောက်အတူလက်တွဲပြီး ပေါင်းဖက်မြဲပေါင်းဖက်ရလိုပါတယ် ဘုရား"

ဤစကားကို သားတော် ဗုဒ္ဓထံ နကုလတို့အဖေ တိုင်တမ်း ပြောဆိုသကဲ့သို့ သူမလည်း ထပ်ဆင့်ပြောဆိုမိပါသည်။ သူမတို့၏ ချစ်ခြင်းမေတ္တာကို ဗုဒ္ဓအား သက်သေအရာ တည်ထားခွင့်ရသောကြောင့် ပီတိကြီးစွာ ဖြစ်ရလေသည်။

ဗုဒ္ဓကလည်း ပြန်လည်နည်းပြ ဆုံးမတော်မူသည်။

"ဒကာကြီးနဲ့ ဒကာမကြီးတို့ . . . ဇနီးမောင်နှံရာသက်ပန် ချစ်ခင်ပြုံးရွှင်စွာ ပေါင်းသင်းလိုပါရင် . . . သံသရာဘဝအဆက်ဆက်မှာလဲ ထာဝစဉ်တူယှဉ်ကာ အမြဲလက်တွဲ ပေါင်းဖက်လိုပါရင် . . . တူညီတဲ့ သဒ္ဓါတရားရှိရမယ်။ တူညီတဲ့ သီလရှိရမယ်။ တူညီတဲ့ ပေးကမ်းစွန့်ကြဲမှု ရှိရမယ်။ တူညီတဲ့ ဉာဏ်ပညာရှိရမယ်။ သဒ္ဓါ သီလ စာဂ ပညာ ဒီလေးချက်ပိုင်ပိုင် တူမျှနိုင်ရင် ဒီဘဝသာမက သံသရာမှာလည်း ဘဝတိုင်း မကွေမကွာ ပေါင်းဖက်ရပါလိမ့်မယ်"

ဆက်လက်၍ ဟောကြားတော်မူသေးသည်မှာ . . .

**ဇနီးမောင်နှံတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ အလှူခံတို့၏ စကားကို နားလည်နိုင်ခြင်း၊ ကိုယ် နှုတ် စိတ် စောင့်စည်းခြင်း၊ အချိုချင်း ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း၊ တရားသဖြင့် မှန်ကန်ဖြောင့်မတ်စွာ စီးပွားရှာခြင်းများ ပြုလုပ်ရမည်။**

**ထိုသို့ ပြုခြင်းဖြင့် အကျိုးစီးပွားဆတက်များ၍ အေးကင်းရန်ကွာချမ်းသာစွာဖြင့် အလိုဆန္ဒပြည့်ဝ အောင်မြင်ပေလိမ့်မည်။**

**ဝတ္တုကာမကို တောင့်တမျှော်လင့်၍ တူမျှစွာ သီလစောင့်ကြသည့် ဇနီးမောင်နှံတို့သည် ယခုဘဝ၌ သူတော်ကောင်းတရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်သည်ရှိသော် နှစ်သက်ခြင်းပီတိ ကိုယ်ဝယ်**

www.burmeseclassic.com

www.burmeseclassic.com



ပြည့်လျက် အထက်နတ်ဘုံ နတ်စခန်းသို့ တက်လှမ်းနိုင်ကြမည်မှာ သေချာလှပါသည်။

လောကီဓမ္မတာ လူတို့ရွာမှာ ပတ်ဝန်းကျင်အသိုက်အဝန်းနှင့်၊ မိသားစုနှင့် နေထိုင်ကြရသည်ဖြစ်ရာ မလွဲမသွေဆောင်ရွက်ကြရမည့် တာဝန်တွေ ကိုယ်စီကိုယ်ငှ ရှိကြလေသည်။ ထိုတာဝန်များကို မပျက်မကွက်ထမ်းရွက်ရန် အတွက် နည်းလမ်းကောင်းများ လက်တွေ့ကျင့်သုံးကြရလိမ့်မည်။

ဤသည်ကိုရည်၍ လောကီလူမှု ကြီးပွားရေး၊ စီးပွားရေးများကိုလည်း ဗုဒ္ဓနည်းပေးလမ်းညွှန်ခြင်း ဖြစ်လေသည်။

ပရမတ္ထဓမ္မအားဖြင့်မူ **ဘဝဟူသည် ဒုက္ခသစ္စာသာဖြစ်၏။ လက်တစ်ဖျစ် တီးမျှလောက်သော ဘဝကိုပင် ဗုဒ္ဓရှိးကျူးတော် မမူပေ။ ထို့မျှ တိုတောင်းသောဘဝသည်ပင် ချမ်းသာခြင်း မရှိ၊ ဆင်းရဲခြင်း အတိ ဖြစ်လေသည်။**

သာမန်လူသား ပုထုဇဉ်များအတွက်မှာကား ဒုက္ခသစ္စာဟု သိသည့်တိုင် မပယ်စွန့်နိုင်သေးပါ။ တဏှာပေမတို့၌ သမုဒယသွယ်ယှက်၍ ယုယတွယ် ဖက်ဆဲသာ ရှိပါသေး၏။ ပရမတ္ထသစ္စာနယ်တွင် ပိုင်ပိုင်မရပ်နိုင်သေးသမျှ သမုတိသစ္စာအလိုဖြင့် တိုက်ရိုက်အချိုးကျစွာ ကျင့်သုံးရပေလိမ့်မည်။

စင်စစ်တော့ သံသရာဘဝ အဆက်ဆက် ပေါင်းဖက်လိုကြသော ဇနီး မောင်နှံများအတွက် သမုတိသစ္စာသဘောမျှ ဗုဒ္ဓညွှန်ပြခဲ့ခြင်း ဖြစ်လေသည်။

သူမတို့ ဇနီးမောင်နှံ၏ ချစ်ခြင်းမေတ္တာအကြောင်းကို ဗုဒ္ဓထံပါး၌ မရှက် မကြောက် ရဲတင်းရင်းနှီးစွာ ထုတ်ဖော်လျှောက်ထားဝံ့သည်ကို အကြောင်းပြု လျက် . . .

သူမသည် ဗုဒ္ဓအား အကျွမ်းဝင်ရင်းနှီးစွာ စကားပြောကြားရာတွင် အသာလွန်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့လေသည်။

နကုလတို့အဖေလည်း ထို့အတူပင် ရရှိခဲ့ပါ၏။

× × ×

အရွယ်အလွန်ထောက်၍ ရှစ်ဆယ်ကျော်ရောက်မှ သုသုမာရဂိရသို့ သားတော် ဗုဒ္ဓ နောက်တစ်ခေါက် ထပ်မံရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်အခါ ကာလများကလို နေ့စဉ် မဖူးတွေ့နိုင်တော့ပါ။ နကုလတို့အဖေလည်း မကြာခဏ ဖျားနာရောဂါဖြင့် အိပ်ရာထဲ လဲနေတတ်ပါသည်။

ဤတစ်ကြိမ်တွင် နကုလတို့အဖေ အတော်ကြီး နေမကောင်းဖြစ်သွားပြီး သားတော် ဗုဒ္ဓထံမသွားနိုင်ဘဲ ရှိနေခဲ့သည်။ ကံကောင်းထောက်မ၍ သက်သာလာသော်လည်း လူအိုပီပီ အင်အားချို့တဲ့ယိုင်နဲ့နဲ့ ဖြစ်နေချေသည်။ နာလန်ထစမို့ သွားသွားလာလာ လှုပ်လှုပ်ရှားရှားနေဖို့ အားမရှိသေးပါ။

"အမေကြီးရယ် . . . သားဆီမသွားရတာ ကြာနေပြီ။ ကျုပ်များ သေသွားရင် သားဗုဒ္ဓကို ဖူးရမှာတောင် မဟုတ်တော့ဘူး။ မသေခင် အချိန်ရှိတုန်း သွားထားဦးမှ"

နကုလတို့အဖေသည် သူ့ကိုယ်သူ အားမရစွာ ညည်းပြောပြော၏။ သားဗုဒ္ဓဆီသွားဖို့ ယခုလို အချိန်မှာ ခွင့်မပြုချင်သေးပါ။ အိမ်ပေါ်မှာတောင် ဖြောင့်အောင် လမ်းလျှောက်နိုင်သေးသည် မဟုတ်။

"မသွားပါနဲ့ဦး အဖေကြီးရယ် ဒီလောက်ဝေးတဲ့ခရီးကို သိပ်ကျန်းမာသေးတာ မဟုတ်ဘဲနဲ့ ဘယ်လိုလုပ်သွားမှာလဲ။ အဖေကြီး ကောင်းကောင်းကျန်းမာပြီး အားအင်ပြည့်ဝလာမှ သွားကြတာပေါ့"

ဖျောင်းဖျပြောပြသည့်တိုင် နကုလတို့အဖေ မျက်နှာမကြည်လင်ပါ။ တစ်ကြိမ်တစ်ခါမျှ သူ့ဆန္ဒကို မဆန့်ကျင်ဖူးသော သူမအား ဘယ်နည်းနှင့်မျှ ကျေနပ်မည် မဟုတ်ပါ။ သို့တိုင်အောင် သူမ၏ မေတ္တာ စေတနာကိုမူ နကုလတို့အဖေ နားလည်နိုင်ပါလိမ့်မည်။

နံနက်စောစော နွားတင်းကုပ်ထဲမှာ နကုလတို့အဖေအတွက် ကိုယ်တိုင်ကိုယ်ကျ နွားနို့ညှစ်နေဆဲ နကုလတို့အဖေ ပျောက်သွားလေသည်။ ခြံထဲ အနှံ့အပြား ဘယ်မှာမှ ရှာမတွေ့။ သူမ သွားခွင့်မပြုသောကြောင့် အသိမပေးဘဲ ဗုဒ္ဓထံ တိတ်တဆိတ် ထွက်သွားတာဖြစ်မည်။

အားမရှိ အင်မရှိဖြင့် လမ်းတွင် မူးမော်ပြီး လဲနေမှာကိုလည်း စိုးရိမ်သည်။ သူမလိုက်သွားဖို့ကျတော့ မဖြစ်နိုင်။ ဘယ်လောက်ပင် အသက်အရွယ်အိုမင်းနေစေကာမူ မိန်းမသားမို့ နကုလတို့အဖေ မပါဘဲ လမ်းထွက်သည်ဟု မရှိစဖူးခဲ့။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဖေးကို အားပြုသည့်တိုင် တုန်ယင်ယိမ်းယိုင်နေသော နကုလတို့ အဖေ၏ ပုံသဏ္ဌာန်သာ မျက်လုံးမှာ တရေးရေးမြင်ယောင်ကာ ပြေးပြေးလိုက်သွားချင်စိတ်ပေါက်လျက် ရတက်မအေးနိုင်ဘဲ ရှိရလေသည်။ ရင်ထဲကသောက တစ်ပုံတစ်ပင်သည် ပြောမပြနိုင်အောင် ကတုန်ကယင် ဖြစ်နေ၏။ ပေမအချစ်ကြောင့် ဖြစ်ရသော အပူပါလားဟုလည်း တရားသံဝေဂတွေ ပွားမနေနိုင်ခဲ့။

နေမရ စားမရ အိပ်မရဖြင့် ဒေါမနဿတွေ ပွားစီးပြီး အတိဒုက္ခရောက်ခဲ့ရပါ၏။ တစ်နေ့ကုန်၍ မိုးချုပ်လေမှ နကုလတို့အဖေ ပြန်ရောက်လာသည်။ သူ့အသွင်သည် ပြုံးရွှင်လန်းနေ၏။ သားကျွေးသော အားဆေးကို မှီဝဲခဲ့ပြီဟု ရိပ်မိသည်။ သို့စေကာမူ ဗလောင်ဆူခဲ့သော ရင်အပူကြောင့် ကျူကျူပါ အောင် ချုံးပွဲချ ငိုကြွေးမိရလေသည်။

"ဟောဗျာ . . . အမေကြီးနှယ် . . ကလေးမဟုတ်ဘဲနဲ့ ဘာလို့ငိုရတာတုံး"

ပြောမည့်သာ သူပြောပါသည်။ သူမ ဘာကြောင့်ငိုသည်ကို သူ မသိဘဲ နေမည်တဲ့လား။ ငယ်တုန်းကလိုသာဆိုလျှင် သူ့ရင်ဘတ်ကို ထုရိုက်ကုတ်ခြစ်မိလိမ့်မည် ထင်သည်။ သူ့ကိုမြင်တော့မှ သူမ တကယ်ပဲ စိတ်ဆိုးချင်လာ၏။

"အသိမပေးဘဲ တိတ်တိတ်ကလေး ထွက်သွားတာ ဘယ်လောက် စိုးရိမ်နေရသလဲ။ နေသိပ်ကောင်းသေးတာလဲ မဟုတ်ဘဲနဲ့ လမ်းမှာသာ တစ်ခုခုဖြစ်သွားရင် ကျွန်မ ရင်ကွဲရမှာ"

ငိုရင်းပြောကာ ပြောရင်းငိုမိပါသည်။

"အမေကြီးကလဲဗျာ . . . စိုးရိမ်စရာမရှိ ရှာစိုးရိမ်တာကိုး။ ကျုပ်ခု ဘယ်လောက် နေကောင်းအားရှိလာတယ်ဆိုတာ တွေ့ပြီမဟုတ်လား။ အမေကြီးကိုလဲ သားဟောလိုက်တဲ့ တရား ပြန်ပြောပြမယ် . . လာ . . လာ. ."

သူမလက်ကိုဆွဲပြီး ဧည့်ခန်းတွင်းသို့ ခေါ်သွင်းလာခဲ့သည်။ နှစ်ဦးသား မျက်နှာချင်းဆိုင် ထိုင်မိစဉ် သူ့ပခုံးပေါ်မှ တဘက်စကို ကိုင်ပြီး သူမ၏ပါးပြင်ပေါ်ရှိ မျက်ရည်များကို အသာအယာ ယုယစွာ သုတ်ပေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသူတွေကတော့ အသက်ရှစ်ဆယ်ကျော်လို့ သူငယ်ပြန်နေတာဟု ထင်ကောင်းထင်ကြမည်။ သူမတို့ သူငယ်မပြန်ပါ။ အရွယ်မည်မျှပင် အိုသော်လည်း နုပျိုဆဲရှိသော ချစ်ခြင်းမေတ္တာမှ ဖြစ်ထွန်းလာသည့် ကြင်နာမှုတွေပဲ ဖြစ်သည်။

အရှိန်အဟုန်ပြင်းသည့် တဏှာပေမနယ်တွင်းသို့ သက်ဆင်းရမည့် အရွယ်တွေလည်း မဟုတ်တော့ပြီ။ နှစ်ပရိစ္ဆေဒရှည်မြင့်စွာ အတူပေါင်းသင်းလာခဲ့သည်မို့ ကြာလေလေ ချစ်သည့်စိတ်တွေ ခိုင်မြဲလေလေ ဆိုတာကိုမူ ဝန်ခံရပေမည်။ တစ်ဦးအပေါ်တစ်ဦး နားလည်နိုင်စွာ မှီတွယ်လိုစိတ်တော့ ရှိကြပါသည်။

မောင်တစ်ကျိပ်ပင် ရှိလင့်ကစား လင်မရှိသော မိန်းမသည် အချည်းနှီးသာတည်း ဟူသော စကားကဲ့သို့ မဇ္ဈိမဒေသဓလေ့အားဖြင့် လင်သားမရှိသော မိန်းမများ အဘယ်မျှလောက် မျက်နှာငယ်ရသည် ဆိုတာကို သူမတို့ မိန်းမသားများသာ အသိဆုံးဖြစ်ပါသည်။

သူမတို့ အိမ်ထောင်ရှင် မိန်းမများအတွက် အရွယ်အိုသော လင်ယောကျ်ားသည် ကြိုးစားပမ်းစား ဘာမျှမစွမ်းဆောင်နိုင်စေကာမူ ဖေးကူလက်တွဲဖို့ နံဘေးနားမှာ အစဉ်ရှိနေလျှင် အားပြည့်လုံလောက်ပြီ ထင်ပါသည်။ တစ်ခုတည်းသော အားကိုးလိုစိတ်သာ ဖြစ်ပါ၏။

"ကဲ . . . နားထောင်။ အမေကြီးကို ကျုပ်ပြန်ပြောပြမယ်။ အသက်အရွယ်က အိုမင်းပြီး ရောဂါတွေ ထူပြောလာတာမို့ နေ့စဉ်ဘုရားဖူး မလာနိုင်တော့လို့ တပည့်တော်ရဲ့ အကျိုးစီးပွားဖြစ်ကြောင်း တရားကိုသာ ချီးမြှင့်ပေးပါလို့ တောင်းပန်လျှောက်ထားတော့ ရုပ်နာပေမယ့် စိတ်မနာစေရေး တရားကို ဟောပေးခဲ့တယ်"

ဖောက်ပြန်တတ်သည့် သဘောရှိသောကြောင့်ပင် ရုပ်ဟုခေါ်သည်။ ရုပ်ခန္ဓာကြီးသည် အနာရောဂါအမျိုးမျိုး နှိပ်စက်လျက် အချိန်တိုင်းမှာ တစ်နည်းမဟုတ် တစ်နည်းဖြင့် ဖောက်ပြန်နေသည်သာ ဖြစ်၏။ ကျန်းမာ အနာကင်းသည်ဟူသော စကားကို တစ်ခဏတာမျှအတွက် ဆိုသည်ဖြစ်စေ သူရူး၏ဝန်ခံမှုမျိုးသာ ဖြစ်သည်ဟု ဗုဒ္ဓ မိန့်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်နှင့်အမျှ ဖောက်ပြန်ပြောင်းလဲနေသော ရုပ်ခန္ဓာကြီးကို မနာလိုပါဟု မည်သူမျှ တားဆီး၍မရ။ သဘာဝအတိုင်းသာ နာမြဲနာမည် ဖြစ်လေသည်။ ထိုရုပ်အနာပေါ်၌ စိတ်ကလိုက်မနာဖို့ အရေးကြီးလှသည်။ ပူပန်နှိပ်စက်တတ်သော ကိလေသာကို ပွားစီးစေသည့် စိတ်ဝေဒနာခေါ် စိတ်အနာသည် သံသရာကို ချဲ့တတ်သော တရားဖြစ်၏။ သံသရာဝဋ်တွင်းမှ မလွတ်ကင်းအောင် ချုပ်နှောင်တတ်သော တရားဖြစ်ပါ၏။

ဤသာသနာတော်၌ အရိယသစ္စာကိုလည်း မမြင်၊ အရိယာသာဝကတို့၏ အဆုံးအမကိုလည်း မနာယူ မကျင့်သုံးသောကြောင့် ခန္ဓာငါးပါးအစုကို ငါ၊ ငါ့ဟာ ဟု ခိုင်မြဲစွာ စွဲယူ၏။ ထိုသို့စွဲယူသဖြင့် ရုပ်ခန္ဓာကြီး ပျက်စီးချွတ်ယွင်းသောအခါ တွယ်တာတပ်မက် နှစ်သက်သောစိတ်ဖြင့် စိုးရိမ်ပူဆွေး ငိုကြွေးကြရလေ၏။ ဤကား ကိုယ်စိတ် နှစ်ပါးစုံ နာခြင်း ဖြစ်၏။

ဗုဒ္ဓနှင့်တကွ အရိယာ သာဝကတို့၏ အဆုံးအမကို ဉာဏ်ယှဉ် အမှန်မြင်ကာ လိုက်နာကျင့်သုံးကြသူတို့ကား ခန္ဓာငါးပါး ရုပ်နာမ်တရားအစုတို့သည် ငါလည်း မဟုတ်၊ ငါ့ဟာလည်း မဟုတ်ဟု ကောင်းစွာ နှလုံးသွင်း၏။ ထိုသို့ နှလုံးသွင်းနိုင်သဖြင့် ရုပ်ခန္ဓာကြီး ပျက်စီးချွတ်ယွင်းသောအခါ တွယ်တာတပ်မက်နှစ်သက်ခြင်း ကင်းရှင်းလျက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမရှိတော့ပေ။ ဤကား ရုပ်နာသော်လည်း စိတ်မနာခြင်း ဖြစ်လေသည်။

နကုလတို့အဖေ တစ်ဆင့်ပြောပြသော သားတော်ဗုဒ္ဓ၏တရားကို နှစ်ခြိုက်စွာ သဘောကျနားလည်ရပါပြီ။

အနာရောဂါတို့ဖြင့် ဖောက်ပြန်ပြီးရင်း ဖောက်ပြန်နေသည့် ရုပ်ကြီးသည် အနတ္တတရားသာလျှင် ဖြစ်၏။ မိမိအလိုသို့ မပါနိုင်။ အတ္တအဖြစ် စွဲယူ၍မရ။ အနာမလွတ်သောခန္ဓာကို သိမ်းပိုက်ထားရသည့် ဘဝရှိနေသမျှ ဗုဒ္ဓလည်း နာရမည်။ သာဝကကြီးတွေလည်း နာရမည်။ ဝိပါကဝဋ်မှ မည်သူမျှ မလွတ်နိုင်။

သံသရာတစ်ခွင်တွင် နာမ် မလိမ္မာလျှင် ရုပ် နစ်နာမည်။ နာမ်လိမ္မာမှ ရုပ်သက်သာမည်။ နာမ်မအေးက ရုပ်ဘေးဖြစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နာမ်အပေါင်းတို့တွင် စိတ်သည်သာ အကြီးအမှူးဖြစ်သည်။ စိတ်သည်သာ ရှေ့သွားခေါင်းဆောင်ဖြစ်သည်။ စိတ်ကသာ ရုပ်ကို ခြယ်လှယ်ဆောင်ကြဉ်းနိုင်သည်။ သို့ကြောင့် အရာရာမှာ စိတ်ထားတတ်ဖို့ မူလ ပဓာနဖြစ်လေသည်။ ဗုဒ္ဓက ရုပ်နာစေကာမူ စိတ်မနာမိဖို့ ဟောတော်မူခြင်းမှာ ဤအချက်ပင်ဖြစ်ပါသည်။

စောစောက စိုးရိမ်သောကဖြင့် ငိုကြွေးမိသော မျက်ရည်များ ရှက်ဖွယ်လိလိ ဖြစ်ချေသည်။ နကုလတို့အဖေထံမှ ကြားရသော တစ်ဆင့်စကားပင် သော်ငြား များစွာသဘောပေါက်သွားရပြီ။ တရားတည်းဟူသော အမြိုက်ဆေးသည် ငြိမ်းအေးချမ်းသာ ပေစွတကား။

သူမ၏ စွဲယူထားသည့် အမှတ်သညာများကို ထပ်၍တစ်ဖန် နှလုံးသွင်းမိပြန်ပါသည်။

"ရုပ်နာပေမယ့် နာမ် မနာစေနဲ့" တဲ့။

× × ×

သည်တောင်ကို ကျော်နိုင်ပါတော့မလား ဟူသော သောကအတွေးများဝင်လာသည့်ခဏ ရင်ထဲမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပါသည်။

ကြီးစွာသော သနားကရုဏာဖြင့် သူ့ကိုသာ ငေးကြည့်၍ နေမိသည်။

မျက်တွင်းဟောက်ပက်နှင့် ပါးရိုးတွေလည်း ငေါထွက်နေပြီ။ သွားတစ်ချောင်း တလေမျှပင် မကျန်တော့သည့် သူ့နှုတ်ခမ်းများ အတွင်းသို့ နိမ့်ဝင်၍ မေးစေ့က အပြင်သို့ ချွန်ထွက်နေသည်။ တွန့်ရှုံ့ရွတ်တွနေသော ပါးရေသည် ကမ်းပါးစောက်ကဲ့သို့ ချိုင့်နေလေ၏။

နပျိုစဉ်က မြတ်နိုးဖွယ် တင့်တယ်ခန့်ညားသော ယောကျ်ားအသွင်သည် မပီပြင်မပေါ်လွင်နိုင်တော့ပါ။ ရုပ်ရည်အဆင်း လှပခြင်းကား အိုမင်း နောက်ဆုံးရှိနေပြီ။ ယိုယွင်း နောက်ဆုံးရှိချေပြီ။

အရိုးပေါ်အရေတင်သာ ဖြစ်နေတော့သော သူ့ခန္ဓာသည် လူ့လောကမှ တဖြည်းဖြည်း တွန့်ဆုတ်ကာ ထွက်ခွာသွားတော့မည့် သဘောလက္ခဏာကို

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေ၏။ သူ့မျက်လုံးတွေ ပွင့်မလာနိုင်ပါ။ အိပ်ရာထဲ လဲနေသည့် ရက်တွေပေါင်း များလှပြီ။

မှည့်ရော်နေသည့် သစ်သီးတစ်လုံး။ ညာညောင်း၍ ကြွေအံ့ဆဲဆဲ။ သို့ပေမယ့်လည်း မကြွေစေချင်သေးပါ။ သူ တကယ်ပဲ ခွဲခွာသွားတော့မည်လားဟု တွေးမိသည်နှင့် သူမ၏မျက်ဝန်းများမှာ နှလုံးသားမီးတောင်မှ ချော်ရည်ပူတွေ စိမ့်ထွက်လာသည်။

ဂေဟာသီတမေတ္တာဖြင့် နှစ်အတော်ကြာ နေခဲ့ပါသော်လည်း ခွဲခွာရမည့်အရေး တွေးမိသောအခါ မသိမသာခိုဝင်လာသည့် တဏှာပေမ သမုဒယကြောင့် သတိလွတ်ကင်းစွာ အသည်းနှလုံးတွေ ကွဲကြေမတတ် ဖျပ်ဖျပ်ခါမျှ နာကျင်သွားရသည်။

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်း နောက်ဆုံးရှိတော့မည်ထင်ပါသည်။ သူ တကယ်ပင် သေတော့မည်လား။ ဟင့်အင်း . . . မသေရဘူး။ သူမကို ခွဲပြီး သေမသွားရဘူး။ ရင်ထဲမှာ အရူးမီးဝိုင်း ဖြစ်နေလေသည်။

အနတ္တတရားကို နားလည်ထားပါလျက် မရဏအတွက် လက်မခံနိုင်သေး။ သေခြင်းတရားသည် သူမ ချစ်ခင်သူအတွက် မဖြစ်စေချင်ပါ။ ဖြစ်နိုင်လျှင် သူမနှင့် အစားထိုးကာ လဲလှယ်ပေးချင်ပါသည်။

ထိုစဉ်ဝယ် ဗုဒ္ဓ၏အဆုံးအမများ နားထဲ၌ ပြန်လည်ကြားယောင်လာ၏။

"ရုပ်နာပေမယ့် စိတ်မနာစေနဲ့"

ကျလုဆဲဆဲ မျက်ရည်များကို ချက်ချင်း သိမ်းဆည်းလိုက်ပါသည်။ သူမ မျက်ရည်ကျပြနေလျှင် သူ ဘယ်လို နှလုံးသွင်းကောင်းနိုင်ပါမည်နည်း။ သူ့ခမျာလည်း သူမတစ်ယောက်တည်း ထားရစ်ခဲ့ဖို့ ဘယ်နည်းနှင့်မျှ စိတ်ချနိုင်မည် မဟုတ်သည်ကို သူမ သိပါသည်။ သေအံ့မူးမူးရှိနေသူကို ဘဝကူးကောင်းစေဖို့ သူမမှာ တာဝန်ကျရောက်နေပြီပဲ။

သည်လိုချိန်ခါမျိုးမှာ သူမသည် သူ့အတွက် အဖော်ကောင်းအဖြစ် ရပ်တည်ပေးဖို့ အရေးကြီးလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား မသေစေချင်သေးသည့် စိတ်နှလုံးကို ဘာသာကျိတ်ဆုံးမရသည်။ နာမိခဲ့သည့် စိတ်၏ဒဏ်ရာ ဒဏ်ချက်များကို ကုန်ဆုံးပျောက်ပျက်စေရသည်။ ဒဏ်ရာအနာ အဟောင်းအဟောင်းတွေ ချုပ်ပျောက်ပြီးနောက် အသစ်အသစ်တွေ မပေါ်ပေါက်လာအောင်လည်း အသိတွင် သတိယှဉ်ကာ ထိန်းချုပ်ရပါသည်။

ရှည်လျား ကော့ညွတ်ဆဲရှိသော မျက်တောင်ဖျားများမှ မျက်ရည်ဥတွေ ခိုတွဲမနေတော့ပါ။ ယိမ်းယိုင်လှုပ်ရှားနေသော နှလုံးသား၌ ဗုဒ္ဓ၏အဆုံးအမ တရားသည် ငြိမ်သက်စွာ ကိန်းဝပ်နိုင်လေပြီ။ နှလုံးစိတ်ဝမ်း အေးချမ်းစွာဖြင့် နကုလတို့အဖေထံ ချဉ်းကပ်နိုင်လာသည်။

မည်သည့် ဆေးဝါးနှင့်မျှ ကုစား၍မရတော့သော နကုလတို့အဖေ အတွက် နောက်ဆုံးမျှော်လင့်ချက်သည် သူမ၏ မေတ္တာနှင့် သစ္စာလက်နက် များသာ ကျန်တော့၏။

အကြောပြိုင်းပြိုင်းထောင်နေသော သူ၏လက်ကို ကြင်နာညင်သာစွာ ဖွဖွကလေး ဆုပ်ကိုင်လိုက်ပါသည်။

"ကျွန်မပြောသမျှတွေကို နှလုံးသွင်းကောင်းစွာနဲ့ လက်ခံနားထောင်နေပါ အဖေကြီး"

ပိတ်ထားသော မျက်ခွံများအောက်မှ မျက်လုံး အနည်းငယ် လှုပ်ခတ်နေသည်ကို တွေ့ရသဖြင့် သူမ ဝမ်းသာအားတက်သွား၏။ သူမ ပြောတာတွေ သူကြားလိမ့်မည်။ သူ အာရုံစိုက်ပြီး နားထောင်နေလိမ့်မည်ဟု ယုံကြည်စိတ်ချရပြီ။

**"သေချိန်ကျလို့ သေရတော့မယ်ဆိုရင် တတွယ်တာတာ တတမ်းတတ တစွဲလမ်းလမ်းနဲ့ မသေစေချင်ပါ။ သားဗုဒ္ဓကလဲ ကဲ့ရဲ့တော့မှာ အမှန်ဖြစ်ပါတယ်။ တွယ်တာစွဲလမ်းမှုတွေ ကင်းရှင်းသွားအောင် သတိဆောင်ပြီး စိတ်ဖြေဖျောက်ပါ အဖေကြီး။**

"နကုလတို့အမေဟာ ငါသေရင် ဘယ်လိုနေထိုင် လုပ်ကိုင်စားသောက်မလဲ။ အိမ်တစ်ဆောင်လုံးကို ဘယ်လို စီမံထိန်းသိမ်း အုပ်ချုပ်မလဲလို့

www.burmeseclassic.com

www.burmeseclassic.com



တွေးပူနေရင် ဒီအပူတွေကို ဖြေဖျောက်လိုက်ပါ။ အားလုံး အဆင်ပြေအောင် ဖန်တီးဖို့ ကျွန်မ စွမ်းနိုင်ပါသေးတယ်။ လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိ၊ မဖြစ်သေးတာသာ ရှိတယ်လို့ နှလုံးသွင်းပြီး စိတ်ချနေပါ၊ ကျွန်မအတွက် အဖေကြီး ဘာမှ မပူပါနဲ့။

"နကုလတို့အမေဟာ ငါသေရင် နောက်အိမ်ထောင်များ ပြုလေမလားလို့ မြူတစ်မှုန်စာလေးမျှ တွေးမပူပါနဲ့။ အဖေကြီးသာလျှင် ကျွန်မရဲ့ဘဝသခင်၊ ကျွန်မရဲ့ မေတ္တာရှင်၊ ကျွန်မရဲ့ သစ္စာရှင်ပါ။ ကျွန်မတစ်သက်မှာ အဖေကြီးက လွဲပြီး အခြား တစ်ယောက်ဆိုတာ စိတ်ကူးအိပ်မက်ပင် မရှိခဲ့ပါ။ အရွယ်လဲ အိုမင်း ယိုယွင်းနေပါပြီ။ ကျွန်မအပေါ်မှာ စိတ်ချပြီးသာသွားပါ အဖေကြီး။

"နကုလတို့အမေဟာ ငါသေပြီးတဲ့အခါ ဗုဒ္ဓနဲ့ သာဝကတွေကို သဒ္ဓါ ရှိကျိုး ရှိခိုးပူဇော်ပါတော့မလားလို့လဲ တွေးမပူပါနဲ့။ အဖေကြီး မရှိတဲ့နောက်မှာ ဆတက်ထမ်းပိုးတိုးပြီး ကြည်ညိုမြတ်နိုး ဆည်းကပ် ကိုးကွယ်ပါ့မယ်။

"ပြီးတော့လဲ စင်ကြယ်မြင့်မြတ်တဲ့ အကျင့်သီလ၊ တည်ကြည်ခိုင်ခံ့တဲ့ သမာဓိ၊ ထိုးထွင်းသိမြင်တဲ့ ဉာဏ်ပညာနဲ့ ကျွန်မမှာ ထောက်ရာတည်ရာ ရနေပါပြီ။ ကျွန်မအတွက် တွေးပူမနေပါနဲ့။

"တကယ်လို့သာ အစွဲတန်းလန်းနဲ့ သေခဲ့မယ်ဆိုရင် ဆင်းရဲခြင်း အစစ်မို့ နစ်နာလှပါတယ်။ သားဗုဒ္ဓကလဲ ကဲ့ရဲ့တော့မှာ အမှန် ဖြစ်ပါတယ်။ နှလုံးသွင်းကောင်းစွာနဲ့ သတိမလပ် အသိမပြတ်ဖို့ အရေးကြီးလှပါတယ် အဖေကြီး"

သည်တစ်ကြိမ်တွင်မူ သူမကပင် ရုပ်နာပေမယ့် စိတ်နာမနေရေး တရား နှင့်ပင် သူ့အတွက် အားဖြည့်ပေးရ ပြန်ပါသည်။ စိုးရိမ်ကြောင့်ကြမှုဖြင့် သူမ အား နောက်ဆံငင်ကာ ဘဝကူးမကောင်းနိုင်ဘဲ ရှိမည်ကို မလိုလားပါ။

ဤစိတ်မနာစေရေး အားဆေးနှင့်ပင် နကုလတို့အဖေသည် ကံအား လျော်စွာ ဒုတိယအကြိမ် သေမင်း၏ခံတွင်းမှ ဆင်းရဲကင်းစွာ လွတ်မြောက် ခဲ့ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ၏ စိတ်မနာရေးတရားသည် လူသားတို့အတွက် အနိုင်းမဲ့ အစွမ်းထက်မြက်သော ဆေးဝါးကောင်းတစ်လက်ဖြစ်သည်ကို သူမ ကိုယ်တွေ့ကြုံရပါလေပြီ။

× × ×

သားတော်ဗုဒ္ဓက သူမအား ချီးမြှင့်စကား မိန့်ကြားတော်မူခဲ့သည်။

သူမသည် နကုလတို့အဖေအတွက် မေတ္တာသစ္စာ ကြီးမားသော၊ ညာဏ်တာ ကြွင်နာသော၊ ကောင်းကျိုးချမ်းသာကို ရှေးရှုတတ်သော၊ တရားဓမ္မဖြင့် ဆုံးမတတ်သော စံပြ ဇနီးကောင်းတစ်ယောက် ဖြစ်ပါသည် တဲ့။

သူမ မျက်ရည်ဝေစွာ ကြည်နူးချမ်းမြေ့ရပါသည်။

ဤသည်ပင် နကုလတို့အဖေနှင့် ပတ်သက်လျက် သူမအတွက် ရယူလိုသောဆု ဖြစ်ပါသည်။ ဤဘဝမှာသာမက သံသရာအဆုံးတိုင်လည်း တူပြိုင်လက်တွဲကာ နကုလတို့အဖေ၏ သစ္စာရှိသော ဇနီးကောင်းတစ်ယောက် ဖြစ်ချင်ပါသည်။

ဘဝတိုင်းတွင် နကုလတို့အဖေ၏ ပါရမီဖြည့်ဖက် လက်တွဲဖော်သာ ဖြစ်ရပါစေ။

ဗုဒ္ဓထံပါးမှာ ဝပ်တွားကာ ဆုပန်ခြွေမိပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မြတ်နိုးခြင်း၏တည်ရာ



www.burmeseclassic.com

www.burmeseclassic.com

## မြတ်နိုးခြင်း၏တည်ရာ

ကြေးမုံပြင်ရှေ့တွင် ကျကျနန ထိုင်၍ လှလှပပပြင်ဆင်ပြီးနောက် သူမ၏ မျက်နှာကို အသေအချာ စူးစိုက်ကြည့်မိသည်။

မိန်းမမည်သည် အလှအပကို ကြိုက်တတ်ကြသည်ချည်း။ သူမသည်လည်း မိန်းမထဲက မိန်းမပဲမို့ အလှအပ မြတ်နိုးသည်ကို အဆိုးမဆိုသာပါ။ ဘယ်ကိုသွားသွား၊ ဘယ်နေ့နေနေ၊ လှလှပပ သပ်သပ်ရပ်ရပ်ကလေးမှ သဘောကျချင်သည်။

ကြေးမုံရှေ့တွင် သည်လိုပင် ထိုင်၍ သည်လို အလှပြင်ခဲ့သည်မှာ နှစ်ပေါင်း–လပေါင်း–ရက်ပေါင်းများလှပြီ။ အကြိမ်ပေါင်းလည်းမရေတွက်နိုင်တော့ပြီ။ သို့တိုင်အောင် အလှအပတစ်ခုသာ အာရုံပြု၍ လောကီအာရုံ ကာမဂုဏ်တို့၌ မွေ့လျော်ခံစားကာ မတည်မြဲခြင်း၊ ဆင်းရဲခြင်း၊ မခိုင်မာခြင်း သဘောတွေကို မေ့လျော့နေခဲ့သည်။

ယနေ့တော့ မိမိဘာသာပင် ကြည့်၍မဝ တသသရှိသော ဤရုပ်အဆင်း၏ မမြဲခြင်း၊ မခိုင်မာခြင်း၊ မတင့်တယ်ခြင်း သဘောတရားတွေကို သူမ၏ ခန္ဓာက ပြသနေပြီဟု သတိထားလာမိသည်။

ကေသာပိတုန်းက ငွေမင်ရည်ဖုံးစပြုနေပြီ။ အစဉ်သဖြင့် ချစ်စဖွယ်ကောင်းစွာ ပြည့်ပြည့်ဖောင်းဖောင်းရှိခဲ့သော ပါးကလေးနှစ်ဖက်သည် မသိ

www.burmeseclassic.com

www.burmeseclassic.com



မသာ ပါးလျားပိန်ချိုင့်ချင်လာသည်။ မျက်နှာပေါ်ဝယ် အရေးအကြောင်းကလေးတွေ အတော်များများ မှေးမှေးမှိန်မှိန် ထင်နေပြီ ဖြစ်လေသည်။

ဇရာ၏လက္ခဏာသည် ဖုံးဖိ၍ မရစကောင်း။ ဘယ်လိုပင်လှလှ ဘယ်မျှလောက်ပြင်ပြင် ရင့်ရော်ခြင်းအသွင်သည် မဖော်ပြလိုသည့်တိုင် ပကတိ ထင်လာရစမြဲ။

ကြေးမုံပြင်မှတစ်ဆင့် လေသာပြတင်းသို့ ရုတ်တရက် အကြည့်ရောက်သွားသည်။ ခါတိုင်း အုံ့အုံ့ဆိုင်းဆိုင်းရှိသော သစ်ပင်ကြီး၊ ယခုတော့ ရွက်ချချိန်မို့ ရိုးတံကျဲကျဲဖြစ်နေ၏။ မကြာမီ ရွက်နုကလေးတွေ ဝေလာလိမ့်မည်။ ရွက်နုကလေးတွေကြာတော့ ရွက်ရင့်ကလေးဖြစ်၊ ရွက်ရင့်ကလေးတွေကြာတော့ ရွက်ဝါကလေးဖြစ်၊ ရွက်ဝါကလေးတွေကြာတော့ ရွက်ရော်ကလေးဖြစ်၊ ရွက်ရော်ကလေးတွေကြာတော့ ရွက်ကြွေကလေးဖြစ်၊ သည်လိုနှင့်ပင် သစ်ရွက်တစ်ရွက်၏ဘဝနိဂုံး အဆုံးသတ်သွားပြန်၏။

သစ်ရွက်နှင့် ပမာတင်ရပါမူ သူမ၏အရွယ်သည် ရွက်ဝါဖြစ်လုဆဲဆဲ စိမ်းတချို့ ဝါတချို့ စိမ်းဝါရောင်သစ်ရွက် ဖြစ်နေပါပြီ။

ဘဝတစ်ခု ရလာခြင်းဖြင့် အိုခြင်းဇရာ၊ နာခြင်းဗျာဓိ၊ သေခြင်းမရဏ သဘောတွေ တဖြည်းဖြည်း ရွေ့လျောနေသည်ကို ဘယ်သူကများ တားဆီး၍ ရနိုင်ပါအံ့နည်း။ ဘယ်သို့လျှင် ကျော်လွှားတိမ်းရှောင်၍ ရနိုင်ပါအံ့နည်း။ လူသားတိုင်း အမှန်တကယ် ရင်ဆိုင်ရမည့် ဘဝ၏ သစ္စာတွေ . . . ဒုက္ခသစ္စာတွေ . . .။

သည်လို အရွယ်ကလေး ထောက်လာချိန်မှ စားဝတ်အိပ်ကာ ရေပွက်ပမာ ဘဝကို အချည်းနှီးပြီးပြီးပျောက်ပျောက် ဖြစ်စေ၍ မရတော့ပါ။ နာရီတိုင်း မိနစ်တိုင်း စက္ကန့်တိုင်း တန်ဖိုးရှိရှိ အသုံးချမှ ဖြစ်တော့မည်။ ဗုဒ္ဓပွင့်ထွန်းတော်မူချိန်မှ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားနှင့် ဓမ္မများကို မနာကြား မမှတ်သားခဲ့လျှင် သံသရာတစ်ခွင်ဝယ် ကျင်လည်ကာ လူဖြစ်လာလျက်ရှုံးချက်နာသည့် ဘဝ ဖြစ်ရပါလိမ့်မည်။

လူ့ဘဝကို ရခေါင့်ရခဲစွာ ရလာခြင်းဖြင့် အဓိပ္ပာယ်မဲ့ မဖြစ်စေရ။ လူဖြစ်ကျိုးနပ်စေရမည်။ သူမမှာ တစ်သက်တာအတွက်ပင် မဆိုထားဘိ။ ဆယ်သက်

www.burmeseclassic.com

www.burmeseclassic.com



စာမကလည်း စားသုံး၍ မကုန်နိုင်သော ပစ္စည်းဥစ္စာတွေ အလျှံပယ်အောင် ကုံလုံပြည့်စုံသည်။ သို့စေကာမူ ဘဝ၏အဆုံးသတ်ချိန်တွင် သည်စည်းစိမ်တွေကို သူမနှင့်တစ်ပါတည်း ယူသွား၍ မရနိုင်ကြောင်း ကောင်းစွာသိသည်ပဲ။

ကမ္မ နိယာမအရ မိမိပြုလုပ်သော ကောင်းမှုကံ မကောင်းမှုကံသည်သာ မိမိနောက်မှ ထက်ကြပ်မကွာလိုက်ပါနိုင်ကြောင်း အရှင်မဟာကစ္စည်း ကိုယ်တော်မြတ်ကြီးက ဟောဖော်ညွှန်ပြခဲ့ပြီးပြီ။

ထို့ကြောင့် တဒင်္ဂတစ်ဘဝ ချမ်းသာရေးအတွက်သာ ပေးစွမ်းနိုင်သော သည်စည်းစိမ်ဥစ္စာတွေကို သူမ မတွယ်မက်လှတော့ချေ။ သူမမှာ ပိုမိုမြတ်နိုးအားကိုးရသောအရာ ရှိနေပြီဖြစ်သည်။

"ဓမ္မရတနာ"

စိန်ရွှေရတနာတွေထက်မက အဖိုးအနဂ္ဃထိုက်သော ဓမ္မရတနာပါ။

**ဓမ္မဆိုသည်မှာ ချမ်းသာနည်း လမ်းညွှန်ဖြစ်သည်။ ဘဝတစ်လျှောက် ငြိမ်းအေးချမ်းသာစွာ နေထိုင်ရန် နည်းလမ်းဖြစ်သည်။ ပစ္စုပ္ပန်ကျကျ မျက်မှောက်ဘဝမှာသာမက သံသရာဆင်းရဲကို ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်းပေးနိုင်သည့် ချမ်းသာရေး နည်းလမ်းအစစ်ဖြစ်သည်။**

ဘဝ၏တန်ဖိုးသည် ဓမ္မဖြစ်၏။ ဓမ္မ၏တန်ဖိုးသည် သီလ–သမာဓိ–ပညာဖြစ်၏။ သီလ သမာဓိ ပညာ အကျင့်သုံးဖြာနှင့် ပြည့်စုံအောင် နေထိုင်ခြင်းသည် ဓမ္မ၏အနှစ်သာရဖြစ်၏။ ဓမ္မ၏ အနှစ်သာရကို အမှန်တကယ်နားလည်သိရှိသူ၏ နှလုံးသား၌သာ ဓမ္မဆိုသော အရာ ကိန်းဝပ်လိမ့်မည် ဖြစ်ပါသည်။

ဖြူစင်ဖြောင့်မတ် မှန်ကန်ခြင်းနှင့် ကိုယ်ကျင့်သိက္ခာ တည်ကြည်ခြင်းသည် ဓမ္မဖြစ်၍ ဓမ္မမရှိသောဘဝသည် မစင်ကြယ်သော၊ အနှစ်မရှိသော တန်ဖိုးမဲ့ဘဝသာဖြစ်လိမ့်မည်။

"နီနီရေ . . . မပြီးသေးဘူးလား၊ သွားကြစို့တော့။ ခရီးကဝေးတော့ စောစောထွက်ထားမှ၊ မဟုတ်ရင် နေအပူရှိန်က မသက်သာလှဘူး"

www.burmeseclassic.com

www.burmeseclassic.com



အသံလာရာဘက်သို့ လှည့်၍ သူမ ထရပ်လိုက်သည်။ ခန်းဆီးစကို အသာမပြီး သူမအား လှမ်းပြောလာသည့် သူငယ်ချင်း ကာလီကို တွေ့ရသည်။

သည်တနေ့ ပဝတ္တတောင်ခြေသို့သွားပြီး အရှင်မဟာကစ္စည်း ကိုယ်တော်မြတ်ကြီးအား ဆွမ်းကပ်လှူကြရန်ဖြစ်သည်။ ကာလီသည် အရှင်မြတ်၏ ဒကာရင်းဖြစ်နေပြီ။ ရံခါ ကာလီတို့အိမ်မှာ ဆွမ်းဘုဉ်းပေးပြီး ရံခါတွင်မူ အရှင်မြတ် သီတင်းသုံးရာ ပဝတ္တတောင်ခြေသို့ သွားရောက်ကာ ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကဒါနမြောက်အောင် ဆက်ကပ်လှူဒါန်းကြသည်။

အလှူရေစက် လက်နှင့်မကွာ ပြုကြရာမှာတော့ ကာလီနှင့်သူမသည် ထာဝစဉ် မကွာမကွဲ တတွဲတွဲသာ ရှိနေခဲ့ပါ၏။

"ပြီးနေတာကြာပါပြီ ရှင်ကာလီ၊ ဒီနေ့တော့ ကြေးမုံကိုကြည့်ပြီး သံဝေဂတွေ တိုးပွားနေမိလို့ပါ"

"ဘယ်လို သံဝေဂတွေများ ရနေလို့လဲ နီနီရဲ့"

"အသက်ကလေးတွေ ထောက်လာကြပြီ မဟုတ်လား။ ကိုယ်နဲ့တစ်ပါတည်း ယူမသွားနိုင်တဲ့ စည်းစိမ်ဥစ္စာပုံထဲ နှစ်မြှုပ်ပျော်မွေ့မနေဘဲ ဓမ္မကို ပိုပြီးနှလုံးသွင်းဖို့ လိုအပ်လာပြီ ဆိုတာပေါ့"

"ဒါဖြင့် စွန့်လွှတ်ရန်းထွက်တော့မှာလား"

ကာလီက အသာအယာရယ်မောကာ မေးလာ၏။ သူမလည်း ကာလီနှင့်အတူ ရယ်မောလျက် ခေါင်းခါယမ်းလိုက်သည်။

"အဲသလောက်ကြီးတော့လဲ ပါရမီမရှိသေးဘူးထင်ပါရဲ့။ ဒါပေမယ့် အချိန်တိုင်းမှာ ဓမ္မကို နှလုံးသွင်းနိုင်အောင်တော့ ကြိုးစားပါတယ်လေ"

ကာလီ၏လက်ကိုဆွဲလျက် အိမ်ထဲမှထွက်လာကြပြီး အိမ်ရှေ့တံခါးဝတွင် အဆင်သင့်ဆိုက်ထားသော အလုံပိတ်မြင်းရထားပေါ်သို့ တက်ထိုင်လိုက်ကြသည်။

ထိုခဏ၌ မြင်းရထားသည် သူမတို့အား တင်ဆောင်လျက် လမ်းမကြီးအတိုင်း ဖုန်တထောင်းထောင်းဖြင့် ထွက်ခွာသွားလေပြီ။

သူမသည်ကား ကုရရဃရမြို့မှ သူဌေးမကြီး "ကာတိယာနီ" ပင်တည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကာလီမူကား သားဦးကလေးဖွားမြင်ရန် ကိုယ်ဝန်အရင့်အမာဖြင့် ကုရုရယာရမြို့မှ မိဖုရပ်ထံ ရာဇဂြိုဟ်သို့ ပြန်လာခဲ့စဉ် . . .

ဟေမဝတနတ်မင်းနှင့် သာတာဂီရနတ်မင်းတို့ ဗုဒ္ဓ၏ဂုဏ်ကျေးဇူးကို ပြောဆိုဆွေးနွေးကြသည့်အသံ ကောင်းကင်ယံမှ ကြားရပြီး ဗုဒ္ဓါနုဿတိ ဘာဝနာဖြင့် သောတာပန်တည်ခဲ့သူဖြစ်သည်။ ဗုဒ္ဓကို မဖူးမမြင်ရဘဲ ဗုဒ္ဓ၏ အဦးဆုံး အရိယာဥပါသိကာမလည်း ဖြစ်လေသည်။

ထိုညမှာပင် သားကလေး မောင်သောဏကို ဝမ်းကင်းရန်ကွာ ချောမော စွာ မီးရှူးသန့်စင်ဖွားမြင်ခဲ့ပါသည်။ ရှုမငြီးသည့် တစ်ဦးတည်းသောသားအား တစ်ကုဋေတန် နားပန်ဆင်ပေးသည်ကို အစွဲပြု၍ "သောဏကုဋိကဏ္ဏ" ဟု ဝိသေသအမည် တွင်ခဲ့ပြန်သည်။

သောဏကုဋိကဏ္ဏ အရွယ်ရောက်၍ လူလားမြောက်လာသောအခါ သောတာပန်မိခင်၏သားပီပီ နုပျိုငယ်ရွယ်သူဖြစ်ပါလျက် လောကီအာရုံ ကာမဂုဏ်တို့၌ နှစ်လိုခံစား ပျော်ပါးချင်စိတ်မရှိဘဲ အရှင်မဟာကစ္စည်းထံတွင် ရဟန်းပြုရန်သာ ဆန္ဒပြင်းပြနေခဲ့လေသည်။

ဘဝမှာလိုလေးသေးမရှိ ပြည့်စုံနေသည့်သူဌေးသား . . .

နဝရတ်ရောင်စုံ ကိုယ်လုံးခြုံ၍ တစ်ကုဋေတန် နားပန်သော်မှ ပန်ဆင်ရသော သူဌေးသား . . .

ပိုး ဖဲ ကတ္တီပါ ကမ္ဗလာကို အခါခါ အလဲလဲ မမွဲ မနွမ်းအောင် ဆင်မြန်းနိုင်သော သူဌေးသား . . .

ဖဲမွေ့ရာ ရွှေကော်ဇောဖြင့် ညက်ညောအိစက် သက်သောင့်သက်သာ စံပျော်ရပါသော သူဌေးသား . . .

ထိုသူဌေးသားအား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ရန် အရှင် မြတ် ချက်ချင်းခွင့်ပြုတော် မမူခဲ့ပေ။ ယုံကြည်မှုသဒ္ဓါတရား တိုးပွားခိုင်ခံ့ဖို့ လိုသည်။ ဉာဏ်ပညာ ပြည့်စုံရင့်ကျက်ဖို့လည်း လိုသေးသည်။

သောဏလို သူဌေးသားက တောထဲ တောင်ထဲ ဝါးတဲကလေးတွင် ဝါးလုံးကိုခေါင်းအုံး၍ ဝါးကြမ်းခင်းပေါ် အိပ်စက်နိုင်မည်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့ဘောင်ထဲဝင်မည်ဆိုလျှင် သက်နှင်းဝါဝါထိန်ထိန် တင်လွှမ်းဆင်မြန်းထားသည်လောက် သဘောကျရုံနှင့်မပြီးပါ။ အနေဆင်းရဲ အစားဆင်းရဲ ခံနိုင်ရမည်။ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကိုလည်း ကြပ်ကြပ်မတ်မတ် အားထုတ်ရလိမ့်မည်။ ဗုဒ္ဓပညတ်ထားသည့် ဝိနည်းသိက္ခာပုဒ်နှင့်အညီ နေတတ်–နေနိုင်ရမည်။ ဣန္ဒြိယသံဝရသီလနှင့်လည်း ပြည့်စုံရဦးမည်။ ရဟန်းစစ် ရဟန်းမှန် ဗုဒ္ဓအလိုကျ ရဟန်းဖြစ်ဖို့ လွယ်လှသည်တော့ မဟုတ်ပေ။

"သောဏာ–တစ်ထပ်တည်း ဖြစ်သလိုစားပြီး တစ်ပါးတည်း ကြုံသလို နေရတဲ့ အကျင့်မြတ်ကို တစ်သက်ပတ်လုံး ကျင့်နိုင်ဖို့ဆိုတာ မလွယ်လှဘူး။ လူဝတ်နဲ့ပဲ အလေ့အကျင့်ရအောင် နေကြည့်လိုက်ပါအုံး"

ဟု အရှင်သူမြတ် မိန့်တော်မူခဲ့သည်။

သံဝေဂဉာဏ်ဖြင့် လောကီလူ့ဘောင် လူဝတ်ကြောင်ဘဝကို တကယ်ပင် ငြီးငွေ့ခဲ့သည့် သောဏာကုဋိကဏ္ဏသည် မတွန့်ဆုတ်သောစိတ်ဖြင့် အရှင်မြတ်ထံ မပြတ်မလပ် ဆည်းကပ်ကာ တရားနာယူလျက် ရဟန်းဖြစ်မြောက်ရေးအတွက် တစ်ကြိမ်ပြီး တစ်ကြိမ် ခွင့်ပန်နေတော့၏။

ပညာရင့်ကျက်ချိန်ရောက်သောအခါကျမှ အရှင်မြတ်သည် သောဏာကုဋိကဏ္ဏအား သာသနာ့ဘောင်သို့ ဝင်ခွင့်ပြုလေ၏။ ဦးစွာ ရှင်ဝတ်ပေးပြီး တစ်ဆက်တည်း ရဟန်းပြုပေးရန် ဖြစ်သော်လည်း ဥပသမ္ပဒကံဆောင်ရန် ရဟန်းမပြည့်စုံမှုကြောင့် အခက်ကြုံရပြန်သည်။

သာဝတ္ထိ၊ ဝေသာလီ၊ ဥဇ္ဇေနီ၊ ရာဇဂြိုဟ်စသော မြောက်ပိုင်းမဇ္ဈိမတစ်ခိုတွင် သာသနာတော် စည်ပင်တိုးပွားနေပြီဖြစ်သော်ငြား တောင်ပိုင်းနယ်များမှာတော့ သာသနာတော် မထွန်းကား မပြန့်ပွားလှသေးပေ။ သာသနာပြု စေလွှတ်နေရဆဲပင်ရှိသေး၏။

ဗုဒ္ဓက သာသနာပြုရန် ဒေသတစ်ခုလျှင် တစ်ပါးကျစီသာ စေလွှတ်တော်မူရာ အရှင်မဟာကစ္စည်းတာဝန်ယူရသည့် ကုရရဃရမြို့ ဝန်းကျင်တစ်ခွင်မှာ ရဟန်းသံဃာများ နည်းပါးလှချေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အခါက ရဟန်းဆယ်ပါးပြည့်မှ ရဟန်းခံခြင်းကိစ္စ ပြီးမြောက်နိုင်သောကြောင့် ဗုဒ္ဓ၏ဥပဒေတော်အတိုင်း ရဟန်းဆယ်ပါး မပြည့်ပြည့်အောင် သုံးနှစ်ကျော်မျှ ပင်ပန်းခက်ခဲစွာ ရှာဖွေစုဆောင်းရလေသည်။

သောဏကုဋိကဏ္ဏအဖို့မူကား သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်ရရေးအတွက် စိတ်ရှည်ဖွဲ့သန် သည်းညည်းခံကာ နှစ်လကြာရှည်စွာ စောင့်စားရဲ့ကျိုးနပ်သည်ဟု ဆိုရပေမည်။

ရဟန်းတစ်ဝါရသည့်နောက် ဗုဒ္ဓထံသွားရောက်ဖူးမြော်ရာ အထူးအခွင့်အရေးရကာ ဗုဒ္ဓ၏ ဂန္ဓကုဋိအတွင်း နေရာချထားပေးခြင်းခံရလေသည်။

သုတ္တနိပါတ်တော်လာ အဋ္ဌကဝဂ် ခေါ် ကာမသုတ္တန် အစရှိသော သုတ္တန်ပေါင်း တစ်ဆယ့်ခြောက်သုတ်ကို ဗုဒ္ဓအားရွတ်ဖတ်ပြရသည်။ ဆရာကောင်းတပည့်ပီသစွာ သာယာချိုလွင်သော အသံဖြင့် အမှားအယွင်းမရှိ ရွတ်နိုင်ခဲ့သောကြောင့် ချီးမြှင့်သာ တရားဟောရာဝယ် အသာဆုံး အတော်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့လေသည်။

× × ×

သာဝတ္ထိမှ ပြန်လည်ရောက်ရှိလာသော ရဟန္တာအရှင်သောဏအား မိခင်ကာလီသည် ဝမ်းပန်းတသာ လှိုက်လှဲစွာ သဒ္ဓါပိုကြည်ညို ကြိုဆိုပါလေ၏။

"ဗုဒ္ဓကို ဖူးမြော်ခွင့်ရခဲ့ပါရဲ့လား ဘုရား"

"ဖူးမြော်ခဲ့ရပါတယ် ဒကာမကြီး"

"ဗုဒ္ဓကို တပည့်တော်ကိုယ်စား စကားနဲ့ကန်တော့ပေးဖြစ်ပါရဲ့လား ဘုရား"

"ကန်တော့ပေးခဲ့ပါတယ်။ ဒကာမကြီး လှူလိုက်တဲ့ ကမ္ဗလာအထည်ကိုလဲ ဗုဒ္ဓရဲ့ ဂန္ဓကုဋိတိုက်အတွင်း မြေအခင်းပြုပေးခဲ့ပါတယ်"

"သာဓုပါ ဘုရား . . သာဓု . . သာဓုပါ။ တပည့်တော်ရဲ့ ဒါနကုသိုလ်အတွက် ဝမ်းမြောက်ဝမ်းသာရှိလိုက်ပါဘိ။ ဪ . . ဒါနဲ့ . . အရှင်ဘုရားက ဗုဒ္ဓကို တရားတွေ ဟောဖော်ရွတ်ပြရသေးတယ်ဆို . . ."

www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံး၏အတွင်းဆုံးမှလာသော ပီတိအပြုံးကို မဖုံးဖိနိုင်။ တစ်ဦးတည်းသော သားအပေါ် ကြီးစွာသော ချစ်ခြင်းမေတ္တာဖြင့် တစိမ့်စိမ့် ကြည့်မဝနိုင်စွာ မေးမြန်းလျှောက်ထားပြန်ပါသည်။

"ဒီလောက်ဝေးလံတဲ့ခရီး . . . ဒကာမကြီး ဘယ်လိုသိတာလဲ"

မဟုတ်ဘူးလည်းမဆို။ ဟုတ်သည်လည်းမပြော။ မတည်မပြုံးသော မျက်နှာတော်ဖြင့် ဝန်လည်းမခံ၊ မငြင်းဆန်သောအားဖြင့် မယ်တော်ကာလီအား အံ့သြသယောင် စူးစမ်းမေးမြန်းလိုက်သည်။

ကာလီ၏မျက်နှာဝယ် ပျားရည်ပေါ်သကာဆမ်းထားသည့်အလား ဂုဏ်ယူဝံ့ကြွားသော အပြုံးများ ဖုံးလွှမ်းလျက်ရှိနေသည်။

"ဗုဒ္ဓကိုယ်တော်တိုင်တောင် ချီးကျူးမြွက်စားရတဲ့ အဆင့်ဆိုတာ နည်းသလားဘုရား၊ သမာဒေဝနတ်ကောင်းနတ်မြတ်တွေ ဘယ်နေနိုင်ကြတော့မလဲ။ ကောင်းချီးသာခုခေါ်ကြတာ တပည့်တော် ကြားရသိရတာပေါ့ဘုရား"

အရှင်သောဏသည် မယ်တော်၏စကားကို ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလေ၏။

"တပည့်တော် တောင်းပန်လျှောက်ထားပါရစေဘုရား၊ ဗုဒ္ဓကို ရွတ်ဆိုပြတဲ့ တရားတော်အတိုင်း တပည့်တော်များလဲ နာကြားခွင့်ရချင်ပါတယ်ဘုရား"

**အရိယာသူတော်ကောင်းတို့သည် တရားစကားမှအပ . . .**
**အခြားစကားကို . . . အလိုမရှိတော့ပြီ။**

ကာလီသည် အရွယ်ရလာသည်နှင့်အမျှ အတွေးအမြင်များလည်း ပြည့်စုံရင့်ကျက်လာသည်။ အတွေးအမြင် ပြည့်စုံရင့်ကျက်လာသည်နှင့်အမျှ လောကချမ်းသာတည်းဟူသော ဘဝချမ်းသာအတုအယောင်ကို တဖြည်းဖြည်း စက်ဆုပ်နေပြီဖြစ်လေသည်။

ဆင်းရဲခြင်းအမှန်နှင့် ဆင်းရဲကြောင်းအမှန်ကို ကာလီသိထားသည်။ အရိယသစ္စာမျက်လုံးအစုံဖြင့် လောကဓာတ်ခုံပေါ်က ဘဝအဖုံဖုံကိုလည်း ကြည့်တတ် မြင်တတ်နေပြီ။ ကာလီအတွက် ဘဝဟူသည် မြတ်နိုးဖွယ်မဟုတ်တော့။ စက်ဆုပ်ဖွယ်သာဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် ဝဋ်ဒုက္ခမှ လွတ်ကင်းဖို့ ကံမပါလေရော့သလားမသိ။ အရာခပ်သိမ်းကို စွန့်လွှတ်၍ ရှန်းထွက်ခြင်း နေက္ခမ္မအဆင့်ထိ ကာလီ မစွမ်းနိုင်သေး။ သိလျက်ဖြင့် ဝိပါက်ကြမ္မာ ငင်ဆဲသာဖြစ်နေပါ၏။

အရှင်သောဏသည် မယ်တော်ကာလီ၏ စိတ်အစဉ်ကို သိလျက် ဖြည့်စွက်ပေးဖို့ စိတ်ပိုင်းဖြတ်ပြီးဖြစ်၏။

"တရားပွဲသဘင် ဆင်ယင်ဖို့ စီစဉ်လိုက်ပါတော့မယ် ဘုရား"

မယ်တော်၏စကားကို ခပ်မဆိတ်နေကာ လက်ခံလိုက်ပါသည်။

× × ×

မြင်းခွာသံ တခွပ်ခွပ်၊ လှည်းဘီးသံ တကျိမ်းကျိမ်းညံရာမှ ရပ်သွားသည်နှင့် အိမ်ရှေ့တံခါးပေါက်ဝတွင် ကာလီဘွားခနဲ ပေါ်လာ၏။

ဧည့်ခန်းမှာ တစ်ဦးတည်းထိုင်ကာ အရှင်မဟာကစ္စည်းထံမှ နာကြားခဲ့ဖူးသမျှ တရားဓမ္မများကို နှလုံးသွင်းဆင်ခြင်နေဆဲရှိရာမှ အတွေးစဖြတ်လျက် ကာလီကို ထရပ်ပြီး ကြိုဆိုလိုက်သည်။

ကာလီသည် သူမနှင့် မည်မျှပင် ခင်မင်ရင်းနှီးစေကာမူ အကြောင်းမဲ့ သက်သက် အိမ်လည်မလာတတ်ပေ။ ကာလီရောက်လာပြီဆိုလျှင် သူမကူသိုလ်ရဖို့ အကြောင်းတစ်ခုပေါ်လာပြန်ပြီဟု မှတ်ယူရလောက်အောင် ရတနာသုံးပါး ကိစ္စသာ ဦးထိပ်ထားသူ ဖြစ်လေသည်။

ယခုလည်း ကာလီ၏ခြေလှမ်းများ ယခင်အခါကာလများနှင့်မတူ အရွယ်နှင့်မလိုက်ဖက်အောင် သွက်လက်ဖျတ်လတ်နေသည်။ မျက်နှာမှာလည်း အပြုံးပန်းတွေ လွှမ်းဝေ၍ နေလေသည်။

"ရှင်ကာလီတစ်ယောက် ဒီနေ့သိပ်ရွှင်နေပါလား၊ မှီရတဲ့ မျက်နှာလို့ဆိုရအောင်ကလဲ မှီပွင့်တဲ့ရာသီ မဟုတ်ပြန်ဘူး။ ကေန္တတော့ မြေကြီးထဲက ရွှေအိုးရသလားပဲ"

သူမပြောတာကို ကာလီသဘောကျစွာ တသောသောရယ်မောလိုက်ပါသည်။

www.burmeseclassic.com



"လိုလေသေးမရှိ ပြည့်စုံနေပြီပဲ၊ ရွှေအိုးဟာ ဘာတန်ဖိုးရှိမှာလဲ"

သူမနှင့် ယှဉ်တွဲ၍ထိုင်ချပြီး ပြန်ဖြေသည်။ ကာလီစကား မှန်တော့လည်း မှန်နေသား။ သူမတို့လို ချမ်းသာသူတွေအတွက် ရွှေအိုးတစ်လုံးရသည့်တိုင်အောင် ထူးထူးခြားခြား စိတ်လှုပ်ရှား ပျော်ပါးနိုင်စရာ မရှိပါ။

"ဒါဆို ပြည်တန်ပတ္တမြားကောက်ရသလား"

ကာလီ ခေါင်းယမ်းပြန်သည်။

"ပြည်တန်ပတ္တမြားဆိုရင် မင်းဘဏ္ဍာ လာသိမ်းသွားမှာပေါ့။ ဝမ်းသာစရာ မရှိပေါင်"

ကာလီဟန်က ပျော်လွန်းစွာ ကလေးဆန်နေသည်ဟုပင် သူမ ထင်မိသည်။

"ဒါဖြင့် သားတော်မောင် သာဝတ္ထိက ပြန်ရောက်လာလို့လား"

"အင်း . . . နီးနီးပြောတာ နည်းနည်းနီးစပ်လာပြီ"

"အတိအကျမှန်သွားအောင် ရှင်ကာလီပဲ ဖြေလိုက်ပါတော့"

ကာလီသည် ညီညာသော သွားတန်းများ ဖွေးခနဲလက်သွားအောင် ရယ်ပြန်သည်။

"ပြောမှာသာ ပြောပါတော့ ရှင်ကာလီ၊ ကိုယ်သိပ်စိတ်ဝင်စားနေလို့ပါ"

ကာလီ့မျက်နှာက ခပ်ပြုံးပြုံး။

"သားတော်မောင်ရယ်လေ–ဗုဒ္ဓနဲ့အတူ ဂန္ဓကုဋီထဲမှာ သီတင်းသုံးခဲ့ရသတဲ့။ ပြီးတော့ ဗုဒ္ဓကို တရားလဲ ဟောပြခဲ့ရသတဲ့"

"အို . . . ဟုတ်လား"

သားသည် မိခင်တစ်ဦးအနေဖြင့် ဘယ်လောက်များ ဝမ်းသာဂုဏ်ယူလိုက်မလဲဆိုတာ သူမ ကိုယ်ချင်းစာပါသည်။ သူမသည်ပင် ကာလီနှင့်ထပ်တူထပ်မျှ ဝမ်းမြောက်ရပါ၏။ ဗုဒ္ဓကတောင် အထူးအခွင့်အရေးပေးပြီး တရားနာရတယ်ဆိုတော့ သိပ်တော်တဲ့ သားရဟန်းပါပဲ။ သူငယ်ချင်းမ၏ သားဖြစ်စေကာမူ သူမ၏သားလိုပင် ချစ်ခင်ကြည်ညိုနေရသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတရားတော်ကို ပြန်ဟောပြပေးဖို့ လျှောက်ထားတော့ သားတော်မောင်က လက်ခံတယ် . . . သိလား"

"ဒီလိုဆိုရင် တရားနာရတော့မှာပေါ့။ ဘယ်မှာလဲ၊ ဘယ်တော့နာရမလဲ"

တရားနာရတော့မည်ဆိုသည်နှင့် ဟန်မဆောင်နိုင်လောက်အောင် သူမခမျာ ပျာပျာသလဲ ဖြစ်သွားရရှာသည်။

"မြို့လယ်မှာ မဏ္ဍပ်ဆောက်နေကြပြီ။ ဒီညတရားနာရမယ်လေ"

"ကောင်းလိုက်တဲ့ အစီအစဉ်ပဲ။ တစ်မြို့လုံးနာကြရမှာပေါ့။ ရှင်ကာလီတို့တော့ မဟာကုသိုလ်အစစ်လို့ဆိုရတော့မယ်။ တရားပွဲအတွက် ကိုယ်လဲ ကုသိုလ်ပါဝင်ချင်တယ်"

သူမက အားတက်သရောပြောသော်လည်း ကာလီကမူ မြိုတ်မြိုတ်ကလေးပြုံးကာ ခေါင်းခါလိုက်ပါသည်။

"နီနီ ကုသိုလ်ပါဝင်ဖို့ နောက်ကျသွားပြီ။ အားလုံးစီစဉ်ထားပြီးပြီလေ။ တရားနာတဲ့ ကုသိုလ်ပဲ ယူပါတော့။ နီနီ့ကို ကိုယ်တိုင်လာခေါ်ချင်လို့ ကိစ္စဝိစ္စတွေပြီးတော့မှ လာရတာ"

"ဒီလိုဆိုရင် ညကျမှ တရားပွဲကို လာခဲ့တော့မယ်"

ကာလီ ခေါင်းညိတ်လိုက်သည်။

"ရှင်ကာလီက ကုသိုလ်ယူစရာ မရှိတော့ဘူးပြောပေမယ့် လှူဖို့အကွက်ပေါ်ရင်တော့ လှူခွင့်ပေးရမယ်နော်။ ရှင်ကာလီရဲ့ ဒါနအဖို့အစုထဲက ကိုယ်တို့လဲ ဝေမျှယူပါရစေဦး"

"ညတရားပွဲမှာ နီနီလှူစရာမြင်ရင်လှူပေါ့။ ကိုယ်ကတော့ အားလုံးပြည့်စုံအောင် စီစဉ်ခိုင်းထားတာပဲ"

"ဘာပဲဖြစ်ဖြစ် ညကျရင် တစ်ခုခု ဒါနပြုခွင့်ရပါစေလို့ ကိုယ်တော့ဆုတောင်းနေမှာပဲ"

"နီနီ့ဆန္ဒပြည့်ဝပါစေ။ ကဲ . . . ကိုယ်ပြန်တော့မယ်"

"မြန်လှချည်လား ရှင်ကာလီ"

www.burmeseclassic.com

www.burmeseclassic.com



"မြန်ဆို . . . တစ်မနက်လုံး ပင်ပန်းထားတာ နားရဦးမယ် နီနီရဲ့။ ညကျရင် တရားနာဖို့ ရှိသေးတယ် မဟုတ်လား"

"ဒါဆိုလဲ သွားပေအုံးတော့ ရှင်ကာလီရေ့"

ထွက်သွားသော ကာလီ၏ ကျောပြင်ကို ငေးစိုက်ကြည့်ရင်း ကျေးဇူးတင်စွာ ကျန်ရစ်ခဲ့ပါသည်။ ပစ္စည်းဥစ္စာလည်းပေါ၊ သဘောကလည်းကောင်း၊ တရားလည်းပြည့်ဝသော ကာလီကို သူမ တကယ်ပင် လေးစားခင်မင်ရပါသည်။ သူမအတွက် မွန်မြတ်သော မိတ်ကောင်းဆွေကောင်းပင် ဖြစ်သည်။

**ဓမ္မသဘောအမြင်ဖြင့် လောက၌ ဘဝကောင်းတစ်ခုဖြစ်လာရန် မိတ်ကောင်းဆွေကောင်း အမှန်တကယ်လိုအပ်သည်ဟု သူမ ယူဆမိလေသည်။**

× × ×

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၏ ဂန္ဓကုဋိအတွင်း သီတင်းသုံး ခွင့်ရပြီး ဗုဒ္ဓကိုယ်တော်တိုင် တရားနာကြားခဲ့သည့် အရှင်သောဏမထေရ် ယနေ့ညတရားချီးမြှင့်မည်ဟူသော သတင်းသည် ကုရရဃရမြို့အတွင်း ချက်ချင်းပျံ့နှံ့သွားတော့၏။ တရားပွဲ မဏ္ဍပ်တွင်လည်း ထိုင်မဆံ့အောင် ပရိသတ်များ ကြက်ပျံမကျ စည်ကားလှပေသည်။

ကာလီစီစဉ်ထားသော တရားသဘင်တွင် သူမ ဒါနပါဝင်နိုင်ရေး အတွက် ခပ်စောစော အိမ်မှထွက်ကာ မဏ္ဍပ်သို့ ရောက်လာသည်။

အခမ်းအနား အပြင်အဆင် ပြောစရာမရှိအောင် စိတ်ချမ်းမြေ့ကြည်နူး ဖွယ် ဖြစ်ပါ၏။ ကာလီပြောသည့်အတိုင်း သူမအတွက် လှူစရာရှာမတွေ့ အောင် အကွက်စေ့ကာ ပြည့်စုံနေသည်။

ဟိုဟိုသည်သည် လိုက်လံစူးစမ်းရှာဖွေနေသော သူမ၏ မျက်လုံးများ တစ်နေရာတွင် ငြိမ်သက်စွာ ရပ်တန့်သွားပြီး နှုတ်ခမ်း၌ ပြုံးရိပ်ပြုံးရောင်များ ပေါ်ပေါက်လာ၏။ ကာလီ၏ ကုသိုလ်တွေအထဲက ဝေမျှယူနိုင်အောင် သမ္မာ ဒေဝနတ်ကောင်း နတ်မြတ်တွေ ဖန်ဆင်းပေးလိုက်သည် ထင်မိပါ၏။ စိတ်လျှော့အံ့ဆဲဆဲရှိသော သူမကိုယ်တိုင်လည်း လုံးဝ မထင်မှတ် မမျှော်လင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကာလီ၏အလုပ်သမားများ မီးတိုင်များတွင် ဆီဖြည့်ဖို့ မေ့ကျန်ခဲ့ကြသည်။ ကာလီကို အကြောင်းကြားလျှင် အနှောင့်အယှက်ဖြစ်သွားမှာ စိုးမိသည်။ ပြီးတော့ ကုသိုလ်ပါဝင်ခွင့်ရပြီဖြစ်သော သူမ၏ အခွင့်အရေးကို အဆုံးအရှုံးမခံနိုင်ပါ။

"ရှရီမာ . . . ရှရီမာ"

နောက်ပြန်လှည့်ပြီး သူမ၏အစေခံမလေးကို လှမ်းခေါ်လိုက်သည်။ ရှရီမာ သုတ်သုတ်ကလေးရောက်လာပြီး သူမရှေ့မှာ ရိုကျိုးစွာ ဦးခေါင်းညွှတ်လျက် ခြေစုံရပ်လိုက်သည်။

"အိမ်ကို အမြန်ဆုံးပြန်ပြီး ဆီတွေသယ်ခဲ့။ မီးတိုင်တွေမှာ လိုက်ဖြည့်ရမယ်။ မှောင်လို့ မီးထွန်းညှိမယ့်သူတွေ ရောက်မလာခင် မီးတိုင်အားလုံး ဆီဖြည့်ပြီးနေစေရမယ်။ ကြားလား ရှရီမာ"

"ဟုတ်"

"ဒါဖြင့် သွားတော့"

ရှရီမာထွက်သွားပြီး မကြာမီ ကာလီမဏ္ဍပ်တွင်းသို့ ရောက်ရှိလာသည်။ မျက်လုံးချင်းဆုံမိသည့်ခဏ တစ်ဦးနှင့်တစ်ဦး နားလည်စွာ ပြုံး၍ ခေါင်းညိတ်လျက် တရားနာရန် နေရာယူလိုက်ကြသည်။

အရှင် သောဏမထေရ်လည်း တရားဟော ပလ္လင်ပေါ် ရောက်ရှိနေလေပြီ။

× × ×

ဝတ္ထုကာမတို့၌ တွယ်တာကပ်ငြိ သူတို့သည် အလိုရှိတိုင်း ပြည့်စုံပါက ကျေနပ်ဝမ်းမြောက်ကြ၍ မပြည့်စုံခဲ့ပါမူ မြားမှန်သူပမာ ဖောက်ပြန်ခြင်းဆင်းရဲကို ခံရ၏။ ကာမကို ရှောင်ဖယ်ရန် သတိရှိသူသည် လောက၏ကပ်ငြိတတ်သောတဏှာကို ကောင်းစွာလွန်မြောက်နိုင်၏။ တဏှာကပ်ငြိနေသမျှ ဆင်းရဲရသည်ဖြစ်၍ ထိုထိုတဏှာတို့မှ ထာဝစဉ် ရှောင်ကြဉ်သောအားဖြင့် ကာမကို ပယ်ကာ သံသရာကို ကူးမြောက်နိုင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ငါးဖြာအာရုံ ကာမဂုဏ်တို့၌ နစ်မြုပ်နေသူတို့သည် ဆိတ်ငြိမ်မှု ဝိဝေကမှ ကင်းဝေးရလေ၏။ ဘဝ၌ သာယာမှု တဏှာဖြင့် အတိတ်ကို ပြန်လည်တသ၍ လည်းကောင်း၊ ပစ္စုပ္ပန်၌ တောင့်တ၍ လည်းကောင်း၊ အနာဂတ်ကို မျှော်မှန်း၍ လည်းကောင်း အနှောင်အဖွဲ့မှ မလွတ်မြောက် နိုင်ကြပေ။ **ကာမ၌ လိုက်စားမိုက်မှားသူ၊ တရားကို မနာယူကြသူ၊ မကောင်းမှု၌သာ မွေ့လျော်ကြသူတို့သည် လားရာဂတိ မရေရာ မသေချာ၊ သေခါနီးမှ ငိုယိုမြည်တမ်းရလေ၏။**

ဘဝသည် တိုတောင်းလှသောကြောင့် ဤသာသနာ၌ သီလ သမာဓိ ပညာ အကျင့်သုံးဖြာမှာ ညီညွတ်စွာ ကျင့်ရာ၏။

မြတ်နိုးဖွယ်ထင်သော ဝတ္ထုအာရုံတို့၏ အပြစ်ကို မြင်လျက် ဘဝ၌ တွယ်တာ ကပ်ငြိခြင်း ကင်းရှင်းစေရမည်။

အာရုံနှင့်တွေ့ထိမှု ဖဿသဘောကိုသိ၍ ဖဿနှင့် ဖဿဖြစ် ကြောင်း နှစ်ပါးသောတရား အစုတို့၌ ဆန္ဒရာဂကို ပယ်ခွာလျှင် မြင်သမျှ ကြားသမျှ၌ တဏှာဒိဋ္ဌိ မကပ်ငြိနိုင်တော့ချေ။

မှားယွင်းသော ဒိဋ္ဌိအယူဖြင့် မှားယွင်းစွာပြောဆို ပြုလုပ်သူသည် မှားယွင်းသော မိစ္ဆာဒိဋ္ဌိဘဝမှ မလွန်မြောက်နိုင်ချေ။

**မိမိ၏ အကျင့်သီလဂုဏ်ကို မမေးဘဲလျက် ထုတ်ဖော်ပြောတတ် သူသည် သူယုတ်မာတို့သဘောဖြစ်သည်ဟု ပညာရှိတို့ ကဲ့ရဲ့လေ၏။**

**ကိလေသာမှ ငြိမ်းအေးပြီးသူသည် မိမိ၏ဂုဏ်ကို ထုတ်ဖော်မပြော ဆိုတော့ပေ။** သံသရာပွားစီးကြောင်း ကိလေသာသည်လည်း စဉ်းငယ်မျှ ပင် မရှိတော့ချေ။ ထိုသူတို့ကို သူတော်ကောင်းဟု ဆိုအပ်၏။

မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူကို အားလုံးပယ်စွန့်ပြီးသော ရဟန္တာ သည် တဏှာဒိဋ္ဌိကို အမှီမပြုတော့သောကြောင့် လှည့်ပတ်မှု မာယာနှင့် ထောင်လွှားမှု မာနတို့ ကင်းစင်သည်ဖြစ်၍ လားရာဂတိလည်း မရှိတော့ ချေ။

"သခင်မ . . . သခင်မ . . ."

www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းသော အယူရှိသူတို့သည် မိမိကြည်ညိုသော ဆရာမှ တစ်ပါး အခြားဆရာအားလုံးကို ယုတ်ညံ့သူဟု ပြောဆို၏။ ထိုသို့ ပြောဆိုသူတို့သည် ငြင်းခုံခြင်းကို မလွန်မြောက်နိုင်ချေ။

"သခင်မ . . . သခင်မ . . ."

စောစောက ခပ်တိုးတိုးကြားလိုက်သော ခေါ်သံကို လျစ်လျူရှုကာ တရားဆက်လက်နာနေသော်ငြား ခေါ်သံရပ်မသွား။ ထပ်ခါမနား ကြားရပြန်သည်။ အသာချထားသော မျက်လွှာကို လှန်၍ နောက်ပြန်လှည့်ကြည့်လိုက်သည်။ မျက်ပြူးဆံပျာဖြစ်နေသော ရှုရီမာ။

"ဘာဖြစ်နေတာလဲ၊ တရားဖြောင့်ဖြောင့်မနာရဘူး"

ပတ်ဝန်းကျင်ကြားမှာ စိုး၍ ခပ်တိုးတိုးပင် ကျိတ်ဆူသည်။

"အိမ်ထဲ သူခိုးတွေ ဝင်နေကြတယ် သခင်မ"

"ဝင်ပလေ့စေ။ ငါတရားနာနေတာ လာမနှောင့်ယှက်နဲ့"

ရှုရီမာကို မျက်စောင်းထိုးလွှတ်လိုက်သည်။ တော်တော်အလိုက်အကန်းဆိုး မသိတတ်တဲ့ မိန်းကလေး။ တရားနာချိန်မှာ သူခိုးက လာအရေးကြီးနေရသတဲ့။ သူမအတွက် တရားမှတစ်ပါး အရေးကြီးတာ တစ်လောကလုံး ဘာမျှမရှိ။ အိမ်ထဲရှိတဲ့ ပစ္စည်းတွေ ပါသလောက် ယူပလေ့စေ။ သူခိုး ဘယ်လောက်များ သယ်နိုင်မှာမို့တုံး။

ရှုရီမာ လာရှုပ်တာနဲ့ အတွေးပျံ့လွင့်ပြီး တရားတစ်သုတ်လွတ်သွားရပြီ။ မဖြစ်ချေပါဘူး။ အာရုံတစ်ပါးစိတ်မသွားအောင် အမြန်ဆုံး သတိနဲ့ အသိကို ထိန်းချုပ်ပါမှပဲ။

သူမ သက်ပြင်းချလိုက်ကာ တရားဆက်နာပြန်သည်။

လောကဦ ဉာဏ်ဖြင့်လည်းကောင်း၊ မလွန်ကျူးမှု သီလ-ခွေးနွား စသည်တို့၏အကျင့် 'ဝတ' ဖြင့်လည်းကောင်း၊ မိစ္ဆာအယူ မဖြစ်စေရပါ။ မိမိကိုယ်ကို သူတစ်ပါးနှင့်တူသည်ဟု မနှိုင်းယှဉ်ရာ။ ယုတ်ညံ့သူဟုလည်း မထင်မှတ်ရာ။

www.burmeseclassic.com

www.burmeseclassic.com



တောင့်တမှုတဏှာမရှိ၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတရားတို့၌ ဖြတ်တောက်ပြီးသူအား မှားယွင်းသောနှလုံးသွင်းမှု တစ်စုံတစ်ရာမျှ မရှိတော့ပေ။ မိစ္ဆာအယူ မြူတစ်မှုန်မျှ မရှိသောကြောင့် မည်သည့် တဏှာ ဒိဋ္ဌိဖြင့် မည်သူကမျှ မဖျက်ဆီးနိုင်။ တဏှာဒိဋ္ဌိဖြင့် မကြံစည်၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတရားကိုလည်း လက်မခံ။ လွန်ကျူးမှု သီလနှင့် ခွေးနွားအကျင့် ဝတလည်း မဆွဲဆောင်နိုင်၊ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်တစ်ဖက်ကမ်းသို့ ရောက်ပြီးဖြစ်၍ သံသရာ၏ ဤမှာဘက်သို့ ပြန်မလာတော့ပြီ။

အာရုံတစ်ခုတည်းပေါ်၌ စိတ်တည်ကြည်ငြိမ်သက်စွာ ကျရောက်ခြင်း ကေဂ္ဂတာဖြင့် စူးစူးစိုက်စိုက် နာယူရင်း ကြည်နူးခြင်း ပီတိ၊ အေးငြိမ်းသော ချမ်းသာမှုများ သူမ ခံစားရသည်။ ကာလီလည်း ငြိမ်သက်စွာပင် ရှိနေ၏။

ဗုဒ္ဓ၏ ဓမ္မတရားသည် အဆီအနှစ်ချည်းသာဖြစ်၏။ အသားချည်းသာ ဖြစ်၏။ ခွေးရာ၍ထွင်ပစ်စရာ အရိုးမှုန်မှုန်မျှင်မျှင်မျှပင် မရှိချေ။

ဆက်လက်၍ ဇရာနှင့်ပတ်သက်သော တရားကို အရှင်သောဏ ဟောပြန်ပါ၏။

လူတို့၏အသက်သည် တိုတောင်းလှချေ၏။ အသက်ရှင်နေစေကာမူ တစ်နေ့သော် အိုမင်းရင့်ရော်၍ သေရမည်မှာ မုချဖြစ်ပါ၏။

မြတ်နိုးအပ်သောဝတ္ထုတို့ကြောင့် စိုးရိမ်ပူဆွေးကြရ၏။ ထာဝစဉ် သိမ်းဆည်းထားနိုင်သောဝတ္ထုမည်သည် မရှိ၊ မတည်မြဲခြင်း၊ ပျက်စီးခြင်း၊ ကွေကွင်းခြင်းသာလျှင် ရှိ၏။ ဤသည်တို့ကိုမြင်လျက် အိမ်ရာ တည်ထောင် လူတို့ဘောင်၌မနေရာ။ မြတ်နိုးဖွယ်ထင်သော ဝတ္ထုပစ္စည်းကို ငါ့ဥစ္စာဟု မှတ်ယူ၏။ သေသောအခါ ထိုမြတ်နိုးဖွယ် ပစ္စည်းကို ပယ်စွန့်ထားခဲ့ရ၏။ သို့ကြောင့် ပညာရှိတို့သည် ငါ့ဟာဟု စွဲလမ်းကိုင်းညွတ်ခြင်း မရှိချေ။ ချစ်မြတ်နိုးသူပင် ဖြစ်စေကာမူ သေလွန်သည့်နောက် အိပ်မက်မှ နိုးထလာရသည့်ပမာ တွေ့နိုင်တော့မည် မဟုတ်ပေ။ အမည်နာမသာ ကြွင်းကျန်ရစ်လိမ့်မည်။ မြတ်နိုးဖွယ်ဝတ္ထု၌ တွယ်တာသူသည် စိုးရိမ်ပူဆွေး ငိုကြွေးမှု၊ ဝန်တိုမှု တို့ကို မစွန့်လွှတ်နိုင်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်သောနေရာသို့ ချဉ်းကပ်၍ မြတ်နိုးဖွယ် အာရုံမှ စက်ဆုပ်သောအားဖြင့် အကျင့်မြတ်ကို ကျင့်အပ်သူသည် ချစ်ခြင်း မုန်းခြင်းမရှိသဖြင့် ပူဆွေးငိုကြွေးခြင်း၊ ဝန်တိုခြင်းများလည်း မရှိတော့ပေ။ ကာမဂုဏ် အာရုံတို့၌လည်း မကပ်ငြိတော့ပေ။

ကိလေသာကို ပယ်ခွာပြီးသူသည် ကာမဂုဏ်အာရုံတို့၌ တဏှာ မာနဒိဋ္ဌိဖြင့် မစွဲလမ်း။ တွယ်တာတပ်မက်ခြင်း အလျှင်းကင်း၏။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းမှအပ အခြားသောအကျင့်ဖြင့် စင်ကြယ်ခြင်းကို အလိုမရှိတော့။

အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးရပ်၌ တပ်မက်မှု တဏှာကင်းပြီးသူ၊ အမျက်ဒေါသမရှိသူ၊ ထိတ်လန့်ခြင်း မရှိသူ၊ သီလစသည်ဖြင့် မကြွေးဝါးသူ၊ ကုက္ကုစ္စ မရှိသူ၊ အမြော်အမြင်ပညာဖြင့် ပြောဆိုတတ်သူ၊ ပျံ့လွင့်ခြင်း မရှိသူ၊ နှုတ်စောင့်စည်းတတ်သူ၊ သိတတ်သော ဉာဏ်ရှိသူသည် ကိလေသာတို့မှ ငြိမ်းပြီးသူဟု ယူအပ်၏။ ရာဂမှကင်းစင်သူ၊ အံ့ဩဖွယ်ကို မပြုတတ်သူ၊ ဝန်တိုမှုကင်းသူ၊ ကိုယ်အမူအရာ ကြမ်းတမ်းမှုကင်းသူ၊ ချောပစ်ကုန်းတိုက်ခြင်း မရှိသူ၊ အလွန်ထောင်လွှားသော မာန မရှိသူ၊ သာသနာတော်မှတစ်ပါး အခြားအယူကို မယုံကြည်သူသည် ကိလေသာမှ ငြိမ်းပြီးသူဟု ဆိုအပ်၏။

လာဘ်လိုချင်၍ ပရိယတ်ကိုသင်ခြင်း မဟုတ်သူ၊ လာဘ်မရခြင်းကြောင့် အမျက်မထွက်သူ၊ တဏှာဖြင့် ရသာရုံကို မမက်မောသူသည် ကိလေသာမှ ငြိမ်းပြီးသူဖြစ်၏။

လောက၌ အညီအမျှထားတတ်သော ဥပေက္ခာတရားနှင့် ပြည့်စုံသူ၊ အစဉ်သဖြင့် အသိ သတိနှင့် ပြည့်စုံသူ၊ မိမိနှင့်တူသူဟူ၍ သဒိသမာန်ဖြင့် လည်းကောင်း၊ မိမိထက် ထူးသူဟူ၍ ပဏီတမာန်ဖြင့်လည်းကောင်း၊ မိမိအောက် ယုတ်ညံ့သူဟူ၍ ဟီနမာန်ဖြင့် လည်းကောင်း မထင်မှတ်တတ်သူသည် ကိလေသာတို့မှ ငြိမ်းပြီးသူဟု ဆိုရ၏။

မိမိ၏ဥစ္စာဟူ၍ သိမ်းဆည်းမှု မရှိသူ၊ ဖောက်ပြန်ပျက်စီးသွား

www.burmeseclassic.com

www.burmeseclassic.com



သော ဝဋ္ဋကြောင့်လည်း မစိုးရိမ်သူ၊ တရားအားလုံး၌ ဆန္ဒရာဂတိစသည်တို့ မလိုက်တတ်သူတို့သည် ကိလေသာမှ ငြိမ်းပြီးသူဟု ယူမှတ်အပ်၏။

"သခင်မ . . . သခင်မ . . ."

ဟင်–ဒီမိန်းကလေး လာရှုပ်ပြန်ပြီ။ တရားမှာ အာရုံကျတာနဲ့ လာနှောင့်ယှက်ပြန်ပြီ။ ဒေါသမထွက်ထွက်အောင် အကုသိုလ်လာပေးနေတော့တာပဲ။

ငုံ့ထားသော ဦးခေါင်းသည် ဆတ်ခနဲမတ်သွား၏။

"ရှုရီမာ . . . လူဆိုတာ လူစကားနားလည်ရတယ်။ ငါတရားနာနေတာလာမနှောင့်ယှက်နဲ့လို့ ပြောထားတယ် မဟုတ်လား"

ဘေးဝန်းကျင် တရားနာပရိသတ်ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်၍ အားနာလှစွာ၏။ ရှုရီမာကို တိုးတိုးတိတ်တိတ် ကျိတ်ဆူရပြန်သည်။

"သူခိုးတွေ ရတနာတိုက် ဖောက်နေကြပြီ သခင်မ"

ရှုရီမာ ငိုသံပါနေသည်။ ထိတ်လန့်ကြောက်ရွံ့ တုန်လှုပ်စွာ နှုတ်ခမ်းတွေ ပြာနှမ်းနေလို့ပင်နေပြီ။

"ဖောက်ဖောက် . . ယူယူ . . နင့်အပူလား။ ကုန်ပလေ့စေ။ ငါစိတ်မဆိုးခင် ငါ့မျက်စိအောက်က မြန်မြန်ထွက်သွားစမ်း"

တရားဖြင့် ဖြောင့်အောင် မနာရ။ ဘယ်ဘဝက ဒေါသခြံရံခဲ့မိသည့် ကုသိုလ်ကံတွေမသိ။ တရားနာတာချင်း အတူတူ ရှင်ကာလီတို့များ ငြိမ်သက်လို့၊ တုပ်တုပ်ကလေးတောင် မလှုပ်။ စိတ်အေးချမ်းသာရှိလိုက်တာ။ ဒါလည်း သင်ခန်းစာ ယူစရာပါပဲ။ ကုသိုလ်လုပ်ရင်း အကုသိုလ် မပါမိစေဖို့ သိပ်အရေးကြီးပါကလား။

ရှုရီမာ . . . ရှုရီမာ . . . တကယ်တော့ သူလေးခမျာ သစ္စာရှိတဲ့ ကျွန်ပီပီ အရဲစွန့်ပြီး လာအကြောင်းကြား ရှာတာပဲ။ သူလေးကိုလည်း စိတ်ဆိုးလို့ မဖြစ်။

နောက်ဆုံးတော့ ဖြစ်လာသမျှ အကျိုးတရားတွေဟာ မိမိပြုခဲ့တဲ့ အတိတ်က အကြောင်းကံတွေကြောင့်ချည်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အရှင်သောဏမထေရ်ထံ ဖျတ်ခနဲ အကြည့်တစ်ချက်ရောက်ပြီး ကြည်လင် ပီပြင်ချိုလွင်သော တရားရေစီးကြောင်းတွင် စိတ်နစ်မျော၍ သွားပြန်သည်။

× × ×

ငြင်းခုံခိုက်ရန် ဖြစ်မှုတို့သည် သတ္တဝါ သခ်ါရတို့ကြောင့် ဖြစ်၏။ ဝန်တိုမှုနှင့် စပ်ယှဉ်၏။ ငြင်းခုံမှုဖြစ်သော် ချောပစ်ကုန်းတိုက်မှုလည်း ဖြစ်တတ်ကုန်၏။

တွယ်ဖက် တပ်မက်အပ်သော ဝတ္ထုသည် လိုချင်မှု လောဘရှိသည် ဖြစ်၍ ကာမစ္ဆန္ဒကို အကြောင်းခံ၏။ ကာမစ္ဆန္ဒသည် ပြည့်စုံရန် တောင့်တမှုကို အကြောင်းခံ၏။ သာယာဖွယ် မသာယာဖွယ်ကိုလည်း အမှီပြု၏။

ဤသာယာဖွယ် မသာယာဖွယ် အကြောင်းနှစ်ပါးကြောင့် အမျက်ထွက်မှု၊ မုသားပြောဆိုမှု၊ တွေးတောယုံမှား သံသယရှိမှုတို့ ဖြစ်ကုန်၏။

သာယာဖွယ် မသာယာဖွယ်တို့သည် တွေ့ထိမှုဖဿကြောင့် ဖြစ်၏။ နာမ်ကိုလည်းကောင်း၊ ရုပ်ကိုလည်းကောင်း စွဲသောအားဖြင့် တွေ့ထိမှု ဖဿသည်ဖြစ်၏။ ဖဿမရှိသော် သာယာဖွယ် မသာယာဖွယ်တို့လည်း မရှိကုန်။

သိမ်းဆည်းမှုသည် တဏှာဟု ဆိုအပ်သော အလိုဣစ္ဆာအကြောင်းခံကြောင့်ဖြစ်၏။ အလိုဣစ္ဆာမရှိသော် ငါ့ဟာဟူသော စွဲလမ်းမှုသည် မဖြစ်ကုန်။

မှားယွင်းသောအယူဖြင့် ဒိဋ္ဌိအဆုံးအဖြတ်၌တည်လျက် မိမိကိုယ်ကို လိမ္မာသူထင်လျက် တစ်ပါးသူကို မိုက်မဲသူဟု ထင်၏။ ထိုသူသည် ထောင်လွှားမှုမာနဖြင့် မာန်ယစ်ရကား မိမိကိုယ်ကို ပညာရှိသူ၊ ဂုဏ်အားလုံးနှင့် ပြည့်စုံသူဟု ယူဆ၏။ ထိုသို့ ယူဆခြင်းသည်ပင် မိမိကိုယ်တိုင် ငြင်းခုံရာရောက်၏။

လောက၌ ဒိဋ္ဌိအယူဝါဒရှိသူသည် မိမိ၏အယူကို အမှန်အမြတ်ထား၍ ငြင်းခုံတတ်၏။ အလုံးစုံသော ဒိဋ္ဌိအယူကို ပယ်စွန့်ပြီးသူ

www.burmeseclassic.com

www.burmeseclassic.com



သည်သာ ငြင်းခုံခြင်း မပြုတော့ပေ။

မိမိကိုစွဲ၍ ဂုဏ်အားလုံးသည်လည်းကောင်း၊ မိမိ၏ဆရာအားစွဲ၍ဖြစ်သော ဂုဏ်အားလုံးသည် လည်းကောင်း ထိုဂုဏ်များဖြင့် ခက်ထန်မှု မာန်မာနကို မပြရာ။ ထိုခက်ထန်မှု မာန်မာနကို ငြိမ်းအေးခြင်းဟု သူတော်ကောင်းတို့ မဆိုကုန်။

လောကသည် အနှစ်သာရကင်းမဲ့၏။ အရပ်မျက်နှာအားလုံးရှိ သင်္ခါရတရားတို့သည်မမြဲ၊ ဆင်းရဲမခိုင်မာသော သဘောတို့ဖြင့် အတည်မကျ တုန်လှုပ်ကြကုန်၏။ မှီခိုအားထားရာကို အလိုရှိသူသည် ဇရာဗျာဓိ မရဏာ မလွှမ်းမိုးသောအရပ်မရှိတတ်သည်ကို သတိမူရာ၏။

"သခင်မ . . . သခင်မ . . ."

ရှရီမာတစ်ယောက်တော့ အကြီးအကျယ် စိတ်အနှောင့်အယှက်ပေးပြီ။ တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်း မကတော့ပြီ။ စိတ်ရှိလက်ရှိ ငယ်ထိပ်ကိုသာ နာနာကလေး ခေါက်ပစ်လိုက်ဖို့ ကောင်းတော့သည်။

သည်တစ်ကြိမ်မှာ မကြားယောင်ဆောင်ကာ မသိကျိုးကျွန်ပြု၍သာ နေလိုက်၏။ ခေါ်ချင်သလောက် ခေါ်နေပစေ။

"သခင်မ . . . သခင်မ . . ."

သူမဆီ နီးကပ်စွာ တိုးဝင်လာပြီး ခေါ်ပြန်သည်။ ရှရီမာ့အသံ ခါတိုင်းထက် ပိုမိုတုန်လှုပ်ချောက်ချားသည်။ ဒင်းတို့ တရားကို တန်ဖိုးထားရမှန်းမသိ။ ပစ္စည်းဥစ္စာကိုပဲ တမ်းတမ်းစွဲ ဖြစ်နေကြသည်။ အိုးကမပူဘဲ စလောင်းက ပူနေသည်။ ခက်ပဲခက်ရချည်သေးရဲ့။

"ပစ္စည်းတွေ သယ်ထုတ်ကုန်ကြပြီ သခင်မ"

"ပစ္စည်း သယ်တာမကလို့ အိမ်ပါတူးဖြိုပြီး ယူသွားပစေ။ နင်ပါ သူခိုးတွေနောက် လိုက်သွား၊ ဒီလောက် ပစ္စည်းမက်တဲ့မိန်းမ . . . တရားမှန်းမသိတဲ့မိစ္ဆာမ . . . ဓမ္မန္တရာယ်မ . . . သာသနာဖျက်မ . . . သွား . . ."

× × ×

www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးသောက် အရုဏ်ရောက်တိုင်း အပေါ်ထပ်မှ သီးသန့်ခန်းကလေးထဲမှာ ဗုဒ္ဓါနုဿတိ အာရုံယူစမြဲဖြစ်၏။ ယခုလည်း ဗုဒ္ဓသီတင်းသုံးနေတော်မူရာ သာဝတ္ထိသို့ မျက်နှာမူလျက် အဉ္ဇလီညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးခြင်းအမှုကို ဝတ်မပျက်ပြုပြီးပေပြီ။

အပေါ်ထပ်မှ လှေကားတစ်လျှောက် တစ်လှမ်းချင်း တရွေ့ရွေ့ဆင်းလာ၏။

ညက နာကြားမှတ်သားခဲ့သော တရားတို့သည် စိတ်အာရုံတွင် ထင်ဟပ်နေဆဲ။ နှလုံးသွင်းမိတိုင်း ကြည်နူးခြင်းပီတိတွေ ဆွတ်ပျံ့ဝေနေသည်။

"အပြင်မှာ ဧည့်သည်တွေ ရောက်နေပါတယ် သခင်မ၊ မျက်နှာစိမ်းတွေမို့ တံခါးမဖွင့်ပေးသေးပါဘူး"

လှေကားအောက်ဆုံးထစ်မှ ကြမ်းပြင်ပေါ်ခြေအချ အစေခံမလေးတစ်ယောက် ရိုကျိုးစွာလာပြောသည်။ ရှရီမာတစ်ယောက် သူမအနားမကပ်ရဲ။ တရားပွဲအပြီးမှာ ရေရေလည်လည် ဆူပစ်ထားသည်လေ။

မနက်မိုးတောင် မလင်းသေး၊ ဧည့်သည်လာချိန်လည်း မဟုတ်၊ ဘယ်က ဧည့်သည်တွေပါလိမ့်။ ဘာကိစ္စ အရေးကြီးလို့ပါလိမ့်။

အတွေးများစွာဖြင့် အိမ်ရှေ့ခန်းထွက်လာတော့ အပါး . . . နည်းတဲ့လူတွေ မဟုတ်ပါလား။ သူမ မျက်လုံးပြူးကာ အံ့ဩသွားရသည်။

"ဘာကိစ္စလဲကွယ့်"

စူးစမ်းသောမျက်လုံးများဖြင့် မေးလိုက်သည်။ တံခါးကို အရမ်းဖွင့်ပေးလို့မဖြစ်။ ညကပဲ အိမ်ထဲ သူခိုးဝင်ခဲ့ပြီးပြီ။ ဘာတွေပါသွားမှန်းမသိ။ ဘယ်လောက်ပါသွားသည်ဟုလည်း မစစ်ရသေး။ ပါချင်သလောက်ပါ၊ တရားအာရုံသာ ခေါင်းထဲသွင်းချင်သည်။ အနိဋ္ဌာရုံတွေ ဘာမျှ မစဉ်းစား။

"အမေ့ကို တောင်းပန်စရာရှိသလို ပြန်ပေးစရာတွေလဲ ရှိလို့ပါခင်ဗျာ"

"ဘာတွေများလဲကွယ်"

သံတိုင်စိုက်ထားသော တံခါးကို စည်းခြားပြီး အတွင်းနှင့်အပြင် စကားပြောနေကြဆဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညက အမေ့အိမ်ကို ဖောက်ထွင်းပြီး ဝင်ခိုးသူတွေဟာ ကျွန်တော်တို့ အဖွဲ့ပါ။ အဲဒီပစ္စည်းတွေ ပြန်လာပေးတာပါခင်ဗျာ"

သူမ နှုတ်ခမ်းများ ပွင့်ဟသွားရသည်။ သူမနားကိုပင် မယုံကြည်နိုင်။ ခိုးယူသွားသည့် ပစ္စည်းတွေ ပြန်လာပေးသတဲ့။ လူ့ဘဝတစ်သက်မှာ မကြားဘူးသည့်စကား၊ ယခုတော့ သူမကိုယ်တိုင် ကြုံနေရပြီ။

"မင်းတစ်ယောက်တည်းကိုပဲ ဝင်ခွင့်ပေးနိုင်မယ်နော်။ တို့များမှာ မိန်းမသားချည်း၊ ညက အဖြစ်အပျက်လဲ ပူပူနွေးနွေး ရှိနေသေးတယ်ဆိုတော့"

သူမသည် အခြေအနေကို မယုံကြည် စိတ်မချသေးဟန်ဖြင့်ဆိုတော့ ထိုသူကပြုံး၍ ခေါင်းညိတ်သည်။ လူပုံက သပ်သပ်ရပ်ရပ်၊ လူဆိုး ဓားပြဟုပင် ထင်ရက်စရာ မရှိ။ အင်းလေ . . . လောကမှာ လူပုံပန်းကို ကြည့်ပြီး ဆုံးဖြတ်လို့ရတာမှ မဟုတ်ပါပဲကလား။

"နဟီလာ . . . တံခါးဖွင့်ပေးလိုက်စမ်း"

အစေခံမလေး နဟီလာသည် သူမ၏အမိန့်အတိုင်း တံခါးသော့ဖွင့်ပေးလိုက်သည်။ တံခါးရွက် တစ်ရွက်သာ ဖွင့်ပေးရဲ၏။ အားလုံးဝင်လာလျှင် အခက်။

ဓားပြတစ်ယောက်တည်း ဝင်လာပြီး အပြင်တွင်ကျန်နေခဲ့သော တပည့်များထံမှ ပစ္စည်းထုပ်တွေကို လှမ်းယူ၍ ကြမ်းပြင်ပေါ် ပုံထားလိုက်သည်။

ခုံမှာထိုင်လျက် ထိုသူလုပ်ကိုင် လှုပ်ရှားနေသည်ကို ငေးစိုက်ကြည့်နေမိသည်။ ပစ္စည်းပုံကြီးကို အကြည့်ရောက်လျက် ဓမ္မ၏ဂုဏ်ကျေးဇူးတွေပါပဲဟု နှလုံးသွင်းမိလေသည်။

သူမ၏ ခြေရင်းကြမ်းပြင်တွင် ဓားပြကလာထိုင်ချပြီး သူမအား ရိုသေကျိုးနွံစွာ ကန်တော့လေသည်။

"ညက တရားနာနေတုန်း အမေ့နောက်မှာ ကျွန်တော် ရှိနေခဲ့ပါတယ်။ အိမ်က လာအကြောင်းကြားလို့ အမေပြန်ခဲ့ရင် သတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ဒါပေမယ့် ပစ္စည်းဥစ္စာထက် ဓမ္မကိုသာ ပိုအလေးထားတာတွေ့ရတော့ အမေ့ကို အင်မတန်မှ ကြည်ညိုသွားရပါတယ်။ အမေ့လို သူတော်ကောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှားမိရင် ဘယ်လောက်များ တာဝန်ကြီးလေးမယ်ဆိုတာ မတွေးရဲအောင်ပါပဲ၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ အမေ"

"ခွင့်လွှတ်ပါတယ်ကွယ် . . . ခွင့်လွှတ်ပါတယ်"

အမှားမြင်၍ အမှန်ပြင်လာသူအား မေတ္တာရှေ့ထား သနားသည်းခံရပေတော့မည်။ ဤသည်မှာ ဗုဒ္ဓ၏အလိုဆန္ဒအတိုင်း ဖြစ်လေသည်။

"ပြီးတော့ မကောင်းမှု အကုသိုလ်ကံတွေကို ပြုချင်စိတ် ကုန်ခန်းသွားရပါပြီ။ ကျွန်တော်တို့ ရဟန်းဝတ်ပါတော့မယ်။ အမေ ကူညီပါ ခင်ဗျာ"

"ဝမ်းပန်းတသာနဲ့ ကူညီပါမယ်ကွယ့်။ မင်းတို့ ရဟန်းပြုဖို့အတွက် တို့များကပဲ အားလုံးတာဝန်ယူပြီး ဆောင်ရွက်ပေးမယ်။ ဒီနေ့ သက်န်းစီစဉ်ပြီး မနက်ဖြန် ရဟန်း ဖြစ်ကြပြီလို့သာ မှတ်တော့"

အရှင်သောဏကုဋိကဏ္ဏ၏ တရားပွဲကို အကြောင်းပြု၍ မဇ္ဈိမတောင်ပိုင်း သာသနာသည် ကြီးစွာအကျိုးဖြစ်ထွန်းခဲ့ပါ၏။

ခိုးသား ငါးရာစလုံး ရဟန်းပြုပြီး ရဟန်းတရားပွားများအားထုတ်ကြရာ မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်သည်။

ရဟန်းအမကြီး ကာတိယာနီကား တရားပွဲ၌ပင် သောတာပန်အရိယာဖြစ်လျက် သာသနာတော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်သည့်အရာဝယ် အသာဆုံးအမြတ်ဆုံးအဖြစ် ဗုဒ္ဓချီးမြှင့်သည့် ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့လေသည်။

× × ×

ရည်ညွှန်းချက် ။ ။ မဟာဗုဒ္ဓဝင်ဆဋ္ဌမတွဲကို မှီငြမ်း၍ ရေးသားပါသည်။ တရားကို မြတ်နိုးကြည်ညိုစွာ အစဉ်စောင့်ရှောက်တတ်သူအား တရားကလည်း ပြန်လည်စောင့်ရှောက်သည်သာ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ကြည်ညိုခြင်း၏ အဆုံးဝယ် . . .

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အိမ်သားအားလုံး ပွဲသဘင်နွှဲဆင်ဖို့ သွားကုန်ကြပြီထင်သည်။

ဪ် . . . အမေတော့ ကျန်ရစ်ခဲ့မှာ သေချာသည်။ ဟုတ်ပါရဲ့လေ၊ စောစောက အမေကျွန်မကို မှာခဲ့ပြောခဲ့တာ သတိပြန်ရသည်။

"သမီး နေသာသလိုနေ . . . အရေးရှိရင် မာလာကို ခေါ်ခိုင်းလိုက် . . အမေ့အခန်းထဲမှာ ရှိနေမယ်" တဲ့။

နဖူးပေါ်ဝဲကျနေသည့် ဆံနွယ်ကလေးတွေကို တယုတယ သပ်တင်ပေးရင်း ကျွန်မကို ပီဘိကလေးငယ်တစ်ယောက်လို ပြောဆိုမှာထားခဲ့သည်။

ညှာညောင်းရွက်ပမာ ရင့်ရော်လာပြီမို့ ကေသာပိတုန်း ငွေမင်ရည်ဖုံးစ ပြုလာ၏။ ဖွေးလက်လှပခဲ့သော ပုလဲသွယ်တန်းမှာ နှုတ်ခမ်းနှစ်လွှာ ဖွင့်ဟလိုက်သည်နှင့် တစ်ချောင်းစနှစ်ချောင်းစ ဟောင်းလောင်းပြနေသည်။ မျက်နှာပေါ်မှာလည်း မှုန်နံ့သာမခြယ်သေးတိုင်း အရေးအကြောင်းများစွာ ထင်နေပြီပဲ။ သို့တစေ အမေ့ အမူအရာတွေ မအိုစာခဲ့ပေ။ သမီးနှင့်ခင်ပွန်းကြားမှာ အမေ့ လှုပ်ရှားမှုတွေ တက်ကြွလန်းဆန်းနေတတ်သည်။ ကျွန်မကို ကြည့်သော အမေ့ မျက်ဝန်းများသည် အစဉ်သဖြင့် ရွှမ်းစိုတောက်ပြောင်နေ၏။ နက်ရှိုင်းသော အမေ့မျက်ဝန်းများကို အကျွမ်းဝင်ပြီးသားမို့ အလွယ်တကူ အဓိပ္ပာယ် ဖွင့်ဆို

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ၏။ အမေ့နှလုံးသားအတွင်းဆုံးလွှာမှ မေတ္တာ စေတနာ ကရုဏာ အကြင်နာတွေကို အမေ့မျက်ဝန်းပေါ်မှာ ရှာတွေ့နိုင်သည်ပဲ။

တာဝတိံသာနတ်နန်းမှာ စံမြန်းနေသည့် နတ်သမီးများပမာ ဘုံပြာသာဒ် အဆင့်ဆင့်ဖြင့် တင့်တယ်ပြည့်စုံစွာ နေနိုင်သော ရာဇဂြိုဟ်သူဌေးကြီး၏ သမီး ပင်ဖြစ်လင့်ကစား မိဘစကားကို နားထောင်ပြီး မိဘနှစ်ပါးပြုသမျှ နုခဲ့ရပါ သည်။ အဝန္တိဒက္ခိဏာပထတိုင်း ကုရရဃရမြို့သားနှင့် လက်စုံချ ထိမ်းမြား ကာ လင်ယောကျ်ားနောက်တော်ပါးသို့ တစ်ဖဝါးမခွာ လိုက်ပါသွားခဲ့ရပါ သည်။

မိဘစကားကို နှုတ်မလှန် မငြင်းဆန်။ မိဘဆုံးဖြတ်တာ မှန်သမျှ ခေါင်းငုံ့ခံကာ ဘယ်ဆီဘယ်ဝယ် မသိရသော မိဝေးဖဝေး အရပ်တကျေးသို့ ငေးငေးဆွေးဆွေး လိုက်သွားရရှာသည့် သမီးကလေးအား မိန်းမသားချင်း အမေကိုယ်ချင်းစာပေလိမ့်မည်။ သမီးအပေါ် အမေ့မေတ္တာနှင့် ကြင်နာမှုသည် ရင်သိမ့်သိမ့်ခါအောင်ပင် ပြည့်လျှံဝေကျနေပါလိမ့်မည်။ ကျွန်မယုံကြည်ပါ သည် အမေ။

အမေ့ကိုလည်း ကျွန်မ ကိုယ်ချင်းစာတတ်ပါပြီ။

ယခု ကျွန်မရင်မှာ သန္ဓေသားလွယ်ထားရသည်လေ။

"ယောကျ်ားဖောင်စီး မိန်းမမီးနေ" ဆိုသည့် စကားအတိုင်း အသက် အန္တရာယ်နီးကပ်လှသော မီးဖွားခြင်းကိစ္စအတွက် ဘယ်လောက်ဝေးဝေး အမေ့ ရင်ခွင်ဆီပြေးလာပြီး အမေ့မေတ္တာကို အားကိုးတကြီး ခိုလှုံခဲ့ရပါသည်။

သားလား သမီးလားပင် မခွဲခြားနိုင်သေး။ ရင်သွေးဟူသောအသိမျှဖြင့် အတိုင်းအဆမဲ့ အနှိုင်းမဲ့သော မိခင်၏ ချစ်ခြင်းမေတ္တာသည် ကျွန်မ၏ နှလုံး သားမှာ တဖွားဖွားပေါ်လာပါ၏။ ရင်သွေးကို ယုယပိုက်ထွေးလိုသည့် အာသာ နှင့် ကြင်နာမှုကား နှလုံးသားကို အတားအဆီးမဲ့ တိုးဖွင့်ဖို့ အရှိန်ယူနေကြပြီ ဖြစ်ပါသည်။

ကိုးလတိုင်တိုင် ဝန်ထုပ်ဝန်ပိုးတစ်ခုလို လွယ်ထားရသည်မှာ မိခင်တိုင်း ကြီးစွာ ပင်ပန်းဆင်းရဲလှပါ၏။ ချဉ်စပ်ဖန်ခါး စူးရှသည့် အရသာများကို

www.burmeseclassic.com

www.burmeseclassic.com



လည်း သွားရည်ကျပါလျက် သနွေးသားအနေခက်မည်စိုးကာ မစားနိုင် မမျိုရက်။ အအိပ်ခက် အစားပျက်ဖြင့် ဆင်းရဲပင်ပန်းခြင်းဒဏ်ကို သားသမီးအပေါ် အားကြီးသည့်မေတ္တာဖြင့် မိခင်တိုင်း ကျေကျေနပ်နပ် ခံယူသည်းခံကြရာသည်ချည်း။

လှုပ်လှုပ်ရွရွ ရှိလာသော ကမ္ဘာဇလေကြောင့် မခံချိမခံသာ ပိုမိုပင်ပန်းလာပါသည်။ ချွေးများလည်း ရွှဲနစ်၍လာ၏။ လောသာပြတင်းကို ဖွင့်လျက် သက်သာခွင့်ရရန် လေညင်းခံကာ အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။

စိုနေသောချွေးများ ခြောက်သွားအောင် ပြတင်းပေါက်ကို ကျောပေးကာ မှီရပ်လိုက်ပါသည်။

လိုအပ်လျှင် အဆင်သင့်ခေါ်နိုင်အောင် အစေခံမလေးမာလာကို မျက်လုံးကစားလျက် လှမ်းရှာမိ၏။

ကျွန်မ အနည်းငယ် ပြုံးလိုက်ရပါသည်။

ကျွန်မကို စောင့်ကြည့်ရင်း ခုတင်ခြေရင်းက ကြမ်းပြင်ပေါ်မှာ မာလာ တစ်ယောက် ခွေခွေကလေး အိပ်မောကျနေရှာပြီလေ။

× × ×

မည်မျှကြာအောင် ပြတင်းပေါက်မှာ ရပ်နေမိသည်ကို မိမိဘာသာပင် သတိမထားမိလိုက်ပါ။

ပွဲသဘင်သို့ သွားသူများ ပြန်လာသူများ လမ်းပေါ်မှာ ကင်းဆိတ်စပြုနေပြီ။ ညဉ့်လည်း နက်ပြီပဲ။

ဝသန်ဦးပင် ဖြစ်သော်ငြား မိုးသားတိမ်ရိပ်တွေ အဇ္ဈောတစ်ခွင်မှာ မြေးယှက်မထင် ကင်းစင်ကြည်လင်နေသည်။ လပြည့်ဝန်းသည်လည်း ညဉ့်၏ နက်ရှိုင်းသမျှ ရွှမ်းပကာ ချမ်းချမ်းမြမြရှိလှပါသည်။

မိုးနံ့သင်းသည့် လေညင်းများက ပန်းရနံ့တွေကို သယ်ဆောင်လာကြသည်။ ကလူကျီစယ်နေသော ခန်းဆီးစများကို လက်ဖြင့် ထိန်းကိုင်ထားရင်း ဂန္ဓာရုံ၌ တရှိုက်မက်မက် ရှိမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေ့ဤအချိန်ပင်လျှင် . . .

တိမ်တောင်တိမ်လိပ် ရိပ်ရိပ်မျှမထင်သော မိုးကောင်းကင် . . .

ရွှမ်းပပြည့်ဝ သာနိုင်လှသည့် လပြည့်ဝန်း . . .

ပန်းရနံ့တွေ ပျံ့လှိုင်နေသည့် လေပြည်လေညင်းများ . . .

ရောင်စုံပွင့်ဖူး ထူးခြားဝေစည်နေသည့် သစ်ပင်ပန်းပင်တွေ . . .

ဝါဆိုလပြည့်ည၏ သဘာဝအလှသည် ဟဒယမှာ ချမ်းမြေ့ညွတ်မူး ကြည်နူးအံ့ဖွယ်ဖြစ်နေပါ၏။

ရွေ့လျောခဲ့ပြီးသော အချိန်ကာလများစွာတို့ကို အမှတ်မထင် ရှိခဲ့သည်မို့လား။ သည်လိုတော့လည်း ဟုတ်မည်မထင်ပါ။ ပစ္စုပ္ပန်သည်ပင် နှစ်လိုဖွယ် သာယာလွန်းလှ၏။ အဆန်းတကြယ် အံ့ဖွယ်ထူးခြား၍ နေပါလေ၏။

လှပသည့် ရှုပါရုံ . . .

မွှေးကြိုင်သည့် ဂန္ဓာရုံ . . .

ဟော . . .

ထူးဆန်းသည့် သဒ္ဒါရုံ . . .

ကျောရိုးတစ်လျှောက် စိမ့်၍ သွားရပါသည်။

အပြန်အလှန် ပြောဆိုနေကြသည့် စကားသံ။

ဟိုဟိုသည်သည် မျက်လုံးလည်ပတ်ကာ ရှာဖွေမိပါသည်။ ဘယ်မှာမှ မတွေ့။ ဘာကိုမှမမြင် ဘယ်သူမျှ မရှိ။

တကယ့်ကို ထူးထွေဆန်းပြားနေချေသည်။

သတိကြီးစွာဖြင့် အသေအချာနားစွင့်ကြည့်သောအခါ အသံသည် အထက်အရပ်မှ လာ၏။ မိုးကောင်းကင်ပေါ်မှ လာပါ၏။

"အို အဆွေ . . . ဟိမဝန္တာမှာနေခဲ့တာလည်း ကြာပါပြီ။ အခါမဲ့ ပန်းတွေ ဖူးပွင့်ပြီး တောတောင်ရိပ်မှာ သာယာလှတာ တစ်ခါမှတောင် မကြုံခဲ့စဖူးပါ။ အလှကျက်သရေတွေနဲ့ မွေ့လျော်ပြီး ချမ်းသာသုခခံစားဖို့ သင့်ကို ခေါ်ရအောင် ထွက်လာတာ သင်နဲ့ ယခုလို တွေ့ဆုံရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အခါမဲ့ပန်းတွေ ထူးထူးဆန်းဆန်း ပွင့်ရတဲ့ အကြောင်းရင်းကို သင်တကယ် မသိဘူးလား"

"မသိပါဘူး အဆွေ"

"သင်ပြောတဲ့ ထူးဆန်းအံ့ဖွယ် အခြင်းအရာဟာ ဟိမဝန္တာမှာသာမဟုတ်ပါဘူး။ စကြဝဠာထိတိုင် ဖြစ်ခဲ့တယ်လေ။ သင် ဘာမှ မသိရှာခဲ့ဘဲကိုး။ လောကသုံးခွင် ဘုံအပြင်မှာ ဘုရားရှင်ပွင့်တော်မူနေပါပြီ။ ယခုဆိုရင် ဗာရာဏသီပြည် အနီးက ဣသိပတန မိဂဒါဝုန်မှာ ဓမ္မစကြာတရားဦး ဟောတော်မူနေဆဲပေါ့။ ဒါကြောင့် လောကကြီးတစ်ခုလုံး အံ့မဆုံးနိုင်အောင် မဖြစ်စဖူး ထူးထူးကဲကဲ နိမိတ်တွေ ဖြစ်ပေါ်နေတာပေါ့"

အသံလာရာသို့ စူးစိုက်နားစွင့်ရင်း "ဘုရား" ဆိုသည့် စကားကြားလိုက်ရသည်နှင့် ကြက်သီးမွေးညင်း တဖြန်းဖြန်းထကာ တစ်ကိုယ်လုံး မြောက်တက်သွားသလို ခံစားလိုက်မိပါသည်။

လောကမှာ ဘုရားပွင့်တော်မူပြီတဲ့။

မိဂဒါဝုန်မှာ ဓမ္မစကြာဟောတော်မူနေပါသတဲ့။

သူတို့၏စကားများကို စိတ်ဝင်စားကာ ကာယိကဒုက္ခဝေဒနာကိုပင် ကျွန်မ မေ့လျော့နေမိပါသည်။

"တရားနာလာကြတဲ့ စကြဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာအပေါင်းရဲ့ ကိုယ်အရောင်၊ အဝတ်တန်ဆာအရောင်တွေ၊ ကြယ်ရောင် လရောင် နက္ခတ်ရောင်တွေ၊ ပြီးတော့ နဝရတ်ရောင်ထက် ထွန်းပြောင်တောက်ပတဲ့ မြတ်စွာဘုရားရဲ့ ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော်တွေ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အလှဆုံးဖြစ်အောင် ကွန့်မြူးနေတဲ့ မင်္ဂလာညအထူးပါ အဆွေ။ ဗုဒ္ဓ ဘဂဝါ ဂုဏ်ထူး ရရှိတော်မူတဲ့ သုံးလောကသားတို့ရဲ့ ဆရာတစ်ဆူကို ဖူးမြော်စေချင်လွန်းလို့ အဆွေ့ဆီ လာခေါ်တာပါပဲ"

အို-ရှင် . . . ဖြစ်များဖြစ်နိုင်ပါလျှင် . . .

တောင်ပံကလေးတွေ တပ်ဆင်ပြီး ဝေဟာင်ခရီးကို လေဟုန်စီး၍ ငှက်များလို ဝဲပျံကာ မိဂဒါဝုန်သို့ သွားချင်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကထွတ်ထားမြတ်ဘုရားကို အဋ္ဌလီညွတ်ကျိုး လက်စုံမိုးလျက် ရှိခိုး ဖူးတွေ့ချင်ပါ၏။

ဓမ္မတရားတော်ကိုလည်းအာရုံတစ်ပါး စိတ်မသွားဘဲ နာကြားချင်လှပါ၏။

ကျွန်မ၏ ရင်တွင်းမှာ လှုပ်ရှားလာသော ဆန္ဒများစွာ ဘောင်ဘင်ခတ်၍ နေပါသည်။

ဖိတ်ခေါ်ခံရသော ပုဂ္ဂိုလ်ဘက်မှ တိတ်ဆိတ်ငြိမ်သက်နေမှုကို ကျွန်မအားမရ။ သူ့ကိုယ်စား ကျွန်မသာ ဖြစ်ပါက မည်မျှ ကောင်းလိုက်ပါမည်နည်း။

"အဆွေ–သင်တွေ့ခဲ့တဲ့ဘုရားဆိုတာဟာ တာဒိဂုဏ်နဲ့ ပြည့်စုံပါရဲ့လား။ သတ္တဝါတွေအပေါ်မှာ အချစ်နဲ့အမုန်း မခွဲခြားတစ်ပြေးညီတည်းထားနိုင်ပါရဲ့လား။ ဣဋ္ဌအနိဋ္ဌအာရုံ စုံလာသမျှ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက်တွေ ဖယ်ရှားကင်းရှင်းနိုင်နင်းပါရဲ့လား"

သဒ္ဓါတရားသက်သက်ကို ရှေ့တန်းမတင်။ ဉာဏ်ပညာယှဉ်လျက် စူးစမ်းလေ့လာတတ်သော ပုဂ္ဂိုလ်ပေပဲဟု စောစောက အပြစ်မြင်ချင်စိတ်တွေ ပြေလျော့သွားရပြန်သည်။

"ဘယ်လိုများ မေးလိုက်ပါလိမ့် အဆွေ၊ ငါတွေ့ခဲ့တဲ့ ဘုရားဟာ တာဒိဂုဏ်နဲ့လဲ ပြည့်စုံပါရဲ့။ သတ္တဝါတွေအပေါ်မှာ အချစ်နဲ့အမုန်း ခွဲခြားမရှိ–ပကတိ တည်တံ့နိုင်ပါရဲ့။ ဘုရားဖြစ်ချိန်မှာ တာဒိဂုဏ်နဲ့ ပြည့်စုံတာ မဆိုထားနဲ့–ပါရမီဖြည့်ကျင့်တဲ့ ဆဒ္ဒန်ဆင်မင်း ဘဝမှာ အသက်တောင်လုပ်ကြံလာတဲ့ သောနုတ္တိုရ်မုဆိုးကို ရန်ငြိုးမသိဘဲ အစွယ်ကို ကိုယ်တိုင်ဖြတ်ပေးခဲ့တယ်။ မျောက်မင်းဘဝတုန်းကတော့ ခေါင်းကို ကျောက်တုံးနဲ့ ထုသတ်တဲ့ ပုဏ္ဏားအပေါ် အမျက်မထား။ အမိုက်အမှားကို သည်းခံပြီး လမ်းခရီးမှာ ဦးခေါင်းက ကျလာတဲ့ သွေးစက်တွေနဲ့ ညွှန်ပြပေးခဲ့ရှာတယ်။ ဝိဓုရသုခမိန်ဘဝရောက်တော့ ယှူနောခြောက်ဆယ်မြင့်တဲ့ တောင်ပေါ်ကနေပြီး ချောက်ကမ်းပါးထဲ ဦးခေါင်းဖောက်ထိုး ပစ်ချတဲ့ ပုဏ္ဏကဘီလူးကို အမျက်မပွား မေတ္တာထားပြီး တရားဟောဆုံးမခဲ့ပြန်တယ်။ ခန္တီနဲ့ မေတ္တာကို သူမတူအောင် ဖြည့်ကျင့်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ကြည်ညိုဖွယ် အလောင်းတော်ဘဝတွေပါ။ သင်ပြောတဲ့ ကာမနဲ့စပ်ပြီး ကြံစည်မှု ကာမဝိတက်၊ သူတစ်ပါးကို သတ်ဖြတ် ဖျက်ဆီးလိုမှု ဗျာပါဒဝိတက်၊ သူတစ်ပါးကို ညှဉ်းဆဲလိုမှု–ဝိဟိံသဝိတက်တွေလောက်တော့ ဗုဒ္ဓမြတ်စွာဟာ တိမ်သလာကင်းတဲ့ လမင်းကြီးပါ အဆွေ"

"ဒါဖြင့် မေးပါရစေအုံး။ သင်တွေ့ဖူးတဲ့ ဘုရားဟာ ပါဏာတိပါတကံ–အဒိန္နာဒါနကံ–ကာမေသုမိစ္ဆာစာရနဲ့ အဖြဟ္မစရိယကံတွေကို ကင်းကင်းရှင်းရှင်း ရှောင်ကွင်းနိုင်ပါရဲ့လား။ နီဝရဏတရားတွေကို ပယ်သတ်ပြီး ဈာန်သမာပတ်မှ မဆိတ်သုန်းတဲ့သူ ဖြစ်ပါရဲ့လား"

"မြတ်စွာဘုရားဟာ ပိုင်ရှင်မပေးအပ်သော ဥစ္စာကို ခိုးယူခြင်း၊ သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်း၊ ကာမဂုဏ်အာရုံတို့မှ ငြီတွယ်ပျော်မွေ့နစ်မြောမေ့လျော့ခြင်း အလျှင်းကင်းသူဖြစ်ပါတယ်။ ပြီးတော့ ကာမဂုဏ်အာရုံကို တပ်မက်ခြင်း–ကာမစ္ဆန္ဒနီဝရဏ၊ စိတ်ဆိုးစိတ်ပျက်ခြင်း–ဗျာပါဒနီဝရဏ၊ လေးလံထိုင်းမှိုင်း ငိုက်မျဉ်းခြင်း–ထိန မိဒ္ဓ နီဝရဏ၊ စိတ်ပျံ့လွင့်ခြင်း–နောင်တ တစ်ဖန်ပူပန်ခြင်း–ဥဒ္ဓစ္စ–ကုက္ကုစ္စနီဝရဏ၊ ယုံမှားသံသယရှိခြင်း–ဝိစိကိစ္ဆာ နီဝရဏတွေ ပယ်သတ်ပြီး ဈာန်သမာပတ် မပြတ်ဝင်စားနေတဲ့ အရှင်မြတ်လည်း ဖြစ်ပါပေတယ် အဆွေ"

"ကောင်းပြီလေ။ ကာယကံဒုစရိုက်သုံးမျိုးကို ရှောင်နိုင်ပါပြီတဲ့။ မုသာဝါဒ၊ ဖရုသဝါစာ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပတွေကိုရော ရှောင်ကြဉ်နိုင်ပါရဲ့လား"

"လိမ်ညာတဲ့စကား–ကြမ်းတမ်းတဲ့စကား–ကုန်းတိုက်တဲ့စကား–အကျိုးမဲ့စကားတွေ ပြောဖို့မဆိုထားနဲ့ ကာမဝတ္ထုကိုလဲ ခုံမင်တပ်မက်မှု မရှိ။ ဒေါသတရားနဲ့ ဖောက်ပြားမှောက်မှားခြင်းလဲ မရှိ။ အယူမှားခြင်း အခြေခံဖြစ်တဲ့ အမိုက်မှောင်တွေကိုလဲ ဖယ်ရှားလွန်မြောက်သူစင်စစ်ဖြစ်ပါတယ်။ တရားအလုံးစုံကို ဆရာမကူ သယမ္ဘူဉာဏ်နဲ့ ကိုယ်တိုင်ထိုးထွင်းသိမြင်လို့ ဗုဒ္ဓမည်တွင်တဲ့ အရှင်မြတ်ဖြစ်ပါတယ် အဆွေ"

မြတ်ဗုဒ္ဓ၏ ပယ်အပ်သော ကာယဒုစရိုက် ဝစီဒုစရိုက်များသည်ပင်

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်အဖြစ် ကျွန်မအား ဆုံးမညွှန်ပြဘိသကဲ့သို့ ရှိချေသည်။

သီလသည် ကုသိုလ်၏အစဖြစ်၏။ သာသနာတော်၏အစကောင်းခြင်း ဖြစ်၏။ သီလဖြင့်ကာယကံမြောက် ကျူးလွန်တတ်သော ဝိတိက္ကမကိလေသာတို့ကို ပယ်ခွာနိုင်ပါလိမ့်မည်။

မကောင်းမှု အကုသိုလ်ကံကို မပြုလုပ်ရှောင်ကြဉ်သောအားဖြင့် အပြစ်ကင်းသော ဂုဏ်နှင့် ပြည့်စုံလာနိုင်သည်။ ကာယကံ ဝစီကံတို့ကိုကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်လျှင် ကောင်းမှုကုသိုလ်တို့၏ တည်ရာ ဖြစ်လာနိုင်ပါသည်။ ကာယကံ ဝစီကံတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ မနောကံက အဓိကဖြစ်ပါသည်။

သီလစင်ကြယ်ခြင်းသည် စိတ်နှလုံး၏ ရွှင်လန်းဝမ်းမြောက်ကြောင်း၊ ချမ်းသာသုခရောက်ကြောင်းပင် ဖြစ်ပါ၏။

ထိုသို့ နားလည်သိရှိခွင့်ရသောကြောင့် ကုသိုလ်ဉာဏသမ္ပယုတ်စိတ်များသည် ကျွန်မ၏နှလုံးသားဝယ် ဘွားခနဲ ပေါ်ပေါက်၍ လာကြပါတော့၏။

"ဗုဒ္ဓလို့ ရဲရဲကြီး သင် အာမခံသူဟာ ဝိဇ္ဇာဉာဏ်နဲ့ ကေန်ပြည့်စုံပါရဲ့လား။ စရဏတရား တစ်ဆယ့်ငါးပါး ရှိသူ ဖြစ်ပါရဲ့လား။ အာသဝေါတရားလေးပါး ကုန်ခန်းပါရဲ့လား။ ဘဝသစ် တစ်ဖန်ပြန်မရောက်နိုင်တော့ဘူးလား"

"ပြည့်စုံပြီလား အဆွေရယ်–ရှေးဘဝကို အောက်မေ့နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်၊ အဆင်းအသွင်အားလုံးကို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်၊ ကိလေသာ–အာသဝေါတရားတို့ကို ပယ်ဖျက်ကုန်ဆုံးစေနိုင်တဲ့ အာသဝက္ခယဉာဏ်၊ ရုပ်နာမ်ကို ပိုင်းခြားသိမြင်နိုင်တဲ့ ဝိပဿနာဉာဏ်၊ သူတစ်ပါးစိတ်ကို သိနိုင်တဲ့ စေတောပရိယဉာဏ်၊ စိတ်နဲ့ကိုယ်ခွဲ ဖန်ဆင်းနိုင်တဲ့ မနောမယိဒ္ဓိဉာဏ်၊ အသံအားလုံးကို ကြားနိုင်တဲ့ ဒိဗ္ဗသောတဉာဏ်၊ တန်ခိုးမျိုးစုံဖန်ဆင်းနိုင်တဲ့ ဣဒ္ဓိဝိဓဉာဏ် . . အဲဒီဝိဇ္ဇာဉာဏ်တွေနဲ့လဲ ပြည့်စုံတော်မူပါတယ်။ ပြီးတော့ . . အလုံးစုံသော တရားတွေမှာ ယုံကြည်ခြင်းသဒ္ဓါ၊ မမေ့လျော့ခြင်းသတိ၊ မကောင်းမှုမှ ရှက်ခြင်း ဟိရီ၊ မကောင်းမှုမှကြောက်ခြင်း ဩတ္တပ္ပ၊ အားထုတ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဝီရိယ၊ အကြားအမြင်များခြင်း သုတ၊ မှန်စွာပိုင်းခြားသိမြင်ခြင်း ပညာ၊ အတိုင်းအရှည်ဖြင့် စားသောက်ခြင်း ဘောဇနေမတ္တညူ၊ အအိပ်အနေနည်းခြင်း ဇာဂရိယာနုယောဂ၊ ကိုယ်ကျင့်ပြည့်စုံခြင်း သီလ၊ ဣန္ဒြေပြည့်စုံခြင်း ဣန္ဒြိယသံဝရ၊ ပထမဈာန်–ဒုတိယဈာန်–တတိယဈာန်–စတုတ္ထဈာန် . . . အစရှိတဲ့ စရဏတရား တစ်ဆယ့်ငါးပါးနဲ့လဲ ပြည့်စုံတော်မူပါပေတယ်။ သင်နောက်ဆုံးမေးတဲ့ အာသဝေါတရားလေးပါး . . . ကာမဂုဏ်အာရုံကို ခုံမင်တဲ့ ကာမာသဝ၊ ဘဝကို ခုံမင်တဲ့ ဘဝါသဝ၊ နာယူမှားပြီး တွေဝေနေတဲ့ ဒိဋ္ဌာသဝ၊ အမှောင်လွှမ်းပြီး တွေဝေနေတဲ့ အဝိဇ္ဇာသဝ . . . ဒါတွေလဲ အပြီးသတ် ပယ်ဖြတ်ခဲ့ပါပြီ။ အာသဝက္ခယဉာဏ် ရကတည်းက အာသဝေါတရား ကုန်ခန်းခဲ့တာပဲ အဆွေ။ ဘဝသစ်ကိုလဲ တစ်ဖန်ပြန်မရောက်နိုင်တော့ဘူး။ သံသရာကို ဖြတ်တောက်နိုင်ခဲ့ပြီပဲ”

ကောင်းလေစွ . . . ကောင်းလေစွ။

သြော် . . . ကောင်းလှပါလေစွ။

သာမာန် လူသားတို့ အိပ်မက်လောက်ပင် မမက်နိုင်ကြသော ဤတရားများကို ပြည့်စုံအောင် ဘယ်လောက်များ အဆင်းရဲခံပြီး ကျင့်တော်မူခဲ့ပါသနည်း။

လောက၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွားကို စွန့်လွှတ်ခြင်းဖြင့် ပါရမီများစွာကို ဖြည့်ကျင့်ခဲ့ရမည်သာ ဖြစ်ပါသည်။ ထိုဖြည့်ကျင့်အနစ်နာခံခဲ့ရသော ဘဝတို့ကား တစ်ဘဝ နှစ်ဘဝ မဖြစ်နိုင်။ များလှစွာသော အသင်္ချေ အနန္တ ဘဝ ဘဝတို့ကို စတေးခဲ့ရ ပေလိမ့်မည်။

ဗုဒ္ဓမြတ်စွာသည် လောကကသားတို့အား ကယ်တင်ရန်အတွက် မိမိ၏ ဖြူစင်မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာကို ပဓာနထားကာ ဆောင်ရွက်ခဲ့၏။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့်လည်း လောကခံတွေကို မလွဲမသွေကြုံရပေဦးမည်။ ထိုအခါ မတုန်လှုပ်ခြင်း ခန္တီပါရမီကို လက်ကိုင်ထားရပေမည်။ အလုံးစုံသော ဒုက္ခသုခများကို ဥပေက္ခာပြုလျက် တစ်သံသရာလုံး တကုတ်ကုတ်ဖြင့် မှန်မှန်အားထုတ်ခဲ့ရမည်။ ရည်မှန်းချက်–ဆုံးဖြတ်ချက် မပျက်စီးအောင် တစ်ဘဝစာ

www.burmeseclassic.com

www.burmeseclassic.com



မက အနန္တဘဝ ဘဝများ၌ စောင့်ရှောက်ထိန်းသိမ်းခဲ့ရမည်။ ရည်ရွယ်ချက် အောင်မြင်ရေးအတွက် အဓိကလိုအပ်ချက်မှာ သစ္စာတည်းဟူသော မှန်ကန်မှု စွမ်းအားပင် ဖြစ်ပါ၏။

ထိုအမှုသည် ယောကျ်ားကောင်း ယောကျ်ားမြတ်တို့၏ လုပ်ဆောင်ချက် သာတည်း။ ဤယောကျ်ားမြတ်၏ လုပ်ဆောင်ချက်ကား လောကအနေဖြင့် ကျေးဇူးတင်ဖွယ် အားကျဖွယ် ကြည်ညိုဖွယ် ကောင်းလှပါဘိသည်။

"အဆွေတော် ဟေမဝတနတ်မင်း–မြတ်စွာဘုရားရဲ့ စိတ်တော်ဟာ တာဒိဂုဏ်နဲ့လဲ ပြည့်စုံ၊ ကာယကံ ဝစီကံ မနောကံ စင်ကြယ်မှုနဲ့လဲ ပြည့်စုံ လှပါတယ်။ သုံးပါး ရှစ်ပါးဝိဇ္ဇာများနဲ့ တစ်ဆယ့်ငါး စရဏပြည့်ဝပါတဲ့ ဂေါတမနွယ်ဖွား မြတ်ဘုရားကို သွားရောက်ဖူးမြော်ကြပါစို့ရဲ့"

"အဆွေတော် သာတာဂိရနတ်မင်း–ကိုယ်တွင်းကိုယ်ပ နှစ်ဝသော ကိလေသာရန်ကို တွန်းလှန်ချေဖျက်တော်မူခဲ့တဲ့ . . . လောဘတဏှာကို ဖယ်ရှားပြီး ခန္ဓာမျှတရုံ တစ်ထပ်တည်းသော အစာအာဟာရကိုသာ သုံးဆောင် မှီဝဲတော်မူတဲ့ . . . ဆိတ်ငြိမ်တဲ့ ဌာနအရပ်ကို မှီပြီး ဈာန်ဝင်စားနေလေ့ရှိ တဲ့ . . . မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ကို ပိုင်ဆိုင်တော်မူပြီးဖြစ်တဲ့ မြတ်စွာဘုရားကို သွားရောက်ဖူးတွေ့ပါတော့အံ့"

"အို . . . သာတာဂိရနတ်မင်း လောကခံကို ကြောက်ရွံ့ခြင်းကင်းပြီး သည်းခံတော်မူတဲ့ . . . လောက အားလုံးမှာ အတုလဘဂဝါ ဖြစ်တော်မူ တဲ့ . . . ဝဋ္ဋကြာမဟူသမျှ ဆန္ဒရာဂကင်းရှင်းတော်မူတဲ့ . . . မြတ်စွာဘုရား ထံချဉ်းကပ်ပြီး တေဘူမကဝဋ္ဋဒုက္ခမှ လွတ်မြောက်ရာအမှန် မြတ်နိဗ္ဗာန်ကို ရောက်ရာရောက်ကြောင်း တရားကောင်းများကို လျှောက်ထားမေးမြန်းပါ တော့အံ့"

အလုံးစုံသော တိတ်ဆိတ်ခြင်းမျိုးဖြင့် တိတ်ဆိတ်သွားပါတော့၏။

ထက်ကောင်းကင် အာကာဝေဟင်မှာ သဒ္ဒါရုံမျှဖြင့် ကြားခွင့်ရကာ ဗုဒ္ဓ အကြောင်း ပြောဆိုသွားကြသူများကား နတ်မင်းကြီးနှစ်ပါးဖြစ်ကြောင်း အဆုံး သတ်ကျမှ သိခွင့်ရတော့၏။ သူတို့ကား ကျွန်မအပေါ်၌ ကျေးဇူးကြီးမား လှပါ

www.burmeseclassic.com

www.burmeseclassic.com



ဘိသည်။ ဗုဒ္ဓအား မျက်မြင် မဖူးတွေ့ရသော်လည်း ဉာဏ်မြင်ဖူးတွေ့ခဲ့ရပြီ။ ဂုဏ်တော်ကို အာရုံမှန်းကာ အထပ်ထပ်ဝင်စားမိပါ၏။

သံသရာစက်ကို အရဟာတ်မဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်တော်မူသော မြတ်စွာဘုရား . . .

အလုံးစုံသော တရားတို့ကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား . . . သုံးပါး ရှစ်ပါး ဝိဇ္ဇာများနှင့် ဆယ့်ငါးစရဏ ထိုနှစ်ဝကို မုချမသွေ သိမြင်တော်မူပါပေသော မြတ်စွာဘုရား . . .

ပါရမီ ပဋိပတ် အကျင့်မြတ်ဖြင့် မပြတ်သမ္ဗောဓိ မလပ်ယှဉ်လျက် သဗ္ဗညုဉာဏ်တော် ရကြောင်းမျှော်ကာ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား . . .

နတ်မင်းကြီးများထံမှ ကြားရသော မြတ်စွာဘုရား၏ ဂုဏ်တော်တို့သည် ကြည်ညိုနှစ်လိုဖွယ် ကောင်းလှပေစွ။ မျက်လုံးအစုံကို မှိတ်လျက် နက်ရှိုင်းစွာ သက်ဝင်ယုံကြည်သော စိတ်များသာ အခါခါ–အထပ်ထပ် မပြတ်မလပ် ကြိမ်ဖန်များစွာဖြင့် စူးစူးစိုက်စိုက် မဆုတ်မနစ် နှလုံးသွင်းမိလေသည်။

ဘုန်းတော် အနန္တ–ကံတော် အနန္တ–ဉာဏ်တော် အနန္တနဲ့ စကြဝဠာကမ္ဘာ မြေမိုး–ဖြန်းဖြန်းကျိုးမျှ–တန်ခိုးတော် အနန္တနဲ့ ပြည့်စုံတော်မူလို့ . . . လူနတ်ပြဟ္မာ သတ္တဝါတို့ရဲ့ မြတ်သောအလှူ ပူဇော်အထူးကို ခံယူတော်မူထိုက်လှပါပေတယ်။

တစ်ထောင့်ငါးရာ ကိလေသာတို့မှ အဝေးကြီးဝေးကွာအောင် ပြေးခွာရှောင်ခဲ့တာမို့ မြတ်စွာဘုရားရဲ့ မျက်နှာတော်ဟာဖြင့် ကိလေသာမြူ အညစ်အကြေးရယ်လို့ တစ်စက်ကလေးမှ ရေးရေးမထင် ဝါသနာအငွေ့အသက်ပင် မကျန်အောင် ပကတိကင်းစင် ကြည်လင်တော်မူပေလိမ့်မယ်။

ဆိတ်ကွယ်ရာဆိုပြီးတော့ မကောင်းမှု ဒုစရိုက်တွေကို တိုးတိုးတိတ်တိတ် ယိုးယိုးရိပ်ရိပ်ကလေးတောင်မှ ပြုတော်မမူ ပြောတော်မမူ ကြံစည်တော်မမူ ပါဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ ယုံကြည်အားထားဖွယ် ချစ်ခင်ကြည်ညိုဖွယ် ရှိသေမြတ်နိုးဖွယ်ကောင်းလိုက်ပါသလဲ။ လှျို့ဝှက်ဖုံးကွယ်တဲ့ သဘောတွေ မျက်နှာတော်မှာ ရှာလို့တောင်တွေ့မယ် မဟုတ်ပါဘူး။

စင်ကြယ်တော်မူလွန်းတဲ့ မြတ်စွာဘုရား . . .

သန့်ရှင်းတော်မူလွန်းတဲ့ မြတ်စွာဘုရား . . .

ဖြောင့်မတ်တော်မူလွန်းတဲ့ မြတ်စွာဘုရား . . .

ပဋိစ္စသမုပ္ပာဒ် သံသရာစက်ရဟတ်ရဲ့ အကန့်အကွက်အချက်အချာ အဝိဇ္ဇာနဲ့ တဏှာကို ဖွေရှာသုံးသပ် ချိုးဖြတ်ဖျက်ဆီးတော်မူခဲ့ပါပြီတဲ့။

ဘဝဇာတ်ကိုလည်း အပြီးသတ် စခန်းသိမ်းတော်မူခဲ့ပါပြီတဲ့။

ဝဋ္ဋဒုက္ခစပ်သိမ်းမှုလည်း အဆုံးတိုင် လွတ်ငြိမ်းခဲ့ပါပြီတဲ့။

သြော် . . . ကိုးကွယ်ရာအစစ် အဖြစ်ကြီးဖြစ်တော်မူပါတဲ့ မြတ်စွာဘုရား . . . ။

တစ်ခုတည်းသော ဂုဏ်တော်၏ အာရုံပေါ်သို့ ဖြောင့်တန်းတည့်မတ်စွာ နစ်ဝင်လျက် ဂုဏ်တော်အရှိန်၌ ငြိမ်ဝပ်ကာ တည်ကြည်နေသောအခါ ရာဂ ဒေါသ မောဟ တို့ဝင်ရောက်နှိပ်စက်ခြင်း မရှိသဖြင့် နီဝရဏတို့မှ ပစ္စုပ္ပန်ကျကျ တဒင်္ဂကင်းကွာ ရပါ၏။

ဂုဏ်တော်ကို တစိမ့်စိမ့် နှလုံးသွင်းလေ–ကြည်ညိုစိတ်တွေ တသိမ့်သိမ့်တိုးလေ–နီဝရဏတရားတို့ ကင်းကွာလေ–စိတ်ချမ်းမြေ့ငြိမ်းအေးလေ ဖြစ်ရပါပေ၏။

ညဥ့်ကာလရှည်လျားသမျှလည်း မေ့စက်အိပ်ပျော်ခြင်းငှာ မစွမ်းသာတော့ပါချေ။

ဉာဏ်မြင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား . . . မြတ်စွာဘုရား၏ ဂုဏ်တော် . . . ထိုထိုတို့ကို အာရုံမှန်းကာ တမ်းတကြည်ညို သဒ္ဓါပိုစိတ် တဖိတ်ဖိတ် တလက်လက် တသက်သက် တသဲသဲ ရှိနေဆဲဝယ်–ကျွန်မ၏ ရင်၌ဖြစ်သော သန္တေသားသည် အမိဝမ်းတွင်းမှ သက်ဆင်းကာ ပိန်းကြာဖက်ပေါ်ရေမတင်လျှောကျဘိသကဲ့သို့ ကျန်းမာပကတိ ချမ်းသာစွာရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအဖို့မှာလည်း မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးကြောင့် ကိုယ်ဝန်ဆောင် မိခင်တို့၏ ဓမ္မတာ ပြင်းထန်စွာ နာကျင်ခြင်း ဝေဒနာတစိုးတစိမရှိ ကင်းလွတ်ခဲ့ရပါပေ၏။

**မြတ်စွာဘုရား ကိုယ်တော်တိုင်သော်လည်းကောင်း၊ ကိုယ်တော်တိုင် ဆုံးမဟောကြားတော်မူအပ်သော ဓမ္မဒေသနာတော်ကိုသော်လည်ကောင်း မဆိုထားဘိ။**

**ဂုဏ်တော်၏ အာရုံမျှသည်ပင် အံ့မခန်းလောက်အောင် ကြီးစွာသော ချမ်းသာခြင်းကို ဒိဋ္ဌမှန်စွာ ပေးစွမ်းနိုင်ခဲ့ပါပြီတည့်။**

× × ×

ငြိမ့်ညောင်းသာယာစွာ ပေါ်ထွက်လာသော စမ်းရေစီးသံဟု ခံစားသိဖြင့် မျက်လုံးကို အသာဖွင့်ကြည့်လိုက်ရပါသည်။

အမေ။

နံနက်စောစောပင် ဖြစ်လင့်ကစား အမေ့မျက်နှာမှာ ချွေးစို့နေ၏။

ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် အမေပျာယာခတ်နေသည်။ ကျွန်မ၏ရင်မှာ အေးချမ်းခြင်းအစဉ် မပြယ်လွင့်သေးသော်ငြား အမေကတော့ ကျွန်မနှင့် ဆန့်ကျင်ပြီး စိုးရိမ်စိတ်များဖြင့် ပူလောင်နေပေလိမ့်မည်။

အုတ်ပူတွေ နနွင်းတွေ နှမ်းထုပ်တွေ အမေစီစဉ်ခိုင်းနေသည်ကို မတားမြစ်ဘဲ ပြုံး၍သာ ငေးကြည့်နေမိပါသည်။ မီးနေသည်တစ်ယောက်အတွက် လိုအပ်သည့် ပစ္စည်းမှန်သမျှ ကျွန်မအဖို့ ဘာမျှမရှိဘဲ ဖြစ်ပါသည်။ မီးနေသည်ပါဟုလည်း မိမိဘာသာပင် မယုံကြည်နိုင်ဖွယ် အခြေအနေဖြစ်၍ နေပါ၏။

တကယ်တော့ ကျွန်မကိုယ်တိုင်ပင် အိပ်မက်တစ်ပုဒ်မှ လန့်နိုးလာရသူနှယ်ရှိချေသည်။

ညနှင့် နေ့မျှလောက်မှာ လောကကြီးအား အသွင်သဏ္ဌာန်ပြောင်းလဲပစ်လိုက်သကဲ့သို့ မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က ကျွန်မသည် ယနေ့ ကလေးအမေ တစ်ယောက် ဖြစ်နေပေပြီ။

ပြီးတော့ . . .

ရင်ကြား နှလုံးသားထဲသို့ တိုးဝင်လာသည့် အာရုံသစ်တစ်ခု . . . ။

"ဘယ်တုန်းက မွေးတာလဲ။ တစ်ညလုံး သမီးတစ်ယောက်တည်း ဘယ်လိုလုပ်နေတာလဲ။ မာလာဆိုတဲ့ မိန်းကလေးကတော့ အလကားပဲ။ ဘာမှ အသုံးမကျဘူး။ အရေးဆိုရင် ဈေးတန်းက အိပ်ပြပါလိမ့်မယ်။ ဒီမိန်းကလေးကို တော့ ကောင်းကောင်းဒဏ်ခတ်အုံးမှပဲ"

အမေ့စကားကြောင့် မာလာခမျာ နေစရာမရှိအောင် ကြောက်ရွံ့ကာ မျက်စိမျက်နှာပျက်သွားပါ၏။ သမီးအပေါ်ချစ်ခြင်း၌ နှိုင်းယှဉ်ပြဖွယ်မရှိ အောင် ကြီးမားလှသော်လည်း အမေ့နှလုံးသားသည် မာလာတည်းဟူသော အစေခံမလေးအပေါ်၌ကား . . .

အမေသည် ပုထုဇဉ် လူသားတစ်ဦးပီသခဲ့ပါ၏။

"မာလာ့ကို အပြစ်မယူပါနဲ့ အမေ။ သမီးအတွက် မလိုအပ်လို့ သူ့ကို မခိုင်းတာပါ။ အစေခံဆိုတဲ့ အလုပ်ကို မရှိဆင်းရဲလို့လာလုပ်တာပါ။ ရိုက်ရင် လဲ နာရုံရှိမယ်။ ဒဏ်ပေးရင်လဲ ခံရရုံရှိမှာပဲ။ ရင်ထဲက ခံစားမှု အဖြူ အမည်း သဲကွဲအောင် ထုတ်ဖော်နိုင်တဲ့ လူ့အခွင့်အရေးမျိုး သူတို့မှာ မရှိရှာပါဘူး။ အားနည်းသူကို ဖိပြီး အနိုင်ယူမယ်ဆိုရင် ဝိဟိံသအသွင် ဆောင်သွား ပါလိမ့်မယ် အမေ"

အမေသည် မျက်ခုံးနှစ်ဖက်မြင့်တက်ကာ ကျွန်မအား တအံ့တဩ ပြန်ကြည့်၏။ ဘဝတစ်သက်တာတွင် ပထမဆုံး အမေ့ကို ပြန်ပြောမိခြင်းဖြစ် ၏။ ကျွန်မရင်ထဲ၌ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ် ခွဲခြားတတ်နေပြီ။ အမေ့ကို အကုသိုလ်စိတ်ဝင်သွားမှာ စိုးရိပ်မိပါသည်။ ကျွန်မ ပြောခဲ့သော စကားများသည် မိဘအား ခွန်းတုံ့ပြန်သော သမီးမိုက်၏ အပြုအမူမျိုး မဟုတ်ဟု မိမိဘာသာယုံကြည်၏။ မိခင်၏မေတ္တာနှင့် ကျေးဇူးတရားကို ဦးထိပ်မှာထားလျက် မိခင်အား ကုသိုလ်လမ်းကြောင်းပေါ်သို့ တည့်မတ် ပေးခြင်းသာ ဖြစ်ရပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် တစ်ညလုံး တစ်ယောက်တည်း ဘာလို့ ဒုက္ခခံနေရတာလဲ။ အမေ့ကို ဘာလို့ မခေါ်ရတာလဲ။ နတ်တွေ လာမွေးပေးလို့လား ကာလီ"

အမေ့ကို ခွင့်လွှတ်သောအပြုံးဖြင့် နူးညံ့စွာ ပြုံးပြလိုက်၏။ အမေ စိတ်ဆိုးလျှင် ကျွန်မ၏ နာမည်ကို ခေါ်တတ်သည်ပဲ။ သားဦးကို ကျွန်မ တစ်ယောက်တည်း ညကြီးသန်းခေါင် မွေးဖွားထားသည့်ကိစ္စ–အမေ မစိုးရိမ်ဘဲ နေပါမည်လား။ စိုးရိမ်စိတ်ဖြင့် စိတ်မဆိုးဘဲ နေနိုင်ပါမည်တဲ့လား။

"ဟုတ်တယ် အမေ။ နတ်တွေလာမွေးပေးတာပဲ ဖြစ်လိမ့်မယ်။ မနာမကျင် မွေးခဲ့တယ်လေ။ မွေးမှန်းမသိအောင်တောင် ညင်သာသက်သာလိုက်တာ။ ဘယ်ဆရာမှလဲ ခေါ်ဖို့မလိုဘူး။ ဘာဆေးမှလဲ ရှာစရာ မလိုတော့ပါဘူး။ အားအင်ကုန်ခန်း နွမ်းနယ်မှုလဲ မရှိဘူး။ ပင်ကိုပကတိအတိုင်း လန်းဆန်းလျက်ပါ အမေ"

ပြောပြောဆိုဆိုခုတင်ပေါ်မှာ ထထိုင်ပြီး ကျွန်မ နံဘေးမှ အနှီးဖွေးဖွေးဖြင့် ထွေးထားသော ကလေးကို ကောက်ချီကာရင်မှာပွေ့ကပ်လိုက်ပါသည်။

"ဘာလေးလဲ"

"သားလေးပါ"

အမေ့ အမေးကို ဂုဏ်ယူစွာ ပြန်ဖြေလိုက်ပါသည်။ ကျွန်မ၏ သားလေးအတွက် ဆုံးဖြတ်ချက်တစ်ခုလည်း ချပြီးသားမို့ ပိုမိုကျေနပ်စွာ ဂုဏ်ယူမိခြင်းဖြစ်ပါ၏။

"နတ်တွေ လာမွေးပေးတယ် ဟုတ်လား . . . သမီးမြင်ရလို့လား"

အမေသည် ခပ်စူးစူးမျက်လုံးပြူးကာ အံ့သြဟန် မပြယ်နိုင်ဘဲ ရှိနေသည်။

"နတ်တွေကို မမြင်ရပါဘူး အမေ။ သမီးစိတ်ထဲ ယုံကြည်တဲ့အတိုင်း အမေ့ကို ပြောပြတာပါ။ အဲဒီအချိန်တုန်းက သမီး ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုနေခဲ့တယ်လေ"

"ဗုဒ္ဓ . . . ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အမေ့ အုံ့ဩမှုများ အထွတ်အထိပ် ရောက်သွား၏။

သားလေးကို အမေ့ဆီ လှမ်းပေးရင်း ခေါင်းညိတ်ပြလိုက်ပါ၏။ ညက အဖြစ်အပျက်တွေကိုလည်း အကုန်အစင် ပြောပြရပါသည်။ အံ့ဩမှုများနှင့် အတူ အမေ့မျက်လုံးတွေ နက်ပြောင်တောက်ပလာသည်။ ဗုဒ္ဓအား ကိုးကွယ်ရာ အစစ်ဟု အမေ ယုံကြည်သိမှတ်သွားပေပြီ။

"နတ်မင်းကြီးတွေ ကောင်းကင်မှာ ဆိုပြီး ပြောခဲ့ကြတဲ့စကားကြောင့် ဗုဒ္ဓပွင့်ထွန်းတော်မူပြီဆိုတာ သိခဲ့ရပါတယ်။ ဗုဒ္ဓဂုဏ်တော်ကို အထပ်ထပ် အာရုံပြုရင်း သားလေးကို ချမ်းချမ်းသာသာနဲ့ မွေးခဲ့ရတယ်အမေ"

အမေသည် သူ့မြေးကို ငုံ့ကြည့်ပြီး နဖူးပေါ်၌ ကြင်နာညင်သာစွာ နမ်းရှိုက်လိုက်၏။ ပြီးတော့မှ

"ဗုဒ္ဓရဲ့ ဂုဏ်ကျေးဇူးကြောင့်ပေမို့ပဲ သမီးရယ်၊ မဟုတ်ရင် . . . "

မျက်ရည်စမ်းစမ်းဖြင့် ကျွန်မအား ဆိုလာ၏။

အမေ့မျက်ရည်ငွေ့သည် နှလုံးအိမ်တွင်း၌ လှိုက်ဆူသော အပူငွေ့များ ဖြစ်ပါသည်။

သံယောဇဉ်ကြီးလှသည့် အမေ။

အမေ့ရင်မှာ ဝမ်းနည်းဝမ်းသာ ခံစားမှုမျိုးစုံဖြင့် ကတုန်ကယင်ဖြစ်နေ မည်မှာ သေချာသည်။ ယခင်များကတော့ အမေ့မေတ္တာ အကြင်နာတွေအောက် မှာ ကျေနပ်ခြင်းများစွာဖြင့် မွေ့ပျော်ခဲ့ပါ၏။ အမေ့ရင်ခွင်မှာ တွယ်ဖက်ပြီး အမေ့ယုယမှုတွေကို ဝမ်းမြောက်တကြီး ပီတိလှိုင်းစီးခဲ့ရပါ၏။

ယခုတော့ . . .

တစ်ထောင့်ငါးရာကိုလေသာတို့မှာ ဝေးကွာလှစွာသော . . . သံယောဇဉ် ဆယ်ချက် နွယ်ဖွဲ့သွယ်ယှက်ခြင်းလည်းကင်းမဲ့သော . . . ကြီးမားနက်ရှိုင်း သည်နှင့်အမျှ တစ်ပြေးညီတည်းသာရှိသော . . .

ဗုဒ္ဓ၏ မေတ္တာနှင့်ကရုဏာတော်။

အတိုင်းအဆ ပမာဏကိုဖြင့် နှိုင်းပြစရာ ရှဖွယ်မမြင်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . မိဘနှင့် သားသမီး ကြီးစွာသော ချစ်ခြင်းမေတ္တာသည်ပင် လျှင် "ဂေဟဿိတပေမ" ယှဉ်သောကြောင့် အလှမ်းဝေးလှသေးသည် ထင်ပါ၏။

ကျွန်မ အားလုံးကို ခံစားခဲ့ဖူးပြီ။

အားလုံးကို ကျွန်မ နားလည်ခဲ့ပါ၏။

ကျွန်မ၏ အတွေးအမြင်များ ပြောင်းလဲတိုးတက်သွားပြီပဲ။

မျှော်လင့်ချက်သည် အမြတ်ဆုံးအတွက် . . .

× × ×

**အတွေးအမြင် ပြောင်းလဲတိုးတက်ခြင်းသည် ဘဝ၏အဆင့်မြင့်သို့ တစ်လှမ်းတက်ခြင်း ဖြစ်ပါ၏။ ပညာရှိ သူတော်ကောင်းတို့ သိမှတ် ဂုဏ်ပြုချီးမြှင့်မှုသည် တန်ဖိုးမြင့်သောလောက၏ အဆင့်တန်ဆာကို ရစေပါသည်။**

ဇေတဝန်ကျောင်းတော်ဝယ် ရဟန်းပရိသတ် လူပရိသတ်တို့အလယ် တွင် ကျွန်မအား မြတ်ဘုရား သနား ချီးမြှင့်တော်မူ၏။

"တဆင့်စကားကြားသဖြင့် ရတနာသုံးပါး၌ သက်ဝင်ကြည်ညိုကြသူ ငါဘုရား၏ တပည့်မ ဥပါသိကာအပေါင်းတွင် ကာလီသည် အသာဆုံး အမြတ်ဆုံးဖြစ်သည်" တဲ့။

တစ်ဆင့်ကြားရုံဖြင့် ကြည်ညိုသောအရာတွင် အသာဆုံး အမြတ်ဆုံး တေဒဂ်သာမက အစောဆုံး အရိယ သာဝိကာဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။

ထိုမျှ မကသေးပါ။

မိဂဒါဝုန်မှာ ဓမ္မစကြာတရား မြတ်ဘုရားဟောကြားတော်မူသည့် ဝါဆို လပြည့်ည။

ထိုညက မီးရှူးသန့်စင်ဖွားမြင်ခဲ့သော သားကြီးဩရသ "သောဏ ကုဋိကဏ္ဏ"။

www.burmeseclassic.com

www.burmeseclassic.com




သူလည်း "ချိုသာသော တရားဟောရာတွင် အသာဆုံး အမြတ်ဆုံး တေဒဂ်ဘွဲ့"ရ ဗုဒ္ဓ၏လက်ယာတော်ရံ မဟာသာဝက ရဟန္တာမထေရ်မြတ်ကြီး ဖြစ်ခဲ့ပါ၏။

လောကသည် ကျွန်မအတွက် ရှုဗ္ဗာအလှ ပြည့်ဝခဲ့ပါသည်။

ကျွန်မ၏ဘဝသည်လည်း သာသနာတော်၌ တန်ဖိုးမြင့်စွာ ဂုဏ်တင့်ခဲ့ရပါသည်လေ။

www.burmeseclassic.com

www.burmeseclassic.com



# အသွေးယုယု
# အသားယုယု

www.burmeseclassic.com

www.burmeseclassic.com

## အသွေးယူယူ အသားယူယူ

အပြည့်ပြည့်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ နှစ်နှစ်မှာတစ်ကြိမ်ကျ ချီးမြှင့်လျက်ရှိသည့် ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို ၁၉၉၃ ခုနှစ်၊ မေလ ၁၂ရက်တွင် (၃၄)ကြိမ်မြောက် ဆုတံဆိပ်ချီးမြှင့်ရေးအစီအစဉ်ကို ဂျီနီဗာမြို့၌ ရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တင်သွင်းသော မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမကြီး ဒေါ်အမ်(မ်)ယောနမ်အား ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို ချီးမြှင့်လိုက်သည်။

ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ် ချီးမြှင့်ခံရသော သူနာပြုဆရာမကြီး ဒေါ်အမ်(မ်)ယောနမ်၏ ဆောင်ရွက်ချက်များမှာ မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံတွင် ၁၉၈၆–၈၇ ခုနှစ်များ၌ တပ်မတော်နှင့် သောင်းကျန်းသူတို့၏ တိုက်ပွဲကြီးများဖြစ်စဉ်ကာလ မိမိအသက်ကို ပဓာနမထားဘဲ ဒဏ်ရာရရှိသူ လူနာ ၅၀၀ ကျော်တို့အား ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ နေ့ညမအား ပြုစုကုသပေးခဲ့၍ လူနာများ အသေအပျောက် လျော့နည်းခဲ့ရသည်။

ထိုသို့ပြုစုကုသနေစဉ် လိုအပ်သော သွေးများအတွက် မိမိ၏သွေးကိုလည်း ပေးလှူခဲ့သည်။ ထို့အပြင် တိုက်ပွဲများပြင်းထန်နေ၍ ကျေးရွာမှ လူနာများ ဆေးရုံသို့ အချိန်မီ မပို့နိုင်သည့်အခါများတွင် ယင်းကျေးရွာ

www.burmeseclassic.com

www.burmeseclassic.com



များသို့ လိုအပ်တိုင်း သက်စွန့်ဆံဖျား အရောက်သွား၍ ပြုစုကုသပေးခဲ့သည်။

တိုက်ပွဲများဖြစ်ပွားစဉ်ကာလအတွင်း ကောင်းခါးကျေးရွာမှ မိခင်တစ်ဦး အမြွှာကလေးနှစ်ယောက်မွေးဖွားပြီး သေဆုံးသွားခဲ့ရာ ရက်သားမျှသာ ရှိသေးသော ထိုကလေးများအား အခက်အခဲကြားမှ ဒေါ်အမ်(မ်)ယောနမ်က မွေးစားခဲ့သည်။ ယခုအခါ ကလေးနှစ်ယောက်မှာ အသက်ငါးနှစ်ကျော်ပြီဖြစ်ပြီး ကျန်းမာစွာရှိနေသည်။

ဤကဲ့သို့ ကြက်ခြေနီ လူမှုရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းများကို ကိုယ်ကျိုးစွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သော သူနာပြုဆရာမကြီး ဒေါ်အမ်(မ်)ယောနမ်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ဖလောရင့်နိုင်တင်ဂေးဆုတံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။

ဖတ်လက်စ အာရောဂျ ကျန်းမာရေးမဂ္ဂဇင်းကို စားပွဲပေါ်သို့ချလိုက်၏။ ကြည်နူးကျေနပ်ဖွယ်၊ ချီးကျူးလေးစားဖွယ်၊ ပရဟိတ လူမှုရေးစိတ်ဓာတ်ရှိသူပေပဲဟု အတွေးရောက်၏။ တိုက်ပွဲကာလများတွင် မိမိအသက်ကို ပဓာနမထားဘဲ ကျည်ဆန်များကြားဝယ် ခေါက်ပြန်လူးလာ လူနာသယ်ရွှေ့ ထွေးပွေ့ယုယ ကုသဆောင်ရွက်နေရမည့် သည်းထိတ်ရင်ဖို ကယ်တင်ရေးလုပ်ငန်းကို ရုပ်ရှင်ပြဘိသကဲ့သို့ မျက်ဝန်းထဲ၌ တရေးရေးမြင်ယောင်မိပါ၏။ တော်ရုံတန်ရုံလူသားတို့၏ အသည်းနှလုံးတွင် မကိန်းဝပ်နိုင်သော စေတနာမျိုးဖြစ်၍ မြင့်မြတ်လွန်းလှပါ၏။

ဖလောရင့်နိုင်တင်ဂေးဆုသည်ကား . . . ။

အီတလီပြည် ဖလောရင့်မြို့သူ အမျိုးသမီးသူနာပြု နိုက်တင်ဂေးအား အမှတ်တရ ဂုဏ်ပြုသောအားဖြင့် သူမ၏အမည်နာမကိုသုံး၍ သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

နိုက်တင်ဂေးသည် ဖလောရင့်မြို့ဇာတိဖြစ်သော်လည်း အင်္ဂလန်ပြည် ဒါဗီရှိုင်ယားနယ်၌ ကြီးပြင်းခဲ့သည်။ သူမ၏ မိဘများကား မင်းစိုးရာဇာ အထက်တန်းလွှာတွင် ဝင်ဆံ့ကြသော မြေပိုင်ရှင်သူဌေးကြီးများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအနေဖြင့် မိဘ၏ စည်းစိမ်ချမ်းသာကို မွေ့လျော်ခံစားနေဖို့ထက် မွန်မြတ်သောသူနာပြုလုပ်ငန်းကိုသာ ဝါသနာပါခဲ့သည်။ ကလေးဘဝကပင် ခြေကျိုး လက်ကျိုးသော တိရစ္ဆာန်ငယ်များကို အရိုးဆက်ပေးခြင်း၊ ကျပ်စည်းပေးခြင်း ပြုခဲ့သည်။ ဆင်းရဲနွမ်းပါးသော လူအိုလူနာများကို အိမ်တိုင်ရာရောက် ဆေးဝါးများ၊ အစာအာဟာရများ ပေးပို့ခဲ့ပေသည်။ သူမ၏ ဝါသနာနှင့် အပြုအမူကို မိဘဆွေမျိုးများငြိုငြင်ကြ၏။ မိတ်ဆွေသူငယ်ချင်းများကလည်း ကဲ့ရဲ့ကြ၏။

သူတော်ကောင်းတို့၏ စိတ်ဓာတ်မည်သည် ပတ်ဝန်းကျင်ဂယက်ကြောင့် တုန်လှုပ်ရိုးထုံးစံ မရှိရကား သူမ၏ ဝါသနာဆန္ဒကို မဖြစ်ဖြစ်အောင် အကောင်အထည် ဖော်ခဲ့၏။ ဂျာမနီနိုင်ငံရှိ ဆေးရုံများ၊ လန်ဒန်နှင့် အက်ဒင်ဗာရာမြို့ရှိ ဆေးရုံများ၊ ပြင်သစ်ပြည် ပဲရစ်မြို့ရှိ ဆေးရုံများတွင် သူနာပြုအတတ်ပညာနှင့် သူနာပြုအဖွဲ့ဖွဲ့စည်းရေးအတတ်ပညာတို့ကို စုံစုံလင်လင် သင်ကြားခဲ့ပါသည်။

ထို့နောက် လန်ဒန်မြို့ရှိ ဆေးရုံများတွင် ဆေးရုံအုပ်အဖြစ် တာဝန်ထမ်းရွက်လျက် အသက် ၃၃နှစ်ရောက်သောအခါ ဥရောပတိုက်တွင် ကရိုင်းမီးယားစစ်ပွဲ ဖြစ်ပွားလေရာ ရုရှားကိုတိုက်ခိုက်သော တူရကီအား အင်္ဂလိပ်များက ကူညီ၏။ တိုက်ပွဲပြင်းထန်လွန်းသောကြောင့် အင်္ဂလိပ် စစ်သားများ အတုံးအရုံးကျဆုံးကြရသည်။ ဒဏ်ရာရသော စစ်သားများ၊ ဖျားနာသော စစ်သားများသည် ဆေးဝါး မလုံလောက်ခြင်း၊ ပြုစုမည့်သူ မပြည့်စုံခြင်းတို့ကြောင့် မသေသင့်ဘဲ များစွာသေဆုံးကြသည်။ ထိုအခါ နိုက်တင်ဂေးသည် စေတနာအရရောတာဝန်အရပါ သူနာပြု ၃၇ ဦးကို ခေါ်ဆောင်လျက် ရှေ့တန်းစစ်မျက်နှာသို့ ထွက်ခွာသွားလေ၏။

သူမသည် မအိပ်မနား ပြင်းထန်စွာ အလုပ်လုပ်ခြင်းကြောင့် ကျန်းမာရေးချို့တဲ့ ထိခိုက်သွားသည်အထိ ပင်ပန်းခဲ့ရှာသည်။ သို့ရာတွင် ကိုယ်ကျိုးမငဲ့ အများအကျိုးဖက်လျက် စွဲမြဲသောစွဲ၊ ခိုင်မာသောစိတ်ဓာတ်၊ သနားကရုဏာရှေးရှုသော ကြင်နာမှုတို့ဖြင့် တာဝန်ကိုအနည်းငယ်မျှ မလစ်ဟင်းအောင် ဆောင်ရွက်ခဲ့၏။ ညစဉ်ညတိုင်း ညဥ့်နက်သန်းခေါင်တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲမီးအိမ်တစ်လုံးနှင့် တစ်ခန်းဝင် တစ်ခန်းထွက်ကာ လူနာများကို လှည့်လည်ကြည့်ရှုခဲ့၏။ ဤသည်ကို အကြောင်းပြုကာ "မီးအိမ်ရှင်မ" ဟူ၍ ကမ္ဘာတစ်လွှားမှာ ကျော်ကြားခဲ့ပေသည်။

စစ်ပြီးသောအခါ သူမ၏လုပ်ဆောင်မှုအတွက် ဂုဏ်ပြုချီးကျူးခံရပြီး ဆုငွေ ရွှေဒင်္ဂါး ပေါင်ငါးသောင်း ရရှိခဲ့သည်။ သူမသည် ထိုငွေများဖြင့် ပရဟိတသူနာပြုဌာနတစ်ခု ဖွင့်လှစ်ပေးခဲ့သည်။

သူနာပြုလုပ်ငန်းနှင့် ပတ်သက်သမျှ ကိုယ်အား၊ ဉာဏ်အား၊ ငွေအားတို့ဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်မှာ သူမအိုမင်းရင့်ရော်၍ လူမမာအဖြစ် အိပ်ရာထဲ လဲနေသည့်အချိန်ထိပင်တည်း။ သူမ၏ ထူးခြားမွန်မြတ်သည့် စေတနာနှင့် လုပ်ဆောင်ချက်တို့ကြောင့် မည်သည့်မိန်းမသားမှ မရရှိခဲ့ဘူးသော "အော်ဒါအော့မဲရစ်" ဘွဲ့ထူးကို ချီးမြှင့်ခံခဲ့ရပေသည်။

သူမ အကြင်နာတရားရှေ့ထားသော လောကကြီးအား ကျောခိုင်းသွားသည်မှာ ယခုအခါ နှစ်ပေါင်းရှစ်ဆယ် ကျော်လေပြီ။

× × ×

သူနာပြုစုခြင်းသည် အလွန်တရာမြင့်မြတ်သော ပရဟိတလုပ်ငန်းဖြစ်၏။ ဗြဟ္မစိုရ်လုပ်ငန်းလည်း ဖြစ်ပါ၏။

**သူတစ်ပါးအကျိုး၊ လောကအကျိုးကို ဆောင်ရွက်ခြင်းသည် ပရဟိတဖြစ်၏။ မြတ်သောနေခြင်းသည် ဗြဟ္မစိုရ်ဖြစ်၏။**

**မြတ်သော နေခြင်းဆိုသည်ကား . . . မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ဖြင့် နေခြင်းဖြစ်ပါ၏။**

မေတ္တာသည် လောကသားတို့အပေါ် ချစ်ဖွယ်အနေဖြင့် အာရုံပြု၏။ မိမိနှင့်သက်ဆိုင်တော်စပ်သူများအပေါ် ချစ်ခင်ခြင်းသည် မေတ္တာစစ်မဟုတ်၊ တဏှာပေမသာဖြစ်၏။ ဘာမျှမတော်စပ်စေကာမူ အယုတ်၊ အလတ်၊ အမြတ် မရွေး တစ်ပြေးညီထားနိုင်သော ချစ်ခင်မှုသည်သာ မေတ္တာစစ်ဖြစ်၏။

ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့လည်း ထို့အတူပင်ဖြစ်ပါ၏။

မိမိနှင့် မပတ်သက် မဆက်စပ်သော လောကသားတို့အား . . .

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲဒုက္ခရောက်သည်ကို သနားသဖြင့် ကူညီကယ်တင်လိုခြင်းသည် ကရုဏာဖြစ်၏။

ချမ်းသာကောင်းစားသည်ကို မနာလိုမှု–ဣဿာ၊ သူတစ်ပါး၏ စည်းစိမ်ဥစ္စာကို မိမိ၏စည်းစိမ်ဥစ္စာ ဖြစ်စေမှု (အလိုဆိုး)အဘိဇ္ဈာ၊ ဖျက်ဆီးလိုမှု (ပျက်စီးစေလိုမှု) ဗျာပါဒတို့ တို့မထားဘဲ ဝမ်းမြောက်ဝမ်းသာ ရှိနိုင်ခြင်းသည် မုဒိတာ ဖြစ်၏။

အလုံးစုံသော လောကသားတို့အား ဆင်းရဲချမ်းသာ၊ ဝမ်းနည်းဝမ်းသာ၊ အချစ်အမုန်း လျစ်လျူရှုသုံးလျက် ကံသာလျှင် ဥစ္စာဖြစ်သည်ဟု ကမ္မဿကတာ ချထားခြင်းသည် ဥပေက္ခာဖြစ်၏။

ဗြဟ္မစိုရ်ထားနိုင်သူတို့သည် အတ္တဒိဋ္ဌိ ပယ်နိုင်သမျှ ပယ်၏။ ပရဋ္ဌိ ကယ်နိုင်သမျှ ကယ်၏။ ဆောင်ရွက်မှုအားလုံးသည် မိမိအတ္တမှတစ်ပါး အခြားသူတို့၏ အကျိုးကိုသာ မျှော်လင့်တတ်ကြရာ များစွာ လေးစားကြည်ညိုဖွယ်၊ နှစ်သက်အားကျဖွယ် ကောင်းလှ၏။

ဒေါ်အမ်(မ်)ယောနမ်သည်လည်းကောင်း၊ ဖလောရင့်နိုက်တင်ဂေးသည် လည်းကောင်း ဗြဟ္မစိုရ်ကိန်းသော မြင့်မြတ်သူများဖြစ်ကြ၏။ အတ္တကို နိုင်သမျှ ပယ်စွန့်၍ ပရအတွက် ဆောင်ရွက်ခဲ့သူများ ဖြစ်ကြ၏။

အတ္တသမားသည် လူ့ဘဝကို အချည်းအနှီးရခြင်းနှင့်တူ၏။ ပရသမား သည် လူ့ဘဝကို ထိုက်တန်စွာ ရရှိခြင်းနှင့်တူ၏။

ဗုဒ္ဓမြတ်စွာသည် အတ္တကိုပယ်စွန့်ရန် အဓိကအကျဆုံးအနေဖြင့် ဆုံးမ တော်မူ၏။ တဒင်္ဂပဟာန်အားဖြင့် အတ္တကို ခဏသတ်နိုင်လျှင် မိမိကိုယ်ကို လည်းကောင်း၊ မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းကိုလည်းကောင်း ချစ်နေရာမှ မိမိနိုင်ငံကို ချစ်တတ်လာမည်။ ဝိက္ခမ္ဘနပဟာန်အားဖြင့် အတ္တကို ကြာမြင့်စွာ သတ်နိုင်လျှင် မိမိနိုင်ငံကို ချစ်နေရာမှ ကမ္ဘာလူသားကို ချစ်တတ်လာမည်။ သမုစ္ဆေဒပဟာန်အားဖြင့် အတ္တကို အမြစ်ပြတ်အောင်သတ်နိုင်လျှင် ကမ္ဘာ လူသားကို ချစ်နေရာမှ လောကသားအားလုံးကို ချစ်တတ်လာမည်။

အတ္တကို အမြစ်ပြတ်အောင် သတ်နိုင်ရန်ကား အရိယာပုဂ္ဂိုလ်တို့မှသာ တတ်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အမ်(မ်)ယောနမ်နှင့် ဖလောရင့်နိုက်တင်ဂေးတို့သည် သူမတို့၏ နိုင်ငံအသီးသီးကို ချစ်ခင်သောစိတ်ဖြင့် နိုင်ငံသူနိုင်ငံသားတို့အကျိုးအတွက် ဆောင်ရွက်ခဲ့ကြ၏။ အတ္တကို တဒင်္ဂပဟာန် . . . ပယ်ခွာခဲ့ပြီးဖြစ်၏။ တဒင်္ဂ ပဟာန်ပယ်ခွာပြီးသူသည် ဝိက္ခမ္ဘနပဟာန်အားဖြင့် အတ္တကို ပယ်ခွာရန် မခဲယဉ်းတော့ပေ။ သူမတို့သည် အခါအခွင့်ရတိုင်း ကမ္ဘာ့လူသားတို့၏ အကျိုးကို ဆောင်ရွက်ကြမည်သာ ဖြစ်ပါ၏။ ဤမျှသည်ပင် ပုထုဇဉ်လူသား များ အနေဖြင့် အမြင့်ဆုံး၊ အမြတ်ဆုံး စိတ်ဓာတ်ရှိနေသည်ဟု ဆိုနိုင်ပေပြီ။

သို့ကြောင့် သူမတို့ကို သိသူများကြ၏။ အထူးသဖြင့် ဖလောရင့် နိုက်တင်ဂေးဟုဆိုလျှင် ကမ္ဘာတစ်လွှားမှာ မသိသူရှားလှ၏။ "မီးအိမ်ရှင်မ" ဟူ၍ ခေါ်တွင်နေခြင်းမှာ သူမ၏လုပ်ဆောင်ချက်များကို ဖော်ညွှန်းဂုဏ်ပြုခြင်း ပင်ဖြစ်၏။ ကမ္ဘာသူ ကမ္ဘာသားတို့၏ စိတ်နှလုံးဝယ် သူမအား လေးစား ကြည်ညိုခြင်းနှင့်အတူ အမှတ်သညာထားနိုင်ကြခြင်းမှာ သူမ၏ မြင့်မြတ် သော ဆောင်ရွက်မှုကြောင့် ဖြစ်ပါ၏။

ဒေါ်အမ်(မ်)ယောနမ်သည် ဖလောရင့်နိုက်တင်ဂေးဆုကို ၁၉၉၃ ခုနှစ်မှာ ရရှိခဲ့၏။

ဖလောရင့်နိုက်တင်ဂေးသည် အော်ဒါအော့မဲရစ်ဆုကို ၁၉၀၇ ခုနှစ်က ရရှိခဲ့ပါ၏။

သူမတို့၏ ပရဟိတဆောင်ရွက်ချက်များသည် ကမ္ဘာသူ ကမ္ဘာသားတို့ လက်လှမ်းမမီနိုင်သော အချိန်ကာလများ၌ ဖြစ်သောကြောင့် လူသိများ ထင်ရှား ကြ၏။

စင်စစ် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော် ဗုဒ္ဓခေတ်သာသနာတော်၌ လည်း သူနာပြုလုပ်ငန်းများရှိခဲ့ပါ၏။

သူနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့သူများကား အတ္တကို သမုစ္ဆေဒပဟာန် ပယ်သတ်ထားသူများ –အရိယာပုဂ္ဂိုလ်များဖြစ်ပါ၏။

ဗုဒ္ဓသာသနာခေတ်အစပိုင်း

သူနာပြုလုပ်ငန်းကို ဦးစွာစတင်ခဲ့သူကား . . .

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဥပကမှ အစပြုလျက် မိဂဒါဝုန်မှာ ဟောညွှန်ခဲ့ရသည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ငါးဦး၊ ကာလဒေဝီလရသေ့၏တူ နာလက၊ ယသသတို့သားနှင့် သူငယ်ချင်း ၅၄ ဦး၊ ဘဒ္ဒဝဂ္ဂီနောင်ညီမင်းသား ၃၀၊ ရသေ့ ညီနောင်ရှင် ၁၀၀၀ စသည့် အသီးသီးတို့ကို အစဉ်အတိုင်း ကယ်ချွတ်ပြီး သည်၏နောက် သာသနာတော်၌ ရဟန်းပရိသတ်များပြားလာ၏။ တဖြည်း ဖြည်းနှင့် စည်ကားလာ၏။

ဤမျှဖြင့် သူ၏ တာဝန်နှင့် လုပ်ငန်းကား ပြီးဆုံးသွားမည်မဟုတ်သေး ပေ။ အသက်ထင်ရှား ရှိနေသမျှ ကာလပတ်လုံးလောကသားတို့အား၊ အမှောင် တိုက်ပြီး အမိုက်ကြီးမိုက်အောင် ကြဲဆောင်နေကြသည့် ဂိုဏ်းဂဏများကို ရှင်းပစ်ရမည်။ မှားယွင်းစွာလက်ခံယုံကြည်မှုများကို ဉာဏ်အမြင်၌ အမှန် ထင်အောင် လမ်းတည့်ပေးရမည်။ ဘဝ ဘဝေအဆက်ဆက်က ပါရမီဖြည့် ခဲ့သော ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တွေလည်း ချွေချွတ်ရန် များစွာကျန်နေသေးသည်။

**အဖွဲ့အစည်းဆိုသည်မှာ စည်ပင်တိုးပွားရုံမျှဖြင့် မပြီးပြတ်သေး။ အရှည်တည်တံ့စေရန် စနစ်ကျဖို့လိုသည်။ စနစ်ကျမှသာ စည်းကမ်း သေဝပ်မည်။ စည်းကမ်းသေဝပ်မှသာ လူတို့ကြည်ညိုလေးစားကြမည်။ ကြည်ညိုသော လူဒါယကာ ဒါယိကာမ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟုဆိုအပ်သော အကျင့်သုံးဖြာသာသနာကို ဆက်လက်တည်တံ့ခိုင်ခံ့စေရမည်။**

ဤကား ပန်းတိုင်ဖြစ်၏။

ထိုအခါ အဖွဲ့အစည်း၏ ဥပဒေစည်းမျဉ်း လိုအပ်လာသည်။ စည်းမျဉ်း မထားလျှင် အကွပ်မရှိသည့်ကြမ်း ပရမ်းပတာဆိုသကဲ့သို့ ဖြစ်လိမ့်မည်။ ထို့ကြောင့် အခါအခွင့်သင့်တိုင်း ပြဿနာအကြောင်းခြင်းရာတွေ ပေါ်ပေါက် လာတိုင်း ရဟန်းများလိုက်နာရန် ဝိနည်းဥပဒေ စည်းမျဉ်းတွေ ပညတ် သတ်မှတ်ပေးရသည်။

ပုထုဇဉ်ဆိုသည်မှာ ကိလေသာအဆင့်ဆင့်ကို ပယ်သတ်ပြီးသော အရိယာနှင့် မတူနိုင်။ ပုထုဇဉ်ရဟန်းတို့မှာ အဆိုးချည်းမဟုတ်သကဲ့သို့ အကောင်းချည်းလည်း မရှိနိုင်။ ပုထုဇဉ်ပီပီ မှောက်မှား ဖောက်ပြားမိတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ရှိမည်။ အမှားနှင့်ရင်းနှီးမှ အမှန်ကိုရတတ်သည်မို့ မှားသည့်အခါ ဆုံးမတန် ဆုံးမ၍ လမ်းမှန်ပေါ်သို့ တင်ပေးရသည်။ ဆိုးဆိုးရွားရွား မှားယွင်းခဲ့လျှင်ကား သာသနာနှင့် မထိုက်တန်တော့လျှင် သာသနာမှ ဆုံးရှုံးစေသော အပြစ်ဒဏ်ကို ပေးရသည်။ ထိုအဖြစ်မျိုး ရှိလည်းရှိခဲ့ပါသည်။ ဥပဒေမသတ်မှတ်မီ မသိ၍မှားမိကြသည်တော့ အချို့ရှိပါ၏။ ဥပဒေ အတိအလင်း သတ်မှတ်ပြီးသည့်နောက်တွင်မူ ရှားရှားပါးပါး ဖြစ်ခဲသွားပါသည်။

အကြောင်းမူကား သူတို့သည် ဘဝပေါင်းများစွာက ပါရမီဖြည့်ကျင့်ခဲ့သူများဖြစ်ကြ၏။ ဘဝကို၊ လောကကို သံဝေဂဖြင့်ငြီးငွေ့ကာ ရဟန်းအသွင် သက်န်းဆင်ခဲ့သူများ ဖြစ်ကြ၏။ အထူးသဖြင့် စည်းစိမ်ချမ်းသာ၏ ချိုမြိန်မှုကို ပယ်စွန့်လျက် ခါးသီးကြမ်းတမ်းသော တော၏ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်တွင် မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှာ အားထုတ်ကျင့်ကြံနေသူများ ဖြစ်ကြပါ၏။

ထိုအခါ သူတို့သည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံရမည်ဖြစ်၏။ သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ မူလအစပြည့်စုံခြင်းဖြင့် သူတို့၏ ကိုယ်ကျင့်တရားနှင့် စိတ်နေစိတ်ထားများ ဖြူစင်မြင့်မြတ်လာမည် ဖြစ်ပါ၏။

ရဟန်းတို့သည် သီလ သမာဓိ ပညာ အကျင့်သုံးဖြာကို ပြည့်စုံအောင် ကြိုးစားလျက် ရာဂ ဒေါသ မောဟ စသည့် ကိလေသာအညစ်အကြေးများ တစ်ဆင့်ထက်တစ်ဆင့် ပါးလျားသွားစေရမည်။ ကွယ်ပျောက်သွားစေခြင်း ရှိရမည်။ စင်ကြယ်နေသော စိတ်နှလုံးပေါ်၌ တည်ရှိနေသည့် အကျင့်သည် ဓမ္မဖြစ်၏။ ထိုဓမ္မဖြင့် လူတို့အား ဆုံးမပဲ့ပြင်ပေးရမည့် ပုဂ္ဂိုလ်သည် လူတို့ထက် အဆများစွာ သာလွန်ဖြူစင်သောအကျင့် ရှိနေရမည်။ လူတို့ထက် သာလွန်ထူးခြားသော ဣန္ဒြေ၊ စိတ်ထား၊ သီလ စသည်ဖြင့် အားလုံး အရာရာတိုင်း။

သို့ကြောင့် ရဟန်းတို့အတွက် ဥပဒေသည် လူတို့၏ ဥပဒေထက် အရေအတွက်လည်းများ၏။ လိုက်နာရမည့် ဥပဒေအဆင့်သည် ပို၍မြင့်၏။ အနှစ်သာရအားဖြင့် ခက်ခဲနက်နဲ၏။ စည်းမျဉ်းဘောင်အားဖြင့် အဆများစွာ တင်းကျပ်၏။

www.burmeseclassic.com

www.burmeseclassic.com



လူတို့နှင့် နေထိုင်ကျင့်သုံးမှု တစ်ပြေးတည်းရှိပါက ရဟန်းတို့သည် လူနှင့်ဘာများခြားနားတော့မည်နည်း။ လူတို့ ဘယ်သို့ အထင်ကြီးလေးစားကြည်ညိုနိုင်တော့အံ့နည်း။ ထိုထိုအကြောင်းများကြောင့် ရဟန်းများအား လူတို့ထက် ပိုမိုခက်ခဲနက်နဲတင်းကျပ်သော စည်းမျဉ်းဥပဒေကို ကျင့်သုံးစေရသည်။ ဤသို့ကျင့်သုံးမှသာ လူတို့သည် သဒ္ဓါပိုကြည်ညိုကာ ဆည်းကပ်ရာအားထားရာအစစ်ဟု ယုံကြည်သိမှတ်လာကြမည်။

မိမိဘက်က ဖြူစင်မြင့်မြတ် ဖြောင့်မတ်မှန်ကန်သော အကျင့်သီလရှိလျှင် ဆွမ်း–ခဲဖွယ်–ဘောဇဉ် စသည့်စားရေး၊ သင်္ကန်းစသည့် ဝတ်ရေး၊ ကျောင်းစသည့် နေရေးတို့သည် လူဒါယကာများ၏ သဒ္ဓါတရားအလျောက် လှူဒါန်းပေးကမ်းခြင်းဖြင့် ပြည့်စုံလာလိမ့်မည်။ ရဟန်းတို့အနေဖြင့် မမျှော်လင့် မတောင့်တရ။ စိုးရိမ်သောကလည်း ဖြစ်ဖွယ်မရှိ။

သပိတ်ဖြင့်ခံ၍ စားအပ်သောဆွမ်း၌ ဘောဇနေမတ္တညုဖြစ်ခြင်း၊ သုံးထည်သောသင်္ကန်း၌ အပိုမဆောင်သောအားဖြင့် သန္တုဋ္ဌိဖြစ်ခြင်း၊ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်–ထို့ထက်ပို၍ ဝေဠုဝန် ဇေတဝန်ကျောင်းများ၌ စာဂရိယာနုယောဂနှင့် ညီညွတ်ခြင်းရှိလျှင် လုံလောက်ပေပြီ။ ရဟန်းတို့အတွက် ဝတ္ထုကာမ၌ လောဘတဏှာ ဖြစ်ဖွယ်မရှိ။

ရဟန်းတို့အတွက် စားရေး၊ ဝတ်ရေး၊ နေရေး အဆင်ပြေသင့်သလောက်ပြေပြီ။ ရှေ့ဆက်ပြီး လိုအပ်ချက် ၁စ်ခု ကျန်သေးသည်။ အရေးကြီးဆုံးလည်း ဖြစ်ပါ၏။

ရဟန်းတို့၏ ကျန်းမာရေး . . .

ဤအချက်ကျန်ခဲ့သည်မှာ အကြောင်းမတိုက်ဆိုင် မပေါ်ပေါက်သေးတာကြောင့်လည်း ဖြစ်သည်။ စီစဉ်ဆောင်ရွက်ရန်မှာလည်း အချိန်နှင့်အမျှ နားရသည်မရှိခဲ့။

လူ့ပရိသတ် နတ်ဗြဟ္မာပရိသတ်တွေကို အလှည့်ကျတရားဟောရသည်။ ဉာဏ်အာရုံ၌ ထင်လာသောပစ္ဆိမဘဝိကပုဂ္ဂိုလ်များကို နီးဝေးမဆို သွားသင့်ကကိုယ်တိုင်သွား၍ ကယ်ချွတ်ပေးရသည်။ ရဟန်းတို့အား ပရိယတ်လည်းပြောပေးရသည်။ ပဋိပတ်လည်း ညွှန်ပြပေးရသည်။ အခါအားလျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသော ပြဿာနာတွေကိုလည်း ဖြေရှင်းပေးရသည်။ ထိုပြဿနာတွေပေါ်မူတည်ပြီး ဝိနည်းသိက္ခာပုဒ်တွေကို ပညတ်ပေးရသည်။ ရဟာန်းတို့ နေမှု ထိုင်မှုတွေကိုလေ့လာပြီး မုံစံကျအောင်ပြုပြင်ပေးရသည်။

များလှသည့်တာဝန်တွေကြားမှ အလှူအတန်းအပင့်အဖိတ်များရှိလာလျှင် အလှူရှင်များ၏ လိုအင်ဆန္ဒကိုလည်း ဖြည့်ပေးရသေးသည်။ ကိုယ်ပိုင်အချိန်ကား နည်းပါးလှစွာ၏။ နည်းလွန်းလှသော အချိန်ကလေးမျှမှာပင် ဖလသမာပတ်၊ နိရောဓသမာပတ် ဝင်စားရသည်။ ထိုသို့ သမာပတ်ဝင်စားချိန်သည် သူ့အတွက် အနားယူချိန်ပင်တည်း။ ညဥ့်သုံးယာမ်မှာပင် သူသည် တစ်ယာမ်မျှသာ လျောင်းစက်ခွင့်ရသည်ပဲ။

ယခုလည်း ကျောင်းအသီးသီးတို့၌နေကြသော ရဟာန်းတို့၏ နေထိုင်မှုတွေကို လှည့်ပတ်ကြည့်ရှုရန် ထွက်လာခဲ့၏။

အဆောင်ဆောင်အခန်းခန်းမှာ မိမိတို့၏ တာဝန်နှင့် ဝတ္တရားတွေကို အသီးသီးဆောင်ရွက်နေကြသည်။ ဣန္ဒြေပြည့်စုံခြင်း၊ ညင်သာသိမ်မွေ့ခြင်း၊ တိတ်ဆိတ်ခြင်းများဖြင့် လှပ်ရှားနေကြသည့် သူ၏တပည့်ရဟာန်းတို့သည် ကျေနပ်ဖွယ်ဖြစ်၏။

အချို့ကား အတော်အလှမ်းဝေးဝေး သစ်ပင်များအောက်၌ ကမ္မဋ္ဌာန်းအလုပ်ကို ကြိုးကုတ်အားထုတ်နေကြသည်။

ထက်ဝန်းကျင်သည် စိမ်းစိုအေးမြနေ၏။ ကျေးငှက်သာရကာတို့၏ ရင့်ကျူးသီကြွေးသံမှတစ်ပါး ပကာတိ သဘာဝအတိုင်းသာ ရှိချေသည်။

သူ တစ်လှမ်းချင်း ဖြည်းညင်းစွာလျှောက်လာ၏။ တပည့်ရဟာန်းများ ကိုင်းညွတ်သောကိုယ်ဖြင့် လက်အုပ်အဥ္ဇလီချီကာ ရှောင်ထွက်သွားကြသည်။ သူ၏လုပ်ဆောင်ချက်တာဝန်ပိုင်းများကို သိသောကြောင့် ဖြစ်ပေလိမ့်မည်။

"အင်း . . . ဟင်း . . . ဟင်း . . . "

"အား . . . ကျွတ် . . . ကျွတ် . . . "

သွားနေသောခြေလှမ်းသည် တုံ့ခနဲရပ်တန့်သွား၏။ ဦးခေါင်းကို ကျောင်းဆောင်ဘက်သို့ မသိမသာစောင်းငဲ့၍ နားစွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဟင်း . . . ဟင်း . . . "

ကျောင်းငယ်ပေါ်သို့ ခြေသံမှုမကြားစေရဘဲ ညင်သာဖွဖွတက်သွား၏။ ချက်ချင်းမဝင်သေးဘဲ တံခါးဝတွင် ခြေစုံရပ်ကာ အတွင်းထဲသို့လှမ်း၍ အကဲခတ်လိုက်၏။

ညောင်စောင်းပေါ်တွင် ဂိလာန ရဟန်းတစ်ပါး။

အခြားဘယ်သူမှ မရှိ။ ခါတိုင်းကျောင်းနှင့် အပြည့်နေကြသော ရဟန်းတွေ ဘယ်ရောက်ကုန်ပါလိမ့်။ အခြေအနေကို သူ သဘောပေါက်လိုက်သည်။

အချင်းချင်း . . . အကြင်နာတရားခေါင်းပါးသည့် အဖြစ်မျိုး သူမလိုလား။ ပြဟ္မစိုရ်တရား ထားကြစေလို၏။

အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် နံစော်မှုသည် သူ့နှာခေါင်းဆီသို့ ထောင်းခနဲလာတွေ့ထိ၏။ ကိစ္စမရှိ။ နံခြင်းမွှေးခြင်းဖြင့် သူ၏ဈာနပသာဒမှာ ဘာမှထူးခြားလိမ့်မည် မဟုတ်။

ညောင်စောင်းခြေရင်းတွင် သင်္ကန်းတစ်ထည်၊ တချို့တစ်ဝက် ကြမ်းပေါ်သို့ တိုးလို့တွဲလောင်းကျနေ၏။ ညောင်စောင်းအောက်မှာလည်း ရဟန်းအသုံးအဆောင်များ ဖရိုဖရဲပွကြဲနေသည်။ ညောင်စောင်းပေါ်၌မူ သူနာရဟန်း၏ သင်္ကန်းသည် ကျင်ကြီးကျင်ငယ်တို့ဖြင့် အနံ့စူးစူးထွက်လျက် မြင်မကောင်း ရှုမကောင်း ညစ်ပတ်နေလေသည်။

သူနာ၏အနီးသို့တိုးသွားပြီး နဖူးကို ညင်သာစွာစမ်းလိုက်၏။ အဖျားတော့ မရှိ။ ကိုယ်ခံရောဂါ ဝေဒနာတစ်ခုခုကြောင့် ဝမ်းလျှောလွန်ပြီး အားပြတ်လဲနေခြင်း ဖြစ်သည်။ ဆွမ်းဘယ်နေမှန်းမသိ။ ဆေး ဘာသောက်ရမှန်း မသိ။ အနာရောဂါဖိစီးချိန်မှာ ပြုစုသူမရှိလျှင် ဘယ်မျှလောက် အခက်တွေ့သည်ကို သူ ကိုယ်ချင်းစာပါ၏။ သူကိုယ်တိုင်ပင်လျှင် စေတနာမလိမ္မာခဲ့သော အလုပ်အကျွေးရဟန်းများကြောင့် ကသိကအောက်ဖြစ်ခဲ့ရဖူးသည်။ ယခု အာနန္ဒာ အလှည့်ရောက်မှ နေသာထိုင်သာ အဆင်ပြေလာ၏။ လောကစံသည် သူ့အတွက်မဆန်းသော်ငြား ပုထုဇဉ်ရဟန်းများအတွက်မူ ခံနိုင်ရည်ရှိမည် တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အတွေ့အထိကြောင့် သူနာသည် လူးလိမ့်နေရာမှ ငြိမ်သက်သွား၏။ ရေနစ်သူအတွက် မြက်ကလေးတစ်ပင်မျှသည်ပင်လျှင် တွယ်ဖက်ဖွယ်ဖြစ်၏။ ယခုတော့ မြက်တစ်ပင်မဟုတ်။

အကူအညီရဟန်းတစ်ပါးလောက်တော့ လိုအပ်မည်။ သူ နောက်ပြန်လှည့်ကြည့်သည်ဆိုရာ၌ သူ့အဖို့ ဦးခေါင်းတစ်လုံးတည်း လှည့်ရိုးမရှိ။ တစ်ကိုယ်လုံး လှည့်ရခြင်းဖြစ်ပါ၏။

သူမျှော်လင့်သည့် ရဟန်းတစ်ပါးအစားတွေ့ရသူမှာ–

"အာနန္ဒာ . . ."

နှစ်ကိုယ်ကြားမျှ တိုးတိုးခေါ်လိုက်၏။ အာနန္ဒာ သူ့အနီးသို့ သွက်သွက်ကလေးရောက်လာသည်။ သူ၏စိတ်ဆန္ဒကို သိနေသည့်အလား အာနန္ဒာသည် အလိုက်သိစွာ သူနာ၏ညစ်ပတ်ပေရေနေသော သင်္ကန်းကို လဲလှယ်ရန် ဆွဲထုတ်လိုက်၏။

"ရေနဲ့ဆေးကြောပစ်မှသင့်မယ် အာနန္ဒာ"

အာနန္ဒာသည် တုံ့ဆိုင်းမနေဘဲ ချက်ချင်းရေသွားယူ၏။ အာနန္ဒာကိုယ်တိုင် ရေအိုးထမ်းလာသောအခါ ရဟန်းများ ရိပ်မိသိရှိသွားပြီး ကျောင်းပေါ်သို့ အလျှိုအလျှို တက်လာကြ၏။ သူနာပြုစုနေသော သူ့အား မြင်လိုက်ရသည်နှင့် တစ်ကျောင်းတည်းနေ ရဟန်းများ မျက်နှာပျက်ကုန်ကြ၏။ အောက်ချအပ်သောမျက်နှာတို့ဖြင့် ငြိမ်သက်နေကြ၏။ အချို့ရဟန်းများကမူ ဟိုဟာကိုင်ပေးရနိုး၊ ဒီဟာလုပ်ပေးရနိုးဖြင့် အယောင်ယောင်အမှားမှား ရှိနေကြပေသည်။

သူဘာမှ မပြောသေး။ ဘယ်သူ့ကိုမှလည်း မမြင်သကဲ့သို့ သူနာအား သာလျှင် ရေဖြင့်ဆေးကြောသုတ်သင်ကာ သင်္ကန်းလဲလှယ်ပြီးနောက် နွေးနွေးထွေးထွေး ရှိစေသည်။

သူနာမှာလည်း သန့်သန့်ရှင်းရှင်း နွေးနွေးထွေးထွေး သက်သောင့်သက်သာရှိသွားသောကြောင့် ညည်းတွားသံ ထွက်မလာတော့ပေ။ ညောင်စောင်းပေါ်မှာသာ လဲလျောင်းရင်းဖြင့်မှိန်းနေ၏။ သူကိုယ်တိုင်ပြုစုမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိသွားပြီ မို့ သူနာသည် ဝမ်းမြောက်အားတက်ဟန်ဖြင့် စောစောကလို ရှုံ့မဲ့ မနေတော့ဘဲ မျက်နှာလန်းဆန်းသွား၏။

အညစ်အကြေးများကို မရွံမရှာ သူကိုယ်တိုင် ကိုယ်တွယ်လုပ်ကိုင်ပေးသောကြောင့် အချို့ရဟန်းများမှာ မနေသာတော့။ သက်နှ်းဟောင်းကို ပျာပျာသလဲယူ၍ သွားရောက်လျှော်ဖွပ်ပေးကြတော့၏။

ဤသတင်းသည် ကျောင်းအရာမ်အတွင်း ခဏချင်းပျံ့နှံ့ပြီး ရဟန်းများသူ့ထံ စုဝေးရောက်ရှိလာကြကုန်သည်။

"ရဟန်းတို့ . . . "

ကျန်းမာရေးဆောင်ရွက်ချက်အတွက် လမ်းညွှန်ဆုံးမရန် အချိန်တန်ပြီ။

"သင်တို့ဟာ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို ပယ်စွန့်ပြီး၊ မိဘဆွေမျိုးသံယောဇဉ်နှောင်ကြိုးတွေကို ဖြတ်တောက်ပြီး အကျင့်သီလနဲ့ပြည့်စုံတဲ့ ရဟန်းအဖြစ် ခံယူခဲ့ကြတယ်။ သာသနာ့အဖွဲ့အစည်းထဲ ဝင်ရောက်ခဲ့ကြတယ်။ အရေးတစ်စုံတစ်ရာကြုံလာတဲ့အခါ သာသနာတွင်းက သင်တို့အချင်းချင်း ရိုင်းပင်းကူညီဖို့မျှ ဝန်လေးနေရင် ဘယ်သူ့ အကူအညီကို ယူရမလဲ။ ဘယ်သူ့ကို အားထားရမှာလဲ။ ငါဘုရားရဲ့ အဆုံးအမကို သင်တို့နာယူကြ။ ယနေ့ကစပြီး မကျန်းမမာ ဂိလာနရဟန်းကို ဗြဟ္မစိုရ်တရား နှလုံးသားမှာမွေးမြူပြီး စိတ်ထားဖြူဖြူစင်စင်နဲ့ ကြင်ကြင်နာနာ စောင့်ရှောက်ကြရမယ်။ သာသနာတွင်းက ဂိလာနကို ပြုစုခြင်းဟာ ငါဘုရားကို ပြုစုတာနဲ့ ထပ်တူထပ်မျှပဲ"

ဩဝါဒအဆုံးမှာ ရဟန်းအားလုံး ငြိမ်ကျသွား၏။ မျက်လွှာအသီးသီးချကာ ဓမ္မသံဝေဂ ရကုန်ကြပြီ။

**အနာရောဂါသည် အရိယာနှင့်ပုထုဇဉ်မခွဲ။ ဗုဒ္ဓနှင့် ဗြာဟ္မဏဟု မျက်နှာမလိုက်။ ရုပ်ရှိနေသမျှ ဖောက်ပြန်ယိုယွင်းမည်။ ရုပ်၏ဖောက်ပြန်မှုကို ဝေဒနာနာမ်က ခံစားလိမ့်မည်။ အမျိုးမျိုးဖောက်ပြန်ပြောင်းလဲနေသည့် သင်္ခါရတရားတို့ ဖျော်လင့်၍ မရ။ တားဆီး၍လည်း မဖြစ်။ ကျရောက်လာသမျှ ခံယူရရုံသာရှိ၏။ သို့ရာတွင် ဖြစ်လာခြင်းသည်လည်း မမြဲ။ ပျက်ခြင်း၌သာ အဆုံးတိုင်၏။**

www.burmeseclassic.com

သို့နှင့်ပင် ဘဝတစ်ခု၏ အပြီးသတ်သို့ ရောက်သွားမည်။ အပြီးမသတ်မီ ခရီးတစ်လျှောက်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရားတွေ တိုးပွားနေအောင် ကြိုးစားသင့်ပေ၏။

ဘဝမှ လွတ်မြောက်လိုသူသည် ကျရောက်ဆဲဘဝကို အခြေခံလျက် မိမိအတွက်ပြင်ဆင်ရင်း လောကသားတို့ကိုလည်း မြင့်မြတ်သော စိတ်ဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားရမည်။ မိမိတစ်ဦးတည်း မဟုတ်သော ပတ်ဝန်းကျင်တွင် မိမိသည် အတ္တသမား မဖြစ်စေရ။ အတ္တသင်္ဂဟသို့ ဗျက်နှာမမူရ။ လူကို ပုဂ္ဂိုလ် သတ္တဝါခွဲခြားမမြင်ဘဲ ရုပ်နာမ်အစုအဝေးဟုသာ ကြည့်တတ်မြင်တတ်လျှင် တစ်ပြေးညီတည်းသော စိတ်ကို ထားနိုင်သည်။ မိမိစွမ်းရည်ကိုလည်း လောက၏အကျိုးစီးပွားအတွက်သာ ဆောင်ရွက်လိုသည့် စိတ်မျိုး မွေးမြူသင့်သည်။ ထိုစိတ်သည် သစ္စာကတညာဏ်ယှဉ်သော ပရဟိတစိတ်ဓာတ်ပင်ဖြစ်၏။

ဤခံယူချက်အတိုင်း သူ၏ ဆောင်ရွက်ချက်သည် အားလုံးအတွက် ဖြစ်စေခဲ့၏။

အားလုံး၏ဆောင်ရွက်ချက်သည်လည်း အားလုံးအတွက် ဖြစ်စေလိုသော ဆန္ဒ သူ့မှာရှိနေသည်။

× × ×

“သာသနာတွင်းက ဂိလာနကို ပြုစုခြင်းဟာ ငါဘုရားကို ပြုစုတာနဲ့ ထပ်တူထပ်မျှပဲ”

ဤသို့ ဗုဒ္ဓမိန့်တော်မူခဲ့သည်ဟု သုပ္ပိယာ ကြားသိခဲ့ရသည်။ ဆိုလိုချက်ကိုလည်း သူမ ကောင်းစွာနားလည်ပါ၏။

ဗုဒ္ဓသည် ပုဂ္ဂိုလ် သတ္တဝါခွဲခြားကြည့်မြင်မှုကို မနှစ်သက်။ သူတစ်ဦးတည်းကို သီးခြားခွဲထား၍ ခွင့်ထူးခံအတန်းအစားသို့ သွတ်သွင်းခံရသည်ထက် ရဟန်းအများနှင့် ရောနှောမြင်စေချင်သည်။ အားလုံး တစ်ပြေးညီတည်း သံဃာဟု အမှတ်ထားစေချင်သည်။

www.burmeseclassic.com



အချင်းချင်း ရိုင်းပင်းကူညီမှုတို့သည်လည်း ပုဂ္ဂလဓိဋ္ဌာန်မဖြစ်စေချင်။ လူမျိုးမရွေး အတန်းအစားမရွေး အယုတ်အလတ် အမြတ်မရွေး မိမိနှင့် ဆက်ဆံရသူ၏ အကျိုးစီးပွားကို ဆောင်ရွက်စေလိုသော သဘောသက်ရောက်စေချင်သည်။

အားလုံးနှင့်ထပ်တူပြုချင်းဖြင့် ဗုဒ္ဓအား ဂရုမမူထားသကဲ့သို့ အားလုံးကို ဂရုစိုက် အရေးထားဆောင်ရွက်ကြလိမ့်မည်ဖြစ်သည်။

ဗုဒ္ဓ၏ မေတ္တာ ကရုဏာတို့သည် လောကသားတို့အပေါ် အတိုင်းအတာ ပမာဏမရှိ။ အကန့်အသတ်မဲ့ ဖြစ်၏။ အပိုင်းအခြားကို ကျော်လွန်ခြင်း သဘောရှိ၏။ ဖြစ်နိုင်လျှင် သူနှင့်အတူပင် ဆောင်ယူသွားလိုသည့် လောကသရုပ်ဖြစ်ပေ၏။

ဤမျှကြည်ညိုမြတ်နိုးဖွယ်ကောင်းသော မဟာလူသား ဗုဒ္ဓအား ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်ကျောင်းတိုက်ကြီးတွင် ပထမဆုံး ဖူးတွေ့တရားနာရသည့် အခိုက်မှာပင် သုပ္ပိယာသည် သောတာပန် အရိယာ ဖြစ်ခဲ့၏။

ထို့နောက်တွင် သူမသည် သာသနာတော်အတွက် မိမိစွမ်းနိုင်သည့် ဘက်မှ အထောက်အပံ့ပြုလိုသည့်ဆန္ဒများ တဖွားဖွားပေါ်ပေါက်လာ၏။

သာသနာတော်အတွင်းရှိ ရဟန်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး ဟူသော ဆွမ်း သင်္ကန်း ကျောင်း ဆေး အရေးလေးပါးအတွက် ပစ္စည်းလေးပါး ဒါယိကာမအဖြစ် ခံယူခဲ့၏။ သို့ရာတွင် သူမထက်အဆပေါင်းများစွာ ကြွယ်ဝပြည့်စုံချမ်းသာသော သူမ၏ သူငယ်ချင်း ဝိသာခါက အစစအရာရာ လိုလေသေးမရှိ ဖြည့်စွက်ပံ့ပိုးနဲ့သည်မို့ ဝိသာခါ၏ အစွမ်းထွက်မျှသာလျှင် သူမမှာ ကုသိုလ်ပြုခွင့်ရပါ၏။

အာရောဂျံ ပရမံ လာဘံဆိုသည့် စကားအရ အနာရောဂါ ကင်းရှင်း၍ ကျန်းမာခြင်းနှင့်ပြည့်စုံမှသာ သာသနာအကျိုး သယ်ပိုးဆောင်ရွက်နိုင်လျက် အစွန့်ရှည်ကြာ ခိုင်မာတည်တံ့စွာ စည်ပင်ပြန့်ပွားနိုင်မည်ဖြစ်ပါသည်။

သို့ကြောင့်မို့ သူမ၏ကုသိုလ်စိတ်သည် ဂိလာနရဟန်းသံဃာများ အတွက် ပိုမိုအားကြီးခဲ့၏။ ကျောင်းအရာမ်တွင်း၌ သုပ္ပိယာကိုတွေ့လျှင်

www.burmeseclassic.com

www.burmeseclassic.com



ဂိလာနရဟန်း ရှိနေပြီဟု လူတို့သိမှတ်ရလောက်အောင်ပေ။ စေတနာ အလျောက် ထမ်းရွက်သောတာဝန်အပေါ် သူမသည် အလေးတနက် ရှိခဲ့ပါ၏။

"ဒီနေ့ ကျောင်းသွားစရာရှိသေးလား သုပ္ပိယာ"

"ဘာဖြစ်လို့လဲ ဟင်"

သူမ၏ခင်ပွန်းက မမေးစဖူး အမေးထူးလာသဖြင့် စိုးရိမ်စိတ် အနည်းငယ်ဝင်သွား၏။ သူမ ကျောင်းသွားနေ၊ လူ့ဒါန်းနေသည်ကိုတော့ တစ်ခါမျှ မတားမြစ် မငြိုငြင်ဘူးပါ။ အိမ်မှာကိစ္စအထူးပေါ်၍ မသွားလို့ မဖြစ်ဘူးလား ဟု ပြောလာမှာကိုသာ စိုးရိမ်၏။ ဂိလာနရဟန်းတစ်ပါးအား စတုမဓုပို့ရန် ရှိနေ၏။

"ကျောင်းမရောက်တာလည်း ကြာပြီမို့ လိုက်မလားလို့ပါ။ မောင်လိုက် လို့ဖြစ်တယ် မဟုတ်လား သုပ္ပိယာ"

ခင်ပွန်းသည်၏စကားကြောင့် သူမ ဝမ်းမြောက်သွား၏။ ဘုရားသွား ကျောင်းတက် အတူတူ ဖြစ်ချင်ခဲ့သည်။ ကောင်းမှုကုသိုလ်တွေကို အလှူ ရေစက်လက်နှင့်မကွာပြုတိုင်း သူနှင့်အတူ ယှဉ်တွဲပြီးရှိနေချင်ခဲ့သည်။ သူတို့ ယောကျ်ားတွေက အခက်သား။ စီးပွားရေးလုံးပန်းနေရတာမို့ မအားဘူးဆိုချင် သည်။ လှူဖို့ရှာပေးနေတာပဲ၊ မင်းတို့သွားလှူတော့လည်း အတူတူပေါ့ဟု ရောယောင်ပြုတတ်ကြသည်။ တကယ်တော့ သဟာတ္တိကဒါနမြောက်ဖို့ အရေးကြီးကြောင်း သူတို့မသိ။ သိသည့်တိုင်လည်း စိတ်မပါသည့် အခါက များနေပြန်၏။

"မောင်လိုက်ရင် ပိုကောင်းတာပေါ့။ ကျွန်မသွားတိုင်း မောင်ပါစေချင် တာပဲ။ ဒါမှ ကုသိုလ်ညီတူညီမျှ ရမယ် မဟုတ်လား"

ဤအချိန်မှစ၍ သူမ၏စည်းရုံးမှုဖြင့် ကျောင်းသို့လိုက်ပါသည့် အလေ့ အကျင့်များခဲ့၏။ ရာသီဥတုအပြောင်းအလဲတွင် မကျန်းမာသူများနေတတ်ရာ သူနာပြုရဟန်းများအတွက် ဆေးနှင့်ဓာတ်စာ အာဟာရများ သွားရောက်ပို့ ဆောင်သောအခါ သူမတစ်ဦးတည်း မသယ်နိုင်ပါက သူက လိုက်လံကူညီ ပေးတတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကုသိုလ်ယူတဲ့အခါ မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့၊ ဟုတ်လား သုပ္ပိယာ"

"ဒါပေါ့ မောင်ရဲ့"

"ဒီလိုဆိုရင် သုပ္ပိယာရတဲ့ကုသိုလ်က နည်းသွားမှာပေါ့၊ မောင်က အများကြီးထမ်းနိုင်တာပဲ"

ကျောင်းသွားရာ လမ်းတစ်လျှောက် ဤလိုလည်း စိတ်ပျော်မွေ့ဖွယ် ဖြစ်အောင် အရွှန်းကလေးတွေ ဖောက်တတ်သည်။

စင်စစ် သူသည် သူမအတွက် ပါရမီဖြည့်ဖက် စစ်စစ်ဖြစ်ခဲ့ပါ၏။ ဘာသာတရား၌ အလေးအနက်ထားလွန်းသော သူမအား ချုပ်ချယ်တားမြစ်ခြင်း မရှိ။ စိတ်စေတနာရှိတိုင်း လှူဒါန်းသမျှ ကုန်ခန်းသည်ဟုလည်း မငြီးငြင်။ တာဝန်ကျေသော စိတ်ထားဖြူစင်သော ယောကျ်ားကောင်း ယောကျ်ားမြတ်ပင် ဖြစ်ပါ၏။

"သုပ္ပိယာရေ ဂိလာနတွေအတွက် တစ်နှစ်စာလောက်အောင် ဓိုးဖြူ သျှစ်သျှား၊ ဖန်ခါးတွေ ရာဝင်အိုးကြီးနဲ့ ဆယ်လုံး အပြည့်စိမ်ထားပြီးပြီကွယ်။ ထောပတ်ဆီဦး၊ ပျားရည်၊ တင်လဲ၊ ထန်းလျက်၊ သကြား မင်းလှူချင်သလောက် လှူစမ်း၊ အလုံအလောက်ဝယ်ပေးထားတယ်"

ဤလိုစကားမျိုးဆိုလာသောအခါ သူမမှာ မျက်ရည်ရစ်ဝဲသွားရလောက်အောင် ခင်ပွန်းသည်အပေါ် ကျေးဇူးတင်မိရလေသည်။ ဘဝခရီးဖော်ကောင်း တစ်ဦးကို လက်တွဲမိခြင်းဖြင့် သူမဘဝအတွက် အကျိုးကြီးစွာ ရခဲ့သည်ပဲ။

ဘိက္ခုနီအဆင့်ထိ မရောက်သည့်တိုင် သာသနာတော်အတွက် ကာယအား၊ ဉာဏအား၊ ဓနအား ထိုအားသုံးအားဖြင့် သူမ စွမ်းနိုင်သလောက် ပံ့ပိုးဆောင်ရွက်သွားဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခဲ့ပါ၏။

ထိုတစ်နေ့ကိုတော့ဖြင့် သူမ တစ်သက်မမေ့နိုင်တော့မည် မထင်ပေ။

ထူးခြားသောအလှူနှင့် ထူးခြားသည့်ဖြစ်ရပ်ဆန်းဟု ဆိုနိုင်ပါ၏။

ထုံးစံအတိုင်း သူမ ကျောင်းသို့ရောက်သွား၏။ ဂိလာနရဟန်းတစ်ပါး ရှိနေသည်ဟု သတင်းလည်းကြားရသောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ်တွင် ခင်ပွန်းသည် ပါမလာခဲ့ပေ။ သူမတစ်ဦးတည်းသာ သင့်နိုးရာရာဆေးနှင့် အာဟာရကို ယူဆောင်လာခဲ့ပါသည်။

ဂိလာနရဟန်းသည် ညောင်စောင်းပေါ်၌ သင်္ကန်းဖြင့် ခေါင်းမြီးခြုံလျက် လဲလျောင်းနေ၏။ သူမသည် မလှမ်းမကမ်း မနီးလွန်းမဝေးလွန်းနေရာ၌ ကျစ်လျစ်သိပ်သည်းစွာ ထိုင်ချပြီး လက်အုပ်ချီ၍ ထိခြင်းငါးပါးဖြင့် ကန်တော့လိုက်သည်။ ဗုဒ္ဓ၏ စည်းမျဉ်းဥပဒေကို သိပြီးမို့ သူမ၏ နံဘေးမှာလည်း အဖော်တစ်ယောက် ရှိနေ၏။

"ရောဂါဝေဒနာအခြေအနေ ဘယ်လိုရှိပါသလဲ ဘုရား"

သူမ၏မေးလျှောက်သံကြောင့် ရဟန်းသည် ခြုံထားသော သင်္ကန်းကို လှပ်ပြီး မျက်လုံးဖွင့်ကြည့်၏။ မျက်တွင်းများ ဟောက်ပက်ခွက်ဝင်လျက် မျက်နှာမှာသွေးရောင်ကင်းမဲ့စွာ ဖြူဖျော့နေသည်။ သူမကိုမြင်သောအခါ သူနာပြု ဥပါသိကာအမှတ်ဖြင့် အားတက်ကာ အနည်းငယ်လန်းဆန်းလာ၏။

"ဝမ်းနှုတ်ဆေးသောက်တာ ဝမ်းလျှောလွန်ပြီး အားပြတ်သွားတယ်" လေသံမှုဖြင့် အားနည်းစွာဖြေသည်။

"ယခု ဝမ်းလျှောနေပါသေးလား ဘုရား"

"ရပ်သွားပါပြီ။ နုံးချည့်ပြီး မထနိုင်တာလောက်ပါ"

"ဒီညနေတော့ စတုမဓုကိုမှီဝဲတော်မူပါ။ ကျန်းမာရေးအတွက် မနက်ဖြန်မှာ ဘယ်လိုအာဟာရမျိုး သင့်မြတ်ပါသလဲဘုရား"

"အသားစွပ်ပြုတ်ရည် သင့်တော်ပါလိမ့်မယ်"

"ကောင်းလှပါပြီ။ မနက်ဖြန် ဆွမ်းအချိန်မီ အသားစွပ်ပြုတ်ရည် စီမံပို့ဆောင်ခဲ့ပါမယ်ဘုရား"

စတုမဓုကိုကပ်ပြီးနောက် ဦးသုံးကြိမ်ချ၍ အိမ်သို့ပြန်ခဲ့၏။

နောက်တစ်နေ့နံနက်တွင် အစေခံအားဈေးသို့ လွှတ်ပြီး စွပ်ပြုတ်နှင့် သင့်တော်လိုက်ဖက်မည့် ကြက်သားမရပါက ဆိတ်သားဝယ်ရန် မှာလိုက်၏။ လိုသောအသားကို ဈေးမှာသာမက မြို့လှည့်ရှာ၍ပင် မရခဲ့ပေ။ ဥပုသ်နေ့ဆိုသည်ကိုအမှတ်တမဲ့ဖြစ်ခဲ့မိသည်။ ဥပုသ်နေ့တိုင်း အသားမှ မရောင်းတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် အခက်တွေ့သွားတော့၏။ ဆွမ်းချိန်အမီစွပ်ပြုတ်ရည်ပို့ခဲ့ပါမည်ဟု လျှောက်ထားပြီးသား။ ကတိပျက်လျှင် မုသာဝါဒဖြစ်ချေတော့မည်။ လိမ်ညာမိသည့်အဖြစ်မျိုးတော့ အရောက်မခံနိုင်ပါ။ ဘယ်နည်းနှင့်ဖြစ်ဖြစ် စွပ်ပြုတ်ရည်ရဖို့သာ အရေးကြီးနေသည်။

အရိယာသူတော်ကောင်းတို့သည် စကားဆိုခဲ၏။ မြဲလည်းမြဲတတ်၏။ မိမိတို့ဆောက်တည်အပ်သော သီလကိုလည်း မကျိုးမပေါက် မပြောက်မကျားအောင် ကောင်းစွာ ထိန်းသိမ်း၏။ အသက်နှင့်လဲကာ စောင့်ရှောက်နိုင်ကြ၏။

သူမ၏အထိန်းတော်အား တစ်အောင့်ကြာလျှင် လိုက်ခဲ့ရန် မှာထားပြီးနောက် သူမတစ်ယောက်တည်း အိပ်ခန်းတွင်းသို့ ဝင်လာ၏။ အမျိုးသမီးပင်ဖြစ်သော်ငြား ဆုံးဖြတ်ချက်ခိုင်မာပြတ်သား၏။ မကြောက်မရွံ့နောက်မတွန့်။ လျှံဒါန်းခြင်း၌ စေတနာသဒ္ဓါတရားသည် အထွတ်အထိပ်သို့ ရောက်နေပြီ။ ဆန္ဒာဓိပတိ ဖြစ်၍ နေပေပြီ။

အရောင်လက်၍ မြနေအောင်ထက်သော ဓားအသစ်စက်စက်ကို သေတ္တာထဲမှ ထုတ်ယူလိုက်၏။ သူမမျက်နှာပေါ်ဝယ် သွေးဆုတ်ဖြူဖျော့ခြင်းမရှိ။ သောကစိတ်ဖြင့် ချွေးသီးချွေးပေါက်များလည်း မထွက်ကျ။ ပြုတော့မည့် အမှုအတွက် ဝမ်းမြောက်ခြင်း ပီတိတို့သည်သာ သူမ၏မျက်လုံးမှာ တောက်ပြောင်စွာရှိနေပါ၏။ နှုတ်ခမ်းနှစ်လွှာကား ဆုံးဖြတ်ချက်ခိုင်မာစွာ တင်းစေ့သော်ငြား ပြုံးယောင်သမ်းလျက်ရှိနေသည်။

ခုတင်ပေါ်မှာ ကျကျနနထိုင်၍ ကိုယ်ကိုကိုင်းညွတ်လိုက်၏။ ရစ်ပတ်နှောင်ဖွဲ့ ဖုံးလွှမ်းထားအပ်သော အဝတ်ကို ခြေမျက်စိမှလှစ်၍ ပင့်တင်၏။

ဖွေးဆွတ်နေသော ခြေသလုံးသား . . .

ပြီးတော့ ပေါင်တံ၊ ပေါင်တံသည် ညွတ်ပြောင်းသွယ်တန်းနေ၏။ မွေးညင်းစိမ်းစိမ်းတို့ဖြင့် ရှိမ်းရှိမ်းမြမြ။ ထိရက်ကိုင်ရက်စရာပင်မရှိ။

သို့တိုင်လည်း သူမအဖို့မှု တွေဝေစဉ်းစားနေရန် မလိုတော့ပြီ။ ဓားထက်ထက်ဖြင့် ပေါင်သားကို ဆတ်ခနဲ ဖြတ်လှီးချလိုက်ပါ၏။

"အို သခင်မ–ဘယ်လိုလုပ်လိုက်တာလဲ သခင်မရယ်"

www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်ကြီးသည် ရုတ်တရက် ပြေးဝင်လာပြီး သွေးခြင်းခြင်းနီနေသော သူမ၏ပေါင်ကို အဝတ်သန့်သန့်တစ်ခုဖြင့် ဖိကပ်ပိတ်ဆို့ပေးလေ၏။

"ကဲ ဒေါ်စာလာ. . . ဒီအသားတုံးကို ယူပြီး စာဖိုမှူးကို သွားပေးလိုက်။ ကြက်သွန်ဖြူ ချင်းနိုင်နိုင်နဲ့ အမွှေးအကြိုင်ထည့်ပြီး စွပ်ပြုတ်လုပ်ခိုင်း။ ဒေါ်စာလာကိုယ်တိုင် ကျောင်းကိုဆွမ်းချိန်အမီသွား။ မနေ့က သခင်မနဲ့ရောက်ခဲ့တဲ့ ဂိလာနရဟန်းဆီကပ်လိုက်။ သခင်မကို မေးရင် နေမကောင်းတာနဲ့ မလာနိုင်ဘူးလို့သာလျှောက်။ အားလုံး မှတ်မိတယ်နော်"

"မှတ် . . . မှတ်မိပါတယ်။ သခင်မ ပေါင် . . . ပေါင်ပေါ်က အ . . အနာ . . ."

"မပူနဲ့ ဒေါ်စာလာ၊ ကိုယ့်အလုပ်သာ ကိုယ်ဆက်လုပ်၊ သွားတော့"

သူမအပေါ် ကရုဏာကြီးစွာ သက်ရောက်နေသော ဒေါ်စာလာသည် သူမအားတစ်ယောက်တည်း မထားခဲ့ရက်ပါဘဲလျက် နောက်ဆံတငင်ငင်ဖြင့် ထွက်သွားရရှာသည်။ သူမငယ်ငယ်ကတည်းက ထိန်းကျောင်းခဲ့သည်မို့ သံယောဇဉ်ကြီးရှာပေလိမ့်မည်။ သို့ရာတွင် ဒေါ်စာလာ ဘာများတတ်နိုင်မည်နည်း။ အမိန့်နာခံရုံသာ ရှိပါ၏။

ဒေါ်စာလာထွက်သွားပြီးမှ ပေါင်ကို အဝတ်အထပ်ထပ် ရစ်ပတ်စည်းနှောင်ပြီး အိပ်ရာပေါ်သို့ အသာလှဲချလိုက်ရ၏။ ဒဏ်ရာက တဖြည်းဖြည်း နာသည်ထက် နာလာ၏။ မျက်လုံးစုံမှိတ်ကာ ၊ နှုတ်ခမ်းကို တင်းတင်းစေ့လျက် အံကြိတ်ထား၏။ နာကျင်မှုကြောင့် စေတနာမယုတ်လျော့။ သဒ္ဓါတရားက ခံစားရသော ကာယိကဒုက္ခကို သည်းခံနိုင်အောင် အားဖြည့်ပေးလေသည်။

ငါသည် ဂိလာနရဟန်းအား ဤမည်ဤမည်သော သူဟူ၍ အမှတ်သညာဖြင့် ပုဂ္ဂိုလ်မခွဲ။ ချစ်ခင်နှောင်ဖွဲ့မရှိ။ အညတရ–ဓိသေသ မခွဲခြား။ သွေးသားတော်စပ်သည်လည်း မဟုတ်။ လောကသားတို့အား သံသရာမှ ထွက်မြောက်စေကြောင်းဖြစ်သော ဗုဒ္ဓသာသနာတော်၏ ဝန်ကို ထမ်းရွက်နေသည့် ရုပ်နာမ်အစုဟုသာ မြင်သည်။

ပစ္စည်းကိုပေးလှူခြင်း (ဓနပရိစ္စာဂ)၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ပေးလှူခြင်း (အင်္ဂပရိစ္စာဂ)၊ သားသမီးကို ပေးလှူခြင်း (ပုတ္တပရိစ္စာဂ)၊

www.burmeseclassic.com

www.burmeseclassic.com



မယားကို ပေးလှူခြင်း (ဘရိယပရိစ္စာဂ)၊ အသက်ကို ပေးလှူခြင်း (ဇီဝိတပရိစ္စာဂ) ဟူသည့် ဗုဒ္ဓလောင်းလျာတို့၏ စွန့်ခြင်းကြီးငါးမျိုးတွင် ငါသည် အင်္ဂပရိစ္စာဂဖြစ်သော အသားကို လှီး၍ စွန့်လှူနိုင်ခဲ့ပြီ။ ငါ၏အလှူသည် မိမိ၌ တစ်စုံတစ်ရာသက်ရောက်အပ်သောအကျိုးကို မမျှော်လှူင့်။ တစ်ပါးသူချမ်းသာပါစေခြင်းငှာ မိမိသာ အနစ်နာခံလျက် လွတ်လွတ်စွန့်လှူခြင်း ဖြစ်၏။

အခါအားလျော်စွာ အလိုရှိသူအား အလိုရှိအပ်သော ပစ္စည်းကို ပေးလှူခြင်းသည် ကာလဒါနမည်၏။ အမွန်မြတ်ဆုံးဒါနလည်း ဖြစ်ပါ၏။

ဝမ်းမြောက်ဖွယ်ကောင်းလေစွ။
ဩော် . . . ဝမ်းမြောက်ဖွယ်ကောင်းလေစွ။

× × ×

နာကျင်ပြင်းပြသော ကာယိက ဒုက္ခဝေဒနာမှုခွာလျက် ဝမ်းမြောက်ဖွယ် ကုသိုလ်သဒ္ဓါတရားတို့၌သာ ထပ်ကာမနားရှုပွားဆင်ခြင်၏။ ထိုသို့ ဆင်ခြင်ခြင်းဖြင့်သာလျှင် ဝေဒနာကို သည်းခံနိုင်သည်၏အဖြစ်သို့ ရောက်စေရပါ၏။

"သုပ္ပိယာရဲ့ ပေါင်သားနဲ့ စွပ်ပြုတ်ရည်စိမ်ပြီး လှူခိုင်းတယ်ဆို . . ."

သူမနံဘေး ခုတင်ပေါ်မှာထိုင်ချပြီး သူမ၏နဖူးကို ညင်သာစွာစမ်းလာ၏။ သူ့ကို မျက်လုံးဖွင့်မကြည့်နိုင်။ ခေါင်းညိတ်လျက်သာ ဖြေရ၏။ သူမ၏ လက်ကောက်ဝတ်ကိုကိုင်ပြီး သွေးခုန်နှုန်းစမ်းပြန်၏။

"အနာရှိန်ကြောင့် အဖျားသွေးဝင်နေတယ်"

သူ့ဘာသာတိုးတိုးဆိုပြီး ထသွား၏။ ခဏကြာတော့ သူမအား ဆေးယူလာ၍ တိုက်ရှာသည်။ သူမ၏ကိုယ်ပေါ်၌ စောင်အထပ်ထပ်လွှမ်းပတ်ကာ နွေးထွေးစေသည်။

"မောင့်ဇနီးက သတ္တိကောင်းလိုက်တာ။ အသားတောင်ကိုယ်တိုင် ဖြတ်လှီးပြီး လှူရဲတာ နည်းတဲ့စေတနာ သဒ္ဓါတရား မဟုတ်ဘူး။ မင်းရဲ့ ဒါနကုသိုလ်ကို မောင်လိုက်လိုက်လှဲလှဲ ဂုဏ်ယူသာဓုခေါ်ပါတယ် သုပ္ပိယာ၊ ဗုဒ္ဓဆီ မောင်သွားပြီး လျှောက်ထားလိုက်အုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏လက်ချောင်းလေးများကို ကြင်နာဖွဖွ ဆုပ်ကိုင်နွေးထွေးဆေးလျက် စကားပြောနေရင်းမှ ဖြုန်းခနဲ ထထွက်သွား၏။ တားဖို့ပင် အချိန်မမီလိုက်။

သူမအား ဤသို့အနာတရပြု၍ မအပ်မရာလူရပါမည်လားဟု စဉ်းငယ်မျှ ငြိငြင်ဆုပူခြင်းမရှိ။ သူမ၏ ထူးခြားသော ဒါနကောင်းမှုအတွက် သူမနှင့်ထပ်တူ သူလည်း ဝမ်းမြောက်ဝမ်းသာရှိနေရှာ၏။

နောက်တစ်နေ့ဝယ် ဗုဒ္ဓကိုယ်တော်တိုင် အိမ်သို့ ကြွရောက်တော်မူသည်။ ဆွမ်းဆက်ကပ်လှူဒါန်းရန် သူကိုယ်တိုင် ပင့်လျှောက်ခဲ့ခြင်းဖြစ်ပါ၏။ ခါတိုင်း ဗုဒ္ဓကြွရောက်လာလျှင် သူမ ရှေ့ဆုံးမှနေ၍ ဆီးကြိုဖူးတွေ့စမြဲ။ ယခုတော့ အိပ်ရာထဲခွေခွေကလေးလဲနေပြီမို့ စိတ်သွားတိုင်းကိုယ်မပါနိုင်တော့။

ဗုဒ္ဓ၏မေးနေသံကို နံရံတစ်ချပ်သာခြားသည့်အခန်းထဲမှ သူမ အတိုင်းသား ကြားနေရ၏။

"သုပ္ပိယာ ဘယ်မှာလဲ"

"ရှိပါတယ် ဘုရား၊ နေမကောင်းလို့ပါ"

"နေမကောင်းလဲ ခေါ်ထုတ်ခဲ့ပါဦး"

"လမ်းမလျှောက်နိုင်ပါဘုရား"

"လမ်းမလျှောက်နိုင်ရင် ပွေ့ချီပြီးခေါ်ခဲ့"

ဗုဒ္ဓ၏အမိန့်အတိုင်း သူကိုယ်တိုင် သူမအား ပွေ့ချီလျက် အခန်းပြင်သို့ ခေါ်ထုတ်သွား၏။ ဗုဒ္ဓရှေ့မှောက်ရောက်ပြီး ဦးသုံးကြိမ်ချလိုက်သည်တွင်–

"ဟင်"

သူမသည် အံ့သြတုန်လှုပ်စွာ အာမေဋိတ်သံ လွှတ်ခနဲထွက်သွား၏။

"ဘာဖြစ်သလဲ သုပ္ပိယာ"

လှုပ်လှုပ်ရှားရှားဖြစ်သွားသော သူမထံ ဖျတ်ခနဲအကြည့်ရောက်ပြီး သူအနားသို့ကပ်ကာ တိုးတိုးမေးလာ၏။

"မနာတော့ဘူး။ ဒဏ်ရာလဲမရှိတော့ဘူး။ နဂိုအတိုင်းဖြစ်သွားပြီ" ဝမ်းသာလွန်းသောကြောင့် သူမ၏အသံတွေ တုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား . . ဘုန်းတော်ကြီးမြတ်လှပါတဲ့ မြတ်စွာဘုရား . . "

ဤစကားကိုသာလျှင် အကြိမ်ကြိမ်ရေရွတ်မြည်တမ်းမိ၏။

ဗုဒ္ဓ၏ဘုန်းတန်ခိုးအာနုဘော်ကြောင့်မှန်း သူမ သိနေသည်ပဲ။

× × ×

ဂီလာနရဟန်းနှင့်သုပ္ပိယာအား အကြောင်းပြု၍ ရဟန်းတို့သည် "လူသား၊ ဆင်သား၊ မြင်းသား၊ ခွေးသား၊ မြွေသား၊ ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝံသား၊ အောင်းသား" ဟူသော အသားဆယ်မျိုးကို မစားအပ်ဟု ဗုဒ္ဓပညတ်တော်မူခဲ့ပါသည်။

နောင်သောအခါ ဇေတဝန်ကျောင်းတော်၌ ဥပါသိကာမတို့အား ဘွဲ့ထူးဂုဏ်ထူးများ သနားချီးမြှင့်တော်မူရာ–

သုပ္ပိယာသည် သူနာကို ထူးချွန်စွာပြုစုသော အရာဝယ် အသာဆုံး အမြတ်ဆုံး ဂိလာနုပဋ္ဌာကီ ဧတဒဂ်ဘွဲ့ကို ရရှိခဲ့ပါသည်။

(၁) ဖလောရင့်နိုက်တင်ဂေးဘွဲ့

(၂) အော်ဒါအော့ဖ်မဲရစ်ဘွဲ့

(၃) ဂိလာနုပဋ္ဌာကီ ဧတဒဂ်ဘွဲ့

ဤသုံးမျိုးတွင် မည်သည့်ဘွဲ့သည် အမြင့်မြတ်ဆုံး ဖြစ်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com

# [illegible]



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်သူပြိုင်လို့ လှူပါနိုင်

"ဘယ်လိုကောင်းမှုကံမျိုးကို ဘယ်လောက်ကြာအောင် အားထုတ်ရင် ဘုရားရှင်ရဲ့ အလုပ်အကျွေး ဥပါသိကာမ ဖြစ်နိုင်ပါသလဲဘုရား"

"ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရလိမ့်မယ်"

"ယခုဘဝကစပြီး ဖြည့်ကျင့်လို့ရနိုင်ပါသလားဘုရား"

"ရနိုင်ပါတယ်"

"ဒီလိုဆိုရင်ဖြင့် ဆွမ်းသက်န်းစတဲ့ အာမိသဒါနကို တပည့်တော်မအား မေတ္တာရှေ့ထား သနားချီးမြှင့် လှူဒါန်းခွင့် ပြုတော်မူပါဘုရား"

ပဒုမုတ္တရ မြတ်စွာဘုရား ထင်ရှားရှိခိုက် ကြုံကြိုက်နေပါလျက် ကိလေသာကုန်ခန်း ရဟန္တာဖြစ်ဖို့အရေး မတွေးအားဘဲ ဘုရား၌သာ ကြည်ညိုသဒ္ဓါ အထွတ်တပ်မိရကာ နောင်ပွင့်လာမည့် ဘုရားတစ်ဆူဆူထံမှာ ဒါယိကာမဖြစ်ရန် ရည်သန်တောင်းဆု အာရုံပြုမိလေသည်။

သို့ကြောင့် ကမ္ဘာတစ်သိန်းတိုင်တိုင် မပြီးဆုံးနိုင်သော သံသရာရှည်လျား ခရီးသွား ဖြစ်ရပေတော့မည်။ ဤသည်ကို သူမ မကြောက်ပါ။ ပဒုမုတ္တရ မြတ်စွာဘုရား ထံတော်မှောက်၌ 'ခရီးနား' ဖြစ်သင့်ပါလျက် 'ခရီးသွား'ဆုကို တောင်းသည်မှာ သံသရာဝင့်ကြွေး ဒုက္ခဘေးကို ခံလိုသေးသယောင်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com



မိုက်မဲလေစွဟု အပြစ်တင် ကဲ့ရဲ့ကြမည်ကိုလည်း သူမ ဂရုမစိုက်ပါ။ ဘယ်သူတွေ ဘာပြောပြော၊ ဘယ်လိုထင်ထင်၊ သူမကတော့ အမှန်ပင် ဘုရားတစ်ဆူဆူထံတွင် ရင်းနှီးသည့် ဒါယိကာမကြီး ဖြစ်ချင်သည်။ ဒါနအရာမှာ သူမတူအောင်လှူဒါန်းနိုင်သဖြင့် အသာဆုံး အမြတ်ဆုံး ဒါယိကာ ဧတဒဂ်ဘွဲ့ကိုလည်း ရချင်သည်။ လိုချင်သည့်ဆုနှင့်သာ ပြည့်စုံမည်ဆိုပါလျှင် ကမ္ဘာတစ်သိန်းမက အသင်္ချေယျကမ္ဘာတိုင်လည်း မတ်မတ်နိုင်နိုင် ပါရမီ ဖြည့်ကျင့်နိုင် ဖြည့်ကျင့်ဝံ့သည်သာ ဖြစ်လေသည်။

ပြင်းပြသော အလိုဆန္ဒ ပြည့်ဝရန်အတွက် ဘဝများစွာ သံသရာမှာ ပါရမီ ဖြည့်ကျင့်ခြင်း တည်းဟူသော အရင်းအနှီးတွေ မြှုပ်နှံကာ အနစ်နာခံမှ လိုအပ်လာ၏။ အရင်းအနှီးမပါဘဲ အမြတ်အစွန်းရရိုး ထုံးစံမရှိ။ အနာမခံက အသာစံရမည်မဟုတ်။ ဗုဒ္ဓဝါဒအရ ဘာမဆို အချောင်ရသော လမ်းစဉ်မရှိ။ မိမိပြုသမျှ အကြောင်းကံနှင့် ညီမျှသော အကျိုးဝိပါက်ကို ခံစားရမည်။ အကြောင်းကောင်းလျှင် အကျိုးကောင်းမည်။ အကြောင်းဆိုးလျှင် အကျိုးလည်း ဆိုးပေလိမ့်မည်။ ဘဝသံသရာခရီးတစ်လျှောက် ကောင်းချင်ကောင်း၊ ဆိုးချင်ဆိုး၊ ကြမ်းချင်ကြမ်း အနာခံရစမ်းပါစေ။ ပန်းတိုင်အတွက် အာမခံချက် ရထားပြီမို့ ဘာကိုမျှ မမှုတော့ပါ။

ဘယ်လောက်ပင်ကြာကြာ၊ မျှော်တော်ဓောနှင့် မောချင်မော ရှည်စွာသော သံသရာကြောတွင် သူမ လိုချင်သည့်ဘဝကို ဘဒ္ဒကမ္ဘာမှာ ပိုင်ဆိုင်ခွင့် ရမည်ဟု မြတ်ဘုရားထံမှ ဂဃနဏ သူမ သိထားခဲ့ရပြီးပြီပဲ။

ဘဒ္ဒကမ္ဘာအထိ ခရီးတစ်ထောက်မနား ဘဝများစွာ ကျင်လည်ရာ၌ ဒါနရိက္ခာ အလုံအလောက် ပါဖို့လို၏။ ဒါနသည် သံသရာ ရှည်စေသော အရာမဟုတ်။ အဆုံးမသတ်နိုင်သေးသော သံသရာခရီးတစ်လျှောက် မပါမဖြစ်ပါသင့်သော ရိက္ခာသာဖြစ်ပါ၏။ ဒါနမပါလျှင် ဘဝကောင်းရရန် ခဲယဉ်းလှသည်။ ဘဝကောင်း ရစေဦးတော့၊ ပစ္စည်းဥစ္စာပြည့်စုံရန် မလွယ်ပြန်ချေ။ ထို့ကြောင့် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိနှင့် ပြည့်စုံရန် သံသရာခရီးသွားတစ်ဦးအနေဖြင့် ဒါနတရားကို စွမ်းအားရှိသမျှ ကြိုးစားထားရဖို့ အရေးကြီးပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မြတ်စွာဘုရားနှင့်တကွ နောက်တော်ပါ သံဃာတော်တစ်သိန်းတို့အား ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာကို ခုနစ်ရက်ပတ်လုံး လိုလေသေးမရှိအောင် ပြည့်ပြည့်စုံစုံလှူဒါန်း၏။ သတ္တမမြောက် နောက်ဆုံးနေ့၌ကားဆွမ်းမှျသာမက သင်္ကန်းအလို့ငှာ အဝတ်ပုဆိုးတို့ကိုလည်း မွန်မွန်မြတ်မြတ်ဆက်ကပ်ပြန်၏။ ယင်းသို့ ဆက်ကပ်လှူဒါန်းရာတွင်–

သံဃာကိုရည်မှန်း၍ သံဃိက ဒါနဖြင့် လှူဒါန်း၏။

မြင့်မြတ်သော ပုဂ္ဂိုလ်တို့အား ပူဇာဒါနဖြင့် လှူဒါန်း၏။

တရားသဖြင့် ရှာဖွေထားသောပစ္စည်း ဓမ္မိယ ဒါနဖြင့် လှူဒါန်း၏။

မိမိသုံးဆောင်သည်ထက် သာလွန်ကောင်းမွန်သော ဒါနသာမိဖြင့် လှူဒါန်း၏။

ဆွမ်းဦးဆွမ်းဖျား အဂ္ဂဒါနဖြင့် လှူဒါန်း၏။

အကြွင်းအကျန် အညံ့အဖျင်းမဟုတ်သည်ကို အနုစ္ဆိဋ္ဌဒါနဖြင့် လှူဒါန်း၏။

အမဲ သားငါး သတ်ဖြတ်ခြင်းကင်းသော အနဝဇ္ဇဒါနဖြင့် လှူဒါန်း၏။

ခဲယဉ်းခက်ခဲစွာ စီမံအပ်သော ဒုက္ကရဒါနဖြင့် လှူဒါန်း၏။

လှူဖွယ်တို့ကို ကောင်းမွန်ရိုသေစွာ သက္ကစ္စဒါနဖြင့် လှူဒါန်း၏။

ကိုယ်တိုင်စီမံကိုင်တွယ်၍ သာဟတ္ထိကဒါနဖြင့် လှူဒါန်း၏။

မျက်မြင်ကိုယ်တွေ့ ပစ္စက္ခဒါနဖြင့် လှူဒါန်း၏။

လောကဝတ်မဟုတ်ဘဲ ကောင်းမှုကုသိုလ်အတွက် ပုညဝိသယဒါနဖြင့် လှူဒါန်း၏။

ကံကံ၏အကျိုးကို အသိဝင်သတိယှဉ်၍ သမ္ပဇာနကတဒါနဖြင့် လှူဒါန်း၏။

ကံ ကံ၏အကျိုး ဉာဏ်ယှဉ်၍ ဉာဏသမ္ပယုတ္တဒါနဖြင့် လှူဒါန်း၏။

ကြည်သာရွှင်လန်း ဝမ်းပန်းတသာ သောမနဿဒါနဖြင့် လှူဒါန်း၏။

သူတစ်ပါး မတိုက်တွန်းဘဲ မိမိသဘော ရက်ရောစွာ အသင်္ခါရိကဒါနဖြင့် လှူဒါန်း၏။

www.burmeseclassic.com

www.burmeseclassic.com



စားဖွယ်သောက်ဖွယ် ဆွမ်းအမယ်မယ်တို့ကို လှူဒါန်းခြင်း အန္နဒါန၊ သင်္ကန်း အဝတ်အထည်ကို လှူဒါန်းခြင်း ဝတ္ထုဒါနတို့၌ သူမသည် စေတနာ သုံးတန် ထက်သန်စွာ ပြဋ္ဌာန်း၏။

မလှူဒါန်းမီတွင် လှူဖွယ်ဝတ္ထုကို မြင်ရကာမျှ သဒ္ဓါဖွေးဖြူ ပေးလှူလိုသော စိတ်ယိုဖိတ်ကြည်နူးစွာ ပုဗ္ဗစေတနာ ဖြစ်ပေါ်၏။

လှူတုန်းလှူဆဲ ရင်ထဲလွှမ်းကျူး ရွှင်မြူးဝမ်းမြောက် သဒ္ဓါပေါက်၍ မုဉ္စ စေတနာသည်လည်း ထူးထူးကဲကဲဖြစ်ပေါ်၏။

လှူပြီးသည့်နောက် သဒ္ဓါမပျက်ဘဲ တစိမ့်စိမ့် တတွေးတွေးပင် တရိပ်ရိပ် တရေးရေးထင်ကာ ဝမ်းသာကျေနပ်လှသည့် အပရစေတနာလည်း ဖြစ်ပေါ်လေ၏။

ကာလသုံးတန်၌ စေတနာတို့သည် တစ်စွန်းတစ်စမျှ မချို့ငဲ့ မဖောက်ယွင်း။ သူမ၏ အလှူပေးခြင်းသည် အညံ့စား ဟီနဒါနမဟုတ်။ အလတ်စား မဇ္ဈိမဒါနလည်း မဖြစ်။ အမြတ်စား ပဏီတဒါနသာ ဖြစ်၏။

ပဒုမုတ္တရ မြတ်စွာဘုရား ထံတော်မှောက်မှာ အရိယသစ္စာ အလို့ငှာ မျိုးစေ့ချခဲ့လေပြီ။

× × ×

ဂေါတမမြတ်စွာဘုရား ပွင့်ပေါ်ထွန်းရာ ဘဒ္ဒကမ္ဘာ။

ကမ္ဘာတစ်သိန်းအထက်က မျိုးစေ့ချခဲ့သော အရိယသစ္စာပန်းလည်း ပွင့်လန်းလာခဲ့ပြီ။

ပဒုမုတ္တရ မြတ်စွာဘုရားထံမှ အာမခံချက် ရထားခဲ့သော ဘဝပန်းတိုင်ကို မြဲမြဲ ခိုင်ခိုင် လက်လှမ်းဆုပ်ကိုင်နိုင်လေပြီ။

'ဝိသာခါ' ဟူသည့်ဘဝကို ပိုင်ဆိုင်ခဲ့ပြီ။

ခုနစ်နှစ်သမီးအရွယ်ကပင် ထူးထူးခြားခြား အရိယာနွယ်ဝင် ဖြစ်ခဲ့သည့် သောတာပန်အရှင်မလေး 'ဝိသာခါ'ပါ။

ဘဒ္ဒိယမြို့တွင် သူမ၏အမည်ကို မသိသူရှား၍ သိသူများကြသည်။ ထင်ရှား ကျော်ကြားလှသော မဉ္ဇူသက ပန်းလေးတစ်ပွင့်ဟု တင်စားရလျှင်ပင် မှားနိုင်အံ့ မထင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရံမလပ် အထပ်ထပ်ပြုခဲ့သော ဘဝရပ်ရပ်က ကောင်းမှုကုသိုလ်ကံများ စုပြုံကာ အကျိုးပေးချိန် တန်လာသဖြင့် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ တို့နှင့် ပြည့်စုံမှုသည် လောကချမ်းသာ၌ အထွတ်အထိပ် ဖြစ်လေသည်။

ဆံပင်၏ကောင်းခြင်း၊ အသား၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ အရွယ်၏ကောင်းခြင်းဟူသော ကောင်းခြင်း ငါးဖြာ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော နတ်နွယ်ရိုးမှား အလှရတနာ တစ်ပါး။

ဉာဏ်ပညာ ထက်မြက်သည်နှင့်အမျှ လိမ္မာရေးခြား ရှိလိုက်ပုံကလည်း အဖိုး၊ အဖွား၊ မိဘများ၏ အသည်းအသက်။ အိမ့်ဆည်းလည်းကလေး။

ရာဇဂြိုဟ်ပြည်တွင် ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလိယ ဟူသော ဘဝကံ အကျိုးပေးကောင်းလှသည့် သူဌေးကြီး ငါးဦးအနက်မှ မေဏ္ဍကသူဌေးကြီး၏ မြေး ဖြစ်လေသည်။ ဓနဉ္စယသူဌေးသားနှင့် သုမနဒေဝီ တို့၏ ရှုမငြီးသည့် တစ်ဦးတည်းသော သမီးဖြစ်သည်။

အစစအရာရာ လိုပါသည်မရှိ ပေါပြည့်စုံသော်ငြား ကံတရား၏ ဆန်းကြယ်သော အလှည့်အပြောင်းကြောင့် သူမချစ်ခင်သော သူမကိုလည်း အရိပ် တကြည့်ကြည့်ဖြင့် မျက်စိအောက်က အပျောက်မခံနိုင်အောင် ကြင်နာယုယ မြတ်နိုးကြသော အဖိုး၊ အဖွားများနှင့် ခွဲခွာရဖို့ ဖြစ်လာ၏။ သူမ၏ ဘဝ တစ်ခုလုံး ပြောင်းလဲသွားရမည့် အကြောင်းတစ်ရပ်ဟုလည်း ဆိုနိုင်ပါသည်။

"ဗိမ္ဗိသာရမင်းကြီး ရှေ့တော်ခေါ်တာ ဘာကိစ္စလဲ ဓနဉ္စယ"

ဧည့်ခန်းဆောင်အတွင်း၌ မိသားစု ဝိုင်းဖွဲ့ထိုင်မိကြစဉ် အဖိုးသည် စိတ်ဝင်တစားဖြင့် အဖေ့ထံ လှမ်းမေးလိုက်ပါသည်။ သူမအပါအဝင် မျက်လုံးများ စွာသည် အဖေ့ထံ၌ စုရပ်ဖြစ်သွားကြပါသည်။

"သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလက ရာဇဂြိုဟ်သူဌေးတစ်ဦး တောင်းလို့တဲ့ အဖေ"

"အဲ့ဒါဘာဖြစ်သလဲ"

မျက်ခုံးနှစ်ဖက် တွန့်ဝင်လျက် အဖိုးမျက်မှောင်ကျုံ့သွား၏။ အမေနှင့် အတူ ထိုင်နေသော သူမသည် မျက်နှာချင်းဆိုင်မှ အဖိုးဆီအကြည့်ရောက်ပြီး အဖေ့ကို တစ်လှည့်ဖျတ်ခနဲ လှမ်းကြည့်မိရက်သား ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"အဖေတို့ထဲက တစ်ဦးဦးကို ပေးလိုက်မယ်ဆိုရင် ပြောင်းရွှေ့ဖို့တာဝန်အင်မတန်မှ ကြီးလေးပြီး မြေလျှင်လှုပ်သလို ဖြစ်သွားနိုင်သတဲ့။ မင်းကြီးက တိုင်းပြည်ရဲ့ အင်အားကိုလည်း မလျော့ပါး မထိခိုက်စေချင်ဘူးနဲ့ တူပါတယ်။ ကျွန်တော့်ကို သာဝတ္ထိသွားမလားလို့ မေးတယ်အဖေ"

အဖိုးမျက်နှာ သွေးရောင် လွှမ်းသွား၏။ အဖေ့မျက်နှာကမူညှိုးလျော် ဖြူဖျော့ နေသည်။ မိသားစု ဥမကွဲ သိုက်မပျက် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင် နေလာခဲ့ကြတာ ယခုတော့ မခွဲစဖူး အထူးခွဲရတော့မည်။ ရုတ်တရက် ငြိမ်သက်သွားသော စကားဝိုင်းသည် အပ်ကျသံကြားလောက်အောင် တိတ်ဆိတ်ခြင်း အသွင်ဆောင်၏။ အားလုံး၏ မျက်နှာတို့သည်လည်း ရေခဲပြင်ကဲ့သို့ ဖွေးလက်အေးစက်ကုန်ကြ၏။

နေ့တိုင်း စိုစိုပြည်ပြည် ပျော်စရာ ဖြစ်နေခဲ့သော စကားဝိုင်းသည် ယနေ့ ဝမ်းနည်း ကြေကွဲဖွယ် ကောင်းနေ၏။ အဖေသွားလေရာ အဖေနှင့်အတူ နေချင်ပါသော်ငြား အဖိုးကိုလည်း ခွဲမသွားချင်ပါ။

ပသေနဒီ ကောသလဆိုသည့် နှုတ်ခမ်းမွေးထူထူ ဗိုက်ပူနံကား မင်းတရားကို ဗုဒ္ဓထံပါးမှာ သူမ မြင်ဖူးထားပါ၏။ဘာကြောင့်များ သူတစ်ပါးတိုင်းပြည်က သူဌေးကိုမှ လိုချင်ပါလိမ့်။ အငှားထည်နှင့် သာဌေးယူပြုချင်သူ။

"မင်းမသွားလို့ မဖြစ်ဘူးလား"

"ဘယ်တတ်နိုင်မလဲအဖေ သွားခိုင်းနေမှတော့ သွားရမှာပေါ့"

ယခုတော့ သူမတို့ မိသားစု ခွဲကြရတော့မည်။ ဗိမ္ဗိသာရမင်းကြီးကရော အဖေ့ကိုမှ ဘာကြောင့် ပေးချင်ရတာတဲ့လဲ။သူ့သား အဇာတသတ် ဆိုလျှင် သူခွဲနိုင်ပါမည်လား။ လူတွေဟာ ကိုယ်ချင်းစာတရား မရှိကြပါလား။ ငယ်ရွယ်သူပီပီ သူမ ၏အတွေးထဲမှာ ဒေါမနဿတရားတွေ ဝဲကတော့မွှေနေ၏။ မျက်ဝန်းများ၌လည်း မျက်ရည်တွေ ရစ်ဝဲနေသည်။

"ဗိမ္ဗိသာရမင်းကြီးက စိတ်နှလုံး ကောင်းမွန် နူးညံ့ပါတယ်။ မင်းကျင့်တရား လက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်ပါ။ ပြည်သူတွေ စိတ်ညစ်နွမ်းမယ့် အလုပ်မျိုး လုပ်မယ် မထင်ဘူး။ ငါသွားပြောပေးရမလား"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့အဖေ ထွက်ပြီးဆင်စွယ် ဝင်တယ်မရှိပါဘူး။ပေးပြီးသား ကတိစကားကို ဖောက်လွဲဖောက်ပြန် လုပ်သလိုဖြစ်နေပါ့မယ်။ ကတိ သစ္စာ မတည်သူပါလားဆိုတဲ့ မျက်စကလေးနဲ့တောင် အဝင့်မခံချင်ဘူး အဖေ"

သူတော်ကောင်းစိတ်နှလုံး မွေးမြူသူတို့သည် တည်ကြည်သော ကိုယ်ကျင့် သိက္ခာရှိ၍ မှန်ကန်သော စကားကိုသာဆို၏။ ကိုယ်နှုတ် နှလုံးကို တဖြောင့်တည်း ထားကြ၏။ အလှည့်အပတ် အကွေ့အကောက် မရှိ။ ဖောက်လွဲဖောက်ပြန်မပြု။ လော်လည်ခြင်းလည်း ကင်းရှင်း၏။

"ဒါဖြင့် သာဝတ္ထိကို တကယ်သွားဖို့ မင်းဆုံးဖြတ်ပြီးပြီပေါ့"

"ဟုတ်တယ် အဖေ"

"ဒီလိုဆိုရင် ငါ့မြေးကိုထားခဲ့။ ခေါ်မသွားနဲ့"

အဖိုးစကားကြောင့် ညှိုးနေသော အဖေ့မျက်နှာသည် ညိုညို့သွား၏။ ဖခင်ဖြစ်သူကိုလည်း ပြန်မပြောရဲ။ သမီးနှင့်လည်း ခွဲချင်ဟန်မတူ။ စိတ်ထိခိုက်ခြင်းအသွင်ဆောင်လျက် မျက်နှာငုံ့လျှိုး ဇက်ကျိုးကျသွားတော့၏။

"ငါ့မြေးက အဖိုးနဲ့ နေခဲ့မယ်မဟုတ်လား"

အဖိုး၏မျက်လုံးများသည် မျှော်လင့်ချက်အင်အား ကြီးမားစွာ ကျရောက်လာ၏။ သူမ ချက်ချင်း စကားမပြန်နိုင်။ ငိုင်နေမိ၏။ ချစ်လှစွာသော အဖိုး၏ မျှော်လင့်ချက် ကိုလည်း မချေဖျက်ချင်။ ဖီးဖြူဖြန်ခါးပမာ ငုံထားမလောက် သည်းသည်းလှုပ် အဖိုးချစ်တာကို သူမ အသိ။

အဖေ့ဆီကြည့်ပြန်တော့ "အဖေ့တို့နဲ့လိုက်ခဲ့ပါ သမီးရယ်"ဟု အဖေ့ မျက်လုံးများက ဆိုနေသယောင် ထင်ရ၏။ သူမ ဘာလုပ်ရမည်နည်း။ ဘယ်လိုဆုံးဖြတ် ရပါမည်နည်း။

"မနေခဲ့နဲ့သမီး"

လေသံတစ်ခု နားထဲသို့ဖျတ်ခနဲ ရောက်လာသည်။ တီးတိုးစကားနှင့် အတူ သူမ၏ လက်ကို ဆုပ်ညှစ်လာသော အမေ့လက်ချောင်းများသည် သန်မာတင်းကျပ်စွာရှိ၏။ အမေ့လက်ထဲမှ အသာရုန်းထွက်ခဲ့ပြီး ရင်တွင်း ခံစားချက်နှင့် ဆန့်ကျင်လျက် ခပ်ပြုံးပြုံးပင် အဖိုးဆီသို့ ထလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အဖိုးသည် အိမ်၏ ဦးဆောင် ညွှန်ကြားရေးမှူး၊ အိမ်၏ အထွေထွေ အုပ်ချုပ်ရေးမှူး၊ အိမ်၏ဘဏ္ဍာရေးမှူး၊ အိမ်၏ စာရင်းကိုင်ချုပ်၊ တစ်အိမ်လုံးမှာ သူသာလျှင် ပဓာန၊ သူသာလျှင် အဓိကဖြစ်သည်။ သူကြည်ဖြူ ကျေနပ်ဖို့ အရေးကြီးသည်။ ဒါကို သူမကောင်းစွာ သဘောပေါက်သည်။

အဖိုးနံဘေးမှာ ထိုင်ချပြီး အဖိုး၏လက်မောင်းကို ဆုပ်ကိုင်ကာ မျက်နှာကို မော့ကြည့်သည်။

"အဖိုး သမီးကိုချစ်သလောက် သမီးလည်း အဖိုးကို သိပ်ချစ်ပါတယ်။ ဘယ်ခွဲနိုင် ခွဲချင်ပါ့မလဲအဖိုးရယ်။ ဒါပေမယ့် ဖြစ်ချင်တာထက် ဖြစ်သင့်တာကို သာ ဆောင်ရွက်ကြရမယ် မဟုတ်လား။ အဖေနဲ့အမေ့ကို သနားပါတယ်။ တစ်သက်လုံး နေလာခဲ့တဲ့ ရာဇဂြိုဟ်နဲ့ ဝေးရတော့မယ်။ ကျေးဇူးရှင် မိဘ နှစ်ပါးကိုလည်း ခွဲရတော့မယ်။ ဒီအပြင် သူတို့ချစ်မဝတဲ့ သမီးကလေးကိုပါ ထပ်ခွဲရဦးမယ်ဆိုရင် အဖေနဲ့အမေ ရင်ကွဲနာကျဖို့ပဲရှိပါတော့တယ်။ လောလော ဆယ်ဆယ် အဖေတို့နဲ့ သမီးလိုက်သွားပါရစေအဖိုး။ ဟိုမှာနေလို့ထိုင်လို့ အသား ကျသွားပြီဆိုရင် အဖိုးဆီ တစ်လှည့် ပြန်လာမယ်လေ။ အဖေ့ဆီသွား နေလိုက် အဖိုးဆီ ပြန်လာလိုက် လုပ်မှာပေါ့။ နော်---အဖိုး"

မြွေမသေ တုတ်မကျိုး တန်ဖိုးရှိသော စကားကိုဆို၏။ အဖိုးလည်း မငြိုငြင် အဖေ့ကိုလည်း စိတ်ချမ်းသာစေချင်သည်။ သည့်နှယ် ,အလိမ္မာတုံး ကလေးမို့ အားလုံးက ဖူးဖူးမှုတ် အလိုလိုက် အရေးပေးထားခဲ့ကြသည်ပဲ။

ယခင်ကာလများကလည်း အဖိုးလက်ကို ကန္တဲ့ကယကိုင်ကာ တီတီ တာတာ ချစ်ဖွယ်သော စကားကိုသာ ဆိုတတ်မြဲ။

ဖော့ဖယောင်းပမာ ပျော့ပျောင်းစေကာမူ မာလျှင်လည်း ဝိသာခါတို့က သံချောင်းပါပဲ။ သဘောသကာယ ကောင်းလှသည်နှင့်အမျှ မှန်ကန်ဖြောင့်မတ် ခြင်းတို့သည် မှတ်ကျောက်အတင်ခံနိုင်သည့် သူမ၏ အရည်အသွေးများ ဖြစ်လေ သည်။

မဟုတ်မမှန်သောစကားကို ငယ်စဉ်ကတည်းက မပြောဆိုတတ်။ ဖုံးကွယ် ဟန်ဆောင်မှု မာယာသေဌေယျလည်းမရှိ။ 'ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်မှန် ပြော'ဟူသော ဥဒုဝုဏ်တို့နှင့် လုံခြုံပြည့်စုံ၏။ အသက်ပင် ငယ်စေကာမူ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျင့်သိက္ခာ တည်ကြည်၏။ ဖြူဖွာစိုရီစိတ်ထား ကြီးမား၏။ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားတတ်၏။ မိမိအောက် နိမ့်ကျသူများ အပေါ် စာနာညှာတာ တတ်၏။ ပရဟိတကို ဦးစားပေး ဆောင်ရွက်၏။ လူမှုဝတ္တရားလည်း ချန်လှပ်မထားခဲ့။ ဘာသာတရား၌မူ ထူးထူးခြားခြား လွန်လွန်ကဲကဲ နက်နက်ရှိုင်းရှိုင်း သက်ဝင်ယုံကြည်သူ ဖြစ်ပါသည်။

တစ်ဖက်ကမူ မဟုတ်လျှင်မခံ၊ မမှန်လျှင်မရသော ခပ်စွာစွာ ဆတ်ဆတ်ကြဲ မိန်းကလေးလည်း ဖြစ်သေး၏။ သို့ရာတွင် မိမိတည်းဟူသော အကြောင်းကြောင့် သူတစ်ပါးကို ထိခိုက်နစ်နာစေလိုသောစိတ်မရှိ။ အကျိုးမဲ့ကို မပြုတတ်။ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ပြီဆိုလျှင်တော့ တုံးတိုက်တိုက် ကျားကိုက်ကိုက် မကြောက်မရွံ့ နောက်မတွန့်တော့ပေ။

သို့ကြောင့် အဖိုးသည် သူ့သားကို တစ်မိန့်တစ်အာဏာ အခါခပ်သိမ်း ပြုနိုင်သော်ငြား မြေးအလှည့်တွင်ကား အလျှော့ပေး အရှုံးပေးခဲ့ရသည်ချည်း။ သားမှာ အချစ်၊ မြေးမှာအနှစ်။ မြေးချစ်က ရိုးတွင်းခြင်ဆီအထိ စွဲနစ်သည် ဆိုသည့်စကား မှန်များမှန်နေရှာသလားမသိ။

ယခုလည်း မြေးဖြစ်သူက လက်မောင်းကို ကိုင်လှုပ်ပြီး 'နော်--- အဖိုး' ဟု တစ်ခွန်းသာ ချွဲလိုက်ရသည်။ ဦးမေဓာကတို့ အရည်ပျော်ကျသွားရပြီ။

"မြေးကလေး ဝိဝိ သဘောပါဗျား"

သူမအားချစ်ခင်မြတ်နိုးစွာ ပြုံးတုံ့တုံ့ဖြင့် ပြောလာသည့် အဖိုး၏ စကားအဆုံးတွင် အဖေ့ဆီအကြည့် ဖျတ်ခနဲရောက်သွား၏။ အဖေ့မျက်လုံး အသာမှိတ်ပြီး သက်ပြင်း ခပ်မျှင်းမျှင်းရှိုက်သွင်းပြီး ပြန်မှုတ်ထုတ်လိုက်သည်ကို တွေ့လိုက်ရသည်။ အဖေ စိတ်သက်သာရာ ရသွားပြီ။

အဖေ့မျက်နှာကမူ

ပြုံးတစ်ချက် မဲ့တစ်ဝက်။

လန်းတစ်ချက် နွမ်းတစ်ဝက်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## သာကေတမြို့သစ်

သာဝတ္ထိမှ ခုနစ်ယုဇနာ ကွာဝေး၍ အံ့ဖွယ်ကြီးကျယ်ခမ်းနား စည်ကားလှသောမြို့သစ်ကြီး ဖြစ်လေသည်။

အဖေသည် နောက်ပါအခြွေအရံ ပရိသတ်အင်အား များပြားလှသောကြောင့် ကောသလမင်းနှင့်အတူ သာဝတ္ထိရောက်အောင် မလိုက်နိုင်တော့ချေ။

ကောသလမင်း၏ ခွင့်ပြုချက်ဖြင့် မြို့သစ်တစ်မြို့ တည်ထောင်လိုက်သည်။ သာကေတသည် သူမအဖေ ဓနဥ္စယ သူဌေးတည်သောမြို့၊ သူမတို့ပိုင်ဆိုင်သောမြို့ဖြစ်သည်။

ယခုတော့သူမသည် ရာဇဂြိုဟ်ပြည်သူမဟုတ်တော့။ သာဝတ္ထိပြည်သူဖြစ်သွားပြီ။ ဘဒ္ဒိယမြို့သူလည်း မဟုတ်တော့။ သာကေတမြို့သူဖြစ်သွားရပေပြီ။

အဖိုးထံမှာ ကတိပြုခဲ့သည့် စကားကိုမှ သူမ မမေ့ပါ။ မြို့သစ်တည်ခဲ့ရသည်ပင် အချိန်အမတော် လင့်သွားခဲ့၏။ မြို့သစ်ပြီး၍ နေသားထိုင်သားကျခါသာရှိသေး၏။ ဘာမျှမကြာပါ။ ဘယ်လောက်မျှပင် မကြာလိုက်ရပါ။

မဍ္ဍိမတိုင်း၏ ရိုးရာဝလေ့ပွဲတော်ကြီးကို မလွဲမရှောင်သာ ပါဝင်ဆင်နွှဲ လိုက်ရပါသည်။ ရိုးရာဝလေ့ပွဲတော်ဆိုသည်က 'ဝိဝဋ္ဋနက္ခတ်ပွဲသဘင်' ရယ်ပါ။

အိမ်တွင်းပုန်း အမျိုးသမီးတွေ မဖုံးမကွယ် တင့်တယ်စွာ ရထားမပါခြေကျင်ဖြင့်သာလျှင် မြစ်ဆိပ်သို့ဆင်း၍ ရေကစားကြသော ပွဲတော်ပင်ဖြစ်သည်။

ဥစ္စာပေါကြွယ်သော မင်းမျိုးမင်းနွယ် ခတ္တိယ မဟာသာလတို့သည်လည်းကောင်း၊ ဥစ္စာပေါများသော ပုဏ္ဏားမျိုးနွယ် ဗြဟ္မဏမဟာသာလတို့သည်လည်းကောင်း၊ သူဌေး သူကြွယ် ဂဟပတိ မဟာသာလတို့သည်လည်းကောင်း၊ မြတ်နိုးနှစ်သက်ဖွယ် အမျိုးအနွယ်တူမိန်းမပျိုများကို အလိုရှိသဖြင့် ပန်းကုံးစွပ်ရန်လမ်းများ၌ အဆင်သင့် စောင့်ဆိုင်းခွင့်ရကြသဖြင့် တစ်နှစ်ပတ်လည်လုံးတွင် အစည်ကားဆုံး ပွဲတော်ကြီးဟု ဆိုနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖော်ငါးရာ ခြံရံလျက် နက္ခတ်ပွဲသဘင်ဆင်နွှဲရန် သူမလည်း မြစ်ဆိပ်သို့ ရှေးရှုထွက်လာခဲ့၏။ အလှသွေးကြွယ်သည့် နုနယ်ပျိုမျစ် တစ်ဆယ့်ခြောက်နှစ် အရွယ်မို့ ကြွားကြွားဝင့်ဝင့် မဟုတ်သေးစေကာမူ ပွင့်အာစ နှင်းဆီဖူးကလေးနှယ် ကြော့ကြော့ရှင်းရှင်း ကြွကြွရွရွ လှပနေပါ၏။မင်းကြိုက် သူဌေးကြိုက် အရပ်ထဲက ကာလသားများနှင့် လားလားမှမထိုက်သည့် နေဥယ သူဌေးကြီး၏ တစ်ဦးတည်းသောသမီးကို အဝေးမှ လှမ်းမျှော်ကြည့်ငံ့ကြသူ လောက်သာ ရှိလေသည်။

မြစ်ဆိပ်မှ အပြန်မှာတော့---။ သူမ၏ဘဝကို တစ်ဆစ်ချိုး တစ်မျိုး ပြောင်းမည့် မိုး---ကံကြမ္မာမိုး။

လမ်းခုလတ်တွင် မိုးဖွဲဖွဲမှ သဲသဲမဲမဲရွာချလာပါတော့၏။ လှလှပပ ဆင်ယင်ထားသည့် အဝတ်အစားများ မိုးစိုမှာစိုးရွာကြသည့် အဖော်ငါးရာတို့ကမူ ရုတ်ရုတ်ရက်ရက် သုတ်သုတ်သွက်သွက်ဖြင့် နီးရာဇရပ်သို့ အပြေးအလွှား ခိုဝင်ကြလေ၏။

ငယ်ရွယ်သူဖြစ်လင့်ကစား သူမကား ပြေးလွှားခြင်းမရှိ။ ကုဋေတစ်သန်း တန်သည့် ခြေလှမ်းမှန်မှန်ဖြင့် မဖြည်းမလျင် ညင်သာစွာလျှောက်လှမ်းခဲ့ရာ ဇရပ်တွင်းသို့ ရောက်သောအခါ တစ်ကိုယ်လုံး ရွှဲရွှဲစိုကုန်လေသည်။

"တကယ်အပျင်းကြီးတဲ့ မိန်းကလေးပါပဲလား။ မိုးရွာထဲ ခြေလှမ်းလာပုံကိုက စိတ်မပါသလို အပျင်းပိုလိုက်တာ ဒီလိုမိန်းကလေးမျိုးကိုရတဲ့ ယောကျ်ား ကတော့ ဟင်းကောင်းလေးမှ စားရပါ့မလား"

ကြည့်စမ်း ဘယ်လောက်ခံပြင်းဖို့ ကောင်းလိုက်သည့် စကားပါလဲ။ မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာကို ရည်ရည်လည်လည် စော်ကားလိုက် သည့်စကား၊ သူမအား စောင်းချိတ်ပြောမှန်း သိသာ၏။ မိုးရွာထဲမပြေးဘဲ လျှောက်လာသူဆို၍ သူမတစ်ဦးတည်းသာ ရှိသည်ပဲ။ သူမကိုမှ မစောင်းလျှင် ဘယ်သူ့ကို စောင်းစရာ ရှိသေးတော့လို့လဲ။

မျက်လွှာအပင့်တွင် ခပ်ထေ့ထေ့အပြုံးဖြင့် သူမအား လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေကြသည့် မထိတထိ ကလိသော မျက်လုံးများကိုတွေ့ရသည်။ ဒေါသထွက်ဖွယ်သာ ကောင်းလိုက်ပါဘိတော့သည်။

သို့ပေမယ့် သူမဒေါသမထွက်ဖြစ်ပါ။ အကြောင်းမှာ ထိုသူတို့သည် ပိုးပန်းစကားဆိုမည့် ကာလသားများမဟုတ်ကြ။ သူမ၏ အဖေအရွယ်လောက်ရှိသည့် ဗြဟ္မဏ ကြီး ရှစ်ဦး ဖြစ်နေသည်။

ဝိသာခါကို ဒီလိုစော်ကားလို့တော့ ဘာရမလဲ။ မဟုတ်မခံ ဆတ်ဆတ်ကြိမို့ တစ်ချီတစ်ခွဲတော့ အကြောင်းသိသွားစေရမည်ပေါ့။ သို့ပေမယ့် ဝိသာခါတို့က မရိုင်းတတ်ပါ။ ကြက်မှာအရိုး၊ လူမှာအမျိုးဟု ဆိုရိုးရှိသားပဲ။ မြွေပွေးကိုငယ်သည်ဟု အလမ္ပာယ်ပြချင်သည့် ဗြဟ္မဏ ကြီးတွေကို ပညာသားပါပါဖြင့်ပြန်လည်ချေပရလိမ့်မည်။ မဟုတ်မတရား စွပ်စွဲပြောဆိုလာတာကို ခံနိုင်ပါရိုးလားလေ။

"ဒီမယ်ရှင့် ဦးကြီးတို့ ဘယ်သူ့ကို ပြောနေကြတာလဲ"

ဝိသာခါတို့ မင်သေသေဖြင့် စိန်ခေါ်လိုက်ပြီ။ တကယ်မှာ ကိုယ့်ကိုပြောနေမှန်းတော့ သိသားပေါ့။

"သမီးကိုပဲပြောတာလေ"

အလာကြီးပါလား။ သူတို့ကလည်း မထိမထင်သည့် ပုံစံမျိုးနှင့်ခပ်ပြုံးပြုံးပါပဲ။ သည်အချိန်မှာတော့ သူမကို စော်ကားလို၍ မဟုတ်ဘဲမိတ်ဆက်ချင်သောကြောင့် အကွက်ထွင်မှန်း ဉာဏ်လျှပ်စီး ရုတ်ခြည်း လက်သွားရပါ၏။

"ကျွန်မကို တစ်ခါမှလည်းမမြင်ဘူး၊ ကျွန်မအကြောင်းကိုလည်း မသိဘဲနဲ့ အပျင်းကြီးတဲ့ မိန်းကလေးလို့ ဘာကြောင့် ပြောနိုင်တာလဲရှင့်"

ဆတ်ဆတ်ကလေး ပြန်မေးလိုက်သည့် စကားသံသည်ပင် ကြိုးကြာကရဝိက်သံများလား ထင်မှတ်မှားနိုင်၏။ သာယာချိုအေးလိုက်သည့်အသံ။

ရုပ်ကလေးကလည်း ဘယ်ပန်းချီမှ ရေးလို့မမီအောင် လှချင်တိုင်းလှနေသော မိန်းကလေးကို ဗြဟ္မဏကြီးများကပင် ငေးကြည့်နေမိရသည်အထိပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမေးတာကို မဖြေနိုင်ကြတော့ဘူးလား"

သူမ ထပ်ဆင့်ပြောလိုက်တော့မှ ဗြဟ္မဏကြီးတွေ အသိဝင် သတိယှဉ် သွားရပါ၏။

"ဩော်---အင်း---အင်း---ဖြေနိုင်ပါတယ်။ ဖြေရမှာပေါ့။ တခြားမိန်းကလေးတွေကတော့ အဝတ်အစား မိုးစိုမှာစိုးလို့ ပြေးလိုက် လွှားလိုက်ကြတာ။ သမီးကျတော့ ဆင်မယဉ်သာ ခြေလှမ်းလှပ်နေလို့ မိုးစိုကုန်ပြီမဟုတ်လား။ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်မရှိဘဲ ပျင်းတွဲတွဲကြီး လုပ်နေတာမို့ မိန်းမပျင်းလေးလို့မခေါ်ရင် ဘယ်လိုခေါ်ရမှာတုံးဗျ"

"ဦးကြီးတို့ အရမ်းမစွပ်စွဲပါနဲ့။ ခပ်သွက်သွက်လျှောက်ရမှာပျင်းလို့ မိုးစိုခံတာမဟုတ်ပါဘူး။ မိန်းကလေးဆိုတာ အပြေးအလွှား ကတိုက်ကရိုက် သွားဘို့ မသင့်တော်လို့ပါ။ အဲလိုပြေးလွှားလို့ မသင့်တော်သူလေးမျိုးရှိတာ ဦးကြီးတို့ သိကြပါရဲ့လား"

အာဂမိန်းကလေးဟူသော အပြုံးမျိုးဖြင့် အသီးသီးလက်ပိုက်ကြကာ-- "ပြောစမ်းပါဦး"ဟု ဆိုကြလေသည်။

"မင်းမြောက်တန်ဆာငါးပါး ဆင်ယင်ထားတဲ့ မင်းဟာ ခါးတောင်းကျိုက်ပြီး ကတိုက်ကရိုက် နန်းရင်ပြင်မှာ မသွားထိုက်ဘူး။ 'ကုန်သည် လယ်သမား အရပ်သားပါလား'လို့ သူတစ်ပါး ကဲ့ရဲ့သွားတတ်ပါတယ်"

"ရှင်ဘုရင်ရဲ့ မင်္ဂလာဆင်ဟာလည်း ကကြိုးတန်ဆာ ဆင်ယင်ထားရင် လျှင်လျှင်မြန်မြန်ကြီး မသွားသင့်ပါဘူး။ 'တောတွင်းဆင်ရိုင်းများနဲ့ ဘာမှ မခြားပါလား'လို့ သူတစ်ပါးအထင်သေး ကဲ့ရဲ့သွားတတ်ပါတယ်"

"သင်္ကန်းတင်လွှမ်းထားတဲ့ ရဟန်းတော်များဟာလည်း ပြေးလွှား မသွားသင့်ပါဘူး။ 'လူဝတ်ကြောင်များနဲ့ ဘာမှမခြား ဣန္ဒြိယ သံဝရတရားလဲ မရှိပါလား'လို့ သူတစ်ပါးပြစ်မှား ကဲ့ရဲ့သွားတတ်ပါတယ်"

"မိန်းကလေးတွေ သုတ်သီးသုတ်ပျာ ပြေးကာ လွှားကာ သွားခဲ့ပါရင် 'သိမ်သိမ်မွေ့မွေ့ ပိပိရိရိဣန္ဒြေသိက္ခာမရှိ။ ယောကျ်ားများနဲ့ ဘာမှလဲမခြားပါလား' လို့ သူတစ်ပါး အမြင်မှား ကဲ့ရဲ့သွားတတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အရွယ်နှင့်မမျှသော စကားကို လိမ္မာရေးခြားရှိစွာ ပြောဆိုလာသော မိန်းကလေးအား ဗြဟ္မဏကြီးများ ခေါင်းညိတ် ကျိတ်ပြုံးကြရပြီ။

"နောက်ပြီး မြန်မြန်မပြေးတာ တခြားအကြောင်းလဲ ရှိပါသေးတယ် ဦးကြီးတို့ရဲ့"

"ဟုတ်လား။ စိတ်ဝင်စားစရာပါပဲ ဆက်ပြောပါဦး။ နားထောင်ကြရတာပေါ့"

"ကျွန်မတို့မရွှိမမှာ မိန်းကလေးဆိုတာ သျှောင်နောက်ဆံထုံးပါ၊ ယောကျ်ားအိမ်မှာလိုက်နေရတဲ့ ရောင်းကုန်တွေမဟုတ်လား။ အမေမွေးတုန်းကတော့ လှလှပပလေး--- အပြေးအလွှား အသွားမတော်လို့ မတော်တဆ ထဘီအောက်နားစ နင်းမိပြီး လဲသွားမှဖြင့် ကိုယ်အင်္ဂါချို့ယွင်း ရုပ်အဆင်းလဲပျက် ဘဝတစ်သက်တာ ဒဏ်ရာကြီးနဲ့ ဖြစ်နေမှာပေါ့။ ဘယ်ကာလသားက လာကြိုက်တော့မှာလဲ။ အဝတ်အစားဆိုတာ ရေစိုတဲ့တိုင် ခြောက်သွားနိုင်သေးတယ်ရှင့်။ ကိုယ်အင်္ဂါရုပ်ဆင်းတော့ ပျက်ယွင်းမခံနိုင်ပါဘူး။ ဒါကြောင့် မိုးစိုခံပြီး မှန်မှန်လျှောက်လာခဲ့တာပါ"

သူမပြောကြားသောစကားကြောင့် ဗြဟ္မဏကြီးတို့၏ သွားများ ဖွေးလက်ကုန်ကြ၏။ သူတို့ရှေ့မှောက်မှ မိန်းကလေးကို သဘောတွေ့ မနောရွှေ့ကြလေပြီ။

တကယ်တော့ ဒီမိန်းကလေးအပေါ် အမြင်မှား ကဲ့ရဲ့လိုသောကြောင့် မဟုတ်လေပါ။ မိန်းမတို့၏ ကောင်းခြင်းငါးဖြာ ကြန်အင်လက္ခဏာကို မြင်စကပင် သိပြီးသား။ သို့စေကာမူအဆင်းလှရုံနှင့်မပြီး။ အချင်းလှဖို့လည်း လိုသေး၏။ သို့ကြောင့် မိန်းကလေး၏ အရည်အသွေးကို သိလိုသေးသဖြင့် မခံချင်စိတ်ကို ဆွပေးပြီး တစ်ပွဲတစ်လမ်း အကဲစမ်းကြခြင်း ဖြစ်ပါ၏။

သူတို့သည်လည်း ကာလသားများနည်းတူ ဤနက္ခတ်ပွဲသဘင်မှာ သတို့သမီး ရှာပုံတော်ဖွင့်နေခြင်း ဖြစ်လေသည်။ သို့ရာတွင် သူတို့အတွက် မဟုတ်ပါ။ သူတို့သားများအတွက်လည်း မဟုတ်လေပါ။ အသပြာဥစ္စာ

www.burmeseclassic.com

www.burmeseclassic.com



အဖိုးအခဖြင့် သတို့သမီး ရှာပေးရခြင်းပါ။ စင်စစ် သူတို့သည် လူပွဲစား သို့မဟုတ် ကာမရာဂ ပွဲစားများသာတည့်။

"ကျေနပ်စရာ ကောင်းလိုက်ပါဘိတော့ သမီးလေးရယ်။ ရုပ်ကလေးက ချောလှသလောက် အရည်အသွေးလည်း ပြည့်စုံပါပေရဲ့။ ဦးကြီးတို့ ပြောခဲ့တဲ့ စကားတွေကို ဘယ်လိုမှ သဘောမထားပါနဲ့။ သမီးရဲ့ အရည်အသွေးကို မှတ်ကျောက်တင်ချင်လို့ပါကွယ်။ ဒီရွှေပန်းကုံးဟာဖြင့် သမီးနဲ့ အထိုက်တန်ဆုံးမို့ သမီးပဲ လက်ခံလိုက်ပါတော့။

အဖိုးတစ်သိန်း (ယခုခေတ် သန်းပေါင်းများစွာ) တန်သော လက်ထပ် ပန်းကုံးကို သူမအား ပေးလာသဖြင့် ရုတ်တရက် အံ့သြတုန်လှုပ်သွားရ၏။ ပြန်တွေးကြည့်တော့လဲ မဆန်းပြားလှပါ။ နက္ခတ်ပွဲသဘင်တွင် ဖြစ်ရိုးဖြစ်စဉ် သာပင်။ သူမ၏အရွယ်သည် လက်ထပ်ထိမ်းမြားဖို့ ငယ်သေးသည်ဟုလည်း မဆိုနိုင်။ မိန်းမတို့ဓမ္မတာ ရာသီပန်းပွင့်ပြီးသည်နှင့် လက်ထပ်ခွင့် ပြုကြသော မဇ္ဈိမဒေသ၏ အစဉ်အလာကို ဘယ်သူမျှ ခေါင်းခါခွင့်မရှိပါ။

"ဦးကြီးတို့က ဘယ်ပြည်ကပါလဲ"

"သာဝတ္ထိပြည်ကပါ"

"သာဝတ္ထိက ဘယ်သူဌေးပါလဲ"

"မိဂါရသူဌေးကြီးပါ"

"သူ့သားက နာမည်ဘယ်လိုခေါ်ပါသလဲ"

"ပုဏ္ဏဝဍ္ဎနလို့ ခေါ်ပါတယ်"

"ပုဏ္ဏဝဍ္ဎန"

သူမ၏ နှုတ်ဖျားမှ တီးတိုးခေါ်ကြည့်မိသည်။ 'ပုဏ္ဏဝဍ္ဎန' ဟူသော ထိုအမည်ကို ကြားရသည့်ခဏမှာပင် ရင်လိုက်ခေါင်းတွင် ပုံတင်သံ အကြိမ်ကြိမ် ထပ်သွား၏။ ပန်ခဲ့သည့် ဆုထုး၊ ပြုခဲ့ဖူးသည့်ရေစက်၊ ပနှက်ခဲ့ဖူးသည့် သစ္စာများ ရှိခဲ့သည်ပေလား။ လူကိုယ်တိုင်ကို ပိုင်ပိုင်နိုင်နိုင် မမြင်တွေ့

www.burmeseclassic.com

www.burmeseclassic.com



မဆက်ဆံရပါဘဲလျက် အမည်နာမ ကြားရရုံဖြင့် သူမ၏ အသည်းစိုင်ကို ဆွဲကိုင် လှုပ်ယမ်းလိုက်သကဲ့သို့ ရှိလေသည်။

လှုပ်လှုပ်ရှားရှား ဖြစ်သွားရသော နှလုံးသားကို ထိန်းမတ်ထားလိုက်ပြီးနောက် ဆုတ်ဆိုင်းတွေဝေမှုကင်းစွာ ရွှေပန်းကုံးကို လက်ခံရန် ယတိပြတ် ဆုံးဖြတ်လေ၏။

ရာဇဂြိုဟ်မှ အဖိုးဆီ အပြေးအလွှား သတိရမိသည်။ အဖိုးဆီသွားနေခွင့် မရနိုင်တော့ပြီ။ ကံကြမ္မာဖန်လာသည်ကို လွှဲရှောင်ငြင်းပယ်နိုင်စွမ်းမရှိ။ တောင်းပန်သဝဏ်လွှာတော့ ပို့ရမည်။ အဖိုးစိတ်ဆိုးမှာ မဟုတ်တာတော့ သေချာ၏။ တစ်တိုင်းတစ်ပြည်မှ တမန်စေလွှတ်ရှာဖွေကာ သတို့သမီးတောင်းခံလာသော မြေးကလေးအတွက် အဖိုးဝမ်းမြောက်ဝမ်းသာပင် ရှိပေလိမ့်ဦးမည်။ မန္တျိမမိန်းကလေး တစ်ဦးအတွက် ဘဝတစ်သက်တာမှာ ဂုဏ်ယူစရာ မင်္ဂလာ တစ်ပါးအဖြစ် သတ်မှတ်ထားကြသည်ပဲ။

နက္ခတ်ပွဲသဘင်တွင် အပျိုစင်မှတစ်ပါး အခြားသောအိမ်ထောင်ရှင် အမျိုးသမီးများ ခြေကျင်သွားလေ့ မရှိပါချေ။ ပိုင်ရှင်ရှိပြီးသော ချမ်းသာကြွယ်ဝသူများက ရထားဖြင့် လုံခြုံစွာသွားလာ၏။ သို့ကြောင့် သူမအဖို့ ပိုင်ဆိုင်သူရှိနှင့်ပြီမို့ အပြန်ခရီးတွင် ရထားတစ်စီး ပို့ပေးရန် အမှာလွှတ်ရလေ၏။

အဖေပို့လွှတ်သော ရထားများနှင့် ဗြဟ္မဏကြီးတို့ပါ အိမ်သို့ ပြန်ရောက်သောအခါ လှိုက်လှဲပျူငှာ ညှို့ဝတ်ကျေပွန်စွာ နေရာချထားပေးသော်လည်း အဖေ့မျက်နှာ ရွှင်ရွှင်ပျပျမရှိ။ သူမ၏ဆုံးဖြတ်ချက်ကို အဖေ ဘဝင်မကျမှန်း သိသာသည်။

"မိတ်ဆွေတို့ ဘယ်အရပ်က လာခဲ့ကြတာလဲ"

လူကြီးတို့ဝတ္တရားအတိုင်း အဖေက စတင်မေးမြန်း၏။

"သာဝတ္ထိပြည်က လာကြပါတယ်"

အိမ်ကြီးကိုမြင်ရုံမျှဖြင့် သူမတို့၏ ချမ်းသာကြွယ်ဝပုံကို အံ့မခန်း ဖြစ်နေကြသော ဗြဟ္မဏများက အဖေ့အား တရိုတသေ ပြန်ဖြေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ သူဌေးက ဘယ်သူလဲ"

"မိဂါရ သူဌေးကြီးပါ"

"သူတို့သား နာမည်က ဘာတဲ့လဲ"

"ပုဏ္ဏဝဒ္ဓန ပါခင်ဗျာ့"

"မိဂါရ သူဌေးက ဘယ်လောက် ချမ်းသာသလဲ"

"ကုဋေလေးဆယ် ချမ်းသာပါတယ်"

"ဩော်---ဩော်---"

အဖေ့မျက်နှာ တည်ကြည်နေသော်ငြား အကြောင်းသိပြီးသားဖြစ်သော သူမ အဖို့ကတော့ 'ဩော်---ဩော်--'ဟူသော အဖေ့နှုတ်ထွက်သံသည် တစ်ဖက်မှ မရိပ်စားမိနိုင်သည့် ပြက်ရယ်ပြုလေဟန်သာဖြစ်သည်။ ကုဋေလေးဆယ်လောက်ကို ကြီးကျယ်လှပြီ ထင်နေကြသော ဗြာဟ္မဏတို့ကား အဖေ့ပစ္စည်းဥစ္စာ၏ မှုးစွန်းပဲစွန်းမျှသာ ဖြစ်ကြောင်း မသိရှာကြပါချေ။

"ကောင်းပြီလေ အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်ကြသေးတာပေါ့။ ခရီးဝေးကလာတဲ့ ဧည့်သည်တွေကို အပန်းဖြေနားနေဖို့ ကျူပ်လူတွေ စီစဉ်ပေးကြပါလိမ့်မယ်။ ဧည့်သည်ဆောင်မှာ ခဏနားကြပါဦး"

အစေခံများ ဦးဆောင်ခေါ်သွားရာသို့ ဗြာဟ္မဏတို့ လိုက်ပါသွားကြသည်။ ဧည့်ခန်းတွင် သားအဖနှစ်ယောက်တည်းသာ ကျန်တော့မှ အိမ်ထဲက အမေထွက်လာသည်။ အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေ၏။ စိတ်လှုပ်ရှား သဖြင့် အသက်ပြင်းပြင်းရှူသံကို အဖေ့ထံမှ သူမ ခေါင်းငုံ့ထားလျက်ဖြင့် ကြားနေရပါ၏။

"ငါ့သမီးလေး တော်ပါတယ်လို့ ယုံကြည်စိတ်ချထားသမျှ မစဉ်းစားမဆင်ခြင်ဘဲဆုံးဖြတ်တတ်ပလေတယ်။ မသကာ အမေနဲ့အမေကို ပြန်တိုင်ပင်ပါဦးတော့လား"

သည်တစ်ကြိမ်တွင် ကိုယ့်အပြစ်နှင့်ကိုယ်မို့ အဖေ့ကို နှုတ်လှန်ပြန်မပြောဝံ့တော့။ ငုံ့ချထားသောမျက်နှာဖြင့်သာ သူမ ငြိမ်သက်စွာ ရှိနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးချက်မပိုင်ရင် နောင်ပြင်နိုင်ခဲတဲ့အမျိုး––တဲ့။ တစ်သက်လုံး ပေါင်းသင်းရမယ့် ယောကျ်ားကို ဖြူသလား၊ မည်းသလား၊ နူသလား၊ ဝဲသလား၊ ကောင်းသလား၊ ဆိုးသလား မသိဘဲနဲ့ လက်ခံရဲတဲ့သတ္တိကို အံ့ဩတယ်။ ကုဋေလေးဆယ်လောက် ချမ်းသာတာကို စကားထဲတောင် ထည့်ပြောစရာ မရှိဘူး။ သမီးက ဘာကို မက်တာလဲ။ ဘာသာအယူဝါဒ တူ–မတူ ဆိုတာကိုရော သမီး ထည့်တွေးမိရဲ့လား။ မိစ္ဆာဒိဋ္ဌိ ယောကျ်ားသာဖြစ်ရင် ဒီဘဝသာမကဘူး။ သံသရာအတွက်ပါ သမီးကိုယ်ကျိုးနည်းတော့မယ်လို့ မှတ်ထား"

ကရုဏာဒေါသောဖြင့် အဖေပြောလေသမျှ သူမခေါင်းငုံ့ခံရုံသာရှိ၏။ မမြင်ရသေးသော သတို့သားအား ရှေးရေစက်မကုန်၍ စုံမက်မြတ်နိုး နှစ်သက်အားကိုးမိခဲ့ပြီပဲ။ စစ်မှာ မတရားဆိုတာ မရှိ။ အချစ်မှာ အမှားဆိုတာ မသိ။ ဝိသာခါတို့ ဤအတိုင်းပင် နာလည်ထားမိသည်။ လုပ်ချင်လျှင် တစ်ဖွတ်ထိုး ခေါင်းမာတတ်သည့် အမျိုးပါပဲ။

"သမီးစိတ်မချမ်းသာအောင် မပြောပါနဲ့တော့ အဖေကြီးရယ်။ ကိုယ့်သမီး ကြည်ဖြူသူနဲ့ စုံဖက်လက်ထပ်ပေးဖို့သာပဲ စဉ်းစားပါတော့။ သူပေါင်းမယ့် ယောကျ်ား သူ့သဘောနဲ့သူရွေးတာ ဘာတတ်နိုင်မှာလဲ။ ကောင်းရင်စံ၊ ဆိုးရင်ခံပေါ့။ သူပြုသမျှ အကြောင်းကံ သူပဲ ခံရမှာ။ ကျွန်မတို့ဘက်က မိဘဝတ္တရား ကျေပွန်ဖို့ပဲလိုပါတယ်"

ဥပေက္ခာစကား ဆိုပြီလားဟု အမေ့မျက်နှာဆီ အကြည့်တစ်ချက် ရောက်သည်။ မျက်နှာနွမ်းသော်လည်း မျက်လုံးများက ကရုဏာလွှမ်းနေပါသည်။ အဖေနှင့် အမေသည် သမီးအပေါ် မျက်နှာလွှဲခဲပစ်လုပ်မည့် မိဘမဟုတ်မှန်း သူမ ယုံကြည်ပါ၏။ သူ့အပေါ်ဘယ်လောက် ချစ်ကြသည်ကိုလည်း သူမအသိ။

"သင့်တော်အောင် စီစဉ်ပေးရမှာပေါ့ အမေကြီးရယ်။ ကိုယ်တို့သမီး ကိုယ်တိုင်က လက်ခံထားပြီး ဖြစ်နေမှ ငြင်းပယ်လို့ ကောင်းပါတော့မလား။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအိမ်ထောင်ရေး ကံကောင်းပါစေလို့ ဆုတောင်းပေးရုံကလွဲပြီး တို့များဘာမှမတတ်နိုင်တော့ဘူးလေ"

စိတ်ပျက်အားလျော့သော စကားသံကြောင့် လှစ်ခနဲခိုးကြည့်ခိုက် အဖေ့မျက်နှာ ညှိုးနေသည်။ အဖေသဘောမကျ မကျေနပ်မှန်း သိသာ၏။ သို့စေကာမူ သမီးစိတ်ချမ်းသာမည့်အရေး ရှေးရှုဆောင်ရွက်ပေးမည်ကိုကား ယုံမှားဖွယ်မရှိဟု ယူဆမိသည်။

ရုပ်ချော၊ ရုပ်ဆိုး၊ အဖြူ၊ အမည်း မသဲကွဲသေးသော ကိုပုဏ္ဏအား စိတ်အမှန်းနှင့် ရမ်းဆပုံဖော်မိကာ ရုပ်ဆိုးမည်းတူးနေသည့်တိုင် မေတ္တာမျှနိုင်သော်လည်း အဖေပြောသလို မိစ္ဆာဒိဋ္ဌိ ယောကျ်ားဖြစ်ခဲ့ပါလျှင်---

သူမ သက်ပြင်းငွေ့ငွေ့ ချမိရပေပြီ။

× × ×

သက်န်းလှူသည့် အကျိုးကာ မိန်းမတို့အား ထူးခြားသည့် ဝတ်စားတန်ဆာကို ရရှိစေပြီး ယောကျ်ားများအတွက်ကား ပေါ်ဘိက္ခုခေါ်ရုံမျှဖြင့် အလိုအလျောက် ပြီးပြည့်စုံအပ်သော သပိတ်သင်္ကန်းတို့ကို ရရှိစေနိုင်၏။

ဤဘဒ္ဒကမ္ဘာဦ့ပင် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းသံဃာပေါင်း နှစ်သောင်းတို့အား သင်္ကန်းလှူဒါန်းရသော ကုသလစိပါက်အကျိုးဆက်ကြောင့် သူမသည် ယခုဘဝဝယ် မိန်းမတိုင်း မဝတ်ရုံမဆင်မြန်းနိုင်သော မြင့်မြတ်ထူးခြား တန်ဖိုးများလှသည့် မဟာလ္လတာ တန်ဆာကို ရရှိပိုင်ဆိုင်ခဲ့လေသည်။

ထိုမဟာလ္လတာ တန်ဆာသည် သူမ၏ မင်္ဂလာပွဲအတွက် အဖေ့လက်ဖွဲ့ပစ္စည်း ဖြစ်သည်။ တန်ဖိုးကြီးမားလွန်းသည့်သာမက စိတ်ကူး ဉာဏ်ကူး ထူးခြားစွာ စီမံထားသောဝတ်ရုံလည်း ဖြစ်ပါသည်။

ခေါင်းမှ ခြေဖျားအထိ စွပ်၍ ဝတ်ရုံရသော ဥဒေါင်းပုံစံ စိန်ရွှေရတနာ အဆင်တန်ဆာဟု ဆိုရမည်ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေ ၂ ပိဿာ ၈၀ ကျပ်သား၊ ငွေ ၃၀ သားကျော်ကျော်၊ ပတ္တမြား ခုနစ်ထောင်ကျော်ကျော်၊ စိန် တစ်ထောင်ကျော်၊ မြ နှစ်ထောင်ကျော်၊ ပုလဲ တစ်ရာကျော် ပါဝင်၏။ ဆင်မြန်းသည့် လက်ဝတ်တန်ဆာကား ရွှေတစ်ပိဿာ နီးပါး၊ ပတ္တမြား နှစ်ထောင်ကျော်၊ စိန်တစ်ရာကျော်၊ မြ နှစ်ရာ၊ နဝရတ် အစုံနှစ်ဆယ် ပါဝင်၏။

ဤမျှတန်ဖိုးကြီးမားသည့် အဆင်တန်ဆာကို မိဘက ပေးနိုင်သည် ထားဦး။ ကာယကံရှင်က ဆင်မြန်းနိုင်ဖို့ အရေးကြီးပြန်သည်။ လေးလံလှသော အဆင်တန်ဆာကို သယ်ပိုးထိန်းထားနိုင်ဖို့ဆိုသည်မှာ တော်ရုံ တန်ရုံ ခွန်အားနှင့် မရနိုင်ပေ။ သူမကား သံသရာအဆက်ဆက်က ဆည်းပူးခဲ့သော ကုသိုလ် အထူးကြောင့် ဆင်ပြောင် ငါးစီးအားကို ပိုင်ဆိုင်သူဖြစ်သည်။ ဆင်ပြောင်ကြီး တစ်ကောင်တည်းလောက်ကိုဖြင့် သူမလက်ဖျားမှာ အသာကြွသွားစေရမည်။ ကောသလမင်းကို ထင်ထင်လင်းလင်း စမ်းသပ်ပြခဲ့ပြီးပြီ။

မဟာလ္လတာ တန်ဆာသည် တန်ဖိုး ကိုးကုဋေ၊ လက်ခ တစ်သိန်းကျ၏။ အချိန်အားဖြင့် လေးလကြာသည်။ အနုပညာသည်ပေါင်းများစွာ ဖန်တီး ထားသော စုပေါင်းလက်ရာကောင်း ဖြစ်သည်။

မဟာလ္လတာ တန်ဆာ မပြီးနိုင်သေးသဖြင့် လေးလတိုင်တိုင် စောင့်ဆိုင်းရ သော သာဝတ္ထိ ပြည်လုံးကျွတ်နီးနီး မိဂါရ သူဌေးကြီးနှင့် ကောသလမင်းတို့၏ ပရိသတ်များကို ထမင်းရေချောင်းစီး အလှူကြီးပေးသလို တည်ခင်းဧည့်ခံ ကျွေးမွေးရလေသည်။

ကောသလမင်းကြီးကိုယ်တိုင် တက်ရောက်အားပေး ချီးမြှင့်သည့် မင်္ဂလာပွဲမို့တစ်ကြောင်း၊ ကျွေးမွေးဧည့်ခံသည့် မိန်းကလေးရှင်ဘက်က ငွေကို ရေလို သုံးနိုင်သောကြောင့် ထောင်ပေါင်းများစွာ ရောက်လာသမျှ ဧည့်သည်တို့ကို လိုလေသေးမရှိ ပေးကျွေးနိုင်သည့် ကျိုက်ကျိုတက် ချမ်းသာသူများဖြစ်၍ တစ်ကြောင်း နက္ခတ်ပွဲသဘင်ကဲ့သို့ နေ့နေ့ညည လေးလပတ်လုံး ခြိမ့်ခြိမ့်သဲသဲ လှုမစဲအောင်စည်ကားသိုက်မြိုက်လျက် ရှိနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူမဝမ်းအသာဆုံး အကျေနပ်ဆုံး ဖြစ်ရသည်မှာ သူမ၏ မင်္ဂလာပွဲသို့ အဖိုးကိုယ်တိုင် အားပေးရောက်ရှိလာခြင်းပင် ဖြစ်ပါသည်။

မြေးကလေးအပေါ် ချစ်လွန်းသောကြောင့် စိတ်ငြိုငြင်စကား တစ်ခွန်းမျှ မဆိုခဲ့ပါ။ ဆုံးမစကားကိုမူ မှာထားခဲ့ပါ၏။

"မြေးလေး အိမ်ထောင်ပြုမယ့် သတင်းကြားတော့ အဖိုးမအံ့သြပါဘူး။ မိဘ ဖိုးဖွားဆိုတာက သားသမီးချစ်တဲ့ဇောနဲ့ အချိန်တိုင်းမှာ ကိုယ့်သားသမီးကို ငယ်သေးတယ်လို့ ထင်ကြတာချည်းပဲ။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုသလို အချိန်အခါအလျောက် အိမ်ထောင်ပြုရပေမှာပေါ့။ အဖိုး အပြစ်မပြောလိုပါဘူး။ ဒါပေမယ့်---"

စကားရှေ့မဆက်ဘဲ တိတ်ဆိတ်သွား၏။ အဖိုးဆီ ခပ်စူးစူး အကြည့် ရောက်၏။ အဖိုး၏ 'ဒါပေမယ့်'ကြီးကို သူမ သိပါသည်။

စက္ကန့်ပိုင်းလောက်သာကြာ၏။ အဖိုးသည် ဘာမှမဟုတ်သလို ရယ်ရယ် မောမောဖြင့် သူမ၏ဦးခေါင်းကို ပိဘိကလေးငယ် တစ်ဦးကဲ့သို့ ချစ်စနိုး ကိုင်လှုပ်၍ စကားပြန်ဆက်သည်။

"ကိစ္စမရှိဘူး၊ ငါ့မြေးက လိမ္မာပါးနပ်တယ်။ ဉာဏ်လဲထက်မြက်တယ်။ ငါ့မြေးပဲအနိုင်ရမှာပါ။ သာဝတ္ထိရောက်ရင် သမ္မာဥယျာဉ်ပြီးနေ---၊ စိတ်ရှည် ရှည်နဲ့ သည်းခံ---၊ စကားအရာ လိမ္မာချိုသာယဉ်ကျေးပါ။ ရှေ့ကို ခြေသုံး လှမ်း တိုးချင်ရင် နောက်ကို တစ်လှမ်းဆုတ်ဖို့ ဝန်မလေးရဘူး။ နေရာတိုင်းမှာ ဥစ္စာမာန်မတက်နဲ့။ ကြားလား---ဝိဝိ။

"ဟုတ်ကဲ့ပါအဖိုး"

အဖိုးဆိုလိုသည့် အချက်ကို နားလည်စွာ ခေါင်းညိတ်လိုက်သည်။

"အဖိုးချမ်းသာသမျှ ဓနဉ္စယ အတွက်ပဲ။ ဓနဉ္စယ ချမ်းသာသမျှဟာလဲ ငါ့မြေးအတွက်ပဲ။ ငါ့မြေး သာဝတ္ထိသွားဖို့ အဖိုးတို့ စီစဉ်ထားပြီးသား။ ဘာမှ အားမငယ်နဲ့။ ငါ့မြေးကလေး မိဝေးဘဝေးနဲ့ တစ်နယ်တစ်ကျေးမှာ မျက်နှာ မငယ်စေရဘူး။ အဖိုးတို့ချမ်းသာတာ၊ ငါ့မြေးဘုန်းကံပါရမီ ကြီးမားတာ

www.burmeseclassic.com

www.burmeseclassic.com



မိဂါရတို့ဘက်က အံ့ဩလို့ မကုန်နိုင်အောင် ဖြစ်စေရမယ်။ ကျေနပ်ရဲ့လား"

မျက်လွှာလေးပိတ်ပြီး ခေါင်းထပ်ညိတ်သည်။ အဖိုး၏ မေတ္တာ၊ စေတနာတွေ ခံစားရသည်မှာ ကြည်ကြည်နူးနူး။

"ငါ့မြေးဘက်က ကတိတစ်ခုတော့ ပေးရမယ်"

"ဘာကိုလဲဟင်"

မျက်လုံးပြန်ဖွင့်ပြီး သိချင်စိတ်များက ရင်ထဲ၌ လှုပ်လှုပ်ရှားရှား။

"ဘယ်နေရာ ဘယ်ပတ်ဝန်းကျင်ကိုရောက်ရောက် ရတနာသုံးပါးကို ဦးထိပ်ထားရမယ်။ အလှူရေစက် လက်နဲ့မကွာ အာစိဏ္ဏကံ ကုသိုလ်တွေပွား သထက် ပွားစေရမယ်။ လူမှုရေးက လူမှုရေး၊ ဘာသာရေးက ဘာသာရေးပဲ။ အဲ့ဒါ သဘောပေါက်တယ်ဟုတ်လား"

လူမှုရေးနှင့်ရောထွေးပြီး ဘာသာရေးမှာ အလျှော့မပေး အရှုံးမပေးဖို့ အဖိုး၏ဆန္ဒကို သူမ သဘောပေါက်၏။

"ဒီအတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့ အဖိုးရယ်။ ဝိသာခါက ယောကျ်ားကို စွန့်သင့်ရင် စွန့်ပစ်မယ်။ ဘာသာအယူဝါဒကို ဘယ်တော့မှ မစွန့်ပါဘူး။ ဗုဒ္ဓရဲ့ အဆုံးအမတော်တွေကို အသက်ပေးပြီးတော့တောင် လိုက်နာမှာပါ။ အဖိုးရဲ့မြေးကို စိတ်ချစမ်းပါ"

"သာဓု ကွယ် -- သာဓု -- သာဓု။ ငါ့မြေးဆီက ဒီစကား တစ်ခွန်းကြားရတာနဲ့ အဖိုး ကျေနပ်စိတ်ချနိုင်ပါပြီ"

သာဝတ္ထိသို့ လိုက်ပါရတော့မည်မို့ အဖိုးအား ထိခြင်းငါးပါးဖြင့် ရှိသေစွာကန်တော့၏။ မိသားစုနှင့် အတူနေခဲ့ရသော ကာလများသည် အိပ်မက်ရှည်တစ်ပုဒ်နှယ်ဖြစ်၏။ ယခုတော့ အိပ်မက်မှနိုးထပြီး လောကကြီး ထဲသို့ အိပ်ချင်မူးတူးဖြင့် ဝင်ရောက်လာသလို ရှိလေသည်။

အိမ်ထောင်သည်အဖြစ်သို့ ရောက်ရှိခဲ့သော ဘဝသစ်ကို မိမိဘာသာပင် မယုံကြည်နိုင်အောင် အံ့ဩနေမိသည်။ လျင်မြန်လိုက်သည့် အပြောင်းအလဲ ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အတိတ်တို့သည် အတိတ်မှာ ကျန်ခဲ့၏။ ပစ္စုပ္ပန်သည်လည်း အနာဂတ်သို့ ဆွဲခေါ်၍ မရနိုင်သည်သာတည်း။ ယနေ့ သာကေတတွင် ရှိနေဆဲဖြစ်သော်လည်း မနက်ဖြန်တွင် သာဝတ္ထိပြည်သို့ ရောက်ရှိနေတော့မည်။ အေးမြငြိမ်းချမ်းသော မိဘအရိပ်မှ ထွက်ခွာ၍ ယောက္ခမထံတွင် သေတစ်ပန်သက်တစ်ဆုံး ခိုလှုံရပေတော့မည်။

မနက်ဖြန်ဆိုသည်မှာလည်း အဟောင်းအဟောင်းတို့ ချုပ်ပျောက်၍ အသစ်အသစ်တို့ ရောက်ရှိလာကြမည်ဖြစ်သည်။

ရင်ခွင်သစ်၊ နေရာသစ်၊ ပတ်ဝန်းကျင်သစ်၊ မျက်နှာသစ်တွေ။ သာဝတ္ထိမှာ အားလုံးသောအရာတို့သည် သူမအတွက် အသစ်စက်စက်၊ အစိမ်းသက်သက်ချည်း ဖြစ်နေပေလိမ့်မည်။

ပြောင်းလဲတတ်သော လောက၏ နိယာမပေလား။

သို့တည်းမဟုတ်-----

ကံကြမ္မာ၏ ပြောင်းလဲမှုပေလား။

ရွှေပန်းကုံးကို လက်ခံမည်ဟု လျင်မြန်သော စိတ်၏ ပိုင်းဖြတ်မှုသည် ယခုတော့ ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်ပါလား။

အဖိုးဆုပေးသည်ကိုပင် မကြားနိုင်ဘဲ သူမ တွေဝေနေသည်။

× × ×

အသပြာ လှည်းငါးရာ။

ရွှေအိုးရွှေခွက် လှည်းငါးရာ။

ငွေအိုးငွေခွက် လှည်းငါးရာ။

ကြေးအိုးကြေးခွက် လှည်းငါးရာ။

အဝတ်အထည် လှည်းငါးရာ။

ထောပတ် လှည်းငါးရာ။

ဆီ လှည်းငါးရာ။

www.burmeseclassic.com

www.burmeseclassic.com



ဆန် လှည်းငါးရာ။

ထွန်တုံး ထွန်သွား တန်ဆာပလာ လှည်းငါးရာ။

ကျွန်မ သုံးယောက်စီပါသော ရထားငါးရာ။

ဘဏ္ဍာစိုးကြီး ဖတ်ပြနေသော အဖေ့လက်ဖွဲ့စာရင်းကို နားထောင်နေရာမှ သူမနှင့်အတူလိုက်ပါမည့် မဆုံးနိုင်သည့် လှည်းတန်းကြီးကို လှမ်းကြည့်လိုက်သည်။

"ဘာလေးတစ်ခု လိုပါသေးတယ်လို့ မိဘဆီ ပြန်မမှာရအောင် အပြည့်အစုံ စီစဉ်ပေးရမယ်လို့ သူဌေးကြီးက အမိန့်ချထားပါတယ် သခင်မလေး"

ဘဏ္ဍာစိုးကြီး၏ စကားကြောင့် အသက်ရှူဖို့ပင် မေ့လျော့သွား၏။ ယခင်ကာလများမှာ အတူနေခဲ့စဉ်က အမှတ်တမဲ့ ရှိခဲ့သော မိဘမေတ္တာသည် ယခုတော့ ရင်ထဲမှာနွေးနွေးထွေးထွေး။ မိဘ၏ မေတ္တာ စေတနာမျိုးကို တစ်လောကလုံး ဘယ်သူတစ်ဦးတစ်ယောက်က တန်းတူရည်တူမီအောင် ပြုပေးနိုင်ပါအံ့နည်း။

ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှ လူဖြစ်အောင် မွေးလာခဲ့သည့် ကျေးဇူး။ အိမ်ထောင်ကျသည့် ယခုအချိန်အထိ လိုချင်တာမှန်လျှင် အငြိုငြင်မခံဘဲ စိတ်တိုင်းကျ ဖြစ်စေခဲ့သည့် ကျေးဇူးတွေ။

နောက်ဆုံး အယူဝါဒ မတူသည့် ယောကျ်ားတစ်ဦးကို မစူးစမ်းဘဲ လက်ခံမိခဲ့သည့်တိုင် သမီးမျက်နှာ တစ်ချက်အညှိုးမခံဘဲ ကုဋေပေါင်းများစွာ အကုန်အကျခံ၍ ထိမ်းမြားလက်ထပ် မင်္ဂလာပွဲကြီး ဝှဲချီးကျင်းပ ပြုလုပ်ပေးခဲ့သည့် ကျေးဇူး။

ယခုလည်း ယောက္ခမအိမ်မှာ မျက်နှာမငယ်ရအောင်တဲ့။ စီစဉ်ပေးလိုက်သည့် ဥစ္စာပစ္စည်းတွေက နည်းနည်းနောနောမှမဟုတ်။

မိဘများ၏ မေတ္တာရသကြောင့် တရှိုက်မက်မက်ဖြင့် သူမ၏ မျက်ဝန်းများမှာ မျက်ရည်ကြည်တွေ ရစ်ဝဲသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"နွားခြံတံခါးတွေဖွင့်ပြီး စည်တီးလိုက်တဲ့အခါ အလျားသုံးဂါဝုတ်နဲ့ အနံတစ်ဥသဘအတွင်း ခုန်ထွက်ပြေးသမျှ နွားတွေကို ပေးလိုက်ဖို့ လဲမှာထားပါတယ်"

ဘဏ္ဍာစိုးကြီး ပြောပြသည့်အတိုင်း အလျား ၉ မိုင်ခွဲ အနံပေ ၂၁၀ အကျယ်အဝန်းနှင့်အမျှ အလုအယက် တိုးဝှေ့နေကြသည့် နွားများ။

ထိုမျှမကသေး။ လိုက်ခွင့်မပေးတော့ဘဲ ခြံတံခါးပိတ်ထားလိုက်တော့ သည့်တိုင် သူမနှင့် အတူတကွ လိုက်ပါလိုကြသည့် နွားများကလည်း ခွန်အားကြီးမားစွာ ခြံစည်းရိုးကို ခုန်ကျော်ထွက်လေရာ ကောင်ရေတစ်သိန်း ကျော်ပေသည်။

သူမသည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ကိကီ မင်းကြီး၏ သမီးထွေး'သံဃဒါသီ' မင်းသမီးကလေးဖြစ်ခဲ့စဉ် ရဟန်းတော်ပေါင်း နှစ်သောင်း တို့အား နို့ဆွမ်းလှူဒါန်းရာ အလှူခံပုဂ္ဂိုလ်တို့က ပြည့်စုံ၍ 'တော်ပါပြီ'ဟု တားမြစ်ကြသည့်တိုင် 'ဒါလေးအရသာကချိုမြိန်လို့ပါဘုရား။ ဒါလေးက အမွန်အမြတ် ပြုထားလို့ ကောင်းလှပါတယ်ဘုရား။ လှူဒါန်းပါရစေဦး ဘုရား။ လက်ခံတော်မူပါဘုရား။ သုံးဆောင်ဘုဉ်းပေးတော်မူပါဦးဘုရား' စသည်ဖြင့် ကြည်မြသာယာ ပီယဝါစာဖြင့် စေတနာမိုးရွေ သဒ္ဓါဖြိုးဝေကာ လှူဒါန်းခဲ့ပါသော ကုသိုလ်အဟုန်ကြောင့် ဖခင် ဓနဉ္စယသူဌေး ခွင့်ပြုပေးထား သော နွားများထက်ပင် ကောင်ရေတစ်သိန်းကျော် ခြံထဲမှ အတင်းခုန်ထွက် ပြေးလိုက်လာကြသည်အထိ ဒါနအကျိုးဆက် ကြီးမားခဲ့လေသည်။

ကျွန်ယောကျာ်း၊ ကျွန်မိန်းမများ ပေးရန်အတွက်မူ တစ်ဆယ့်လေးခရိုင် ပိုင်သော ကျေးရွာများ၌ 'ဝိသာခါနှင့်အတူလိုက်လိုသူများ လိုက်သွားကြစေ'ဟု စည်လည်စေ၏။

ချစ်ခင်သူ မြတ်နိုးသူတွေ ပေါများလှသော ဝိသာခါနှင့်အတူ မလိုက်ဘယ်သူ နေကြမည်နည်း။ များပြားလှသည့် ပရိသတ်ထုကြီးကို မြင်ရသော မိဂါရ သူဌေးသည်ပင် အံ့သြတုန်လှုပ်သွားရကာ ထိုမျှ များလှစွာသော

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကို မကျေးမွေးနိုင်ဟု အတင်းပင်တားမြစ်၍ ကျန်ရစ်ခဲ့စေကာ အချို့အဝက်လောက် ကိုသာ ခေါ်ဆောင်ခွင့် ပြုရတော့၏။

ခွဲခွာရတော့မည့် နောက်ဆုံးအချိန်တွင် ပစ္စည်းဥစ္စာများစွာတို့ထက် တန်ဖိုးရှိသော အဆုံးအမစကားကို သူမအား အဖေထပ်ပေးပြန်သည်။

"ယောက္ခမအိမ်မှာ နေတဲ့အခါ အဖေ ဆုံးမလိုက်တဲ့ စကားကို ဘယ်တော့မှ မမေ့ပါနဲ့။

၁။ အိမ်ထဲကမီး အိမ်ပြင်ကိုမထုတ်နဲ့။

၂။ အိမ်ပြင်ကမီးကိုလည်း အိမ်ထဲမသွင်းနဲ့။

၃။ ပြန်ပေးသူကိုသာ ပေးပါ။

၄။ ပြန်မပေးသူကို မပေးနဲ့။

၅။ ပေးပေး မပေးပေး ပေးရမယ်။

၆။ ချမ်းချမ်းသာသာ ထိုင်ပါ။

၇။ ချမ်းချမ်းသာသာ စားပါ။

၈။ ချမ်းချမ်းသာသာ အိပ်ပါ။

၉။ မီးကို ရိုရိုသေသေ လုပ်ကျွေးပါ။

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးပါ။

အဖေ့ကိုချစ်ရင်၊ အဖေတို့ကျေးဇူးကို ဆပ်ချင်ရင် သမီးရဲ့ဘဝတစ်သက်တာမှာ အဖေဆုံးမတဲ့အတိုင်း လိမ်လိမ်မာမာ နေထိုင်သွားပါကွယ်"

စကားအဆုံးသတ်တွင် အဖေ့အသံသည် တိုးတိမ်သွား၏။ မငြိမ်မသက် လှုပ်ရှားနေသော ဖလုပ်ကိုကြည့်ရင်း အဖေ တံတွေးအကြိမ်ကြိမ် မျိုချနေပြီဟု သိ၏။ ရီဝေသော မျက်လုံးအစုံဖြင့် အဖေ့ရင်မှာ ဆို့နင့်နေပြီထင်သည်။ ချစ်စွာသော သမီးလေးကို ခွဲရမည့်အရေးတွင် ဘယ်အတွေးဖြင့် ဖြေဆည်ပါမည်နည်း။ အဖေ့ရှေ့မှောက်မှာရပ်လျက် အောက်ချသောမျက်နှာဖြင့် အတန်ကြာအောင် ငိုင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေ့ဆီ မသိမသာ လှမ်းကြည့်ပြန်တော့ အမေ့မျက်လုံး ထောင့်စွန်းများမှာ မျက်ရည်စတွေနှင့်။

အမေလည်း ကြေကွဲနေပြီပဲပေါ့။

ပြီးတော့---အဖိုး။

အဖိုးတစ်ယောက် ဘယ်ဆီပျောက်နေသည်မသိ။ ပရိသတ်တွေကြားမှာ အဖိုးကို ရှာမတွေ့ပါ။ ထွက်ခွာသွားတော့မည့် မြေးကလေး ဝိဝိကို မကြည့်ချင် မမြင်ရက် ရင်နင့်လျက်ဖြင့် ပုန်းလျှိုးကာ မျက်ကွယ်ပြုနေဟန် တူပါသည်။

သက်ပြင်းတစ်ချက် ကျိတ်ချလိုက်မိ၏။

သူမအဖို့မှာလည်း မခွဲနိုင်နိုင် မခွာရက်ရက်ပါပဲ။

ကြွေလုလုဖြစ်သွားသော မျက်ရည်ဥတွေကို ချက်ချင်းပြန်သိမ်း၊ စိတ်ထိန်းမတ်ကာ မျက်တောင်ကို အကြိမ်များစွာ ခတ်ပစ်လိုက်သည်။ မင်္ဂလာချိန်ခါမှာ မျက်ရည်မကျစကောင်းတာ ကိုပုဏ္ဏအတွက် သူမနားလည်ပေးရပါလိမ့်မည်။

အတွင်းနှုတ်ခမ်းသားကို ဖိကိုက်လျက် အဖေနှင့်အမေထံမှ ချာကနဲ လှည့်ထွက်ခဲ့၏။ အခြားတစ်ဖက်တွင်---

ရထားပေါ်မှာ ကိုပုဏ္ဏက ပြုံးမြမြဖြင့် သူ့အား လက်ကမ်းပေးလာသည်။ ဤလက်သည် တစ်သက်တာ ထာဝရအတွက် အားကိုးဆုပ်ကိုင်ထားရမည့် လက်ပါလားဟု နှလုံးသားအသိမှာ ခိုဝင်လာ၏။

သို့စေကာမူ လောလောဆယ် ကိုပုဏ္ဏ၏ အပြုံးအေးအေးသည် ပူလောင်နေသော သူမ၏ရင်ကို နွေးရုံပင်မနွေးထွေးစေနိုင်ပါ။ လက်ကလေးဖော့ကာယမ်းကာ နောက်ဆုံးအနေနှင့် နှုတ်ဆက်နေကြရှာသည့် အဖေနှင့်အမေကို ခပ်ငေးငေး ကြည့်လိုက်ရင်း ဆို့နင့်စွာ မျက်ရည် ဝေသွားရပြန်သည်။ မလွမ်းဘယ်သူ ရှိပါမည်နည်း။

ကိုပုဏ္ဏနှင့် ယှဉ်တွဲက ထိုင်လိုက်ပြီးသည်နှင့် ခဏမှာပင် ရထားစတင်ထွက်ခွာ၏။

www.burmeseclassic.com

www.burmeseclassic.com



ခရီးနှင့်အတူ ဘဝသစ်တစ်ခုကို အစပြုလိုက်ပြီပဲလေ။

× × ×

"ဝိသာခါဆိုတာ ဟိုရထားပေါ်က ဒေါင်းမပျိုလေးလား"

"မိုးပေါ်ကကျလာတဲ့ နတ်သမီးလေးပါဟဲ့"

"ညှတ်နေအောင် ဆင်ထားတဲ့ ရတနာတွေက ကိုယ်ရောင်တဖိတ်ဖိတ် တောက်နေသလိုပါပဲ"

"ဟုတ်ပါ့---လှလိုက်တာနော် ငယ်ငယ်လေးရှိသေးတယ်"

"မောင်ပုဏ္ဏနဲ့လိုက်ဖက်ညီပါပေ့။ နေနဲ့လ ရွှေနဲ့မြပဲ"

"ဝိသာခါဝတ်ထားတာ မဟာလ္လတာတန်ဆာ ဆိုတာပေါ့။ သူ့အဖေ လက်ဖွဲ့လိုက်တာလေ။ ကိုးကုဋေတောင် တန်သတဲ့"

"ဝိသာခါတို့ လူဖြစ်ကျိုး နပ်လိုက်တာနော်။ ဘာချမ်းသာသလဲမမေးနဲ့။ တို့များရဲ့ မိဂါရသူဌေး ချမ်းသာတယ်ဆိုတာ နေဌယသူဌေးကြီး အလှူတစ်ကြိမ် ပေးတာလောက်ပဲရှိတယ်။ မင်္ဂလာဆောင်တုန်းက ထင်းကုန်လို့ အိမ်အို၊ အိမ်ဟောင်း၊ ဆင်တင်းကုပ်ပါမကျန် နောက်ဆုံး အဝတ်ပုဆိုးတွေကို ဆီဆွတ်ပြီး ထင်းလုပ်သုံး ခဲ့တာ။ ဒီလောက်ချမ်းသာတာမျိုး တစ်ခါမှတောင် မမြင်ဖူး မကြားဖူးဘူး။ အံ့ရောပဲ"

"မဟာလ္လတာတန်ဆာက သိပ်လေးသတဲ့တော့်။ တော်ရုံတန်ရုံလူ မဝတ်နိုင်ဘူးတဲ့။ ဝိသာခါက ဆင်ပြောင်ငါးစီးအားမို့ ဝတ်နိုင်တာတဲ့"

"ဘုန်းကံကြီးမား ထူးခြားတဲ့ပါရမီရှင်ပေါ့"

"မိဂါရသူဌေး ချွေးမအရတော်တယ် ဆိုရမယ်"

မဟာလ္လတာတန်ဆာသည် ဖခင်မေဏ္ဍကကို အစွမ်းကုန် ဖော်ကျူးထားသော နေဌယသူဌေးကြီး၏ မင်္ဂလာ လက်ဖွဲ့ပစ္စည်း ဖြစ်သည်။ ပတ္တမြား၊ နီလာ၊ မြ၊ သန္တာနှင့်စိန်ရွှေရတနာတွေ တန်ဖိုးမည်မျှ ကြီးစေကာမူ အဖိုးဖြတ်နိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မိဘတို့၏ မေတ္တာ စေတနာတို့ကား တန်ဖိုးဖြတ်၍ မရစကောင်း။ ထို့ကြောင့် မြားမြောင်လှသော လူပရိသတ်တို့အလယ်မှာ အဖေ့မေတ္တာ၊ အဖေ့ဂုဏ်ကို သူမ ထုတ်ဖော် ချီးမြှောက်ချင်သည်။ မဟာလ္လတာတန်ဆာ၏ ဂုဏ်ကိုလည်း ကောင်း၊ ဓနဉ္စယသူဌေးကြီး၏ သမီးအဖြစ်ကိုလည်းကောင်း လူအပေါင်းတို့ မြင်စိမ့် သိစိမ့်သောငှာ သာဝတ္ထိပြည်တွင်းသို့ အမိုးဖွင့်ရထားဖြင့် ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ဝင်ခဲ့လေသည်။

ဝိသာခါနှင့် မဟာလ္လတာတန်ဆာ။

မဟာလ္လတာတန်ဆာနှင့် ဝိသာခါ။

ခွဲမြင်၍မရအောင် ဤပွဲမှာ စတင်ထင်ရှားခဲ့ပါသည်။

မဟာလ္လတာတန်ဆာ သာမက ဓနဉ္စယသူဌေးကြီးက သမီးအတွက် အမွေ ခွဲဝေပေးလိုက်သည့် သက်ရှိသက်မဲ့ ပစ္စည်းတွေ၊ ဥစ္စာရွှေငွေရတနာတွေ များပြားလွန်းရကား သာဝတ္ထိပြည်သူပြည်သားများ ရင်သပ်ရှုမောကာ ပြော၍ မကုန် ဆို၍မခန်း၊ ဝမ်းပန်းတသာ ရှိကြရလေသည်။

ထို့ပြင် ဝိသာခါ၏ မင်္ဂလာဆောင်သို့ သွားခဲ့ကြစဉ်က သာကေတတွင် လေးလတိုင်တိုင် လက်ဆောင်လည်းပေး အစာလည်းကျွေးကာ လိုလေသေး မရှိအောင် ပြုစုလိုက်သော ကျေးဇူးကြောင့် ကတညုတ ကတဝေဒီ မင်္ဂလာ တရားနှင့်အညီ သာဝတ္ထိ ပြည်သူပြည်သားတို့သည် ဝိသာခါယောက္ခမအိမ် ရောက်သည်နှင့် သူ့ထက်ငါ အရင်ဦးအောင် တိုးဝှေ့ကာ လက်ဆောင်ပဏ္ဏာတွေ အလုအယက်ပေးလာကြ၏။

"ကျေးဇူးတင်ပါတယ်ရှင်။ ဝိသာခါကို အခုလို မေတ္တာထားလာကြတော့ ဝိသာခါကလည်း မေတ္တာတုံ့ပြန်ရမှာပါ။ ဟောဒီအဝတ်ပုဆိုးတွေ၊ ထောပတ်တွေ၊ ပျားရည်တွေ၊ အဖိုးတို့၊ အဖွားတို့၊ အဖေတို့၊ အမေတို့ ယူသွားကြပါ။

"ဒီကအစ်မကြီးနဲ့ ညီမလေးတွေ အတွက်တော့ ဝတ်စုံတစ်စုံကျစီနော်"

"ဟိုအစ်ကိုကြီးတို့က လုံချည်တွေ စိတ်ကြိုက်အရောင် ရွေးယူကြပါရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးကြည့်ရတာ နွမ်းပါးပုံရတယ်။ အစ်မကို ဘာမှမပေးနဲ့။ ဂရုတစိုက် ခင်မင်လာတာကို ဝမ်းသာပါတယ်။ မောင်လေး လယ်လုပ်ဖို့ နွား တစ်ရှဉ်းပေးလိုက်မယ်--ဟုတ်လား"

"ကိုပုဏ္ဏရေ အိမ်ကအမှုလုပ် မိန်းမ၊ ယောကျ်ား အားလုံးကိုလည်း ခေါ်ပေးပါဦး။ မဝိတို့ ရောက်လာတဲ့နေ့မှာ မင်္ဂလာလက်ဆောင် အဝတ်ပုဆိုးတွေ ပေးချင်ပါတယ်"

ဝိသာခါ၏ ကြည်လင်ချိုသာသော ဆည်းလည်းသံလေးသည် တစ်အိမ်လုံး ညိုးညိုးညံ့ညံ့ ရှိနေပါလေ၏။ တိတ်ဆိတ်ငြိမ်သက်နေခဲ့သော မိဂါရသူဌေးအိမ်သည် ဝိသာခါ ရောက်လာပါမှ စည်စည်ညံ့ညံ့ စိတ်ပျော်ရွှင် ချမ်းမြေ့ဖွယ် ဖြစ်လာရသည်။

ဝိသာခါတို့ ကျိုကျိုတက် ချမ်းသာတာကို ကိုယ်တိုင်မြင်တွေ့ခဲ့ပြီးသော မိဂါရသူဌေးသည် ပင်ကိုက ရေစီးကမ်းပျို့လိုက်သည်အထိ စေတနာရက်ရက် ရောရောကြီး မဟုတ်သော်လည်း ချွေးမအသစ်စက်စက်ကလေး ပေးကမ်း စွန့်ကြဲနေသမျှကိုမူ မိမိပိုင်ဥစ္စာတွေ မထိခိုက်သောကြောင့် သူ့ပစ္စည်းသူပေးတာပဲ လေဟု သဘောထားကာ ပြုံး၍ပြုံး၍သာ သည်းခံရှာပါ၏။

ပုဏ္ဏဝဒ္ဓန အဖို့ကား ဆိုဖွယ်ရာမရှိတော့။ ဥစ္စာပေါ ရုပ်ချော၊ အလိမ္မာ အိမ်ပါဟူသည့် စကားနှင့်အညီ ရုပ်ရည်ကအစ စိတ်နေသဘောထားရော၊ ဉာဏ်ရည် ဉာဏ်သွေးပါ အပြစ်တွေးစရာမရှိအောင် အလှတွင်ဘုရင်၊ အယဉ်တွင် မရှိ၊ အမူအရာမှာအဓိပတိ၊ ဇမ္ဗူမှာ အတုမဲ့ဘိသော မိန်းမမြတ်ကလေးအား ဘဝခရီးဖော်အဖြစ် လက်တွဲခွင့်ရသည်ကို ပျော်တပြုံးပြုံး မော်မဆုံးရှိရကာ ပီတိဝှန်လှိုက် ဘဝင်ဆိုက်မတတ် ဖြစ်နေပါလေ၏။

"မဝိကို လက်ထပ်ခွင့်ရတာ ကိုပုဏ္ဏလောက်ကံကောင်းတဲ့သူ ဇမ္ဗူမှာ မရှိနိုင်တော့ဘူးထင်ပါတယ်။ ပြီးတော့ မဝိက ကိုပုဏ္ဏထက် အစစအရာရာ သာလွန်ထူးချွန်နေတော့ ကိုပုဏ္ဏမှာဝမ်းသာဝမ်းနည်း အားလဲငယ်မိပါရဲ့"

ကိုပုဏ္ဏသည် သူ့ရင်တွင်းခံစားချက်ကို မျိုသိပ်မထားနိုင်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားစွာ ဖွင့်ဟဝန်ခံရှာပါသည်။ သူဌေးသား ဖြစ်စေကာမူ သူမနှင့် ယှဉ်လိုက်လျှင် နောက်တွင် ကျန်ခဲ့သော ခင်ပွန်းသည်အား ကရုဏာအပြုံးများဖြင့် နှစ်သိမ့် လိုက်ရ၏။ အားပေးစကားလည်း ပြောကြားရပေဦးမည်။

"ကိုပုဏ္ဏကို ရုပ်ချောသလား၊ ရုပ်ဆိုးသလား၊ ဖြူသလား၊ မည်းသလား မကွဲပြားဘဲနဲ့တောင် ရွှေပန်းကုံးကို လက်ခံခဲ့တဲ့ မဝိပါ။ ရေးရေစက်ရှိခဲ့လို့ အိမ်ထောင်ဖက်တွေဖြစ်နေပြီပဲ ကိုပုဏ္ဏရဲ့။ တစ်ဦးနဲ့တစ်ဦး သာတယ် နာတယ် တွက်နေဖို့ လိုသေးလို့လား။ မဝိက ဥစ္စာမာန်တက်မယ့် မိန်းကလေးလည်း မဟုတ်ရပါဘူးတဲ့ရှင့်။ မနေ့က သာကေတ သူဌေးကြီး ဓနဥ္စယရဲ့ သမီးဟာ ဒီနေ့တော့ သာဝတ္ထိက ကိုပုဏ္ဏရဲ့ဇနီး ဖြစ်နေပြီလေ။ ရှိသမျှပစ္စည်းတွေ နှစ်ဦးတူတူပိုင်ပါတယ်။ စိုးရိမ်သောက မထားပါနဲ့။ စိတ်ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ"

စိတ်ထားပြည့်ဝသည့် ဇနီးမယားပါလားဟု ကိုပုဏ္ဏတစ်ယောက် ကြည်ကြည်နူးနူး ရှိသွားရသလို သူမကလည်း ရာသက်ပန် ရိုးမြေကျ ပေါင်းသင်း ရတော့မည့် ခင်ပွန်းသည်အား မေတ္တာများဖြင့် ကရုဏာ ထားမိရလေသည်။

သို့စေကာမူ ဆိုရေးရှိက ဆိုအပ်လှပါ၏။

"ဒါပေမယ့်--ကိုပုဏ္ဏရယ် ပြောရမှာတော့ အားနာပါတယ်။ စိတ်မဆိုးဘူး ဆိုရင် မဝိတစ်ခု မေးချင်ပါတယ်"

"ဘာများပါလိမ့်ဗျာ၊ မေးပါ--မေးပါ"

သူမအပေါ် ဂရုတစိုက် ရှိလွန်းသည့် ကိုပုဏ္ဏ၏ အမူအရာက ပျာပျာသလဲ။

"ကိုပုဏ္ဏတို့ မိသားစုက တိတ္ထိတွေကို ကိုးကွယ်တာဆိုတာ အမှန်ပဲလား"

သူမကလည်း ဘွင်းဘွင်းရှင်းရှင်း သမားမို့ ပွင့်ပွင့်လင်းလင်း တဲ့တိုးကြီး ပင် မေးချလိုက်တော့၏။ ကိုပုဏ္ဏခမျာ မျက်နှာကွက်ခနဲ ပျက်သွားရှာသည်ကို သတိထားမိလိုက်သည်။

သူမ၏အမေးကို မဖြေနိုင်သေးဘဲ မျက်နှာလွှဲကာ ကိုပုဏ္ဏငေးနေရှာသည်။ သက်ပြင်းတစ်ချက် ကျိတ်ရှိုက်လိုက်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



"မဝိမေးတာ ဖြေဦးလေ"

သူ ခေါင်းကို လေးတွဲ့စွာ ညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဟု" ခပ်တိုးတိုးဆိုသည်။

မိစ္ဆာဒိဋ္ဌိ ယောကျ်ားတစ်ယောက်ကို ယူမိမှားပြီ ဝိသာခါ။ ယခုတော့ ပြင်လို့ရတော့မှာတဲ့လား။ အိုး––ဘာပဲဖြစ်ဖြစ် ဝိသာခါတို့ ဆုံးဖြတ်ပြီးတဲ့ကိစ္စ နောက်ဆုတ်ရိုး ထုံးစံမရှိဘူး။ ဒါခရီးအစရှိသေးတယ်။ ရှေ့ဆက်လျှောက်ဖို့ အဝေးကြီးကျန်သေးတာပဲ။ ဝိသာခါရဲ့ဘဝမှာ အရှုံးဆိုတာမရှိစေရဘူး။

နှုတ်ခမ်းကို ပြုံးထားသော်လည်း တင်းစေ့နေကြောင်း သူမဘာသာပင် သိသည်။

"မဝိက ဗုဒ္ဓကို အသက်ပေးပြီး ကြည်ညိုတာ။ စလုံးရေစတာနဲ့ ဘာသာ အယူဝါဒတော့ ကွဲပြားနေပြီလေ။ အဲ့ဒီအတွက် သဘောထားမကွဲမှ အိမ်ထောင်ရေး မြဲနိုင်မယ်နော်––ကိုပုဏ္ဏ"

ကိုပုဏ္ဏ၏ မျက်နှာဖြူဖျော့သွားရှာ၏။ ကရုဏာတော့ သက်မိသား။ သူမတို့အဖြစ်ကလည်း စကတည်းက ယဉ်သကို ဆိုသလို ဘာသာမတူသူကိုမှ ယူမိပြီကိုး။ –

"မဝိရယ်––ကိုယ်တို့နှစ်ဦးကြားမှာ ဘာသာရေးတံတိုင်းကြီး ကာမထား စမ်းပါနဲ့။ မဝိကြိုက်တဲ့ ဘာသာကို ကိုးကွယ်နိုင်ပါတယ်"

သူက မျက်လုံးလေးမှေးပြီး အေးစက်စက် ပြုံးစိစိ လုပ်နေနိုင်ပေမယ့် ကိုပုဏ္ဏခမျာ မျက်စိမျက်နှာပျက်ကာ ပျာယာခတ်နေရှာ၏။

အိမ်ထောင်ကျတာဖြင့် မကြာသေး။ ဘာသာအယူဝါဒကြောင့် စကားပြော နေရပြီ။ သည်မိန်းကလေးကို လက်ထပ်ခွင့်ရ၍ ကြည်နူးပျော်မြူးခဲ့ရသည့် ခံစားမှုများ ဘယ်ဆီပြေးလွှား ပျောက်ကွယ်သွားသည်မသိ။

သာကေတမှာ နေထိုင်ခဲ့သည့် လေးလအတွင်း မဝိတို့မိသားစု ဗုဒ္ဓ အယူဝါဒကို ကြည်ညိုတာ၊ ရတနာသုံးပါးကို အလေးအနက်ထားတာ၊ ရက်ရက်ရောရော လှူဒါန်းကြတာ သူအမြင်။ သူအတွေ့။ ထိုစဉ်ကတည်းက

www.burmeseclassic.com



နှစ်ဦးသား အယူကွဲပြားနေပြီဟု သတိပြုမိကာ ရင်ထိတ်ခဲ့သား။ ယခုတော့လဲ သူတွေးသည့် အတိုင်းပါပဲ။ ဘာသာအယူဝါဒကြောင့်တော့ အိမ်ထောင်ရေး ပြဿနာ အတက်မခံနိုင်ပါ။

"မဝိကြိုက်တဲ့ဘာသာကို ကိုးကွယ်တာက ဟုတ်ပါပြီ၊ ဗုဒ္ဓကို မဝိ အားကိုးကြည်ညိုသမျှ၊ ယုံကြည်ကိုးစား အလေးထားသမျှ ကိုပုဏ္ဏတို့အဖေ ရှေ့ကကွယ်ထားတဲ့ ကိုးကွယ်မျိုးလား။ ရတနာသုံးပါးကို ကိုးကွယ်ရုံနဲ့ မပြီးသေးဘူးလေ။ ကိုးကွယ်နောက်မှာ ဆည်းကပ်ဆိုတဲ့ စကားလဲပါသေးတယ် ကိုပုဏ္ဏရဲ့"

စကားလှလှကလေးသုံးပြီး အခွင့်အရေး တောင်းဆိုနေသော ဇနီးကို သူသည် အတွေးများစွာဖြင့် ရင်လေးကာ ခပ်ငေးငေးကြည့်နေမိ၏။ ချစ်ဖွယ်သော စကားကို သုံးတတ်ရုံသာမက လိမ္မာပါးနပ်လှသော သည်မိန်းကလေးကို သူအလျှော့ပေး အရှုံးပေးဖို့ ဝန်မလေးသော်ငြား ဘာသာတရားနှင့် ပတ်သက်နေသောကြောင့် သူ့အဖေနှင့် ထိပ်တိုက်တိုးမှာကိုသာ စိုးရိမ်နေမိ၏။ သူ့အဖေက လည်း တိတ္ထိမှ တိတ္ထိအစစ်ကြီး။

"ကိုပုဏ္ဏတို့အိမ်ရောက်တာ ဘယ်လောက်မှ မကြာသေးပါဘူး။ ဖြည်းဖြည်း ဖြစ်လာမှာပေါ့။ ဆန္ဒမစောပါနဲ့ မဝိရယ်"

လေသံပျော့လေးဖြင့် မဝိကို ဖျောင်းဖျရသော်လည်း သူကိုယ်တိုင်က စိတ်အားလျော့ချင်ချင်။ အဖေနှင့်ဇနီးကြားတွင် သူမြေစာပင် ဖြစ်တော့မည်ကို ကြိုမြင်နေသည်။

"ဒါပဲနော် ကိုပုဏ္ဏကို လင်သားရယ်လို့ လေးလေးစားစား အိမ်ဦးနတ် အရာထားပြီး လင့်အလို၊ လင့်သဘော လိုက်လျောနိုင်ပေမယ့် ဘာသာတရားမှာတော့ အသပြာ တစ်ပြားမှ အလျှော့မပေးနိုင်ဘူး––သိလား"

"တော်ပါတော့ မဝိရယ်။ သာဝတ္ထိရောက်လို့ ကိုယ်တို့လင်မယား ပျော်ပျော်ပါးပါးတောင် နေမယ်မကြံသေးဘူး။ ဘာသာရေးကြီးက ပါလာရ ပြန်ပြီ။ စိတ်ညစ်စရာတွေ ခဏခေါက်ထားကြရအောင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



မဝိကို အစွမ်းကုန် ချော့မော့ အလိုလိုက်ရတော့မည်ဟု သူကောင်းစွာ သဘောပေါက်သွားပြီ။ ရှေ့ဆက်ပြီး ဘာသာရေးအတွက် ရင်မောရမည့်ရက်တွေ များစွာကျန်သေး၏။ ဘာသာရေးကြောင့် ရင်မောရသည့်တိုင် သူတို့နှစ်ဦးကြားမှာတော့ နားလည်ခွင့်လွှတ်မှုများဖြင့် ပျော်ပျော်ပါးပါးရှိချင်သည်။ ပျော်လည်းပျော်၊ မောလည်းမောသည့် အပျော်မောပဲဖြစ်ပါစေတော့။

မဝိ့မရိပ်မိအောင် သက်ပြင်းငွေ့ငွေ့ ချဖြစ်လေသည်။

× × ×

သားဖြစ်သူ၏ လက်ထပ်ပွဲ အထိမ်းအမှတ်ဖြင့် အရှင်ကောင်း အရှင်မြတ်ငါးရာ ပင့်ဖိတ်ပြီး အိမ်မှာ မင်္ဂလာဆွမ်းကျွေးမည်ဟု ကိုပုဏ္ဏတို့အဖေ စီစဉ်နေသောကြောင့် သူမဝမ်းမြောက်ဝမ်းသာ ရှိရလေသည်။

သာဝတ္ထိပြည်မှာ အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းခဲ့သည့် ဇေတဝန်ကျောင်းတော်ကိုလည်း မရောက်ရသေး။ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ဗုဒ္ဓကိုလည်း မဖူးတွေ့ရသေး။ သူမအဖို့ နီးလျက်ဖြင့် ဝေးနေရပါ၏။

ဗုဒ္ဓအား ဖူးတွေ့ချင်သည့် ဆန္ဒများ လွှန်လွှန်မင်းမင်း ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေ၏။ ခုနစ်နှစ်သမီး အရွယ်ကပင် စတင်တွေ့သိခဲ့ရသော ဗုဒ္ဓအပေါ် ချစ်ခင်မြတ်နိုးရသည့် အဖေလိုတစ်မျိုး၊ ကိုးကွယ်ဆည်းကပ် အားထားအပ်သည့် ဆရာလိုတစ်ဖုံ အလုံးစုံသော ကြည်ညိုရိုသေမှုတို့သည် အနေဝေးခဲ့စဉ်ကလည်း ဆုတ်ယုတ်ခြင်းမရှိ။ အနေနီးလာပြန်တော့ သဒ္ဓါတရားသည် တစ်နေ့တခြား တိုးပွားၡသာ လာပါ၏။

ထိုစဉ်အခိုက်မှာပင် မင်္ဂလာဆွမ်းကပ်လှူမည်ဆိုလာသော ယောက္ခမကြီး၏ စကားကို ကြားရသောအခါ နာဝတွင် ယုံပင်မယုံကြည်နိုင်ခဲ့။ ချွေးမအလိုဆန္ဒဖြည့်ပေးရာတာ ထင်ပါရဲ့ဟု ရင်ထဲမှ ကျိတ်၍ ကျေးဇူးတင်မိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ကောင်း အရှင်မြတ် ငါးရာတောင် ကြွလာမှာဆိုတော့ ဗုဒ္ဓပါဖို့ အသေအချာ။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာတို့လည်း ကျောင်းတော်တွင် ကျန်ခဲ့မည်မထင်ပါ။ ထိုအရှင်တို့ကိုလည်း သူမ လွန်စွာပင် ကြည်ညိုမြတ်နိုး ချစ်ခင်အားကိုးပါသည်။ "သောတာပန်မလေး"ဟု အားလုံးကလည်း သူမအပေါ် ကိလေသာမြူမှုန် မတင်သော မေတ္တာရေစင်ဖြင့် ခင်မင် အရေးပေးကြပါ၏။

အရှင်မြတ်တို့ ကြွလာလျှင် လှူဒါန်းဖို့ လှူဖွယ်ဝတ္ထု အစုစုတို့ကို စိတ်ကူးကြံစည်ကာ စီစဉ်ထားပြီး ဖြစ်ပါ၏။ သာဝတ္ထိရောက်ကတည်းက ဤနေ့ကျမှ နေ့မြတ်နေ့ထူး မင်္ဂလာဦးရက်အစစ် ဖြစ်တော့သည်ဟု စိတ်ကြည်နူး ပျော်မြူးနေမိပါလေ၏။

"သခင်မလေး--ရဟန္တာအရှင်မြတ်များရောက်ရှိလာပါပြီ။ သခင်ကြီး အခေါ်ခိုင်းလိုက်ပါတယ်"

"အေး--အေး--လာခဲ့မယ်"

ရဟန္တာဟူသော စကားသည် ရင်ကြား နှလုံးသားထိတိုင် စီးဝင် စိမ့်ပျော်သွား၏။ မဖြစ်စဖူးသော စိတ်ကြည်နူးမှုသည် အထွတ်အထိပ်သို့ ရောက်၏။ နှစ်သက်ခြင်း ပီတိသည် ဆံပင်ဖျားမှအစ ခြေဖျားထိတိုင် တစ်ကိုယ်လုံး ပျံ့နှံ့ကာ ကြက်သီးမြမြ ထသွားရပါလေ၏။

အိမ်ဦးခန်းသို့ ထွက်သွားသည့် သူမ၏ခြေလှမ်းသည် ဣန္ဒြေရစွာ မသုတ်ပျာသော်လည်း နှေးကွေးလေးလံခြင်းမရှိ။ ရပ်ဝေးမှ ရောက်လာကြသော မိဘမောင်နှမသားချင်း ဆွေမျိုးများကိုတွေ့ရန် အလိုရှိသူကဲ့သို့ သွက်လက် ပေါ့ပါးနေ၏။

ဗုဒ္ဓကို ဖူးတွေ့ရတော့မည်ဟု ရင်ဝယ် တဒိတ်ဒိတ် လှုပ်ရှားနေ၏။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး---

အရှင်မဟာမောဂ္ဂလာန်---

အရှင်အာနန္ဒာ---

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်လုံးများ ပရိသတ်ကြားမှာ အပြေးအလွှား ရှာ၏ ..

ဘယ်မှာလဲအရှင်ကောင်း၊ အရှင်မြတ်တွေ တစ်ပါးမှလဲမရှိကြပါလား။

"ဟာ---"

နည်းနည်းမှ မထင်မှတ်သည့် မြင်ကွင်း။

သူမ၏ ပန်းရောင်မျက်နှာကလေးသည် သွေးရောင်လွှမ်း၍ ရဲရဲတွတ် သွားပြီးနောက် ညိုမည်းညစ်ပုပ်လျက် မျက်နှာကို လက်ဝါးတို့ဖြင့်အုပ်ကာ ရှူးရှူးဝါးဝါး အော်ထုတ်လိုက်ပါလေတော့၏။

"ထွီ--ထွီ---စက်ဆုပ်ဖို့ကောင်းလိုက်တာ---ရွံဖို့ကောင်းလိုက်တာ။ ဒီလောက် ယုတ်ညံ့ညစ်ပတ် အဝတ်မကပ်တဲ့ ကိုယ်လုံးတီး တက္ကတွန်းကြီးတွေကို ရဟန္တာတဲ့။ အရှက်အကြောက်မရှိ၊ ဣန္ဒြေသိက္ခာမရှိ၊ အော့နှလုံးနာ အန်ချင်စရာ ကောင်းလိုက်ပါဘိတော့"

သူမ၏စကားကြောင့် တိတ္ထိ တက္ကတွန်းကြီးများ ဆွေ့ဆွေ့ခုန်မျှ ဒေါသပုန် ကြွလျက် ထိုင်နေကြရာမှ ဝုန်းခနဲထလာ၏။ ဓနီအတွက် အန္တရာယ်ကို ကာကွယ်အံ့ဟု ကိုပုဏ္ဏသည် သူမအနားသို့ လွှားခနဲ ရောက်လာသည်။

"ဒကာကြီးမိဂါရ---သာဝတ္ထိမှာ မိကောင်းဖခင် သားသမီးတွေ ရှားပါး နေလို့ သာကေတသွားပြီး ရဟန်းဂေါတမရဲ့တပည့် အယုတ်မကိုမှ ရှာခေါ် လာခဲ့ရတာလား။ ဒီလောက်မိုက်ရိုင်းတဲ့ သင့်ချွေးမကို အိမ်ပေါ်က နှင်ချလိုက်ပါ တော့လား"

ဒေါသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ငါးစိမ်းသည်ပမာ အမူအရာ ကြမ်းတမ်းစွာဖြင့် လက်ညှိုးတငေါက်ငေါက်ထိုးလျက် အော်ကြီး ဟစ်ကျယ် ဆိုကြလေသည်။

"ငယ်ရွယ်သူအမိုက်အမဲရဲ့စကားမို့ ဗွေမယူဖို့ တောင်းပန်ပါတယ်ဘုရား။ အရှင်ဘုရားတို့ သည်းခံပြီး ဆိတ်ဆိတ်နေတော်မူပါ"

www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမ မိဂါရသည် သူ၏ရဟန္တာအရှင်များကို ပျာပျာသလဲတောင်းပန်နေ၏။ ကိုပုဏ္ဏတစ်ယောက်ကား ဇနီးရှေ့မှာကာကွယ်ကာ မားမားကြီးရပ်နေပြီး ဘာလုပ်ရမှန်းမသိအောင် ကြောင်စီစီ ဖြစ်နေရှာ၏။

"တော်ပြီဒကာကြီး သင်လှူတဲ့ နို့ဆွမ်းကိုလဲ မသုံးဆောင်တော့ဘူး။ ဒီအယုတ်မ ရှိနေသမျှ ကာလပတ်လုံး သင့်အိမ်ကိုလဲ မလာလိုတော့ဘူး"

တက္ကဒွန်းကြီးများ ကြမ်းပြင်ကို ဖနောင့်ဆောင့်နင်းလျက် ခြေသံပြင်းပြင်းဖြင့် အိမ်တွင်းမှ ထွက်ခွာသွားကြကုန်၏။

တိတ္ထိတက္ကဒွန်း နို့ဃနာဆွမ်း အလှူပွဲကြီး ပျက်လေပြီ။

တက္ကဒွန်းများအတွက် ပြင်ဆင်ထားသော စားပွဲခုံတွင် ဝုန်းခနဲပစ်ထိုင်ချလိုက်၏။ မိဂါရသူဌေး၏မျက်နှာ သပြေသီးမှည့်ပမာ ဖြစ်နေသည်။

× × ×

မိစ္ဆာဒိဋ္ဌိ ဖြစ်စေကာမူ ယောက္ခမဟာ ယောက္ခမပါပဲ။

ယောက္ခမကိုလည်း မိဘနှင့်မခြား သဘောထားရမည်ဟု စောစောကဖြစ်ပြီးခဲ့သည့် ပြဿနာများကို ပြည်ဖုံးကားချပြီး သူမစိတ်ကို လျှော့ချလိုက်ပါသည်။

ရေမရောသော နို့ဃနာကို ရွှေခွက်နှင့်ထည့်ကာ သုံးဆောင်နေပါသော ယောက္ခမ၏ အနီးအပါးမှာ ယပ်ကလေး တဖျပ်ဖျပ်ခတ်ပြီး ယောက္ခမ အလိုရှိတာ ဆောင်ရွက်ပေးဖို့ အရိပ်အကဲစောင့်ကြည့်နေပါလေသည်။

သူမမျက်နှာမူရာ တူရူအရပ်ရှိ အိမ်ရှေ့တံခါးဝတွင် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော သက်န်းကို လျှပ်တစ်ပြက် မမျှော်လင့်ဘဲမြင်လိုက်ရသောခဏ–

"ဆိုင်းငံ့တော်မူပါဘုရား"

ဟု လျှောက်ထားလုလု ဖြစ်သွားရသော နှုတ်ခမ်းကို တင်းတင်းကြီး ဖိကိုက်လျက် ဒီရေအလား တဝုန်းဝုန်းနှင့် ရင်ထဲတက်လာသော စေတနာသဒ္ဓါတရားကို မိမိဘာသာပင် ပိတ်ပင် တားမြစ်လျက် ယောက္ခမမျက်နှာဆီ အကြည့်ရောက်၏။

www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်ဝနှင့် တည့်တည့်တန်းစွာ ထိုင်နေသော ယောက္ခမသည် ဆွမ်းခံရပ်နေသည့် ရဟန်းတော်ကို မမြင်ဘဲနေမည်မဟုတ်။ သေသေချာချာ မြင်ရမည်သာဖြစ်၏။ သို့တိုင် မမြင်ဟန်ဆောင်ကာ နို့ဃနာကို ငုံ့၍သုံးဆောင်နေပါ၏။

ရဟန်းတော်ကို သူမ အားနာလှပြီ။ ယောက္ခမအိမ်မှာမို့ မလှူရသည့် အဖြစ်ကိုလည်း ရှက်လည်းရှက်မိလေသည်။ မိဘနှင့်အတူ သာကေတတွင် နေခဲ့စဉ်က သုံးမကုန်၊ လှူမခန်းသော ပစ္စည်းဥစ္စာ ဘဏ္ဍာတိုက်ထဲမှ အပိတ်အပင် အတားအဆီးမရှိ၊ အလိုရှိတိုင်းဆွဲယူကာသာ လှူဒါန်းခဲ့သည်ချည်း။ ခနဦးယအိမ်မှာ ခနဦးယလိုကျင့်၍ မိဂါရအိမ်ကျတော့ မိဂါရလို ကျင့်ရပေတော့မည်။ သူမ သက်ပြင်းချပြီး ရဟန်းတော်ထံ လက်အုပ်ကလေးချီကာ လှမ်းကြည့်လိုက်သည်။

"ကန်တော့ဆွမ်းပါဘုရား။ တပည့်တော်မရဲ့ ယောက္ခမကြီးဟာ အဟောင်းကိုသာ စားပါတယ်ဘုရား"

အိမ်ရှေ့တံခါးဝမှ ရဟန်းတော် ထွက်ခွာသွား၏။

ယောက္ခမကြီးသည် နို့ဃနာထည့်သော ရွှေခွက်ကို ခွပ်ခနဲမည်အောင် ဆောင့်ချပြီး စားပွဲမှ ဝုန်းခနဲထရပ်လိုက်၏။

"ဝိသာခါ"

တော်ရုံလူ လန့်ဖျပ်သွားနိုင်သော အသံမျိုးဖြင့် မိုးကြိုးပစ်လိုက်သည့်အလား တစ်ခန်းလုံး ဟိန်း၍သွားပါသည်။ သူမကတော့ မကြောက်ပါ။ ယောက္ခမဆီ ခပ်တည်တည်ပင် အကြည့်ရောက်၏။ သူမဘက်က ဘာအမှားမျှ မကျူးလွန်ဟု ယုံကြည်စိတ်ချနေ၏။

"ငါသည်းမခံနိုင်တော့ဘူး ဝိသာခါ။ ငါ့ဆရာ အရှင်တွေကို စော်ကားခဲ့တာ အားမရသေးလို့ ငါ့ကိုပါ ထပ်စော်ကားပြန်တယ်။ ငါ့ကို အဟောင်းစားသလေး ဘာလေး--ခွေးနဲ့နှိုင်းတဲ့ အယုတ်မ--၊ နင့်မျက်နှာကို ငါမကြည့်ချင်ဘူး။ အခုငါ့အိမ်ပေါ်က ချက်ချင်းဆင်းသွား"

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းက ပြုံးထားသော်လည်း မျက်နှာမူကား ကျောက်စိုင်ကျောက်သား လို တင်းမာသွားလေပြီ။ ဒေါသထွက်၍ မိဂါရသူဌေး ရှုံးရှုံးရှဲရှဲ ဖြစ်နေသလောက် ချွေးမ ဝိသာခါကတော့ အပြုံးမပျက် အေးတိအေးစက်။ ထိုအေးစက်စက်အပြုံး သည်ပင် ကြောက်စရာ အကောင်းဆုံးဖြစ်အောင် ခေါင်းမာတော့မည့် ဝိသာခါ၏ သင်္ကေတဖြစ်ကြောင်း ကိုပုဏ္ဏတစ်ယောက်သာ ကောင်းကောင်းကြီး သိပါသည်။

"ဟေ့--ဘာလုပ်နေကြတာလဲ ဒီအယုတ်မကို အိမ်ပေါ်က ဆွဲချ ကြပါတော့လား"

မထိတရိ မျက်လုံးဖြင့် အိမ်ဖော် ကျွန်အမှုလုပ်တို့ဆီ သူမ ပြုံးပြုံးကြီး လှမ်းကြည့်လိုက်ပြန်၏။

ဝိသာခါကို လာဆွဲတဲ့သူ ရှိမယ်တဲ့လား။

ဘယ်သူ လာဆွဲရဲ မလဲဆိုတာ စောင့်ကြည့်ပေါ့။

သူမကလည်း ပြုံး၍သာ စိန်ခေါ်နေပါ၏။

ဝိသာခါဆိုတာ နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်းကလေး ပေမယ့် အထင်မသေးလိုက်ပါနဲ့။ ဆင်ပြောင်ငါးစီးအား ဆောင်တယ်ဆိုတာ ဦးမိဂါရ မကြားဖူးလေရော့သလား။ လက်ညှိုးတစ်ချက် တောက်ရုံမျှဖြင့် လူဆယ်ယောက် လောက် အသာလေး လွင့်ထွက်သွားနိုင်သည်။ စမ်းရဲကြမည်တဲ့လား။

တကယ်လဲမစမ်းရဲကြပါ။ အိမ်ပေါ်ရှိ ကျွန်အမှုလုပ် တစ်ဦးတစ်ယောက်မျှ ဝိသာခါကို နိုင်ထက်စီးနင်း၊ မလေးမခန့် မလုပ်ဝံ့ကြပါ။ စင်စစ် ဝိသာခါ၏ ခွန်အားကို ကြောက်သောကြောင့်မဟုတ်။ ဝိသာခါ၏ မေတ္တာ စေတနာများကို လေးစားကြသောကြောင့်သာ ဖြစ်ပါ၏။

အခွေအရံဆိုသည်မှာ ခွေမှရံပါသည်။ မခွေလျှင်မရံပါ။ ဦးမိဂါရက ကျွန်ကို ကျွန်လို သဘောထားပါသည်။ ဝိသာခါတို့က ကျွန်ကို လူလို ဆက်ဆံ၏။ အဆင့်အတန်း မခွဲပါ။ စားဝတ်နေရေး၊ ကျန်းမာရေးကအစ ဝိသာခါ၏ အထောက်အပံ့ လွှတ်ကင်းသူ တစ်ဦးတစ်ယောက်မျှ မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



လှူလှူချင်း စာနာစိတ်ဖြင့် ကူညီစောင့်ရှောက်သော ဝိသာခါကို အားလုံးက ကြည်ညိုရိုသေကြပါ၏။ အရေးထား လေးစားကြပါ၏။

"အဖေ"

ဒေါသမီးကို မေတ္တာရေစင်ဖြင့် ဖျန်းဆွတ်မည်။ ကြမ်းတမ်းသူကို နူးညံ့ သိမ်မွေ့စွာ ဆက်ဆံတုံ့ပြန်ပါမည်။ ဗုဒ္ဓ၏ အဆုံးအမကို မြေဝယ်မကျ နားထောင်ပါ၏။

"ဘာမဟုတ်တဲ့ အကြောင်းလေးတစ်ခုနဲ့ ဒေါသတကြီး အဖေနှင်ချတိုင်း ကျွန်မ မဆင်းနိုင်သေးပါဘူး။ ကျွန်မဟာ ကလေကချေ လမ်းဘေးက မိန်းကလေးလည်း မဟုတ်ပါဘူး။ အဖေတို့အိမ်မှာခိုင်းစေဖို့ မြစ်ဆိပ်က ခေါ်လာတဲ့ ရေခပ်ကျွန်လဲမဟုတ်ပါဘူး။ မိကောင်းဖခင် သူဌေးသမီး တစ်ယောက်-- ပုဏ္ဏဝဒ္ဓနရဲ့ လက်ထပ်ဇနီး၊ အဖေ့ရဲ့ ချွေးမအစစ်ပါ။ ကျွန်မ သာဝတ္ထိကို လိုက်လာခါနီးတော့ ကျွန်မမှာ အပြစ်ကြီးငယ်ရှိရင် စစ်ဆေးဆုံးမ ပေးဖို့ သူကြွယ်ရှစ်ယောက်ကို အပ်လိုက်ပါတယ်။ အဲ့ဒီ သူကြွယ်တွေကို ခေါ်ပြီး ပြဿနာ ရှင်းချင်ပါသေးတယ်"

"ကောင်းပြီ--သူကြွယ်ရှစ်ယောက်နဲ့ ရှင်းပြီးရင် အိမ်ပေါ်က ဆင်းဖို့ ပြင်ပေတော့"

သူမပြုံးမြိပြုံးနေ၏။

ပြဿနာဆိုတာ လက်ငင်း ဖြေရှင်းခြင်းသည် အကောင်းဆုံးဟု ယူဆမိပါ၏။

× × ×

"မိဂါရသူဌေးက ချွေးမဝိသာခါအပေါ် မကျေနပ်ချက်တွေ တိုင်တန်း ထားပါတယ်။ ဝိသာခါအနေနဲ့ ဦးကြီးတို့ စစ်ဆေးမေးမြန်းတဲ့အခါ မှန်တာကို ဖြေဆိုပါ့မယ်လို့ ကတိသစ္စာပြုပါ"

"ဦးကြီးတို့ရှင့် ဝိသာခါဟာ ခုနစ်နှစ်သမီးအရွယ်မှာ ဗုဒ္ဓရဲ့ အဆုံးအမ

www.burmeseclassic.com

www.burmeseclassic.com



ခံယူပြီးကတည်းက ဒီကနေ့အထိ လိမ်လည်မုသား စကားတစ်ခွန်းမှ မပြောခဲ့ဖူးသေးပါဘူး"

"ကောင်းပါပြီ−−ဝိသာခါ။ ဦးကြီးတို့ ပထမဆုံး စစ်မေးရမှာက ဝိသာခါက ယောက္ခမသူဌေးကို အညစ်အကြေး မစင်ချေးစားသူလို့ ပြောခဲ့တယ်ဆိုတာ မှန်ပါသလား"

"မစင်ချေးစားသူလို့ ကျွန်မ မပြောခဲ့ပါ။ ရဟန်းတော်တစ်ပါး ဆွမ်းခံလာရပ်တဲ့ အခါမှာ ကျွန်မရဲ့ ယောက္ခမကြီးဟာ လှူဖို့စိတ်မကူးဘဲ မမြင်ဟန် ဆောင်ပြီး နို့ဃနာတွေကို သုံးဆောင်နေတဲ့အတွက် ကျွန်မရဲ့ ယောက္ခမဟာ ဒီဘဝမှာ ဒါနကောင်းမှုတွေကိုမပြု။ ရှေးဘဝကပြုခဲ့တဲ့ အကျိုးဆက်ကိုသာ ခံစားသူပါလားလို့ တွေးမိပါတယ်။ ဒါကြောင့် ရဟန်းတော်ကို ကန်တော့ဆွမ်းပါဘုရား၊ တပည့်တော်မရဲ့ ယောက္ခမကြီးဟာ အဟောင်းကိုသာ စားပါတယ် ဘုရား−−−လို့ လျှောက်ထားလိုက်မိပါတယ်။ ဒီလိုစကားကိုပြောတာ အပြစ်ရှိပါသလားရှင့်"

"မှန်ကန်ကောင်းမွန်တဲ့ စကားဖြစ်လို့ အပြစ်မရှိပါ။ နောက်တစ်ခု ထပ်မေးဦးမယ် ဝိသာခါ"

"မေးနိုင်ပါတယ် အမှန်အတိုင်း ဖြေဖို့ရာ အဆင်သင့်ပါပဲ"

"ဝိသာခါ ဒီအိမ်ကို စရောက်တဲ့ ညမှာ အချိန်မတော် ညကြီးသန်းခေါင် အိမ်ဖော်တွေနဲ့ နောက်ဖေးဘက် ဆင်းသွားတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်။ ကျွန်မ ဒီအိမ်ကို စရောက်တဲ့ညမှာ မြည်းမဟာ အာဇာနည်မြည်းငယ်ကို မွေးဖွားခဲ့ပါတယ်။ မြည်းမသားမွေးတာကို ဂရုမစိုက်ဘဲ မနေသင့်ဘူးလို့ အောက်မေ့ဆင်ခြင်မိတဲ့အတွက် အိမ်ဖော်တွေကို မီးတိုင် ကိုင်ခိုင်းပြီး ကျွန်မကိုယ်တိုင် ရေနွေးနဲ့ သန့်စင်ဆေးကြော စောင့်ရှောက်ခဲ့ပါတယ်"

"တော်ပါပေတယ် ဝိသာခါ။ သူဌေးသမီး ဖြစ်ပါလျက် သူတစ်ပါး မပြုလုပ်လိုတဲ့ အညစ်အကြေးအမှုကိုတောင် သန့်စင်ပြုလုပ်နိုင်ပါပေရဲ့။ ဒါပေမယ့် ထပ်မေးရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့––ဦးကြီးတို့မေးသမျှ ဖြေပါ့မယ်"

"ဝိသာခါ သာကေတမှ ထွက်ခါနီးတော့ ဓနဥ္စယသူဌေးကြီးက လျှို့ဝှက်စကားတွေ မှာကြားလိုက်တာ ဘာတွေလဲ။ အဓိပ္ပာယ် ရှင်းလင်းပြပါ"

"ဦးကြီးတို့–––ကျွန်မရဲ့ဖခင် ဓနဥ္စယသူဌေးကြီးဟာ အသက်ထက်ဆုံး ဗုဒ္ဓရဲ့ အဆုံးအမကို ဦးထိပ်ထား လေးစားနိုင်တဲ့ သူတော်ကောင်း ဖြစ်ပါတယ်။ သူတစ်ပါးအပေါ် မတရား အလိုမရှိ၊ တရားတဲ့စကားကိုသာ ဆိုပါဘိတယ်။ သမီးနဲ့ ခွဲခွာခါနီးမှာ သမီးအတွက် ကောင်းမွန်မြင့်မြတ်တဲ့၊ လိုက်နာကျင့်ဆောင်သင့်တဲ့ အဆုံးအမစကား ဆယ်ချက်ပေးလိုက်ခြင်းပါ။

၁။ ယောက္ခမ မိန်းမ၊ ယောက်ျား၊ ခင်ပွန်းသည်တို့ရဲ့ ဂုဏ်ကျေးဇူးမဲ့ အပြစ်စကားတွေ မပြောဆိုဖို့ သတိပေးချင်လို့ အိမ်ထဲကမီး အိမ်ပြင်မထုတ်နဲ့လို့ မှာကြားခဲ့ပါတယ်။

၂။ ပတ်ဝန်းကျင် အိမ်နီးနားချင်းတွေက ယောက္ခမ၊ မိဘ၊ ခင်ပွန်းသည်တို့ရဲ့ ဂုဏ်ကျေးဇူးမဲ့ အပြစ်စကားတွေ ပြောနေတာ ကြားခဲ့ရင် တစ်ဆင့်ပြန်မပြောပြဖို့ သတိပေးချင်လို့ အိမ်ပြင်ကမီးကိုလည်း အိမ်ထဲ မသွင်းပါနဲ့ဆိုပြီး မှာကြားခဲ့ပါတယ်။

၃။ ငှားရမ်းထားတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပြန်ပေးတတ်သူသာ ငှားအပ်တယ်လို့ သတိပေးချင်တဲ့အတွက် ပြန်ပေးသူကိုသာ ပေးပါလို့ မှာကြားခဲ့ပါတယ်။

၄။ ငှားရမ်းထားတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပြန်မပေးတတ်သူကျတော့ မငှားအပ်ဘူးလို့ သတိပေးချင်တဲ့အတွက် ပြန်မပေးသူကို မပေးပါနဲ့လို့ မှာကြားခဲ့ခြင်း ဖြစ်ပါတယ်။

၅။ ဆင်းရဲတဲ့ ဆွေမျိုးတွေ ရောက်လာတဲ့အခါ သူတို့က ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ မိမိဘက်က ပေးသာပေးပါလို့ သတိပေးလိုတဲ့အတွက် ပေးပေး–မပေးပေး ပေးရမယ်လို့ မှာကြားခြင်း ဖြစ်ပါတယ်။

၆။ ယောက္ခမ၊ မိဘ၊ ခင်ပွန်းသည်တို့ကို မြင်ရင် ထသင့်တဲ့နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ထလိုက်ပါ။ ထိုင်မနေပါနဲ့လို့ သတိပေးချင်တဲ့အတွက် ချမ်းချမ်းသာသာ ထိုင်ပါလို့ မှာကြားခြင်း ဖြစ်ပါတယ်။

၇။ ယောက္ခမ၊ မိဘ၊ ခင်ပွန်းတို့မစားခင် ရှေးဦးပြီး မစားပါနဲ့၊ သူတို့ လောက်လောက်ငငစားသောက်ရပြီးမှ စားပါလို့ သတိပေးချင်တဲ့အတွက် ချမ်းချမ်းသာသာ စားပါလို့ မှာခြင်း ဖြစ်ပါတယ်။

၈။ ယောက္ခမ၊ မိဘ၊ ခင်ပွန်းသည်တို့ထက် စောပြီးမအိပ်ပါနဲ့၊ နောက်ကျပြီးမှ အိပ်ရာဝင်ပါလို့ သတိပေးချင်တဲ့အတွက် ချမ်းချမ်းသာသာ အိပ်ပါလို့ မှာကြားခြင်း ဖြစ်ပါတယ်။

၉။ မီးပုံကြီးကို ရိုသေ ဂရုစိုက်ရသလို ယောက္ခမ၊ မိဘ၊ ခင်ပွန်းသည်တို့ကို ရိုသေ–ဂရုစိုက်ပါလို့ သတိပေးချင်တဲ့အတွက် မီးကိုရိုရိုသေသေ လုပ်ကျွေးပါလို့ မှာကြားခြင်း ဖြစ်ပါတယ်။

၁၀။ ယောက္ခမ၊ မိဘ၊ ခင်ပွန်းသည်တို့ကို နတ်လို ရိုရိုသေသေ ရှိခိုးပါလို့ သတိပေးချင်တဲ့အတွက် အိမ်တွင်းနတ်ကို ရှိခိုးပါလို့ မှာကြားခြင်း ဖြစ်ပါတယ်။

"ဦးကြီးတို့ရှင်––ကျွန်မရဲ့ဖခင်ကြီး မှာကြားချက် ဆယ်မျိုးဟာ ရိုးဖြောင့်မှန်ကန်တဲ့ စေတနာကိုသာ အခြေခံထားတာမို့ အမှားမရှိပါ။ သူတော်ကောင်းတရားနဲ့သာ လျော်ညီတဲ့ ဆုံးမစကားတွေ ဖြစ်ပါတယ်"

"မှန်ပါပေတယ် ဝိသာခါ––မှန်ပါပေတယ်။ သင်တို့ရဲ့ မိသားစုဟာ ပညာရှိ သူတော်ကောင်းများ ပီသပါပေတယ်။ မိဂါရသူဌေး တိုင်တမ်းတဲ့ ပြဿနာတွေမှာ ဝိသာခါ အပြစ်မရှိကြောင်း အားလုံးတညီတညွတ်တည်း ဆုံးဖြတ်လိုက်ပါပြီ"

× × ×

"သူကြွယ်ရှစ်ယောက်နဲ့ ရှင်းပြီးရင် အိမ်ပေါ်က ဆင်းဖို့ ပြင်ပေတော့" ယောက္ခမကြီး၏စကားကို ပြန်လည်ကြားယောင်ပြီး သဘောကျစွာ ပြုံးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက အပြစ်ရှိ၍ ဆင်းရမည့်ပုံစံမျိုး။

ယခုကတော့ ခုံသမာဓိ လူကြီးများ၏ ဆုံးဖြတ်ချက်အရ သူမမှာ လုံးဝ အပြစ်မရှိပါ။ အပြစ်ရှိ၍ ထွက်ခွာသွားရမည်ဆိုလျှင် သူမ ရှုံးပြီ။ ယခုတော့ သူမ နိုင်သွားပါ၏။

"ဥစ္စာမာန် မတက်နဲ့"ဟု အဖိုးက မှာလိုက်သော်လည်း သူမ သောတာပန်မျှသာ ရှိပါသေး၏။ ရဟန္တာ မဖြစ်သေး။ ရဟန္တာ မဖြစ်သေးသောကြောင့် မာနကို အပြီးအပြတ် မပယ်ခွာနိုင်သေးပါ။

ဂုဏ်သရေရှိ ကျိုကျိုတက် ချမ်းသာသည့် သူဌေးသမီးတစ်ယောက်ကို အပြစ်မရှိဘဲ ထင်သလိုပြော၊ ထင်သလိုလုပ်လို့ ရနိုင်ပါရိုးလား။

သူတို့က ဘယ်လောက်များ ပြည့်စုံချမ်းသာနေလို့ မိစ္ဆာဒိဋ္ဌိတွေကြားမှာ ဘာများ မက်စရာ ရှိပါသလဲ။

နှုတ်ခမ်းကို နာနာကလေး ဖိကိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချဖြစ်သွား၏။

"ဦးကြီးတို့ ကျွန်မရဲ့ ယောက္ခမဟာ ကျွန်မကို အိမ်ပေါ်က နှင်ချခဲ့ပါတယ်။ ပြဿနာ အမှားနဲ့ အမှန်ကို ဖြေရဖို့အတွက် ဘခင်ကြီးရဲ့ ဆုံးမစကားကို နာယူပြီး ဦးကြီးတို့ကို ခေါ်ခဲ့တာပါ။ ယခုတော့ ကျွန်မမှာ အပြစ်မရှိတာ ရှင်းသွားပါပြီ။ ကျွန်မလဲ ဒီအိမ်ကြီးမှာ ဆက်မနေချင်တော့ပါဘူး။ မိဘရပ်ထံ သာကေတကို ပြန်ပါတော့မယ်ရှင်"

လူကြီးများ ရှေ့မှောက်မှ ချာခနဲလှည့်ထွက်ခဲ့ပြီး သူမ၏ အဆောင်သို့ ပြန်လေ၏။ သာကေတပြန်ရန် အစီအစဉ်ကို ခုတင်ပေါ်မှာထိုင်ရင်း အပြေးအလွှား စဉ်းစားလိုက်သည်။ အရေးကြီးသည့် ပစ္စည်းအချို့ကိုသာ ယူသွားမည်။ ကျန်ခဲ့တာတွေ အားလုံးကို ပုဏ္ဏအတွက်ပဲဖြစ်ပါစေတော့။

တစ်ပါတည်း ယူသွားမည့် ပစ္စည်းများကို သိမ်းဆည်းနေစဉ် အပြင်မှ ပြန်လာသည့် ကိုပုဏ္ဏတစ်ယောက် အံ့ဩပြူးကျယ်သော မျက်လုံးများဖြင့် သူမအား နားမလည်နိုင်စွာ ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲ မဝိ။ ပစ္စည်းတွေဘာလို့ သိမ်းဆည်း ထုပ်ပိုးနေတာလဲ"

"သာကေတ ပြန်တော့မလို့"

"ဘာ"

ကိုပုဏ္ဏကို လှည့်မကြည့်ဘဲ သူမဘာသာ လုပ်စရာရှိတာတွေကိုသာ ဆက်လုပ်နေ၏။ သူမ အနီးသို့ ကိုပုဏ္ဏရောက်လာပြီး ပခုံးစွန်းနှစ်ဖက်ကို ဆုပ်ကိုင်လျက် ထပ်မေးပြန်သည်။

"ဘယ်လိုဖြစ်လို့ ပြန်ရမှာလဲ ကိုပုဏ္ဏကို ပြောပြစမ်းပါဦး"

သူ့မျက်နှာမှာ စိုးရိမ်ထိတ်လန့် တုန်လှုပ်နေ၏။ အခြေအနေကိုလည်း သိချင်စိတ် ပြင်းထန်နေသည်။

သူမ ဖြစ်ကြောင်းကုန်စင်ပြောပြတော့ ကိုပုဏ္ဏ ခေါင်းတခါခါ လည်တခါခါဖြင့် ညည်းရှာလေသည်။

"အဖေကလဲစိတ်ဆတ်၊ မဝိကလည်း မဟုတ်မခံနဲ့ ခက်တော့တာပါပဲ။ မဝိပြန်ဖို့ ဆုံးဖြတ်ရာမှာ ကိုပုဏ္ဏရဲ့ သဘောကို မယူတော့ဘူးလား။ ကိုပုဏ္ဏဟာ မဝိရဲ့ခင်ပွန်း မဟုတ်ဘူးလား"

သူမ၏ ပခုံးစွန်းကို လှုပ်ကာလှုပ်ကာ ယူကျုံးမရစွာ မေးလာ၏။

"ဘာထူးမှာလဲ၊ ကိုပုဏ္ဏက ကိုယ့်အဖေကို လွန်ဆန်ပြီး ဘာတစ်ခု လုပ်ရဲလို့လဲ။ မိဘဆိုပြန်တာ အကောင်းဆုံး"

"တို့များဓနီးမောင်နှံ ဘာမှလဲမဖြစ်ကြဘဲနဲ့ မဝိရယ်၊ ကိုယ့်ကိုထားခဲ့ပြီး ပြန်မယ်ဆိုတော့ ပတ်ဝန်းကျင်ကြားမှာ ကိုယ်ဘာများ အသုံးကျတော့မှာလဲ"

"ဒီလိုဆိုရင် သာကေတ လိုက်ခဲ့မလား"

"မဝိစကားက ကိုယ့်ကို ထဘီဝတ်ခိုင်းတာနဲ့ အတူတူပဲ။ သာကေတ လိုက်ပြီး မိန်းမအရိပ် ခိုစားရမှာလား၊ ကိုယ် နွားလောက်မှ အသုံးမကျတဲ့ ယောကျ်ား ဖြစ်သွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကိုစရောက်ကတည်းက မဝိ ပြောဖူးပါတယ်။ ရတနာသုံးပါးကို ကိုးကွယ်ရုံနဲ့ မပြီးဘူး။ ဆည်းကပ်ဖို့လဲလိုသေးတယ်ဆိုတာ။ ကိုပုဏ္ဏတို့နဲ့နေရင် တစ်သက်လုံး ဗုဒ္ဓကိုလည်း ကိုယ်တိုင်ကိုယ်ကျ ကြည်ညိုခွင့် ရမှာမဟုတ်ဘူး။ တရားကိုလည်း နှလုံးသွင်းခွင့် ရမှာမဟုတ်ဘူး။ သံဃာကိုလည်း လှူဒါန်းခွင့် ရမှာမဟုတ်ဘူး။ ရတနာသုံးပါးကို မဆည်းကပ်ရတဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးဟာ အသက်ရှင်နေပေမယ့် သေတာနဲ့ ဘာမှမထူးဘူး။ မဝိဘဝမှာ ကိုပုဏ္ဏမရှိဘဲနေလို့ ဖြစ်တယ်။ ရတနာသုံးပါးနဲ့ ကင်းကွာပြီး မနေနိုင်ဘူးရှင်"

သူမ၏စကား ကမ်းကုန်ပြီ။ ကိုပုဏ္ဏလည်း ဒေးဒိုင်ကာ မှိုင်တွေကျသွားတော့၏။ မိစ္ဆာဒိဋ္ဌိအိမ်ကြီးမှာ တကယ်ပဲမနေနိုင်တော့ပါ။

ကိုပုဏ္ဏမှာ အပြစ်မရှိသော်လည်း သူ့သားကို ပေါင်းသင်းနေလျှင် ဤယောက္ခမကြီးနှင့် မလွှဲမသွေ ဆက်ဆံနေရပေတော့မည်။

ဘာသာရေးခံယူချက်များက ပြဒါးတစ်လမ်း သံတစ်လမ်း။

ဘယ်တော့မှ မဆုံစည်းနိုင်သည့် မျဉ်းပြိုင်များနှယ် ရှိချေသည်။

ဆက်နေဖို့ အခြေအနေ မပေးတော့သည့်အတူတူ စောစောက လမ်းခွဲကြတာပဲကောင်းပါတယ်။ မစူးစမ်းမဆင်ချင်ဘဲ ယောကျ်ားတစ်ယောက်ကို ယူမိမှားလေခြင်းဟုလည်း နောင်တမထားချင်ပါ။ ကိုပုဏ္ဏမှာ ဘာအပြစ်မှမရှိ။ ဘာသာရေးတရားကသာ တံတိုင်းထပ်ကာ ခြားခဲ့သည်ပဲ။ ကံကြမ္မာသည်သာ အကြောင်း။ ကမ္မသကာ။

ဆိပ်ကမ်း၊ ကျွန်း၊ သောင်ပင် ရှိလင့်ကစား ရေမရှိသော မြစ်သည် အချည်းအနှီး ဖြစ်သကဲ့သို့---

အဖိုးတစ်သိန်းထိုက်သော အဝတ်ကို ဝတ်ဆင်လင့်ကစား အကျင့်မရှိသော သူသည် အချည်းအနှီး ဖြစ်သကဲ့သို့---

အမျိုးစည်းစိမ် အရှိန်အဝါပင် ရှိလင့်ကစား အတတ်ပညာမရှိသော ယောကျ်ားသည် အချည်းအနှီး ဖြစ်သကဲ့သို့---

www.burmeseclassic.com

www.burmeseclassic.com



မောင်တစ်ကျိပ်ပင် ရှိလင့်ကစား လင်မရှိသော မိန်းမသည် အချည်းအနှီးသာတည်းဟု လောကဓမ္မတာ ပြောကြအစဉ်အလာ ရှိခဲ့ပါသည်။

အိမ်ထောင်ပြုမိခဲ့ပြီးသော မိန္ဓမတိုင်းဖွား မိန်းမသားတစ်ဦးအဖို့ လင်ယောကျ်ားနှင့် ကွဲကွာ ကွေကွင်းသဖြင့် သူတစ်ပါးကဲ့ရဲ့ တန်ဖိုးမဲ့လျှက် အချည်းအနှီး စာရင်းဝင် ဖြစ်ရမည်ကို သူမသိပါသည်။

လောကသဘောအရ တန်ဖိုးရှိခြင်း၊ တန်ဖိုးမဲ့ခြင်းဟူသော ဆုံးဖြတ်မှုသည် ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးမျှသာဖြစ်၏။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးသည်သာလျှင် အမြင့်ဆုံး အမြတ်ဆုံး ဖြစ်ပါ၏။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးအတွက်မူ သရဏဂုံသုံးပါးခိုင်မြဲစွာ တည်ဖို့လို၏။ သီလစင်ကြယ်ဖို့ လို၏။ တဏှာမာနဒိဋ္ဌိဟူသော ပပဉ္စတရားများ နိုင်သမျှ ဖယ်ခွာချ၍ ဗြဟ္မစိုရ်တရားပွားများပြီး ဗုဒ္ဓအလိုကျ ကျင့်သုံးနေထိုင်ကြဖို့ လိုပါ၏။

သူမအတွက်တော့ဖြင့် ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးမဲ့လိုက မဲ့ပါစေ။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာကိုသာလျှင် ပဓာနထားချင်သည်။

"ဒီဘဝ ဒီမျှနဲ့ ပဲရေစက်ကုန်ပြီလို့သာ မှတ်လိုက်ပါတော့ ကိုပုဏ္ဏရယ်"

ဤစကားမျိုးဖြင့် လင်သားအား တည်ငြိမ်စွာ ပြောနိုင်သည့် သူမကို ကိုပုဏ္ဏ အံ့သြစွာ မျက်တောင်မခတ် စူးစိုက်ကြည့်လာသည်။ ပါးလွှာသောသူမ၏ နှုတ်ခမ်းများ တင်းစေ့နေ၏။ ပါးရိုးသည် ကန့်လန့်ဖြတ်အစင်းလိုက် ထင်းထင်းကြီး ပေါ်နေပါ၏။

အတန်ငယ်ကြာမှ---

"မဝိ ပြောသမျှ ဘာတစ်ခုမှ ကိုယ်လက်မခံနိုင်သေးဘူး။ လင်သားသဘောမတူခွင့်မပြုဘဲ မဝိဆုံးဖြတ်တဲ့ အလုပ်ဟာ တရားဝင်မယ် ထင်နေသလား"

သည်တစ်ကြိမ်မှာတော့ ကိုပုဏ္ဏ၏စကားသံတွေ ကျယ်လောင် မာကျောနေလေသလားဟု ခံစားရသည်။ ချော့မော့၍ မရနိုင်တော့သောကြောင့် ခြိမ်းခြောက်စကားဟုလည်း သူမနားလည်၏။ ကိုပုဏ္ဏ၏စိတ်ကား ရိုးသား

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ပါ၏။ သူမအား သံယောဇဉ်တွေ ဆတက်ထမ်းပိုးတိုးပြီး မြတ်နိုးကြင်နာ ဂရုစိုက်ခဲ့တာတွေလည်း သူမသိနေသား။ တကယ်တော့ ပြည်ပန်းညို ချိုပါလျက် ဆားဖျက်ခံရခြင်းပါတည်း။

သမက်နှင့်ယောက္ခမ ယောက္ခမနှင့် ချွေးမဆိုသည်မှာ လောက၏ ဆန့်ကျင်ဘက် ပဋိပက္ခတရားအဖြစ် လူသားတို့ မြင်ထားကြပါ၏။ သူမကတော့ သည်လိုမမြင်ပါ။ ဖြဟ္မစိုရ်အရင်းခံထားလျှင်ဘာမဆို အတွင်းရန် မများနိုင်ပါ။ သူမ၏ပြဿနာက ယောက္ခမသည် အဓိကမဟုတ်ပါ။ ဘာသာအယူဝါဒ ကြောင့်သာ ခက်နေရခြင်း ဖြစ်ပါသည်။

"သခင်မလေးကို သခင်ကြီးက အခေါ်ခိုင်းပါတယ်"

အခန်းအတွင်းသို့ အိမ်ဖော်ကလေး ဝင်ရောက်လာပြီး ရိုကျိုးစွာ ပြောလာ၏။ မျက်ခုံးနှစ်ဖက်တွန့်၍ ဘာကိစ္စပါလိမ့်ဟု အတွေးရောက်၏။ ဘာပဲဖြစ်ဖြစ် ဆုံးဖြတ်ချက်ကို မပြင်လိုတော့သောကြောင့် လှုပ်ရှားမှုကင်းမဲ့လျက် ငြိမ်သက်စွာ ရှိနေသည်။

"အကြောင်းထူးရှိလို့သာ အဖေခေါ်တာ ဖြစ်မှာပါ။ လာ ကိုယ်ပါလိုက်မယ်။ မဝိကို အဖေ ပိုးစိုးပက်စက်မပြောစေရဘူး။ အဖေထပ်မှားဦးမယ်ဆိုရင် မဝိဘက်က ကိုယ်ရပ်ပေးပါ့မယ်။ အမှန်တရားကို ရင်ဆိုင်ရဲတဲ့ သတ္တိတွေ ကိုယ်မွေးထားပါတယ် မဝိရဲ့ လာပါ"

ကိုပုဏ္ဏသည် သူမအား ချော့မော့ကာ ယောက္ခမကြီး၏ ဧည့်ခန်း ဆောင်သို့ အတင်းပင် ဆွဲခေါ်သွား၏။ သူမ မလိုက်ချင်ဘဲလျက် ကိုပုဏ္ဏကိုငဲ့ပြီး ပါသွားရသည်။

အံ့ဖွယ်ရှိပေစွ။

ယောက္ခမကြီး၏ မျက်နှာတင်းတင်းသည် ဒေါသကင်းစင်နေ၏။ ခက်ထန် ကြမ်းကြုတ်မှုများလည်း လေမှာ လွင့်မျောသွားသော မိုးတိမ်များနှယ် ရှိချေပြီ။ စောစောက အခြေအနေနှင့် ဘာမှမဆိုင်။ မီးနိုးငွေ့မျှပင် မကျန်အောင် မီးကိုရေနှင့် သတ်ထားသလို အံ့သြဖွယ် ပြောင်းလဲနေသည်။ ကြွေနှ ခုံသမာဓိ လူကြီးများ ပညာပေး ဆုံးမသွားပြီထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမှားတွေကို အဖေတွေးမိ ပြောမိ ပြုမိခဲ့တယ်သမီး။ အဖေ့ကို ခွင့်လွှတ်ပါ။ ဒီအိမ်က သမီးဆင်းသွားဖို့ မလိုတော့ပါဘူး။ မိဘဆီလဲ မပြန်ပါနဲ့၊ အသက်ထက်ဆုံး အဖေတို့နဲ့အတူတူနေပါ။ အဖေ တောင်းပန်ပါတယ်"

**အသိဉာဏ်နည်းပါးစွာ မစဉ်းစား မဆင်ခြင် စိတ်လိုက်မာန်ပါ ပြုမိလျှင် လူကြီးပင် ဖြစ်စေကာမူ အောက်ချသောမျက်နှာဖြင့် လူငယ်အပေါ် တောင်းပန်ရတတ်လေသည်။** ရင်တွင်း၌ ဖြစ်ထွန်းနေသော နောင်တတရားများ ယောက္ခမကြီး၏ မျက်နှာတွင် ထင်ရှားပေါ်လွင်နေ၏။

"အမှားသိရင် အမှန်ရှိရစမြဲပါ အဖေ။ အဖေ့ကို ကျွန်မ အပြစ်မယူပါဘူး။ ဒါပေမယ့် ဒီအိမ်က ကျွန်မသွားမှ ဖြစ်တော့မှာပါ"

သူမ၏စကားသည် ယောက္ခမကြီးအား အလွန်အမင်း မျက်နှာပျက်ယွင်းစေလေ၏။ ငုံ့ချသောမျက်နှာကို ပင့်လျက် သူမဆီ မဝံ့မရဲအကြည့်ရောက်သည်။

"ဘာကြောင့် သွားချင်ရတာလဲ။ အဖေ့စကားကို အမျက်ထားနေသေးလို့လား"

ယခုလိုကျတော့လဲ အမှုအရာဟန်ပန် စကားသံတို့သည် ပကတိ ညင်သာသိမ်မွေ့ နူးညံ့နေ၏။

"မဟုတ်ပါဘူး အဖေ။ ကျွန်မဟာ ဗုဒ္ဓသာသနာတော်ကို လေးလေးနက်နက် နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သူပါ။ ဘုရားနှင့်ကင်းကွာပြီး၊ တရားနှင့်ကင်းကွာပြီး၊ သံဃာနှင့်ကင်းကွာပြီး မနေနိုင်ပါဘူး။ ဒီလို ရတနာသုံးပါးနဲ့ ကင်းကွာနေရမယ့်အစား သေသွားတာကမှ ပိုကောင်းပါဦးမယ်။ အဖေတို့ အိမ်မှာသာဆက်နေရင် ဒီအခွင့်အရေးတွေ တစ်သက်လုံး ဆုံးရှုံးရပါလိမ့်မယ်။ ဒါကြောင့် မိဘဆီပြန်ဖို့ ဆုံးဖြတ်ရတာပါ"

အမှန်တရားနှင့် အမှန်စကားကို ပြောဖို့ဆို ဝိသာခါတို့က မကြောက်မရွံ့ နောက်မတွန့်ပါ။ ပြောဝံ့ပြောရဲပါ၏။ **လူတစ်ယောက်အတွက် ဘာသာအယူဝါဒထက် အရေးကြီးတာ ဘာမျှမရှိ။ ဘာသာရေးတွင် လွတ်လပ်စွာ ဆောင်ရွက်ခွင့်**

www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးခြင်းသည် လူ့အခွင့်အရေး ဆုံးရှုံးခြင်း ဖြစ်သည် ဟု သူမ သည်လိုပင် မြင်နေ၏။

မှန်ကန်နည်းလမ်းကျ၍ ရသင့်ရထိုက်သော အခွင့်အရေးကို ပေးနိုင်ပါမှသာ ယောက္ခမကြီးသည် လူပီသသော လူသားတစ်ယောက် မည်နိုင်ပါလိမ့်မည်။

ထိုးစစ်ဆင်ထားသော သူမ၏စကားကြောင့် ယောက္ခမခံတပ်ကြီးသည် ငြိမ်သက်နေ၏။ အတန်ကြာမှ သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး--

"သမီး သာကေတပြန်ရင် လူကြီးချင်း မျက်နှာပျက်ရတော့မယ်။ မပြန်ပါနဲ့တော့၊ ဒီအိမ်မှာ သမီးစိတ်တိုင်းကျနေပါ။ ရဟန်းသံဃာတွေကိုလည်း ပင့်ချင်သလိုပင့်ပြီး လှူချင်သလောက်လှူပါ။ အဖေခွင့်ပြုပါတယ်"

ကုသိုလ်ကောင်းမှုတို့၌ ထာဝစဉ် ပိတ်ပင် ဖျက်ဆီးတတ်သော မာရ်နတ်၏ တပ်မကြီးကား အတုံးအရုံး ကျဆုံးသွားလေပြီ။

ပီတိဖုံးသော မျက်လုံးများဖြင့် နှစ်ဦးသား အကြည့်ဆုံမိကြသည်။

ကိုပုဏ္ဏ၏ မျက်ဝန်းတွေမှာ စိန်ပွင့်များစွာ တွေ့ရ၏။ အပြုံးသည်ကား မိုးဆမ်းပန်းနှယ် လန်းဆတ်နေသည်။

တဖျပ်ဖျပ်တောက်ပသွားသည့် မျက်ဝန်းများဆီမှ တွဲသောလက်သည် မဖြုတ်စတမ်းဟု ဆိုချင်သည့် သူ့စကား သူ့နှလုံးသားခံစားချက်ကို နားလည်နိုင်စွာ သူမ တုံ့ပြန်ပြုံးလိုက်ပါသည်။

မှန်တိုင်းထန်ပြီးလျှင်တော့ လေနုအေးများ ဖျန်းပက်ရစမြဲသာ ဖြစ်ပါသည်။ သည်လိုဆိုပြန်တော့လဲ သာဝတ္ထိသည် သူမအတွက် ကျက်သရေမင်္ဂလာ ပြည့်စုံစွာဖြင့် သာယာလှပနေပြီ ထင်ရလေသည်။

× × ×

လူ့ပြည်က အပ်တစ်စင်းနှင့် ဗြဟ္မာပြည်မှ အပ်တစ်စင်း၊ အပ်သွားချင်းသာ ထိဖွယ်ရာရှိ၏။ မိဋ္ဌာဒိဋ္ဌိအိမ်၌ ရဟန်းသံဃာတို့အား ပြုစုလုပ်ကျွေးခွင့်၊

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းနှင့်တကွ လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းခွင့် ရဖို့ဆိုသည်မှာ ခဲယဉ်းလှပါဘိခြင်း။

ဝိသာခါတို့ အဖြစ်ကလည်း "တောင်ထိပ်ကြားပေါက်၊ အနောက်နေထွက်"ဟု ဆိုရလောက်ပါ၏။

ဘာပဲဖြစ်ဖြစ် ရသည့်အခွင့်အရေးကိုမူ လက်လွှတ်မခံနိုင်ပါ။ မြေကြီးထဲမှ ရွှေအိုးတွေ့ရသည့်တိုင်အောင် သည်လို ဝမ်းမသာနိုင်ပါ။ ရေကိုမြင်ရပါလျက် သောက်ခွင့်မရှိ၍ ရေငတ်နေရသူပမာ ရဟန်းသံဃာကို လှူဒါန်း အလှမ်းကွာခဲ့ရသည့် ကာလတွေ ကြာလှနေပေါ့။ ယခုတော့ တစ်ရက်မဆိုင်း နေ့ချင်းညချင်း ဇေတဝန်ကျောင်းတော်သို့ လူလွှတ်ပြီး မနက်အရုဏ်ဆွမ်းအတွက် သံဃာကုန် အပင့်ခိုင်း၊ ဈေးသို့ သုတ်သုတ်ကလေးပြေးပြီး ဝယ်သူကဝယ်၊ အိမ်မှာ ချက်ပြုတ်သူက ချက်ပြုတ်နှင့် အလုပ်ရှုပ်ကုန်ကြပါလေ၏။

တွဲသောလက်ကိုမဖြုတ်လိုလျှင် မယ်ကရှေ့သို့ တည့်တည့်လျှောက်သော် မောင်ကလည်း နောက်မှ ဖြောင့်ဖြောင့် လိုက်ရပါလိမ့်မည်။

သူမ၏အလှူဒါနမှာ ကိုပုဏ္ဏလည်း မနေသာပါ။ မိစ္ဆာဒိဋ္ဌိ ဖြစ်စေကာမူ ခေတ်မီတိုးတက်သော အမြင်ရှိသူလူငယ်မို့ မယ်ကရွက်နေမှ မောင်လည်း ဝင်ထမ်းရပါ၏။ မောင်တစ်ထမ်း မယ်တစ်ရွက် တွဲဖက်ညီစွာ အလှူရေစက် လက်နှင့်မကွာ ကြွရောက်လာသမျှ ရဟန်းသံဃာတို့အား ဆွမ်းကပ်ပါမည့် အရေး ချွေးတလုံးလုံးဖြင့် ပျော်မဆုံးနိုင်အောင် ရှိနေကြရလေသည်။

သံဃာတော်များအတွက် ဆွမ်းထည့်ရန် ရွှေခွက်တွေ ထုတ်ပေးနေရင်းမှ ကိုပုဏ္ဏက သူသိချင်တာ မေးလာ၏။

"သံဃာတွေ ရွှေခွက်နဲ့ သုံးလို့ရသလား မဝိ"

သူမက ကိုပုဏ္ဏဆီ အကြည့်ရောက်သွား၏။

"ရွှေထည် ငွေထည်တွေ မအပ်ဘူး ကိုပုဏ္ဏ"

"ဘာလို့မအပ်တာလဲ ရဟန်းဂေါတမကို သုဇာတာ သူဌေးကတော်က တစ်သိန်းတန် ရွှေခွက်နဲ့ ဃနာနို့ဆွမ်း ကပ်ခဲ့သေးတာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုပုဏ္ဏက ဘယ်ဆိုးလို့လဲ။ မိစ္ဆာဒိဋ္ဌိပေမယ့် သည်အကြောင်းတွေလဲ သိနေသား"ဟုတွေးမိရင်း သွားတန်းကလေး ဖွေးလက်သွားအောင် သဘောကျစွာ သူမ ရယ်မိလေသည်။

"ဩော် ကိုပုဏ္ဏရယ် အဲဒီတုန်းက ဘုရားလည်းမဖြစ်သေး။ ဝိနည်းတော်တွေလည်း မပညတ်သေးလို့ပါ။ ဒါတောင် အဲဒီရွှေခွက်ကို ဆက်သုံးဖို့ သိမ်းထားလို့လား။ ဆွမ်းဘုဉ်းပြီးတာနဲ့ နေရဉ္ဇရာမြစ်မှာ မျှောပစ်လိုက်တယ် မဟုတ်လား။ မဝိကို အဖိုး ပြောပြပါတယ်"

"အင်း--ဆက်ပြောပါဦး"

"အခုဆိုရင် ဝိနည်းတော်တွေ ပညတ်ထားပြီးပါပြီ။ ကြေးနီ-သံ-ရွှေ- ဒီသုံးမျိုးနဲ့ လုပ်ထားတဲ့ ခွက်ဆိုရင် ပုဂ္ဂလိကပိုင် သုံးလို့ရပါတယ်။ ဖန်ခွက်၊ ကြေးဖြူ ကြေးဝါတွေကျတော့ ပုဂ္ဂလိကပိုင် မရပြန်ဘူး။ သံဃိကပိုင် လူပိုင်ဖြစ်မှ သုံးလို့အပ်ပြန်တယ်"

"တခြားနိုင်ငံကလာတဲ့ ဟိုခွက် ဒီခွက်တွေကရော"

"ဝိနည်းတော်နဲ့ မညီညွတ်ရင် ဘာပဲသုံးသုံး အာပတ်ပဲ"

"ဒါဖြင့် ဆွမ်းထည့် ဘုဉ်းပေးဖို့ ဘာခွက် သုံးရမှာလဲ"

"သံဃာတော်တွေ သပိတ်နဲ့ ဘုဉ်းပေးတော်မူကြပါလိမ့်မယ်။ မဝိတို့ ပြင်ဆင်ထားရမှာကိုတော့ ကြေးနီ-ကြေးဖြူ-ကြေးဝါ တစ်ခုခုထဲက ကိုပုဏ္ဏ သဘောကျတာသုံးလေ"

သူမကို လိုအပ်ချက်တွေ မေးမြန်းပြီး သံဃာနှင့် အပ်စပ်သော အသုံးအဆောင် ပစ္စည်းများကို ကိုပုဏ္ဏကိုယ်တိုင် စိစစ် ရွေးချယ်၍ ထုတ်ပေးပါ၏။

ဝိသာခါတို့က သာကေတမှာ ရက်မဆိုင်း နေ့တိုင်းလှူနေကျမို့ ဒါမျိုးတွေ ကျွမ်းနေပြီးသား။ အမှန်အားဖြင့် ရဟန်းသံဃာတော်များနှင့် နီးကပ်စွာ ပြုစုလုပ်ကျွေးရသည့် ဒကာ ဒကာမများ ဝိနည်းတော်ကို ကောင်းစွာ နားလည်ထားဖို့ လိုအပ်ပါ၏။ ဒကာလိမ္မာမှ ဆရာချမ်းသာမည် ဖြစ်ပါသည်။ လာဘ်ပေါများ ချမ်းသာမည်ကို မဆိုလိုပါ။ ဒကာဖြစ်သူဝိနည်းကျွမ်းကျင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်များ အာပတ်မသင့် အပြစ်လွတ်လျက် ချမ်းသာခွင့်ရမည်ဟု ရည်ညွှန်းခြင်းသာ ဖြစ်ပါသည်။

"ကိုပုဏ္ဏ ဒီခွက်ကို ဆေးခိုင်းရင် ဖုန်လွတ်နိုင်တဲ့ နေရာမှာ အသာမှောက်ပြီး ရေစစ်ခိုင်းပေးပါနော်။ ရေဆေးပြီးသားခွက်ကို အဝတ်နဲ့ မသုတ်ပါစေနဲ့"

"တစ်ခါမှမသုံးတဲ့ လက်သုတ်ပဝါအသစ်နဲ့ သုတ်ခိုင်းပေးမယ်လေ"

"ဟင့်အင်း−−မသုတ်ရဘူး။ အဝတ်သစ်ဆိုပေမယ့် မျက်လုံးနဲ့ကြည့် မမြင်တဲ့ ဖုန်မှုန့်တွေ ကပ်နေတာချည်းပဲ။ အဝတ်က ဖုန်မှုန့်တွေ ခွက်မှာကပ်ပြီး ကျန်နေခဲ့ရင် မသိလို့သုံးမိတဲ့ ရဟန်းတော်တွေလဲအာပတ်ပဲ"

"မလွယ်ပါလား"

ကိုပုဏ္ဏက ရယ်ရယ်မောမောဖြင့် ပခုံးတွန့်၍ ဆိုသည်။

"ဟုတ်တယ် ကိုပုဏ္ဏ၊ ဝိနည်းတော်နဲ့အညီ နေထိုင်ရတဲ့ ရဟန်းတော်များဟာ ဗုဒ္ဓရဲ့ စည်းမျဉ်း ဥပဒေဘောင်ထဲမှာ အင်မတန် ကျပ်တည်းခက်ခဲပါတယ်။ ဒါတွေကို သိလာရလေ ကြည်ညိုလေပါပဲ"

ကိုပုဏ္ဏနှင့် စကားကြာကြာ မပြောအားသေးပါ။ စိမ်ကြီးကြပ်စရာတွေ ကျန်သေးသည်မို့ သံဃာတော်များအား ဆွမ်းကပ်မည့် ဧည့်ခန်းကျယ်ကြီးသို့ ကူးသွား၏။ အိမ်ဖော်အမျိုးသမီးများ ကော်ဇောခင်းနေကြသည်။

"ဟိုမိန်းကလေးက ကော်ဇောပေါ် ဘာလို့ တက်နင်းနေရတာလဲ။ သံဃာတော်များအတွက်လို့ ရည်စူးခင်းပြီးရင် တက်မနင်းရတော့ဘူး။ ညည်းတို့နဲ့ မဖြစ်သေးပါဘူးလေ။ အခင်းတွေ အားလုံး အသစ်ပြန်လဲပါ။ ဒီအခန်းမှာ ယောကျ်ားတွေသာ လုပ်ပါစေ။ အခင်း ခင်းပြီးရင် နောက်ထပ် ဝင်မလာကြနဲ့တော့"

"ဟုတ်ကဲ့ပါ သခင်မလေး"

"ပြီးတော့ နေကထိုင်တွေ လာယူပါ။ ဒါပေမယ့် မနက်ကျမှ သံဃာတော်တွေ ကြွလာချိန်နီးရင် ခင်းရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင့်"

မှာထားစရာများကို မှာကြားခဲ့ပြီး မီးဖိုဆောင်သို့ ကူးသွားရပြန်သည်။ ပထမဆုံး မြင်ကွင်းက သောက်ရေခွက်တွေမှာ ရေထည့်နေကြသည်။

"ဖြစ်မှဖြစ်ရလေကွယ်။ သာဝတ္ထိရောက်တာ ဘယ်လောက်ကြာသေးလို့လဲ။ သာကေတမှာ လုပ်ကိုင်ခဲ့တာတွေ မေ့ကုန်ကြပြီလား။ သောက်တော်ရေကို ရေစစ်နဲ့ ထည့်ရမယ်လေ။ လူသုံးရေစစ်မဟုတ်ဘူး။ သံဃာသုံးရေစစ် သတိရပြီလား။ ပစ္စည်းခန်းထဲက သံဃာသုံး သေတ္တာပုံးကြီးထဲမှာ သွားယူချည်ပါ"

အိမ်ဖော်တွေကို သူတို့ သဘောအတိုင်း လွှတ်ပေး၍မရ။ မကြည့်ရှု့ မစစ်ဆေးလျှင် အလွဲလွဲအချော်ချော် လုပ်တတ်ကြသည်။ စိတ်လဲမချ အားလဲမရ။ သို့စေကာမူ လှူအံ့ လှူဆဲ လှူပြီး ကာလသုံးချက်၌ ဒေါသထွက်၍မဖြစ်။ အလှူဒါန ပြုနေသမျှ စိတ်ရှည်သည်းခံ ရပါ၏။ ပုဗ္ဗ မုဥ္စ အပရ စေတနာ ဝေဖြာ ထက်သန်စေဖို့လည်း အရေးကြီး ပြန်ပါသည်။

"သခင်မလေး သက်သတ်လွတ်ချက်မှာလား။ အသားဟင်းချက်မှာလား" ဒါကလည်း တစ်မျိုး။ အတွင်းခန်းထဲက စားဖိုမှူးထွက်လာပြီး မေးပြန်ပါသည်။

"သက်သတ်လွတ်က ဘာလို့ ချက်ချင်ရတာလဲ။ အရှင်ဒေဝဒတ်ကို အားကျလို့လား။ အကုန်အကျ သက်သာအောင်လား။ ဘယ်လောက်ကုန်ကုန် မတွန့်တိုနဲ့။ စေတနာနဲ့တူတဲ့ အကျိုးကို ပေးတတ်တယ်။ သက်သတ်လွတ် မီးလွတ် ဘာညာဆိုပြီးလဲ ထွင်မနေစမ်းပါနဲ့။ ဆွမ်းဟင်းကို အကောင်းဆုံး ဖြစ်အောင်ချက်၊ သံဃာတော်တွေဘက်က တဏှာလွှတ် ဘုဉ်းပေးတော်မူကြပါလိမ့်မယ်။ ကိုယ့်တာဝန်သာ ကိုယ်ကျေပါစေ။"

"ဈေးထဲမှာ ကြက်မရဘူး သခင်မလေး။ ဈေးသည်အိမ် သွားမှ ရမှာလား"

"ဘုရား ဘုရား ကြက်သီးတွေထပြီ ရင်တုန် ပန်းတုန် ရှိလိုက်ပါဘိတော့။ ဘာစကားတွေ လာပြောနေတာလဲ။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ လုပ်မလို့လား။ အလှူဒါနလုပ်တဲ့အခါ ပံ့သုကူသားကိုသာ သုံးရပါတယ် ရှင်ရဲ့။ ကြက်မရတော့ ဘာဖြစ်လဲ ရတဲ့ ပံ့သုကူသားရှာဝယ်ပေါ့။ ခက်တော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဆောင်မှ လှည့်ထွက်တော့မည်ပြုပြီး မှာစရာတွေ သတိရကာ စားဖို့မှူးကို ပြန်ပြောရပြန်သည်။

"အရေးကြီးတာ ပြောဖို့မေ့သွားတယ်။ သံဃာတော်တွေကို ကောင်းကောင်းစားစေချင်တဲ့ စေတနာနဲ့ ဟင်းကို မြည်းစမ်းလို့ရတယ်။ ကောင်းမှန်းသိပြီးရင် မမြည်းနဲ့တော့။ ဟင်းမြည်းတယ်လို့ အမည်ခံပြီး ခွက်ကြီးတွေနဲ့လဲ ထည့်စား မနေကြနဲ့။ သံဃာတော်ဖို့လို့ ရည်ရွယ်ထားတာကို ဦးဦးဖျားဖျား ယူစားရင်။ ပြိတ္တာဖြစ်တတ်တယ်။ ဖုသမြတ်စွာဘုရား လက်ထက်က ဆွေတော်မျိုးတော်တွေ ရဟန်းသံဃာထက် ဦးဦးဖျားဖျားစားလို့ ပြိတ္တာတွေ ဖြစ်နေကြတာ။ ရာဇဂြိုဟ်မှာ ဗိမ္ဗိသာရမင်းကြီး ကိုယ်တိုင် ဆွမ်းသက်န်းလှူပေးပြီး အမျှဝေနေရတယ်သိလား"

"စိတ်ချပါ သခင်မလေး"

မိန်းကလေးတစ်ယောက် ငရုတ်စိမ်းတောင့်ခွက်ကြီးကိုင်ပြီး မီးဖိုဆောင်ထဲ ဝင်လာသည်ကို ဖျတ်ခနဲ အကြည့်ရောက်သွားပြန်၏။

"ဟိုတစ်ယောက်က ငရုတ်စိမ်းတောင့်တွေ ဘာလုပ်ဖို့လဲ"

"အသုတ်ထဲထည့်မလို့ပါ သခင်မလေး"

"မီးနဲ့မြိုက်ပြီးမှ ထည့်ပါ။ အစိမ်းထည့်ချင်ရင် ငရုတ်ဆုံနဲ့ အစေ့ကို ကျေအောင်ထောင်း။ အပင်ပေါက်နိုင်တဲ့ အသီးအစေ့မှန်ရင် မကပ္ပိလို့မရဘူး။ ရဟန်းတော်များ အာပတ်သင့်လိမ့်မယ်။ ပြောတာတွေ မှတ်ထားကြဦး"

"ဟုတ်ကဲ့ရှင့်"

မီးဖိုဆောင်မှ ထွက်လာသောအခါ သူမ အတော်ပင် မောနေပြီ။ ကိုယ်တိုင်ကိုယ်ကျ မလုပ်ရစေကာမူ စီမံကွပ်ကဲရသည်ပင် စိတ်မောလူမော ရှိရပါ၏။ ကောင်းစေချင်သည့် စေတနာက လွန်ကဲနေသည်။ မနက်ကျလျှင် သံဃာတော်များ ရောက်ရှိလာကြပါက အဆင်မသင့်တာ၊ အဆင်မပြေတာ မဖြစ်စေချင်။ မြင်လည်း မမြင်ချင်။ ကြားလည်းမကြားချင်ပါ။ လိုသည်မရှိ ပြည့်စုံနေဖို့သာ ဆန္ဒ ဖြစ်ထွန်းနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဝိ ပင်ပန်းနေပြီ မဟုတ်လား"

"မပင်ပန်းပါဘူး ကိုပုဏ္ဏရဲ့"

အကြင်နာမျက်ဝန်းဖြင့် ဂရုတစိုက် မေးလာသော ခင်ပွန်းသည်ကို ကျေးဇူးတင်စွာ ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်ပါသည်။

"မပင်ပန်းပေမယ့် သွားနားချည်ပါတော့။ ဘယ်အချိန်ရှိပြီလဲ။ ကိုယ် အားလုံးကြည့်ရှု စီစဉ်ပေးထားပါ့မယ်။ စိတ်ချလက်ချသာအိပ်--။ မိုးသောက်ယံကျမှ ကိုယ်လာနိူးမယ် ဟုတ်ပြီလား"

"ဒါဖြင့် ကိုပုဏ္ဏ မအိပ်တော့ဘူးလား"

"ကိုယ်က ယောကျ်ားပဲ မဝိရဲ့။ ဒီလောက်လေးတော့ လုပ်ပေးနိုင်ရမှာပေါ့။ ဒါမှလည်းမဝိ နားခွင့်ရမယ်လေ"

မိန်းမသားအပေါ် စာနာညှာတာတတ်တဲ့ ယောကျ်ားတစ်ယောက်ပဲဟု မှတ်ချက်ချမိရင်း ကြည်နူး ချမ်းမြေ့စွာ ခံစားရပါသည်။ အဘယ်မျှလောက် ကြီးကျယ်မြင့်မြတ်သူ ဖြစ်နေပါစေ။ မိန်းမသားတိုင်းသည် လင်ယောကျ်ား၏ ဂရုစိုက်ယုယမှုကို ခံယူချင်ကြသူတွေချည်းပါပဲ။ ယသောဓရာလည်း ထို့အတူ။ ရူပနန္ဒာလည်း ထို့အတူ။ အားလုံးသော ဣတ္ထိယမိန်းမတိုင်း ထို့အတူချည်းသာ ဖြစ်ပါ၏။

ကိုပုဏ္ဏ၏ ညွှန်ကြားချက်အတိုင်း ညောင်စောင်းပေါ်တွင် မှေးစက်နားနေလိုက်ရပါတော့၏။ သို့သော် အိပ်၍မပျော်ပါ။ အလှူဒါန ပြုမည့်အရေးကို တွေးမိပြီး ပီတိသောမနဿစိတ်တွေသာ တစ်ကိုယ်လုံး ပျံ့နှံ့ဝေနေသည်။

ဒါနနှင့်စပ်သော အကြောင်းရပ်များကိုလည်း အထပ်ထပ်နှလုံးသွင်းနေမိလေသည်။

**ဒါနကောင်းမှုသည် မျက်မှောက်ဘဝချမ်းသာ ၊ တမလွန်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့၏ အကြောင်းဖြစ်၏။**

**လောက၌ အလုံးစုံသော စည်းစိမ်ချမ်းသာဟူသမျှသည် ဒါနကြောင့် ဖြစ်၏။**

www.burmeseclassic.com

www.burmeseclassic.com



ဈာန်၊ ဝိပဿနာ၊ မဂ်ဖိုလ်၊ နိဗ္ဗာန်နှင့် စပ်သော ချမ်းသာဟူသမျှ သည်လည်း ဥပနိဿယ ပစ္စည်းအစွမ်းကြောင့်သာဖြစ်၏။

ဒါနကောင်းမှုသည် လူ့စည်းစိမ်၊ နတ်စည်းစိမ် အစရှိသော စည်းစိမ် မျိုးစုံတို့၏ အကြောင်း ဖြစ်သည်။

အသုံးအဆောင်ဖြစ်သော အာရုံဝတ္ထုများ၊ ထိုဝတ္ထုများကို သုံးဆောင်၍ ဖြစ်သော ချမ်းသာမှုများ၏ တည်ရာလည်း ဖြစ်သည်။

ပျက်စီးခြင်း ဗျသန ဆိုက်ရောက်သော သတ္တဝါများအဖို့ အစောင့်အရှောက်ကောင်းလည်း ဖြစ်သည်။ လဲလျောင်းရာ ပုန်းအောင်း မှီခိုရာလည်း ဖြစ်သည်။

မျက်မှောက်ဘဝနှင့် တမလွန်ဘဝတို့၌ ဒါနနှင့်တူသော မှီရာတည်ရာ အစောင့်အရှောက်ကောင်းသည် မရှိနိုင်ချေ။

ဒါနကောင်းမှုသည် ရတနာ ခုနစ်ပါးဖြင့် စီခြယ်အပ်သော သီဟာသန ပလ္လင်နှင့် တူ၏။

ဖောက်ပြန်ပျက်စီးသည့် အရာခပ်သိမ်းကို အောက်ကျခွင့်မပေးဘဲ ခံလင့်ထားသော ထောက်တည်ရာအစစ် မဟာပထဝီ မြေကြီးနှင့်တူ၏။

ကျရောက်ရာဘဝတို့၌ ထောက်တည်ရာရ၍ ဆွဲတွယ်ရာဖြစ်သောကြောင့် အားနည်းသည့်ယောကျ်ား၊ မျက်မမြင် သူကန်းများ၏ လှမ်းကိုင်အမှီပြုရာ ကြိုးနှင့် တူ၏။

အပါယ်ဘူမိ ဒုဂ္ဂတိမှ ကူးမြောက်ကြောင်းဖြစ်သော လှေသင်္ဘောနှင့်လည်း တူ၏။

လောဘ-မစ္ဆရိယစသော ရန်သူဘေးမှ ကင်းစင်ဝေးစေတတ်သောကြောင့် စစ်မြေပြင်မှ တပ်မှူးသူရဲကောင်းသဖွယ် ဖြစ်၏။

ဆင်းရဲမွဲတေခြင်းဘေးမှ ကင်းဝေးအောင် စောင့်ရှောက်တတ်သောကြောင့် ခိုင်ခံ့စွာ ပြုပြင် စီရင်ထားအပ်သော မြို့ကြီးသဖွယ် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မနာလိုဝန်တိုမှု အကုသိုလ်အညစ်အကြေးများ မလိမ်းကျံ မကပ်ငြိသောကြောင့် ပဒုမ္မာကြာပန်းသဖွယ် ဖြစ်၏။

ထိတ်လန့်ကြောက်ရွံ့ခြင်းကို ကင်းစင်စေတတ်သောကြောင့် တောသုံးထောင်ကို အစိုးရသည့် ခြင်္သေ့မင်းသဖွယ် ဖြစ်၏။

မျက်မှောက်ဘဝ၌ မိတ်ဆွေသင်္ဂဟ ပေါများ၍ တမလွန်၌လည်း ကာယဗလ အင်အားတိုးပွားစေသောကြောင့် ခွန်အားကြီးမားသည့် ဆင်ပြောင်ကြီးသဖွယ် ဖြစ်၏။

အနာဂတ်နှင့်ပစ္စုပ္ပန် ဘဝနှစ်တန်၌ အလွန်အကျိုး အထူးကြီးပွားကြောင်းဖြစ်သောကြောင့် နွားလားဥသဘာသဖွယ် ဖြစ်၏။

ဝိပ္ပတိလေးမျိုး ပျက်စီးခြင်းမြေဆိုးမှ လွတ်မြောက်စေလျက် သမ္ပတ္တိလေးကြောင်းပြည့်စုံခြင်း မြေကောင်းသို့ ပို့ဆောင်ပေးတတ်သောကြောင့် ဝလာဟကသိန္ဓောမြင်းသဖွယ်လည်း ဖြစ်ပါလေ၏။

× × ×

ဗြဟ္မာနတ်လူများ ပြည်သူ၏ကြည်ဖြူကော်ရော် ပူဇော်အမွန် အလှူတော်ခံထိုက်တော်မူပါသော မြတ်စွာဘုရားပါတည်း။

ကြားနာရုံပင် သောကစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် လှမ်းလင့်ဆောင်တတ်ပါသော တရားတော်မြတ်ပါတည်း။

တစ်လောကလုံး ကိုင်းညွတ်ရှုံးလျက် ရှင်ပြုံးကြည်ညို သဒ္ဓါပိုစွာ ရှိသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းငှာ ထိုက်တော်မူပါသော သံဃာတော်အရှင်မြတ် များပါတည်း။

သူမ၏ ဆွမ်းဒါနအလှူတော် မင်္ဂလာသို့ ကြွရောက်တော်မူလာကြကုန်သော ဘုရားအမှူးရှိသည့် သံဃာတော်အရှင်မြတ်တို့အား လက်အုပ်ကလေးချီကာချီကာဖြင့် ဖူးမြော်၍မဝ၊ ကြည်ညို၍မဆုံး၊ မြတ်နိုး၍ မရောင့်ရဲနိုင်ဘဲ ဖရဏာပီတိ ဂွမ်းဆီထိပမာ ရွှမ်းအိအိဖြာလျက် ရှိနေရပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စည့်ခန်းတစ်ဆောင်လုံး ရွှေရောင်အဆင်း ဝါဝင်းသော သက်န်းများ ပြည့်လွှမ်းနေသော်ငြား ဖွန်းခွက်သံပင် မကြားရအောင် ဣန္ဒြေကြီးမားစွာ ဆွမ်းဘုဉ်းပေးတော်မူကြသည်မှာ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းဖွယ် ကောင်းလိုက် ပါဘိတော့။

သံဃာတော် အရှင်သူမြတ်တွေကြားမှာ ဟိုသွားဒီလာ လိုလိုရာရာ တို့ကို မပြတ်မလပ် စောင့်ကြပ်ဖြည့်စွက်ပေးနေရသည့် ကိုပုဏ္ဏဆီလည်း အကြည့်ရောက်သွားရကာ ကြည်နူးဝမ်းသာ မျက်ရည်လည်မိပါသည်။

အဝတ်မပါသော တက္ကတွန်းဆရာကြီးများ၏ စကားကို နားထောင်ကာ ယောက္ခမကြီးမိဂါရသည် ယခုကန့်လန့်ကာနောက်ကွယ်မှာ မလွှဲမရှောင်သာ ရောက်နေရှာတော့မည်။

တကယ်တော့ မြတ်စွာဘုရား၏ တရားတော်သည် ကန့်လန့်ကာနောက် ကွယ်မှာနေနေ၊ နံရံတစ်ဖက်ခြားခြား၊ တောင်ကြီးပင်ကွယ်ကွယ်၊ စကြာဝဠာ အပြင်ပဲရောက်ရောက် ပကာတိကြည်လင်ပီပြင်စွာ ကြားနာရလိမ့်မည်ဆိုသည်ကို သူ မသိရှာ။ သူ့ဆရာကြီးတွေလည်း မရိပ်မိပါ။ တရားတော်မြတ်ကို ဗုဒ္ဓ ဟောကြား တော်မူလေပြီ။

ကြီးမားကျယ်ပြန့်လှသော သဲကန္တာရအတွင်း ဖြတ်သန်းလျက်ရှိသည့် ခရီးသွားယောကျ်ားသည် စိမ်းလန်းစိုပြည် အိုအေစစ်ကို တွေ့မြင်ရသကဲ့သို့ လည်းကောင်း၊

နွေလည်မွန်းတည့် အရိပ်မဲ့လမ်းမှ ခရီးသွားယောကျ်ားသည် ရိပ်ကြီး မြိုင်ခွင် ညောင်ညိုပင်၌ ရေချမ်းစင်ကို မြင်တွေ့ရသကဲ့သို့ လည်းကောင်း၊

သဘော်ပျက်၍ ပင်လယ်တွင်းသို့ သက်ဆင်းခဲ့ရသော ခရီးသွား ယောကျ်ားသည် ထောက်တည်မှီခိုရာ ကျွန်းကလေးကြောင့် အသက်ဘေးမှ ပြေးလွတ် ရသကဲ့သို့ လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အစ၏ကောင်းချင်း၊ အလယ်၏ကောင်းချင်း၊ အဆုံး၏ ကောင်းချင်းတို့နှင့် ပြည့်စုံသော တရားတော်၌ အစဉ်တစိုက် လျှောက်လိုက်ပြီးသည့်ခဏဝယ်–

"မြတ်စွာဘုရား––ဘုန်းတော်ကြီးမြတ်လှပါသော မြတ်စွာဘုရား–"

တိတ်ဆိတ်ငြိမ်သက်နေသော ဓည့်ခန်းကျယ်ကြီးထဲ၌ ရွှင်လန်းအားရကျယ်လောင်လှသောအသံသည် ထူးဆန်းအံ့သြဖွယ် ဟိန်း၍ ထွက်ပေါ်လာ၏။

ထိုအသံနှင့်အတူ စောစောက ကန့်လန့်ကာ နောက်ကွယ်မှာ ရှိနေခဲ့သော ယောက္ခမကြီး မိဂါရသည် မျက်လုံးပြူးပြူးကြီးပေါ်လာပြီး မြတ်စွာဘုရား ထံတော်ပါး၌ ပြားပြားဝပ်ကာ သဒ္ဓါရိုကျိုး ဦးနှိမ့်ချိုး၍ ရှိခိုးခြင်းအခါခါ ပြုနေသည်ကို ယုံကြည်နိုင်ဖွယ်မရှိအောင် သူမမြင်လိုက်ရလေသည်။

"ဘုန်းတော်ကြီးမြတ်လှပါသော မြတ်စွာဘုရား–––သာသနာတော်ကို ထောက်ပံ့ပေးကမ်း လှူဒါန်းခြင်းဟာ အကျိုးကြီးမားလှတယ် ဆိုတာ တပည့်တော်မသိခဲ့ရိုးအမှန်ပါဘုရား။ ယခုတော့ ချွေးမ ဝိသာခါကြောင့် မြတ်စွာဘုရားရဲ့ အဆုံးအမ တရားတော်ကို သိနားလည်ခွင့် ရပါပြီဘုရား။ ချွေးမဝိသာခါဟာ တပည့်တော်ရဲ့ အကျိုးအတွက် ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံစွာ ကောင်းသောလာခြင်း ဖြစ်ပါတယ်ဘုရား"

ကရားရေလွှတ် တတွတ်တွတ် ပြောဆိုလျှောက်ထားလျက် မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးခေါင်းဖြင့်တိုးဝှေ့၏။ မျက်နှာဖြင့် ပွတ်သပ်၏။ လက်ဖြင့် ဆုပ်နယ်၏။ ခံတွင်းဖြင့်လည်း ငုံစုပ်ပါလေ၏။

မမျှော်လင့်သောမြင်ကွင်း၊ မထင်မှတ်သော အခြင်းအရာကြောင့် သူမ၏ ရင်တွင်း၌ လှပ်လှပ်ခါမျှ ဝမ်းသာကြည်နူး ညွတ်မူး မြူးတူးစွာ ရှိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးကြီးမားလှတဲ့ ချစ်သမီး ဝိသာခါ---သမီးချွေးမအရာနဲ့ မထိုက်တန်တော့လို့ မိခင်အရာမှာ အလေးအမြတ်ထားပါရစေ။ ဒီနေ့ကစပြီး ဝိသာခါဟာ မိဂါရမာတာသာ ဖြစ်ပါစေတော့။ မိဂါရရဲ့ ကျေးဇူးရှင် မိခင် အစစ် ဖြစ်ခဲ့ပါပြီ"

သူမ၏ ဘဝတစ်သက်တာတွင် ဤမျှလောက် ကျေနပ်ရသည့် အဖြစ်မျိုး ရနိုင်တော့မည်မထင်ပါ။ မိသားတစ်စုလုံး ဗုဒ္ဓတိုက်ကျွေးလိုက်သည့် အမြိုက်ဆေး ကြောင့် စိတ်အေးချမ်းသာ ရှိကြရာတော့မည်။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်နိုင်လေပြီ။

ဘုရား၌ယုံမှားခြင်း၊ တရား၌ယုံမှားခြင်း၊ သံဃာ၌ယုံမှားခြင်း အလျှင်း မရှိတော့ပြီ။ အကြောင်းကြောင့် ဖြစ်သောအကျိုး၊ အကျိုးကြောင့် ဖြစ်သော အကြောင်းတို့ကိုလည်း ဉာဏ်အမြင် အမှန်ထင်လေပြီ။ သံသရာ၏ ရှေ့အစွန်း၊ နောက်အစွန်းတို့၌လည်း သံသယဒွိဟ ပြယ်လွင့်ခဲ့ရပြီ။ သီလ သမာဓိ ပညာ အကျင့်သုံးဖြာ၌မူ ဆိုဖွယ်ရာ မရှိတော့ပါပြီ။

အမိုက်မှောင်ကွယ်ပျောက်လျှင် အလင်းရောက်လာရစမြဲပါတည်း။

မိစ္ဆာဒိဋ္ဌိဟူသော တိမ်သလာကင်းစင်သဖြင့် အယူအမြင်ရှင်းကာ သမ္မာဒိဋ္ဌိအသွင်ကို ရဲရဲတင်းတင်း ခံယူနိုင်ပါပြီ။

မိဂါရသည် မြတ်စွာဘုရား၏ ခြေတော်ရင်း တစ်ထိုင်အတွင်း၌ပင်–

သစ္စဉာဏ်ကို ဉာတပရိညာဖြင့် ရ၏။

ကိစ္စဉာဏ်ကို တီရဏပရိညာဖြင့်ရ၏။

ကတဉာဏ်ကို ပဟာနပရိညာဖြင့် ရပါလေ၏။

ယခုတော့ သူသည် ဗုဒ္ဓဘာသာဝင် အရိယာသူတော်စင် စစ်စစ်ကြီး ဖြစ်ခဲ့ရပါပြီ။

ဝိသာခါ၏ ဆွမ်းအလှူဒါနသည် မိဂါရ၏ ဘာသာအယူဝါဒ ပြောင်းလဲ ခံယူပွဲကြီး ဖြစ်သွား၏။ ထိုဘာသာအယူဝါဒ ပြောင်းလဲခံယူပွဲ၏ အထိမ်း

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အဖြစ် မိဂါရထံမှာ အဖိုးတစ်သိန်းထိုက်သော ဆုလက်ဆောင်ကို သူမ ရရှိခဲ့လေသည်။

အမြဲတမ်းဝတ်ဆင်ရန် လေးလံတာဝန်ကြီးသော မဟာလ္လတာ တန်ဆာ အစား နေ့ရောညပါ ကိုယ်နှင့်မကွာ ပေါ့ပါးစွာ ဆင်မြန်းနိုင်သည့် "ဃနမဋ္ဌက" အဆင်တန်ဆာ ဖြစ်ပါသည်။

အဆင်တန်ဆာကို လက်ခံရခြင်းထက် အဆပေါင်းများစွာ ပြုံးပျော် ဝမ်းသာရသည်မှာ---

မျက်ရည်ပြည့်ရွှန်းသော မျက်ဝန်းဖြင့် သူမသည် ကိုပုဏ္ဏအား ပြုံးပြုံးကြီး စိုက်ကြည့်နေမိပါလေ၏။

"ပူဇော်အမှန် အလှူတော်ခံအပ်သော မြတ်စွာဘုရား--၊ မြတ်စွာဘုရားရဲ့ အထံတော်မှာ ဆုရှစ်ပါးကို တပည့်တော်အား သနားချီးမြှင့် တောင်းခွင့် ပြုတော်မူပါဘုရား"

"ချစ်သမီး ဝိသာခါ--ဘုရားရှင်တို့မှာ ပေးစရာ ဆုမရှိပါ"

"တပည့်တော်တောင်းမဲ့ဆုက အပ်လဲအပ်ပါတယ်။ အပြစ်လဲမရှိပါ ဘုရား"

"ဒီလိုဆိုရင် လိုအပ်တဲ့ဆုကို တောင်းပါ ဝိသာခါ"

"ကြည်ညိုမြတ်နိုး အားကိုးခြင်း၏ တည်ရာ ဖြစ်တော်မူပါသော မြတ်စွာ ဘုရား---တပည့်တော်ဟာ ရှစ်မျိုးသောပစ္စည်းကို အသက်ထက်ဆုံး လှူဒါန်းပါရစေဘုရား

၁။ ရဟန်းများအတွက် မိုးရေခံသင်္ကန်း

၂။ အာဂန္တုရဟန်းများအတွက် ဆွမ်းဘောဇဉ်

၃။ ခရီးသွားမည့် ရဟန်းများအတွက် ဆွမ်းဘောဇဉ်

၄။ ဂိလာနရဟန်းများအတွက် ဆွမ်းဘောဇဉ်

၅။ သူနာပြုရဟန်းများအတွက် ဆွမ်းဘောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



၆။ ဂိလာနရဟန်းများအတွက် ဆေးဝါးများ

၇။ ရဟန်းများအတွက် အမြဲတမ်း ယာဂုဆွမ်း

၈။ ရဟန်းမိန်းမ ဘိက္ခုနီများအတွက် ရေသနုပ်သင်္ကန်း

သာသနာတော်အတွက် အကျိုးများစေမယ့် လှူဘွယ်ရှစ်မျိုးကို နေ့စဉ် ရက်ဆက် ဝတ်မပျက်ဘဲ လှူဒါန်းခွင့် ရလိုပါတယ်ဘုရား"

"ဘယ်လိုအကြောင်းကြောင့် ဒီလှူဖွယ်ရှစ်မျိုးကို လှူချင်ရတာလဲဝိသာခါ"

"မြတ်စွာဘုရား--မနက်တုန်းက ဆွမ်းချိန်မှာ ရဟန်းတော်များ သွားပင့် ချေလို့ အစေခံ ကျွန်မတစ်ယောက်ကို လွှတ်လိုက်ပါတယ်။ ရဟန်းတော်များ ကိုယ်တုံးလုံးနဲ့ ရေချိုးနေကြတာတွေ့ပြီး အဝတ်မပါတဲ့ တက္ကဒ္ဒန်းတွေလို့ ထင်ခဲ့ပါတယ်။ ရဟန်းတော်များ တစ်ပါးမျှမရှိပါ။ တက္ကဒ္ဒန်းတွေသာ ရေချိုး နေကြတယ်လို့ တပည့်တော်ကို ပြန်လာပြောပါတယ်။ ကိုယ်တုံးလုံး ရေချိုးခြင်းဟာ အမြင်မတော်တဲ့ စက်ဆုပ်ဖွယ်အမှု ဖြစ်ပါတယ်။ ဒါကြောင့် တပည့်တော် မိုးရေခံသင်္ကန်း လှူခွင့်ရလိုပါတယ်ဘုရား။

"မြတ်စွာဘုရား--အာဂန္တု ရဟန်းတော်များဟာ လမ်းလဲမကျွမ်းကျင်၊ ဆွမ်းခံအိမ်လဲ မမှတ်မိတဲ့အတွက် အခက်အခဲတွေ့ပြီး ပင်ပန်းတော်မူကြပါတယ်။ တပည့်တော်လှူတဲ့ ဆွမ်းကို ဘုဉ်းပေးပြီး လမ်းကျွမ်းကျင်တော့မှ ဆွမ်းခံကြွစေ လိုတာမို့ အာဂန္တုဆွမ်းလှူခွင့် တောင်းခံရခြင်းပါဘုရား။

"မြတ်စွာဘုရား--ခရီးသွားမယ့်ရဟန်းဟာ ဆွမ်းခံဝင်နေရင် လှည်းကြို့ လူကြို့ မမီမကမ်း ဖြစ်ရတတ်ပါတယ်။ ခရီးအဆုံးကိုလည်း နောက်ကျမှရောက်၊ ခရီးတစ်လျှောက်လဲ ပင်ပန်းတော်မူကြရပါတယ်။ ဒါကြောင့်မို့ ခရီးစဉ်အဆင်ပြေ အောင် တပည့်တော် ဆွမ်းလှူချင်ပါတယ်ဘုရား။

"မြတ်စွာဘုရား--ဂိလာန ရဟန်းတော်များအတွက် သင့်တော်တဲ့ ဆွမ်းကို မရခဲ့ရင် ရောဂါတိုး၊ အသက်လဲသေနိုင်ပါတယ်။ ကောင်းမွန်စွာ စီမံချက်ပြုတ် ထားတဲ့ ဆွမ်းအာဟာရကို မှီဝဲရင် ရောဂါလဲသက်သာနိုင်ဖွယ် ရှိပါတယ်။ ဒါကြောင့်မို့ ဂိလာနဆွမ်းကို တပည့်တော် လှူချင်ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား--သူနာပြုရဟန်းဟာ ကိုယ့်ဆွမ်းကိုယ် ထွက်ခံရမယ်ဆိုရင် ဂိလာနရဟန်းကို အမြဲမကွာ မစောင့်ရှောက် မပြုစုနိုင်ပါ။ ဂိလာနရဟန်းအပေါ် မျက်ခြည်မပြတ် ပြုစုနိုင်အောင် "ဂိလာနပဌက"ဆွမ်းကို လှူဒါန်းချင်ပါတယ် ဘုရား။

"မြတ်စွာဘုရား--ဂိလာန ရဟန်းများဟာ လိုအပ်တဲ့ဆေးဝါကို အချိန်မီ မရခဲ့ပါရင် ရောဂါတိုးပြီး သေနိုင်ဖွယ် ရှိပါတယ်။ ဒါကြောင့် ဂိလာနရဟန်းများ အသက်ဘေးမှ ကင်းဝေးချမ်းသာအောင် ဇီဝိတဒါန ဆေးအလှူ ပြုလိုခြင်း ဖြစ်ပါတယ်ဘုရား။

"မြတ်စွာဘုရား--အသက်ကိုလှူရာရောက်ခြင်း၊ အဆင်းကိုလှူရာရောက်ခြင်း၊ ချမ်းသာခြင်းကို လှူရာရောက်ခြင်း၊ ခွန်အားကိုလှူရာရောက်ခြင်း၊ ဉာဏ်ပညာကို ရှူရာရောက်ခြင်း၊ အဆာပြေမှုရခြင်း၊ ရေငတ်ပြေစေခြင်း၊ ဝမ်းလေစုန်စေခြင်း၊ အစာဟောင်းများ ကင်းစင်ခြင်း၊ အစာသစ်များ ကျေညက်စေခြင်းဆိုတဲ့ အကျိုးဆယ်မျိုးကိုမြင်ပြီး ယာဂုလှူခွင့် ပြုတော်မူခဲ့ပါတယ်။ ဒါကြောင့်မို့ တပည့်တော် ယာဂုကို အမြဲလှူချင်ပါတယ်ဘုရား။

"မြတ်စွာဘုရား--အစိရဝတီ မြစ်ဆိပ်မှာ ဘိက္ခုနီမများကို ကိုယ်တုံးလုံး ရေချိုးနေကြတာ တွေ့ခဲ့ရပါတယ်။ ရဟန်းမများ လူမြင်ကွင်းမှာ အဝတ်မပါ ရေချိုးကြခြင်းဟာ သူတစ်ပါးကဲ့ရဲ့ဖွယ်၊ ပြက်ရယ်ပြုဖွယ်၊ ရှက်ရွံ့ဖွယ် ဖြစ်ပါတယ်။ ဒါကြောင့် တပည့်တော် ရေသနုပ်သင်္ကန်းများ လှူဒါန်းချင်ပါတယ်ဘုရား"

"ဘယ်အကျိုးအတွက် လှူဒါန်းချင်တာလဲဝိသာခါ"

"မြတ်စွာဘုရား--ဝါကျွတ်တဲ့အခါ မြတ်စွာဘုရားကို ဖူးမြင်ချင်တဲ့ ရဟန်းတော်တွေ သာဝတ္ထိကို ကြွလာပြီး ဘယ်ရဟန်းဟာဖြင့် အနိစ္စရောက်ပါပြီ။ လားရာဂတိ ဘယ်လိုရှိပါသလဲဘုရားလို့ မေးမြန်းလျှောက်ထားကြပါလိမ့်မယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အနိစ္စရောက်တဲ့ ရဟန်းဟာ သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာစသည် မိန့်ကြားတော်မူပါမယ်။ တပည့်တော်က တော့ အနိစ္စရောက်သွားတဲ့ ရဟန်းဟာ သာဝတ္ထိ ရောက်ဖူးပါသလားလို့

www.burmeseclassic.com

www.burmeseclassic.com



မေးလျှောက်မိဖို့ သေချာပါတယ်။ သာဝတ္ထိရောက်ဖူးတဲ့ ရဟန်းမှန်ရင် တပည့်တော်ရဲ့ အလှူရှစ်မျိုးထဲက တစ်မျိုးမျိုးကို သုံးဆောင်ဖူးသူလို့ သိရပါမယ်ဘုရား"

"ဒီလိုသိတာတော့ ဘာအကျိုးတွေရှိလာဖို့ မြင်သလဲ ဝိသာခါ"

"မြတ်စွာဘုရား--သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ တစ်မျိုးမျိုးဖြစ်တဲ့ ရဟန်းဟာ တပည့်တော်ရဲ့ အလှူကို ခံယူသုံးဆွဲဖူးသူပါလားလို့ အမှတ်ရပြီး ဝမ်းမြောက်မှု ပါမောဇ္ဇဖြစ်ပါမယ်။ ဝမ်းမြောက်တဲ့ တပည့်တော်ဟာ နှစ်သက်မှု ပီတိဖြစ်ပါမယ်။ နှစ်သက်မှု ဖြစ်တဲ့ တပည့်တော်ဟာ ငြိမ်းအေးမှု ပဿဒ္ဓိကို ရပါမယ်။ ငြိမ်းအေးမှုရတဲ့ တပည့်တော်ဟာ ချမ်းသာမှု သုခကို ခံစားရပါတယ်။ ချမ်းသာမှု ခံစားရတဲ့ တပည့်တော်ဟာ တည်ကြည်မှု သမာဓိ ဖြစ်လာပါမယ်။ တည်ကြည်မှု သမာဓိဟာ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်တို့ကို တိုးပွားစေခြင်းအကြောင်း ဖြစ်ပါတယ်ဘုရား"

"သာဓု ဝိသာခါ၊ သာဓု--သာဓု--"

လှူဒါန်းခြင်း၏ အကျိုးကျေးဇူးကို ကောင်းစွာ သိမြင်ကျွမ်းကျင်သော သူမအား မြတ်စွာဘုရား သာဓုခေါ်တော်မူလေသည်။

ဆုရှစ်မျိုးကိုလည်း အသက်ထက်ဆုံး ပြုခွင့်ရခဲ့ပါ၏။ အသက်ထက်ဆုံး ပြုခွင့်ရခဲ့သော ဆုရှစ်မျိုးကြောင့် သူမသည် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်များနှင့် ရင်းနှီးသည့် ဒါယိကာမကြီး ဖြစ်လာခဲ့ရပေပြီ။

× × ×

ဒါနသည် စိတ်အစဉ်၌ သဒ္ဓါယုတ်လျော့ခြင်း၊ ပျင်းရိခြင်း၊ မေ့လျော့ခြင်း၊ ပုံ့လွှင့်ခြင်း၊ တွေရဝေခြင်းတည်းဟူသော အပြစ်ဒေါသများ ကင်းစင်သဖြင့် သစ္စာလေးပါး နက်နဲသောတရားကို နာယူသိမြင်လွယ်သော စွမ်းအားရှိ၏။ ဒိဋ္ဌိ--မာနစသော ကိလေသာများ ကင်းစင်သဖြင့် မွေ့ရစ်ရှေ့ပမာ ဆွဲတိုင်းရကာ နူးညံ့သောအခြေမှာ တည်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



နိဝါရဏအငါးပါး အပိတ်အဖုံးများ ကင်းရှင်းသဖြင့် နီဗ္ဗာန် ရောက်ကြောင်း ကောင်းသောအကျင့် လမ်းစဉ်၌ အလွန်ဝမ်းမြောက်ခြင်း၊ ပီတိပါမောဇ္ဇနှင့်ယှဉ်လျက် တည်လေ၏။

လူတို့၏ စိတ်နှလုံးကို နူးညံ့စေသော တရားဖြစ်၍ ဒါနပြုသူသည် ထိုဒါန၏ အကျိုးကျေးဇူးကြောင့် သီလ-ဆောက်တည်ရန်၊ သမထဝိပဿနာ ဘာဝနာပွားများရန်၊ စိတ်နှလုံး နူးညံ့ပြီး ဖြစ်လေသည်။

ဘဝါဘဝေ အဆက်ဆက်က ပန်ခဲ့ဖူးသော ဆုထူးကြောင့် ဒါနအမှု၌ ပြုသမျှမရောင့်ရဲနိုင်သော စေတနာသဒ္ဓါတရားသည် သူမ၏ နှလုံးသားဝယ် အင်အားကြီးမား ခိုင်ခံ့စွာ ဖြစ်တည်စွဲနစ်နေလေပြီ။

ယောက္ခမကြီးကလည်း သူမအား မိခင်အရာမှာ စည်းစိမ်ဥစ္စာပါမကျန် လွှဲအပ်ထားပြီးမို့ သူမအကြိုက် သူမသဘော လိုက်လျောမှုရပြီးသား။ သူမ၏ အိမ်သည် ချိန်ခါမရွေး ရဟန်းသံဃာတော်များ ထွန်းတောက်ရာ အေးရိပ်သာ ဖြစ်လာခဲ့ပါ၏။ ပစ္စည်းလေးပါးကိုလည်း အလိုရှိရာ ဆွတ်ချူနိုင်သော နတ်ဘုံနတ်နန်းမှ ပဒေသာပင်ကြီးပမာ ဖြစ်လာရပါလေ၏။

ဇေတဝန်ကျောင်းတော်သည်ကား သူမအတွက် တံခါးမရှိ ဓားမရှိ ဟူဘိသကဲ့သို့ သာသနာ့ဒါယိကာမကြီးမို့ လွတ်လပ်စွာ ဝင်ထွက် သွားလာနိုင်ပါ၏။ သူမကလည်း တစ်နေ့မသွားရလျှင် မနေနိုင် မထိုင်သာ။ အကြိမ်ကြိမ်အခါခါ ကူးချည်သန်းချည် လွန်းခတ်သလို လှုပ်ရှားနေလေသည်။ ရဟန်းသံဃာတော်တို့အား သဒ္ဓါပိုကြည်ညိုစွာ ဖူးမြော်ပြုစုရသည်မှာ ဘယ်သော အခါမျှ တင်းတိမ်နိုင်ခြင်း မရှိခဲ့ပါ။

"ကိုပုဏ္ဏရေ-- တစ်ခါတလေများ ကျောင်းလိုက်ခဲ့ပါလား"

ခင်ပွန်းသည်ကို ဘုရားသွား ကျောင်းတက် အတူတူဖြစ်ချင်သော ဆန္ဒရှိပါသည်။

"မဝိပဲသွားလိုက်ပါ။ သံဃာတော်တွေက မဝိကိုပဲ သိပ်အားကိုးကြတာ။ ကိုယ့်မှာက မိဘလွှဲအပ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေထဲ နစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



မြင်တဲ့အတိုင်းပဲလေ။ မဝိ လှူသမျှ ကြည်ဖြူရင် ပြီးတာပဲမဟုတ်လား။ ကိုယ်ကြိုးစားရှာဖွေ စုဆောင်းသမျှ မဝိ လှူဖို့ချည်းပါ”

ကိုပုဏ္ဏကမှု ကျောင်းသွားရန်ခေါ်တိုင်း စီးပွားရေးအကြောင်းပြကာ အိမ်မှာ ကျန်ခဲ့သည်ချည်း။ သူမ၏ အလှူဒါနတွေကိုတော့ တွန့်တိုခြင်း အလျှင်းမရှိ။ ကုန်ချင်သလောက်ကုန် ခန်းချင်ခန်း။ လိုသလောက်တောင်း၊ ကြိုက်သလောက်ယူ၊ လှူချင်သလောက်လှူ အစဉ်ကြည်ဖြူနိုင်သည့် ပါရမီဖြည့်ဖက်မို့ အိမ်တွင်းရေးမှာလည်း စိတ်အေးရပါ၏။

သို့ဖြစ်၍ ဇေတဝန်ကျောင်းတော်၌ မြင်ရခဲ့သော ကိုပုဏ္ဏကား သာဝတ္ထိသား ဖြစ်သည့်တိုင် မထင်ရှားနိုင်ခဲ့ချေ။ သူမကမူ သာဝတ္ထိတစ်ပြည်လုံး၏ အကျော်ဒေးယျ ဗုဒ္ဓ၏သမီးတော်။ သံဃာတော်အရှင်မြတ်များ၏ အားထားရာ ဒါယိကာမကြီး။

မြို့ရွာထဲက မင်္ဂလာဆောင်၊ အလှူအတန်းတွေ ဆိုလျှင်လည်း သူမသာ အကြီးအကဲ။ သူမသာရှေ့တန်းက ဦးဆောင်သူ။ ဘုရားကျောင်းကန်ကျလျှင်လည်း နောက်တန်းမှာ မကျန်ခဲ့။ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး-- ထိုအရေးသုံးပါးတွင် ဘယ်အရေးဖြစ်ဖြစ် ဝိသာခါကို ပြိုင်သူဆိုင်သူနိုင်သူမရှိခဲ့။

သူမသည် အလှူဒါနကိုချည်း တစိုက်မတ်မတ် ပြုနေသူချည်းမဟုတ်။ သာသနာတော်အတွက် မားမားမတ်မတ် ရပ်တည်သူဖြစ်ပါ၏။ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စောင့်ရှောက်ပေးသူလည်း ဖြစ်ပါ၏။

သာနာတော်ကို ကြည်ညိုရသည့် ပမာဏကား ပြောပြနိုင်ဖွယ်မရှိ။ နှိုင်းယှဉ်စရာလဲမမြင်၊ ဖြစ်နိုင်လျှင် အရိုးကျေကျေ အရေခန်းခန်း၊ အသက်သေသေ၊ မကြောက်မရွံ့ နောက်မတွန့်စတမ်း သာသနာပြုဖို့ သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်။

ပြောရမည်ဆိုလျှင် ကောင်းတော့မကောင်းပါ။ ပြောမှလည်း ဝိသာခါတို့ သာသနာပြုပုံ စေ့စုံနိုင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသာသနာတော်မှာ ပြောမရ ဩချထားကြသည့် ရဟန်းတစ်ပါးရှိသည်။ ဘယ်နေရာမှာ စီခနဲဆို သူချည်းပါပဲ။ သူ့ကြောင့်လည်းဝိနည်းတော်တွေ မကြာခဏ ပညတ်နေရသည်။ အနေအထိုင် မတတ်သူကြောင့် ဝိနည်းပညတ်များ တော့ ရဟန်းတော်တွေမှာ ကျဉ်းကျပ်ကြရရှာသည်ပေါ့။

ဟိုနားမှာလည်းသူ၊ သည်နားမှာလဲသူ၊ ဟိုစပ်စပ်၊ သည်စပ်စပ် သူမပါ ဘယ်နေရာမှမပြီး။ သို့ကြောင့် သူ့ကိုအားလုံးက အသိအမှတ် ပြုထား ကြသည်။

ရှုပ်ထွေးပွေလီ အရှင်ဥဒါယီ။

လျှပ်ပေါ်လော်လီ အရှင်ဥဒါယီ။

သူမနှင့်တစ်ချို ရင်ဆိုင်ခဲ့ရပြီးပြီ။ မင်္ဂလာဆောင်တစ်ခုမှာ ဖြစ်ပါသည်။

အရှင်ဥဒါယီသည် နှစ်ဖက်မိဘများနှင့်လည်းကောင်း၊ သတို့သမီးနှင့် လည်းကောင်း၊ ရှေးမဆွကပင် ရင်းနှီးပြီး ဖြစ်ဟန်တူ၏။ သတို့သားအိမ်သို့ သတို့သမီး လိုက်ပါရသည့် ထုံးစံရှိရာ သူပါလိုက်လာ၏။ ဒကာအိမ်သို့ ရဟန်းတစ်ပါး ဆွမ်းခံလာသည်ကို အပြစ်ဆိုဖွယ်မရှိ။ သို့ပေမယ့် အရှင်ဥဒါယီ တို့က ကဲလွန်း သဲလွန်းသည်။ အိမ်ထဲဝင်လာရုံမျှမက၊ သတို့သမီး အခန်းထဲထိ ရောက်သည်။ ပြီးတော့ သတို့သမီးအနားမှာ နီးနီးကပ်ကပ် သွားထိုင်ပြန်သည်။ မျက်စိကွယ်ရာ နားကွယ်ရာ ဖြစ်သောကြောင့် သူမ မကြိုက်။ သတိပေး လျှောက်ထားရမည်ဟု သူမဆုံးဖြတ်၏။

"အရှင်ဘုရား––ဒီလိုနေထိုင် ပြုမူတာ မသင့်တော်ပါ။ မကြည်ညိုသေး သူတို့ ကြည်ညိုဖို့ ခဲယဉ်းသွားတတ်ပါတယ်ဘုရား"

စေတနာဖြင့် လျှောက်ထားသော်လည်း နားမထောင်။ ပေကတ်ကတ် လုပ်နေ၏။ ထိုမျှမကသေး။ ထိုသတို့သမီးထံတွင် ထိုကဲ့သို့ပင် ထပ်တွေ့ရပြန် သည်။ ဒုတိယအကြိမ်ဒွိမှုသည်းမခံနိုင်တော့ပါ။ ခွင့်မလွှတ်နိုင်တော့ပါ။ သာသနာ တော်၏ ညစ်နွမ်းရာ ညစ်နွမ်းကြောင်းဖြစ်၍ ရဟန်းတော်များမှတစ်ဆင့် မြတ်စွာဘုရားထံ တိုင်တန်းလျှောက်ထားရလေ၏။ဝိသာခါဆိုလျှင် ရဟန်းတော်

www.burmeseclassic.com

www.burmeseclassic.com



များ ခင်မင်လေးစား အားထားကြသော်လည်း အရှင်ဥဒါယီကမူခါးခါးသီးသီး မုန်းတီး၏။ ဝိသာခါကြောင့် ရဟန်းမရှိသတ်ကြားမှာ မြတ်စွာဘုရားက ပညတ်ချက်များဖြင့် သူ့အား မလှုပ်ရှားနိုင်အောင် တုပ်နှောင်ချည်ထားခံရသည်ဟု သူယူဆ၏။

ဝိသာခါကမူ အရှင်ဥဒါယီ မုန်းတာကို သူဂရုမစိုက်။ အရှင်ဥဒါယီ၏ အဖေမုန်းသည့်တိုင်လည်း နည်းနည်းမှဂရုမစိုက်။ သာသနာတော်ကိုသာ ဂရုစိုက်သည်။ သာသနာတော်ကိုသာ အလေးထားသည်။ သာသနာတော် သန့်ရှင်းတည်တံ့ ခိုင်မြဲဖို့ဆိုလျှင် ချွေးတွေရွှဲရွှဲ၊ မောလို့လဲလဲ၊ တုံးပဲတိုက်တိုက်၊ ကျားပဲကိုက်ကိုက် ဘုရားအကြိုက်ကိုသာ ဆောင်ရွက်ရမည်။

သူငယ်ချင်း သုပ္ပိယာ (ဂိလေနုပဋ္ဌာကီတေဒဂ် ဘွဲ့ရသူ)က သူမအား သတိပေးစကား ပြောကြားလာပါ၏။

"မဝိ သာသနာပြုတာ သတ္တိပြောင်လှချည်လား။ သူများမုန်းအောင် မလုပ်စမ်းပါနဲ့"

ဝိသာခါတို့က "ချက်"ဆိုလျှင် နားခွက်က မီးတောက်ပြီးသား။ သုပ္ပိယာဆိုလိုသည်ကို ချက်ချင်းနားလည်ပြီး ပြုံးမိပြီး၏။

"သူများမုန်းပေမယ့် သူနဲ ကျတော့ ပြုံးပါတယ် သုပ္ပိယာရဲ့။ တို့ကတော့ ဘုရား ပြုံးဖို့သာ အရေးကြီးတယ်ထင်တာပဲ"

"မဝိကို အရှင်ဥဒါယီ မကြည်ဘူးဆိုတာ သိရဲ့လား။ သတိလဲထားဦး"

"ဘာကိုသတိထားရမှာလဲ သုပ္ပိယာ"

"မဝိကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဆိုပြီး ကြိမ်းနေသလားလို့ပါ"

သူငယ်ချင်း၏ စိုးရိမ်စကားကြောင့် သူမခပ်သောသော ရယ်မောလိုက်၏။

"သာသနာတော် စောင့်ရှောက်ပေးနေသူကို သတ်ရဲတဲ့ ပုဂ္ဂိုလ်ရှိရင် အသေခံရပါတယ်ကွယ်။ သာသနာတော်အတွက် အသက်စွန့်ရတာမို့ အသေညံ့ မဟုတ်ဘူး။ အင်မတန် မွန်မြတ်တဲ့ အသေမြတ်ပါ။ တို့ကလဲ သာသနာတော် အတွက် အသက်လှူပြီးသားပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရဲရဲတောက်စကားကိုဆို၏။ သုပ္ပိယာက သူမ၏ ခေါင်းမာကို ဝိုင်းစက်ပြူးကျယ်သော မျက်လုံးများဖြင့် ဘဝင်မကျနိုင်စွာ စူးစိုက်လာ၏။

"မင်းကို တချို့ရဟန်းတွေလဲမကျေနပ်ကြဘူးနော်။ ဝိနည်းတော်တွေကို မြတ်စွာဘုရား ပညတ်နေတာ မဝိကြောင့်တဲ့"

ဝိသာခါ၏ နှုတ်ခမ်းများ တင်းစေ့သွား၏။

"အဲဒီရဟန်းတွေဟာ ဆဗဂ္ဂီပဲဖြစ်မှာပါ။ သူတို့က ရဟန်းသိက္ခာနဲ့ ညီအောင် နေချင်ကြသူမှမဟုတ်ဘဲ။ တို့မှာ ပုဂ္ဂိုလ်ရေး ထိခိုက်နစ်နာစေလိုတဲ့ စေတနာဆိုးမရှိဘူးဆိုတာ ကိုယ့်ဘာသာအသိဆုံးပဲ။ သူတို့မကျေနပ်လဲ မတတ်နိုင်ဘူး။ သာသနာတော်အတွက် စွမ်းနိုင်သမျှ စောင့်ရှောက်ပေးနေတဲ့ တို့ကို ဝိနည်းစိုရဲ အရှင်ကောင်း အရှင်မြတ်များကတော့ သာဓုခေါ်ကြပါတယ်။ တို့အဖို့ကတော့ သူယုတ်မာတစ်ရာ ကဲ့ရဲ့တဲ့တိုင် သူတော်ကောင်း တစ်ယောက် ချီးမွမ်းရင် လုံလောက်ပါပြီ။

ကိုယ့်အပြစ်ကိုယ်မရှုဘဲ 'ထိခိုက်အောင် ပြုရမလား၊ ပြောရမလား'ဆိုပြီး သက်သက်မုန်းနေလို့ကတော့ဖြင့် သူတို့အကုသိုလ် သူတို့ရှာသလိုပဲနေမှာ။ စဉ်းစားကြည့်စမ်း--သုပ္ပိယာ။ ဆားအိုးတစ်လုံး ထဲ လက်ဝိုင်းနှိုက်ကြတာချင်း အတူတူ အနာရှိသူကျတော့ စပ်မှာပေါ့။ အနာမရှိရင် ဘယ်စပ်မလဲ။ တို့များကတော့ သူတို့ဘာဖြစ်နေနေ သူတို့အကုသိုလ်ကို ဝေမစားဘူး"

"သွားတာလာတာတော့ သတိထားဆင်ခြင်ပေါ့"

"ဟင့်အင်း--တို့ဘက်က ရန်သူမရှိဘူး။ အားလုံးအပေါ် မေတ္တာထားတယ်။ အထူးသဖြင့် ရဟန်းသံဃာတွေဆိုရင် ဘုရားသားတော်မို့ ကြည်ညိုလွန်းလို့ ဦးခေါင်းပေါ် တင်ရွက်ထားချင်တဲ့ အထိပါ။ ရဟန်းတော်တွေကို ကိုယ်တိုင်ကြည်ညိုတာ အားမရလို့ သူများတွေလဲ ကြည်ညိုစေချင်တယ်။ ကြည်ညိုခံရအောင် ရဟန်းတော်များဘက်ကလဲ အကျင့်သီလ စင်ကြယ်မြင့်မြတ်စေချင်တယ်။ အဲဒီစေတနာနဲ့ လိုက်ဆောင်ရွက်နေတာပါ သုပ္ပိယာ"

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်မှာတော့ သူမစကားကို ထောက်ခံသည့် သဘောဖြင့် သုပ္ပိယာ ခေါင်းတစ်ချက်ညိတ်သည်။

"မဝိရဲ့ စေတနာတွေကို နားလည်ပါတယ်။ ကာယအား ဉာဏအား ငွေအား သုံးမျိုးစလုံးလဲပြည့်စုံ၊ ကိုယ်တိုင်လဲစေတနာ ထက်ထက်သန်သန်နဲ့ ဆောင်ရွက်တဲ့ မဝိလို အမျိုးသမီးကတော့ တစ်မိုးအောက် တစ်ယောက်ဆိုရ မလောက်ပါပဲ။ ဒါပေမယ့် ကိုယ်ကအကောင်းပြုတဲ့တိုင် အကောင်းမထင်နိုင်တဲ့ လူသားတွေ လောကမှာ အများသားကလား။ ဒါကြောင့် သတိပေးရတာပါ မဝိ"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်။ ဝိသာခါတို့ကလဲ ဘယ်ဘဝက ဘယ်လို ဆုတောင်းခဲ့လဲမသိပါဘူး။ အခွင့်ကြုံတဲ့အခါ မြတ်စွာဘုရားကို မေးလျှောက်ကြည့်ရဦးမယ်။ သာသနာတော်ကို ကြည်ညိုစိတ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ကြည်ညိုစိတ်နဲ့ ဘာမဆို စွန့်လွှတ်နိုင်တယ်။ ရှိသမျှ စည်းစိမ်ဥစ္စာကိုလဲ စွန့်လွှတ်လှူဒါန်းနိုင်တယ်။ အသက်ကိုလဲ စွန့်လွှတ်လှူဒါန်းနိုင်တယ်။ တို့လိုချင်တာ တစ်ခုတည်းပဲ"

"ဘာကိုလဲ မဝိ"

**"သာသနာတော် သန့်ရှင်းစွာနဲ့ တည်တံ့ခိုင်မြဲအောင် ရဟန်းတော်များဘက်က မြတ်စွာဘုရားရဲ့ ဝိနည်းတော်ကို အသက်မက မြတ်နိုး တန်ဖိုးထားပြီး စောင့်ရှောက်တော် မူကြစေချင်တာပါပဲ"**

စောင့်ရှောက်တော်မူကြပါလျှင် သာသနာတော်လည်း စည်ပင်တိုးပွား၊ ဒကာဒကာမများလည်း အကျင့်သီလ ပြည့်စုံစင်ကြယ်သည့် ပုဂ္ဂိုလ်ကို လှူဒါန်းခွင့်ရသဖြင့် အတိုင်းအဆ နှိုင်းမရသည့် အကျိုးထူးများ ကြီးမားကြရပေမည်။

**သာသနာတော်အတွက် ဆွမ်း–ဆေး–သင်္ကန်း–ကျောင်းဟူသည့် ပစ္စည်းလေးပါးနှင့်တကွ လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် ပစ္စယာနုဂ္ဂဟ ပြုနေကြသည့် ဒကာဒကာမများ၏ ကျေးဇူးကို တုံ့ပြန် ပေးဆပ်ချင်ပါ**

www.burmeseclassic.com

www.burmeseclassic.com



သော် ကျောင်းပေါ်က မုန့်–သစ်သီး–ပန်းများ လက်ဆောင်ပေးဖို့ မလိုပါ။ သဒ္ဓါတရားကို ဖျက်ဆီးရာရောက်သည့် ကုလဒူသန ဖြစ်ပါသည်။ တကယ် ပြုလုပ်သင့်ကြသည်မှာ ဒကာဒကာမများ၏ ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ကြီးမားတိုးတက်စေဖို့အတွက် အလှူခံများဘက်က အကျင့် သီလကို မြင့်နိုင်သမျှမြင့်၍ မြတ်အောင် နေပေးရန် အရေးကြီးလှပါသည်။

သူမကတော့ အတိုင်းထက်အလွန် သဒ္ဓါပို ကြည်ညိုရပါသော ရဟန်းသံဃာတော်တို့အား အဖာရှာခွင်မိုးကောင်းကင်တွင် တိမ်သလာကင်းစင်သည့် လပြည့်ဝန်းကို ရှုမြင်ရသည့်ပမာ ဖူးတွေ့နေချင်ပါသည်။

× × ×

တစ်ဘဝတည်းနှင့် ကိလေသာကုန်ခန်း ရဟန္တာဖြစ်မည့်သူ မဟုတ်ပါ။ သံသရာကို အရှည်အတို အနည်းအများ ကူးသွားရမည်သာ ဖြစ်ပါသည်။ ဒါနမပါဘဲ ခရီးသွားသူသည် ဒါနမပါသည့်အတွက် ဘဝ ကောင်းကိုရရန် ခဲယဉ်း၏။ ရသည့်တိုင်လည်း ပစ္စည်းဥစ္စာပြည့်စုံရန် ခက်ပြန်သည်။

သံသရာခရီးတွင် ရှေ့ဆက်နှင်ရဦးမည့် ခရီးသွားများအတွက် ဒါနတရားကို အားထုတ်သင့်ပါ၏။ ဒါနရှိကြပါမှ သံသရာ၌ ကောင်းသော ဘဝသို့ ရောက်ရခြင်း၊ ရောက်ရသောဘဝ၌ စည်းစိမ် မကွာ ရတနာရွှေငွေ ပြည့်စုံပေါကြွယ်သဖြင့် မိမိတို့အလိုရှိရာ ကောင်းမှုကုသိုလ်မှန်သမျှကို ပြုနိုင်ကြမည် ဖြစ်လေသည်။

စင်စစ် ဒါနသည် သံသရာ ရှည်စေ သော တရားမဟုတ်ပါ။ မိမိက် အကျိုးပေးအလျောက် ဆက်လက်ရှည်နေဦးမည့် သံသရာ၌ သုဂတိဘဝနှင့် ပစ္စည်းဥစ္စာ ပြည့်စုံခြင်းကို အထောက်အကူပြုသည့် အကျိုးကျေးဇူး အစွမ်းသတ္တိရှိသော ကောင်းမှုဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း သံသရာရှည်စေသောတရားမှာ တဏှာပါတည်း။ နည်းမှန် လမ်းမှန်ပြုသော ဒါနက သံသရာရှည်စေသည့် တဏှာကို ပယ်၏။

ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့လှူဒါန်းကြသော ပုဂ္ဂိုလ်များအနက် အမျိုးသားပိုင်းက အနာထပိဏ်သူဌေး၏ စေတနာမျိုး အမီလိုက်နိုင်သူ မရှိသကဲ့သို့ အမျိုးသမီးပိုင်းမှာလည်း ဝိသာခါသည် ပြိုင်သူကင်းသည့် နိုင်သူစာရင်းတွင် ထိပ်ဆုံးက ပါလေ၏။

သူတို့နှစ်ဦးစလုံးသည် အလှူဒါနဌ ရက်ရောရုံမျှမက ရက်ရက်စက်စက် လှူနိုင်ကြသူများလည်း ဖြစ်သည်။ ဗုဒ္ဓဂေါတမ သာသနာဌ ဒါယကာနှင့် ဒါယိကာ တေဒဂ်ဘွဲ့ကို ဆွတ်ခူးရရှိကြသည်အထိ ထူးချွန်သည့် စံပြအလှူရှင်ကြီးများ ဖြစ်လေသည်။

သို့ရာတွင် ဂေါတမ မြတ်စွာဘုရား သက်တော်ထင်ရှားရှိခိုက် မြတ်စွာဘုရားနှင့် အရင်းနှီးဆုံး ဒကာဒကာမများ ဖြစ်ပါလျက် ယခုတစ်ဘဝတည်းဖြင့် နိဗ္ဗာန်ဝင်ဖို့အရေး တွေးဆဖို့ပင် စိတ်မဝင်စားခဲ့ပါ။ သောတပန်အဆင့်မျှသာ ရှိသေးသော သူတို့သည် လောဘတဏှာကို အပြီးသတ် မချွတ်နိုင်သေးပါ။ သူတို့၏ အတွင်းအစွန်တွင် ဘုံစဉ်စံချင်သေးသည့် တဏှာအငွေ့အကလေး တွယ်ကပ်နေပါသေး၏။

သို့ဖြစ်၍ သူတို့၏ဆန္ဒကို သူတို့၏ ကြီးမားလှသော ဒါနစွမ်းအားက ဖြည့်စွက်ပေးသွားကြပါလိမ့်မည်။ ဒါနကြောင့် သံသရာရှည်စွာ ဘုံစဉ်စံရမည်တော့ မဟုတ်ပါ။

အနာထပိဏ်ကဲ့သို့ပင် သူမ၏အိမ်သို့ ရဟန်းများ နေ့စဉ် ဆွမ်းခံရောက်လာကြသကဲ့သို့ သူမလည်း ဇေတဝန်သို့ နေ့စဉ်မနား သွားရောက်တတ်ပါ၏။ ကျောင်းသို့ သွားတိုင်းလည်း "လှူဖွယ်မပါ လက်ချည်းလာ" ဆိုသည့် ပုံစံမျိုးမဟုတ်။ မနက်ပိုင်းဆိုလျှင် စားစရာ ဟင်းလျာ ရသာချိုချဉ်အစုံ၊ ညနေပိုင်းမှာ နံ့သာပန်းမန်နှင့်တကွ ဖျော်ရည်များ၊ ဂိလာနတို့အတွက် စတုမဓုနှင့် ဆေးဝါးများ ပါသွားရစမြဲ။ ကျောင်းတော်ကပြန်လျှင်မူ သဲကလေး တစ်ပွင့်သော်မျှ အိမ်သို့ယူမလာခဲ့။ သူမအတွက် ရဟန်းတော်များအား

www.burmeseclassic.com

www.burmeseclassic.com



လှူခြင်းသာရှိ၏။ ယူခြင်းမရှိ။ ယူခြင်းမရှိဟု ဆိုရာ၌ သံဃိကပစ္စည်းကို ဆိုလိုပါ၏။ တစ်ခုတည်းသော ကုသိုလ်စိတ်ကိုမူ မိမိရရဆုပ်ယူထားသည်သာ ဖြစ်ပါ၏။

မြတ်စွာဘုရားထံ ဆုပန်ခဲ့သော လှူဖွယ်ရှစ်မျိုးကို သာဝတ္ထိသို့ ရောက်လာ သမျှသော စတုဒိသာသံဃာတို့အား တာဝန်မပျက် လှူဒါန်းခဲ့သည်မှာ ယခုအခါ သူမ၏အရွယ်သည်ပင် နုပျိုစိမ်းစိုခြင်းမှ ရင့်ရော်စပြုလာသည့် သစ်ရွက်နှယ် ရှိလေပြီ။ သားသမီးနှစ်ဆယ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင် ပိုင်ဆိုင်သည့် ဖွားဝိသာခါပင် ဖြစ်စပြုနေပါလေပြီ။

သို့တိုင်အောင် ဘဝပေါင်းများစွာ ဖြည့်ဆည်းလာခဲ့သော ဒါနပါရမီ ကုသိုလ်အထူးဖြင့် သူမ၏ရုပ်ရည်အဆင်းသည် ဝါဝင်းစိုပြည်စွာ နဂိုအတိုင်းပင် လှပနေဆဲသာရှိပါ၏။ သားသမီး မြေးမြစ်များ ခြံရံ၍ သွားစေကာမူ သူမ၏ အလှသည် အားလုံးတို့ထက် တောက်ပမြဲ တောက်ပဆဲ ရှိနေပါသေး၏။ အသက်အိုသည့်တိုင် အရွယ်ပျိုစွာ ကျက်သရေရှိနေပါလေ၏။

သူငယ်ချင်း သုပ္ပိယာနှင့်အတူမဂ်လာဆောင်တစ်ခုမှအပြန် ဇေတဝန် ကျောင်းတော်သို့ဝင်၏။ ကျောင်းဝင်ရာတွင် မဟာလ္လတာတန်ဆာက တစ်ခဲနက် ပြိုးပြိုးပြက်ပြက် အရောင်တလက်လက်မို့ ဝတ်သွားရန် မသင့်တော်ပြန်ချေ။ ထိုတန်ဆာကိုချွတ်၍ "ဃနမဋ္ဌက"နှင့် လဲလှယ်ကာ ပေါ့ပေါ့ပါးပါးဖြင့် မြတ်စွာဘုရားထံ သွားရောက်ဦးချ၏။ ပြီးနောက် ဂိလာနသံဃာများ အတိုး အလျှော့စာရင်း၊ ဆက်ကပ်ရမည့် ဆေးဝါးနှင့် အာဟာရများကို မှတ်သားပြီး နောက် ပြန်ထွက်လာသည်။

ဇေတဝန်ကျောင်းတော်၏ မုခ်ပေါက်ဝရောက်သောအခါ စောစောက အပ်ထားသည့် အစေခံကျွန်မထံမှ မဟာလ္လတာတန်ဆာကို ပြန်တောင်းလေ၏။

"ကျွန်မ–ကျောင်းထဲမှာ မေ့ကျန်ခဲ့မိပြီ သခင်မ"

အပြစ်ဒဏ်ကျရောက်မှာကို စိုးရိမ်စွာ မျက်စိမျက်နှာပျက်လျက်ဖြင့် ဖြေရှာသည်။ ကိစ္စမရှိပါ။ ကျောင်းတော်အတွင်း၌ ဤတန်ဆာ ပျောက်ရှသွားမည်

www.burmeseclassic.com

www.burmeseclassic.com



မစိုးရိမ်ရပါ။ အရှင်အာနန္ဒာကိုသာ ဦးစွာသတိရမိသည်။ အရှင်အာနန္ဒာ ကောက်ယူသိမ်းဆည်းထားလိမ့်မည် သေချာ၏။ သို့ပါသော်––

သူမ တွေခနဲ့တစ်ချက် အတွေးဝင်၏။ ပြီးနောက် မျက်နှာပြင်မှာ အပြုံးလက်ခနဲ ဖြတ်သွားပြန်သည်။

"ညည်းထားခဲ့တဲ့နေရာမှာ ပြန်သွားကြည့်။ မရှိရင် အကျိုးအကြောင်းကို အရှင်အာနန္ဒာဆီ သွားလျှောက်။ အရှင်အာနန္ဒာ သိမ်းထားတယ်ဆိုရင် အရှင်မြတ်တို့ ကိုင်ပြီးဖြစ်တဲ့ ပစ္စည်းကို စွန့်လွှတ် လှူဒါန်းလိုက်တော့မယ်"

အစေခံကျွန်မသည် ကျောင်းထဲသို့ ပြန်ဝင်သွား၏။ သူမက သုပ္ပိယာနှင့် ယှဉ်တွဲကာ ရထားပေါ်မှာ ထိုင်စောင့်နေသည်။ အတန်ကြာသောအခါ အစေခံကျွန်မ ကျောင်းထဲက ပြန်ထွက်လာ၏။ ဘာမျှမပါ လက်ချည်းလာသောကြောင့် သူမ ရိပ်မိလိုက်ပါပြီ။

"မဟာလ္လတာတန်ဆာကို အရှင်အာနန္ဒာ ကောက်ယူသိမ်းပေးထားတဲ့ အတွက် သခင်မ မှာခဲ့တဲ့အတိုင်း လျှောက်ထားခဲ့ပါတယ်"

"အင်း––ဒီနေ့တော့ ကြီးမားတဲ့ ဒါနတစ်ခု ပြုရပြီ။ ဝမ်းသာစရာပါပဲ။ ညည်းကျောင်းထဲဝင်သွားတော့မှ စဉ်းစားမိတယ်။ ဒီရတနာ အဆင်တန်ဆာကို အရှင်မြတ်တို့ သိမ်းဆည်းထားရရင် ပင်ပန်းတော်မူကြရှာမယ်။ ပြန်သွားယူခဲ့။ ဒီတန်ဆာရောင်းချပြီးမှ အပ်စပ်တဲ့ ကပ္ပိယဘဏ္ဍာကို ပို့ဆောင်လှူဒါန်းပါမယ်လို့ အရှင်မြတ်ဆီမှာ လျှောက်ထားခဲ့ပါ"

ဤသို့ဖြင့် မဟာလ္လတာတန်ဆာကို ကျောင်းတော်မှပြန်ယူခဲ့ပြီး သာဝတ္ထိပြည်တွင်း၌ လှည့်လည်ရောင်းချစေ၏။ တန်ဖိုးအားဖြင့် ကိုးကုဋေနှင့် တစ်သိန်းတန် ထိုပစ္စည်းကို သာဝတ္ထိသူဌေးများ မဝယ်နိုင်မရှိပါ။ သို့ရာတွင် ဝယ်ပြီးနောက် ဝတ်ဆင်ဖို့ရာ မလွယ်ကူပါ။ မဟာလ္လတာတန်ဆာကို ဤကမ္ဘာမှာ ဝတ်ဆင်နိုင်သူ သုံးဦးသာရှိပါသည်။ ဝိသာခါ၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာနှင့် ဗာရာဏသီ သူဌေးသမီး သုမနတို့ဖြစ်ပါ၏။ သူတို့တွေမှာလည်း သူတို့အဆင် တန်ဆာတွေ ရှိပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဝယ်သူမရှိနိုင်တော့သောကြောင့် သူမကို တိုင်ပင် ပြန်ဝယ်ရပါသည်။ကိုးကုဋေနှင့် တစ်သိန်းသောငွေကို ဆောင်ယူလျက် ဇေတဝန်သို့ဝင်၍ မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ ဦးတိုက်လျှောက်ထားလေသည်။

"ဘုန်းတော်ကြီးမြတ်လှပါသော မြတ်စွာဘုရား-- တပည့်တော်ရဲ့ မဟာလတာတန်ဆာ ကျောင်းတော်မှာ မေ့ကျန်ခဲ့စဉ်က အရှင်အာနန္ဒာမထေရ်မြတ် ကောက်ယူ သိမ်းဆည်းပေးခဲ့ပါတယ်။ အရှင်မြတ်ရဲ့ လက်နဲ့ထိပြီးတဲ့ ပစ္စည်းဆိုရင် လှူပြီးဖြစ်တယ်လို့ နှလုံးသွင်း မှတ်ယူခဲ့ပါတယ်။ ဒါကြောင့် ဒီအဆင်တန်ဆာတွေကို စွန့်လွှတ်လှူဒါန်းဖို့ ရောင်းချပေမယ့် ဝယ်မဲ့သူမရှိကြပါဘုရား။ တပည့်တော်ပဲဝယ်ပြီး အပ်စပ်တဲ့ ကပ္ပိယဘဏ္ဍာကို ယူလာခဲ့ပါပြီ။ အလိုရှိတဲ့ ပစ္စည်းလေးပါးကို ညွှန်ကြားသနား ချီးမြှင့်တော်မူပါဘုရား"

"ချစ်သမီးဝိသာခါ- မြို့ရဲ့ အရှေ့တံခါးဘက်မှာ သံဃာတော်များ သီတင်းသုံးနေထိုင်ဖို့ ကျောင်းဆောက်ရင် သင့်တော်ပါလိမ့်မယ်"

မြတ်စွာဘုရား၏ နှုတ်မိန့်တော်ကို မြေဝယ်မကျ ကြားနာရသည့် ခဏဝယ် သူမ၏ဘဝအတွက် ကြီးမားလှသော မျှော်လင့်ချက်တစ်ခု ပြည့်စုံသွားသည့်အလား ထခုန်မိမတတ်ပင် ဝမ်းမြောက်သွားရပါ၏။

ဇေတမင်းသား၏ ဥယျာဉ်မြေကို ရွှေဒင်္ဂါးခင်း၍ ဝယ်ပေးကာ ဆောက်လုပ်ထားအပ်သော ဇေတဝန်ကျောင်းတော်သို့ ရောက်တိုင်း အနာထပိဏ်သူဌေးကြီး၏ ဖန်တီးမှုကို မိန်းမသားတစ်ဦးအနေဖြင့် မမီနိုင်သော်ငြား အားကျစိတ်နှင့် ကျောင်းဒကာမကြီး ဖြစ်ချင်ခဲ့သည်မှာ ကြာပါပြီ။ မြောက်မြားလှစွာသော သံဃာတော်တို့ချမ်းသာစွာနေထိုင်ရန် ကျောင်းတော် ခပ်ကြီးကြီး တစ်ဆောင် အမှန်တကယ် လိုအပ်နေပါသေး၏။

စေတနာတွေ ဒီရေလို တိုးတက်နေသဖြင့် ခဏမဆိုင်းပင် မြို့တွင်း ဝင်လျက် အရှေ့မျက်နှာတံခါးဘက်၌ မြေနေရာ ခပ်ကျယ်ကျယ် ရှာဝယ်ကာ ကျောင်းတော် ဆောက်လုပ်ရေးအတွက် စိုင်းပြင်းရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အခိုက်မှာပင် ဗုဒ္ဓမြတ်စွာ ဒေသစာရီကြွချီရန် ပြင်ဆင်နေသဖြင့် သူမခမျာ အပြေးအလွှား သွားရောက် လျှောက်ထားပြန်ရပါ၏။

"ဒေသစာရီ ကြွချီဖို့ ရှိပါသလားဘုရား"

"ဒေသစာရီ ကြွချီဖို့ ရှိနေပါတယ် ဝိသာခါ"

"တပည့်တော်မှာ မြားမြောင်လှတဲ့ ဥစ္စာရတနာကို စွန့်လွှတ်ပြီး ကျောင်းဆောက်လှူဒါန်းဖို့ အစီအစဉ်ရှိနေဆဲမို့ ဆိုင်းငံ့တော်မူစေချင်ပါတယ် ဘုရား"

"ချစ်သမီးဝိသာခါ--ဆိုင်းငံ့လို့ မဖြစ်တဲ့ ဒေသစာရီ ကြွချီခြင်းမျိုးပါ"

မြတ်စွာဘုရားသည် တစ်စုံတစ်ယောက်အား အကြောင်း ဥပနိဿယ ပြည့်စုံသည်ကိုမြင်၍ ချေချွတ်တော်မူရန် ကြွမြန်းတာ ဖြစ်လိမ့်မည်ဟု သူမ သဘောပေါက်သွားရ၏။

"မြတ်စွာဘုရား ဒီလိုဆိုရင်ဖြင့် ကျောင်းတော်ဆောက်လုပ်ရာမှာ ကျွမ်းကျင်နားလည် ညွှန်ကြားပေးနိုင်တဲ့ ရဟန်းတော်တစ်ပါးကို ကရုဏာထားပြီး ချန်သွားပေးတော်မူပါဘုရား"

"ဝိသာခါ--နှစ်သက်ရာ ရဟန်းရဲ့ သပိတ်တော်ကို ယူချေပါ"

"ကျေးဇူးကြီးလှပါတယ် မြတ်စွာဘုရား"

ကျောင်းဆောက်ရာတွင် အမှန်တကယ် လိုအပ်၍ အထောက် အကူပြုနိုင်သော ရဟန်းတော်ကို လျင်မြန်စွာ ရွေးချယ်ရတော့မည်။ ထင်ပေါ်ကျော်ကြားသော အရှင်တော်မြတ်များအားလုံး သူမအပေါ် သမီးသဖွယ် တဏှာမတွယ်ဘဲ မေတ္တာထား သနားချစ်ခင်ကြသည်သာ ဖြစ်ပါ၏။ သူကလည်း ထိုထိုပုဂ္ဂိုလ်များကို အဖေလို၊ ဆရာလို ကြည်ညိုသည်သာမက ကိုးကွယ် ဆည်းကပ်ရာ၊ မှီခိုအားထားရာ ရတနာအစစ်များဟူ၍ ရှိသေရပါ၏။ အားလုံး ထဲမှာတော့ နူးညံ့သိမ်မွေ့သော၊ သဘောကောင်း ဖော်ရွေသော၊ ခင်မင်နှစ်လိုဖွယ် ရှိသော၊ စာနာညှာတာကူညီတတ်သော အရှင်အာနန္ဒာကို အရင်းနှီးဆုံး အား အကိုးဆုံး ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဤကျောင်းတော်သည် သာသနာတော်အတွက်ဖြစ်၏။ သာသနာတော်တွင် ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်ရေးကြည့်ရွေး၍ မဖြစ်ပါ။ သာသနာ့ကိစ္စ ပြီးမြောက်အောင်မြင်ရေးသာ အဓိကဖြစ်သည်။ သို့ကြောင့် အမှန်ကန်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချလိုက်၏။

သူမသည် ရဟန်းတော်များရှိရာသို့ ရိုကျိုးသော အမူအရာဖြင့် တရွေ့ရွေ့ လှမ်းလာခဲ့၏။ သူမဘယ်သူ့ကို ရွေးမည်နည်းဟု အချို့သော ပုထုဇဉ် ရဟန်းများကလည်း စိတ်ဝင်စားကြသည်။

သူမသည် ရဟန်းတော်တစ်ပါး၏ ရှေ့မှောက်၌ ခြေစုံရပ်ကာ လက်နှစ်ဖက်ဖြင့် ရိုသေစွာ သပိတ်တော်ကို ယူလိုက်သည်။

အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးပါတည်း။

ထိုအရှင်သည် တန်ခိုးအရာ၌ ဧတဒဂ်ဘွဲ့ရသော လက်ဝဲတော်ရံ အဂ္ဂသာဝကကြီး ဖြစ်သည်။ အဂ္ဂသာဝက တပည့်ကြီး ဖြစ်ခြင်းကြောင့် မြတ်စွာဘုရား၏ ကိုယ်စားတော်လည်းဖြစ်သည်။ တန်ခိုးအရာ၌လည်း ကျွမ်းကျင်တော်မူရကား ဆောက်လုပ်ဆဲကျောင်းအတွက် အထောက်အကူကောင်းစွာရနိုင်ပါ၏။

သပိတ်တော်အယူခံရသော မဟာမောဂ္ဂလာန်အရှင်မြတ်သည် မြတ်စွာဘုရား၏ မျက်နှာတော်ကို မော်၍ဖူးမြော်၏။

"ချစ်သားမောဂ္ဂလာန်--တပည့်ငါးရာနဲ့တကွ သာဝတ္ထိမှာ နေရစ်ပေတော့"

အရှင်မဟာမောဂ္ဂလာန်သည် ကျိုးနွံစွာ မျက်လွှာချ၍ ဆိတ်ဆိတ်နေဘိ၏။ မြတ်စွာဘုရား၏ အမိန့်တော်ကို အဘယ်တပည့်သားသာဝကသည် တော်လှန်ဝံ့ပါအံ့နည်း။ ဆရာကောင်းတပည့် ပီသရပါ၏။

ဆန္ဒ ပြည့်ဝသွားသော သူမကမူ ပီတိဖုံးသော အပြုံးမျက်နှာဖြင့် ရှိနေချေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



အရှင်မဟာမောဂ္ဂလာန်ကို သူမ ရွေးချယ်ခြင်းသည် အလွန်ပင် သင့်လျော်မှန်ကန်သော ရွေးချယ်ခြင်းဖြစ်၏။ အရှင်မြတ်၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် ဆောက်လုပ်ရေးကိစ္စ အဝဝတွင် မျှော်လင့်ထားသည်ထက် များစွာလျင်မြန်လွယ်ကူနေပါ၏။ နေ့စဉ် လုပ်ငန်းခွင်သို့ သွားရသည်မှာ မောပန်းသည်မထင်။ ကျေနပ်လျှင် မိတ်ချမ်းသာ၊ စိတ်ချမ်းသာလျှင် သုခချည်းသာ ဖြစ်ပါ၏။

သူမ၏ကျောင်းကို အနာထပိဏ်၏ ဇေတဝန်ထက် မသာနိုင်သည့်တိုင် သူ့နည်းသူ့ဟန်ဖြင့် အကောင်းဆုံး၊ အလှဆုံး၊ အတင့်တယ်ဆုံးဖြစ်အောင် ပြုလုပ်တန်ဆာဆင်ဖို့ ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။ ဤမျှ ကြွယ်ဝပေါများလှသည့် ပစ္စည်းဥစ္စာတွေကို ဒါနတည်းဟူသော ရွှေအိုးဖြင့် မမြှုပ်လိုလျှင် ဘာလုပ်ရမည်နည်း။

အရှင်မဟာမောဂ္ဂလာန်၏ အစွမ်းဖြင့် နှစ်ထပ်ကျောင်းဆောင်ကြီးသည် အတော်ပင်ပြီးစီးကာ ကြွကြွရွရွ လှလှပပ ဖြစ်လာ၏။ အပေါ်ထပ်မှာ အခန်းငါးရာ၊ အောက်ထပ်မှာလည်း အခန်းငါးရာ၊ စုစုပေါင်း သံဃာတစ်ထောင် ဆံ့သည့် ပြာသာဒ်ကျောင်းကြီးပေတည်း။

မြေပြင်ကျယ်တွင် ကျောင်းဆောင် တစ်ဆောင်တည်း ထီးထီးမားမား ဖြစ်နေသည်မှာ အမြင်မလှသောကြောင့် ပတ်လည်တွင် အရံကျောင်းဆောင် ငါးရာနှင့် ကမ္ဗဋ္ဌာန်းစီးဖြန်းရန် တစ်ပါးကျောင်း ငါးရာကို ထပ်မံ ဆောက်လုပ်ပြန်သည်။

အဆောက်အဦးသည် ပြင်ပက လှနေရုံနှင့် မပြီးသေးပါ။ နေရေးထိုင်ရေး အဆင်ပြေပြည့်စုံအောင် စီမံဖို့လည်း လိုအပ်ပါ၏။ အထူးသဖြင့် သက်တော်ကြီးရင့်တော်မူပြီဖြစ်သော မြတ်စွာဘုရားအတွက် ဂန္ဓာကုဋိနေရာတော်ကို ပိုမိုအဆင်ပြေအောင် ဂရုစိုက် ဆောင်ရွက်ရလေသည်။

ကိုးလတိုင်တိုင် ကြိုးပမ်းကြရသော အဆောက်အဦးကြီး ပြီးစီးသည်နှင့် သူမ၏ စီမံချက်ကို စတင်အကောင်အထည်ဖော်လေတော့၏။ ကျောင်းအရာမ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်း မြေကွပ်လပ်ဟူ၍ လူသွားလမ်းမျှသာချန်ကာ တစ်ဝင်းခြံလုံး ဖြူနီညိုပြာ ရောင်စုံဖြာသည့် သာဝတ္ထိတစ်ပြည်လုံးမှ ပန်းမျိုးစုံကို စုဆောင်း ရှာဖွေ စိုက်ပျိုးလေသည်။

ထို့ကြောင့် မြို့၏ အရှေ့မျက်နှာမှာရှိ၍ ပုဗ္ဗာရုံကျောင်းဟု ခေါ်စမှတ် ပြုနေကြရာမှ ပန်းများဝေဝေဆာဆာ ဖူးပွင့်လာသောအခါ ပုပ္ဖာရုံကျောင်းဟူ၍ အနွတ္တအမည်တစ်ခု တိုးလာခဲ့ပြန်၏။

ပုဗ္ဗာရုံပဲခေါ်ခေါ် ပုပ္ဖာရုံပဲပြောပြော သူမကတော့ ကျောင်းရေစက် ချပွဲကြီးကို ပန်းမျိုးစုံပွင့်ဖူးသည့် ဝါဆိုဦးတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပဖို့ စိတ်ကူးထားပြီ။ မြတ်စွာဘုရား သာဝတ္ထိ ပြန်ကြွလာမည့် ရက်ကိုသာ မျှော်တွက်နေမိသည်။

သူမမျှော်လင့်သည့်အတိုင်းပင် ဝါဝင်အမီ မြတ်စွာဘုရား ပြန်ကြွ တော်မူလာပါ၏။ ရှေ့တန်းသာသနာပြု ဒါယိကာမကြီး၏ အလှူတော်မင်္ဂလာကို အဘယ် အကြောင်းဖြင့် မချီးမြှင့်ဘဲရှိပါအံ့နည်း။ ချီးမြှင့်ရမည်သာ ဖြစ်ပါသည်။

ကျောင်းရေစက်ချပွဲကြီး စတင်သောအခါ ကျောင်းအရာမ်တစ်ခုလုံး တာဝတိံသာမှ နန္ဒဝန် ဥယျာဉ်ပမာ ဆန်းကြယ်လှပစွာဖြင့် ပန်းရနံ့များ သင်းပျံ့ ကြိုင်လှိုင်နေကြပေပြီ။ သူမလက်စွမ်းပြ ပုဗ္ဗာရုံ၏ အလှကို မြင်ရသူ မှန်သမျှ ရင်သပ်ရှုမော အံ့သြ၍ မကုန်နိုင်အောင် ရှိကြရလေသည်။

အဆင့်အတန်း မခွဲခြား၊ လူမှုရေးကိုသာ အလေးထား ဆောင်ရွက် တတ်သော သူမ၏အလှူတွင် အယုတ်အလတ် အမြတ်မရွေး၊ ဆင်းရဲချမ်းသာ မရွေး၊ လှည်းနေလှေအောင်း မြင်းဖောင်းမကျန် သူမအပေါ် ခင်မင်လေးစားကြသူ မှန်သမျှ မဖိတ်ဘဲလျက်လာ၊ မခေါ်ဘဲလည်း စားသောက်ကြကာ ကြိတ်ကြိတ်တိုး စည်ကားလှပါတော့၏။

သူမ၏ သူငယ်ချင်းတစ်ယောက်က ပုဗ္ဗာရုံကျောင်းတော်မှာ အသုံးပြုရန် အဖိုးတစ်သိန်းတန် ကမ္ဗလာတစ်ထည် လာရောက်လှူဒါန်း၏။ ငြင်းရမှာလည်း အားနာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းကို အကောင်းဆုံး အကြံတစ်ခု ပေးပါရစေ။ မင်းကိုယ်တိုင် တစ်ကျောင်းလုံးလိုက်ကြည့်ပြီး သင့်တော်မဲ့နေရာမှာ လှူခဲ့ပေါ့။ မကောင်းဘူးလား"

"ဒီအကြံမဆိုးဘူး။ ကိုယ်လိုက်လျှောက်ကြည့်ပြီး သဘောကျတဲ့ နေရာမှာ လှူထားခဲ့မယ်"

ထိုအမျိုးသမီးသည် သူ့တစ်သိန်းတန် ကမ္ဗလာကြီးကို တစ်နေရာရာမှာတော့ အသုံးချလှူဒါန်းခွင့် ရလိမ့်မည်ဟု ကျိန်းသေတွက်ခဲ့၏။ တစ်ခန်းဝင်တစ်ခန်းထွက် တစ်ကျောင်းလုံးနှံ့အောင် လိုက်ကြည့်သော်လည်း မောတာသာ အဖတ်တင်၏။ အခန်းတိုင်း အခင်းများဖြင့် ပြည့်စုံလှပနေသည်။ တန်ဖိုးကြီးမြင့်သည့် နိုင်ငံခြားဖြစ် နောက်ဆုံးပေါ်အခင်းများက သူမအား လှောင်ပြောင်နေသယောင် ခံစားရကာ လှေခါးခုံမှာ ထိုင်ချပြီး ချုံးပွဲချငိုတော့၏။

ကံအားလျော်စွာ လှူတစ်ဖက်သားအပေါ် သနားညှာတာ ကူညီတတ်သော အရှင်အာနန္ဒာနှင့်တွေ့ကာ လှေကားခုံတွင် ခြေသုတ်ဖုံအဖြစ် လှူဒါန်းခွင့်ရလေသည်။ လှေကားခုံ ခြေသုတ်ဖုံအဖြစ် တစ်သိန်းတန်ကမ္ဗလာကို သုံးသောပုဗ္ဗာရုံကျောင်းတော်၏ ခမ်းနားကြီးကျယ်ပုံကိုကား တွေးဆဖို့ပင် လိုတော့မည် မထင်ပါ။

တစ်ဝါတွင်းလုံးကျင်းပသည့် ရေစက်ချပွဲကြောင့် ဘုရားအမှူးရှိသော သံဃာတော်များ ပုဗ္ဗာရုံကျောင်းတော်၌ ဝါဆိုတော်မူကြရာ ကောသလမင်းနှင့် အနာထပိဏ် သူဌေးတို့ နေ့စဉ်လာရောက်ကြခြင်းဖြင့် သူမ၏ အလှူသည် ပိုမိုဂုဏ်တင့်ရပြန်သည်။

ဝိသာခါ၏ ပုဗ္ဗာရုံ ရေစက်ချပွဲအကြောင်း တစ်သက်ပတ်လုံး ပြောစမှတ်ရသွားအောင်ပင် သံဃာတော်များလည်း ပစ္စည်းလေးပါး ပေါများစွာ လိုသည်ထက် ပိုကာ အလျှံအပယ် ဖြစ်ကြရပါသည်။ သိတင်းကျွတ်၍ အလှူနောက်ဆုံးရက်၌ အငယ်ဆုံး သာမဏေကလေးသည်ပင် တစ်ထောင်တန် သင်္ကန်း တင်လှူမ်း ဆင်မြန်းနိုင်သည်အထိ အလှူခံရရှိခဲ့ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှ အံ့ဖွယ် ကြီးကျယ်ခမ်းနား စည်ကားလှသော အလှူကြီးကို ပေးလှူရသဖြင့် ဝမ်းမြောက်မှု ပါမောဇ္ဇ၏ အရှိန်အဟုန်ကို ပိတ်ပင်တားဆီးခြင်းငှာ မစွမ်းနိုင်တော့ပါချေ။ လှုပ်ရှားရလွန်းသောစိတ်ကြောင့် ခန္ဓာကိုယ်သည်ပင် ခုန်ပျံတက်ကြွ ကမိမတတ်ရှိလေ၏။

ကြည့်၍မကုန် ရှု၍မဝ ဖြစ်ရသော စုလစ်မွမ်းချွန်တို့ဖြင့် တင့်တယ်ကျနလှပနေသည့် သူမ၏ကျောင်းတော်ကို လှည့်ပတ်ပြီးရင်း လှည့်ပတ်ကာသာ ရှုသွပ်သွားသည့်ပမာ နှုတ်မှ တတွတ်တွတ် ရေရွတ်လျက် ရင်တွင်းခံစားချက်များ ပြည့်လျှံအန်ကျလာရပါ၏။

“ပန်းပေါင်းစုံ မွေးထုံတင့်တယ် မွေ့လျော်ဖွယ် ကျောင်းတော်ကြီးကို ဘယ်ခါမှာများ သဒ္ဒါဖွေးဖြူ ပေးလှူနိုင်ပါ့မလဲလို့ တောင့်တခဲ့တဲ့ ဆန္ဒတွေ ယခုတော့ ပြည့်ဝရပါပေါ့။

“ခုတင်ညောင်စောင်း ခေါင်းအုံးမွေ့ရာ ကျောင်းဘဏ္ဍာကို ဘယ်ခါမှာများ သဒ္ဒါဖွေးဖြူ ပေးလှူနိုင်ပါ့မလဲလို့ တောင့်တခဲ့တဲ့ ဆန္ဒတွေ ယခုတော့ ပြည့်ဝရပါပေါ့”

“သံဃာနဲ့ အပ်စပ်သမျှ အာဟာရချိုချဉ် ဆွမ်းဘောဇဉ်ကို ဘယ်ခါမှာများ သဒ္ဒါဖွေးဖြူ ပေးလှူနိုင်ပါ့မလဲလို့ တောင့်တခဲ့တဲ့ ဆန္ဒတွေ ယခုတော့ ပြည့်ဝရပါပေါ့”

“ခေါမ ကာသိ အစရှိတဲ့ နိုင်ငံခြားဖြစ် အဆင့်မြင့်ထိပ်တန်း ပိုးသင်္ကန်းကို ဘယ်ခါမှာများ သဒ္ဒါဖွေးဖြူ ပေးလှူနိုင်မလဲလို့ တောင့်တခဲ့တဲ့ ဆန္ဒတွေ ယခုတော့ ပြည့်ဝရပါပေါ့”

“ထောပတ်ဆီဦး စတုမဓုနဲ့ ပျားရည်တင်လဲ ထူးကဲရသာ ဆေးအစာကို ဘယ်ခါမှာများ သဒ္ဒါဖွေးဖြူ ပေးလှူနိုင်ပါ့မလဲလို့ တောင့်တခဲ့တဲ့ ဆန္ဒတွေ ယခုတော့ ပြည့်ဝရပါပေါ့”

ကိုယ်လက်လှုပ်ရှား မြူးကြွသာယာသော အသံဖြင့် သီချင်းဆိုသည့်နှယ် စိတ်လွတ်ကိုယ်လွတ် ကျူးရင့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမပျော်မည်ဆိုလည်း ပျော်လောက်ပါ၏။ မိန်းမသားတစ်ဦးအနေဖြင့် ဓေတဝန်ကျောင်းတော်လောက်နီးနီး အုံချီး၍မကုန်အောင် ဆောက်လုပ်နိုင်ခဲ့ခြင်းသည် ပြိုင်စံရှားသည့် မိန်းမအာဂသတ္တိဟု လက်ဖျားခါရသည့် အခြေဖြစ်နေပါ၏။

ကျောင်းမြေတန်ဖိုး ကိုးကုဋေ

ကျောင်းတန်ဖိုး ကိုးကုဋေ

ကျောင်းရေစက်ချပွဲ ကိုးကုဋေ

စုစုပေါင်း နှစ်ဆယ့်ခုနစ်ကုဋေသော အလှူကြီးကို ဖွဲချီးပေးရသည့် သူမအဖို့ အဘယ်မှာလျှင် မမြူးထူး မပျော်ရွှင်ဘဲ နေနိုင်ပါအံ့နည်း။

နှစ်ပေါင်းများစွာ သာသနာ့ ဒါယိကာမကြီးအဖြစ် ဆွမ်း–ဆေး–သင်္ကန်းများအပြင် ရှစ်မျိုးသောအလှူတို့ နေ့စဉ်မပြတ် ဆက်ကပ်လှူဒါန်းခဲ့သည်ကို ထားဘိဦး။ ပုဗ္ဗာရုံကျောင်းအလှူ တစ်ခုတည်းကပင် ယောက္ခမကြီးမိဂါရ၏ ပစ္စည်းဥစ္စာ ထက်ဝက် ကျော်နေပေပြီ။

ဤကမ္ဘာမြေပြင်ဝယ် အနာထပိဏ်သူဌေးမှတစ်ပါးသော ဘယ်လူသားသည် ဝိသာခါ၏ စေတနာ သဒ္ဓါတရားကို ယှဉ်ပြိုင်ကာ လှူနိုင်ပါအံ့နည်း။

ပုဗ္ဗာရုံ ရေစက်ချပွဲတွင် ရတ်ရတ်သဲသဲကလေး ဖြစ်သွားရသည်အထိ အပျော်ကြီး ပျော်မိသော ဝိသာခါအား အကြောင်းပြုလျက် မြတ်စွာဘုရား ပန်းတရားကို ဟောကြားတော်မူလေသည်။

"ရဟန်းတို့ အလှူဒါနပြုခြင်းသည် ပန်းသီကုံးခြင်းနှင့် ပမာတူ၏။ အင်္ဂါသုံးမျိုး ပြည့်စုံမှ ပန်းကုံးလှလှ သီကုံးနိုင်၏။ ပန်းပြည့်စုံခြင်း၊ သီကုံးမှု အတတ်၌ ကျွမ်းကျင်ခြင်း၊ သီကုံးရန်အားထုတ်ခြင်း တို့ဖြစ်၏။

"ရဟန်းတို့ သီကုံးရန် အားထုတ်လိုသော်လည်း ပန်းမပြည့်စုံလျှင် မပြီးမြောက်နိုင်။ ပန်းပြည့်စုံသည့်တိုင် သီကုံးမှု မကျွမ်းကျင်လျှင် ပန်းကုံး မလှပနိုင်။

"ရဟန်းတို့ သီကုံးရန် အားထုတ်လိုသော ဆန္ဒကား ဒါနပြုလိုသူ၏ စေတနာတည်း။ ပန်းပြည့်စုံမှုကား လှူဖွယ်ဝတ္ထု ပြည့်စုံခြင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



စေတနာ ပြည့်စုံမှု၊ လှူဖွယ်ဝတ္ထု ပြည့်စုံမှုကြောင့် ပြည့်စုံ သောအလှူ ဖြစ်လာရ၏။

"ရဟန်းတို့ ဝိသာခါ၏အလှူသည် ကျွမ်းကျင်လှပစွာ သီကုံးထားသော ပန်းကုံးကဲ့သို့ ပြည့်စုံသည့်အလှူ ဖြစ်၏။ အိုမှု၊ နာမှု၊ သေမှုတို့ မပြတ်နှိပ်စက် အပ်သော လူ့ဘဝ၌ ပညာရှိတို့သည် သတိသမ္ပဇဉ်၊ အသိဉာဏ်ယှဉ်ကာ ဒါနကုသိုလ်အမှုကို ပြုကြရာ၏"

"သာဓု သာဓု သာဓုပါဘုရား"

တရားဟော၏အဆုံးတွင် သာဓုခေါ်သံများသည် လောကဓာတ် တစ်ဝန်းလုံး ဖိတ်ဖိတ်တုန်မျှ ဟိန်းထွက်လာကြပြီး အထက်ဘဝဂ်တိုင် အောင် လျှံတက်သွားပါတော့၏။ အားကြီးလှသော ကြည်နူးနှစ်သက် ခြင်း ပီတိတို့သည် ရေကာတာကြီး ကျိုးပေါက်သွားသည့်အလား သူမ၏ နှလုံးတွင်းသို့ အလုံးအရင်းနှင့် ဒလဟော ဝင်လာလေသည်။

ပုဆစ်တုပ်၍ ကျုံ့ကျုံ့လေးထိုင်နေရာမှ ငုံ့ချထားသောမျက်နှာကို ပင့်လျက် သူမ၏နံဘေးမှ အေးချမ်းငြိမ်သက်စွာ ရှိနေသည့် ကိုပုဏ္ဏဆီ သတိရသဖြင့် ငဲ့စောင်းလိုက်မိပါသည်။

မိသားစုအရေးထက် သာသနာတော်အရေးကို အားပေး အလေး ထား ဆောင်ရွက်ခဲ့သော သူမအား သည်းညည်းခံရှာသည့် ခင်ပွန်းပါ တည့်။

လင်သားအပေါ် ပြုစုယုယခြင်းထက် သံဃာတော်များကို အလုပ်အကျွေး ပြုရခြင်း၌သာ မွေ့လျော်ခဲ့သော သူမအား သဘောထား ပြည့်စွာ ခွင့်လွှတ်ရှာသည့် သူတော်ကောင်းကြီးပါတည့်။

ဆယ်ကျော်သက်မှ စတင်လျက် ဆံဖြူ သွားကျိုး အဖိုးကြီး ဖြစ်သည့်တိုင်အောင် သူမ၏အလှူဒါနတို့၌ ဆံချည်တစ်မျှင်မျှ ငြိုငြင်ဟန် မပြဘဲ စိတ်တူသဘောတူ ကြည်ဖြူလိုက်လျောခြင်းသာလျှင် ရှိခဲ့ရှာသော ပါရမီ ပြည့်ဖက်ကြီးပါကလားဟူ၍ ခင်ပွန်းသည်အား စိတ်နှလုံးနူးညံ့စွာ ငေးကြည့်ရကာ ကျေးဇူးတရားများကို တစိမ့်စိမ့် တွေးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့--

ဂေါတမ မြတ်စွာဘုရား၏ ဒါယိကာ စေတဂ်ဘွဲ့ထူးကို ဆွတ်ခူးနိုင်ခဲ့ပြီ။

ကမ္ဘာတစ်သိန်းတိတိ စောင့်ဖြည့်ခဲ့သော ပါရမီ ဆုထူးသည်ကား ဤဘဝမှာ ပြည့်ရပြီသာတည်း။

× × ×

BURMESE CLASSIC .com

သားသမီး မြေး မြစ်များစွာခြံရံလျက် အသက်တစ်ရာ့ နှစ်ဆယ် အထိ နေခဲ့ရသည့် ဝိသာခါသည် ကွယ်လွန်ပြီးနောက် နိမ္မာနရတီနတ်ဘုံ၌ ဖြစ်၏။

ထိုနတ်ဘုံ၌ သက်တမ်းစေ့သော် ပရနိမ္မိတဝသဝတ္တီ ဟူသော အထက်ဆုံး နတ်ဘုံ၌ ဖြစ်လိမ့်ဦးမည်။ ထိုမှတစ်ဆင့် သုဒ္ဓါဝါသငါးဘုံ (ဗြဟ္မာ့ပြည်)တွင် ပထမဆုံး အဝိဟာဘုံမှ အစဉ်အတိုင်း ဘုံစဉ်စံလျက် နောက်ဆုံး အကနိဋ္ဌဘုံသို့ရောက်မှ ရဟန္တာအဖြစ်နှင့် နိဗ္ဗာန်ကူးလိမ့်မည် ဖြစ်ပါသည်။

www.burmeseclassic.com